ရန်ကုန်တက္ကသိုလ်

မဟာဝိဇ္ဇာ (မနုဿဗေဒ) ဘွဲ့အတွက် တင်သွင်းသောကျမ်း

# မြစ်ကြီးနားမြို့၊ တပ်ကုန်းကျေးရွာအုပ်စု
# အင်ဂျန်ဒုံကျေးရွာနေ ဂျိန်ဖော့တိုင်းရင်းသားတို့၏
# လူမှုရေး ဖွဲ့စည်းပုံ

ကျမ်းတင်သွင်းသူ - မခင်ဌေးဌေး
ဿ - ၃
( ၁၉၉၃ - ၁၉၉၅ )
မနုဿဗေဒ

မြစ်ကြီးနားမြို့၊ တပ်ကုန်းကျေးရွာအုပ်စု၊ အင်ဂျန်ဒုံ ကျေးရွာနေ

ဂျိန်ဖေါ့တိုင်းရင်းသားတို့၏ လူမှုရေး ဖွဲ့စည်းပုံ

**ပြုစုသူ**

**မခင် ဌေး ဌေး**

**သ - ၃**

**( ၁၉၉၃-၁၉၉၅ )**

**မနုဿ ဗေဒ**

**ရန်ကုန်တက္ကသိုလ်။**

# ကျေးဇူးတင်လွှာ

ကျမ မခင်ဌေး ဌေး ပြုစုခဲ့သည့် ``အင်ဂျန်ဒုံ ကျေးရွာ နေဂျိန် ဖေ့ဘုတိုင်း ရင်းသား တို့၏လူမှုရေး ဖွဲ့စည်းပုံ``အမည်ရှိမဟာ ဝိဇ္ဇာကျမ်း စာအုပ်ကြီး ဖြစ်မြောက် ရေး အတွက် ခေါင်းစဉ်နှင့်မာတိကာ ကိုချမှတ်တည်း ဖြတ် ပေး သော ရန်ကုန်တက္ကသိုလ်မနုဿဗေဒဌာနမှဌာနမှူး ဆရာမကြီး ဒေါ်တင်ရီအား လည်း ကောင်း ၊ ရေး သား တင်သွင်း သော ကျမ်း ကိုစိတ်ရှည်၊ လက်ရှည်အသေး စိတ်စိစစ်တည်း ဖြတ် ပေး သော ကျမ်း ကြီး ကြပ်သူ မနုဿဗေဒဌာနမှူး ( အငြိမ်း စား ) ဆရာမကြီး ဒေါ်ကြင်ကြင်အား လည်း ကောင်း ၊ တွဲဖက်ကျမ်း ကြီး ကြပ်သူ မနုဿဗေဒဌာနမှူး ( အငြိမ်း စား) ဆရာမကြီး ဒေါ်နွဲ့နွဲ့အား လည်း ကောင်း ၊ ပြင်ပစာစစ်အဆင့်မြင့်ပညာ ဦး စီး ဌာနညွှန်ကြား ရေး မှူး ( အငြိမ်း စား ) ဆရာမကြီး ဒေါ်စိန်စိန် အား လည်း ကောင်း ၊ ဤကျမ်း စာအုပ်ကြီး ကောင်း မွန်ပြည့်စုံသည်ထက်ပြည့် စုံ အောင်အကြံ ပေး ကူညီ သော ရန်ကုန်တက္ကသိုလ် ( ရှိုင်နယ် မြေ) မနုဿ ဗေဒ ဌာနမှဌာနမှူး ဆရာကြီး ဦး ကျော်ဟန်အား လည်း ကောင်း အထူး ကျေး ဇူး တင်ရှိပါကြောင်း ရေး သား ဖော်ပြမှတ်တမ်း ပြုအပ်ပါသည်။

ထပ်မံ၍ဤကျမ်း ကြီး အတွက်အဓိကလိုအပ် သောအချက်အလက်များ ရွာကိုစိတ်ရှည်လက်ရှည်အချိန် ပေါင်း များ စွာအကုန်ခံ၍ ရှင်း ပြ ပေး ခဲ့ကြ သောအင်ဂျန်ဒုံ ကျေး ရွာ၊ နှစ်ခြင်း အသင်း တော်မှသင်း အုပ်ဆရာကြီး ဦး ဂျာလီအား လည်း ကောင်း ၊ အငြိမ်း စား သင်း အုပ်ဆရာကြီး - ဦး ပေါ်ဆဂမ်အား လည်း ကောင်း ၊ ဦး မီထုံလ( အငြိမ်း စား ၊ စားထွေ မန်နေဂျာ) ( ၁၈ - ၁၀ - ၉၅ ကွယ်လွန်) အား လည်း ကောင်း ၊ အငြိမ်း စား မြို့နယ်ပညာ ရေး မှူး ဆရာကြီး ဦး မရန် ဖော် တောင်အား လည်း ကောင်း ၊ အာရ်-စီ-အမ်အသင်း တော်နှင့်ပတ်သက်၍ စိတ်ရှည်လက်ရှည်ရှင်း လင်း ဖြေကြား ပေး ခဲ့သည့်အာရ်-စီ-အမ်အသင်း တော်သင်း အုပ်ဆရာကြီး ဦး ဒွမ်ဖြာ တောင်အား လည်း ကောင်း ၊ အာရ်-စီ-အမ်ထိမ်း မြား ခြင်း

နှင့်ပတ်သက်၍အသေး စိတ်ကူညီ ဖြေကြား ပေး ခဲ့သောအာဂ်-စီ-အမ်အ သင်း တော်မှကို ပေါ်လ်လူအား လည်း ကောင်း၊ ကျေး ရွာအတွင်း ဓါတ်ပုံ များ လိုက်လံရိုက်ကူး ရာတွင်အကူအညီ ပေး ရိုက်ကူး ကူခဲ့သော ဂျိန် ဖော့ စတူဂိုယိုအဆို တော်ကိုထွယ်လီအား လည်း ကောင်း၊ တောင် ပေါ် ဒေသမှ ဂျိန် ဖော့များ နှင့်ပတ်သက်၍ ဂျိန် ဖော့ တောင် ပေါ် ဒေသများ ရွာတွင် အမှုထမ်း ခဲ့ဖူး၍ နံ့စပ်သိကျွမ်း လှ သောကျမ၏ ဖခင်ဦး ဖုန်း မြင့်အား လည်း ကောင်း အထူး ကျေး ဇူး တင်ပါကြောင်း မှတ်တမ်း ပြု ဖော်ပြအပ် ပါသည်။

ငွင်း အပြင်ဤကျမ်း ကြီး အတွက်လိုအပ် သောစာရင်း ဇယား များ နှင့်ကွင်း ဆင်း ရာတွင်တက်ကြွစွာလိုက်လံပို့ ဆောင်ကူညီ ပေး သော အင်ဂျန်ခုံ ကျေး ရွာမှ ကျေး ရွာမှူး ဦး ပေါ်ဆဂမ်အား လည်း ကောင်း အခြား ကျေး ရွာသူကြီး များ ဖြစ်ကြ သောဦး ဆွမ်လွတ်ဂမ်၊ ဦးခင်ရှောင် ဂမ်၊ ဦး မရန်တူး လွမ်နှင့်အခြား ရွာသူရွာသား များ အား လည်း ကောင်း၊ ဤကျမ်း ပြုစဉ်ကာလ(၁၉၉၃-၁၉၉၅)တ လျှောက်လုံး မိမိ အား နေထိုင်ခွင့်ပြုခဲ့ သော ၂၇(ဘီ)၊ အင်းစိန်လမ်း ဘော်ဒါဆောင် ပိုင်ရှင်ဦး ခင်တိုး ▸ ဒေါ် အေး ချို နှင့်မိသား စုအား လည်း ကောင်း ဤကျမ်း ကြီး ရိုက်နှိပ် ရေး အတွက်တတ်အား သ ရွေ့ပါဝင်ကူညီခဲ့ သော မနုဿ ဗေဒဌာနမှဆရာမ ဒေါ်မြမြခင်အား လည်း ကောင်း၊ မိမိ နေထိုင် သော ဘော်ဒါဆောင်မှညီမငယ်သင်း သင်း နှင့်ဝိုင်း ဝိုင်း အား လည်း ကောင်း အထူး ကျေး ဇူး တင်ရှိ ကြောင်း မှတ်တမ်း ပြုအပ်ပါသည်။

အထူး သဖြင့်ရတနာသုံး ပါး နှင့်တက္ကအနန္တဂိုဏ်း ဝင်ဆရာသခင် အား လုံး နှင့်ဤပညာရပ်များ ကိုသင်ကြား နိုင် အောင်ပြုစု ကျွေး မွေး ပုံ့ပိုး ပေး ကြ သောအနန္တဂိုဏ်း ဝင်အဖ-ဦး ဖုန်း မြင့်နှင့်အမိ ဒေါ်နီနီ ထို့အား ရှိုက်ရှိုက်လှဲလှဲ ကျေး ဇူး တင်ရှိပါကြောင်း ရေး သား ဖော်ပြမှတ် တမ်း ပြုအပ်ပါသည်။

# မြစ်ကြီးနားမြို့၊ တစ်ထုန်းကျေးရွာအုပ်စု၊ အင်ဂျန်ဒုံကျေးရွာ နေဂျိန်ဖေ့ဝ်တိုင်းရင်းသားတို့၏လူမှုရေးဖွဲ့စည်းပုံ


စာမျက်နှာ

နိဒါန်း ၁

အခန်း ၁။

(က) လူမျိုးစု၏နောက်ခံသမိုင်း ၈

(၁) ဂျိန်ဖေ့ဝ်လူမျိုး ပေါ်ပေါက်လာပုံ ၁၂

(၂) အင်ဂျန်ဒုံကျေးရွာ၏သမိုင်းကြောင်း ၂၁

(၃) လူမျိုးစုအမည် ၂၃

(၄) ဘာသာစကား ၂၅

(ခ) နေထိုင်ရာဒေသ၏ပထဝီအနေအထား ၂၈

(၁) နယ်နမိတ်၊ တည်နေရာ၊ အကျယ်အဝန်းနှင့်လူဦးရေ ၂၈

(၂) မြေမျက်နှာပြင် ၂၆

(၃) ရာသီဥတု ၃၂

(၄) သဘာဝပေါက်ပင် ၃၃

(၅) သယံဇာတပစ္စည်းများ ၃၃

(၆) လမ်းပန်းဆက်သွယ်ရေး ၃၄

(ဂ) ရှုပ်ပိုင်းနှင့်ဝတ်စားဆင်ယင်ပုံ ၃၄

(၁) ရုပ်ပိုင်း ၃၄

(၂) ဝတ်စားဆင်ယင်ပုံ ၃၆

(၃) စားသောက်ပုံ ၄၀

အခန်း ၂။

လူမှုရေး ၄၃

(က) မိသားစုဖွဲ့စည်းနေထိုင်ပုံ ၄၃

(ခ) ဆွေမျိုးတော်စပ်ပုံစံနစ်များ ၄၇

(ဂ) အိုးအိမ်တည်ဆောက်ပုံ ၅၅

| | |
|---|---|
| | စာမျက်နှာ |
| (ဃ) ဘဝကြင် ဖော် ရွေး ချယ်ခြင်း | ၆၇ |
| (၁) အမျိုးလူမျိုးဘဝ | ၆၈ |
| (၂) လက်ထပ်ထိမ်း မြား ခြင်း | ၁၀၀ |
| (၃) အိမ် ထောင်ရှင်ဘဝ | ၁၃၆ |
| (င) ကွာ ရှင်း ပြတ်စဲခြင်း | ၁၃၈ |
| (စ) ပဋိသ န္ဓေတည်ခြင်း နှင့်မီး ဖွား ခြင်း | ၁၄၂ |
| (ဆ) ကင်ပွန်း တပ်ခြင်း | ၁၄၅ |
| (ဇ) က လေး သူငယ်ဘဝ | ၁၅၅ |
| (ဈ) ကျန်း မာ ရေး | ၁၅၈ |
| (ည) သေဆုံး ခြင်း | ၁၆၃ |
| **အခန်း ၃။** | |
| စီး ပွား ရေး | ၁၉၄ |
| (က) စိုက်ပျိုး ရေး လုပ်ငန်း | ၁၉၅ |
| (ခ) မွေး မြူ ရေး လုပ်ငန်း | ၂၀၄ |
| (ဂ) အမဲလိုက်၊ ငါး ဖမ်း ခြင်း လုပ်ငန်း | ၂၀၆ |
| (ဃ) မြေ အောက်သယံဇာတ ပစ္စည်း တူး ဖော် ရေး လုပ်ငန်း | ၂၀၉ |
| (င) သစ် တောထွက်ပစ္စည်း များ ရှာ ဖွေထုတ်လုပ် ရေး လုပ်ငန်း | ၂၁၁ |
| (စ) အိမ်တွင်း မှုလုပ်ငန်း | ၂၁၃ |
| (ဆ) ရောင်း ဝယ် ဖောက်ကား မှုလုပ်ငန်း | ၂၂၁ |
| **အခန်း ၄။** | |
| အ လွှား အ ခေါ် နှင့်ရိုး ရာ ပွဲ တော် များ | ၂၃၀ |
| (က) ယုံကြည်ကိုး ကွယ် မှု | ၂၃၀ |
| (၁) နတ်အမျိုး မျိုး | ၂၃၁ |
| (၂) နတ်ဆရာ များ | ၂၄၃ |

(၃) ကိုးကွယ်ပူဇော်ပသမှုများ ၂၅၂
(၄) အတိတ်နမိတ် ကောက်ယူခြင်းများ ၂၅၈
(၅) အဆောင်လက်ဖွဲ့များနှင့် မှော်ပညာ ၂၆၀
(၆) ခရစ်ယာန်ဘာသာကိုယုံကြည်သက်ဝင်လာခြင်း ၂၆၁
(ခ) စာပေ၊ ဂီတနှင့်အကအခုန် ၂၇၂
(ဂ) ရိုးရာပွဲတော်များ ၂၈၈
(ဃ) ရိုးရာအနုပညာလက်ရာများ ၃၀၆

အခန်း ၅။

အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့်ရိုးရာဥပဒေများ ၃၀၇
(က) အုပ်ချုပ်ပုံစံနစ် ၃၀၇
(၁) ရွမ်ရောင်ရွမ်စအုပ်ချုပ်ရေးစနစ် ၃၀၈
(၂) ရွမ်ဆာအုပ်ချုပ်ရေးစနစ် ၃၀၉
(၃) ရွမ်လောင်အုပ်ချုပ်ရေးစနစ် ၃၁၂
(၄) ရွမ်စန်အုပ်ချုပ်ရေးစနစ် ၃၁၂
(ခ) ရိုးရာဥပဒေများ ၃၁၆
(ဂ) တရားစီရင်ရေး ၃၃၁
(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ၃၃၃

နိဂုံး ၃၃၅
အထွေထွေသုံးသပ်ချက် ၃၃၅
နောက်ဆက်တွဲ ၃၄၃
(က) မှီငြမ်းကိုးကားသောစာအုပ်များ ၃၄၃
(ခ) တွေ့ဆုံမေးမြန်းခဲ့သူများ ၃၄၃

# နိဒါန်း

မနုဿဗေဒဘာသာရပ်သည် လူ၏ခန္ဓာကိုယ်အနေအထား နှင့်လူတို့ကျင့်ကြံနေထိုင်ပုံအလုံးစုံကို လေ့လာသောပညာရပ်ဖြစ်သည်။ ထိုသို့လေ့လာရာတွင် သမိုင်းမတင်မီရှေးခေတ်မှ <u>ကျောက်ဖြစ်ရုပ်ကြွင်း</u>[1] ဖြစ်ကျန်ခဲ့သော လူသားများမှ ယခုခေတ်လူတို့အကြောင်း ထိစုံလင်စွာ လေ့လာသည်။

လူမျိုးနွယ်များကို သိပ္ပံပညာအမြင်စစ်စစ်ဖြင့်ဆန်းစစ်ကြည့်ပါက တစ်မျိုးတစ်စားတည်းသောအနွယ်မှဆင်းသက်လာသည့်အဆင်တူသော <u>မျိုးဆက်ကွဲ</u>[2] အဖြစ်ကွဲပြားနေသည့်အစုအဖွဲ့များဖြစ်သည်။ လူမျိုးနွယ်များ အဆင့်ဆင့်ဖြစ်ပေါ်လာပုံနှင့်ခန္ဓာကိုယ်တည်ဆောက်ပုံတို့ကို မနုဿဗေဒပညာရပ်ဖြင့်ဆန်းစစ်ကြည့်ပါက မည်သည့်လူမျိုးနွယ်က ခန္ဓာကိုယ်ဖြစ်ပေါ်မှုအဆင့်အတန်းမြင့်သည်၊ သို့မဟုတ် နိမ့်သည်ဟူ၍ မရှိပေ။ လူမျိုးနွယ်အားလုံး ဆင့်ကဲဖြစ်စဉ်လမ်းစဉ်အတိုင်း တဖြေးဖြေး တရွေ့ရွေ့ ပြောင်းလဲတိုးတက်လာခြင်းဖြစ်သည်။ ခန္ဓာကိုယ်အဆောက်အအုံ၌ တသီးတခြားဖြစ်သော လူ့ထူးခြားချက်များတွင်အတူတူဖြစ်သည့်သာမက များစွာသော အငယ်ဆုံးအချက်အလက်များတွင်လည်း အတူတူပင်ဖြစ်သည်။ မူလအရင်း အမြစ်အခြေခံအားဖြင့်အားလုံး တူညီကြသည်။

မနုဿဗေဒအမြင်အရ လူသည်ကြံဆလုပ်ကိုင်တတ်သည့်အသိဉာဏ်စွမ်းအား အရှိဆုံးသောသတ္တဝါဖြစ်သည်။ ထို့ကြောင့် <u>သတ္တလောကကြီး</u>[3] တွင်လူသည် စွမ်းရည်အင်အား အရှိဆုံး၊ အသုံးအဝင်ဆုံး၊ အမွန်မြတ်ဆုံး နှင့်ပဓာနအကျဆုံး ဖြစ်ပေသည်။ ဤသို့ဖြစ်ရခြင်းမှာ လူသည်အခြားသတ္တဝါများထက် ပိုမိုထူးချွန်စွမ်းဆောင်နိုင်သော ဦးနှောက်ရှိသကဲ့သို့ကိုယ်အင်္ဂါများကလည်း ထူးခြားသော အပြုအမူများကိုတီထွင်ပြုလုပ်နိုင်ခြင်း ကြောင့်ဖြစ်သည်။

<u>ရုပ်ပိုင်းမနုဿဗေဒ</u>[4] အရလူသည်သတ္တလောကကြီးတွင်အခြား

---

၁။ Fossil remains

၂။ sub- species

၃။ Animal Kingdom

၄။ Physical Anthropology

သက်ရှိများ နှင့်အတူသက်ရှိတို့၏ ဆင့်ကဲဖြစ်စဉ်[၁] လမ်း ကြောင်း အတိုင်း သဘာဝ ပတ်ဝန်းကျင်နှင့်လိုက် လျောညီ ထွေဖြစ်အောင်ကြိုး စား ရုန်း ကန် နေထိုင်လာခဲ့ခြင်း ဖြင့်ထူး ခြား ရှာရှမ်း ဆောင်နိုင် သောကိုယ်အင်္ဂါများ ဖြစ်ပေါ် ပိုင်ဆိုင်လာကြ သည်။ လူတို့တွင်သဘာဝပတ်ဝန်းကျင်နှင့်လိုက် လျောညီ ထွေ အောင်ပြုပြင်ဖန်တီး နိုင် သည့်ကိုယ်ခံအ နေအထား သည်အခြား သတ္တဝါများ ထက်ပို၍ရှိနေသည်။ ထူး ထွေ ကြီး မား သောဦး နှောက်နှင့်အသိဉာဏ်ရွှမ်း အား ပို၍ရှိသည်။ မိမိ၏ ခြေ ထောက် ပေါ်တွင်ကိုယ်ခန္ဓာကိုတည့်မတ်ဒိုင်မြဲကြာရှည်စွာရပ်တည် နေနိုင်သည်။ သေး ငယ် သောအရာမှစ၍အရာဝတ္ထုများ ကိုမြဲမြံစွာဆုတ်ကိုင်ထား လျက်ပိုမိုထိ ရောက်စွာ အသုံး ပြုနိုင်ရန်လက်မနှင့်အခြား လက် ချောင်းများ မျက်နှာချင်း ဆိုင်နှစ်ဖက် ညှပ်အ နေအထား တွင်ရှိ နေသည်။

လူတို့၏အပြုအမူကိုယဉ် ကျေး မှုသ ဘောတ ရား အရဆန်း စစ် သော် လူသည်ထူး ခြား သောယဉ် ကျေး မှုကိုတီထွင်နိုင်သူ ပိုင်ဆိုင်သူ၊ ပြန့်ပွား အောင်လက် ဆင့်ကမ်း နိုင်သူဖြစ်သည်။ လူတို့၏ရှမ်း ဆောင်မှုကြောင့်သာယ နေ့မျက် မှောက် ခေတ်အဆင့်အထိ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ ဤသို့ ရောက်ရှိလာရန် ကျောက် ခေတ်၊ ကြေး ခေတ်၊ သံ ခေတ်၊ အနုမြူခေတ်သို့အဆင့်ဆင့်ဖြတ် ကျော်တိုး တက်လာခဲ့ သည်။

ရှေး အကျဆုံး ခေတ်မှယခုအချိန်အထိဆင့်ကဲဖြစ်စဉ်လမ်း စဉ် အ တိုင်း ဖြစ် ပေါ် ပြောင်း လဲလာ သောလူတို့၏ခန္ဓာကိုယ်အ ကြောင်း နှင့်တကွအဆင့် ဆင့်တိုး တက်ထွန်း ကား လာ သောယဉ် ကျေး မှုအမျိုး မျိုး တို့၏အ ကြောင်း ကိုဒိုင်လုံ သောအ ထောက်အထား များ ရှာ ဖွေ၍ လေ့လာကြသည်။ မနုဿ ဗေဒဘာသာရပ် ၏တစိတ်တ ဒေသဖြစ် သော လူမျိုး စုမှိုင်း ယှဉ်ပညာ[၂] ဘာသာရပ်သည် ယခု ခေတ်အသက်ရှင်လျက်ရှိ သောလူအမျိုး မျိုး တို့၏ နေထိုင်လုပ်ကိုင်ပုံအ ကြောင်း များ ကို လေ့လာ သော ပညာဖြစ်သည်။ လူမျိုး နွယ်စုတခုစီအ ကြောင်း ကို မွေး ဖွား သည် မှ သေဆုံး သည်အထိဖြစ်ပျက်သမျှအလုံး စုံကို သေချာစွာ လေ့လာကြခြင်း ဖြစ်သည်။

ပြည် ထောင်စုမြန်မာ နိုင်ငံသည်တိုင်း ရင်း သား လူမျိုး ပေါင်း များ စွာစု ပေါင်း နေထိုင်ကြ သော နိုင်ငံတစ် နိုင်ငံဖြစ်သည်။ မွန်ဂိုလွိုက်[၃] မျိုး

---

၁။ Evolution

၂။ Ethno

၃။ Mongoloid

နွယ်မှဆင်းသက်ပေါက်ပွားလာသောပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးသည်ပင်ရင်းဒေသဖြစ်သောမွန်ဂိုကုန်းမြင့်မှ (၁) မွန်ခမာအုပ်စု (၂) တိဗက်-မြန်မာအုပ်စု (၃) ထိုင်း-တရုတ် အုပ်စုဟူ၍လူမျိုးအုပ်စုသုံးစုခွဲပြီး မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာခဲ့ကြကာလွန်ခဲ့သောနှစ်ပေါင်းများစွာမှအတူတကွ နေထိုင်ခဲ့ကြသည်။

တိဗက်-မြန်မာအုပ်စုဝင်ကချင်တိုင်းရင်းသားတို့သည်ယခု အခါပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ၌တခုသောပြည်နယ်ကြီးဖြစ်သောကချင်ပြည်နယ်အနှံ့အပြားတွင်သာမကအခြားသောဒေသများတွင်ပါအခြားမြန်မာတိုင်းရင်းသားတို့နှင့်အေးအတူပူအမျှနေထိုင်လျက်ရှိသည်ကိုတွေ့ရသည်။ ကချင်တိုင်းရင်းသားတို့တွင်ယဉ်ကျေးမှုဓလေ့ထုံးစံအသားလုံးနီးပါးတူညီပြီး ဘာသာစကားကွဲပြားသောဂျိန်ဖော့၊ လော်ဝေါ်ခေါ်မရူ၊ ရဝမ်၊ လာချိတ်ခေါ်လရှီ၊ အဇီးခေါ်ဇိုင်ဝါးနှင့်လီဆူးလူမျိုးဟူ၍တိုင်းရင်းသားမျိုးနွယ်စုငယ် (၆) မျိုးကိုတွေ့ရသည်။ ၎င်းတို့တွင်ဂျိန်ဖော့ဘာသာစကားသည်ကချင်ပြည်နယ်တွင်လူသုံးများသောဘာသာစကားဖြစ်သည်။

လူမှုရေးပညာရှင် <u>အရစ္စတိုတယ်လ်</u> [၁] မိန့်ဆိုခဲ့သည့် `လူသည်ပေါင်းသင်းဆက်ဆံရေးကို တတ်သိနားလည်သောသတ္တဝါဖြစ်သည်` [၂] ဆိုသည့်အတိုင်း ကချင်တိုင်းရင်းသားအသီးသီးတို့သည်မိမိတို့လူမျိုးအုပ်စုငယ်ကလေးများဖြင့်မိမိတို့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုထိန်းသိမ်းကာ <u>လူမှုရေးအဆောက်အအုံ</u> [၃] တခုအောက်တွင်အေးချမ်းစွာနေထိုင်လျက်ရှိကြသည်။ တိုင်းရင်းသားလူမျိုးအုပ်စုအသီးသီးသည်မိမိတို့အဖွဲ့အစည်းတည်တံ့ခိုင်မြဲရေးအတွက်လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည့်ကဏ္ဍအသီးသီးတို့တွင်ပါဝင်ကာ မိမိတို့နှင့်သက်ဆိုင်သောလူမှုရေးလုပ်ငန်းဆောင်တာအသီးသီးတို့ကိုဆောင်ရွက်နေကြသည်။ ဤသို့လုပ်ငန်းဆောင်တာများကိုစနစ်တကျညီညွတ်စွာဆောင်ရွက်ခြင်းကြောင့်လူမှုရေးအဆောက်အအုံသည်ပေါ်ပေါက်လာရပြီး တည်တံ့ခိုင်မြဲမှုရှိနေသည်။ လူမှုရေးအဆောက်အအုံသည်တိကျပြတ်သားစွာချမှတ်ထားသည့်အခြေခံ

---

၁။ Aristotle

၂။ Man is a social animal

၃။ Social Structure

မှုများ ပေါ်တွင်အခြေခံ၍ ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ယင်းအခြေခံမှုများမှာ (၁) လိင် (ဖို၊ မ) အားဖြင့်အုပ်စုဖွဲ့ခြင်း[၁] (၂) အသက်အားဖြင့်အုပ်စုဖွဲ့ခြင်း[၂] (၃) နေရာဒေသအလိုက်အုပ်စုဖွဲ့ခြင်း[၃] (၄) အလုပ်အကိုင်အလိုက်အုပ်စုဖွဲ့ခြင်း[၄] (၅) လူမှုရေးအဆင့်အတန်း အလွှာနှင့်ဇာတ်စနစ်အားဖြင့်အုပ်စုဖွဲ့ခြင်း[၅] တို့ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများသည် နေထိုင်ရာဒေသ၊ ဘာသာစကား၊ လူမျိုးများ ကွဲပြားသကဲ့သို့ မိမိတို့လူမျိုးအတွင်း ဖြစ်ပေါ်သော လူမှုရေးပြဿနာများ[၆] ၊ အရေးအခင်းများ ၊ အခြေခံသဘောတရားများသည်လည်း ကွဲပြားကြပေသည်။ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကြရန်၊ တစ်ဦးနှင့်တစ်ဦး ပိုင်းပင်းကူညီကြရန်၊ ကိုယ်ကျင့်တရားများ ပြည့်ဝစွာကျင့်ကြံနေထိုင်ကြရန်၊ ပြဿနာရပ်များကို စုပေါင်းဖြေရှင်းကြရန်၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ကာ မိမိအမျိုးသားယဉ်ကျေးမှုနှင့် လျော်ညီသည့်ယဉ်ကျေးမှုအသစ်များကို ပွားဆက်ဖန်တီးကြရန်မှာ တိုင်းရင်းသားလူမျိုးတိုင်း၏တာဝန်ဖြစ်သည်။ သို့မှသာ သာယာချမ်းမြေ့သော မိသားစုအဖွဲ့အစည်းများ ၊ လူမှုရေးအဖွဲ့အစည်းများ တည်ဆောက်နိုင်၍ ကြီးပွားတိုးတက်သော နိုင်ငံတော်ကြီးကို ထူထောင်နိုင်ကြပေမည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် သမိုင်းအစဉ်အလာအရ စုစည်းညီညွတ်စွာ အေးအတူပူအမျှ နေထိုင်ခဲ့ကြသည့် အတိတ်ကာလကို ဖော်ညွှန်းကာ နောင်အရှည်သဖြင့်လည်း ဥမကွဲ၊ သိုက်မပျက် နေထိုင်နိုင်ရေး ၊ တပြည်ထောင်စုလုံး၌ တိုင်းရင်းသားအားလုံး၏ ဘဝသာယာဝပြောရေးကို ရှေးရှုပြီး အမိနိုင်ငံတော်အမွန်ရှည်တည်တံ့ရေးအတွက် ကြိုးပမ်းကြရပေမည်။ ထိုကြိုးပမ်းမှုများကို အထောက်အကူပြုစေ၍ သော်ငှါ

---

၁။ Sex group

၂။ Age group

၃။ Locality group

၄။ Ocupational group

၅။ Status group

၆။ Social problems

ဤစာတမ်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအနက်မှ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် အတွင်းရှိ တပ်ကုန်းကျေးရွာအုပ်စုဝင်အင်ဂျန်ဒုံကျေးရွာ နေဂျိန်ဖော့ တိုင်းရင်းသားတို့၏ `လူမှုရေးဖွဲ့စည်းပုံ`[1] အကြောင်းကိုသုတေသနပြုတင်ပြထားပါသည်။

## သုတေသနပြုရခြင်း၏ရည်ရွယ်ချက်များ

မနုဿဗေဒဘာသာရပ်၏အဓိက ရည်ရွယ်ချက်မှာ သမိုင်းမတင်မီ ရှေးခေတ်မှစ၍ယခုခေတ်အထိလူအမျိုးမျိုးတို့၏အကြောင်းကိုကိုယ်တိုင်ကိုယ်ကျတိကျ စုံလင်စွာ လေ့လာဖော်ပြရန်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာန၏အဓိက ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ရိုးရာဓလေ့ထုံးစံများကို လေ့လာစီစစ်ဖော်ထုတ်၍ မှတ်တမ်းတင်ရန်ဖြစ်သည်။

မိမိသုတေသနပြုရခြင်း၏အဓိက ရည်ရွယ်ချက်မှာ မဟာဝိဇ္ဇာဘွဲ့အတွက်ကျမ်းကြီး တစ်စောင်ကိုတင်သွင်းသွားနိုင်ရန်ဖြစ်ပါသည်။ ထို့အပြင်ဤသို့ သုတေသနပြုလေ့လာတင်သွင်းခြင်းဖြင့်မိမိမနုဿဗေဒဌာနအတွက်လည်းကောင်း မနုဿဗေဒဘာသာရပ်အတွက်လည်းကောင်း၊ အမိတိုင်းပြည်နှင့်လူမျိုးအတွက်လည်းကောင်း အကျိုးသက်ရောက်မှုရှိမည်ဟုယုံကြည်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည်တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့်ဖွဲ့စည်းတည်ထောင်ထားသောပြည်ထောင်စုကြီးဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားလူမျိုးစုအချင်းချင်းသွေးစည်းညီညွတ်မှုသည်ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲမှု၏အဓိကသော့ချက်ပင်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးသွေးစည်းညီညွတ်ကာရိုင်းပင်းကူညီမှုရှိရန်တစ်ဦး၏ဓလေ့ထုံးစံများကိုတစ်ဦးကသိရှိနားလည်သဘောပေါက်ကြရန်လိုအပ်ပေသည်။ ထိုသို့သိရှိနားလည်နေမှသာလိုက်နာကျင့်သုံးသင့်သော၊ ရှောင်ကြဉ်သင့်သောအကြောင်းအချက်တို့ကိုသိနားလည်ပြီး တစ်ဦးနှင့်တစ်ဦး ချစ်ကြည်မှုရှိနိုင်ပေမည်။ သို့မှသာ အေးချမ်းသာယာသောပြည်ထောင်စုကြီးကိုတိုင်းရင်းသားလူမျိုးစုအားလုံး ကမိသားစုစိတ်ဓါတ်ဖြင့် အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်တည်ဆောက်သွား

---

၁။ Social organization

နိုင်ပေမည်။ သို့မှသာ ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့နိုင်ပေမည်။

ထို့အတူလူမျိုး တည်တံ့ခိုင်မြဲရေး အတွက်အဓိကလိုရင်း အချက်မှာ ၎င်းတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ စောင့်ထိန်းအပ်သော ထုံးတမ်းဓလေ့စသည်တို့ကို ဖော်ထုတ်ပေးရပေမည်။ ထို့အတွက်လည်း ကချင်ပြည်နယ်မြစ်ကြီးနားမြို့နယ်အတွင်း ရှိတပ်ကုန်း ကျေးရွာအုပ်စုဝင် 'အင်ဂျန်ဒုံကျေးရွာ နေဂျိန်ဖေ့ါတိုင်းရင်းသားတို့၏လူမှုရေး ဖွဲ့စည်းပုံ' အကြောင်း ကိုကွင်းဆင်း သုတေသနပြုကာ စာတမ်း ရေးသား တင်သွင်းခြင်း ဖြစ်ပါသည်။ မနုဿဗေဒဘာသာရပ်သည် စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုရုံမျှဖြင့်ပြည့်စုံမှုမရှိနိုင်ပေ။ စာတွေ့နှင့်လက်တွေ့ကို အမြဲ ယှဉ် လေ့လာမှသာ ပြည့်စုံသော လေ့လာမှုကိုရရှိနိုင်သည်။ အင်ဂျန်ဒုံကျေးရွာ နေဂျိန်ဖေ့ါတိုင်းရင်းသားတို့၏လူမှုရေး ဖွဲ့စည်းပုံကို ရွေးချယ်၍ သုတေသနပြုရခြင်းမှာလည်း အောက်ပါအကြောင်းအချက်များ ကြောင့်ဖြစ်ပါသည်။

မြန်မာတိုင်းရင်းသား လူမျိုးများ စွာအနက် ဂျိန်ဖေ့ါတိုင်းရင်းသားကို ရွေးချယ်၍ သုတေသနပြုရခြင်း မှာမိမိသည်ကချင်ပြည်နယ် မြစ်ကြီးနားမြို့ဇာတိဖြစ်ပြီး ဂျိန်ဖေ့ါတိုင်းရင်းသား မဟုတ်သော်ငြားလည်း ဂျိန်ဖေ့ါ ဘာသာစကား နှင့်ဂျိန်ဖေ့ါစာပေကိုစုံစေ့ရေလည်စွာ ပြောဆိုရေးသား နိုင်ခြင်း ကြောင့်ဖြစ်ပါသည်။

ဂျိန်ဖေ့ါတိုင်းရင်းသားတို့၏ နေရာဒေသများ စွာအနက်အင်ဂျန်ဒုံကျေးရွာကို ရွေးချယ်ရခြင်း မှာ၎င်း ကျေးရွာသည်ဂျိန်ဖေ့ါတိုင်းရင်းသားတို့ အများစု နေထိုင်ရာ ကျေးရွာဖြစ်ခြင်း၊ ၎င်း ကျေးရွာနေ ဂျိန်ဖေ့ါတိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများကို ရှေးမူ မပျက်ခရစ်ယာန်ဘာသာကျင့်ထုံးများ နှင့်တွဲဘက်၍ကျင့်သုံး နေကြသည်ကို တွေ့ရှိရခြင်း၊ ကျေးရွာအုပ်ချုပ်ပုံစီမံခန့်ခွဲပုံနှင့်ပွဲလမ်း သဘင်ကျင်းပပုံတို့သည် ရှေးနည်း စနစ်ကျသည်ကို တွေ့ရှိရခြင်း၊ ကျစ်လစ်ခိုင်မာသည့်လူငယ်အဖွဲ့အစည်း ကို ကျေးရွာအုပ်ချုပ်မှုအဖွဲ့အစည်း အောက်တွင်ဖွဲ့စည်းထား ရှိကာလူငယ်ထုကိုကျေးရွာ၏လူမှုရေး ကိစ္စအဝဝတွင်ပါဝင် ဆောင်ရွက် စေသည်ကို တွေ့ရှိရခြင်း၊ ရွာသူရွာသား များ သည်ဆင်းရဲချမ်းသာမခွဲခြားဘဲစည်းလုံး ညီညွတ်စွာ နေထိုင်မှုရှိခြင်း နှင့်၎င်း ကျေးရွာ၏သမိုင်း ကြောင်း တို့ကိုစနစ်တကျ ဖော်ထုတ်ပေးလိုခြင်း တို့ ကြောင့်ဖြစ်ပါသည်။

သုတေသနပြုရာတွင် မိမိသည် မနုဿဗေဒနည်း ကျကျကိုယ်တိုင်ကိုယ်ကျကွင်းဆင်း၍ လေ့လာမှတ်သား မေးမြန်းခဲ့ပါသည်။ အထူးသဖြင့် ဗဟုသုတပြည့်ဝသည့် ရှေးမှီနောက်မှီသက်ကြီးရွယ်အိုများထံ မေးမြန်းမှတ်သားခဲ့ပါသည်။ ထိုသို့ မေးမြန်းမှတ်သားသည့်အများက ပြောဆိုဖြေကြားသည့် တူညီသောအချက်အလက်များကိုသာအတည်ယူ၍ထုတ်နုတ် ရေးသားပါသည်။ အကြောင်းအရာများ၏ဖြစ်နိုင်မှုရှိ၊မရှိကိုလည်း မိမိကိုယ်တိုင်စဉ်းစားချင့်ချိန်ပါသည်။ မိမိ၏သုတေသနလုပ်ငန်းသည်ဆုံးခန်းတိုင်သည်အထိ အောင်မြင်သည်ဟုဆိုရပါမည်။ ထိုသို့ အောင်မြင်မှုရရှိ၌အဓိက သော့ချက်မှာ မိမိသည် ဂျိန်ဖော့ဘာသာစကားကို ကျွမ်းကျင်စွာတတ်မြောက်ခြင်းကြောင့်ဖြစ်ပါသည်။ မိမိနှင့်၎င်းတို့အကြား ဘာသာပြန်မလိုဘဲထိရောက်စွာ မေးမြန်းဖြေကြားနိုင်မှုရှိခဲ့ပါသည်။ မိမိသုတေသနပြုခဲ့သည့် ၁၉၉၃-ဩဂုတ်လမှ ၁၉၉၅-မေလအတွင်း အင်ဂျန်ဒုံကျေးရွာတွင်ကျင်းပခဲ့သည့်လူမှုရေးအခမ်းအနားများနှင့်ရိုးရာပွဲလမ်းသဘင်အခမ်းအနားတို့ကိုလည်း ဓါတ်ပုံများဖြင့်မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

မိမိသည်ကျမ်းကြီးအတွက်အင်ဂျန်ဒုံကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးများ၊ ရှေးမှီနောက်မှီသက်ကြီးရွယ်အိုများနှင့် ကျေးရွာနေတိုင်းရင်းသားအတော်များများ၏ အကူအညီကိုရယူခဲ့ပါသည်။ ထို့ပြင်တစ်ကုန်း ကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး၊ မြေစာရင်းဌာန၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့ရုံး၊ မိုးလေဝသနှင့်ဇလဗေဒဌာန တို့မှ လည်း အကူအညီများကိုရယူခဲ့ပါသည်။

အထူးသဖြင့်မိမိအား မည်သို့မေးမြန်းမှတ်တမ်းပြုရမည်ကို လမ်းညွှန်ပေးသော၊မိမိ ရေးမှတ်ထုတ်နုတ်ထားသောစာတမ်းတို့ကိုစနစ်တကျစိစစ်ပေးကြသောမနုဿဗေဒဌာနမှဆရာမကြီးများ အကူအညီဖြင့်၎င်း ကျမ်းကြီးကို ရေးသားတင်သွင်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။

## အခန်း ၁။

### (က) လူမျိုးစု၏ နောက်ခံသမိုင်း

မနုဿဗေဒပညာကား အသက်၊ လိင်နှင့်ပထဝီအနေအထား ကြောင့်အပြင်အခြား သောအကြောင်းများ ကြောင့်အမျိုးမျိုး ကွဲပြား သော လူတို့၏သဘာဝသမိုင်း စဉ်ကို လေ့လာ သော ပညာရပ်ဖြစ်သည်။ လူသား မျိုး နွယ်များ သည်စင်စစ်အားဖြင့်လူတည်း ဟူ သောတမျိုး တည်း သောကိုယ်ခန္ဓာရှိသည့် အမျိုး အစား မှသမိုင်း ၏ စေ့ဆော်ဖန်တီး ချက်အရ ပထဝီသဘာဝလိုက်ကွဲပြား ခြား နား ဖြစ် ပေါ်လာရခြင်း ဖြစ်သည်။ ကမ္ဘာ့မနုဿဗေဒပညာရှင်အများ စုတလူ့လောကတွင်လူမျိုး နွယ်ကြီး ၃-မျိုး ပါဝင်ဖွဲ့စည်း နေသည်ဟု ဖော်ပြ ကြသည်။ ၄င်းတို့မှာ မွန်ဂိုလွိုက်[၁]၊ ယူရိုပွိုက်[၂]၊ နီဂရွိုက်[၃] တို့ဖြစ်သည်။ ကျွန်ုပ်တို့မြန်မာတိုင်း ရင်း သား တနွယ်လုံး သည်မွန်ဂိုလွိုက်အနွယ်ဝင်များ ဖြစ်ကြသည်။ မြန်မာတိုင်း ရင်း သား ထဲတွင်တိုင်း ရင်း သား လူမျိုး ပေါင်း များစွာပါဝင် နေသည်။ ထိုအထဲမှကချင်တိုင်း ရင်း သား တို့သည်မြန်မာပြည်၏ မြောက်ဖက်နှင့် မြောက်ဖက် တောင်တန်း များ တွင် နေထိုင်ကြသည်။ ကချင်တိုင်း ရင်း သား တို့ တွင်ပင်ဂျိန်ဖော့၊ လော်ဝေါ် ခေါ်မရူ၊ လာရှိတ် ခေါ်လရှီ၊ ရဝမ်၊ ဖိုင်ဝါး ခေါ်အဇီး ၊ လီဆူး ဟူသည့်တိုင်း ရင်း သား လူမျိုး များ ပါဝင်သည်။

ကချင်တိုင်း ရင်း သား အနွယ်ဝင်ထဲမှဂျိန်ဖော့လူမျိုး တို့၏ ကမ္ဘာ မြေကြီး နှင့်လူသား တို့ ပေါ် ပေါက်လာပုံအယူအဆကို အောက်ပါအတိုင်း တွေ့ ရသည်။

ဂျိန်ဖော့လူမျိုး တို့၏အဆိုအရ အဖိုမါတ်နှင့်အမမါတ်နှစ်ပါးဖြစ် သော နိန်ဂေါန်ကျနွမ်း[၄] နှင့် ဖုန်ဂွမ်ဝယ်ရှွမ်း[၅] တို့သည်သက်ရှိသတ္တဝါ အပေါင်း နှင့်သက်မဲ့အရာဝတ္ထုမှန်သမျှကို ၅-ကြိမ်တိုင်တိုင် ဖန်ဆင်း ခဲ့သည်။

---

၁။ Mongoloid

၂။ Uropoid

၃။ Negaroid

၄။ Ning Gawn Chyanun

၅။ Hpung Gum Woishun

နိန်ဂေါန်ကျနွမ်း နှင့်ဖုန်ဂွမ်ဝယ်ဆွမ်း တို့သည် ပထမဦး စွဲ မိုး ကောင်ကင်နှင့် မဟာပထဝီ မြေကြီး ကို ဖန်ဆင်း ခဲ့သည်။ ဖန်ဆင်း ခါစတွင် မဟာပထဝီ မြေပြင်ကြီး ပေါ်၌ မည်သည့်အရာဝတ္ထုပုံသဏ္ဍာန်မှ ထင်ထင်ရှားရှား မရှိချေ။ အလင်း နှင့်အမှောင် ရောယှက်၍ လတာပြင်အတိဖြစ် နေသည်။ အချို့ အပိုင်း တွင်နှင်း ခိုး မြူတိုက်ပမာလည်း ကောင်း ၊ အချို့နေရာတွင် လေပွေမီ သောမီး ခိုး တိမ်တိုက်ပမာလည်း ကောင်း ဖြစ်နေကာ ပျော့အိတုန်လှုပ် နေ သည်။ ဤသို့ ပျော့အိတုန်လှုပ် နေသောကမ္ဘာ မြေကြီး ၏ မကောင်း သောဓါတ်နှင့် မကောင်း သောရေ၊ လေအချို့ကို နိန်ဂေါင်ဝါကျနွမ်း နှင့်ဖုန်ဂွမ်ဝယ်ဆွမ်း တို့ ကစုတ်ညှစ်ယူကာစား သောက်ပစ် သောအခါကမ္ဘာ မြေကြီး သည်အနည်း ငယ်မာ ကျောလာ၏။ စား သောက်၍ မကုန် သောအညစ်အကြေး ဓါတ် ငွေ့အချို့သည်ကမ္ဘာ့ အောက် မြေမှယိုထွက်လျက်အစိုင်အခဲဖြစ် ပေါ် နေရာမှအသက်ဝင်လာကာကမ္ဘာ့ ထိန်း ဘာရင်လပူ[1] ခေါ် မြွေနဂါး ကြီး ဖြစ်လာသည်။ ထိုကမ္ဘာထိန်း မြွေနဂါး ကြီး ကကမ္ဘာ မြေကြီး ကိုပတ်၍ထိန်း ထား ရာအိပ်ယာမှထတိုင်း လူး လွန့် သဖြင့်ကမ္ဘာ မြေကြီး သိမ့်သိမ့်တုန်လှုပ်သွား သည်ကိုလူတို့က ငလျင်လှုပ်သည်ဟုဆိုကြသည်။

ကမ္ဘာ မြေကြီး သည် ဓါတ် ငွေ့အညစ်အ ကြေး များ ကုန်ခမ်း ကါ သန့်ရှင်း ပြီး တဖြေး ဖြေး မာကြောလာသည်။ နိန်ဂေါန်ကျနွမ်း နှင့်ဖုန်ဂွမ် ဝယ်ဆွမ်း တို့သည်ကျယ်ပြန့်လှ သောလတာပြင်ကမ္ဘာကြီး ပေါ်တွင် လျှောက်လည် နေ ရသည်ကို ပျင်း ရိလှသဖြင့် ဖန်း နင်ဆန်ကြယ်နင်ကျန်[2] ခေါ် နိန်ဂေါန်ကျနွမ်း နှင့်ဖုန်ဂွမ်ဝယ်ဆွမ်း တို့ကဲ့သို့ဖန်ဆင်း နိုင်စွမ်း သောတန်ခိုး ရှင်တစ်ဦး ၊ လေထု၊ ရေထု၊ အင်လုံဖုံဒေါင်[3] ခေါ် သောကြာကြယ်၊ အင်တွဲဂင်တောင်[4] ခေါ် မူဝံကြယ်၊ အစား အစာများ ၊ လမိုပီလံ[5] ခေါ် ပုံလွှား ငှက်၊ ဆွပ်ရှီမဂျန်[6] ခေါ်သစ်ပင်နှင့် ဆွပ်နန်မဂျန်[7] ခေါ် ရေနေသတ္တဝါတို့ ကို ပထမဦး ဆုံး အကြိမ်အဖြစ် ဖန်ဆင်း ခဲ့သည်။

ဒုတိယအကြိမ်တွင် ပျား မ၊ ကုန်း သတ္တဝါများ ၊ ဆား ၊ တွား သွား သတ္တဝါများ တို့ကို ဖန်း ဆင်း ခဲ့ပြန်သည်။

တတိယအကြိမ်တွင်အ ရှေ့နှင့်အ နောက်အရပ်၊ နေ့နှင့်ည၊ ဂျီဝါ လတ်နတ်ဝါခရတ်[8] ခေါ် ဂျထုံနတ်[9] ခေါ်သည့်အကြီး ဆုံး သောတော စောင့်

---

၁။ Baren Lapu

၂။ Hpan Ningsang Chye Ningchyang

၃။ N Lung Hpung Dawng

၄။ Nhtoi gintawng

၅။ Lamu pyilan

၆။ Supshi majan

၇။ Supnang majan

၈။ Ji Wa Lat nat Wa Hkrat

၉။ Jahtung nat

နတ်၊ မုတ်ဖုံထိန်နု[1] ခေါ် ဒိန်နုနတ်[2] ခေါ်သည့်အိမ်စောင့်နတ် ၊ သာနုသာပေါ့နတ်[3] ခေါ်အိုင်းအနာကြီးများ ပေါက်စေနိုင်သောမကောင်းဆိုး ဝါး နတ်၊ ဒရောင်ဝနုဒရုဝခူး[4] ခေါ် မစာနတ်[5] ခေါ်သည့်တစ်စုံတစ် ဦး အား ကိန်းသဲရာတွင်တိုင်တည်ရသော နတ်၊ နင်ဒွမ်ကနုနင်စာဝခူး[6] ခေါ်မရော်မစာနတ်[7] ခေါ်သည့် ကောင်းကင်ဘုံတွင်စံမြန်း သောမြင့်မြတ်သည့် နတ်တို့ကို ဖန်ဆင်း ခဲ့သည်။

စတုတ္ထအကြိမ်တွင် ယောကျ်ား ၇- ယောက်နှင့် မိန်းမ ၈ - ယောက်တို့ကို ဖန်ဆင်း ခဲ့ပြန်သည်။ ယောကျ်ား ၇- ယောက်တို့၏အမည်များ မှာ-

(၁) ပဒန်ရုဂမ်မော် (ဂမ်)[8]
(၂) ဂျူမရော် (နော်)[9]
(၃) ခလမဝ ရော် (လ)[10]
(၄) နင်ဒူနင်ဒါမရော်တူး (တူး)[11]
(၅) ဆင်လိုင်း တန်မရော် (တန်)[12]
(၆) ဆင်လိုင်း ယော်မရော် (ယော်)[13]
(၇) ဆင်လိုင်း ခါး မရော် (ခါး)[14] တို့ဖြစ်သည်။

---

၁။ Muk hpung htingnu
၂။ Dingnu nat
၃။ Sa nu sa pawt nat
၄။ Darawng Wa nu doru wa hku
၅။ Matsa nat
၆။ Ningdum kanu ningtsa wa hku
၇။ Maraw masta nat
၈။ Padang Ru Gam Maw (Gam)
၉။ Ju Maraw ( Naw)
၁၀။ Hkala Maraw (La)
၁၁။ Ningdu Ningda Maraw (Tu)
၁၂။ Sinlai Tang Maraw (Tang)
၁၃။ Sinlai Yaw Maraw (Yaw)
၁၄။ Sinlai Hka Maraw (Hka)

မိန်းမ ၈ ယောက်၏အမည်များ မှာ-

(၁) ကော့မရော် (ကော့)[1]
(၂) လုမရော် (လု)[2]
(၃) ရွယ်မရော် (ရွယ်)[3]
(၄) ထုမရော် (ထု)[4]
(၅) ကိုင်မရော် (ကိုင်)[5]
(၆) ခါး မရော် (ခါး)[6]
(၇) ပရိမရော် (ပရိ)[7]
(၈) ယွန်းမရော် (ယွန်း)[8] တို့ဖြစ်သည်။

ပဌမအကြိမ်တွင်-

(၁) ဂျာမိုင်လော်န်[9] ခေါ် မေ့မျောနေသော မွေး စက လေး ကို လေမှုတ်သွင်း တည့်ကရိယာ (၂) ရှဒေါန်ဝယ်ရောန်(န်)[10] ခေါ်အတိုင်းအကါ (၃) မယော်ဆွမ်ဒူ[11] ခေါ် ပစ္စည်း ကရိယာမျိုး စုံ (၄) ရှနူနိန်ယန်း ရှဝါနန်[12] ခေါ်အဖိုနတ်နှင့်အမနတ်နှစ်ပါး (၅) လမုံနတ်[13] ခေါ် လေနတ် (၆) နင်ဂေါန်ဝါမဂမ်[14] ခေါ်လူတပိုင်း နတ်တပိုင်း ပုဂ္ဂိုလ် (၇) ရှဝါဖုံကွမ်မောန်[15] ခေါ်လူပုဂ္ဂိုလ်တို့ကို ဖန်ဆင်း ခဲ့လေသည်။

နန်ဂေါန်ကျနွမ်း နှင့်ဖုန်ရွမ်ဝယ်ဆွမ်း တို့ပထမအကြိမ်တွင် ဖန်ဆင်း ခဲ့သောဖန်း နင်ဆန်ကြယ်နင်ကျန်သည်ကျန်ရှိနေ သေး သည့်ဖန် ဆင်း စရာအ သေး စိတ်တို့ကိုဆက်လက် ဖန်ဆင်း သူဖြစ်သည်။ နိန်ဂေါန်ကျနွမ်း နှင့်ဖုန်ရွမ်ဝယ်ဆွမ်း တို့ လောက်တန်ခိုး မကြီး သော်လည်း အပ်နှင်း ထား သောအာဏါ

---

၁။ Kaw Maraw (Kaw)
၂။ Lu Maraw (Lu)
၃။ Roi Maraw (Roi)
၄။ Htu Maraw (Htu)
၅။ Hkai Maraw (Hkai
၆။ Hka Maraw (Hka)
၇။ Pri Maraw (Pri)
၈။ Yung Maraw (Yung)
၉။ Ja Mai Lawn
၁၀။ Shadawn Woi Rawn
၁၁။ Mayaw sumdu
၁၂။ Shanu neng yan shawa nang
၁၃။ Lamum nat
၁၄။ N Gawn Wa Magam
၁၅။ Shawa Hpung Kum Maw

အလျောက်ဖန်ဆင်း နိုင်ပေသည်။ ပဌမအကြိမ်ဖန်ဆင်း ခဲ့သည့်အရာများ အနက် နင်ဂေါင်ဝါမဂမ်ဟူသည့်လူတပိုင်း နတ်တပိုင်း ပုဂ္ဂိုလ်သည်လူသား တို့၏ ဖခင်ကြီး အဖြစ်ဂျိန်ဖေါ့တို့ခံယူထား သူဖြစ်သည်။ ၎င်းပါဖုံကွမ်မော်ဆိုသူမှာဂျိန်ဖေါ့လူမျိုးများ ကိုကျင်လူး မကြွယ် ဒေသသို့ ခေါ်ဆောင်လာခဲ့သူဟုဆိုသည်။

(က) (၁) ဂျိန်ဖေါ့လူမျိုး တို့စတင်ဖြစ် ပေါ်လာပုံ

နိန် ဂေါန်ကျနွမ်း နှင့်ဖုန်ဂွမ်ဝယ်ဆွမ်း တို့သည်ကမ္ဘာ မြေ ကြီး နတ်များ ၊ တိရစ္ဆာန်များ နှင့်လူတပိုင်း နတ်တပိုင်း ဖြစ်သော နင် ဂေါန်ဝါ မဂမ်ဆိုသူအား ဖန်ဆင်း ခဲ့သည်။ နင် ဂေါန်ဝါမဂမ်သည်လူသား တို့၏ ဖခင်ကြီး ဖြစ်သည်ဟုကချင်လူမျိုး တို့က မှတ်ယူထား ကြသည်။

လူသား တို့၏ ဖခင်ကြီး ဖြစ် သော နင် ဂေါန်ဝါမဂမ်သည်ကမ္ဘာ ပေါ်တွင်နိန် ဂေါန်ကျနွမ်း နှင့်ဖုန်ဂွမ်ဝယ်ဆွမ်း နှင့်၎င်း တို့ဖန်ဆင်း ထား သော ဖန်နင်ဆန်ကြွယ်နင်ကျန်တို့ဖန်ဆင်း ၍မပြီး သေး သောလုပ်ငန်း များ ကို ဆက်လက်ဖန်ဆင်း လေသည်။ ထိုသို့လိုအပ်ချက်များ ကိုဖန်ဆင်း ၍ပြီး စီး သည့်အခါဂအန်မဂွယ်ရှိန်ရာဘုမ်[1] ခေါ်ကမ္ဘာ မြေကြီး၏အလယ်ဗဟိုရှိအမြင့်ဆုံး တောင် ထိပ်တွင် ရွှေနန်း တော်ကြီး ဆောက်လုပ်၍ နေထိုင် လေသည်။ ကမ္ဘာ ပေါ် ရှိသတ္တဝါ အပေါင်း တို့အ ပေါ်ကြီး စွာ သော ဂရုဏာ တော်ထား ကာ စောင့် ရှောက်ပြီး ပုံ သန်း တတ် သော တိရစ္ဆာန်များ ကိုဆက်သား အဖြစ်အသုံး ပြုခဲ့သည်။

တ နေ့တွင် နင် ဂေါန်ဝါမဂမ်သည် မေခ နှင့်မလိခမြစ်ဆုံ အထက်နား တွင်လူး လာ ခေါက်ပြန်သွား လာ နေစဉ်မလိခမြစ်တ နေရာတွင်အရောင် တလက်လက်ဖြင့် တောက်ပ နေ သော နဂါး မ နွမ်ရော်မာဂျာကိုင်[2] ကို တွေ့ လေသည်။ လူတပိုင်း နတ်တပိုင်း နင် ဂေါန်ဝါမဂမ်က နဂါး မကိုကုန်း ပေါ်သို့တက်လာ ရန် ပြောသည်။ နဂါး မက မိမိသည် မြွေ နဂါး မျိုး ဖြစ်သဖြင့် ရေထဲမှကုန်း သို့တက်မ လာ နိုင်၊ နင် ဂေါန်ဝါမဂမ်ကိုသာ ရေထဲသို့ဆင်း လာ ရန် ပြော လေသည်။ နင်ဂေါန် ဝါမဂမ်ကလည်း မိမိ ရေထဲမဆင်း နိုင် ကြောင်း ပြောသည်။ နောက်ဆုံး နဂါး မ က မိမိအား လှေကား ချပေး ပါကကုန်း ပေါ်သို့တက်လာ နိုင်မည်ဖြစ် ကြောင်း ပြောသဖြင့် လှေကား ပြုလုပ်၍ ချပေး လေသည်။ နဂါး မသည် ရေထဲမှကုန်း ပေါ် သို့တက်လာ သော အခါလူပကတိဖြစ်သွား လေ တော့သည်။

နင် ဂေါန်ဝါမဂမ်သည် နှစ်ကာလကြာ တကိုယ်တည်း စံ နေရသည်ကို ပျင်း ရိလှသည် ကြောင့်လည်း ကောင်း ၊ နဂါး မအား နှစ်သက်မြတ်နိုး လှ သည် ကြောင့်လည်း ကောင်း လက်ထပ် ပေါင်း သင်း ရန်မိမိနန်း တော်သို့ ခေါ် ဆောင် သွား လေသည်။ နင် ဂေါန်ဝါမဂမ် နှင့်နဂါး မ နွမ် ရော်မာ ဂျာကိုင်တို့လက် ထပ် ထိမ်း မြား ပြီး နောက်ပိုင်း တွင်လူမျိုး ၁၀-ဆက် ပေါက်ဖွား လာ ခဲ့သည်။

---

၁။ Ke-ang majoi shingra bum

၂။ Numraw ma ja kai

၎င်း တို့မှာ—

(၁) <u>မုံကန်ဆွမ်ပေါ</u> [၁] (၂) <u>ရှိန်နင်လဂေါ</u> [၂] (၃) <u>မဂေါ်ကျိန်ထိ</u> [၃]
(၄) <u>မဂေါ်ရှပြီ</u> [၄] (၅) <u>မဂေါ်ဝဘော်ကဘာ</u> [၅] (၆) <u>ရှင်ဂရာဝါကွမ်ဂျာ</u> [၆]
(၇) <u>ကအန်ဝါရှင်ဂရာ</u> [၇] (၈) <u>မရှန်ဝါလပြတ်</u> [၈] (၉) <u>ကဒိန်နုနင်အောန်</u> [၉]
(၁၀) <u>ကင်ဆိုင်း ရှဘန်</u> [၁၀] တို့ဖြစ်သည်။

အထက်ပါ ဆွေမျိုး ၁၀–ဆက်အနက် ဆွေမျိုး ဆက်တစ်ဆက်တစ်ဆက်တွင်သား သမီး အများ အပြား မွေး ဖွား ခဲ့သော်လည်း ဆွေမျိုး ဆက်တဆက်တွင်သား အကြီး ဆုံး ဖြစ်သူကိုသာ မှတ်သား ဖော်ပြထား သည်။ ဇနီး များ သည် နတ်သမီး များ ဖြစ်၍အမည် မသိရဟု ဂျိန်ဖော့တို့၏ နှုတ် ပြောသမိုင်း တွင် ဖော်ပြသည်။

လူတစ်ပိုင်း နတ်တစ်ပိုင်း နင်ဂေါန်ဝါမဂမ်နှင့်နဂါး မနှမ်ရော်မာဂျာကိုင်တို့မှ မွေး ဖွား သောသား မုံကန်ဆွမ်ပေါသည် နတ်သမီး နှင့်အိမ်ထောင်ပြု၍သား ရှိန်နင်လဂေါအား ၎င်း၊ တဖန်ရှိန်နင်လဂေါက နတ်သမီး နှင့်အိမ်ထောင်ပြု၍သား မဂေါ်ကျိန်ထိ အား လည်း ကောင်း၊ တဖန် မဂေါ်ကျိန်ထိကလည်း နတ်သမီး နှင့်အိမ်ထောင်ပြုကာသား မဂေါ်ရှပြီအား လည်း ကောင်း အဆင့်ကင်ဆိုင်း ရှဘရန် မွေး ဖွား သည်အထိနတ်သမီး များ နှင့် ပင် အိမ်ထောင်ပြုခဲ့ကြသည်။

နင်ဂေါန်ဝါမဂမ်မှ ပေါက်ဖွား လာသည့် ဆွေမျိုး ၁၀–ဆက်မြောက် သောကင်ဆိုင်း ရှဘန်လက်ထက်တွင်လူတို့သည်တစတစအကျင့်စာရိတ္တ ပျက်ပြား လာကြ၏။ မကောင်း မှုဒုစရိုက်များ ကိုကျူး လွန်လာကြသည်ဖြစ်ရာတန်ခိုး အဆင့်မှာ နတ်မိန်း မနှင့်မနှိုင်း ယှဉ်နိုင် လောက် အောင်ကျဆင်း လာတော့သည်။ သို့ဖြစ်၍ နတ်သမီး များ နှင့်လက်မထပ်နိုင် တော့ပေ။ လူသား အမျိုး သမီး များနှင့်

---

၁။ Mungkan Sumpaw
၂။ Shingnan Lagaw
၃။ Magaw chyinghti
၄။ Magaw Shapyi
၅။ Magaw Wabaw Kaba
၆။ Shingra wa Kumja
၇။ Ka-ang wa shingra
၈။ Mashang Wa Labrat
၉။ Kadingnu Ning Awn
၁၀။ Kin Sai Shabrang

သာလက်ထဝ် ပေါင်း သင်း ခြင်း ပြုကြရ တော့သည်။

ကင်ဆိုင်း ရှာဘရန်သည်လူသား မျိုး နွယ်ဖြစ်သော <u>ဖုံ ဒင်ကိုင်နန်</u>[၁] ဆိုသူအမျိုး သမီး တစ်ဦး နှင့်အိမ် ထောင်ပြုသည်။ ၎င်း တို့မှသား – ၃ ယောက် မွေး ဖွား သည်။ သား အကြီး မှာ <u>ရှန်တွယ်ဂမ်</u>[၂] ဟု ခေါ်သည့်အ သား ညိုသူဖြစ်သည်။ သား အလတ် မှာ <u>ရှန်ကျန်နော်</u>[၃] ဟု ခေါ်သည့်အသား မဲသူဖြစ်ပြီး သား အငယ်ဆုံး မှာ <u>ရှန်ခရိုင်လ</u>[၄] ဟု ခေါ်သည့်အသား နီသူဖြစ် လေသည်။ ထို ညီအစ်ကို ၃ – ယောက်တို့သည် ကော့ ကား ရှဝ် (စ်) တောင်တန်း တွင်ကာလအတန် ကြာနေထိုင်ကြပြီး နောက်အစ်ကိုကြီး ဖြစ်သူ ရှန်တွယ်ဂမ်သည် ပါမီရကုန်း မြင့် ဒေသသို့လည်း ကောင်း ၊ သား အလတ် ရှန်ကျန် နော်သည် တောင်အာဖရိကတိုက် သို့လည်း ကောင်း ၊ အငယ်ဆုံး သား ရှန်ခရိုင်လသည် ဥရောပတိုက်သို့လည်း ကောင်း အသီး သီး ပြောင်း ရွှေ့ နေထိုင် ခဲ့ကြသည်။ ထိုသို့ဖြင့်သား ကြီး ရှန်တွယ်ဂမ်မှအာရှတိုက်သား များ ဆင်း သက်လာကြကာ အာရှတိုက်သား တို့၏ ဖခင်ဖြစ်သည်ဟူ၍ ၎င်း သား လတ် ရှန်ကျန် နော်သည်အာဖရိကတိုက်သား တို့၏ ဖခင်ဖြစ်သည်ဟူ၍ လည်း ကောင်း ၊ သား ငယ်ရှန်ခရိုင်လသည် ဥရောပတိုက်သား တို့၏ ဖခင်ဖြစ်သည်ဟူ၍ လည်းကောင်း ဂျိန် ဖေ့ာတို့က မှတ်ယူထား ကြသည်။

အာရှတိုက်သား တို့၏ ဖခင်ဖြစ်သည့်ဆို သောသား ကြီး ရှန်တွယ်ဂမ်သည် ကော့ ကား ရှဝ် (စ်) တောင်တန်း မှအရှေ့ယပြည် ပါမီရကုန်း မြင့်သို့ ရောက်ရှိလာပြီး သား ၆ – ယောက်ကို မွေး ဖွား ခဲ့သည်။ ၎င်း တို့မှာ (၁) <u>မုံဖန်ဂမ်</u>[၅] (၂) <u>မုံခင်နော်</u>[၆] (၃) <u>ဒဘမ်လ</u>[၇] (၄) <u>မုံလွန်တူး</u>[၈] ၊ (၅) <u>ဂျပန်တန်</u>[၉] (၆) <u>ဆွမ်ပေါင်ယော်</u>[၁၀] တို့ဖြစ်သည်။

သား ၆ – ယောက်အနက် မုံဖန်ဂမ်မှတရုတ်ဖြူလူမျိုး များ ၊ မုံခင်နော်မှတရုတ်နီလူမျိုး များ ၊ ဒဘမ်လမှရှမ်း လူမျိုး များ ၊ ဗမာ ကရင် ကယား နှင့်ရခိုင်လူမျိုး များ ၊ မုံလွန်တူး မှအာသံ (ကသည်း ) လူမျိုး များ ၊ ဂျပန်တန်မှဂျပန်လူမျိုး များ ၊ ဆွမ်ပေါင်ယော်မှကချင်လူမျိုး များ ဆင်း သက်

---

၁။ **Hpung Din Kai Nan**

၂။ **Shan** Htoi Gam

၃။ **Shan** Chyang Naw

၄။ **Shan** Hkeng La

၅။ Mung Hpan Gam

၆။ Mung Hkin Naw

၇။ **Dabam La**

၈။ Mung Lun Tu

၉။ **Japan Tang**

၁၀။ Sumpaw Yaw

ပေါက်ဖွား လာကြသည်ဟုဆို၏။ မုံဖန်ဂမ် (တရုတ်ဖြူ) သည်ထိုင်ဝမ်ကျွန်း သို့လည်း ကောင်း ၊ မုံခင်နော် (တရုတ်နီ) သည်တရုတ်ပြည်မကြီး ထဲသို့လည်း ကောင်း ၊ ဒဘစ်လ (ရှမ်း နှင့်မြန်မာတိုင်း ရင်း သား များ ) သည် ရှမ်း ကုန်း ပြင် မြင့်နှင့် မြန်မာပြည်ထဲသို့လည်း ကောင်း ၊ မုံလွန်တူး (ကသည်း ) သည်အာသံပြည် သို့ လည်းကောင်း ၊ ဂျပန်တန် (ဂျပန်) သည်ဂျပန်ကျွန်း သို့လည်း ကောင်း ၊ ဆွမ်ပေါင်ယော် (ကချင်)သည် <u>မရှယ်ရှင်ဂျာဘွမ်ကဂျီ</u>[1] ခေါ်တီမဝနှာ တောင် သို့လည်း ကောင်း အသီး သီး ထွက်ခွာလာခဲ့ကြသည်ဆို၏။ ကချင်လူမျိုး တို့သည် ပါမီရ ကုန်းပြင် မြင့်ကို <u>မရှယ်ရှင်ဂျာဘွမ်ကဘာ</u>[2] ဟူ၍လည်း ကောင်း ၊ ဟီမ-ဝနှာ တောင်ကိုမရှယ်ရှင်ဂျာဘွမ်ကဂျီဟူ၍လည်း ကောင်း ခေါ်ဝေါ်ကြသည်။

မရှယ်ရှင်ဂျာဘွမ်ကဂျီ ခေါ်ဖီမဝနှာသို့ထွက်လာခဲ့သော ဆွမ်ပေါင်ယော်သည်ကချင်လူမျိုး တို့၏ ဖခင်ကြီး ဖြစ်ပြီး ၄င်း တွင်လည်း သား ၆-ယောက်ဖွား မြင်သည်။ ၄င်း တို့မှာ (၁) <u>ခန်း ဂမ်</u>[3] (၂) <u>လဝမ်နော်</u>[4] ၊ (၃) <u>နုံလ</u>[5] ၊ (၄) <u>လမွန်တူး</u>[6] (၅) <u>မရွတန်</u>[7] (၆) <u>တီန်လီယော်</u>[8] တို့ဖြစ်သည်။

၄င်း သား ၆-ယောက်အနက်ခန်း ဂမ်မှချင်း လူမျိုး များ ၊ လဝမ်နော်မှရဝမ်လူမျိုး များ ၊ နုံလမှနုံလူမျိုး များ ၊ လမွန်တူး မှ လမွမ်နံ လူမျိုး များ ၊ မရွတန်မှမရူခေါ် လော်ဝေါ်လူမျိုး များ ၊ တီန် လီ ယော်မှဂျိန်ဖေါ့လူမျိုး များ အသီး သီး ဆင်း သက် ပေါက်ဖွား လာခဲ့ကြသည်ဆို၏။

ဂျိန်ဖေါ့လူမျိုး တို့၏ ပထမဆုံး လူဖြစ် သော တီန်လီ ယော် သည် မိမိ၏အမည်အား <u>မရစ်ဝါရွမ်ဂျာ</u>[9] ဟု ပြောင်း လဲ ခေါ်ဝေါ် ပြီး နောက် <u>မဒိုင်မဂျာငါ</u>[10] ဆိုသည့်အမျိုး သမီး တစ်ဦး နှင့်လက်ထပ် ထိမ်း မြား ခဲ့လေသည်။ ၄င်း တို့မှသား ၅-ယောက် မွေး ဖွား ခဲ့သည်။ ၄င်း တို့ မှာ (၁) <u>မရစ်ဝါကွမ်ဂျာဂမ်</u>[11] ၊ (၂) <u>လထော်နော်လော်န်</u>[12] (၃) <u>မဂေါင်လ</u>[13] (၄) <u>အင်ခွန်တူး</u>[14] (၅) <u>ယော်ပန်တန်</u>[15] တို့ဖြစ်သည်။

---

၁။ Majoi Shingra bum kaji

၂။ Majoi shingra bum kaba

၃။ Hkang Gam

၄။ Lawang Naw

၅။ Nung La

၆။ Lamum Tu

၇။ Maru Tang

၈။ Ting Li Yaw

၉။ Marip Wa Rum Ja

၁၀။ Madai Ma Ja Nga

၁၁။ Marip wa kum ja Gam

၁၂။ La Htaw Naw Lawn

၁၃။ Magawng La

၁၄။ N hkum Tu

၁၅။ Yaw Pan Tang




(ဂျိန်ဖော့တိုင်ယူသချက်)

၎င်းသား ၅– ယောက်အနက် မရစ်ဝါကွမ်ဂျာဂမ်သည် ယခုရှိနေသော မရစ်အမျိုးတို့၏ ဖခင်၊ လထော်နော်လောန်သည် ယခု လထော်အမျိုးတို့၏ ဖခင်၊ မဂေါင်လသည် ယခု မဂေါင်အမျိုးတို့၏ ဖခင်၊ အင်ခွန်တူးသည် ယခုရှိနေသော အင်ခွန်အမျိုးတို့၏ ဖခင်၊ ယော်ပန်တန်သည် ယခု ရှိနေသော မရန်အမျိုးတို့၏ ဖခင်အသီးသီး ဖြစ်ခဲ့ကြသည်။

၎င်း မရစ်ဝါကွမ်ဂျာလက်ထက်တွင် ဂျိန်ဖေါ့လူမျိုးတို့သည် မလီခူး မကျွယ်[1] ဒေသဟုခေါ်သော မေခနှင့် မေလီခတို့မြစ်ဖျားခံရာတိဗက်၊ မြန်မာနယ်စပ် ဒေသသို့စတင်ပြောင်းရွှေ့လာခဲ့ကြသည်။ အေဒီ ၁၀၀ ပတ်ဝန်းကျင်တွင်ဖြစ်သည်ဟုဆိုကြသည်။ ထိုမှတဆင့် ကျိုင်ဆူး မကျွယ်[2] ဒေသဟု ခေါ်သော ဆွမ်ပရာဘွမ်နှင့် ပုတာအိုကြား ရှိဒေသတွင်ပြန့်နှံ့နေထိုင်ကြသည် ထိုမှတဖန် ခရန်ခူး မကျွယ်[3] ဒေသဟုခေါ်သော မေခနှင့် မေလီခမြစ်နှစ်သွယ်ကြား ရှိတြိဂံ ဒေသတွင်အခြေချနေထိုင်ကြသည်။ ထိုဒေသမှတဆင့်အချို့သည် တောင်ဖက်ဧရာဝတီမြစ်ကြောင်း တလျှောက်နှင့်မြစ်ကြီးနားဖက်သို့လည်းကောင်း၊ ဟူးကောင်းချိုင့်ဝှမ်း လွင်ပြင်ဖက်သို့၎င်း၊ အချို့မှာ အနောက်ဖက်အာသံပြည်ဖက်သို့လည်းကောင်း၊ အချို့မှာ အရှေ့ဖက်တရုတ်ပြည်ဖက်သို့လည်းကောင်း၊ အချို့သည် ရှမ်းကုန်းပြင်မြင့်ဒေသဖက်သို့လည်းကောင်း ယခုထက်တိုင်ပြန့်နှံ့နေထိုင်ကြသည်။ တရုတ်ပြည်ယူနန်ဒေသတွင်ယခုတိုင်ကချင်လူမျိုးတို့ မြောက်မြားစွာရှိနေသည်။ ရေကြည်ရာမြက်နုရာရှာဖွေရင်း တောင်ဖက်သို့ထွက်ခွာလာကြသူအချို့သည်မြန်မာပြည်အလယ်ပိုင်း စစ်ကိုင်းအထိ ရောက်ရှိလာကြသည်ဆို၏။ သို့သော်မြန်မာပြည်အလယ်ပိုင်း ဒေသသည်အလွန်ပူသည်ဖြစ်၍ ၎င်းတို့မနေနိုင်သောကြောင့် နေရင်းဒေသသို့ပြန်လာခဲ့ကြသည်ဟု လည်း ဆိုကြသည်။

မြန်မာနိုင်ငံအတွင်းသို့ကချင်လူမျိုးတို့ဝင်ရောက်လာခြင်းနှင့်ပတ်သက်၍ မနုဿဗေဒပညာရှင်၊ သမိုင်းပညာရှင်၊ ဘာသာဗေဒ – ပညာရှင်နှင့်ပထဝီပညာရှင်တို့က ကချင်လူမျိုးတို့သည်မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်မလာမီအာသံ၊ တရုတ်နှင့်မြန်မာနယ်စပ်ဆုံရာအရပ်ဒေသတွင်နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြသည်ဟုဆိုသည်။ ထိုဒေသသို့မရောက်မီက အရှေ့တိဗက်နှင့်ဆက်ချွန်နယ်စပ်ရှိမွန်ဂိုကုန်းမြင့်အရပ်တွင် နေထိုင်ခဲ့ကြသည်။ ရှေးနှစ်ပေါင်းများစွာကပင်မြန်မာနိုင်ငံအတွင်းသို့ ရှေးလူမျိုးတို့ တစ်စုပြီးတစ်စုဝင်လာခဲ့ကြရာမြန်မာတို့က ပထမဦးဆုံး ဝင်ရောက်လာကြ၍ မင်းနိုင်ငံများ ယူထောင်ကြသည်။ ထို့နောက် ရှေးနာဂ ၊ လာဟူနှင့်ကရင်တို့ဆင့်ကဲဆင့်ကဲ ပင်လာခဲ့ရာတွင်ကချင်လူမျိုးတို့ကအရှေ့အနောက်အုပ်စု များ အလယ်၌ဝင်ရောက်လာသူများဖြစ်သည်။ ယင်းသို့ဝင်ရောက်ကြရာတွင်နာဂတို့ကနာဂတောင်တန်းတွင်အခြေစိုက်ရာမှအနောက်ဖိုး မက လျှောက်ပြန့်နှံ့လာခဲ့သည်။ အလည်မှလိုက်လာခဲ့သောကချင်လူမျိုးတို့ကအာသံနှင့်ယူနန်တဝိုက်တွင်ရှမ်းလူမျိုးတို့နေရာယူထားပြီး ဖြစ်သောကြောင့်နေရာမရှိ၍သံလွင်

---

၁။ Mali Hku Machyoi

၂။ Chyai Hku Machyoi

၃။ Hkaran Hku Machyoi




ပုံ ၃. ဘော့နှစ် ၁၀၀. ခန့်က ကျိန်ဖော့လူမျိုးတို့က ချင်းပြည်နယ်အတွင်း ဝင်ရောက်ပြန့်နှံ့နေထိုင်လာကြစဉ်ကမြေပုံ။




ဂျိန်မေသွလူမျိုး နှင့် ဂျိန်မေသွာနွယ်တို့လာငင်း ဆက်လာပုံဇယား

မြစ်၊ မဲခေါင်မြစ်နှင့်ဗြဟ္မပုတ္တရမြစ်ဖျား ဒေသတွင် နေထိုင်ခဲ့ကြသည်။ ယူနန်နှင့် အာသံတွင်ရှမ်းတို့အင်အားနည်းသွား သောအခါ ကချင်လူမျိုးတို့က ရွှေ့ဆက် ရွှေ့ ဆင်းခဲ့ကြသည်။ ထိုသို့အုပ်စုလိုက်မြန်မာနိုင်ငံအတွင်းသို့ဝင် ရောက်လာချိန် သည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၃၀ နှင့် ၃၅၀ ခန့်ကဖြစ်သည်ဟုဆိုသည်။

အာသံမှတဆင့်အရှေ့ဖက်သို့ ပြောင်း ရွှေ့လာသော အုပ်စုသည် မထမဦး ရွာခန္တီး ချိုင့်ရှမ်း တွင်ဝင် ရောက် နေထိုင်ခဲ့ကြသည်။ တောင်ဖက် ရွှေ့ ဆင်း လာ သောအုပ်စုက မူ ပတ်ကိုင် တောင်တန်း ကိုဖြတ်၍ဟူး ကောင်း ချိုင့်ရှမ်း သို့ ရောက်ရှိလာကာထို ဒေသရှိရှမ်း တို့နှင့် ရော နှော နေထိုင်ပြီး ခန္တီး နှင့် ဟူး ကောင်း အထိပြန့်နှံ့ခဲ့သည်။ ယင်း မှတဆင့်ကချင်တို့သည်မိုး ကောင်း နှင့်ကသာနယ် အတွင်း သို့ ရောက်ရှိလာပြီး အရှေ့ဖက်သို့ဆက်လက်ထွက်ခွာလာရာမြစ်ကြီး နား မြို့ အထက်ပိုင်း မှဖြတ် ကျော်ပြီး ဧရာဝတီနှင့်သံလွင်မြစ်အကြား ရှိ ဒေသတွင် ဝင် ရောက် နေထိုင်ခဲ့ကြသည်ဟုဆိုသည်။

၂၀–ရာစုအစောပိုင်း မှစ၍မြစ်ကြီး နား ၊ ဗန်း မော် မိုး ကောင်း ၊ မိုး ညှင်း ၊ ဝိုင်း မော်စသည့် ဒေသများ တွင်အ ခြား သော မြန်မာတိုင်း ရင်း သား တို့နှင့်အတူအ ခြေစိုက် နေထိုင်လာကြသည်။

ရှေး ခေတ် တောင် ပေါ် ဒေသ နေတိုင်း ရင်း သား တို့သည် တောင်ယာလုပ်ငန်း ကိုအ ခြေခံ၍အသက် မွေး ဝမ်း ကျောင်း သည့်ဖြစ်၍ မိမိ တို့ အနီး အနား တစိုက်တွင် တောင်ယာ စိုက်ပျိုး ရန် မြေကွက်ကုန်သွား ပါက ရွာ လိုက် သော်၎င်း ၊ ဆွေမျိုး အသိုင်း အဝိုင်း လိုက် သော်လည်း ကောင်း ၊ တ တောင် မှတ တောင်သို့ ပြောင်း ရွှေ့ကြသည်။ တောင်ယာတစ်နှစ်စိုက်ပျိုး ပြီး ပါက မြေ သီး မြေနှစ်ကုန်ခမ်း သွား ပြီး ၁၀–၁၅ နှစ်ခန့်ကြာမှသာတဖန်ပြန်လည်စိုက်ပျိုး ၍ ဖြစ်ထွန်း သည်။ ထို့ကြောင့် ၄–၅–၁၀ နှစ်ကွင်တကြိမ် ပြောင်း ရွှေ့တတ်သည်။ ဂျိန် ဖောတို့သည်ရွာကစ်ရွာဟုဆို သော်ငြား လည်း အချို့ ၄–၅အိမ်ခန့်သာရှိပြီး အလွန်ဆုံး အိမ် ခြေ ၂၀–၂၅ မျှသာရှိသည်။ တဖန်ဗြိတိသျှတို့မြန်မာနိုင်ငံကိုမသိမ်းပိုက်မီကာလက ဂျိန် ဖောတိုင်း ရင်း သား နှင့်အခြား ကချင်အနွယ်ဝင်တိုင်း ရင်း သား အချင်း ချင်း သော်လည်း ကောင်း ၊ အနွယ်ချင်း သော်လည်း ကောင်း ၊ ကျေး ရွာလိုက် သော်လည်း ကောင်း မကြာခဏစစ်ပွဲများ ဖြစ်ပွား သော ကြောင့်လည်း ကျေး ရွာ များ ပြောင်း ရွှေ့ကြရသည်။ တဖန်ဗြိတိသျှတို့၏အုပ်စိုး မှုအောက်ကိုရောက် ရှိလာ သောအခါဗြိတိသျှတို့ကအခွန် ကောက်ခံခြင်း ၊ ကျေး ရွာသား တို့ကိုဆင့်ဆို ၍ လမ်း ၊ ဟံတား ဖောက်လုပ်ခြင်း ၊ ကျေး ရွာဒူဝါများ ကိုခန့်စာများ ပေး ၍ကို လိုနီစနစ်အုပ်ချုပ် ရေး ဘောင်အတွင်း သို့သွတ်သွင်း ခြင်း စသည့်ချုပ်ချယ်မှု များ ကိုမလိုလား သော ကြောင့်ဗြိတိသျှအုပ်ချုပ်မှုနှင့်ကင်း လွတ်ရာ ဒေသများ သို့ ရွှေ့ ပြောင်း ကြသည်။ ကင်း လွတ်ရာ ဒေသတို့တွင်လည်း နယ်စပ်မြေဂိုဏ်း တို့ကနှိပ်စက် ဖျက်စီး ကြသဖြင့်တစ် နေရာမှတစ် နေရာသို့ ပြောင်း ရွှေ့ရပြန်သည်။ ဤသို့ ဖြင့် ရှေး ခေတ်ဂျိန် ဖော ကျေး ရွာများ တွင်မြို့ကြီး ပြကြီး များ မထွန်း ကား ပဲ ကျေး ရွာငယ်ကလေး များ သာရှိ နေခြင်း ဖြစ်သည်။

ယခု ခေတ်တွင် မြေပြန့် ဒေသများ ၌လယ်ယာစိုက်ပျိုး ရေး အတွက် မြေယာ ပေါများ ခြင်း ၊ ရာသီဥတုသင့် လျော်၍ မိုး ရေရရှိခြင်း တို့ ကြောင့် တ နေရာတည်း တွင်အ ခြေစိုက် နေထိုင်လာ နိုင်ကြသည်။ ဂျိန် ဖောတို့သည်မြို့ လည်

များ တွင်အခြား မြန်မာတိုင်း ရင်း သား တို့နှင့်အတူ ရော နှော နေထိုင်ပြီး မြို့ဆင် ခြေဖုံး ကျေး ရွာများ တွင်ဂျိန် ဖေါ့ ကျေး ရွာအဖြစ်စုစည်း နေထိုင်ကြသည်။ ဂျိန် ဖေါ့တို့သည် မိမိလူမျိုး ၊ မိမိဘာသာစကား ၊ မိမိတို့၏ ရိုး ရာယဉ် ကျေး မှုဓလေ့ထုံး စံများ ကိုမြတ် နိုး တန်ဘိုး ထား ကြ သော်လည်း ပတ်ဝန်း ကျင်မှဘာသာစကား ဓ လေ့စရိုက်တို့ကိုလည်း လွယ်လင့်တကူလက်ခံသုံး နှုန်း ကြသည်။ ထို့ ကြောင့်ပင် ဂျိန် ဖေါ့တမျိုး တည်း ပင်ဖြစ် သော်ငြား လည်း ဒေသကိုလိုက်၍ စကား အသုံး အနှုန်း နှင့်ဝတ်စား ဆင်ယင်ပုံကွဲပြား ကြခြင်း ဖြစ်သည်။

## (က) (၂) အင်ဂျန်ဒုံ ကျေး ရွာ၏သမိုင်း ကြောင်း

ဂျိန် ဖေါ့တို့သည်ကျိုင်ခူး မကြွယ် ဒေသသို့ ရောက်လာ သောအခါ မရစ်၊ လထော်၊ လဖိုင်၊ အင်ခွန်၊ မရန်တူသည်အနွယ်လိုက် ခွဲမျိုး ဆော်စဝ်ပုံသည် ကွဲပြား လာခဲ့သည်။ အနွယ်အသီး သီး ၏အကြီး အကဲများ သည် နယ် မြေ ဒေသများ ခွဲဝေအုပ်ချုပ်လာကြသည်။ ရှေး ခေတ်မှ ၁၉၆၂–မတိုင်မီအထိမြစ်ကြီး နား မြို့အောက်ပိုင်း အကျဲ ကျေး ရွာ နား မှ မြောက်ဖက်ဖုံအင် ကျေး ရွာအထိ (မြစ်ကြီး နား မြို့ မှ မိုင် ၄၀–ခန့်အထိ) ကိုဒူဝါခေါ်အကြီး အကဲ စော်ဘွား တစ်ဦး ကအုပ်ချုပ်သည် ။ ၎င်း နယ် မြေကြီး တစ်ခုလုံး သည်လထော်မျိုး နွယ်ပိုင် နယ် မြေဖြစ်ပြီး လက်ရှိ အင်ဂျန်ဒုံ ကျေး ရွာသည် ၎င်း နယ် မြေတွင်ပါဝင်သည်။

ကျေး ရွာကိုအင်ဂျန်ဒုံဟူ၍ ခေါ် ဝေါ်ကြခြင်း နှင့်ပတ်သက်၍ အင်ဂျန်ဒုံ ကျေး ရွာ နေသက်ကြီး ရွယ်အို ဂျိန် ဖေါ့တို့၏ ပြောပြချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။ ရှေး ယခင်ကလူတို့သည် နတ်သမီး များ နှင့်သာလက်ဆက်ထိမ်း မြား ကြသည်ဟုဆိုခဲ့သည့်အတိုင်း နတ်တို့ထဲတွင်အ ဖွေး ဆုံး နတ်ဖြစ် သော မထုံမထာ နတ်၏သမီး ကြီး မထုံ ကော့ဂျာ နှင့်လူပြည်မှလူသား တို့ထိမ်း မြား ကြသည်။ နတ်တို့သည်သမီး အတွက် ရှရှန်း ရှကော င်[၁] ဟု ခေါ် သော စွေ့အဖြစ် နောက်လွယ်ခြင်း တောင်း ထဲတွင်စပါး မျိုး ၊ ပဲမျိုး ၊ ဝိန်း ဥ၊ မြောက်ဥမျိုး များ ၊ စား အိုး စား ခွက် များ ၊ ဗိုခ နောက်ပိုးကိုထည့်၍လည်း ကောင်း ၊ မခုတ်ခါး ၊ မထိုး ၄ံ့တို့ကိုလည်း ကောင်း ပေး လိုက်သည်။ ထိုအချိန်မှစ၍လူပြည်တွင်စပါး စိုက်ပျိုး လာတတ်ကြသည်။

၎င်း နောက်နှစ် ပေါင်း များ စွာကြာလာပြီး တချိန်၌တောင်ပေါ် ဒေသတ နေရာတွင်ညီအမနှစ် ယောက် တောင်ယာခုတ်ထွင်စား သောက် နေထိုင်ကြသည်။ အမကြီး သည်လမင်း ဟင်း ချက်ပြုတ်သ၍တာဝန်ကိုယူပြီး ညီမငယ် သည် စပါး စောင်း ၊ အန်ဖွဝ်သည့်အလုပ်ကိုလုပ်ကိုင် သည်။ ညီမငယ်သည် စပါး စောင်း ရင်း အိမ် အောင်ခွဲထွက်ရန်ရည်ရွယ်ချက်ဖြင့်စပါး များ ကိုဖွက်ထား လေသည်။ မကြာပီစပါး လျော့ နေသည်ကိုသိ သောအမကြီး နှင့်ညီမငယ်တို့အငြင်း အခုံဖြစ်ကြ တော့သည်။ အမကြီး ကညီမငယ်အား စပါး ခိုး သား ကြောင်း စွပ်စွဲပြီး ညီမငယ်ကမခိုး ကြောင်း ငြင်း ဆိုသည်။ အဆုံး တွင် ကျေး ရွာလူကြီး များ ရှေ့မှောက် ရောက်ရှိကြ ပြီး ကျိန်ဆိုကြ လေသည်။ အမကြီး က `ညီမငယ်ထိုး တား ၍ လျော့သည်ဖြစ်ပါက မိုး သည်း ဘန်းရွာရွာပါစေသား `ဟုကျိန်သကဲ့သို့ညီမငယ်ကလည်း `မိမိခိုး ယူထား မိ

---

၁။ sharung shakaw

ပါကမိုး သည်း ထန်စွာရွာပါစေသား `ဟုကျိန် လေသည်။ မကြာမီမိုး သည်ထန်စွာ ရွာလာပြီး ညီမငယ်ဖွက်ထားသော စပါး များ သည်မိုး ရေနှင့်အတူ တောင်ကြို တောင်ကြား ၊ ချောင်း ကြိုချောင်း ကြား အတိုင်း မျောပါပြီး ဧရာဝတီ မြစ် အတိုင်း မျော လေသည်။ ရွာလူကြီး တို့ကလည်း အဆင့်ဆင့် မေး မြန်း ပြီး မှိနိုး နိုး ဖြင့်လိုက်ကြသည်။ စပါး များ သည်ဧရာဝတီမြစ်မှတဆင့်သစ်တုံး ကြီး ငယ်၊ အမှိုက် ဒိုက်တို့ဖြင့်ပြည့် နေ သော ဧရာဝတီမြစ်ကျိုး အင်း ထဲသို့ ရောက်ရှိသွား သည်။ ( ယနေ့ထက်တိုင်မိုး ရာသီတွင်မြစ် ရေလျှံ သောအခါဧရာဝတီနှင့်မြစ်ကျိုး အင်းကော် အည်ဆက်သွား သည်။ ) အဆင့်ဆင့် မေး မြန်း ၍လိုက်လာကြ သော ရွာသား တို့ သည် ခရီး မိုင်ရှည်လျား သည့်အ လျှောက်အချိန်ကြာသည်ဖြစ်ရာမြစ်ကျိုး အင်း တော ဒိုက် မိုကြား တွင်စပါး ပင်များ ပေါက် နေ သောအခါမှ မှီလာကြသည်။ လိုက်လာကြသူတို့က ငင်း နေရာကို <u>ဇွပ်ဖော့ဝါအင်ဂျန်း ပါ</u>[၁] ဟု ခေါ်ကြသည်။ အမှိုက်သရိုက် ဒိုက် များ စုပုံနေ သောကွင်း ဟုအဓိပ္ပါယ်ရသည်။ ယခုအချိန်တွင်အင်ဂျန်း ပါဟုသာခေါ် ကြသည်။

ဇွပ်ဖော့ဝါ = စုပုံနေသော
အင်ဂျန်း = အမှိုက်သရိုက်ဒိုက်
ပါ = ကွင်း

ဂျိန်ဖော့တို့သည် တောင်ယာ မြေပြုသွား လျှင် သော်လည်းကောင်း မင်္ဂလာပွဲ၊ မနောပွဲများ ပြုလုပ်လျှင် သော်လည်း ကောင်း အင်ဂျန်း ပါတွင်စပါ း စိုက်ပြာကိုလာ၍ ခေါ်ကြသည်။ ထို ခေတ်ထိုအခါက မျောလာခဲ့ သော စပါး များ သည် အင်ဂျန်း ပါထဲတွင်ယ နေ့ထက်တိုင်လယ်စိုက်ထား သော စပါး ပင်များ ကြား မှနှ စ် စဉ် ပေါက်လာကြ စမြဲဖြစ်သည်။ အလုံး အဆန် သေး ငယ်သည့်စပါး ရိုင်း များ ဖြစ်သည်။ ထိုအင်ဂျန်း ပါ အား တွင်တည်ထား သော ရွာဖြစ် သော ကြောင့်အင်ဂျန်ဒုံရွာ ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ ဒုံဆိုသည် မှာကွင်း ဟု ပင်အဓိပါယ်ရသည်။

အင်ဂျန်ဒုံ ကျေး ရွာသည် ၁၉၄၇ခုနှစ်မတိုင်မီကမြစ်ကြီး နား မြို့ရှိကုလား လူမျိုး တို့၏ကျွဲ၊ နွား ၊ ဆိတ် ကျောင်း ရာစား ကျက်ဖြစ်သည်။ ထိုအပြင် မြစ်ကြီး နား သား တို့အမဲလိုက်ရာ တောလည်း ဖြစ်သည်။ ၁၉၄၇-ခုနှစ်မတ် လ တွင်ဦး ဘိစမ်တူး (၁၉၈၈-ကွယ်လွန်) နှင့်ဦး ချယ်ခန်း တန် (၁၉၇၄- တွင် ပြောင်း ရွှေ့)တို့ကအင်ဂျန်း ပါတွင်စပါး ကိုစူး ထိုး စိုက်ပျိုး ကြရင်း စတင် နေ ထိုင်ကြသည်။ ၎င်း နောက်၁၉၅၄-ခုနှစ်တွင်၎င်း တို့၏အိမ် ထောင်စုနှစ်စုအပါ အဝင် ထောင်ခုနှစ်စု၊ ၇-အိမ်ဖြင့်ရွာကိုစတင်တည် ထောင်ခဲ့သည်။ ရွာမတည်မီ အင်း နေရာကိုရာသာပူဟု ခေါ်သည်။ ရွာတည်ပြီး နောက်ရွာတွင် နေထိုင်သူ တို့ကအင်ဂျန်း ပါကိုအစွဲပြုကာ၁၉၅၅-တွင်အင်ဂျန်ဒုံဟူ၍ မှည့် ခေါ်ကြသည်။ အင် ဂျန်ဒုံ ကျေး ရွာတွင် နေထိုင်သူများ သည်အများ အား ဖြင့်ကြိုဂံ ဒေသနှင့်ချီဖွေ၊ လော ခေါင်ဘက်မှ ပြောင်း ရွှေ့လာကြသူများ ဖြစ်ကြသည်။ လူဦး ရေ၏တစ်ဝ က် ကျော်ခန့်သည်အင်ဂျန်ဒုံရွာဇာတိများ ဖြစ်ကြသည်။ ယခုအချိန်တွင်အင်ဂျန်ဒုံရွာ သည့်အိမ် ခြေ ပေါင်း ( ၄၁၇ )အိမ်ဖြင့်စည်ကား လျက်ရှိသည်။

အင်ဂျန်ဒုံ ကျေး ရွာသည်မြစ်ကြီး နား မြို့နယ်အတွင်း ရှိ မြို့

---

၁။ Zuphpaw wa NJang Pa

ပေါ်ရပ်ကွက် ၁၇–ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၄၀) အနက်တစ်ကုန်း ကျေးရွာအုပ်စုဝင် ကျေးရွာတရွာဖြစ်သည်။ အင်ဂျန်ဒုံ ကျေးရွာသည်တစ်ကုန်း ကျေးရွာအုပ်စုဝင် ၁၂ ရွာအနက်တရွာဖြစ်သည်။

အင်ဂျန်ဒုံ ကျေးရွာသည်လူနေမှုအဆင့်အတန်း အတော်အတန်မြင့်မားသော ကျေးရွာဖြစ်သည်။ လူအလွှာ ပေါင်းစုံနှင့်လူတန်းစား ပေါင်းစုံနေထိုင်သော ကျေးရွာဖြစ်သည်။ သို့ရာတွင်လူတန်းစား ကွာဟမှုအလွန်တရာကြီးမားခြင်း မျိုး မရှိပေ။ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ ပွဲစား၊ သစ်လုပ်ငန်းပိုင်ရှင်များ၊ တောင်သူလယ်သမားများ၊ အစိုးရအမှုထမ်း အရာထမ်းများ၊ သာမန်လက်လုပ်လက်စား လူတန်းစားများ ရှိသည်။ အိမ်မဲ့ယာမဲ့များ၊ ဆင်းရဲနွမ်းပါးလွန်းကာ တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ ဟူ၍မရှိပေ။ ဆင်းရဲနွမ်းပါးကြသည်ဆိုငြားလည်း ကိုယ်ပိုင်ဝင်းခြံ၊ ကိုယ်ပိုင်အိမ်ငယ်ဖြင့်နေထိုင်နိုင်သူများ ဖြစ်သည်။ အိမ်ငှား၍ နေထိုင်ကြသူများလည်း မရှိပေ။

(က) (၃) လူမျိုး စုအမည်

ကချင် ဟူသော ဝေါဟာရအမည်နာမသည်ယခုအခါပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြား နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်း ရှိကချင်ပြည်နယ်အတွင်း နေထိုင်ကြသော ဂျိန်ဖော့၊ လော်ဝေါ်၊ လာချိတ်၊ ရဝမ်၊ အဇီး၊ လီဆူး စသည့်တိုင်းရင်းသားတို့ကိုကိုယ်စားပြုသည်။

ဂျိန်ဖော့လူမျိုးတို့အား ပလောင်နှင့်ရှမ်းတိုင်းရင်းသားများက၎င်းတို့၏ဘာသာစကားဖြင့် ခန်း ဟုခေါ်ဝေါ်ကြသည်။ ရောစပ်သောအမျိုးထဲမှ ပေါက်ဖွားလာသောလူမျိုး ဟုအဓိပ္ပါယ်ရသည်။ တရုတ်တို့ကမူ ၎င်းတို့၏ဘာသာစကားဖြင့် ဗိုဂျင်း သို့မဟုတ် ရှန်သူ ဟုခေါ်ဝေါ်ကြသည်။ အရိုင်းလူမျိုး သို့မဟုတ် တောင်ပေါ်သားများ ဟုအဓိပ္ပါယ်ရသည်။ ဗမာတို့ကမူ ဂါး စဉ်ဟု ခေါ်ဝေါ်ခဲ့ကြောင်း သိရသည်။ အမျိုးချင်းလူကြီးများ၏အဆိုအရ ယခင်က ဟူးကောင်းနယ်ဖက်တွင် ကခဉ် အမည်ရှိသော ကချင်ဒူဝါ (ဒူဝါ=နယ်ပိုင်အကြီးအကဲ) အိမ်ထောင်စုတစုရှိသည်ဆို၏။ ဗမာလူမျိုးများ ဟူးကောင်းနယ်ဖက်သို့ ပထမဦးစွာ ရောက်လာသောအခါတို့ကခဉ်အိမ်ထောင်နှင့် တွေ့ဆုံ၍အမည်ကိုမေးမြန်းရာ၌ ကခဉ်အိမ်ထောင်စုသို့မဟုတ်ကခဉ်အမျိုး အနွယ်ဝင်များ ဖြစ်ကြောင်း ရှင်းပြသည်ကို ဗမာတို့ကဂါး ခဉ်လူမျိုး များ အဖြစ်မှတ်ယူခဲ့ကြသည်ဟုဆို၏။

ဗမာတို့ကဂါး ခဉ်ဟု ခေါ်ရာမှအချိန်ကာလ ရွေ့လျားလာသည်နှင့်အမျှ ဂါး-ခဉ်မှ ဂ-ခဉ်သို့၎င်း၊ ဂ-ခဉ်မှ က-ခဉ်သို့၎င်း ထိုမှတဖန်ယခုခေါ်ဝေါ်သည့်အတိုင်း ကချင်သို့၎င်း ပြောင်းလဲခေါ်ဝေါ်လာကြသည်ဟုဆို၏။ အလားတူ ခရစ်သက္ကရာဇ်၊ ၁၈၃၇ခုနှစ်တွင်မိုးကောင်းနယ်တဝိုက်၌ဂါး ခဉ်လူမျိုး များ ရှိကြောင်း ဒေါက်တာဟင်း ဆက်ဖ်စာအုပ်တွင် ဖော်ပြထားသည်။ အမေရိကန်သာသနာပြုဆရာကြီး အိုဟန်ဆင်ကကချင်ပြည်နယ်သို့ ရောက်လာပြီး နောက် တွင် ဂါး ခဉ်လူမျိုးတို့သည်ကချင်လူမျိုး များ ဖြစ်ကြောင်း ဖော်ပြသည်။ ကချင်လူမျိုးတို့သည်ယခင်ကကရဝိတဒေသတွင်စုပေါင်း နေထိုင်ခဲ့ကြသည်။ ထိုသို့တစုတရုံး ပေါင်း

စည်း နေထိုင်ခဲ့ကြသည်ကို ဂျိန်ဖော့ဘာသာစကား ဖြင့် ဂါး ခဉ်ဟူ၍ ခေါ်ဆိုခြင်း ဖြစ်သည် ဆို၏။

ခရစ်သက္ကရာဇ် ၁၄၄၂–ခုနှစ်ခန့်က ရေးထိုးခဲ့သော ကျောက်စာများ၌ အရကချင်တောင်တန်း ဒေသ၌ နေထိုင်ကြသော တိုင်းရင်းသားများကို ကခြင်ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ နောက်ပိုင်း မြန်မာစာပေများတွင် ကချင် ဟူ၍ ခေါ်ဝေါ်လာသည်ကို တွေ့ရသည်။ ၁၉–ရာစုပိုင်းသို့ ရောက်သောအခါမြန်မာများ သာမက ဥရောပတိုက်သားများက ပါကချင်တောင်တန်းသားများ အားလုံးကို ကချင်ဟူ၍ပင် ခေါ်ဝေါ်လာကြသည်။

အချို့ကချင်လူကြီးများ ၏အဆိုအရကချင်အမျိုးသမီးတို့ သည် ခြင်း (ပလိုင်း) ကိုအမြဲတမ်း လွယ်ထားတတ်သဖြင့် ကချင် ဟုသမုတ်ကြခြင်း ဖြစ်သည်ဟုဆိုသည်။ အကြောင်းမှာ ဂျိန်ဖော့ဘာသာစကား ဖြစ်သည့် ကာ[၁] မြန်မာဘာသာစကား ဖြင့် ခြင်း (ပလိုင်း) ဟုအဓိပ္ပါယ်ရသည်။ သို့သော်နှစ်ဘာသာစကားလုံး ဖြင့် ကြိမ်ဖန်များ ဖွာ ခေါ်တိုကြ သောအခါ (က+ခြင်း =က+ချင်) ဟူ၍ဖြစ် လာကြောင်း တင်ပြကြသည်။

အချို့ကမူကချင်လူမျိုး တို့သည်ကခုန်မှုကို နှစ်သက်ကြသောလူမျိုး များဖြစ်သည့်အတွက် (ကခုန်ချင်သောလူမျိုး =ကချင်သောလူမျိုး) ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်ဟုဆိုကြသည်။ ဟနည်းအားဖြင့်ကချင်လူမျိုး များသည် ကချင်ဟုသော အဓိပ္ပါယ်နှင့်လိုက်ဖက်အောင် ပျော်ရွှင်စွာကခုန်ချင်ကြသောလူမျိုး ဟူ၍ဆိုလို ခြင်း ဖြစ်သည်။

ကချင်တိုင်းရင်းသား အနွယ်ဝင်ဂျိန်ဖော့လူမျိုး စု၏ခံယူချက်အရ ဂျိန်ဖော့[၂] ၏အဓိပ္ပါယ်မှာ 'လူ' ဟူ၍ပင်ဖြစ်သည်။ ယင်းတို့၏ဘာသာစကား ဖြင့် မရှ[၃] ဟု ခေါ်သည်။ ဂျိန်ဖော့လူမျိုး တို့သည် ၄င်းတို့ကိုယ်ကို ၄င်းတို့ ဂျိန်ဆိုင်ဖော့ဆိုင်မရှ[၄] ဟုဆိုကြသည်။ အဟည်ကကျဖြစ်ပြီး အမြင့်ကျယ်လာသော လူများ ဟူ၍အဓိပ္ပါယ်ရသည်။

၁၉၀၀–ပြည့်နှစ် နောက်ပိုင်း တွင်မြန်မာစာပေကျမ်း များ၌ ဂျိန်ဖော့လူမျိုး များကိုသိန်း ဖောဟု ခေါ်ဝေါ်ကြသည်ကို တွေ့ရသည်။ လွတ်လပ်ရေး ရပြီး နောက်ပိုင်းတွင်မှ ဂျိန်း ဖော ဟု၍သုံးနှုန်း လာကြသည်။ သို့သော်ကချင်ပြည်နယ်အတွင်း နေထိုင်ကြသော ရှမ်း–ဗမာလူမျိုး များက မူယနေ့ထက်တိုင် သိန်း ဖော ဟု ခေါ်ဝေါ်ကြဆဲဖြစ်သည်။

---

၁။ Ka

၂။ Jing hpaw

၃။ Masha

၄။ Jing sai Hpaw sai Masha

(က) (၄) ဘာသာစကား

ဂျိန်ဖော့တိုင်းရင်းသားတို့၏ဘာသာစကားကို သေချာရှာဆန်းစစ်ကြည့်ပါက ရှေးဟောင်းတိဗက်လူမျိုးတို့၏ဘာသာစကားမှ ဆင်းသက်ပေါက်ဖွားလာသည်ဟုဆိုသည်။[၁] လေယူလေသိမ်းနှင့်အသွဲ့အငင်သည်တိဗက်စကားသံ၊ တိဗက်စကားပြောဟန်အတိုင်းပင်ဖြစ်သည်။[၂] စကားလုံးများမှာလည်း လေးပုံတစ်ပုံခန့်သည် ဧကဝဏ္ဏဝေါဟာရဖြစ်၍ကျန်စကားလုံးများမှာအသံနှစ်လုံးထွက်ဝေါဟာရများဖြစ်သည်။[၃] ဝါကျအဆုံးတွင်လည်း တိဗက်စကားကဲ့သို့ပင်အသံရှည်ဖြင့်အဆုံးသတ်လေ့ရှိသည်။ ဂျိန်ဖော့တို့သည် <u>အေး</u> ဟူသောအသံရှည်ဖြင့်အဆုံးသတ်ကြသည်။

| ဥပမာ | မြန်မာ | ဂျိန်ဖော့ |
|---|---|---|
| | သွားရအောင် | ဆာဂအေး |
| | စားရအောင် | ရှားဂအေး |

ဂျိန်ဖော့စကားသည်မြန်မာစကားနှင့်လည်း အလွန်နီးစပ်သည်ကို တွေ့ရသည်။ အခြေခံစကားလုံးများ နက်လေးပုံတစ်ပုံခန့်မှာမြန်မာစကားလုံးများနှင့်ကိုက်ညီနေသည့်အပြင်သဒ္ဒါမှာလည်း မြန်မာသဒ္ဒါအတိုင်းဖြစ်နေပြန်သည်။ ဂျိန်ဖော့ဝေါဟာရတွင်မရှိသောဝေါဟာရများကိုလည်း မြန်မာဝေါဟာရများအတိုင်းသုံးစွဲသည်။ သို့ဖြစ်ခြင်းကြောင့်ဂျိန်ဖော့စကားသည်တိဗက်စကားနှင့်မြန်မာစကားကိုဆက်စပ်ပေးရာ ပေါင်းတူးတံတားဖြစ်သည်ဟုပင်ဆိုနိုင်ပေသည်။

ဂျိန်ဖော့တိုင်းရင်းသားတို့ပြောဆိုသုံးနှုန်းသောစကားများသည် နေရာဒေသအမျိုးအနွယ်နှင့်စကားအုပ်စုကိုလိုက်၍ကွဲပြားခြားနားပေရာ တောင်တတောင်၌စကားတမျိုးထွန်းသည်ဟုဆိုရလောက်အောင်ပင်သုံးနှုန်းသောစကားများ ပေါကြွယ်လှသည်။ အာသံနယ်စပ်နှင့်ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် တမျိုး၊ မေခ၊ မေလိခမြစ်ဝှမ်းတွင်တမျိုး၊ အရှေ့ဖက်တရုတ်ပြည်နယ်စပ်တလျှောက်တွင်တမျိုး ပြောဆိုကြသည်ကို တွေ့ရသည်။

ဂျိန်ဖော့စကားသည်ကချင်ပြည်နယ်တွင်လူသုံးအများဆုံးသောစကားဖြစ်သည်။ နေရာဒေသကိုလိုက်၍ လေယူလေသိမ်း၊ အသံနေအသံထားကွဲပြားသည်။ ဂျိန်ဖော့စကားတမျိုးတည်းကိုသာသုံးစွဲကြသော်လည်း အသံနေအသံထားနှင့် လေယူလေသိမ်းကိုလိုက်၍

၁။ သာမန်ဂျိန်ဖော့စကား

၂။ ခခူး ဂျိန်ဖော့စကား

၃။ ဂေါင်ရီဂျိန်ဖော့စကား

---

၁။ Linguistic Survey of Jndia, Vol. III Part 1, Page 11

၂။ Linguistic Survey of Jndia, Vol. III Part 1, Page 11

၃။ Hanson, O, The Kachins, Their Customs and Traditions, Yangon 1913, Page 27

၄။ ဟူးကောင်း ဂျိန်ဖေ့စကား
၅။ ဒူရင်ဂျိန်ဖေ့စကား
၆။ ထိန်နိုင်း ဂျိန်ဖေ့စကား ဟူ၍ကွဲပြားသည်။

သာမန်ဂျိန်ဖေ့စကားသည် ကချင်ပြည်နယ် နေရာအနှံ့အပြား တွင်သုံး သောစကား ဖြစ်သည်။ ဂျိန်ဖေ့ ဝေါဟာရများ သည်ကချင် ဘာသာစကား တွင်အကျယ်ဝဆုံး ဖြစ်သည်။ ဝေါဟာရအရေအတွက် ပေါင်း ၁၅၀၀၀ ခန့်ရှိသည်။

ခခူး ဂျိန်ဖေ့စကား သည် မေခ၊ မေလီခမြစ်ညှာ အရပ်နှင့်ကြိုဂံ ဒေသတွင်အများ ဆုံး ပြောဆို သောစကား ဖြစ်သည်။ ခခူး ဟူ သော ဝေါဟာရ၏အဓိပ္ပါယ်မှာမြစ်ညာအရပ်ဟူ၍ဖြစ်သည်။ အခြေခံအား ဖြင့်သာမန် ဂျိန်ဖေ့နှင့်ခခူး ဂျိန်ဖေ့စကား တို့မှာအထူး အထွေခြား နား ခြင်းမရှိ ပေ။ လေယူ လေသိမ်း ၊ သံနေသံထား ခြား နား မှုသာရှိသည်။ ခခူး စကား သည်ဂျိန်ဖေ့စကား ၏ပင်ရင်း စကား ဖြစ်ခြင်း ကြောင့်စကား အသုံး အနှုန်း များ သည်ရိုး သား ခန့်ညား မှုရှိသည်။ ခခူး စကား တွင်အခြား ဘာသာ စကား များ ရောစွက်မှုနည်း သော ကြောင့်ဂျိန်ဖေ့စကား များ အနက် အသန့်ဆုံး ဟုဆိုနိုင်သည်။

ဂေါင်ရီဂျိန်ဖေ့စကား ကိုဗန်း မော်အရှေ့ပိုင်း နှင့်ကိုး မိုင်း ဖက်တွင် နေသူများ က ပြောဆိုကြသည်။ ဂေါင်ရီစကား သည်လည်း ဂျိန်ဖေ့စကား ပင်ဖြစ်သည်။ သို့သော်ခခူး ဂျိန်ဖေ့ကဲ့သို့ဂျိန်ဖေ့စကား စစ်စစ်ဟု မဆိုနိုင်ပေ။ ဂေါင်ရီဂျိန်ဖေ့စကား တွင်အချို့ ဝေါဟာရအ တော်များ များ ရောနှောနေကာ လေယူ လေသိမ်း မှာတရုတ်သံအနည်း ငယ်ပါဝင်သည်။ ဂေါင်ရီ ဂျိန်ဖေ့စကား သည်ဂျိန်ဖေ့လူမျိုးလ ဖိုင်အနွယ်မှဆင်း သက် ပေါက်ဖွား လာ သော ဂေါင်ရီဂျိန်ဖေ့များ ကသာသုံး စွဲသည်ဖြစ်ရာအနွယ်လိုက်ကွဲပြားလာသော စကား ဟုလည်း ဆိုနိုင်သည်။

ဟူး ကောင်း ဂျိန်ဖေ့စကား သည်ဟူး ကောင်း ချိုင့်ဝှမ်း တွင်နေထိုင် သောဂျိန်ဖေ့တို့ ပြော သော စကား ဖြစ်သည်။ ထိုစကား တွင်လည်း ဂေါင်ရီဂျိန်ဖေ့စကား [illegible]ပင်နီး စဝ်ရာအိမ်နီး ချင်း တို့၏စကား များ ရောနှောလျက်ရှိသည်။ မူရင်း စကား မှာဂျိန်ဖေ့စကား ပင်ဖြစ် သော် လည်း လူမျိုး နွယ်ကိုလိုက်၍ ပြောဆိုသုံး နှုန်း သောစကား ဖြစ်သည်။ ဟူး ကောင်း ဂျိန်ဖေ့စကား သည်သာမန်ဂျိန်ဖေ့စကား နှင့် လေယူ လေသိမ်း ကွဲပြားခြား နား သည်။

ဒူရင်ဂျိန်ဖေ့စကား သည်ပူတာအို မြောက်ဖက် ဒေသတွင် နေထိုင်သူတို့ ပြောဆိုကြ သောစကား ဖြစ်သည်။ ဒူရင်ဂျိန်ဖေ့စကား သည် အသံထွက်ရာတွင်သာမန်ဂျိန်ဖေ့စကား ထက်ပို၍လျှာ လေး အာ လေး ရှိသည်။ ထူးခြား ချက်မှာဒူရင်ဂျိန်ဖေ့စကား ပြောသူတိုင်း သည်အနွယ်တမျိုး တည်း မှ ဆင်း သက် ပေါက်ဖွား လာသူများ ဖြစ်သည်။ လူမှုရေး စနစ်ကိုကြည့်လျှင်လည်း တ ပုံစံတည်း နေထိုင်ကြသူများ ဖြစ် ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဒေသန္တရ သုံး စကား ဖြစ် သော်လည်း ထိုစကား ကိုသုံး စွဲသူများ က မိမိတို့အနွယ်နှင့်မိမိတို့လူမှု ရေး စနစ်ကိုမူရင်း မပျောက်ပျက် စေရန် ပြောဆိုထိန်း သိမ်း လေ့ရှိ သော

ကြောင့်ကချင်ပြည်နယ်တခွင်လုံးတွင်ဒူရင်ဂျိန်ဖော့စကားသည်မည်သည့်နေရာတွင်မဆိုတပိုင်တည်းပင်ဖြစ်နေသည်။ အခြားဘာသာစကားများ ရောမှတ်မှုလည်း အလွန်နည်းပါးသည်။

ထိန်းနှိုင်း ဂျိန်ဖော့စကားသည် ဗန်းမော်မြို့နယ်၊ မြစ်ကြီးနားမြို့နယ်၊ ရွှေကူမြို့နယ်၊ မိုးဂုတ္တလမ်း တလျှောက်နှင့်ဧရာဝတီမြစ်ကမ်း တလျှောက်တွင် နေထိုင်ကြသော ဂျိန်ဖော့တို့ ပြောဆိုသော စကားများ ဖြစ်သည်။ ထိုစကားသည် ဗမာစကားနှင့်ရှမ်း-ဗမာစကားများ အတော် အတန်ရောနှောနေသော ဂျိန်ဖော့စကား တမျိုး ဖြစ်သည်။ လေယူလေသိမ်းတွင်လည်း သာမန်ဂျိန်ဖော့နှင့်မတူပဲ ဗမာအသံနှင့်ရှမ်းအသံများ ရောစွက်လျက်ရှိသည်။ ထိုစကားသည် မျိုးနွယ်လိုက်ရှဲကွဲပြားသော စကားမျိုး မဟုတ်ပဲ ဒေသကိုလိုက်၍ကွဲပြားသော စကား ဖြစ်သည်။

အင်ဂျန်ဒုံကျေးရွာနေဂျိန်ဖော့တို့ ပြောဆိုသော စကားသည် ၎င်းထိန်းနှိုင်း ဂျိန်ဖော့စကား ပင်ဖြစ်သည်။ အင်ဂျန်ဒုံကျေးရွာနေ ဂျိန်ဖော့တို့သည်မြန်မာဘာသာစကားကို ပြောဆိုကြသောအခါလူကြီး သူမများကိုဖြစ်စေ `မင်း ၊ ငါ၊ ငါတို့` စသည်ဖြင့်သုံးနှုန်း တတ်ကြသည်။ ၎င်းသည် မှာယဉ်ကျေးသမှုမရှိသောသဘောကိုဆောင်ခြင်း မဟုတ်ပေ။ ၎င်းတို့၏နာမ်စားအသုံး အနှုန်းများ သည်အင်္ဂလိပ်နာမ်စားအသုံးအနှုန်းများ နှင့်တူနေသောကြောင့်ဖြစ်သည်။

ဥပမာ

| ဂျိန်ဖော့ | အင်္ဂလိပ် | မြန်မာ | |
|---|---|---|---|
| | | မယဉ်ကျေး | ယဉ်ကျေး |
| ငိုင်[1] | အိုင်[2] | ငါ | ကျနော်၊ ကျွမ |
| နာန်[3] | ယူ[4] | မင်း | သင် |

မြန်မာဘာသာစကားတွင် ငါ အစား ယဉ်ကျေးသော အသုံးအနှုန်းအဖြစ် ကျနော်၊ ကျွမ ရှိသော်လည်း ဂျိန်ဖော့ဘာသာစကားတွင် ငိုင် ဆိုသည့် အသုံးအနှုန်း တမျိုးတည်းသာရှိသည်။ ထို့ကြောင့်လူကြီး လူငယ်အားလုံး ငိုင် ဟုသာသုံးနှုန်းကြသည်။ ထို့ကြောင့်၎င်းတို့၏ဘာသာစကားဖြင့်ကျနော်၊ ကျွမ အစား ငိုင်ကိုတိုက်ရိုက်ပြန်ဆိုသည့် ငါ သုံးနှုန်းခြင်းကို ရိုင်းပြစွာ ပြောဆိုဆက်ဆံသည်ဟု မထင်မှတ်သင့်ပေ။

---

၁။ Ngai

၂။ I

၃။ Ngang

၄။ You

## (ခ) နေထိုင်ရာဒေသ၏ ပထဝီအနေအထား

### (ခ) (၁) တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း နှင့်လူဦးရေ

ဂျိန်ဖော့အပါအဝင်ကချင်တိုင်းရင်းသားတို့အများဆုံး နေထိုင်ရာကချင်ပြည်နယ်သည်မြန်မာနိုင်ငံ၏ မြောက်ပိုင်းတွင်တည်ရှိသည်။ အရှေ့ဖက် မှ အရှေ့မြောက်ဖက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဖက်တွင်အိန္ဒိယနိုင်ငံနှင့် ခန္တီးမြို့နယ်၊ ကသာမြို့နယ်၊ တောင်ဖက်တွင်စစ်ကိုင်းတိုင်း နှင့်ရှမ်းပြည်နယ် တို့ နယ်နိမိတ်ချင်း ဆက်စပ်နေသည်။

ဂျိန်ဖော့တို့၏ကချင်ပြည်နယ်သည် မြောက်လတ္တီတွဒ် ၂၃° ၂၇' နှင့် ၂၈° ၂၅'၊ အရှေ့လောင်ဂျီတွဒ် ၉၆ နှင့် ၉၈° ၄၄' အကြားတွင်တည် ရှိသည်။

အကျယ်အဝန်း မှာစတုရန်းမိုင်ပေါင်း ၃၃၉၀၃ ခန့်ရှိသည်။ ကြိုးဝိုင်းသစ်တောဧရိယာသည် ၂၀၁၇ စတုရန်းမိုင်၊ ကြိုးပြင်သစ်တောသည် ၂၂၄၃၀ စတုရန်းမိုင်၊ လူနေအိမ်ခြံနှင့်အသုံးချထားသော မြေဧရိယာသည် ၉၄၅၆ စတုရန်းမိုင်ရှိသည်။

အင်ဂျန်ဒုံ ကျေးရွာသည်မြစ်ကြီးနားမြို့မှ တောင်ဘက် ၃ မိုင်ခန့်အကွာတွင်မြစ်ကြီးနား-ဆွမ်ပရာဘွမ်ကားလမ်းမကြီး၏ ဘေးတဖက်တချက်တွင် တောင်-မြောက်တန်း လျှက်တည်ရှိသည်။ အင်ဂျန်ဒုံရွာ၏အရှေ့ဖက်တွင်အင်ဂျန်းပါခေါ်လယ်ကွင်း ပြင်ကြီး တည်ရှိပြီး လယ်ကွင်း၏အရှေ့ဖက်တွင်ဇီတာပူ ကျေးရွာနှင့် မန်ခိန် ကျေးရွာ၊ အနောက်ဘက်တွင်ရာဘာ ကောင်း ကျေးရွာ၊ တောင်ဘက် တွင်တစ်ကုန်း အရှေ့မြောက် ကျေးရွာနှင့် မြောက်ဖက်တွင်စိုက်ပျိုး မွေးမြူရေး အထက်တန်း ကျောင်း နှင့်မန်ခိန် ကျေးရွာတို့တည်ရှိသည်။

အင်ဂျန်ဒုံ ကျေးရွာသည်ကားလမ်း မတ လျှောက်အလျား ၂ မိုင်ခန့်ရှည်လျား၍အကျယ်မှာတစ်မိုင်မှနှစ်မိုင်အထိအမျိုးမျိုး ရှိနေသည်။ အကျယ်အဝန်းမှာ( ၃.၂၄ )စတုရန်းမိုင်ရှိသည်။ လူနေအိမ်ခြံဧရိယာမှာ( ၂.၀၁ )စတုရန်းမိုင်ရှိပြီး လယ်ကွက်ဧရိယာမှာ( ၁.၂၃ ) စတုရန်းမိုင်ခန့်ဖြစ်သည်။

မြစ်ကြီးနားမြို့၏ ၁၉၉၄ ခုနှစ်တွင်ရှိသောလူဦးရေ စုစု ပေါင်းမှာ ၁၆၁၉၆၇ ယောက်ဖြစ်ပြီး ဂျိန်ဖော့တိုင်းရင်းသားဦး ရေ သည် ၄၂၆၅၇ ယောက်ဖြစ်သည်။ ဂျိန်ဖော့တိုင်းရင်းသားဦးရေသည်မြစ်ကြီး နားမြို့ရှိလူဦးရေ၏ ၃၀.၃၆ ရာခိုင်နှုန်းခန့်ရှိသည်။

အင်ဂျန်ဒုံ ကျေးရွာတွင်အိမ်ထောင်စု ပေါင်း (၄၁၇) ရှိပြီး ဂျိန်ဖော့ တိုင်းရင်းသားတို့၏အိမ်ထောင်စုမှာ (၄၀၂) ရှိသည်။ အင်ဂျန်ဒုံ ကျေးရွာရှိ လူဦးရေစာရင်း ကို အောက်ပါအတိုင်း လေ့လာသိရှိရသည်။

| | လူကြီး (ကျား) | လူကြီး (မ) | ၁၂ နှစ်အောက် (ကျား) | ၁၂ နှစ်အောက် (မ) | စုစုပေါင်း |
|---|---|---|---|---|---|
| ကျေးရွာရှိ ဂျိန်ဖော့ဦးရေ | ၉၈၃ | ၁၅၅၆ | ၁၄၆၈ | ၉၇၃ | ၄၉၈၀ |
| ကျေးရွာရှိအခြားလူမျိုးများ | ၃၆ | ၆၅ | ၅၀ | ၃၂ | ၁၈၃ |
| ကျေးရွာရှိ လူဦးရေ | ၁၀၁၉ | ၁၆၂၁ | ၁၅၁၈ | ၁၀၀၅ | ၅၁၆၃ |

အင်ဂျန်ဒုံ ကျေးရွာ နေဂျိန်ဖော့ဦးရေသည် ကျေးရွာရှိလူဦးရေ၏ ၉၆.၅ ရာခိုင်နှုန်းခန့်ရှိသည်ကို လေ့လာသိရှိရသည်။

(စ)(၂) မြေမျက်နှာပြင်

တိဗက်ကုန်းပြင်မြင့်မှထိုးထွက်လာသော တောင်တန်း တောင်စွယ်များ သည်ကချင်ပြည်နယ်တွင် မြောက်ဖက်မှ တောင်ဖက်သို့ သွယ်တန်းလျက်ရှိသည်။ အရှေ့ဖက်နယ်နမိတ်ရှိအချို့တောင်ထွတ်များမှာ ပေ ၁၀၀၀၀ အထက်တွင်ရှိ၍အများအားဖြင့် ပေ ၃၀၀၀ မှ ပေ ၇၀၀၀ အထိမြင့်မားသည်။ တောင်တန်းတို့ဖွဲ့စည်းထားပုံမှာ ကချင်ပြည်နယ်တစ်ပြည်လုံးတွင်မြစ်ကြီးနား၊ ဗန်းမော်မြို့နယ်အတွင်းရှိဧရာဝတီမြစ်ဝှမ်း ဒေသ၊ အနောက်ဖက်နယ်နမိတ်တလျှောက် တောင်တန်းများနှင့်ကုမ္မန်တောင်တန်းကြားရှိဟူးကောင်း ချိုင့်




ကချင်ပြည်နယ်ဖ၏တည်နေရာပြပုံ ။



မြစ်ကြီးနားမြို့၏မြေပုံ

ရှမ်း ဒေသတို့မှလွဲ၍ကျန် ဒေသအားလုံး မြေပြင်မှာညီညာပြန့်ပြူး ခြင်း မရှိပဲ တောင်ရှည် တောင်တန်း တို့ဖြင့်သာပြည့်နှက် နေသည်။ မြေမျက်နှာပြင်ကိုလိုက်၍ မြစ်များ သည် မြောက်မှ တောင်သို့စီး ဆင်း လျက်ရှိရာ ဧရာဝတီမြစ်သည်အ ကြီး ဆုံး နှင့်အထင်ရှားဆုံး ဖြစ်သည်။ ဧရာဝတီမြစ်သည်အထက်ပိုင်း မှမြစ်ကြီး နား ထိ ရေစီး သန်ကာ ကျောက် ဆောင်ထုထပ်ခြင်း တို့ကြောင့်သင်္ဘောများ မ သွား လာနိုင်ပေ။ မြစ်ကြီး နား မြို့မှ အောက်ပိုင်း သို့သာသင်္ဘောများ သွားလာနိုင် သည်။

အင်ဂျန်ဒုံ ကျေး ရွာ၏ မြေမျက်နှာပြင်ကိုကြည့်ပါက ညီ ညာပြန့်ပြူး သော မြေပြန့်လွင်ပြင်ကျယ်ဖြစ်သည်။ အင်ဂျန်း ပါခေါ်အင်း ကော လယ်ပြင်ကြီး သည်အင်ဂျန်ဒုံရွာ နှင့်အပြိုင် တောင်- မြောက်တန်း လျှက်ရှိသည်ယင်း လယ်ပြင်သည်အင်ဂျန်ဒုံ ကျေး ရွာ၏ မြေမျက်နှာပြင် အောက် ၂၀-၂၅ ပေခန့်- နိမ့်သည်။ အင်ဂျန်ဒုံရွာ နေဂျိန်ဖော့တို့စပါး စိုက် ပျိုး ရာလယ်ပြင်ကြီး ဖြစ်သည်။ ၄င်း အင်ဂျန်း ပါခေါ်အင်း ကောလယ်ပြင်ကြီး သည်လွန်ခဲ့ သောနှစ် ပေါင်းတစ် ထောင်ခန့်( ရွာမီရွာဖ၏တို့၏ ခန့်မှန်း ချက်)ကကျိုး သွား သောဧရာဝတီ- မြစ်ကျိုး အင်း ဖြစ်သည်ဟုဆိုကြသည်။ နှစ်ကာလကြာလာသည်နှင့်အမျှ ရေများ တစ စခန်း ခြောက်ပြီး တုန်လှုပ် ပျော့အိ သော နွံပြင်ကြီး ဖြစ်လာသည်။ ၄င်း မြစ်ကျိုး အင်း နွံပြင်၏ ဧရိယာသည်( ၃ . ၄၁ ) စတုရန်း မိုင်ခန့်ရှိပြီး အင်ဂျန် ဒုံ ကျေး ရွာပိုင်ဧရိယာမှာ( ၁ . ၀၁ ) စတုရန်း မိုင်ခန့်ရှိသည်။

(ခ)(၃) ရာသီဥတု

မြေမျက်နှာပြင်အနေအထား ကိုလိုက်၍ ဂျိန်ဖော့တို့၌ နေကချင်ပြည်နယ်၏ရာသီဥတုအမျိုး မျိုး ရှိသည်။ မြောက်ဖက် တောင်တန်း ဒေ သများ ဖြစ် သောအမြင့် ပေ ၉၀၀၀ အထက်ပိုင်း တွင်သမပိုင်း ဖုံရာသီဥတု၊ ထို ဒေသ၏ တောင်ဖက်ပိုင်း၌ နိမ့် သော တောင်တန်း ဒေသများ တွင်အပူ လျော့ပိုင်း ရာသီဥတု၊ မြေပြန့်အရပ်များ နှင့်အနိမ့်ပိုင်း ဒေသများ တွင်အပူပိုင်း ဖုံ ရာသီဥတုဟူ၍အသီး သီး ကွဲပြား သည်။

ကချင်ပြည်နယ်သည်အနောက် တောင်မုတ်သုန် လေ လမ်း ကြောင်း အတွင်း ကျရောက်သဖြင့်အချို့ဒေသများ တွင်မိုး ရေချိန်လက်မ ၂၀၀ အထိ ရွာသွန်း ၍အချို့မိုး နည်း သော ဒေသများ တွင်မိုး ရေချိန်လက်မ ၅၀ မှ- ၇၀ အထိသာ ရွာသွန်း သည်။

တောင်မြင့်ပိုင်း ဒေသများ တွင်အလွန် အေး မြ သော ရာသီဥတု ရှိ၍အချို့ဒေသများ တွင်ဆီး နှင်း များ ကျရောက်ပြီး တနှစ်ပတ် လုံး ဆီး နှင်း များ ဖုံး အုပ်လျက်ရှိသည်။ အ တော်အတန်မြင့် သော တောင်မြင့် ဒေသ များ တွင် ဆောင်း ရာသီ၌သမ အေး ပိုင်း ရာသီဥတုမျိုး ကို တွေ့ရ သော်လည်းအ နိမ့်ပိုင်း ဒေသများ တွင်မူ ဆောင်း ရာသီတွင်အပူပိုင်း ဖုံရာသီဥတုမျိုး ကို တွေ့ရသည်။

အင်ဂျန်ဒုံ ကျေး ရွာ၏ရာသီဥတုမှာ ဆောင်း တွင်သမ

အေးပိုင်း ရာသီဥတုမျိုး ကို တွေ့ရသည်။ အနိမ့်ဆုံး အပူချိန်မှာ ၁၄ ဝံ ဖါရင်ဟိုက်အထိ ကျဆင်းနိုင်သည်။ ဩဂုတ်၊ စက်တင်ဘာလများ တွင်အပူချိန်သည် ၁၀၅ ဖါရင်ဟိုက် အထိမြင့်တက်တတ်ပေသည်။ မိုး ရေချိန်မှာပျမ်း မျှလက်မ ၁၅၀ ခန့်ရွာသွန်း တတ်ပေသည်။

## (ခ) (၄) သဘာဝ ပေါက်ပင်

သဘာဝသစ်တောများ ပေါက်ရောက်ပုံကိုအကြမ်း အား ဖြင့်ခွဲခြား ပါက မြောက်ဖက်ပိုင်း တွင်သမပိုင်း သစ်တော၊ တောင်ဖက် ပိုင်း တွင်အပူလျော့ တောင်မြင့်သစ်တော နှင့်အပူလျော့ မြေနိမ့်သစ်တောတို့ကို တွေ့ရသည်။ ကချင်ပြည်နယ်၏ မြောက်ဖျား ပိုင်း သမသစ်တောများ သည်သစ်မြဲတောများဖြစ်၍ အမြဲစိမ်း လန်း တောနှင့်ရွက်ကြွေ တောများ ရောနှော နေသည်။ ထိုသစ်တောများ တွင်ရွက်ချွန် တောထင်းရှူး ပင်များ ကိုလည်း တွေ့ရသည်။ သမပိုင်းသစ်ပင်များ မှာသစ်ချယ်၊ ဒုဝ်၊ ဝက်သစ်ချ၊ သစ်ကြား ပင်များဖြစ်၍အပူပိုင်း သစ်ပင်များ အနက်အင်၊ ကညင်၊ ဖန်ခါး ၊ သန်း ၊ လိမ်၊ သစ် ဆွေး လွယ်နှင့်တိုင်ပင်များ ကို တွေ့ရသည်။ အများ ဆုံး ပေါက် သောသစ်ပင်များ မှာ ကညင်ဖြူနှင့်သစ် ဆွေး လွယ်ပင်များ ဖြစ်သည်။ အပူပိုင်း အမြဲစိမ်း သစ်တောတွင် ရေတမာ၊ မျောက်လုပ်၊ ကနစို၊ သစ် ဆွေး လွယ်၊ သဖန်း ၊ သဖွေး ၊ ကံ့ကော်၊ ဇလပ်၊ ဘိုင်၊ ဝါး ပိုး ၊ ဝါး ပိုး မျက်ကြီး ၊ စလူနှင့်ဝါး ယား တို့ ပေါက် ကြောင်း သိရသည်။

အင်ဂျန်ဒုံ ကျေး ရွာတွင်ယခင်ကက ဖန်ခါး ပင်၊ သစ်နီ ပင်၊ ကျော်ပင်၊ နဘဲ ပင်၊ ဇီး ဖြူပင်၊ ကနစို ပင်၊ ကံ့ကော်ပင်၊ တင်း ခါဝင်း ဝါးပိုး ဝါး စသည်တို့ကိုသဘာဝ ပေါက်ပင်များ အဖြစ် တွေ့ရသည်။ ရွာတည်ပြီးနောက် ပိုင်းတွင်၎င်း အပင်များ ကိုခုတ်ထွင်ရှင်း လင်း ပစ်ကာအိမ်ယာများ ဆောက် လုပ်ပြီး စား သုံး ပင်များ ကိုအစား ထိုး စိုက်ပျိုး ကြသဖြင့်မရှိ တော့ပေ။

## (ခ) (၅) သယံဇာတပစ္စည်း များ

ကချင်ပြည်နယ်မှထွက်ရှိ သောသယံဇာတပစ္စည်း များ မှာ ကျောက်စိမ်း ၊ ရွှေ၊ ကျောက်နီ၊ ငွေ၊ ပယင်း ၊ သံ၊ ကြေး နီ၊ ပလက်တီနံ ၊ ကျောက်မီး သွေး ၊ ဆား တို့ဖြစ်သည်။ တွင်း ထွက်ရတနာများ အနက် ကျောက်စိမ်း သည်အထင်ရှား ဆုံး ဖြစ်သည်။

အင်ဂျန်ဒုံ ကျေး ရွာတွင်သယံဇာတပစ္စည်း ဘာမျှ မထွက်ရှိ ပေ။ ကျေး ရွာထွက်ပစ္စည်း များ အဖြစ်ဥယျာဉ်ခြံစိုက်ပျိုး ရေး မှသစ်သီး ဝလံများ ၊ ဟင်း သီး ဟင်း ရွက်များ ကိုအလျှံပယ်ရရှိနိုင်သည်။ နွေရာသီတွင်ထွက်ရှိ သောသစ် သီး ဝလံနှင့်ဟင်း သီး ဟင်း ရွက်များ မှာ သကြား သီး[၁] ၊ တရုတ်ဇီး သီး[၂] ၊ သရက်သီး ၊ မရမ်း သီး နှင့်ဆူး ပုပ်ရွက်၊ ချေး တောက်ရွက်တို့ဖြစ်သည်။ မိုး ရာ

---

၁။ Star Apple

၂။ Lichi

သီးတွင်ရရှိနိုင်သောဟင်းသီးဟင်းရွက်များမှာကင်မွန်းချဉ်ရွက်၊ မျှစ်၊ ဟင်းနုနွယ်ရွက်၊ မြင်းခွါရွက်၊ မယ်ဇလီရွက်တို့ဖြစ်ပြီး သစ်သီးဝလံများမှာ စိနွဲသီး၊ ရှမ်းဇီးသီး၊ သံပုရာသီး၊ ဒညင်းသီး၊ ကနစိုးသီး၊ တယ်သီးကြက်မောက်သီး၊ သချွဲသီး၊ ခဝဲသီး၊ ပွတ်သီး၊ ပုံလုံသီး၊ ကြက်ခဝဲသီး၊ ငရုတ်သီးတို့ဖြစ်သည်။ ဆောင်းရာသီတွင် ဂရိတ်ဖရွတ်သီး[1]၊ ကျွဲကောသီး ခေါ ရှောက်ပန်းသီး၊ ရှောက်သီး၊ ဇီးသီး၊ မန်ကူသီး၊ အုန်းသီးတို့ကိုရနိုင်သည်။ ငှက်ပျောသီးနှင့်သဘောသီးကိုမူ ရာသီစလုံးတွင်ရနိုင်သည်။

(ခ) (၆) လမ်းပန်းဆက်သွယ်ရေး

ဂျိန်ဖေ့တို့၏တောင်ပေါ်ဒေသတွင်လမ်းပန်းဆက်သွယ်ရေးသည်များသောအားဖြင့်မဖြောင့်ဖြူးဟုဆိုရပေမည်။ တစ်ဆယ့်နှစ်ရာသီကာလပတ်လုံးသွားလာနိုင်သောလမ်းများရှားပါးပေသည်။

သို့သော်အင်ဂျန်ဒုံကျေးရွာသည်လမ်းပန်းဆက်သွယ်ရေးချောမွေ့ကောင်းမွန်သောရွာဖြစ်သည်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်းကားလမ်းမကြီး၏ဘေးတဖက်တချက်တွင်တည်ရှိသဖြင့် မြောက်ဘက်တန်ဖရဲ၊ မြစ်ဆုံ၊ ဆွမ်ပရာဘွမ်သို့လည်းကောင်း၊ တောင်ဘက်မြစ်ကြီးနားမြို့သို့လည်းကောင်း လွယ်လင့်တကူသွားလာနိုင်သည်။ ကျေးရွာ၏အိမ်တိုင်းစေ့တွင်စက်ဘီးများရှိကြသည်။ အိမ်ရှိကျောင်းသွား၊ ရုံးသွား၊ အလုပ်သွားသူတိုင်း၌စက်ဘီးတစီးစီရှိကြသည်။ တတ်နိုင်သူများကမော်တော်ဆိုင်ကယ်၊ ကားတို့ဖြင့်သွားလာကြသည်။ မြစ်ကြီးနားမြို့ဘူတာရုံသို့ ၃ ၁/ မိုင်ခန့်လည်းကောင်း၊ မြစ်ကြီးနားလေဆိပ်သို့ ၆-မိုင်ခန့်လည်းကောင်းကွာဝေးပြီး ကတ္တရာခင်းကားလမ်းမကြီးများဖြင့်ဆက်သွယ်ထားသည်။ ရွာတွင်းရှိကြားလမ်းအားလုံးသည်လည်း ၂၅-ပေစီအကျယ်အဝန်းရှိပြီး ဖြောင့်ဖြူးနေသည်။

(ဂ) ရုပ်ပိုင်းနှင့်ဝတ်စားဆင်ယင်ပုံ

(ဂ) (၁) ရုပ်ပိုင်း

မွန်ဂိုလွိုက်နွယ်လူမျိုးစုတို့တွင်အရပ်အမောင်း၊ အသားအရောင်နှင့်မျက်ဝန်းမျက်ဆံအရောင်တို့သည် ယေဘုယျအားဖြင့်တူညီမှုရှိသော်လည်း သေချာတိကျစွာဆန်းစစ်ကြည့်ပါက မနုဿဗေဒဆိုင်ရာအစုအမျိုးမျိုးတွင်ကွဲပြားမှုအမျိုးမျိုးကိုတွေ့ရသည်။

အရပ်အမြင့်(သို့မဟုတ်)ကိုယ်ခန္ဓာ၏အလျားသည်အရေးကြီးသောသွင်ပြင်အင်္ဂါရပ်ဖြစ်သည်။ အရပ်အမြင့်သည်လိင်ခြားနားမှု၊ အသက်

---

၁။ great fruit

အရွယ်ခြားနားမှုအရသာလျှင်ကွာခြားသည်မဟုတ်ပဲ နယ်မြေဒေသအလိုက် မနုဿဗေဒသဘောအရစုနေသောလူအစုအဝေးအလိုက်လည်း ကွာခြားမှုရှိသည်။

ဂျိန်ဖော့တိုင်းရင်းသားတို့၏အရပ်အမောင်းမှာယေဘုယျအားဖြင့်အခြားမြန်မာတိုင်းရင်းသားတို့နှင့်တန်းတူမျှသာဖြစ်သည်။ အမျိုးသားများသည်အများအားဖြင့် ၅ ပေ ၃ လက်မမှ ၅ ပေ ၈ လက်မခန့်အထိမြင့်ကြသည်။ အမျိုးသမီးများ၏အရပ်အမြင့်သည်များသောအားဖြင့် ၄–ပေ ၁၀ လက်မမှ ၅ ပေ ၃ လက်မအတွင်းတွင်ရှိကြသည်။

မျက်နှာပုံပန်းသဏ္ဌာန်မှာများသောအားဖြင့်ဝိုင်းသယောင်ယောင်ရှိကြသည်။ မျက်နှာပုံပန်းသဏ္ဌာန်သည်ပါးရိုးနှင့်မေးရိုးပေါ်တွင်လိုက်၍ဖြစ်ပေါ်သည်။ ဂျိန်ဖော့လူမျိုးတို့၏ပါးရိုးနှင့်မေးရိုးတို့သည် အနေတော်ဖွံ့ဖြိုးရုံမျှသာဖြစ်သည်။

နှာခေါင်း၏ပုံပန်းသည်နှာတံ၏အလျားကိုလိုက်၍ဖြစ်ပေါ်ပြီး ဂျိန်ဖော့တို့သည်နှာတံပြားသူများဖြစ်ကြသည်။ မထူလွန်းမပါးလွန်းသောနှုတ်ခမ်းများရှိကြသည်။ မျက်နှာနှင့်လိုက်ဖက်သောပါးစပ်အကျယ်နှင့် ကြည့်ကောင်းသူများဖြစ်ကြသည်။ ဦးခေါင်းသည်ခပ်ပြားပြားပုံသဏ္ဌာန်ရှိကြသည်။ ဦးခေါင်းလုံးသူ၊ ဦးခေါင်းရှည်သူနည်းပါးသည်။

ဂျိန်ဖော့တိုင်းရင်းသားတို့၏မျက်လုံးများသည်များသောအားဖြင့်မဝိုင်းလွန်း မရှည်လွန်းသောအနေအထားတွင်ရှိသည်။ မျက်လုံးပြူးကျယ်သူရှားပြီး သာမန်မျက်လုံးနှင့်မျက်လုံးကျဉ်းသူများဖြစ်ကြသည်။ အများအားဖြင့်မျက်ရစ်ရှိကြသည်။ မျက်ရစ်မရှိသူများလည်းရှိသည်။ မျက်ဆံတို့သည်အညိုဖျော့ရောင်နှင့်အညိုရင့်ရောင်ဖြစ်ကြသည်။ မျက်တောင်မွေးခပ်စင်းစင်းပေါက်ကြပြီး မျက်ခုံးတွင်ခပ်နုနုမွေးညှင်းများသာပေါက်သည်ကများသည်။ မျက်ခုံးမွေးအရောင်သည်ဖျော့တော့သည်။ နက်မှောင်သောမျက်ခုံး၊ ထူထဲသောမျက်ခုံးရှားသည်။

ဂျိန်ဖော့တို့သည်အနက်ရောင်ဆံပင်များကိုပိုင်ဆိုင်ကြပြီး ၉၈ ရာခိုင်နှုန်းခန့်မှာဆံပင်အဖြောင့်အစင်းများဖြစ်ကြသည်။ ၂– ရာခိုင်နှုန်းခန့်မှာကျိုင်းတွန့်ဆံပင်များဖြစ်ကြသည်။ ခန္ဓာကိုယ်ပေါ်တွင်ပေါက်သောအမွေးအမှင်များမှာများသောအားဖြင့်မွေးညှင်းနုများသာဖြစ်ပြီး နီကျင်ကျင်အရောင်ရှိသည်။

ဂျိန်ဖော့တို့သည်အညိုဖျော့သွေးအသားရောင်ကိုပိုင်ဆိုင်ကြသည်။ တနည်းအားဖြင့်ညိုညက်ညက်အသားအရေရှိကြသည်။ အသားအရေအထူအပါးသည်အရောင်ဓါတ်၊ အသားမျှင်၏အရွယ်ပမာဏနှင့်အရေအတွက်ကိုလိုက်၍ဖြစ်ပေါ်သည်။ ဂျိန်ဖော့တို့၏အသားအရေမှာမထူလွန်းမပါးလွန်းသောအနေအထားတွင်ရှိသည်။

ဂျိန်ဖော့အမျိုးသားရော အမျိုးသမီးပါ လက်မောင်းနှင့်ခြေသလုံးများတုတ်ခိုင်တောင့်တင်းကြသည်။ အမျိုးသမီးအများစုသည်ခါးများတုတ်ခိုင်ကြသည်။ ဂျိန်ဖော့တို့သည်အသားအရေကျစ်လစ်သည်။ သန်မာတောင့်တင်းသည်။ သွားလာလှုပ်ရှားရာတွင်လျင်မြန်ဖျတ်လတ်ကြသည်။

### (ဂ) (၂) ဝတ်စားဆင်ယင်ပုံ

ဂျိန်ဖော့တို့သည်မြန်မာနိုင်ငံအတွင်း ရှိကျွန်ုင်ခုံး မကြွယ် ဒေသသို့မရောက်ရှိကြမီက ပင်ဂျစ်ခုတ်ယက်ကန်း မျိုး ဖြင့် မိမိတို့ဝတ်ဆင်ရန်အဝတ်အထည်အခင်း အမြဲများ ကိုဝါချည်ဖြင့်၄င်း ၊ သစ်ပင်မှရသော လျှော်မျှင်တမျိုး ဖြင့်၄င်း ယက်လုပ်ဝတ်ခဲ့ကြသည်။

ရွှေး ခေတ် တောင် ပေါ် ဒေသ နေအရွယ် ရောက်ပြီး ဂျိန်ဖော့မိန်း မငယ် လေး များ အပါအဝင်အမျိုး သမီး အား လုံး သည်အင်္ကျီအဖြူလက်ရှည် နှင့်ထမီကို ဝတ်ဆင်ကြသည်။ အင်္ကျီသည် ရင်စေ့ပခုံး ဆက်ဖြစ်ပြီး ခါး အထိရှည်သည် ထမီသည် ဂျိုး ဂျိုး ချည်ထည် အောက်ခံအနက် ပေါ်တွင်ပန်း ရောင်အစင်း များ ၊ အခြား ရောင်စုံအစင်း များ ကို ဖော်ထား သည့်အဆင်များ ဖြစ်သည်။ အချို့မှာ အောက်ခံအနက်သို့မဟုတ်ခရမ်း ရင့်ရောင် ပေါ်တွင်တဖွာခန့်စီခြား ၍ ပန်းရောင်အစိမ်း ရောင်အစင်း တို့ကိုကန့်လန့်ဖော်ထား သည်။ အနား တွင်မူ မနောတိုင်အမြိတ်တို့ကို ကောင်လိုက် ဖော်ထား သည်။ ခေါင်း တွင်မူတ ထောင် ခန့်ကျယ်ပြီး နှစ် ထောင်ခန့်ရှည် သော ပိုး ခေါင်း ပေါင်း ကိုပတ် ပေါင်း လေ့ရှိကြသည်။ ရင်ဘတ်တွင်မူအကျယ်တစ် ထောင်၊ အရှည် လေး ထောင်ခန့်ရှိ သောရင်စည်း ကို အင်္ကျီအပေါ် မှစည်း ထား တတ်ကြသည်။ ဆံပင်ကိုမူအရှည်ထား ကသနည်း မျိုး မုံ့ထုံးဖွဲ့တတ်ကြသည်။

ဂျိန်ဖော့အမျိုး သမီး တို့သည်လက်ဝတ်တန်ဆာအနေဖြင့် ငွေလက် ကောက်ကြီး ကိုဝတ်ဆင်ကြသည်။ အသက်အရွယ်ကြီး သောအမျိုး သမီး များ သည် နား တွင်ကြီး မား သောပယင်း နား ငှောင်း ကြီး ကိုပန်ဆင်ကြသည်။ ရှေး ခေတ်ဂျိန်ဖော့အမျိုး သား ၊ အမျိုး သမီး တို့သည်အသက် ၁၂ – ခန့် လောက်တွင်နား ဖောက်ရ သော ဓလေ့ရှိခဲ့သည်။ အကယ်၍နား မဖေါက်မီသေဆုံးပါက သေလွန်သည့်အခါ လမ်း မှား သို့ ရောက်တတ်သည်ဟုအယူရှိ လေသည်။ လည်ပင်း တွင်မူတွင်း ထွက်ပုတီး လည်ဆွဲကိုဆင်မြန်း ကြသည်။ ပြွတ်း စေ့များ သည် နောက်ပိုင်စလည်ကုတ်တွင် သေး ပြီး ရင်ဘတ် ဖက်သို့တ ဖြေး ဖြေး ကြီး လာသည့်လည်ဆွဲမျိုး ဖြစ်သည်။ ပုတီး စေ့များသည် ဒေသထွက်ကုန်ပစ္စည်း များ ဖြစ်သည်။ ကြိဂံ ဒေသအတွင်း ရှိ <u>ကကျီထူ</u>[၁] (လည်ဆွဲ တူး ) ဒေသမှထွက်သည်။ ယင်း ကုန်ကြမ်း ပုတီး စေ့များ သည်အ ပေါက်ပါပြီး သား ဖြစ်သည်။ ဂျိန်ဖော့တို့ကအကြီး အ သေး အရွယ်အစား အမျိုး မျိုး ကိုပြုပြင်ယူရုံ သာ ဖြစ်သည်။ ရှေး ခေတ်အမျိုး သမီး တို့ကအမြဲတမ်း ဆင်မြန်း ကြ သော်လည်း ယခု ခေတ်တွင်မူ ရှေး ဆန် သောအမျိုး သမီး အချို့လောက်သာ ပွဲလမ်း သဘင်များတွင် ဆင်မြန်း ကြသည်။

ဂျိန်ဖော့အမျိုး သမီး များ သည် ၄င်း တို့သွား လေရာသို့ခြင်း (ပလိုင်း )အမြဲတ စေလွယ်သွား လေ့ရှိသည်။ ယက်လုပ်ထား သောကြိုး ဖြင့် ခေါင်း ပေါ်တွင်ချိတ်လွယ်ပြီး ခြင်း ကို ကျော နောက်တွင်ထား ကြသဖြင့် နောက်လွယ် ခြင်း ဟု ခေါ်ကြသည်။ ဂျိန်ဖော့ဘာသာစကား ဖြင့် `က `ဟု ခေါ် သောခြင်း ကိုအ မြဲ

၁။ Kachyi Htu

လွယ်ထားသူများဖြစ်၍ ကချင်းကိုလွယ်သူများဟု ခေါ်ရာမှသည်ကချင်လူမျိုးဟူ၍ ပြောင်းလဲခေါ်ဝေါ်လာသည်ဟုပင်ဆိုကြသည်။

အရွယ်ရောက်ပြီး စဉ်ယောကျ်ားလေးသည်ဆံပင်ကိုခဝ်တိုတိုသာထားလေ့ရှိကြသည်။ အဖြူရောင်ရှပ်အင်္ကျီလက်တို၊ လက်ရှည်တို့ကိုလုံချည်အရောင်အမျိုးမျိုးဖြင့်တွဲဖက်ဝတ်ဆင်ကြသည်။ သို့သော်အများအားဖြင့်အနက်ရောင်လုံချည်ကိုပို၍ဝတ်ဆင်ကြသည်။ မြောက်ပိုင်းသား ဂျိန်ဖေါ့အမျိုးသားတို့ကလုံကွင်းကိုတိုတိုဝတ်ဆင်ကြပြီး တောင်ပိုင်းသားတို့ကလုံကွင်းရှည်ရှည်ဝတ်ကြသည်။ ခေါင်းပေါင်းကိုမူခဝ်ပါးပါး ပေါင်းကြသည်။

ဂျိန်ဖေါ့တို့နေထိုင်ရာဒေသသည် တောတောင်ထူထပ်ပြီး သားရဲတိရစ္ဆာန်ပေါများသော နေရာများတွင်အိမ်များဆောက်လုပ်ပြီး နေထိုင်ကြခြင်းကြောင့်အသက်အန္တရာယ်အတွက်စိုးရိမ်နေရသည်။ ထို့ကြောင့် တောင်ယာများခုတ်ထွင်ရန်နှင့်သားရဲတိရစ္ဆာန်များ၏ဘေးရန်မှကာကွယ်ရန်အတွက်ဓါး၊ လှံ၊ လေး၊ မြှား၊ သေနတ်များကိုအမြဲတစေတိုင်ဆောင်လေ့ရှိကြသည်။ သို့ဖြစ်၍ဂျိန်ဖေါ့အမျိုးသားတို့နှင့်ဓါးသည်ခွဲခြား၍မရလောက်အောင်တပူးတွဲတွဲဖြစ်နေသည်။ သားယောကျ်ားမွေးစကလေးများကိုပင်လွယ်အိတ်နှင့်ဓါးကိုလက်ဖွဲ့တတ်ကြသည်။ သွားရာနေရာတိုင်းသို့လက်နက်ကိုင်စွဲလေ့ရှိသည့်ဂျိန်ဖေါ့တို့၏ဓလေ့ကိုအခြားတိုင်းရင်းသားလူမျိုးများကလည်းနားလည်သဘောပေါက်ရပေမည်။

ရှေးခေတ်ဂျိန်ဖေါ့တိုင်းရင်းသားအုပ်ချုပ်သူ၊ အုပ်ချုပ်ခံလူတန်းစားအားလုံးသည်ဝတ်စားဆင်ယင်မှုတွင်တပြေးညီရှိကြောင်းသိရသည်။ ၎င်းတို့ဝတ်ဆင်ကြသောအဝတ်အထည်အားလုံးသည်၎င်းတို့ကိုယ်တိုင်ရက်လုပ်သောလက်ယက်ထည်များသာဖြစ်သည်။ ပွဲလမ်းသဘင်တို့တွင်ဝတ်ဆင်သော ကတ္တီပါစအနက်များ၊ ပိုးထည်များသည်ဝယ်ယူဆင်မြန်းကြသောအဝတ်အထည်များဖြစ်သည်။

ဖီးလိမ်းချယ်သမှုနှင့်ပတ်သက်၍ဦးခေါင်းပိုင်းတွင်အမျိုးသားရောအမျိုးသမီးပါဆံပင်ကိုသာအလေးထားပြုပြင်ကြပြီး ခေါင်းပေါင်းပေါင်းထားကြသည်။ မျက်နှာကိုမူတစုံတရာလိမ်းကျံခြင်း မရှိပဲပကတိအတိုင်းသန့်သန့်စင်စင်ထားတတ်ကြသည်။

ဂျိန်ဖေါ့တို့သည်သစ်ပင်မှရသောလျှော်မျှင်တမျိုးဖြင့်ယက်လုပ်သည့်အခင်းနှင့်စောင်တို့ကိုခင်းခြုံကြသည်။ ယခုထက်တိုင်အောင်အချို့မိသားစုများသည်ရှေးခေတ်လျှော်မျှင်အခင်း၊ စောင်တို့ကိုမြတ်မြတ်နိုးနိုးသိမ်းဆည်းထားကြသည်။ ရှေးခေတ်တောင်ပေါ်ဒေသနေဂျိန်ဖေါ့တိုင်းရင်းသားတို့သည်တိရစ္ဆာန်တို့မှရသောသားရေဖြင့်၎င်း၊ ဂုံလျှော်မျှင်တို့ဖြင့်လည်းကောင်းယက်လုပ်ထားသောဖိနပ်များကိုစီးကြသည်။

အချို့သောဂျိန်ဖေါ့တို့သည်၁၉–ရာစုပတ်ဝန်းကျင်တွင် မူရင်းနေထိုင်ရာမေခ၊ မေလိခမြစ်ညာအရပ်နှင့်ဖြိဂံဒေသတို့မှဟူးကောင်း၊ ထနိုင်း၊ ဗန်းမော်၊ ကသာ၊ မြစ်ကြီးနား၊ ရွှေကူဒေသများသို့ဆင်းသက်ပြောင်းရွှေ့နေထိုင်လာကြသည်။ ယနေ့တိုင်လည်းတဖြေးဖြေးပြောင်းရွှေ့ဆဲဖြစ်သည်။ ဝတ်စားဆင်ယင်မှုတွင်လည်း မိမိတို့ရောက်ရာဒေသအလိုက်ကွဲပြား၊

လာကြသည်ကို တွေ့ရသည်။

ဗန်း မော်၊ ကသာ ဖက်တွင်အခြေချ နေထိုင် သော ဂျိန် ဖော့ တို့သည် မိမိတို့၏ ပိုး ရာဝတ်စုံအဖြစ်သတ်မှတ်ထား သောအဝတ်အစား များ ရှိလိ သည်။ အမျိုး သား တို့သည်အလျား ၇– တောင်ခန့်နှင့်အနံတစ် တောင်ခန့်ရှိ သော အဖြတ်ပါသည့်ပိုး ရာအဆင်ကွက်ပိုး ခေါင်း ပေါင်း ကို ပေါင်း ကြသည်။ အဖြတ်သည် တထွာခန့်ရှည်လျား ပြီး ခေါင်း ပေါင်း ပေါင်း သောအခါ၎င်း ကိုလက်ကျာဖက် တွင်ထား ၍ ပေါင်း ကြသည်။ ခန္ဓာကိုယ်အထက် ပိုင်း တွင် ရှပ်အင်္ကျီအဖြူရောင်လက် ရှည်ကို ဝတ်ဆင်သည်။ ၎င်း အပေါ်၌ တိုက်ပုံအင်္ကျီအနက်သို့မဟုတ် မီး ခိုး ရောင်ကို ၎င်း ခန္ဓာကိုယ် အောက်ပိုင်း တွင်ရှမ်း ဘောင်ဘီကိုလည်း ကောင်း ဝတ်ဆင်ကြ သည်။ အမျိုး သား တို့သည်အဆင်တန်သာအဖြစ် ဓါး နှင့်လွယ်အိတ်ကိုလွယ်ထား ကြသည်

ဂျိန် ဖော့အမျိုး သမီး တို့သည် ဦး ခေါင်း ထက်တွင်အလျားနှစ် ပေခန့်ရှည်ပြီး အနံတစ် ပေဝက်ခန့်ရှိ သော နီ ရောင်သို့မဟုတ် နီညို ရောင်သိုး မွေး ချည်ဖြင့်ယက်လုပ်ပြီး စကြိုပုံ၊ ရှမ်း ဗတ်ပုံ ရောင်စုံတို့ကိုပုံ ဖော်ထား သည့် ခေါင်း ပေါင်း ကို ပေါင်း ကြသည်။ အပေါ် ဖက်အနား တွင်သိုး မွေး လုံး လေး များ ဖြင့်အနား သတ်ထား သည်။ ခန္ဓာကိုယ်အပေါ်ပိုင်း တွင်တရုတ်ပြည် ဖက်မှ ရ သောဂတ္တီပါအနက်စကိုရင် စေ့၊ လက်ရှည်၊ ခါး အထိကိုယ်အရှည် ချုပ်လုပ်ပြီး လည် ပင်း ပတ်ပတ်လည်တွင်ဒယ်အိုး ပုံ ငွေခွက်က လေး များကို တပ်ဆင်ထား ကြသည်။ ငွေခွက်က လေး အပိုင်း က လေး ၁၀၀–ခန့်ကိုလည်ပင်း ပတ်လည်တွင်၃– တန်း သို့မဟုတ်၄–တန်း စီတန်း တပ်ဆင်ထား ရာ ရှေ့ဖက်ရင်အလယ်ထိလည်း ကောင်း နောက်ဖက် ကျောလယ်အထိလည်း ကောင်း ၊ ပခုံး ပေါ်တွင်ပခုံး စွန်း နှစ် ဖက်ဖုံး မိသည်အထိလည်း ကောင်း ရှိနေသည်။ အောက်ဆုံး အတန်း ၌ရှိ သော ငွေခွက်အပိုင်း က လေး များ အောက်တွင်မှ နှစ်လက်မခန့်အရှည်ရှိ သော ငွေ ချောင်း က လေး များ ကို ငွေခွက်နှင့်ကပ်လျက်တွင် နှစ် ချောင်း ၊ နှစ် ချောင်း အောက် တွင်သုံး ချောင်း ၊ သုံး ချောင်း အောက်တွင် လေး ချောင်း အဆင့်၃–ဆင့်တွဲ လွဲဆွဲထား သည်။ ကိုင်တွယ် သောအခါနှင့်ဝတ်ဆင်၍သွား လာလှုပ်ရှား သောအခါ ငွေဆွဲလွဲအသံများ တချွင်ချွင်မြည် နေကြသည်။ ငွေခွက်က လေး များ အောက်ရင် စေ့အင်္ကျီ၏တ ဖက်တချက်တွင်ပန်း ကနုတ်များ ဖော်ထား သော ငွေပြား ၃–၄ ပြား စီခန့်ကိုတပ်ဆင်ထား သည်။ ငွေခွက်နှင့် ငွေပြား များ ကိုတပ်ဆင်ရာ– တွင်အပေါက်ငယ်များ ဖေါက်ပြီး ကြိုး ဖြင့်ချုပ်ကပ်ထား ခြင်း ဖြစ်သည်။ ထမီမှာ အလျား ၄ တောင်ခန့်နှင့်အနံတစ် တောင်ခန့်ရှိ သော ရင်ခွဲထမီဖြစ်သည်။ ဂျပ် ခုံယက္ကန်း မျိုး ဖြင့်ယက်လုပ် သောအလွန်ယုထည်း သည့်သိုး မွေး ထမီဖြစ်သည်။ အနီ ရောင်သို့မဟုတ် နီညို ရောင်များ ဖြစ်ပြီး ရှမ်း ဗတ်ပုံအကွက်များ ၊ ချိတ်များ ဖြင့်ပုံ ဖော်ယက်လုပ်ထား သည်။ အနား တွင်မနောတိုင်အဖြတ်များ ပါရှိသည်။ မနော ပွဲများ ကျင်း ပ သောအခါတူထား သည့်တိုင်တွင်ပုံ ဖော် ရေး ဆွဲထား သော ဒီဇိုင်း များ ကိုပုံ ဖော်ယက်လုပ်ထား သောအဖြတ်များ ဖြစ်သည်။ ထမီသည်ဒူး ဆစ်ဖုံး ရုံသာအရှည်ရှိပြီး ယာဖက်သို့ဖုံး ကာ ခါး စည်း ကြိုး ပတ်စည်း ၍ဝတ်ဆင် ရသည်။ ခြေသလုံး တွင် ခေါင်း ပေါင်း ၊ ထမီယက်လုပ်သည့် ချည်အ ရောင်အ သွေး မျိုး ဖြင့်ပင်ယက်လုပ်ထား သော ဒူး ဆစ် အောက်မှ ခြေမျက်စိထိ စွပ်ဝတ်ရ သော

ခြေသလုံး စွပ်ကိုစွပ်ရသည်။ အောက်အနား ခြေမျက်စိပတ်ပတ်လည်တွင်သိုး မွေးလုံး လေး များ ဖြင့်အနား သတ်ထား သည်။

ထိုဂျိန်ဖော့အမျိုး သမီး တို့သည်အဆင်တန်ဆာအဖြစ် လည်ပင်း တွင်နှစ်လက်မခန့်ရှိ သော ငွေ ချောင်း ဆွဲလွဲ လေး များ ပါသည့် ငွေလည်ဆွဲကိုလည်း ကောင်း ၊ ပယင်း ပုတီး ကိုလည်း ကောင်း ၊ ငါး ကျပ်သား အထက် အလေး ချိန်ရှိပြီး နှစ်ပေခန့်ရှည် သော ငွေလုံး ချော ချွေကိုလည်း ကောင်း ဆွဲစွပ်ထား ကြသည်။ လက်နှစ်ဖက်တွင်ကြီး မား ထူထည်း သော ငွေလက် ကောက် ကြီး ကိုဝတ်ဆင်ကြသည်။ အင်္ကျီ အောက်ထပ်အပေါ်ခါး တွင်မူအချင်း ၀.၁စင်တီမီတာခန့်ရှိ သောကြိမ် ခွေငယ် ၁၀၀ ခန့်ကိုစွပ်ထား သည်။ ထို့ပြင်အကျယ် ၁စင်တီမီတာခန့်ရှိ သောကနုတ်ပန်း ပွင့်များ ဖော်ထား သည့်ကြိမ်ပြား ၅ – ခွေကိုလည်းစွပ်ထား သည်။ ၄င်း ကြိမ် ခွေကိုသစ်စေး အနက်သုတ်ထား သဖြင့်မည်း နက် ပြောင်လက် နေသည်။ ဒူး ဆစ် အောက် ခြေသလုံး တွင်လည်း ခြေသလုံး စွပ်အပေါ်မှ၄င်း ကြိမ် ခွေလုံး မျိုး တဖက်လျှင်၅၀ – ခန့်ကိုဝတ်ထား သည်။

ရောဝတီမြစ်ညာအရပ်ဖြစ် သော ခရူး ဒေသတွင် နေ ထိုင် သော ဂျိန်ဖော့အမျိုး သား တို့သည်အဖြူရောင်ရှပ်အင်္ကျီလက်ရှည် ပေါ်တွင်တိုက်ပုံ အင်္ကျီအနက်ကိုဝတ်ဆင်ကြသည်။ ဂျပ်ခုတ်ယက္ကန်း မှထုတ်လုပ်လိုက်သည့်ပိုး ဂါအ ကွက် များ ဖော်ထား သော ချည်လုံချည်နှင့်တွဲဖက်ဝတ်ဆင်ခြင်း ဖြစ်သည်။

ခရူး အမျိုး သမီး တို့သည် ခေါင်း တွင်ပိုး သို့ မဟုတ်ချည် ထည် ဖြင့်ယက်လုပ်ထား သော အလျား ၄ – ၅ ထောင်နှင့်အနံတစ် ထောင်ခန့်ရှိ သည့် ပန်း ရောင်သို့မဟုတ်အဖြူရောင် ခေါင်း ပေါင်း ကို ပေါင်း ကြသည်။ အင်္ကျီသည်ရင် စေ့လက်ရှည်ကတ္တီပါအနက် ရောင်ဖြစ်ပြီး ရှေး ခေတ်ဗြိတိသျှငွေဒင်္ဂါး ပြား များ ကိုလည်ပင်း ပတ်ပတ်တွင် ၃ – ၄တန်း စီထား ကြသည်။ ငွေဒင်္ဂါး တွင်း အပေါက် များ ဖေါက်ကာကြိုး များ ဖြင့်ချုပ်ကပ်ထား ခြင်း မျိုး ဖြစ်သည်။

ထမီမှာရိုးရိုးလေး တောင်ကွင်း ထမီဖြစ်သည်။ ဂျပ်ခုတ်ယက္ကန်း ဖြင့်ယက်လုပ်ထား သော ချည်ထည်ဖြစ်ပြီး အနက် ရောင်သို့မဟုတ်ခရမ်း ရောင် ပေါ်တွင်တထွာခန့်စီခြား ၍အနီ၊ ပန်း ရောင်နှင့်အစိမ်း အစင်း များထည့် ကာယက်လုပ်ထား သော ထမီဖြစ်သည်။ ၄င်း ကိုလည်း ခါး နှင့် ခြေသလုံး တွင်ကြိမ် ခွေများ ဝတ်ဆင်ကြသည်။ အမျိုး သမီး များ သည် ခေါင်း တွင်အလျား ၄ – ၅ – ထောင်နှင့်အနံတစ် ထောင်ခန့်ရှိ သော ချည် ခေါင်း ပေါင်း အနက်ကိုပတ် ပေါင်း ထား ကြသည်။ အင်္ကျီမှာလက် မောင်း ရင်း အထိသာအရှည်ရှိပြီး ခါး အထိရှည် သော ရင် စေ့ဂျပ်ခုတ်ယက္ကန်း ထည်ဖြစ်သည်။ ရင် စေ့တဖက်တချက်တွင်ဒင်္ဂါး ပြား ၃ – ၄ပြား စီကိုစီတန်း ၍ ၄တန်း ၊ ၅တန်း ခန့် သော်လည်း ကောင်း ၊ ကြက် ခြေ ခတ်ပုံသဏ္ဍာန်စီတန်း ၍ သော်လည်း ကောင်း တပ်ဆင်ထား ကြသည်။ ထမီမှာ ရိုး ရိုး လုံကွင်း ဖြစ်ပြီး အနက်သို့မဟုတ်ခရမ်း ရင့် ပြောင်နှင့် အောက် ဖက်တွင်ချိတ် ဒီဇိုင်း အမျိုး မျိုး ဖော်ကာယက်လုပ်ထား သော တစ် ထောင်ခန့်ရှိသည့်အ ပိုင်း နှစ်ခုကိုဆက်ထား သော နှစ်နံစပ်ထမီဖြစ်သည်။ လည်ပင်း တွင်ပယင်း ပုတီးများ ကိုဆွဲကြသည်။

ယနေ့အင်ဂျန်ဒုံကျေး ရွာ နေ သူတို့သည်ဆွမ်ပရာဘွမ်၊ဆော

ခေါင်၊ ချိုဖွေ၊ အင်ဂျန်းယန်၊ ဗန်းမော်၊ အင်ဂျန်ယန်၊ ရွှေကူ၊ တနိုင်းခ၊ ပူတာအို၊ စသည့်ကချင်ပြည်နယ်၏ ဒေသအသီးသီး မှလာရောက် နေထိုင်ကြသည့်အားလျော်စွာပင် ရာဝတ်စားဆင်ယင်မှုသည်လည်း အမျိုးမျိုး ပင်ဖြစ်သည်။ အထူးသဖြင့် ထိမ်းမြားမင်္ဂလာပွဲ၊ မနောပွဲ၊ ထောင်ကာပွဲနှင့်အခြား ပွဲလမ်းသဘင် အခမ်းအနားများ တွင်ဂျိန်ဖော့တို့သည်မြစ်ကြီးနား၊ ဗန်းမော်ဖက်မှ ဝတ်ဆင်ကြသောဝတ်စုံကိုအမျိုးသား ဝတ်စုံအဖြစ်ဆင်မြန်းကြသည်။ ဘုရားကျောင်း တက်သည့်နေ့များ တွင်မူအများအားဖြင့်အမျိုးသား ရော၊ အမျိုးသမီး ပါအဖြူရောင်အင်္ကျီနှင့်မြစ်ညှာအရစ်၏ပင်ရင်ဝတ်စုံများ ဖြစ်သောလုံချည်ပါး တို့ကိုဝတ်ဆင်ကြသည်။

အများအားဖြင့်အမျိုးသားတို့သည်ရှပ်အင်္ကျီ ရောင်စုံ၊ စပို့ရှပ်ရောင်စုံ၊ တီရှပ်ရောင်စုံ၊ ဒီဇိုင်းစုံကိုလည်းကောင်း၊ တိုက်ပုံအင်္ကျီ နှင့် တွတ်အင်္ကျီကိုလည်းကောင်း၊ ဒေသထွက်ကချင်လုံချည်ကွင်းကိုလည်းကောင်း၊ ပြည်တွင်း ပြည်ပမှရသောလုံချည်ကွင်းကိုလည်းကောင်း၊ ဘောင်းဘီရှည်ကိုလည်းကောင်းဝတ်ဆင်ကြသည်။ အမျိုးသမီးကြီးများသည်ရင်ဖုံး ရင်စေ့အင်္ကျီလက်တိုလက်ရှည် ရောင်စုံ၊ ဒီဇိုင်းစုံကိုလည်းကောင်း၊ ဒေသထွက်ကချင်ထမီကိုလည်းကောင်း၊ ပြည်တွင်းပြည်ပမှရသောထမီမျိုးစုံကိုလည်းကောင်း ပြည်မမှအခြားမြန်မာအမျိုးသမီးများကဲ့သို့ပင်ဝတ်စားဆင်ယင်သည်။ လုံမငယ်များလည်း ထိုနည်းအတိုင်း ပင်ခေတ်အဝတ်အစားများကိုသာဝတ်ဆင်ကြသည်။ အမျိုးသားများသည် သွားလေရာသို့ဓါးလွယ်ခြင်း မျိုးမပြုကြတော့ပေ။ အမျိုးသမီးများသည်လည်း စက်ဘီးများ၊ မော်တော်ဆိုင်ကယ်များဖြင့်သွားကြသည်ဖြစ်ရာသွားလေရာသို့ ခြင်းလွယ်သည့်အလေ့အထလည်း ရှားပါးလာတော့သည်။ အဆင်တန်ဆာအဖြစ်ယနေ့ခေတ်အတိုင်း ရွှေဖြင့်ပြုလုပ်သောဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်တို့ကိုအများဆုံးဝတ်ဆင်နေကြသည်။

## (ဂ)(၃) စားသောက်ပုံ

ဂျိန်ဖော့တို့၏အဓိကအစားအစာမှာထမင်းနှင့်ဟင်း ဖြစ်သည်။ ရှေးခေတ်တောင်ပေါ်ဒေသနေဂျိန်ဖော့တို့သည်မနက်စာ၊ နေ့လည်စာ နှင့်ညစာဟူ၍တရက်လျှင်ထမင်းသုံးနပ်စားကြသည်။ မနက်စာကိုနံနက်မိုးမလင်းမီယ၍ ချက်ပြုတ်ပြီး မိုးလင်းသည်နှင့်စားသောက်ကြသည်။ စားသောက်ပြီးပါကလုပ်ငန်းခွင်အသီးသီးသို့ဝင်ကြပြီး မွန်းတည့်ချိန်တွင်အနားယူကြသည်။ အနားယူချိန်တွင် နေ့လည်စာထမင်းကိုစားကြသည်။ စားသောက်ပြီး လျှင် နေဝင်သည်အထိလုပ်ငန်း ဆောင်တာတို့ကိုဆက်လက်လုပ်ကိုင်ကြသည်။ နေဝင်ချိန်တွင်ကိုယ်လက်သန့်စင်ကာညစာထမင်းကိုစားသောက်ကြသည်။

ဂျိန်ဖော့တို့စားသောက်ကြသောအဓိကဆန်မှာမသလေးဆန် ပုလဲဆန်အစရှိသည့်တောင်ယာဆန်များဖြစ်သည်။ ဟင်းလျာအဖြစ် တောင်ယာတွင်စိုက်ပျိုး သောပိန်းဥ၊ မြောက်ဥ၊ ပလောပီနံဥ၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ သခွါးသီး၊ ဗုံလုံသီး၊ ကြက်ခဝဲသီး၊ ငရုတ်သီး၊ မုံညှင်း၊ ဘူးသီး၊ ပြောင်းဖူး စ

သည်တို့ကို အမဲလိုက်၍ရသော အမဲ၊ ငါး စသည်တို့နှင့် ရောနှော၍ ချက်ပြုတ်စား သောက်ကြသည်။ တောင်ပေါ်နေ ဂိုန်ဖော့တို့သည်အသား ငါး နှင့်ဟင်း သီး ဟင်း ရွက် ငရုတ်သီး ထောင်း၊ ဟင်းချိုရည် စသည်တို့နှင့်ထမင်း ကို စား သောက်ကြသည်။

ရှေး ခေတ်က ချက်ပြုတ်ရာတွင် ဒေသထွက် မြေအိုး များ ကို လည်းကောင်း၊ ကျောက်ယွင်း အိုး များ ကိုလည်း ကောင်း အသုံး ပြုကြသည်။ နောက် ပိုင်းတွင်တရုတ်ပြည်မှ ရသော သံဒယ်အိုး များ ဖြင့်ချက်ပြုတ်စား သောက် လာကြသည်။ ထမင်း ဟင်း ချက်ရာတွင်လည်း ကောင်း၊ အရက် ခေါင်ရည် ချက်ရာ တွင် လည်းကောင်း၊ သံဒယ်အိုး များ ကိုအသုံး ပြုကြသည်။ ရှေး ခေတ် တောင်ပေါ် ဒေသနေ ဂိုန်ဖော့တို့ သည်ဟင်း လျာများ ကိုချက်ပြုတ်ရာတွင်ဆီလုံး ဝမသုံး ပဲ (ဆီဟူ၍ မရှိသေး၍) ဒေသထွက်သား ဖြင့်သာ ချက်ခြင်း၊ ပြုတ်ခြင်း၊ ပေါင်း ခြင်းတို့ကိုပြုကြသည်။

တောင်ပေါ် ဒေသ နေဂိုန် ဖော့တို့သည်ထမင်း ကိုဝိုင်း ဖွဲ့ စားသောက်ကြခြင်း မပြုကြ ပေ။ ချက်ပြုတ်ပြီး စီး ပါကငှက်ပျောဖက်၊ တောင် စဉ့်ဖက်တို့ဖြင့်တစ်ယောက်လျှင်တထုတ်နှုန်း ထုတ်ကာခြင်း လောင်း ထဲတွင်ထည့်ထား သည်။ ဟင်း ကိုလည်း ထိုနည်း အတိုင်း ဖက်ဖြင့်ထုတ်ကာထည့်ထား သည်။ ဟင်း ရည် ကိုမူ ဝါးကျည် ထောက် ခွက် များ တွင်ထည့် သောက်ကြသည်။ နှမ်း အဖြစ်ငှက် ပျော ရွက်ကိုတန် ဘော့ပုံသဏ္ဍာန်ပြုလုပ်၍လည်း ကောင်း၊ ဝါး ဖြင့်ပြုလုပ်ထား သော ဝါးဇွန်း ကို သော်လည်း ကောင်း အသုံး ပြုကြသည်။ ဗိန်း ဥ နှင့် တောင်ယါများ တောင် ပေါ် ဒေသများ တွင်သဘာဝအ လျောက် ပေါက် သော ကန်ဇင်းရွက် ဟင်း ချိုသည်ဂိုန် ဖော့တို့၏ မပျိုး မသိ နိုင် သော ဟင်း ချိုရည်ဖြစ်သည်။ ယမင်းဟင်းလျာ အား လုံး ချက်ပြုတ်ပြီး စီး ချိန်တွင် စား သောက်လိုသူက စား သောက်လိုချိန်တွင် တယောက် တနေရာ စီ စား သောက်ကြသည်။ ဗိမ်တွင် ဧည့်သည် ရောက် နေပါ က ဧည့်သည်အတွက်ထမင်း ဟင်း ထုတ် များ ကိုဧည့်သည်အိပ်သည့် ခေါင်း ရင်း တွင် ချထား ပေး လေ့ရှိသည်။ ယနေ့ထက်တိုင် အောင်ပင် ဝေး လံ ခေါင်သီလှသော နယ် စပ် တောင် ပေါ် ဒေသရှိအ ချို့သော ဂိုန် ဖော့တို့သည်ထိုကဲ့သို့ပင် ဖက်ဖြင့်ထုတ်ကာ စား သောက်ကြသည်။ ဂိုန် ဖော့တို့တွင်မစား ရဟု သတ်မှတ်ထား သောသား ငါး နှင့် ဟင်း သီး ဟင်း ရွက်၊ သစ်သီး ဝလံဟူ၍ မရှိ ပေ။ စား သောက်၍ ရသောအစား အစာ ဟူသ၍ အကုန် စား ကြသည်။ ထမင်း ဟင်း စား သောက်ရာတွင် ရှေး - ခေတ် မှ ယနေ့တိုင်အောင်လက်ဖြင့်သာ စား သောက်ကြသည်။

ဂိုန် ဖော့တို့သည်ဓာန်ကြမ်း ဖြင့်ချက် သော ခေါင်ရည်၊ အရက်တို့ ကိုလည်း ကောင်း၊ အောက်ဘွင်း ဖြင့်ချက်လုပ် သောက စော် ရှော်စ သောတို့ကိုလည်း ကောင်း သွား ရေစာအဖြစ်၊ ဆေး ဝါး အဖြစ်၊ ဧည့်ဝတ်ပြုစရာ အဖြစ် သောက် စား ကျွေး မွေး ကြသည်။ ရှေး ခေတ်ဂိုန် ဖော့တို့သည် ဆေး လိပ် သောက် သော အ လေ့အထ မရှိကြ ပေ။ ဆေး ရွက်ကိုသာ အမြဲမပြတ်ငုံဝါး ကြသည်။ ထို့ပြင် တောင် ပေါ် ဒေသ နေဂိုန် ဖော့အမျိုး သမီး တို့သည် ရှေး ခေတ်မှယ နေ့တိုင်ကွမ်း ဝါး လေ့ရှိကြသည်။ ၎င်း တို့၏ ကွမ်း ယာတွင်ထုံး၊ တောင် ပေါ် ဒေသရှိ ရှား ပင် မှ ရှား စေး (မြေပြန့်ရှား စေး နှင့်မတူ)၊ ကွမ်း သီး တောင့်အစိတ်က လေး များ ပါဝင်သည်။ ၎င်း တို့ကို ကဒေါ်နလာဝ်[၁] ခေါ် တောစပယ်ရွက်ဖြင့်ထုတ်

၁။ Kadawn Lap

တာဝါးကြသည်။

အင်ဂျန်ဒို့ကျေးရွာစတည်ထောင်စဉ်က ၎င်းတို့၏စားသောက်ပုံသည် ရှေးခေတ်တောင်ပေါ်ဒေသတွင် နေထိုင်စဉ်ကပုံစံအတိုင်းဖြစ်ကြောင်း သိရသည်။ သို့သော်လူနေမှုဘဝအလုံးစုံနှင့်တကွ စားသောက်ပုံသည်လည်း တဖြေးဖြေး ပြောင်းလဲလာရာယနေ့အင်ဂျန်ဒို့ကျေးရွာနေရှိန်ဖော့တို့ သည်ဆီကိုတွင်ကျယ်စွာအသုံးပြုနေကြသည်ကို တွေ့ရသည်။ တောင်ယာဆန်လယ်ဆန် တို့ကိုအလျင်သင့်သလိုစားသုံးကြသည်။ ဟင်းလျာအတော်များများကိုဆီ ဖြင့် ကြော်လှော်ချက်ပြုတ်ကြကြောင်း သိရှိရသည်။ ခေါက်ဆွဲ၊ မုန့်ဟင်းခါး နှင့်မြန်မာ မုန့်မျိုးစုံကိုလည်း ခုံမင်စွာစားသောက်ကြပါသည်။ နံနက်တွင်သားရေစာ မုန့် တစ်စုံတစ်ရာစားသုံးခြင်းဖြင့်လည်းကောင်း ၊ နေ့လည်တွင်သွားရေစာ စားသောက်ခြင်းဖြင့်လည်းကောင်း ၊ တစ်ရက်လျှင်ထမင်းနှစ်နပ်သာစား သောက်လာကြကြောင်း တွေ့ရှိရသည်။

အင်ဂျန်ဒို့ကျေးရွာနေရှိန်ဖော့တို့သည်ခရစ်ယာန်ဘာသာ ဝင်များဖြစ်သည်အားလျော်စွာအစားအသောက်များ မသုံးဆောင်မီ - ဘုရားသခင်ကိုပထမဦးစွာချီးမွမ်းဆုတောင်းသမှုပြုကြသည်ကို တွေ့ရပါသည်။ ၎င်းတို့တွင် ရှောင်ကျဉ်ရသည့်အစားအစာဟူ၍ မရှိဘဲအဟာရဖြစ်မည့်အစားအ သောက်မှန်သမျှကိုစားသောက်ကြသည်။ ကစော်၊ လှော်စာ၊ အရက်တို့ကိုလည်း ရိုး ရာအစားအသောက်အဖြစ်ခုံမင်စွာစားသောက်ကြသည်ကို တွေ့ရသည်။

# အခန်း ၂။

# လူမှုရေး

## (က) မိသားစုဖွဲ့စည်းနေထိုင်ပုံ

မိသားစုဆိုသည်မှာ ခင်ပွန်း၊ ဇနီး နှင့်ယင်းတို့မှ မွေးဖွါးသောသားသမီး အရင်းများသို့မဟုတ် မွေးစားသားသမီးများ ပါဝင်သော လူမှုရေးအစုငယ်တစုပင်ဖြစ်သည်။ အမိတဘက်၊အဖတဘက်၊ သားသမီးများ တဘက်သုံးဖက်ဆက်စပ်မှုရှိနေသည့်ထာဝရတြိဂံပုံသဏ္ဍာန်ဖြစ်နေသော မိသားစုသည်လူ့အဖွဲ့အစည်း၏အခြေခံလူမှုရေးအစုပင်ဖြစ်သည်။

ရှေးခေတ်မှယခုခေတ်တိုင်အောင်ရှိန်ဖေ့ာတို့သည်တမိသားစု တအိမ်ထောင်နှင့်တမျိုးနွယ်လုံးကို အိမ်ထောင် ခေါ် ထိန်ဂေါ်[၁] ဟု၍တမျိုးတည်းပေါင်းစုခေါ်ဝေါ်သည်။ အမိ၊အဖနှစ်ဦးနှင့်တကွယင်းတို့မှ ပေါက်ဖွားလာသောသားသမီး မိသားစုကိုထိန်ဂေါ်ဟု၍ ခေါ်သကဲ့သို့တအိမ်ထဲတွင် အတူတကွနေထိုင်ကြသောအမိအဖနှစ်ဦး၊ သားသမီးများ၊ ချွေးမများ သားမက်များ နှင့်မြေးများကိုလည်း ရှိန်ဖေ့ာတို့ကထိန်ဂေါ်ဟု၍ပင်ခေါ်ကြသည်။ အဖကိုးကွယ်သော ဂိုးရာနတ်တမျိုးတည်းကိုပူဇော်ပသကြသည့်အဖမှသား၊ မြေး ဆက်ခြေား၊ မြစ်ဆက်ခြေားတို့၏မိသားစုတမျိုးလုံးကိုလည်း ထိန်ဂေါ်ဟု၍ပင် ခေါ်ဝေါ်ကြသည်။

တမျိုးလုံးဟုဆိုရာတွင်တအိမ်တည်း၌အတူစုပေါင်းနေထိုင်ကြသောအမိအဖ၊ သားသမီး၊ ချွေးမနှင့်မြေးများလည်းဖြစ်နိုင်သည်။ ကျေးရွာတရွာတွင်အိမ်ထောင်ခွဲ၍နေထိုင်ကြသောအိမ်ထောင်စုများလည်း ပါဝင်နိုင်သည်။ အဖ၏ဂိုးရာနတ်တမျိုးတည်းကိုပူဇော်ပသသူများမှာတအိမ်တည်းတွင်နေထိုင်သည်ဖြစ်စေ၊ အိမ်ခွဲ၍တရွာတည်းတွင်နေထိုင်သည်ဖြစ်စေ၊ ရွာခွဲ၍တရွာစီတွင်နေထိုင်သည်ဖြစ်စေ၊ ဖခင်တဦးတည်းမှဆင်းသက်လာသူများဖြစ်၍ ၎င်းတို့အားလုံးကိုစုပေါင်းကာအမျိုးစုသို့မဟုတ်အနွယ်စုဟုခေါ်နိုင်သည်။ ထို့ကြောင့် အခြေခံအားဖြင့်ရှိန်ဖေ့ာလူမျိုးတို့၏လူမှုရေးစနစ် အသေးဆုံးအဖွဲ့အစည်းမှာ ဖသားစု[၂] အဖွဲ့အစည်းဖြစ်၍ဖသားစုအဖွဲ့အစည်းများကိုစုပေါင်းလိုက်ပါက အိမ်ထောင်စုကြီးများ ဖြစ်လာသည်။ ထိုအိမ်ထောင်စုများကိုပေါင်း၍မျိုးနွယ်တနွယ်ဟုခေါ်ကြသည်။

---

၁။ Htingaw　　　　　　　　၂။ Patrilineal group

အမိ၊ အဖနှစ်ဦး နှင့်တကွယင်း တို့မှ ပေါက်ဖွား လာသော သားသမီး များ ကိုမြန်မာတို့က မိသားစု ဟူ၍ ခေါ် ဝေါ် သော်လည်း ဂျိန်ဖော့တို့၏လူမှုဆက်ဆံရေး တွင် ဖခင်ဖြစ်သူကိုဦး စား ပေး သော ကြောင့် မိသား စု မဟုတ်ပဲ ဖသား စုဟူ၍ ခေါ် ဝေါ်ကြသည်။ ဖသား စုတစုတွင် ဖခင်ဖြစ်သူကအိမ်ထောင်ဦး စီး ဖြစ်သည်။ ဖသား စုတစုတွင် မိဘနှစ်ပါး တို့မှ ပေါက်ဖွား လာသော သား သမီး များ ပါဝင်ရာထိုသား သမီး များ အနက်သား များ သည်အရွယ်ရောက်သည့်တိုင် မိဘနှင့်အတူလက် ရည်တပြင်တည်း လုပ်ကိုင်စား သောက် နေထိုင်လေ့ရှိကြသည်။ သမီး မိန်း က လေး များ သည်အိမ်ထောင်ကျသည်နှင့်တပြိုင် နက်ခင်ပွန်း သည် နောက်သို့လိုက်ပါသွား ရသည်။ ထိုအခါဖသား စုအဖွဲ့ဝင်အဖြစ် မှရပ်စဲသွား တော့သည်။ သား ကြီး များ အဖို့ကား အိမ်ထောင်ကျ၍ မိဘနှင့်ခွဲကာအိမ်ထောင်သစ်တွင်အိမ်ထောင်ဦး စီး ဖြစ်လာကြ သော်လည်း မူလအိမ်ထောင်စုအဖွဲ့ဝင်အဖြစ်မှရပ်စဲသွား ခြင်း မရှိပေ။ နတ်ကိုး ကွယ်သူများ သည်ဖခင်၏ရိုး ရာနတ်ကိုပင်ဆက်လက်ပူဇော်ပသကာ ဖခင်၏မျိုး ရိုး ကိုဆက်လက်ခံယူကြသည်။ အငယ်ဆုံး သား ကမူအိမ်ထောင်ကျ သော်လည်း မိဘနှင့်ပင်ဆက်လက် နေထိုင်သည်။ ဖခင်ကွယ်လွန် သောအခါဖခင်၏မျိုး ရိုး နှင့်တကွ ဖခင်၏အရိုက်အရာကိုဆက် ခံကြသည်။ ဂျိန်ဖော့တို့တွင်မျိုး ရိုး မပျောက်ပျက် စေရန်ဆက်ခံကျင့်သုံး မှုသည်အရေးကြီး လှသည်။

မျိုး ရိုး အဆင့်သို့ ရောက် သောအခါဖသား စုအဆင့်မှအိမ် ထောင်စုသို့မဟုတ်မျိုး နွယ်စုအဆင့်သို့ ရောက်လာခဲ့သည်။ ဂျိန်ဖော့တစ်ဦး သည်မိမိတို့လူမျိုး အချင်း ချင်း အမျိုး စပ်ရာတွင် ဖသား စုအ နေဖြင့်မဟုတ် တော့ပဲအိမ်ထောင်စုသို့မဟုတ်မျိုး နွယ်စုအ နေဖြင့် ဆွေမျိုး စပ်ကြရသည်။ ဂျိန်း ဖော့လူမျိုး တို့ တွင် မရစ်၊ လထော်၊ လဖိုင်၊ အင်ခွန်၊ မရန်စသည့်အိမ် ထောင်စုသို့မဟုတ်မျိုး နွယ်စုများ ရှိသည်။ အရိုက်အရာ ခံယူ ရေး ဓလေ့ထုံး စံများ အရလူမျိုး အဆက် ပေါင်း များ လာ သောအခါအထက်တွင် ဖော်ပြခဲ့ သောအုပ်ချုပ်သူလူတန်း စား မျိုး နွယ်များ ပင်လျှင်အ ခြေစိုက်ရာ ဒေသကိုလိုက်၍လူတန်း စား ပြောင်း လဲလာခဲ့သည်။ ဥပမာ – နယ် မြေတခုသို့မဟုတ် ကျေး ရွာတရွာတွင် ဒူဝါအဖြစ်အုပ်စိုး နေသူသည် လဖိုင်အမျိုး အနွယ် ထဲမှဆင်း သက်လာသူဖြစ်ပါက နယ် မြေအတွင်း ရှိဒူဝါနှင့် ဆွေမျိုး နီး စပ်ဆုံး လဖိုင်အနွယ်များ မှာဒူဝါမျိုး အုပ်ချုပ်သူလူတန်း စား များဖြစ်လာသည်။ ကျန်အနွယ်များ ဖြစ်ကြသည့်မရစ်၊ မရန်၊ လထော်၊ အင်ခွန်နှင့်ကျန်အနွယ်အား လုံး မှာအုပ်ချုပ်ခံလူတန်း စား အဖြစ်ရပ်တည်ကြရသည်။ ဂျိန်ဖော့တစ်ဦး အား မည်သည့်အနွယ်မှဆင်း သက်လာသည်ကို မေး မြန်း ကြည့်ပါက မိမိ၏ရိုး ရာ အနွယ်သုံး လေး ဆက်ကို ဖြေဆိုပြကြသည်။ ဥပမာ – လထော်မျိုး မှကဒေါ့ခေါ်အနွယ်တနွယ်ဆင်း သက်လာခဲ့သည်။ ထိုကဒေါ့အနွယ်မှလယောင်း ခေါ် အနွယ်တနွယ် ပေါ် ပေါက်ခဲ့ပြန်သည်။ ထိုအနွယ်မှ ဖွန်ရမ်း ခေါ်အညွန့်တညွန့် ဆင်းသက်ခဲ့ပြန်ရာ ဖွန်ရမ်ဂမ်အမည်ရှိဂျိန်ဖော့အမျိုး သား တစ်ဦး အား လယောင်းဂမ်ဟူ၍၎င်း ၊ ကဒေါ့ဂမ်ဟူ၍၎င်း ၊ လထော်ဂမ်ဟူ၍၎င်း ခေါ် ဝေါ် နိုင်ပေသည်။ အလား တူလဂနော်အမည်ရှိဂျိန်ဖော့အမျိုး သား တစ်ဦး ကိုအင်ခွန်နော်ဟူ၍လည်း ခေါ် နိုင်သည်။ အဘယ့်ကြောင့်ဆို သော်ထိုသူသည်အင်ခွန်အမျိုး မှဆင်း သက်လာသည့်လဂမျိုး နွယ်မှ ပေါက်ဖွား လာ သော ကြောင့်ဖြစ်သည်။ အနွယ်

ရှုသူတိုင်း ၊ မျိုး နွယ်တူသူတိုင်း ကိုဂျိန် ဖေ့တို့ကညီအကို မျိုး တုအသီးအမှတ်ပြုကာ ဆွေး ရင်း သား ရင်း ကဲ့သို့သဘောထား ကြသည်။ ရှေး ခေတ် ကောင်း ပေါ် ဒေသ ၊ ကျေး ရွာတရွာတွင်စု ပေါင်း နေထိုင်သူများ သည်အမျိုး တူ၊ အနွယ်တူ၊ ဆွေး တူ၊ သား တူများ ဖြစ်ကြသည်။ အနွယ်တူဖသား စုများ သည်တစုနှင့်တစုမိုင် ပေါင် း များ ရွာ ဝေး ကွာ း သော ကျေး ရွာများ တွင်တသီး တခြား စီ နေထိုင်ကြ သော် လည်း အနွယ်တူမှန်လျှင်တ ဆွေး တည်း တသား တည်း အိမ် ထောင်စုတစုတည်း ဖြစ် သည်တုယုံကြည်ကြသည်။ အ နေအထိုင် ဝေး ကွာ သော်လည်း တွေ့ဆုံ၍ ဆွေမျိုး စပ် သေိ အခါ ဆွေး ရင်း သား ရင်း များ ကဲ့သို့သ ဘောထား ကြသည်။ ဂျိန် ဖေ့လူမျိုး တို့ သည်အမျိုး အနွယ် စိတ် ဓါတ် ရင့်သန်သူများ ဖြစ်ကြသည်။

မိသား စုဖွဲ့စည်း ပုံနှင့်ပတ်သက်၍မနုဿဗေဒဘာသာရပ်တွင်–

(၁) <u>အခြေခံမိသား စု</u> [၁] သို့မဟုတ်ပျိုး ပျိုး မိသား စု

(၂) <u>တိုး ချဲ့မိသား စု</u> [၂]

(၃) <u>အိမ် ထောင်တွဲမိသား စု</u> [၃]

(က) <u>ဖခင်ဦး စီး သောအိမ် ထောင်တွဲမိသား စု</u> [၄]

(ခ) <u>မိခင်ဦး စီး သောအိမ် ထောင်တွဲမိသား စု</u> [၅]

(၄) <u>ထပ်တိုး မိသား စု</u> [၆]

(က) <u>မယား ပြိုင်ထပ်တိုး မိသား စု</u> [၇]

(ခ) <u>လင်ပြိုင်ထပ်တိုး မိသား စု</u> [၈] တု၍မိသား စုဖွဲ့စည်း ပုံ လေး မျိုး ရှိသည်။

ဂျိန် ဖေ့လူမျိုး တို့၏ဖသား စုတွင်အခြေခံမိသား စုများ ၊ဖခင် ဦး စီး သောအိမ် ထောင်တွဲမိသား စုများ ၊ မယား ပြိုင်ထပ်တိုး မိသား စုများ ကို တွေ့ရသည်။

(၁) အခြေခံမိသား စု

လူတို့သည်မလွန်ဆန်နိုင် သောဇိုမဆက်ဆံ ရေး သဘာဝတရား နှင့်

---

၁။ The Simple family

၂။ The extended family

၃။ The joint family

၄။ The patriarchal family

၅။ The matriarchal family

၆။ The compound family

၇။ The polygynous compound family

၈။ The polyandrous compound family

စီးပွားရေးသဘောတရားတို့ကြောင့် မိမိတို့အဖွဲ့အစည်းက ချမှတ်ပေးထားသော စည်းမျဉ်းများကိုလိုက်နာကျင့်သုံး၍ သော်လည်းကောင်း၊ အဆိုပါ စည်း မျဉ်းများကို လိုက်နာ ကျင့်သုံး၍သော် လည်းကောင်း၊ အဆိုပါစည်းမျဉ်းများ ကို ဖောက်၍ သော်လည်းကောင်း ဖိုမဆက်ဆံကာ သားသမီး ပေါက်ဖွား လျှပြီး သားသမီး၊ အမိ၊ အဖတို့စု ပေါင်း နေထိုင်ကြသည်။ ထိုအစုငယ်ကလေးသည် အခြေခံမိသားစုပင်ဖြစ်သည်။

ဂျိန်ဖေ့ဖသားစုမှ သားကြီးဖြစ်သူသည် အိမ်ထောင်ပြုသော အခါ နှစ်ဘက်မိဘတို့ ပေးလိုက်သည့်အမွေအနှစ်တို့ဖြင့်၎င်း၊ မိမိလုံ့လဝီရိယာဖြင့် ရှာဖွေထားသော ဥစ္စာပစ္စည်းတို့ဖြင့်၎င်း တအိုးတအိမ်ထူထောင်ကြသည်။ ထို မိသားစုတွင်အစဦး၌ လင်ကိုယ်မယားကိုယ်သာရှိပြီး တဖြေးဖြေး သားသမီး များပွားများလာသည်။ ထိုမိသားစုသည် ရိုးရိုးမိသားစုပင်ဖြစ်သည်။ ထို နည်းတူအငယ်ဆုံးသားမှတပါး အခြားသားများလည်း မိဘအိမ်ထောင်စုမှ ခွဲထွက်ပြီး ရိုးရိုးမိသားစုများ ထူထောင်နေထိုင်ကြသည်။ အင်ဂျန်ဒုံကျေးရွာ နေဂျိန်ဖေ့တို့သည်ထိုကဲ့သို့သော ရိုးရိုးမိသားစုကလေးများ အဖြစ်နေထိုင် ကြသည်ကို တွေ့ရသည်။

(၂) ဖခင်ဦးစီး သောအိမ်ထောင်တွဲမိသားစု

အချို့ဖသားစုမှ သားကြီးဖြစ်သူအိမ်ထောင်ပြုသောအခါမိသား စုမှခွဲထွက်မသွားပေ။ ထိုဖသားစုတွင် ဖခင်ကအိမ်ထောင်ဦးစီးဖြစ်သော် ငြားလည်း အဓိကစီးပွားရှာဖွေသူမှာသားကြီးဖြစ်ပါက ဖသားစုမှခွဲထွက် မသွားဘဲဖခင်ဦးစီးသောအိမ်ထောင်တွဲမိသားစုအဖြစ်တအိမ်တည်းတွင်အ တူတကွ နေထိုင်ကြသည်။ ထိုနည်းတူဒုတိယသား၊ တတိယသားနှင့်အငယ်ဆုံး သား အထိမခွဲထွက်ဘဲအတူတကွစုပေါင်း နေထိုင်ကြသောအိမ်ထောင်တွဲမိသားစု များ လည်းရှိသည်။ ရှေးခေတ်တောင်ပေါ်ဒေသတွင်ပေ ၁၀၀ မှ ၃၀၀ အထိ အရှည်ရှိသောအိမ်ရှည်ကြီးများ ဆောက်လုပ်ကာဖခင်ဦးစီး သောအိမ်ထောင် တွဲမိသားစုများ အတူတကွ နေထိုင်ကြကြောင်း သိရသည်။ ယခုခေတ်အင်ဂျန် ဒုံ ကျေးရွာတွင်ဖသားစုနှစ်ဦး၊ သုံးဦးခန့်ပါဝင်သောအိမ်ထောင်တွဲမိသား စုအနည်းငယ်မျှကိုသာ တွေ့ရှိရသည်။ အများအားဖြင့်မိဘများနှင့်အိမ်ထောင် မပြုသေး သောသားသမီးများ ပါဝင်သည့်ဖသားစုတစုနှင့်အငယ်ဆုံးသား၏ ဖသားစုတစုတို့ပါဝင်သောအိမ်ထောင်တွဲမိသားစုမျိုးကို တွေ့ရသည်။ ကျန်သား သမီးများကလည်း အိမ်ထောင်ပြုကုန်ပြီး မိဘများကလည်း ကွယ်လွန်ကုန်သော အခါအငယ်ဆုံးသား၏ဖသားစုသည် ရိုးရိုးဖသားစုဖြစ်သွားသည်။

ဂျိန်ဖေ့တို့၏ဖခင်ဦးစီး သောအိမ်ထောင်တွဲမိသားစု တွင်မိသားစုဝင်များ မည်မျှပင်တိုးပွားလာသည်ဖြစ်စေ၎င်းတို့အားလုံး ၏ဖခင်သည်သာအိမ်ထောင်စုဦးစီးဖြစ်သည်။ ဖခင်၏ကွပ်ကဲမှုအောက်တွင်တ စီးပွားတည်းစုပေါင်းလုပ်ကိုင်ကာအတူတကွတအိုးတည်းစားသောက်ကြသည်။ နောက်ပိုင်းတွင်တစီးပွားစီခွဲခြားလုပ်ကိုင်ပြီးစားအိုးခွဲစားကြများ လည်းရှိသည်။ ဖခင်ကွယ်လွန်ပါကအကြီးအကဲအဖြစ်သားကြီးကစီမံဆောင်ရွက်ပြီး အိမ်နှင့်တကွအမွေအနှစ်အားလုံးကိုမူသားထွေးကဆက်ခံသည်။

(၃) မယားပြိုင်ထပ်တိုးမိသားစု

ဂျိန်ဖော့မိသားစုတွင်သားသည် ယောကျ်ားလေးသည်ဖခင်၏အရိုက်အရာ၊ မျိုးနွယ်ကိုဆက်ခံရမည့်သူဖြစ်သဖြင့်အရေးပါလှသည်။ မိမိ၏ဇနီးမယားသည်သားယောကျ်ားလေးမမွေးဖွားပါက နောက်ထပ်ဇနီးမယားတယောက်ကိုထပ်ယူလေ့ရှိကြသည်။ ထိုအခါမယားပြိုင်ထပ်တိုးမိသားစုများဖြစ်လာသည်။ အချို့စည်းစိမ်ဥစ္စာကြွယ်ဝသူတို့သည်လည်းကောင်း၊ အရှိန်အဝါကြီးသော ဒူဝါမျိုးနွယ်တို့သည်လည်းကောင်း ပထမမယားကြီးတွင်သားများမွေးဖွားသော်လည်း နောက်ထပ်မယားထပ်ယူကြသည့်မျိုးလည်းရှိသည်။ ထိုအခါမျိုးတွင်လည်း မယားပြိုင်ထပ်တိုးမိသားစုများဖြစ်လာသည်။ အချို့သောသူတို့သည်မိမိ၏အကိုရင်း သို့မဟုတ်ညီရင်းသို့မဟုတ်ဝမ်းကွဲညီအကိုတယောက်ယောက်ဆုံးပါးသွားသောအခါ ကျန်ရစ်ခဲ့သော ၎င်းတို့၏ဇနီးမယားနှင့်သားသမီးများကိုကျွေးမွေးထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ဝတ္တရားရှိသည်ဖြစ်၍မယားနှင့်သားသမီးများအဖြစ်သိမ်းပိုက်ကြရသည်။ ထိုအခါမျိုးတွင်လည်း မယားပြိုင်ထပ်တိုးမိသားစုဖြစ်လာသည်။ အင်ဂျန်ဒုံကျေးရွာတွင်မယားပြိုင်ထပ်တိုးမိသားစုအနည်းငယ်ကိုသာတွေ့ရသည်။

(ခ) ဆွေမျိုးတော်စပ်ပုံစနစ်များ

မိခင်၊ ဖခင်နှင့်သားသမီးများစုပေါင်းဖွဲ့စည်းထားသောအခြေခံမိသားစုမှတဆင့်ဆွေမျိုးစုများဖြစ်ပေါ်လာရသည်။ ဆွေမျိုးစုသည်အခြေခံမိသားစုထက်ပိုမိုကျယ်ပြန့်သောအစုဖြစ်သည်။ မိသားစုမှဆွေမျိုးစု၊ ဆွေမျိုးစုမှမျိုးနွယ်စု၊ မျိုးနွယ်စုမှလူမျိုးစုများပေါ်ပေါက်လာကာလူ့အဖွဲ့အစည်းများဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဆွေမျိုးတော်စပ်ပုံနှင့်ပတ်သက်၍မနုဿဗေဒဘာသာရပ်တွင် –

(၁) <u>သွေးသားအားဖြင့်ဆွေမျိုးတော်စပ်ခြင်း</u>[၁]

(၂) <u>လက်ထပ်မှုဖြင့်ဆွေမျိုးတော်စပ်ခြင်း</u>[၂]

(၃) မွေးစားခြင်း၊ <u>ကလင်</u>[၃]အုပ်စု၊ <u>တိုတမ်</u>[၄] အုပ်စုတို့တွင်ပါဝင်ခြင်းအားဖြင့်ဆွေမျိုးတော်စပ်ခြင်းဟူ၍ ဆွေမျိုးတော်စပ်ပုံသုံးမျိုးရှိသည်။

ဂျိန်ဖော့လူမျိုးတို့သည်မရစ်၊ လဆော်၊ မဂေါင်၊ လဖိုင်၊ အင်ခွန်စသည်ဖြင့်မျိုးနွယ်များခွာရှိသည်။ အမျိုးအမည်အားဖြင့်မည်မျှပင်ကွဲပြားစေကာမူအိမ်ထောင်စုတစုနှင့်တစုသွေးသားတော်စပ်မှု၊ ဆွေမျိုးတော်

---

၁။ Kinship by blood

၂။ Kinship by marriage

၃။ Clans

၄။ Totem

စစ်မှုတွင်မျိုး ရိုး တူညီမှုကိုသာ မကလူမှုဆက်ဆံရေး ကိုပါအခြေခံသည်။ ၎င်း တို့တွင်ဆွေမျိုး တော်စပ်ပုံသုံး မျိုး ရှိသည်ကို တွေ့ရသည်။ ၎င်း တို့မှာ (၁) ညီအကို မျိုး (၂) ယောက္ခမမျိုး (၃) သား မက်မျိုး ဟူ၍ဖြစ်သည်။

မနုဿဗေဒ ရှုထောင့်မှကြည့်သော် ညီအကိုမျိုး သည် သွေးသား အားဖြင့် ဆွေမျိုး တော်စပ်ခြင်း တွင်လည်း ကောင်း၊ ကလင်အုပ်စုတွင်ပါဝင်ခြင်း အားဖြင့် ဆွေမျိုး တော်စပ်ခြင်း တွင်လည်း ကောင်း အကျုံး ဝင်သည်။ ယောက္ခမမျိုး နှင့်သား မက်မျိုး သည်လက်ထပ်မှုဖြင့် ဆွေမျိုး တော်စပ်ခြင်း တွင်လည်း ကောင်း၊ ကလင်အုပ်စုတွင်ပါဝင်ခြင်း အားဖြင့် ဆွေမျိုး တော်စပ်ခြင်း တွင်လည်း ကောင်း အကျုံး ဝင်သည်ကို တွေ့ရသည်။

(၁) ညီအကိုမျိုး

ညီအစ်ကိုမျိုး ကိုဂျိန်ဖော့ဘာသာစကား ဖြင့် ကဖူကနောင်နီ[၁] သို့မဟုတ် ဖူးနောင်နီ[၂] ဟုခေါ်သည်။ ညီအစ်ကိုမျိုး ဆိုသည်မှာ အဖ၊ အဖိုး၊ အဘေး စသည့်ပုဂ္ဂိုလ်များ ရှိသည့်အနက် ပုဂ္ဂိုလ်တစ်ဦး တည်း မှ ပေါက် ဖွား လာသူ ယောကျ်ား၊ မိန်း မအား လုံး သည်ညီအစ်ကို မောင်နှမများ ဖြစ်၍ ညီအကိုမျိုး ဟု ခေါ်သည်။

ဥပမာ–ဦး မရစ်လ၏သား များ ဖြစ်သူဦး မရစ်ဂမ်နှင့် ဦး မရစ်နော်တို့နှစ်ဦး မှ မွေး ဖွား လာ သောသား သမီး တို့သည်ညီအကိုမောင်နှမများ တော်စပ်ကြသည်။ ဦး မရစ်ဂမ်အ နေဖြင့်ညီဖြစ်သူဦး မရစ်နော်မွေး ဖွား ထား သောသား သမီး တို့ကိုသား သမီး ပင် တော်စပ်သည်။ ထိုနည်း တူဦး မရစ်နော်အ နေဖြင့်လည်း အကိုဖြစ်သူဦး မရစ်ဂမ် မွေး ဖွား ထား သောသား သမီး တို့ကိုသား သမီး ပင် တော်စပ်သည်။ သား သမီး များ အ နေဖြင့် မိမိတို့၏ ဖခင်အရင်း ကိုအဖေ၊ ဖခင်၏ညီအစ်ကိုတို့ကိုအဖေကြီး ၊ အဖေလတ်၊ အဖေငယ်၊ အဖေထွေး စသည်ဖြင့် ခေါ် ဝေါ် တော်စပ်ကြသည်။ ဂျိန်ဖော့တို့တွင်သား အဖ ဟုဆိုပိုင်း သား အဖအရင်း မဟုတ်ကြပေ။ အမျိုး သမီး များ လည်း ထိုနည်းအတိုင်း တော်စပ်ကြသည်။

ဥပမာ–ဦး မရစ်လ၏သမီး များ ဖြစ်သူ ဒေါ်မရစ်ကော့ နှင့် ဒေါ်မရစ်လုတို့နှစ်ဦး မှ မွေး ဖွား လာ သောသား သမီး တို့သည်လည်း ညီအစ်ကို မောင်နှမများ ပင် တော်စပ်ကြသည်။ သို့သော်ညီအစ်ကိုမှ မွေး ဖွား သော သား သမီး များ လောက်ညီအမက မွေး ဖွား သောသား သမီး တို့က မရင်း ချာပေ။ အဘယ့်ကြောင့်ဆိုသော် ဒေါ်မရစ်ကော့၏ ခင်ပွန်း နှင့် ဒေါ်မရစ်လု၏ ခင်ပွန်း တို့သည် မျိုး နွယ်ကွဲပြား ၍ဖြစ်သည်။ ဒေါ်မရစ်ကော့အ နေဖြင့်ညီ မ ဖြစ်သူ ဒေါ်မရစ်လု မွေး ဖွား ထား သော သား သမီး တို့ကိုသား သမီး ပင်

---

၁။ Kaphu Kangaw Ni

၂။ Hpungaw Ni

တော်စပ်သည်။ ဒေါ်မရစ်လုမှလည်း ထိုနည်းအတိုင်း ပင်တော်စပ်သည်။ သား သမီးများမှလည်း မိခင်အရင်းကိုအမေ၊ မိခင်၏ညီအစ်မများကိုအမေကြီး၊ အမေလတ်၊ အမေထွေး၊ အမေငယ်ဟု ခေါ်ဝေါ် တော်စပ်ကြသည်။

ထဖန်အထက်တွင် ဖော်ပြခဲ့သည့်ဦး မရစ်လ၏သားကြီး ဖြစ်သူဦး မရစ်ဂမ်နှင့်သမီး ဖြစ်သူ ဒေါ်မရစ်ကော့တို့မှ မွေးဖွားလာသော သားသမီးများ သည်အချင်းချင်း မောင်နှမများ အဖြစ်မတော်စပ်ကြတော့ ဘဲလက်ထပ်ထိမ်းမြားရသောအမျိုးများ ဖြစ်သွားသည်။ မနုဿဗေဒရှုထောင့် မှကြည့်သော်ဤစည်းမျဉ်းအရလက်ထပ်ခြင်းကို '<u>လင်တဲ့မောင်နှမမွေး၊ ဝမ်းတဲ့မောင်နှမများ လက်ထပ်ခြင်း</u>'[1] ဟုခေါ်သည်။ ဦး မရစ်ဂမ်၏သမီး နှင့် ဒေါ်မရစ်ကော့၏သား သည်ထိမ်းမြား ကြရမည်ဖြစ်ပေရာဦး မရစ် ဂမ် နှင့်ဒေါ်မရစ်ကော့မှ မွေးဖွား လာသောသား များ အချင်းချင်း သည် ယောက်ဖများ အဖြစ်၄င်း၊ သမီး များအချင်းချင်း သည် ယောက်မများ အဖြစ်၄င်း တော်စပ်ကြသည်။ ဤတွင်ဦး မရစ်ဂမ်၏သား က ဒေါ်မရစ်ကော့၏ သမီး ကိုလက်ထပ်၍မရပေ။

ညီအကိုမျိုး သည်တဖတည်း မှ မွေး ဖွား သောညီအစ်ကိုသား ချင်း များ သာမကအခြား အရပ်ဒေသတခုခုမှယခင်မမြင်ဘူး ကြသေး သော မျိုး နွယ်တူသူအချင်း ချင်း တွင်လည်း အကျုံး ဝင်သည်ကို တွေ့ရသည်။ ဥပမာ-မြစ်ကြီး နား မြို့တွင် နေထိုင် သောဦး မရစ်ဂမ်သည်အခြား ဒေသအသီး သီး တွင် နေထိုင်ကြ သောမရစ်မျိုး နွယ်အား လုံး နှင့်ညီအစ်ကိုမျိုး တော်စပ်သည်။ ထို့ကြောင့်ညီအစ်ကိုမျိုး သည် သွေး သား အား ဖြင့် သွေးမျိုး တော်စပ်ခြင်း တွင် လည်း ကောင်း ၊ ကလင်အုပ်စုတွင်ပါဝင်ခြင်း အား ဖြင့် သွေးမျိုး တော် စပ် ခြင်း တွင်လည်း ကောင်း အကျုံး ဝင်သည်။

(၂) ယောက္ခမမျိုး

ယောက္ခမမျိုး ကိုဂျိန်ဖော့ဘာသာစကား ဖြင့် <u>မယုနီ</u>[2] ဟုခေါ်သည်။ ဂျိန်ဖော့အမျိုး သား ဖြစ်စေ၊ အမျိုး သမီး ဖြစ်စေမိခင်ဘက် မှအမျိုး များ ၊ အဖွား ဘက်မှအမျိုး များ ၊ အဖိုး ၏မိခင်ဘက်မှအမျိုး များ အား လုံး ကို ယောက္ခမမျိုး ဟု ခေါ်သည်။ ဥပမာ-အထက်တွင် ဖော်ပြခဲ့ သည့် ဦး မရစ်လ၏သား ဖြစ်သူဦး မရစ်ဂမ်သည်မိခင်ဖက်မှမိခင်၏ အစ်ကို သို့ မဟုတ် မောင်၏သမီး ကိုလက်ထပ်ရသည်ဖြစ်ရာမိခင်ဖက်မှအစ်ကိုမိသား စုသို့ မဟုတ် မောင်မိသား စုသည်ဦး မရစ်လတို့၏ ယောက်ခမမျိုး များ ဖြစ်သည်။ လက်မထပ်ဖြစ်ခဲ့ သော်လည်း ယောက္ခမမျိုး တော်စပ်မြဲဖြစ်သည်။

---

၁။ Cross cousin marriage

၂။ Mayu ni

(၃) သားမက်မျိုး

သားမက်မျိုးကို ဂျိန်ဖော့ဘာသာစကားဖြင့် ဓါမနိ[၁]ဟု ခေါ်သည်။ မိမိ၏အနွယ်ထဲမှအမျိုးသမီးနှင့်လက်ဆက်သော ယောကျာ်း၏အမျိုးအနွယ်များကိုသားမက်မျိုးဟု ခေါ်သည်။ မိမိ၏သမီးနှင့်လက်ထပ်သူ၏အမျိုးများ၊ မိမိ၏နှမ၊ ဖခင်၏နှမ၊ အမများနှင့်လက်ထပ်သူ၏အမျိုးများ၊ အဖိုး၏နှမ၊ အစ်မများနှင့်လက်ထပ်သူအမျိုးများကိုသားမက်မျိုးဟု ခေါ်သည်။

ဥပမာ–အထက်တွင် ဖော်ပြခဲ့သည့်ဦးမရစ်ဂမ်သည် မိမိ၏သမီးဖြစ်သူအားမိမိ၏နှမသို့မဟုတ်အစ်မဖြစ်သူဒေါ်မရစ်ကော့၏သားနှင့်လက်ထပ်စေရသည်ဖြစ်ရာ ဒေါ်မရစ်ကော့၏ခင်ပွန်း ဖသားစုသည်ဦးမရစ်ဂမ်၏သားမက်မျိုးဖြစ်သည်။

ဂျိန်ဖော့တို့၏ဆွေမျိုး တော်စပ်ပုံကို အောက်ပါတြိဂံပုံအတိုင်း တွေ့ရသည်။




ဥပမာ–မရစ်၊ အင်ခွန်၊ လထော်တို့သည်မျိုးရိုးအားဖြင့် တြိဂံပုံအတိုင်း တော်စပ်ပြီး ကျန်ရှိသောအမျိုးများသည်၎င်း သုံးမျိုးအနက်တစ်ခုခုတွင်အကျုံးဝင်ပေမည်။ ထိုသို့ပါဝင်နေပါကမရစ်သည်အင်ခွန်၏ယောက္ခမမျိုး သော်၎င်း၊ အင်ခွန်သည်လထော်၏ယောက္ခမမျိုး သော်၎င်း၊ လထော် သည် မရစ်၏ယောက္ခမမျိုး သော်၎င်း တော်စပ်ကြသည်။ အပြန်အလှန်အားဖြင့်မရစ်သည်လထော်၏သားမက်မျိုးအဖြစ်၎င်း၊ လထော်သည်အင်ခွန်၏သားမက်မျိုး၊ အင်ခွန်သည်မရစ်၏သားမက်မျိုးအဖြစ်၎င်း တော်စပ်ကြသည်။




အထက်ပါနည်းတူမဂေါင်၊ မရန်၊ လဖိုင်တို့သည်လည်း တြိဂံပုံ

၁။ Dama ni

အတိုင်း တော်စပ်ကြသည်ရှိ သော်ပထမဗြိုဂံမှ မရစ်နှင့်ဒုတိယဗြိုဂံမှ မဂေါင် တို့သည်ညီအကို တော်စပ်ကြသည်။ ထို့နည်း တူအင်ခွန်နှင့်မရန်သည်လည်း ကောင်း ၊ လထော်နှင့်လဖိုင်သည်လည်း ကောင်း ၊ ညီအစ်ကိုမျိုး တော်စပ်ကြသည်။ ထို့ ပြင် မရစ်သည်မရန်၏ ယောက္ခမမျိုး နှင့်လဖိုင်၏သား မက်မျိုး အဖြစ်၎င်း ၊ မဂေါင်သည်အင်ခွန်၏ ယောက္ခမမျိုး နှင့်လထော်၏သမား မျိုး အဖြစ်၎င်း တော်စပ်ကြသည်။

ဤတော်စပ်ပုံနှင့်ဆက်ဆံပုံများ သည် ရှေး ခေတ် တောင်ပေါ်ဒေသမှယနေ့ခေတ်အင်ဂျန်ဒို ကျေး ရွာနှင့်အခြား ဒေသများ တွင်လည်း လက်ခံကျင့်သုံး ဆဲဖြစ်သည်။ ညီအကိုမျိုး ၊ ယောက္ခမမျိုး နှင့်သား မက်မျိုး တို့တမျိုး နှင့်တမျိုး ဆက်ဆံရေး တွင်လိုက်နာရမည့်စည်း မျဉ်း များ ရှိပေရာအင်ဂျန်ဒို ကျေး ရွာနေဂိန်ဖော့အား လုံး သည်တသွေမတိမ်း လိုက်နာကျင့်သုံး ကြသည်ကို တွေ့ ရသည်။ ဂိန်ဖော့အမျိုး သား တစ်ဦး သည် မိမိ၏သား မက်မျိုး (ခါမနီ) ထဲမှမည်သည့်မိန်း ကလေး နှင့်မှအိမ်ထောင်ဖက်ခြင်း ၊ တရား ဝင်လက်ထပ်ခြင်း မပြုနိုင်သည့်နည်း တူဂိန်ဖော့အမျိုး သမီး တစ်ဦး သည်လည်း မိမိ၏ ယောက္ခမမျိုး - (မယုနီ) ထဲမှမည်သည့် ယောကျ်ား နှင့်မှလက်ထပ်နိုင်ခွင့်မရှိပေ။

(ဂ) ဆွေမျိုးအခေါ်အဝေါ်[၁]

ဆွေမျိုး များ ၏အပြန်အလှန်ဆက်ဆံရေး များ တွင် ဆွေ မျိုး အခေါ်အဝေါ်သည်လည်း အရေး ပါအရာ ရောက် သောအချက်တခုဖြစ်သည်။ ဆွေမျိုး အခေါ်အဝေါ်သည် ဆွေမျိုး တို့၏အဆင့်အတန်း နှင့်ဂုဏ်ဒြဝ်ကိုညွှန်ပြသည်။ လူတစ်ဦး က မိမိ၏ ဆွေမျိုး တစ်ဦး အား ခေါ်သည့်အခေါ်အဝေါ်သည်ထိုသူကိုမည်သို့ဆက်ဆံရမည်ကိုညွှန်ပြ ပေး လျက်ရှိသည်။ ထို့အပြင် ဆွေမျိုး အခေါ်အဝေါ်တစ် မျိုးတည်း ဖြင့်အခေါ်ခံရသူအား လုံး သည် ခေါ်သူကယင်း တို့ကိုတန်း တူ ဆွေမျိုး အဆင့်တွင်ထား ၍ဆက်ဆံခြင်း ပြုရမည်ဟုသတ်မှတ်ထား သည်။ အဘယ့် ကြောင့်ဆိုသော် အဖွဲ့အစည်း တွင်ယင်း တို့သည်တူညီ သောအဆင့်အတန်း တွင်ပါဝင် နေ သော ကြောင့်ဖြစ်သည်။

မနုဿဗေဒပညာရပ်တွင် ဆွေမျိုး အခေါ်အဝေါ်နှင့်ပတ်သက်၍ -

(၁) တိကျအခေါ်အဝေါ်[၂]
(၂) တင်စား အခေါ်အဝေါ်[၃]
 (က) ဟာဝေယံအမျိုး အစား[၄]
 (ခ) ဆီနီကာအမျိုး အစား[၅] ဟူ၍ ခွဲခြား ထား သည်။

---

၁။ Kinship Terminology
၂။ Deseriptive terms
၃။ Classificatory terms
၄။ Hawaiian type
၅။ Seneca type

တိကျသော ခေါ်အဝေါ်ဆိုသည်မှာ လူတစ်ဦးသည် မိမိ၏ မိဘနှစ်ပါး ကိုသာ ဖေ၊ အမေဟု ခေါ်ပြီး ဤအခေါ်အဝေါ်မျိုး ကိုအခြား ဦးလေး၊ အဒေါ်၊ ဘကြီး၊ ကြီး တော်တော်စပ်သည့်မည်သူ့ကိုမှ ခေါ်ဝေါ်ခြင်း မရှိပေ။ ထို့နည်းတူ မိဘများ ကလည်း မိမိတို့၏သား သမီး အရင်း ကိုသာသား၊သမီး ဟုတိကျကျ ခေါ်ဝေါ်ပြီး တူ၊ တူမ တော်သူတို့ကိုတူ၊ တူမများ ဟု၍ ခွဲခြား ခေါ်ဝေါ်ခြင်း မျိုး ဖြစ်သည်။ မောင်နှမအရင်း နှင့်ဝမ်းကွဲ မောင်နှမတို့ကိုလည်း တိကျစွာ ခွဲခြား ခေါ်ဝေါ်သည်။ မောင်နှမအရင်း အချာတို့ကိုအကို၊ အမ၊ ညီ၊ မောင်ဟု၍ ခေါ်ဝေါ်ပြီး ဝမ်းကွဲ မောင်နှမတို့ကိုဝမ်းကွဲအစ်ကို၊ ဝမ်းကွဲ အစ်မ၊ ဝမ်းကွဲညီ၊ ဝမ်းကွဲ မောင်ဟု၍ ခေါ်ဝေါ်ခြင်း မျိုး ဖြစ်သည်။

တင်စား အခေါ်အဝေါ်ဆိုသည်မှာ သွေး ရင်း သားရင်း ဆွေမျိုး များ နှင့် သွေး သား ဝေး သော ဆွေမျိုး များ ကိုခွဲခြား ခြင်း မပြုပဲ ရောထွေး ခေါ်ဝေါ်ခြင်း မျိုး ဖြစ်သည်။ ဟာဝေယံအမျိုး အစား တွင်ဖခင်ဖက်မှဦး လေး၊ အဒေါ်များ နှင့်မိခင်ဖက်မှဦး လေး၊ အဒေါ်များ ကိုခွဲခြား ခေါ်ဝေါ်ခြင်း မပြုပေ။ ဦး လေး၊ အဒေါ်များ အား လုံး ကိုမိခင် ဖခင်တို့နှင့်တတန်း စား တည်း ထား ၍အဖေ၊ အမေဟု၍တင်စား ခေါ်ဝေါ်ကြသည်။ ဤသည်ကိုမနုဿဗေဒ ဝေါဟာရအား ဖြင့် <u>လိင်ကွဲသား ချင်း ဦး လေး၊ အဒေါ်များ</u>[1] ဟု ခေါ်သည်။

သီနီကာအမျိုး အစား မှာထိုသို့မဟုတ်ပဲဖခင်နှင့်လိင်တူ ညီအစ်ကိုများ ကိုသာ သွေး နီး စပ်သည်ဟုယူဆကာအဖေဟုတန်း တူ ခေါ်ဝေါ် ကြသည်။ ထို့နည်းတူမိခင်နှင့်လိင်တူညီအစ်မများ ကိုသာအမေဟု ခေါ်ကြသည်။ ဤ ခေါ်ဝေါ်မှုကိုမနုဿဗေဒ ဝေါဟာရအား ဖြင့် <u>လိင်တူသား ချင်း ဦး လေး၊ အဒေါ်များ</u>[2] ဟု ခေါ်သည်။

ဂျိန်ဖေ့လူမျိုး တို့၏ ဆွေမျိုး အခေါ်အဝေါ်ကို လေ့လာကြည့် သောအခါတိကျအခေါ်အဝေါ်အနည်း ငယ်နှင့်တင်စား အခေါ်အဝေါ်များ ရှိ ကိုသုံး နှုန်း ကြ ကြောင်း တွေ့ရသည်။ အထူး သဖြင့်သီနီကာတင်စား အခေါ်အဝေါ်ကိုသုံး နှုန်း ကြ ကြောင်း တွေ့ရသည်။

ညီအစ်ကိုမျိုး ကို လေ့လာကြည့် သောအခါသီနီကာတင်စား အခေါ်အဝေါ်များ ကိုသုံး နှုန်း ကြ ကြောင်း တွေ့ရသည်။ ဂျိန်ဖေ့တို့သည် ဖခင်၏ ညီအစ်ကိုတို့အား ဖခင်နှင့်လိင်တူချင်း ဖြစ်၍ ပို သွေး နီး သည်ဟုယူဆကာအဖေ ပင်တင်စား ခေါ်ဝေါ်ကြသည်။ ညီအစ်ကိုများ ကလည်း သား သမီး များ ဟု ပင် ခေါ်ကြသည်။ ထို့နည်းတူမိခင်နှင့်လိင်တူညီအမများ ကိုအမေဟုပင် ခေါ်ကြသည်။ ဖခင်၏အစ်မနှင့်ညီမများ ၊ မိခင်၏အစ်ကိုနှင့် မောင်များ ကိုမူထိုသို့မ ခေါ်ကြ ပေ။

တဖန် ယောက္ခမမျိုး နှင့်သား မက်မျိုး ကို လေ့လာကြည့် သောအခါ <u>လိင်ကွဲသား ချင်း ဝမ်း ကွဲ မောင်နှမများ</u>[3] ကိုလက်ထပ် စေသည်ဖြစ်ရာ

---

၁။ Cross- Uncles and Cross-Aunts

၂။ Parallel- Uncles and Parallel- Aunts

၃။ Cross - Cousins

လိင်တွဲဦး လေး ၊ အဒေါ်တို့သည် ယောက္ခမများ ဖြစ်လာကြသည်။ ဤတွင်သား သမီး တို့သည် ယောက္ခမများ တော်စပ်သော ဦး လေး ၊ အဒေါ်တို့ကို ယောက္ခမ၊ ယောက္ခထီး ဟု သောသီးနီကာတင်စား အခေါ်အဝေါ်ဖြင့် ခေါ်ဝေါ်ကြသည်။ ဂျိန်ဖော့လူမျိုး တို့တွင် ယောကျ်ား နှင့် မိန်း မတို့က ယောက္ခမ၊ ယောက္ခထီး တို့ကို ခေါ်ဝေါ်ပုံသည်တိကျကွဲပြား သည်ကို တွေ့ရသည်။ ယောကျ်ား ဖြစ်သူကဇနီး သည်၏ဖခင် ယောက်ခထီး ကို ကစာ[1] ဟုလည်း ကောင်း ၊ မိခင် ယောက္ခမ ကို ဂနီ[2] ဟုလည်း ကောင်း ၊ မိန်း မဖြစ်သူကခင်ပွန်း သည်၏ဖခင် ယောက္ခ ထီး ကို ကဂူ[3] ဟုလည်း ကောင်း ၊ မိခင် ယောက္ခမကို ကမွိုင်[4] ဟုလည်းကောင်း ခွဲခြား ခေါ်ဝေါ်ကြသည်။ ဂျိန်ဖော့ဘာသာစကား ဖြင့် ချွေး မကို ဂနမ်[5] ဟုလည်း ကောင်း ၊ သား မက်ကို ကခရိ[6] ဟုလည်း ကောင်း ခေါ်ဝေါ်ကြသည်။ ယောက္ခမ၊ ယောက္ခထီး ၊ ချွေး မနှင့်သား မက် ခေါ်ဝေါ်မှုတို့သည်အမှန်တကယ် တော်စပ်သည်ဖြစ် စေ၊ မ တော်စပ်သည်ဖြစ် စေလိင်တွဲသား ချင်း ဦး လေး ၊ အဒေါ်များ နှင့်လိင်တွဲသား ချင်း ဝမ်း ကွဲမောင်နှမများ အား လုံး တွင်အကျုံး ဝင်သည်။

ဥပမာ – ဦး မရစ်ဂမ်နှင့် ဒေါ်မရစ်ကော့တို့သည် မောင်နှမနှစ် ယောက်ဖြစ်ကြသော် ဦး မရစ်ဂမ် မွေး ထား သောသား သမီး များ အနက်သမီး တစ် ယောက်နှင့် ဒေါ်မရစ် ကော့ မွေး ထား သောသား သမီးများ အနက်သား တစ် ယောက်ကိုသာလက်ဆက် ပေး နိုင် ပေမည်။ သို့သော် ဒေါ်မရစ် ကော့ မွေး ထား သောသား သမီး များ အား လုံး သည်ဦး မရစ်ဂမ်၏ သား မက်များ အဖြစ်လည်း ကောင်း ၊ ဦး မရစ်ဂမ် မွေး ထား သောသား သ မီး အား လုံး သည်လည်း ဒေါ်မရစ် ကော့၏ ချွေး မများ အဖြစ်လည်း ကောင်း တော်စပ်သည်။ တော်စပ်သည့်အတိုင်း လည်း ခေါ်ဝေါ်သည်။

(မှတ်ချက်။ ။ သား မက်များ တွင်သမီး များ အကျုံး ဝင်သလို၊ ချွေး မ များ ဟုဆိုရာတွင်လည်း သား များ အကျုံး ဝင်သည်။ )

ဦး မရစ်ဂမ် + ( ဒေါ်အင်ခွန်ကော့ )   ( ဦး လထော်ဂမ် ) + ဒေါ်မရစ်ကျေ




၁။ Ka tsa

၂။ Gani

၃။ Kagu

၄။ Kamoi

၅။ Ganam

၆။ Kahkri

## ဆွေမျိုး အခေါ်အဝေါ်

| စဉ် | မြန်မာ | ဂျိန်ဖော့အသံထွက် | ဂျိန်ဖော့စာ |
|---|---|---|---|
| ၁ | အဖေ | ဂဝါ | |
| ၂ | အမေ | ဂနူ | |
| ၃ | အဖိုး (မိခင်၊ ဖခင်နှစ်ဖက်စလုံး) | ဂဂျီ | |
| ၄ | အဖွား (မိခင်၊ ဖခင်နှစ်ဖက်စလုံး) | ဂဂျီဒွေး | |
| ၅ | အစ်ကို | ကဖူ | |
| ၆ | အစ်မ | ဂနော | |
| ၇ | ညီ | ကနောင် | |
| ၈ | မောင် | ကနောင် | |
| ၉ | ယောက္ခထီး (ကျား ဖခင်) | ဂရူ | |
| ၁၀ | ယောက္ခမ (ကျား မိခင်) | ကရှုင် | |
| ၁၁ | ယောက္ခထီး (မ ဖခင်) | ကစာ | |
| ၁၂ | ယောက္ခမ (မ မိခင်) | ဂနီ | |
| ၁၃ | ချွေးမ | ဂနမ် | |
| ၁၄ | သားမက် | ကခရီ | |
| ၁၅ | ယောက်ဖ | ကခေါင် | |
| ၁၆ | ယောင်းမ | ကနိန် | |
| ၁၇ | ခဲအို | ဂရူ | |
| ၁၈ | မတ် | ဂရဝ် | |
| ၁၉ | မရီး | ရဝ် | |
| ၂၀ | ခယ်မ | ဂနမ် | |

(ဂ) အိုး အိမ်တည် ဆောက်ပုံ

ဂျိန်ဖော့လူမျိုးများသည် မကြွယ်ရှိန်ရာဘွမ်ကဂျီ ခေါ် ဟီမဝန္တာ တောင်တွင် ဦးစွာဝင်ရောက်နေထိုင်ကြသည်ဟူ၍ ၎င်းတို့၏ ပါးစပ်သမိုင်းအရ သိရသည်။ ယင်းဒေသတွင် ကာလအတန်ကြာ နေထိုင်ပြီး ထိုမှတစ်ဆင့် ရေကြည်ရာ မြက်နုရာသို့ လှည့်လည်ကြရာမှ မြန်မာနိုင်ငံအတွင်း ရှိ မလိခူး မကြွယ်ဒေသသို့ ရောက်ရှိလာကြသည်။ ထိုအချိန်အထိ ရပ်ရွာများ သီးခြား ထူထောင်ခြင်း မရှိသေး။ ပဲလုတစ်ဦးဦး၏ ခေါင်းဆောင်မှုအောက်တွင် ကျန်သူတို့က တသွေမသိမ်းလိုက်နာကာ လှည့်လည်လှုပ်ရှား နေခဲ့ကြသည်။ တရစ်တ ဒေသတွင် ကာလအနည်း ငယ်သာ နေထိုင်ကြပြီး အစုစုလိုက် ပြောင်း ရွှေ့ကြ လေသည်။

ရှေး ယခင်က ဂျိန်ဖော့တို့သည် နေအိမ်များကို စတုဂံပုံ တည်ဆောက် လေ့ရှိသည်။ ကြမ်း ပြင်သည် မြေပြင်မှ ၃–ပေမှ ၅–ပေအထိ တောင်စောင်း အနေအထား ကိုလိုက်၍ မြင့်ထား ကြသည်။ ဒူဝါတို့၏ နေအိမ်သည် သာမန်အိမ်များထက် ပို၍ ရှည်လျား ကြသည်။ ယခင် ခေတ်က တောင် ပေါ် ဒေသများ တွင် ပေ– ၃၀၀ ခန့်အထိအရှည်ရှိ သောအိမ်များ ပင်ရှိသည်ဆို၏။ အနံမှာ ပေ–၂၀ ခန့်ကျယ်ပြီး အခန်း တခန်း သည်အနည်း ဆုံး ၁၀– ပေပတ်လည်ခန့်ရှိသည်။ အခန်း တိုင်း တွင် မီး လင်း ဖိုကြီး များ ပါရှိသည်။ 'အင်ပန်' [၁] ဟု ခေါ် သောအိမ်အနောက်ဖက်မှ စ၍ ရေတွက် သော်တတိယ မြောက်အလယ် ခေါင် တိုင်သည် ၎င်း တို့ဂုဏ်ယူစွာ စိုက်ထူထား သောတိုင်ကြီး ဖြစ်သည်။ ဒူဝါ၏ဩဇာကတီမကြီး မား ကြောင်း ဖော်ကျူး သော်တိုင် ဖြစ်သည်။ အပြင်မှကြည့်၍ မမြင်ရချေ။ ထိုတိုင်မျိုး ကိုဆောက်ပြီး ပါကလသာ သောညများ တွင် ကျေး ရွာသား တို့စု ပေါင်း ၍ကြိုး ချည်ကာ ညာသံ ပေး ကာဆွဲကြသည်။ တညတည တွင် ပေ–၂၀၀ ခန့် လောက်သာ ရွှေ့စေနိုင် အောင်ကြီး မား သောတိုင်မျိုး ဖြစ် သည်ဆို၏။ တစ်ခါတစ်ရံ အခြား အနီး အနား ကျေး ရွာမှ ရွာသား များ လည်း လာရောက်ကူညီကြသည်။ လက် အောက်ငယ်သား များ သော ဒူဝါသည်တိုင်ကြီး ကြီး ကိုစိုက် ထူထား နိုင် ပေသည်။

အိမ် ဆောက် သောအခါတိုင်အဖြစ်သစ်လုံး များ ကိုလည်း ကောင်း၊ အခင်း နှင့်အကာအတွက် ဝါး များ ကိုလည်း ကောင်း ၊ အမိုး အတွက် ရှုန်း ရွက်၊ တော်ထန်း ရွက်၊ ဆူး ပတ်လည် ရွက်၊ သက်ကယ် ရွက်များ ကိုလည်း ကောင်း အသုံး ပြုကြသည်။ အချို့တတ်နိုင်သူများ က အကာအတွက် ပျဉ်ကိုအသုံး ပြုကြသည်။ ပျဉ်ဟုဆိုရာ၌ ညီညာ သေသိ စက်ခွဲပျဉ်ချပ်များ မဟုတ်ပေ။ ဓါး ၊ ပေါက်ဆိန်တို့ဖြင့်သာ၊ ဆောက်တို့ကိုအသုံး ပြုကာ ခဲခဲယဉ်း ယဉ်း ခွဲစိတ်ထား သော၊ သေသပ်ချော မွေ့မှုမရှိ သော၊ ထုထဲသည့် ပျဉ်ချပ်များ ဖြစ်သည်။ ရှေး ခေတ်ဂျိန်ဖော့တို့၏ နေအိမ်များ တွင်ပြူတင်း ပေါက်များ မရှိပေ။ ပြူတင်း ပေါက်အစား တံခါး ပေါက်များ ကိုသာထား ရှိသည်။

ယခင် ခေတ်ဒူဝါတစ်ဦး ၏အိမ်ကိုဝင်ကြည့်ပါက အိမ်အနောက် ဖက် ဝင်ဝင်ချင်း ၌အမိုး သာရှိပြီး အကာမရှိသည့် နေရာသည် စပါး ထောင်း သည့် နေရာဖြစ်သည်။ ကျွဲ၊ နွား များ ထား ရာ နေရာလည်း ဖြစ်သည်။ ထိုနေရာမှ

---

၁။ Npan

ကြည့်ပါကအိမ်ပေါ်တက်သည့်လှေကားကို တွေ့ရသည်။ လှေကား အောက်အိမ်မကြီးအောက်သည် ဝက်ခြံပင်ဖြစ်သည်။ လှေကား မှတက်တက်ချင်း အခန်းသည် ကြက်အိပ်တန်း တက်သည့်အခန်း ဖြစ်သည်။ ကြက်အိပ်သည့်အခန်း၏ ကျောချင်းကပ် အခန်းသည် အင်လား ဒပ်[၁] ဟုခေါ် သောလုလင်ပျိုနှင့်လုံမပျို တို့ တွေ့ဆုံချစ်တင်း နှောရာအခန်း ဖြစ်သည်။ အင်လား ဒပ်နှင့်ကပ်လျက်အခန်း သည် ရေများ ဘို လှောင်ထား ရာအခန်း ဖြစ်သည်။ ၄င်း အခန်း နှင့် ကျောချင်းကပ်ပြီး ကြက်အိပ်သည့်အခန်း နှင့်ကပ်လျက်ဖြစ်သောအခန်း သည်ထင်း ထား ရာ အခန်း ဖြစ်သည်။ ၄င်း အခန်း သည်တနှစ်စာထင်း သို လှောင်သည့်အခန်း ဖြစ်၍ ပေ၂၀မှ၃၀အထိကျယ်တတ်သည်။ ၄င်း နှင့်ကပ်လျက်အခန်း သည်ဝက်စာချက်သည့်အခန်း ဖြစ်သည်။ အရက်ချက်ရာ ခေါင်ရည်ချက်ရာအခန်း လည်း ဖြစ်သည်။ ရေသို လှောင်သည့်အခန်း နှင့်ကပ်လျက်အခန်း သည်ထမင်း တင်း ချက်ပြုတ်သည့်အခန်း ဖြစ်သည်။ ၄င်း အခန်း တွင်မီး ဖိုနှစ်ဖို ရှိသည်။ ထမင်း ချက်သည့်မီးဖိုသည်အဓိကမီးဖိုဖြစ်ပြီး အခြား မီး ဖိုတခုမှာ 'အကူမီး ဖို' ခေါ်ဟင်းလျာချက်ပြုတ်သည့်မီး ဖိုဖြစ်သည်။ ၄င်း အခန်း နှင့်ကပ်လျက်တွင်အိပ်ခန်း များ တခန်းပြီး တခန်း ရှိသည်။ နောက်ဆုံး ခန်း မတိုင်မီအခန်း သည်မဒိုင်နတ်ကိုပူဇော်သည့်နတ်စင်ထား ရာအခန်း ဖြစ်သည်။ အိမ်ကိုအလည် ခေါင်တန်း အတိုင်း နှစ်ခြမ်း ခြမ်း ထား ပြီး နတ်စင်နေရာတွင်မူအလည် ခေါင်မှကာ ရံထား ခြင်းမရှိပေ။ ဝက်စာချက်သည့်အခန်း နှင့်ကပ်လျက်အခန်း သည်အခန်း ကျယ်ကြီး ဖြစ်ပြီး အိမ်ထောင်မကျသေး သောအမျိုး သား များ ၏အိပ်ရာအိပ်ခန်း ဖြစ်သည်။ ဧည့်သည်များ အိပ်စက်ရာအခန်း လည်း ဖြစ်သည်။ ၄င်းအခန်း သည်နတ်စင်ထား ရာအခန်း နှင့်ဆက်နေသည်။ နတ်စင်ထား ရာအခန်း နှင့် ကပ်လျက် နောက်ဆုံး အခန်း သည်အိမ်ရှိအသက်အကြီး ဆုံး မိဘသို့မဟုတ်ဘိုး ဘွား တို့ ၏အခန်း ဖြစ်သည်။ ၄င်း အခန်း နှင့် ကျောချင်း ကပ်အခန်း သည်ဘိုး ဘွားဆိုင်ရာနတ်ကိုပူဇော်ကိုး ကွယ်ရာအခန်း ဖြစ်သည်။ ၄င်း တို့၏အပြင်ဖက်တွင် ကပြင်ကျယ်ကြီး ရှိသည်။

ရှေး ခေတ် တောင်ပေါ် ဒေသ နေဂျိန်ဖေါ့တို့သည်သိမန်လူတန်း စား တို့၏အိမ်ကိုအမည်တမျိုး ခေါ်၍အုပ်ချုပ်သူလူတန်း စား တို့၏အိမ်ကိုအမည်တမျိုး ခေါ် ဝေါ်ကြသည်။ အင်တား[၂] ဟုခေါ် သောအိမ်မျိုး မှာ သိမန်လူတန်း စား တို့၏ နေအိမ်ဖြစ်ပြီး ထိန်နု[၃] ခေါ်အိမ်မျိုး မှာအုပ်ချုပ်သူနယ်ပိုင်အကြီး အကဲတို့၏အိမ်မျိုး ဖြစ်သည်။ သို့သော် ဒေသအချို့တွင်ဥစ္စာဓနအခြေအနေအရအိမ်ကြီး ကြီး ဆောက်လုပ်နေထိုင်ပါကလည်း ၄င်း အိမ်ကိုထိန်နုဟု ပင်ခေါ်ကြသည်။ ထိုသို့အခေါ်အဝေါ်ခြားနား သော်လည်း အိမ်ပုံစံများ မှာ တမျိုး တည်း ပင်ဖြစ်သည်။ ခြား နား ချက်မှာဒုဝါများ ၏ နေအိမ်တွင်မနိုင်နတ်စင်နတ်ကွန်း ရှိခြင်း နှင့်သာမန်အိမ်များ တွင်ထိုနတ်ကွန်း မျိုး မရှိခြင်း ပင်

---

၁။ Nladap

၂။ Nta

၃။ Htingnu

ဖြစ်သည်။ ထိုပြင်ပိုး ပိုး အိမ်များ နှင့် ဒူဝါအိမ်တွေခြား ပုံကိုအိမ်တအိမ်၏ ခါး ပန်း နှင့်ထုတ်တန်း တွင် ရေး ဆွဲထား သော နေပုံ၊ လပုံတို့ကိုကြည့်ခြင်း ဖြင့်လည်း ကောင်း၊ အိမ်အတွင်း တွင် စိုက်ထူထား သော ဆယ်ဖွာ ပက်လည် ကျော်ခန့်ရှိ သော တိုင်ကြီး ကိုကြည့်ခြင်း ဖြင့်လည်း ကောင်း သိနိုင်သည်။




ရွှေ ခေတ်ဂျိန်ဖော့တို့၏အိမ်ခန်း ဖွဲ့စည်း ပုံ

ထိုအိမ်ကြီး များ၌ ဖခင်ဦး စီး သောအိမ် ထောင်တွဲ မိသားစု[၁] များ စု ပေါင်း နေထိုင်ကြသည်။ ယခုအခါထိုအိမ်မျိုး မှာ မရှိသ လောက်ရှား ပါး နေ ပေပြီ ။ ရွှေး ကထိုသို့ ပေ ၂၀၀–၃၀၀ ရှည် သောအိမ်များ တည် ဆောက် ကြခြင်း မှာကျွန်မိသား စုများ ၊ မိမိတို့ဖသား စုများ အား လုံး စု ပေါင်းနေ ထိုင်နိုင်ရန်ဖြစ်သည်။ အချိန် နှ ခေါ် ထိုအိမ်ကြီး မျိုး တွင် ဖသား စုများ ပြွတ် သိပ်မ နေကြ ပေ။ အချိုအိမ်မှာကြီး မား လှ သော်လည်း အိမ်၏အ ရွယ်ပမာဏနှင့် နှိုင်း ဆလျှင်လူဦး ရေမှာ နည်း ပါး လှသည်။ ၎င်းသို့အိမ်ကြီး ကြီး ဆောက်ကြခြင်း မှာ အချို့ပုဂ္ဂိုလ်များ သည်ဇနီး တဦး အပြင် နောက်ထပ်ဇနီး နှစ်ဦး၊သုံး ဦး ယူ လေ့ ရှိသဖြင့်ဇနီး တဦး စီအတွက်မီး ဖိုတစ်ခုစီနှင့်အခန်း တခန်း စီလိုအပ် သော ကြောင့်လည်း ကောင်း ၊ ဧည့်သည်များ ချောင ချောင ချိချိတည်း ခိုနိုင်ရန်အ တွက်လည်း ကောင်း အိမ်ကြီး မြီး ဆောက်လုပ်ကြသည်။

ရွှေး ခေတ်ကအိမ် ဆောက်ရာတွင်သုံး သော ပစ္စည်း များမှာ တန်ဘိုး မများ လှ ပေ။ တောတွင်း မှအလွယ်တကူထုတ်ယူရရှိနိုင် သော သစ်၊ ဝါး နှင့်ကြိမ်များ ကိုသာအသုံး ပြုကြသည်။ ထို့ကြောင့်အိမ်များ သည်ပိုး စား ခြင်း ၊ မိုး ရေထိခြင်း တို့ကြောင့်မကြာခဏပျက်စီး ဆွေး မြေ့ လေ့ရှိသည်။ အိမ် ဆောက်

---

၁။ Patriarchal joint family



ရှေးခေတ်ဂျိန်ဖော့တို့၏နေအိမ်ပုံ

ထိုသူသည် မြေကွက်ကို ကျေးရွာအကြီးအကဲများထံမှ တောင်းခံရပြီး မြေနေရာကို နတ်ဟောဆရာက ရွေးချယ်ပေးသည်။ နတ်အဟောထွက်သည့်နေရာတွင်သာအိမ်ဆောက်ကြသည်။ ထို့ကြောင့် ရှေးခေတ်ဂျိန်ဖော့ ကျေးရွာများတွင် နေအိမ်များသည်များသောအားဖြင့်အနေအထား ညီညွတ်ခြင်းမရှိပဲအချို့အိမ်များ တအရှေ့ဖက်၊ အချို့ကအနောက်၊ အချို့တောင်၊ အချို့မြောက်သို့လှည့်နေကြခြင်း ဖြစ်သည်။ နေအိမ်ဘေးတွင် ကောက်ပဲသီးနှံသိုလှောင်ရန်စပါးသိုက်များကို ဆောက်လုပ်ထားကြသည်။ ထိုစပါးသိုက်ကို လည်းသစ်ဝါး ကြိမ်တို့ဖြင့်ပင်တည်ဆောက်ကြသည်။ အင်လား ဒစ်ခေါ်အပျိုလူပျိုခန်း မထားသောအိမ်တွင်ထိုစပါးသိုက်ကို အင်လားဒစ်အဖြစ်အသုံးချကြသည်။

ရှေးယခင်က တောင်ပေါ်ဒေသ ကျေးရွာများတွင်ကျင်ကြီး ကျင်ငယ်စွန့်ရာအိမ်သာဟူ၍ မရှိပေ။ အိမ်အနီး အနားတဝိုက်၌ခြံကြီးခြံငယ်အသွယ်သွယ်တွင်အလေးအပေါ့စွန့်ကြသည်။ ကျေးရွာများတည်တောင်ရာတွင် ချောင်းမြောင်းနီးရာကိုဦးစားပေး ရွေးချယ်ကြပြီး မြေကွက်များကိုနတ်ဟောဆရာဖြင့် ရွေးချယ်ကြသည်။ ရှေးက တောင်ပေါ်ဒေသ ကျေးရွာများသည်အိမ်ခြေတစ်အိမ်မှအိမ်ခြေ၁၀၀-ခန့်အထိရှိတတ်သည်။ ကျေးရွာအုပ်ချုပ်သူသဘောသကာယပြည့်ဝထက်မြက်ပါက ရွာနေအိမ်ခြေများ သည်အုပ်ချုပ်သူ ယုတ်ညံ့သိမ်းဖျင်းပါကတအိမ်ပြီးတအိမ်အခြား ကျေးရွာများသို့ပြောင်းရွှေ့သွားကြပြီး နောက်ဆုံးအုပ်ချုပ်သူ၏အိမ်ထောင်တစုတည်း သာကျန်ခဲ့သည်။ အုပ်ချုပ်သူကနယ်မြေပိုင်သူဖြစ်၍အခြားသူ၏ပိုင်နက်အတွင်း ပြောင်းရွှေ့၍မရပေ။

လွန်ခဲ့သောနှစ်၃၀-၄၀ခန့်က တောင်ပေါ်ဒေသအသီးသီး မှဆင်းသက်လာကြပြီး အင်ဂျန်ဒို့ကျေးရွာတွင်လာရောက်နေထိုင်ကြသော ဂျိန်ဖော့တို့သည်အင်ဂျန်ဒို့ကျေးရွာကိုခေတ်မှီသော ကျေးရွာအဖြစ်တည်ဆောက် နေထိုင်ကြသည်ကို တွေ့ရသည်။ အင်ဂျန်ဒို့ကျေးရွာသည်ရွာ၏အရှေ့ဖက်-တောင် မြောက်တန်း လျှက်တည်ရှိသောအင်ဂျန်းလယ်ကွင်းပြင်ကိုအမှီသဟဲပြုပြီးတောင်-မြောက်တန်း လျှက်ရှိသောမြစ်ကြီးနား-ဆွမ်ပရာဘွမ်ကားလမ်းမဘေးတွင် တည်ထားသည်ဖြစ်ရာအိမ်များကိုလမ်းဘေး တဖက်တချက်တွင်ညီညီညာညာ ဆောက်လုပ်ထားကြသည်။ အိမ်ခြေရာ-အိမ်ဖြင့်စတင်ရွာတည်ပြီး သင့်တော်ရာတွင်အိမ်ယာဆောက်လုပ် နေထိုင်ကြခြင်းဖြစ်သည်။ ရွာမတည်မီကမြစ်ကြီးနားမြို့ရှိကုလားအချို့ပိုင်သော မြေကြီးဖြစ်ရာအချို့မြေကွက်များကိုငှင်းတို့ထံမှဝယ်ယူရရှိကြသည်။ ၁၉၅၀-ခုနှစ်ပတ်ဝန်းကျင်တွင်အင်ဂျန်ဒို့ကျေးရွာ၏ မြေကွက်-တန်ဘိုးသည် ၁၀-ဧကခန့်အကျယ်ကို ငွေကျပ်၃၀၀-ခန့်သာ ပေးရသည်။ယနေ့ အချိန်တွင်ကား လမ်းမကြီးနဘေး ရှိမြေကွက်များသည် ပေ-၁၀၀ပတ်လည်ကို ငွေကျပ်၁၀-သိန်းခန့် ပေးဝယ်ရသည်။ လွန်ခဲ့သော၄၅-နှစ်ခန့်က (၇ ) ကျပ်ခန့်သာတန်ဘိုး ရှိခဲ့သော မြေကွက်သည်ယနေ့အချိန်တွင်ကျပ်၁၀-သိန်း ခန့် တန်ဘိုး ရှိကြောင်း တွေ့ရပေသည်။

ယခုအခါအင်ဂျန်ဒို့ ကျေးရွာ နေဂျိန်ဖော့ဖသားစုတစု တွင် နေထိုင်ကြသောလူဦးရေမှာမိခင်၊ ဖခင်နှင့်ယင်းတို့မှ ပေါက်ဖွားလာ

သောသား သမီး များ အပါအဝင်ခုနှစ်ဦး - ရှစ်ဦး ခန့်သာရှိသည်။ ဖသားစု တစုတွင်အမွေဆက်ခံခွင့်နှင့်အရိုက်အရာဆက်ခံခွင့်ကိုသား အငယ်ဆုံး ကသာခံစား ခွင့်ရှိသည်။ ဖခင်ကွယ်လွန်သည့်အခါသား ငယ်သည်ထိုအိမ် ထောင်၏အိမ် ထောင်ဦး စီး ဖြစ်လာရာ ရွေး ကကဲ့သို့ညီအစ်ကို ဖသား စုများ စုပေါင်းနေထိုင်ခြင်းအစဉ် အလာမရှိသ လောက်ရှားပါးသွား သည်။ ယခု ခေတ်တွင်သား ကြီး တို့သည် အိမ် ထောင်ကျသည်နှင့်တပြိုင်နက် မိမိတို့ ကျေး ရွာတွင်လည်း ကောင်း ၊ အခြား ဒေ သများ တွင်လည်း ကောင်း တအိုး တအိမ်ထူ ထောင်ကာ နေထိုင်ကြသည်။ အထူး သ ဖြင့်မိဘရှိရာ ကျေး ရွာတွင်အိမ်ခွဲ နေထိုင်ကြသည်က များ သည်။ ဤအ လေ့အထသည် ရှေး ကပင်ရှိခဲ့ ပေသည်။

အင်ဂျန်ဒွဲ ကျေး ရွာတွင် ဆောက်လုပ်ထား သောအိမ် များ ကို ယေဘုယျအားဖြင့်အင်တားဟုသာ ခေါ်ကြသည်။ အသုံး ပြု ဆောက်လုပ်ထား သော ပစ္စည်း ကိုလိုက်၍ ဝါး အိမ်ကို ကဝါး အင်တား[၁] ဟူ၍လည်း ကောင်း ၊ သစ် သား အိမ်ကို ဖွန်း ပျဉ်အင်တား[၂] ဟူ၍လည်း ကောင်း ၊ တိုက်အိမ်ကို ဝတ်အင်တား[၃] ဟူ၍လည်း ကောင်း ခေါ် ဝေါ်ကြသည်။ အိမ်များ သည် ရှေး ခေတ် တောင်ပေါ် ဒေသမှအိမ်ရှည်ကြီး [illegible] မဟုတ် တော့ ပေ။ နှစ်ခန်း ပတ်လည်သို့မဟုတ်သုံး ခန်း

ပတ်လည်သို့မဟုတ်သုံး ခန်း နှစ်ခန်း အိမ်များ ကိုအများ ဆုံး ဆောက်လုပ်ကြသည်။ မိမိတို့ဖသား တစု ချောင်ချောင်လည်လည် နေနိုင်ရုံအိမ်ငယ်များ ကိုသာ ဆောက် လုပ် နေထိုင်ကြသည်။ အိမ်ကြီး ကြီး မား မား ဆောက်လုပ် နေထိုင်လျှင်ဂုဏ် တက် သည့်ဖြစ်၍တတ်နိုင်သူများ ကအိမ်ကြီး များ ကို ဆောက်လုပ် နေထိုင်ကြသည်။ အင် ဂျန်ဒွဲ ကျေး ရွာရှိ နေအိမ်များ ကို လေ့လာကြည့်ပါကအ[illegible] အစား ငါး [illegible] တွဲပြား သည်ကို တွေ့ရသည်။ ၎င်း တို့မှာတိုက်အိမ် ၊ တိုက်ခံပျဉ် ထောင်အိမ် ၊ ပျဉ် ထောင်အိမ် ဝါး တရံကာ - ပျဉ်ခင်း - သက်ကယ်မိုး အိမ်နှင့်ဝါး အိမ်တို့ဖြစ်ကြသည်။ မည်သည့် - အိမ်[illegible] တွင်မဆိုမီး ဖိုကိုသီး ခြား တစ်ဆောင် ဆောက်ကြသည်ကို တွေ့ရသည်။ အိမ်မ ကြီး တွင်ဧည့်ခန်း နှင့်အိပ်ခန်း များ သာထား ရှိကြသည်။

တိုက်အိမ် ၊ တိုက်ခံပျဉ်ထောင်အိမ်နှင့်ပျဉ်ထောင်အိမ်တို့ကိုသွပ်ဖြင့် မိုး ကြပြီး ကျန်အိမ်များ ကိုသက်ကယ်ဖြင့်သာမိုး ကြသည်။ နှစ်ထပ်အိမ်မှလွဲလျှင်ကျန် အိမ်များ သည် ခြေတန်ရှည်အိမ်ပိုရ်များ သည်။ ဝါး အိမ်မှလွဲ၍ကျန်အိမ်များ ကိုလက် သမား များ ၊ ပန်း ရံများ ငှား ရမ်း ၍ ဆောက်လုပ်ကြသည်။ ဝါး အိမ်ကိုမူ အိမ်နီး နား ချင်း တို့စု ပေါင်း လုပ်အား ဖြင့် ဆောက်လုပ်ကြသည်။ အမိုး အတွက် သက်ကယ်မိုး ရာတွင်လည်း အ[illegible] [illegible] တွဲပြား သည်ကို တွေ့ရသည်။ လက်သီး ဆုတ် ခန့် ရှိ သောသက်ကယ်စည်း များ ဖြင့်မိုး ခြင်း ၊ သက်ကယ်ပင်များ ကိုဖြန့်၍မိုး ခြင်း နှင့်သက်ကယ်များ ကိုဝါး ဖြင့်ပြစ်ညှပ်၍သက်ကယ်ပြစ်မိုး ခြင်း တို့ဖြစ်သည်။ ဝါး အိမ်မှလွဲလျှင်ကျန်အိမ်များ ၌တိုင်များ ကိုအဂ် တောဆုတ်ခံ ပေါ်တွင်ထူကြသည်။

---

၁။ Kawa nta

၂။ Hpunpyın nta

၃။ Wut nta

ဝါး အိမ်အတွက်လိုအပ်သော ဝါးများကို မိမိ၏အိမ်ခြံဝင်း အတွင်းမှလည်းကောင်း၊ ဝယ်ယူ၍လည်းကောင်း၊ သစ်များကို တောများမှလည်းကောင်း ရရှိကြသည်။ အခြားအိမ်ဆောက်ပစ္စည်းများဖြစ်သော ဝါးတရုံကို ကျေးရွာရှိဝါးကစ်လုပ်ငန်းမှလည်းကောင်း၊ တိုင်နှင့်အခင်း၊ အကာမျဉ်များကို ကျေးရွာရှိသစ်ခွဲစက်များမှလည်းကောင်း၊ အုတ်၊ သွပ်၊ သံ၊ ဘိလပ်မြေနှင့်အခြားအိမ်ဆောက်ပစ္စည်းတို့ကိုမြစ်ကြီးနားမြို့ရှိအိမ်ဆောက် - ပစ္စည်းဆိုင်များမှအလွယ်တကူဝယ်ယူရရှိနိုင်ကြပေသည်။ အိမ်ဆောက်ပစ္စည်းများ အသင့်ရှိသောအခါ သာသာအလိုက်သင်း အုပ်ဆရာသို့မဟုတ်သင်းထောက်ဆရာကို ပင့်ဖိတ်ပြီး ဘုရားသခင်ထံကြည့်ရှုစောင်မကောင်းချီးပေးပါရန်ဆုတောင်း သမ္မာပြုကြသည်။ ထိုဆုတောင်းပွဲငယ်၌ရပ်ရွာလူကြီးအချို့နှင့်အိမ်နီးနားချင်းအချို့ကိုဖိတ်ခေါ်ပြီး အကျွေးအမွေး တခုခုဖြင့်ဧည့်ခံလေ့ရှိသည်။

အိမ်ဆောက်လုပ်ပြီးစီးပါကအိမ်သစ်တက်အခမ်းအနားကို အထူးတလည်ကျင်းပလေ့ရှိကြသည်။ ၁၉၉၄-ခုနှစ်တွင်အင်ဂျန်ဒုံကျေးရွာ၌ အိမ်ခြေပေါင်း ( ၃၇၀ )အိမ်ရှိပြီး အိမ်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| (၁) တိုက်အိမ် | ( ၂၁ ) | လုံး |
| (၂) တိုက်ခံပျဉ်ထောင်အိမ် | ( ၄၇ ) | လုံး |
| (၃) ပျဉ်ထောင်အိမ် | ( ၁၇၃ ) | လုံး |
| (၄) ဓါးထရံကာ၊ ပျဉ်ခင်း | ( ၈၅ ) | လုံး |
| (၅) ဝါးအိမ် | ( ၄၂ ) | လုံး |

အိမ်သစ်တက်အခမ်းအနားကျင်းပပုံ

ဂျိန်ဖော့တို့၏အိမ်သစ်တက်အခမ်းအနားကျင်းပပုံ နှင့် ပတ်သက်၍ဘာသာရေးအရကွဲပြားခြားနားမှုရှိသည် တွေ့ရသည်။

ဂျိန်ဖော့တို့သည် ရှေးခေတ်တောင်ပေါ်ဒေသတွင် နေထိုင်စဉ်ကပင် နေအိမ်အသစ်ဆောက်လုပ်ပြီးစီးပါကအိမ်သစ်တက်အခမ်းအနားကိုကျင်းပကြသည်။ ရှေးကနတ်ကိုးကွယ်သူတို့သည် နေအိမ်အသစ်ကိုဆောက်ပြီးပါက မည်သည့်နေ့ရက်၊ အည်သည့်အချိန်တွင်အိမ်သစ်တက်ရမည့်အကြောင်း၊ မည်သူကဦးဆောင်၍ ရှေ့ဆုံးမှစတင်တက်ရမည့်အကြောင်းကို နတ်ဟောဆရာထံမေးမြန်းကြပြီး အဟောထွက်သည့်အတိုင်း လိုက်နာဆောင်ရွက်ကြသည်။ အများအားဖြင့်မိုးမလင်းမီ စောစောပိုင်းအချိန်တွင်တက်ရန်အဟောထွက်သည်ကများသည်။ ထိုသို့မိုးမလင်းမီအိမ်သစ်တက်ရခြင်းမှာမကောင်းဆိုးဝါးနတ်မိစ္ဆာများ မမြင်စေရန်ဖြစ်သည်။ ထင်းထင်းလင်းလင်းအချိန်တွင်အိမ်သစ်သို့တက်ပါက မကောင်းဆိုးဝါး မိစ္ဆာနတ်များမြင်တွေ့သွားပြီး လိုက်ပါတတ်လာကြမည်ကိုစိုးရိမ်သောကြောင့်ဖြစ်သည်။



ကျေးရွာရှိအကြွယ်ဝဆုံးဂျိုနီဖော့တစ်ဦး၏နေအိမ်ပုံ



ကျေးရွာရှိအခွမ်းပါးဆုံးသူတစ်ဦး၏နေအိမ်ပုံ



နှင်းပါး ပူတစ်ဦး၏အိမ်ရှေ့တွင် ကျွ်ကျမ်းပြုစုသူ။



ရေတွင်းတစ်တွင်းတွင် ရေ
ငင်နေသော ဂျိန်ဖော့လုံ မ
ငယ်တစ်ဦး

ထိုသို့မိုး မလင်း သေး မီအချိန်တွင်အသက်အကြီး ဆုံး လူသို့မဟုတ် ဦး ဆောင်ရန်အ ဟောသွက် သောသူကမီး စွဲ နေ သောထင်း မီး စကိုကိုင်၍ ရှေ့ ဆုံး မှဦး ဆောင်ကာအိမ် ပေါ်သို့တက်ရသည်။ ၎င်း၏ နောက် ဒုတိယ နေရာ မှ ဆွစ်ပု ဓါးတန်ဆိုး ရှိ သောဥစ္စာပစ္စည်း တို့ကိုထည့်သွင်း ထား လေ့ရှိသည့် ၎င်း တို့ကိုယ်တိုင်အနုစိတ် ရက်လုပ်ထား သောကြိမ် သေတ္တာကိုသယ် ဆောင်သူကလိုက်ရသည်။ ၎င်း၏ နောက်မှကျန်အိမ်သူအိမ်သား များ ကလိုက် ပါရသည်။ အိမ် ပေါ်သို့ ရောက် သောအခါမီး စကိုင် ဆောင်သူသည်ဖြည့်ခန်း အတွင်း ရှိမီး ဖို၌မီး ကိုစတင် မွေး ရသည်။ ကြိမ် သေတ္တာကိုသယ် ဆောင်လာသူကအိမ်ရှိအသက်အကြီး ဆုံး လူအိပ်စက်မည့် ခေါင်း ရင်း ၌၎င်း သေတ္တာကိုချထား ရသည်။ မိုး စင်စင်လင်း လျှင်ရပ်နီးရပ် ဝေး မှဖိတ်ကြား ထား သော ဆွေမျိုး မိတ်သင်္ဂဟ များ ရောက်ရှိလာကြသည်။ လာ ရောက်ကြ သော ဆွေမျိုး မိတ်သင်္ဂဟတို့သည်အိမ်အ ဟောင်း မှပစ္စည်း ပစ္စယတို့ကိုအိမ် အသစ်သို့သယ် ဆောင် ပေး ကြသည်။

အိမ်အ ဟောင်း မှနတ်နှင့်သက်ဆိုင် သောပစ္စည်း များ ဖြစ်သည့် နတ်စင်မှဝါး ဗူး များ ၊ ဝါး ခွက်များ နှင့်အခြား ပစ္စည်း များ ကိုလည်း အိမ်အသစ်သို့ယူ ဆောင်လာပြီး အိမ်အသစ်တွင်အဆင်သင့်ပြုလုပ်ထား သောနတ်ပစ္စည်း အသစ်များ နှင့်တူညီရာအချင်း ချင်း ကိုပူး တွဲချည် နှောင်ကာနတ်စင်အသစ် ပေါ်၌တင်ကြသည်။ အိမ် ဟောင်းပစ္စည်း များ နှင့်နတ်ပစ္စည်း များ အား လုံး ကိုအ ခြေ တကျ နေရာချပြီးသောအခါနတ်ဆရာတို့ကဝက်၊ ကြက်တို့ကိုသတ်ပြီး နတ်တို့ကိုပူ ဇော်ကြ သည်။ ထို့ နောက်၎င်း အိမ်သစ်အား နတ်တို့ထံအပ်နှင်း သည်။ ၎င်း အိမ်တွင် နေ ထိုင်မည့်သူများ အား လုံး ကိုလည်း နေထိုင်သမျှကာလပတ်လုံး ကြည့်ရှု စောင်မ ပေး ပါရန်ပန်ကြား အပ်နှင်း လေသည်။ ပြီး ပါကကြက်၊ ဝက်၊ ထမင်း ၊ ခေါင်ရည်၊ အ ရက်တို့ဖြင့် ရောက်ရှိလာ သောပရိတ်သတ်အား ကျွေး မွေး ပြီး အိမ်သစ်တက်အခမ်း အနား ကိုအဆုံး သတ် လေသည်။

ခရစ်ယာန်ဘာသာဝင်များ ဖြစ် သောယခု ခေတ်အင်ဂျန်ဒုံ ကျေး ရွာ နေဂိုန် ဖေ ဒ့ တို့လည်း အိမ်သစ်တလုံး ဆောက်လုပ်ပြီး စီး ပါကအိမ်သ စ် တက်ပွဲအခမ်း အနား ကိုကျင်း ပကြသည်။ အခမ်း အနား များ သည် ငွေ ကြေး ဖြုန်း ဝ မှုကိုလိုက်၍ကြီး ကျယ်စည်ကား မှုကွာခြား ပေသည်။ ယေဘုယျအား ဖြင့်အိမ် သစ် တက်အခမ်း အနား ကျင်း ပမည်ဆိုပါကထိုမိသား စုသည်၎င်း တို့၏ ဆွေမျိုး အချို့ နှင့်ရပ်ရွာအကြီး အကဲအချို့၏အကူအညီဖြင့် ဆွေမျိုး သား ချင်း များ နှင့်နီး စပ်ရာ ရပ် ဆွေရပ်မျိုး တို့ကိုတာဝန်ခွဲ ဝေ ပေး သည်။ တာဝန် ပေး အပ်ခံရသူများ မှာ ဦး ဆောင်ဆု တောင်း ပေး မည့်သူ၊ ပွဲနှုတ်(ကြိုး ကြပ်စီမံသူ)၊ အိမ်ရှင် ကဏ္ဍ အိမ်ဦး ကဏ္ဍတွင်ဧည့်ခံမည့်သူ၊ လက် ဆောင်ပစ္စည်း နှင့်လက်ဖွဲ့ ငွေလက်ခံမည့်သူ ၊ ဧည့်ပရိတ်သတ်ကြိုဆိုမည့်သူ၊ ရိုး ရာဧည့်သည်များ ကိုကြိုဆိုမည့်သူ၊ ထမင်း ချက် မည့် သူ၊ ဟင်း ချက်မည့်သူ၊ မဏ္ဍာပ်အလှပြင်မည့်သူ၊ လက်ဘက်ရည်ကြမ်း တည် မည့်သူ၊ ရေ ခပ် ရေသယ် မည့်သူဟူ၍ ဖြစ်သည်။

အိမ်သစ်တက်အခမ်းအနားကျင်းပသည့်နေ့တွင်ကြွရောက်လာသည့်ဧည့်ပရိသတ်များကိုဧည့်ကြိုများကအသင့်ဆောက်လုပ်ထားသော မဏ္ဍပ်ထဲတွင် နေရာချပေးကြသည်။ ၎င်းဧည့်ပရိသတ်တို့ကိုအိမ်ဦးကမ်းတွင်တာဝန်ကျသူတို့ကဧည့်ဝတ်ပြုရသည်။ ထို့အတူရိုးရာဧည့်သည်များကလည်း

မိမိတို့သည် ယောက္ခမရိုး သို့မဟုတ်သားမက်ရိုး ဖြစ်ကြောင်း ဧည့်ကြိုတို့ကို ပြောရသည်။ ထိုအခါသာမာန်ဧည့်ကြိုတို့က ရိုးရာဧည့်ကြိုလက်သို့လွှဲရသည်။ ရိုးရာဧည့်ကြိုတို့ကအိမ်ရှင်ကမ်းတွင်တာဝန်ကျသူတို့အား ဧည့်ဝတ်ပြုစေသည်။ ရိုးရာဧည့်သည်နှင့်ရိုးမ၀ဧည့်ပရိသတ်တို့မှာလက်ဆောင်ပဏ္ဍာ လက်ဖွဲ့ရာတွင်ကွာခြားလေသည်။ သာမန်ဆွေမျိုး မိတ်သင်္ဂဟတို့က ငွေကြေးများ၊ ရှစ်ပိုကားချပ်များ၊ အိမ်သစ်အတွက်အလှအပပစ္စည်းများကိုသာလက်ဖွဲ့ကြသည်။ ရိုးရာဧည့်သည်တို့ကမူ ရိုးရာဓလေ့ထုံးစံအရစီမံထားသော ကောက်ညှင်းပေါင်းပါသော ပလိုင်းများ၊ မောင်းများ၊ တောင်ရှည်ပုဆိုးများကိုလက်ဖွဲ့တတ်ကြသည်။ ထိုအခါအိမ်သစ်ပိုင်ရှင်မှလည်း ဓါးရှည်များ၊ ရွှေဆွဲကြိုး၊ ငွေဆွဲကြိုးများဖြင့်လက်ဆောင်ပြန်၍အမ်းရလေသည်။ ပြန်၍အမ်းသောလက်ဆောင်ပစ္စည်းသည်လက်ဖွဲ့ပေးလာသောလက်ဆောင်ပစ္စည်းထက် တန်ဘိုးအနည်းငယ်ပို၍ကြီးသောပစ္စည်းဖြစ်ရသည်။ ယောက္ခမရိုးတို့အိမ်သစ်တက်ပါကသားမက်ရိုးဖက်မှသမီးယူစဉ်ကကျန်ရှိနေသေးသောကျွမ်းဘိုးများကိုပေးလိုက ပေးနိုင်ပေသည်။

အိမ်အသစ်အား ဘုရားသခင်ထံအပ်နှင်းဆုတောင်းပေးမည့်ဘုန်းတော်ကြီး သို့မဟုတ်သင်းအုပ်ဆရာသို့မဟုတ်သင်းထောက်ဆရာ (အသင်းတော်အလိုက်ကွဲပြားသည်) နှင့်ဖိတ်ကြားထားသောဧည့်ပရိသတ်များ အစုံအလင်ရောက်ရှိလာပြီး ဖိတ်စာပါသတ်မှတ်ထားသောဆုတောင်းချိန်တွင်အိမ်သစ်တက်ပွဲသို့မဟုတ်အိမ်သစ်ကိုဘုရားသခင်ထံအပ်နှင်းဆုတောင်းပွဲအခမ်းအနားကိုစတင်သည်။ သခမ်းအနားမစတင်မီအိမ်အသစ်၏တံခါးများအားလုံးကိုပိတ်ကာတံခါးမကြီးကိုအပြင်မှသော့ခတ်ထားသည်။ အခမ်းအနားအစဉ်ဘုန်းတော်ကြီးသို့မဟုတ်သင်းအုပ်ဆရာသို့မဟုတ်သင်းထောက်ဆရာမှဦးဆောင်ကာအိမ်သူအိမ်သားများ၊ ရိုးရာဧည့်သည်များ (ဆွေမျိုးများ)က လှေခါးရင်းတွင်တန်းစီ၍ရပ်ကြသည်။

၎င်းနောက်အိမ်ရှင်ဖြစ်သူအိမ်ထောင်ဦးစီးမှစတင်၍ ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကြောင့်ဆောက်လုပ်ပြီးစီးသွားသည့်ဤအိမ်သစ်ကိုဘုရားသခင်ထံအပ်နှံပေးပါရန်နှင့်ဤအိမ်တွင်နေထိုင်ကြမည့်လူများ ကျန်းမာချမ်းသာခြင်း၊ မိတ်ကောင်းဆွေကောင်းရရှိခြင်း၊ ဥာဏ်ပညာတိုးတက်ကြီးပွားခြင်းတို့ အတွက်ကူညီစောင်မပေးပါရန် ဆုတောင်းသမ္မာပြုပေးရန်ဦးဆောင်သူအား လျှောက်ထားပန်ကြားရသည်။ ဦးဆောင်သူမှအိမ်ကိုဘုရားသခင်ထံအပ်နှံပေးခြင်း၊ အိမ်သူအိမ်သားများအတွက်ဆုတောင်းပေးခြင်းတို့ကိုပြုပြီး သော့ဖွင့်လှေခါး မှ

ဖြေးညှင်းစွာတက်ပြီး ခတ်ထားသော သော့ကိုဖွင့်၍အိမ်ထဲသို့ဝင်ကြသည်။ (၄င်း နောက်ရိုမင်ကတ်သလစ်အသင်း တော်ဆိုပါကာဘုန်း တော်ကြီး သည် တ အိမ်လုံး အနှံ့ပရိတ်ရေများ လိုက်လံဖျန်း ပေး သည်။ ) ၄င်း နောက်အိမ် အ တွင်း ၌ပင်ဦး ဆောင်သူမှဦး ခေါင်း ကာ အိမ်သစ်နှင့်ပတ်သက် သော ဓမ္မ သီချင်း တပုဒ်ကိုရှင်း ၍ဆိုကြသည်။ အသံချဲ့စက်ကိုအသုံး ပြုသဖြင့်အိမ် ပေါ် မှ ဦး ဆောင်သူ၏ ညွှန်ကြား ချက်ကိုမဏ္ဍပ်အတွင်း မှပရိတ်သတ်ပါကြား ရပြီး ၄င်း တို့ပါဝင်ဆိုကြသည်။ ပြီး လျှင်ဆာလံကျမ်း တပုဒ်ကိုဖတ်ပြသည်။ ၄င်း နောက်ယုံကြည် ခြင်း ၊ မျှော်လင့်ခြင်း နှင့်သက်ဆိုင် သော ကောင်း ကင်ဘုံ မေတ္တာသီချင်း ကို ထပ်ဆိုကြသည်။ ၄င်း နောက်အိမ်သစ်နှင့်ပတ်သက်သည့်ကျမ်း စာကိုဦး ဆောင် သူမှဖတ်ကြား ဟော ပြောသည်။ တဆက်တည်း ယခုကဲ့သို့အိမ်သစ်တခုလုံး ကို အောင်မြင် ချော မွေ့စွာ ဆောက်လုပ်နိုင် ရေး ကိုကူညီ စောင်မ ပေး မှု အ တွက်ဘုရား ကျေး ဇူး တင်ဝမ်း မြောက်ပါကြောင်း ဘုရား သခင်အား ချီး မွမ်း သည်။

၄င်း နောက်ဦး ဆောင်သူနှင့်အိမ်သူအိမ်သား တို့ သည် မဏ္ဍပ်အတွင်း ဆင်း လာပြီး အကျွေး အမွေး အတွက်ဘုရား သခင်ထံချီး မွမ်း ဆုတောင်း သည်။ ၄င်း နောက်ဧည့်ပရိတ်သတ်အား အသင့်ချက်ပြုတ်ထား သော ထမင်း ဟင်း လျာသို့မဟုတ်အစား အသောက်ဖြင့်တည်ခင်း ဧည့်ခံသည်။ (အချို့မဏ္ဍပ်မ ဆောက်သူများ က အိမ်အတွင်း ၌ပင်အစား အသောက်ကိုတည် ခင်း ကျွေး မွေး သည်။ ) အကျွေး အမွေး ပြီး ပါကဂိုး ရာဧည့်သည်များအား လက်ဆောင်ပစ္စည်း ပြန်လည် ပေး အပ်ခြင်း ၊ ဇယား ပါတာဝန်ခွဲ ဝေ ပေး ထား သူများ အား လက်ဆောင်ပစ္စည်း သို့မဟုတ် ငွေ ကြေး တခုခုကိုလက် ဆောင် တုံ့ပြန်ခြင်း တို့ဖြင့်အိမ်သစ်တက်ပွဲအခမ်း အနား ကိုအဆုံး သတ် လေသည်။

အင်ဂျန်ခုံ ကျေး ရွာ နေဂျနီ ဖော့တို့၏အိုး အိမ်တည် ဆောက် ခြင်း ကိုပြန်လှည့်ကြည့်ပါကယခင်က၄င်း တို့၏အိမ်ပုံစံသည် ထောင့်မှန်စတုဂံပုံ ရှည် လျား သော နေအိမ်ပုံစံဖြစ်ပြီး အခန်း ဖွဲ့ စည်း မှု၌တမူထူး ခြား သော် လည်း ယခု ခေတ်ကွင်မှုပတ်ဝန်း ကျင်၌အခြား တိုင်း ရင်း သား တို့၏အိုး အိမ် တည် ဆောက်ပုံတို့ကလွှမ်း မိုး သွား သည်ကို တွေ့ရ ပေသည်။ ထို့ကြောင့်ယဉ် ကျေး မှုမနုဿဗေဒပညာရပ်ရှုထောင့်မှကြည့် သော်အိုး အိမ်တည် ဆောက်ခြင်း နှင့် ပတ်သက်သည့်ယဉ် ကျေးမှုလွှမ်း မိုး ခြင်း ကို တွေ့ရသည်။ ဤသည်မှာ နေထိုင် ရာ ပတ်ဝန်း ကျင် ဒေသ၊ ပတ်ဝန်း ကျင်အဖွဲ့အစည်း နှင့်သာမက ခေတ်စနစ်နှင့် လိုက် လျော ညီ ထွေ ပြောင်း လဲရခြင်း လည်း ဖြစ်သည်။

အိုး အိမ်တည် ဆောက်ပြီး စီး မှအိမ်သစ်တက်အခမ်း အ နား ကျင်း ပခြင်း ၌လည်း ဘာသာ ရေး အရကွဲပြား သွား သည်ကို တွေ့ရသည်။ နတ်ကိုး ကွယ်စဉ်ကအိမ်အသစ်အား နတ်တို့ထံကြည့်ရှုစောင့် ရှောက်ပါရန် အပ်နှံပန်ကြား ကြပြီး ယခု ခေတ်အင်ဂျန်ခုံ ကျေး ရွာ နေခရစ်ယာန်ဘာသာဝင် ဂျနီ ဖော့တို့ကတာဝရဘုရား သခင်ထံပန်ကြား အပ်နှံကြသည်။ အပ်နှံမှု ၌

ဖွားခြင်း သော်လည်း သဘောတရား မှာ အတူတူပင်ဖြစ်သည်။ အင်ဂျန်ခုံ ကျေးရွာ နေဂျန် ဖော့တို့သည်အခမ်း အနား ကျင်းပရာတွင်အလွန်စနစ်ကျမှု ရှိသည်ကို တွေ့ရသည်။ ထိုသို့စနစ်တကျရှိ အောင်လည်း အချိန်ယူ၍ပြင်ဆင် ဆောင်ရွက်လေ့ရှိကြောင်း တွေ့ရသည်။

(ဆ) ဘဝကြင်ဖော် ရွေးချယ်ခြင်း

ဘဝကြင်ဖော်ရှာခြင်း သည်အိမ်ထောင်ဖက်ရယူခြင်းပင်ဖြစ်သည်။ လူ့အဖွဲ့အစည်း တိုင်း တွင်အရွယ်ရောက်လာ သော ယောက်ျား ၊ မိန်းမ တို့ အိမ်ထောင်ပြုကြခြင်း မှာ ဓမ္မတာပင်ဖြစ်သည်။ ထိုသို့အိမ်ထောင်ပြုရခြင်း မှာ လူ့သဘာဝနိယာမ ကြောင့်လည်း ကောင်း ၊ သား သမီး လူဦး ရေတိုး ပွားစေ ရန်လည်း ကောင်း ၊ မျိုး ဆက်တည်တံ့စေရန်လည်း ကောင်း ဖြစ်သည်။

လူ့သဘာဝနိယာမ ကြောင့် ယောက်ျား နှင့်မိန်း မလိင်ဆက် ဆံမှုနှင့်ပတ်သက်၍ <u>အိမ်ထောင်ပြုခြင်း</u>[1] နှင့် <u>စည်းကမ်း မဲ့ပေါင်း သင်း ခြင်း</u>[2] နှစ်မျိုး ကို တွေ့ရသည်။ ယောက်ျား လေး နှင့်မိန်း ကလေး တို့သည်၎င်း တို့၏အဖွဲ့အစည်း ကချမှတ်ထား သော အိမ်ထောင်ရေး စည်း မျဉ်း များ နှင့်အညီ လက်ထပ်ထိမ်း မြား ကာတရား ဝင်လင်မယား အဖြစ်အသိအမှတ်ပြုခြင်း မှာ အိမ်ထောင်ပြုခြင်း ဖြစ်သည်။

စည်း မဲ့ကမ်း မဲ့ ပေါင်း သင်း ခြင်း မှာ အိမ်ထောင်မပြု ဘဲ စည်း ကမ်း မဲ့ ပေါင်း သင်း ခြင်း နှင့်အိမ်ထောင်ပြုပြီး စည်း ကမ်း မဲ့ ပေါင်း သင်း ခြင်း ဟူ၍ ရှိသည်။ ထိုစနစ်တို့ကိုကျင့်သုံးထား သော အဖွဲ့အစည်း တို့ သ ည် အစဉ်ပျက်မဲ့ရှင်ပြုထား ခြင်း မျိုး မတွေ့ ပေ။ အိမ်ထောင်ဖက် ရွေး ချယ်ပုံ ၊ အိမ်ထောင်စည်း ကမ်း ချက်များ နှင့်အိမ်ထောင်ရှုံ့စည်း ပုံတို့သည်အဖွဲ့အစည်း အ သီး သီး ၌ယဉ် ကျေး မှုအမျိုး မျိုး အရကွဲပြား ခြား နား သည်။

လူမျိုး တိုင်း အဖွဲ့အစည်း တိုင်း တွင်အိမ်ထောင်ဖက် ရွေး ချယ် ခြင်း သည်အရေး ကြီး လှသည်။ ဂျိန် ဖော့လူမျိုး တို့၏လူမှုဆက်ဆံရေး တွင် လည်း အိမ်ထောင်ဖက် ရွေး ချယ် ရေး ကိစ္စသည်အလွန်အရေး ကြီး သော ကိစ္စဖြစ်သည်။ မိဘများ သည်မိမိတို့၏သား သမီး များ အရွယ် ရောက်လာ သောအချိန် တွင် မိသား ၊ ဖသား ပီပီ နေရာချထား ပေး နိုင် ရေး အတွက်ကြိုး စား အား ထုတ်ကြရသည်ဖြစ်ရာ သား ရှင်မိဘများ သည်မိမိတို့၏သား များ ကိုထိုက်တန်သော သမီး ကညာ များ နှင့်လက်ထပ်ထိမ်း မြား ပေး နိုင် ရေး အတွက်လိုအပ် သော ဥစ္စာပစ္စည်း များ ကိုအလုံအလောက်ရှာဖွေစု ဆောင်း ထား ကြသည်။ သမီး ရှင်များ ကလည်း မိမိတို့သမီး ကညာအခါမလင့်စေရန်နှင့်ထိုက်တန် သော လင် ကောင်း သား ကောင်း များ ရရှိစေရန်အတွက်သမီး များ အား လိမ္မာရေး ခြား ရှိစေရန် ၊ အိမ်ထောင်ထိမ်း သိမ်း မှုနား လည်စေရန်သွန်သင် ပေး ကြ သည်။

---

၁။ Marriage

၂။ Mating

အမျိုး အနွယ်မတိမ်ကောရေး ကိုဂရုပြုကြသော ဂျိန်းဖောတို့သည်အချိန်ကာန်အရွယ် ရောက်လာသော သား ယောကျ်ားလေး များ အား အချိန်မီအိမ်ထောင်ပြုပေး ပါမှအမျိုး အနွယ်မတိမ်ကောရေး အထွတ်ဇတ် ချရသည်ဟုခံယူကြသည်။ ထို့ကြောင့်အိမ်ထောင်ရေး သည်လူမှုရေး ၏ သော့ချက်လည်း ဖြစ်သည်။ မိမိတို့၏ဘိုးဘွား များ လက်ထက်မှစတင်၍သမီး ယူခြင်း ၊ သမီး ပေး ခြင်း ကိုမယူဂါမစနစ် ခေါ် ယောက္ခမရိုး ၊ သား မက်ရိုး စနစ် ဖြင့်ဆက်ဆံကြသည်။ ထိုလူမှုဆက်ဆံရေး အစဉ်အလာကိုတိန်း သိမ်း ရန်မှာအရွယ် ရောက်နေသောသား သမီး များ ကိုလက်ထက်ပေး ခြင်း ပင်ဖြစ်သည်။ သို့မှသာလျှင်၎င်း တို့ ရှေး ကတည်း မှလက်ခံခဲ့သည့်အစဉ်အလာ ခိုင်မြဲနေ မည်။ အနွယ်တစုနှင့်တစုစည်း လုံး ညီညွတ်မှုရှိမည်။ အနွယ်တစုနှင့်တစုစည်း လုံး မှုရှိမှသာ ကျောထောက်နောက်ခံအင်အား တောင့်တင်း နေမည်။ ထို့ကြောင့် သား သမီး များ အရွယ် ရောက်လာသည်နှင့်မယူဂါမအမျိုး အချင်း ချင်း နေရာချထား ပေး ခြင်း ဖြစ်သည်။ ဂျိန်းဖောတို့သည်သား ယောကျ်ား များ ကို ထိမ်းမြား ကြခြင်း မှာအဓိကအား ဖြင့်မိမိတို့၏အိမ်ထောင်စုအနွယ်အရှည်ရှည် တည်မြဲရေး နှင့်တိုး ပွား ရေး တို့အတွက်ပင်ဖြစ်သည်။

အပျိုလူပျိုဘဝ

ရှေး ခေတ်တောင်ပေါ်ဒေသတွင်အတော ရချုတ်ကြသည်ဖြစ်၍ခန္ဓာကိုယ်ဖွံ့ဖြိုး မှုနှောင့်နှေး သည်။ မိန်း ကလေး များ သည်၁၅–၁၆ နှစ် လောက်တွင်မှအပျိုဖော်ဝင်ကြသည်။ အပျိုဖော်ဝင်မှမိဘ ဆွေမျိုး များကအပျို ဟုသတ်မှတ်ကြလေသည်။ သို့သော်ရင် သား မဖွံ့ဖြိုး မီ၊ အပျိုဖော်မဝင်မီက ပင်ချစ်မှုရေး ရာတွင်ယှဉ်ပျမ်း ကျင်ကြသည်။ ယောကျ်ား လေး များ ကို လည်း ၁၅–၁၆ နှစ် လောက်ကိုမှလူပျိုဟုသတ်မှတ်ကြသည်။

လူမှုဆက်ဆံရေး တွင်အပျိုအပျော်နှင့်လူပျိုအရွယ်များ ကို သီး ခြား ခွဲခြား ထား သော ဓလေ့ထုံးတမ်းမရှိခြင်း ကြောင့်တရွာတည်း နေသူများ သည်တဦး နှင့်တဦး သိကျွမ်း ပြီး သား ဖြစ် နေကြသည်။ တရွာတည်း သား ချင်း ဖြစ်ပါက တောင်ယာခုတ်ရင်း ၊ ထင်း ခွေ၊ ရေခပ်ရင်း နေ့စဉ် တွေ့မြင်သိ ကျွမ်း နေကြသည်။ တရွာတည်း သား ချင်း များ မဟုတ်ဘဲခရီး အတန်ငယ်ဝေး နေလျှင်မူ မနောပွဲများ ၊ အိမ်သစ်တက်ပွဲများ ၊ မင်္ဂလာဆောင်ပွဲများ ၊ အသုဘပွဲများ တွင် တွေ့ဆုံသိကျွမ်း နိုင်ကြသည်။ ထို့ပြင် ရွာတိုရွာမှ ယောကျ်ားလေး က မိန်း ကလေး ကိုသဘောကျနှစ်သက်လျှင်မိန်း ကလေး အိမ်ကိုသွား ရောက် လည်ပတ်ကာ မိန်း ကလေး နှင့်လူကိုယ်တိုင်တွေ့ဆုံမှုချစ် ရေး ဆိုနိုင်သည်။ ချစ် တင်း နှောနိုင်သည်။ ရှေး ယခင်ကဂျိန်းဖောတို့၏ နေအိမ်များ တွင် ၊ အင်လားဒပ်[1] ခေါ် အပျိုလူပျိုခန်း ထား ရှိသည်။ အပျိုလူပျိုခန်း သို့မဟုတ် သမီး ရည်း စား ခန်း ဟုဆိုလည်း မမှား နိုင်ပေ။ အကြောင်း မှာကာလ သား များ အနေဖြင့်ဝင်ထွက်နိုင်သည့်နည်း တူလုံမပျိုများ ကလည်း လက် ခံ ကြိုဆိုနိုင်ခွင့်ရှိသည်။ ဖူး ရာယဉ်ကျေး မှုအရဧည့်ခံကြိုဆိုရာမှ ယောကျ်ားပျို

၁။ Nladap

နှင့်အတူတကွ နေထိုင်နိုင်သည်။ မသိကျွမ်း ဘူး သော သူစိမ်း ချင်း တွေ့ကြပါက ၊ ပထမဦး စွာ အမျိုး စပ် ရသည်။ ညီအကို မျိုးအချင်း ချင်း ၊ ယောက္ခမ မျိုးအချင်း ချင်း ၊ သား မက်မျိုး အချင်း ချင်း ဖြစ် နေပါက လွန်လွန်ကြူး ကြူး ချစ် တင်း နှော ခွင့်မရှိ ပေ။ ရှောင်ကျဉ်ကြ ရသည်။

အပျိုလူပျိုများ တွေ့ဆုံရာတွင်တ ယောက်နှင့်တ ယောက် စေါင်း ပါး ရိပ် ခြေ ပြော ဆိုကြသည်။ ညဉ့်နက်လာ မှ အိပ် ငိုက်လာလျှင်အတူတကွအိပ် ယာ ဝင်ကြသည်။ နံနက်မိုး လင်း လာလျှင် ယောကျာ်း လေး များ က မိမိအိမ်သို့ အ သီး သီး ပြန်ကြသည်။ အတူး သဖြင့်သင်္ကြန်ပွဲ ၊ မင်္ဂလာ ဆောင်ပွဲများ ကျင်း ပ သော အခါသူစိမ်း တရုံအချင်း ချင်း တွေ့ဆုံကြရာ ဝယ်သမီး ရည်း စား လည်း မတလင်မယား လည်း မကျဆက်ဆံတတ်ကြသည်။ သို့ရာတွင်အချိန်အခါအား ဖြ င့် ခေတ္တ တာ မျှသာ ပျော်ပါး ခြင်း ဖြစ် လေသည်။ သင်္ကြန်ပွဲ ၊ မင်္ဂလာပွဲပြီး ဆုံး သွား သည်နှင့်တပြိုင်နက်ချစ်သူတို့၏အချစ်ဇာတ်လမ်း လည်း ပြီး ဆုံး သွား လေသည်။ အချို့ဒေသများ တွင်အပျိုလူပျိုဂေဟာများ ဆောက်လုပ်ထား ပြီး ညအချိန်တွင် လှိုင်ပျိုနှင့်လုံမပျိုတို့အား လွတ်လပ်စွာ ဆက်ဆံခွင့်အပြည့်အဝ ပေး ထား ပေသည်။ သို့သော် အိမ် ထောင်မှုကိုကား မပြုနိုင်ကြ ပေ။ ၄င်း တို့အ နေဖြင့်လည်း အိ မ် ထောင်ပြုရန်မ ရည်ရွယ်ကြ ပေ။ ဤသို့တဦး နှင့်တဦး ချစ်ကြင်နာကြပါသော် လည်း လက်ထပ်ယူခွင့်မ ရှိ ပေ။ ဤသို့လှိုင်ပျိုနှင့်လုံမပျိုတို့ တွေ့ဆုံကြရာတွင် ယောကျာ်း လေး၌ တာဝန်ပိုရှိကြီး မား သည်။ မိန်း က လေး ထွင်ကိုယ် လေး လက်ဝန် ရှိလာ ပါက ယောကျာ်း လေး ဖက်မှ ပေး ဆပ် ပေး လျှော် ရသည်။

တခါတ ရံမိန်း က လေး တဦး သည် ယောကျာ်း လေး တဦးသာ မကနှစ်ဦး သုံး ဦး နှင့်ရည်ငံမိရာ မှအ ဖေမ ပေါ်ပဲသား မွေး ရ သော အခြေအ နေမျိုး လည်း ရှိတတ်သည်။ ထိုသို့အ ဖေမ ပေါ်ပဲ မွေး သော သား ကို <u>နင်ဂီ</u>[၁] သို့မဟုတ် <u>အင်ဂီ</u>[၂] ဟု ခေါ်သည်။ ထိုက လေး ကိုမိန်း က လေး ၏ မိဘ များ ကထိန်း သိမ်း စောင့် ရှောက် လေ့ရှိကြသည်။ အ ဖေမ ပေါ်ပဲ မွေး သော သား ကိုသာ မကလူသိနတ်ကြား အကြင်လင်မယား အဖြစ် နေထိုင်ကြမှတ ရား ဝင် လက်မထပ် ရ သေး မီ မွေး ဖွား လာ သော က လေး များ ကိုလည်း နင်ဂီသို့ မ ဟုတ်အင်ဂီဟူ၍ ပင် ခေါ်သည်။ ထိုအ ဖေမ ပေါ်ပဲ မွေး သော သား ၏ မိခင် အား လက်ထပ်ယူသူက ကျေနပ်လျှင်က လေး အား ၄င်း ၏ မျိုး ရိုး အမည်ကို ပေး၍ ထိုမျိုး ရိုး ကိုဆက်ခံ စေသည်။ အမျိုး သမီး တဦး သည် ယောကျာ်း ၃-၄ဦး နှ င့် ဆက်ဆံမှုသ ား မွေး ထား သည့်တိုင်ငါ့နိဖော့တို့သည်ယူ ရသည့်အမျိုး ထဲမှတ ယောက် ယောက်ကတာ ဝန်ယူ စောင့် ရှောက်ကြ ရသည်။ ထိုသို့မဟုတ်က ကျေး ရွာ အကြီးအကဲ များ ကမိန်း က လေး အား မနှစ်နာ စေ ရန်အဆုံး အဖြတ် ပေး မှတ ဦးတ ယောက် ကိုတာ ဝန်ယူ စေသည်။ တခါတ ရံ ယောကျာ်း ပျိုနှ စ် ယောက်ကသူ့သား ၊ ကိုယ့်သား ယူကြသည်မျိုး လည်း ရှိသည်။ စီး ပွား ရေး လုပ်ငန်း များ ထွင်လူအင်အားသည် အရေး ကြီး သော ကြောင့် ယောကျာ်း လေး ဖြစ်ပါကပိုမိုတန်ဘိုးထား ကြသည်။

၁။ Ninggi

၂။ N-gi

ယခု ခေတ်အင်ဂျန်ဒုံ ကျေးရွာ နေဂျိန်ဖော့တို့၏အပျိုလူပျိုဘဝသည် ရှေး ခေတ်အပျိုလူပျိုဘဝမှ နေထိုင်ရာ ဒေသ၊ ပန်ဝန်းကျင်၊ အချိန်ကာလတို့ကြောင့် ပြောင်းလဲမှုရှိလာသော်လည်း လုံးလုံး လျားလျား ပြောင်းလဲသွားခြင်း ကား မဟုတ်ပေ။ ရှေးကကဲ့သို့အပျိုလူပျိုခန်းများ တွင်တရားဝင်တွေ့ဆုံဆက်ဆံရခြင်း မျိုး ကား မရှိတော့ပေ။ သို့ရာတွင်သာရေး ၊ နာရေး ပွဲလမ်း သဘင်များ တွင် တွေ့ဆုံကျွမ်းဝင်ကာလွန်ကြူး ရွာဆက်ဆံကြမှုများ ကား မပျောက်ကွယ်သေး ပေ။ ထိုသို့ဆက်ဆံမှုကြောင့်အဖေမပေါ်ပဲသား မွေးမှု များ ၊ အမျိုးသား ဖက်မှလက်ထပ် ပေါင်းသင်း ရန်ဆန္ဒမရှိမှုသို့မဟုတ်မဖြစ် နိုင်မှုကြောင့်အဖမဲ့သား မွေးမှုများ နှင့်ပေး လျော်ရမှုများ ကိုမ ကြာခဏဆိုသလို ရင်ဆိုင်ရမြဲဖြစ်သည်။ ၄င်းတို့၏ ရှေးရိုး ထုံးတမ်း စဉ်လာ တခု ဖြစ်ခဲ့သော လက်မထပ်မီလွတ်လပ်စွာ ပေါင်းသင်း နေထိုင်မှုစနစ်သည်ယနေ့ အင်ဂျန်ဒုံ ကျေးရွာသို့တိုင်လွှမ်းမိုး ထားဆဲဖြစ် ကြောင်း လေ့လာ တွေ့ရှိ ရသည်။

အပျိုလူပျိုခန်း ကိုဂျိန်ဖော့ဘာသာစကား ဖြင့်အင်လား ဒပ် ဟုခေါ်သည်။ အင်လား ဆိုသည်မှာ မယူဟုအဓိပ္ပါယ်ရပြီး ဒပ်ဆိုသည်အခန်း ဖြစ်သည်။ ထို့ကြောင့်အင်လား ဒပ်ဆိုသည်မှာ မယူရ သောအခန်း ဟုအဓိပ္ပါယ် ရသည်။ တနည်း အား ဖြင့်မယူရပဲနဲ့ပျော်မြူး နိုင် သောအခန်း ဟုဆိုလိုသည်။ ထိုအခန်း သည်မိသားစုတို့နေထိုင်ရာအိမ်အတွင်း ၌ပင်တသီး တခြား သတ်မှတ်ထား ရှိခြင်း ဖြစ်သည်။ ရှေး ခေတ်ဂျိန်ဖော့တို့၏ နေအိမ်သည်မိသား စုတစုတည်း သာ ဖြစ်ပါက ပေ ၅၀ ခန့်သာရှည်၍ ၄-၅ ခန်း သာ ရှိပြီး သား များ ၏အိမ်ထောင်ရေးများ သည်မခွဲထွက်ပဲအိမ်ထောင်တွဲမိသား စုများ စု ပေါင်း နေထိုင်ပါက ပေ ၁၀၀ မှ ၃၀၀ အထိ ရှည်တတ်ပြီး အခန်း ပေါင်း ၂၅-၃၀ အထိ ရှိတတ်သည်။ မည်သို့ပင်ဖြစ် စေ အိမ်တအိမ်တွင်အင်လား ဒပ်တခန်း ရှိစမြဲဖြစ်သည်။ အင်လား ဒပ်ကို "အင်ပန်း "ဟု ခေါ် သောအိမ်၏အနောက်ဖက်တွင်သတ်မှတ်ထား ရှိပြီး အနောက်ဖက်မှ စ၍ ရေ သော်အစွန်ဆုံး အခန်း သည်အင်လား ဒပ် ပင်ဖြစ်သည်။ အင်လား ဒပ်သည်ဝင် ပေါက်တံခါး မကြီး တခုသာ ရှိပြီး လုံလုံခြုံခြုံကာ ရံထား သည့်အခန်း တခန်း ဖြစ်သည်။ အလည်တွင်မီး ဖိုကြီး တခု ရှိသည်။ ထိုမီး ဖို၌ ညအချိန်တွင်မီး မွေး ၍အပျိုလူပျိုတို့ဝိုင်း ဖွဲ့မီး လှုံကာ စကား ပြောဆိုခြင်း ရည်မော ခြင်း ၊ အိပ်စက်ခြင်း တို့ကိုပြုကြသည်။ တခါတရံအိမ် ရှိအပျိုအား လုံး နှင့်သက်ဆိုင်ရာလူပျိုအား လုံး အင်လား ဒပ်တွင်စု ပေါင်း ၍အိပ်ကြသည်။ တခါတ ရံ အပျိုတ ယောက်နှင့်လူပျိုတ ယောက်သာ အိပ်ကြသည်။

ရှေး ယခင်ကဂျိန်ဖော့တို့၏အချို့ဒေသရှိအိမ်အသီး သီး တွင် ၊ အင်လား ဒပ်ကိုမထား ပဲ ရွာလည်တွင်မှအင်လား ဒွမ်[၁] ခေါ်အပျိုလူပျိုဂေဟာကို ဆောက်လုပ်ထား ကြသည်။ အင်လား ဒွမ်ဆိုသည်မှာ မယူပဲအတူတကွ နေ၍ရ သောအိမ်ဟု အဓိပ္ပါယ် ရသည်။ အင်လား ဒွမ်သည်လူတ ရပ်ခန့်အမြင့်ရှိပြီး ကြမ်း ခင်း

---

၁။ Nla dum

ဝါး ကရိကာ၊ သက်ကယ်မိုး နှင့်သစ်လုံး တိုင်များ ဖြင့် ကျေးရွာမှစုပေါင်း ဆောက်လုပ်ထား ခြင်း ဖြစ်သည်။ အလည်တွင်မီး ဖိုရှိပြီး လူ ၁၀–၁၅ ဦးခန့် ချောင်ချောင်ချိချိ အိပ်နိုင်သည်။ အရွယ် ရောက်ပြီး သောမိန်း ကလေးများ အမြဲတန်း သွား ရောက်အိပ်စက်ရာ နေရာဖြစ်သည်။ ၎င်း တို့၏အိပ်ယာလိပ် ကိုထိုဂေဟာ၌ပင်ထား ရှိသည်။ ရွာရှိလူပျိုများ ကမိမိကြိုက်နှစ်သက်ရာမိန်း ကလေး၏အိပ်ယာထဲတွင်ဝင် ရောက်အိပ်စက်နိုင်သည်။ သို့သော်အဆက်တွင် ဆို ခဲ့သည့်အတိုင်း တူညီ သောအမျိုး အချင်း ချင်း နှင့်တား မြစ်ထား သော သွေး နီး သူချင်း ကား မဖြစ်ရပေ။ အခြား တနယ်တကျေး မှသူစိမ်း ဆိုပါကအိမ် ထောင်သည်ဖြစ် စေဝင် ရောက်အိပ်စက်၍ရသည်။ အိမ် ထောင်ကျသည် နှင့် အပြိုင်နက်ဆို ဂေဟာကိုစွန့်ခွာရ တော့သည်။

ထိုသို့အင်လား ဒပ် ခေါ်အပျိုလူပျိုခန်း နှင့်အင်လား ဒူမ် ခေါ်အပျိုလူပျိုဂေဟာတို့ ပေါ် ပေါက်လာပုံနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖြစ် ကြောင်း သိရသည်။ ရှေး ခေတ် တောင် ပေါ် ဒေသတွင် နေထိုင်စဉ် ၊ ထိုကျေး ခါက နေအိမ်များ ကိုအရွယ် ရောက်ပြီး လူပျိုအပျိုအပါအဝင်လူကြီး သူမအား လုံး စု ပေါင်း လုပ်အား ဖြင့်ဝိုင်း ဝန်း ဆောက်လုပ်ကြသည်။ ထိုသို့ ဆောက်လုပ်နိုင်ရန်အတွက်သက်ကယ်ရိတ်၊ ရွှန်း ခုတ်၊ ဝါး ခုတ်၊ သစ်ခုတ် ၊ ကြိမ်ခုတ်၊ နှီး ဖျာ၊ တရိုရက်၊ ကြမ်း ပေါက်စ သောလုပ်ငန်း ဆောင် တာ အသီး သီး ကိုမိမိတို့ကျွမ်း ကျင်ရာ၌ ဝိုင်း ဝန်း လုပ်ကိုင်ကြရသည်။ အိမ်ဆောက် စဉ်း အစုံအလင်ရှိပြီး နောက် နေအိမ်ကိုဝိုင်း ဝန်း ဆောက်လုပ် ကြသည်။ အိမ် ဆောက်လုပ်ပြီး စီး သောအခါနတ်စင်ခန်း ၊ အဖိုး အဖွားခန်း၊ မိဘများ အခန်း ၊ အိမ် ထောင်ရှိသူသား များ၏အခန်း အသီး သီး ကိုသတ်မှတ် ပေး အပ်သည်။ လူလွတ်များ အတွက်မူအခန်း မဖွဲ့ပေး ပဲ နေထိုင် စေသည်။ ဤတွင်အိမ် ဆောက်စဉ်ကပင်ပင်ပန်း ပန်း ပါဝင် ဆောက်လုပ်ခဲ့ သော လူပျိုအပျိုတို့ကမိမိတို့အား လည်း လုံခြုံသောအခန်း တခန်း ပေး ပါရန် တောင်း ဆိုလာကြသည်။ သို့ဖြင့်အိမ်အနောက်ဆုံး အခန်း တခန်း ကို၎င်း တို့အတွက် အပန်း ဖြေရာအခန်း အဖြစ်သတ်မှတ် ပေး ရ တော့သည်။ နောက်ပိုင်း တွင် အိမ် ထောင်မကျ သေး သောအပျိုလူပျိုများ တွေ့ဆုံချစ်တင်း နှောရာအခန်း ဖြစ်လာသည်။ ထိုမှတဆင့်အချို့ဒေသတွင်အိမ်အတွင်း၌ အင်လား ဒပ်မထား လို သော ကြောင့်ရွာလည်တွင်အင်လား ဒူမ်ကို ဆောက်လုပ်ခဲ့ကြသည်။ တနိုင်း မြို့ နယ်ဝန်း ကျင် ဒေသ ရှိအချို့ကျေး ရွာများ တွင်လွန်ခဲ့ သောနှစ် ပေါင်း ၃၀ ခန့်အထိအင်လား ဒူမ်များ တား ရှိ ကြောင်း သိရှိရသည်။

ဂျိန် ဖော့လူမျိုး တို့၏ မိသား စုများ တွင်ထို ခေတ်ဟိုအခါက အင်လား ဒပ်သို့မဟုတ်အင်း လား ဒူမ်များ တွင်မိမိတို့၏သား ပျိုသမီး ပျို တို့အား လင်မျက်ဖွ လွတ်လပ်ခွင့်အပြည့်အဝ ပေး ထား ခဲ့ပြီး လူလင်ပျိုများ သည်မိမိ၏ ယောက်မမျိုး ဖြစ်သည့်အိမ်အများ တွင်လူပျိုသည့်နိုင်သည်ဖြစ်ရာ တချိန်တည်း တွင်ချစ်သူရည်စား ၄–၅ ယောက်ရှိတတ်ကြသည်။ ထိုချစ်သူရည်စားများ သည်တရွာတည်း တွင်ဖြစ် စေ၊ အနီး အနား ရွာများ တွင်ဖြစ် စေ၊

ရှိနိုင်ပေသည်။ မိန်းကလေးများလည်း ထိုနည်းအတိုင်း ပင်ဖြစ်သည်။ အချို့ ယောကျ်ားကလေးများသည် ၄င်း မိန်းကလေးတို့ထဲမှ မဖုံးနိုင်မဖိနိုင် ဖြစ်လာသော မိန်းကလေး တယောက်ယောက်နှင့်လက်ဆက်ရသည်။ သို့သော် တခါတရံ မိဘနှင့်ရည်ငံနေသူတစ်ယောက်နှင့်မှလက်မထပ်ပဲ မိဘတို့၏သဘောတူ ညီချက်အရ ယောက္ခမများထဲမှ တယောက်ယောက်နှင့်လက်ထပ်လိုက်ရသည်လည်း ရှိသည်။

ယခုခေတ်အင်ဂျန်ဒုံကျေးရွာတွင်မူ အင်လားဒပ်ခေါ် အပျိုလူပျိုခန်း သော်လည်း ကောင်း၊ အင်လားဒွမ်ခေါ် အပျိုလူပျိုဂေဟာ သော်လည်း ကောင်း မရှိတော့ပေ။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်အထက် တောင်ပေါ်ဒေသကျေးရွာတိုင်းတွင်ရှိခဲ့သည်။ ယခုခေတ်တွင်အပျိုလူပျို တို့သည်သူစိမ်းများ ဖြစ်ကပထမဖိတ်ဖို့ရသည်။ ဖိတ်ဖို့ပြီး နောက်ဆွေမျိုး ဝင်ရသည်။ ယောကျ်ားမနှင့်သားမက်များ ဖြစ်ကဖွင့်ဟပြောဆိုနိုင်သည်။ တဦး နှင့်တဦး မေတ္တာမျှပြီး သည့်နောက်လွတ်လပ်ရွာနေနိုင်သည်။ ၎င်းသို့လွတ်လပ် ရွာနေထိုင်စဉ်အတွင်း ယောကျ်ား လေး ထွင်လုံး တာဝန်ရှိသည်ဖြစ် ရွာ အခြေအနေအရပ်ရပ်ကိုရင်ဆိုင် ဖြေရှင်း နိုင်စွမ်း ရှိရသည်။ အကယ်၍မဖုံး နိုင်မဖိနိုင်ဖြစ်ခဲ့သော် ၄င်း ရွာဓလေ့ထုံးစံအတိုင်း တောင်း ရမ်း လက်ထပ် ပေးသည်လည်း ရှိသည်။ မိန်းကလေး ကိုမနှစ်မြို့ပါက လျော်ကြေး ပေး လျော် တာကျေနပ်စေသည်လည်း ရှိသည်။ အင်ဂျန်ဒုံ ကျေး ရွာ နေလူလင်ပျိုနှင့်လုံမ ပျိုတို့သည်ဘာသာရေး ဆိုင်ရာပွဲလမ်း သဘင်များ တွင်လည်း ကောင်း၊ သာမှုနာမှုပွဲလမ်း များ တွင်လည်း ကောင်း၊ ရပ်ရွာသန့်ရှင်း ရေး လုပ် အား ပေး များ တွင်လည်း ကောင်း၊ စီမံကိန်း ဝင်လုပ်အား ပေး ခန်း များ တွင်လည်း ကောင်း တွေ့ဆုံကြရာဘွင် ရှေး ခေတ်အင်လား ဒပ်၊ အင် လား ဒွမ်တွင်ကဲ့သို့လွတ်လပ်ခြင်း မျိုး မရှိ သော်လည်း အသင့်အတင့်လွတ်လပ် မှု ရှိနေပြီး ရှေး ဦး ရာအစဉ်အလာတို့လုံး လုံး လျား လျား မ ပျောက်ကွယ် သေး ကြောင်း တွေ့ရသည်။

အင်ဂျန်ဒုံ ကျေး ရွာ ရှိလူကြီး မိဘ များ သည်ထိုသို့ ဦး ရာ အစဉ်အလာအရလွတ်လပ်လာခဲ့ သော လင်မျက်နှာကိုထိန်း ချုပ်ချင်လာကြသည် ။ ထို့ကြောင့်(၁၅-၁၈-၉၁)ရက် နေ့က ရပ် ရွာ အကြီး အကဲ များ မှ ဦး ဆော င် တာလက်မထပ်မီလွန်လွန်ကျူး ကျူး မဆက်ဆံကြ စေ ရန်လည်း ကောင်း၊ ပညာ သင်ချိန်အရွယ်တွင်ပညာကိုဆုံး ခန်း တိုင်သည့်အထိသင်ယူကြ စေ ရန်လည်း ကောင်း၊ လက်ထပ်သင့်သည့်အရွယ် အချင်း ချင်း မှသာ မေတ္တာမျှချစ်ကြိုက်ကြပြီး လက်မ ထပ်သင့်သည့်အရွယ် အချင်း ချင်း ကျူး လွန်မှုမရှိ စေ ရန်လည်း ကောင်း စသည့် ရည်ရွယ်ချက်များ ဖြင့်လူငယ်အဖွဲ့အစည်း တရပ်ကိုဖွဲ့စည်း ခဲ့သည်။

ထိုအဖွဲ့အစည်း မှအင်ဂျင်နီ ခွဲ ကျေးရွာနေလူငယ်များ လိုက်နာရမည့်စည်း ကမ်း ချက်များ ကို အောက်ပါအတိုင်း ရေး ဆွဲချမှတ်ခဲ့သည်။

(၁) ကျေး ရွာငြိမ်ဝပ်ပိပြား မှုတည် ဆောက် ရေး အဖွဲ့၏ဦး ဆောင်လမ်း ညွှန်မှုကိုလူငယ်တိုင်း လိုက်နာ ဆောင်ရွက်ကြရန်။

(၂) လူငယ် ခေါင်း ဆောင်များ ၏ဦး ဆောင်မှုအောက်တွင်လူငယ်တိုင်း၏ ကျစွာပါဝင် ဆောင်ရွက်ကြရန်။

(၃) အသက် ၁၄ နှစ်အထက်အိမ် ထောင်မရှိသေး သောကျား ၊ မတိုင်း ကိုလူငယ်အဖွဲ့ဝင်အဖြစ်သတ်မှတ်ရန်။

(၄) မိမိအကျိုး ကိုစွန့်၍လူငယ်အကျိုး ၊ ရပ်ရွာအကျိုး ၊ နိုင်ငံ တော်အကျိုး ကို တက်ကြွစွာ ပါဝင် ဆောင်ရွက်ကြရန်။

(၅) ရပ်ရွာအတွင်း တွင် ပေါ် ပေါက် သောသာ မှု၊ နာမှုကိစ္စအဝဝ တွင် လူငယ်များ တတ်အား သရွေ့ကူညီ ဆောင်ရွက်ကြရန်။

(၆) လူမျိုး မ ရွေး ၊ ဘာသာ မ ရွေး ၊ အဆင့်အတန်း မ ရွေး လူငယ်အားလုံး ရင်း နှီး စွာ ပေါင်း သင်း ဆက်ဆံကြရန် နှင့်တ ယောက်နှင့်တ ယောက် ပုတ်ခတ် ရှုံ့ချခြင်း ကို ရှောင်ကြရန်။

(၇) လူငယ်တိုင်း မူး ယစ် ဆေး ဝါး မှုန်သမှုကို ရှောင်ကြဉ်ကြရန်။

(၈) ဆိုး သွမ်း ရမ်း ကား နေသူများ ၊ မူးယစ်ဆေး ဝါး သုံး စွဲ နေသူများ အား တွေ့ရှိပါကဝိုင်း ဝန်း ထိန်း သိမ်း ကာသက်ဆိုင်ရာသို့အ ကြောင်း ကြား ရန်။

(၉) ချစ်မှုရေး ရာကိစ္စနှင့်ပတ်သက်၍မသင့် တော် သော ဆွေမျိုး စုများ အတွင်း သမီး ရည်း စား ဖြစ်မှုများ ကိုလည်း ကောင်း ၊ သမီး ရည်း စား ချင်း လွန်ကျူး စွာ ရည်ငံဆက်ဆံမှုများ ဖြစ် ပေါ်လာလျှင် သော် လည်း ကောင်း သိရှိသူလူငယ်များ က ခေါင်း ဆောင်လူငယ်များ ထံ အသိ ပေး ရန်။

(၁၀) လူငယ်များ အကျင့်စာရိတ္တ ကောင်း မွန်ပြီး ဘက်စုံဖွံ့ဖြိုး တိုး တက် မှု လုပ်ငန်း များ တွင်အခါအား လျော်စွာပါဝင် ဆောင်ရွက်ကြရန်။

(၁၁) နာမကျန်း ဖြစ်ကာအတော်ဒုက္ခ ရောက်နေသူများ အား လူငယ်များ မှ တတ်အား သ ရွေ့ဝိုင်း ဝန်း ကြည့်ရှု စောင့်မကြရန်။

(၁၂) ကျေး ရွာအတွင်း မသင်္ကာသူလူစိမ်း တစ်စုံတစ်ဦး ကို တွေ့ရှိပါကသက်ဆိုင် ရာလူကြီး များ နှင့်လူငယ် ခေါင်း ဆောင်များ ထံသတင်း ပို့ရန်။

(၁၃) အထက်ပါစည်း ကမ်း ချက်များ ကိုလူငယ်တိုင်း လိုက်နာကျင့်သုံး ဆောင် ရွက်ကြရန်နှင့်အကယ်၍မလိုက်နာသူများ ရှိပါက၄င်း သူတို့ကိုဆိုး သွမ်း လူငယ်များ အဖြစ်သတ်မှတ်အရေး ယူရန်။

ရှေး ခေတ်က လူလင်ပျိုများသည် မိမိတို့သဘောကျ သော လုံမပျိုများ ရှိရာ နေအိမ်သို့ ည (၉း၀၀) နာရီခန့်မှစ၍သွားရောက် ကာ လူပျိုလှည့်ကရိယာများကိုတီး မှုတ်အသုံး ပြု၍ လူပျိုလှည့်လုပ်ငန်း တို့ကိုပါဝင်စွာ ဆောင်ရွက်ကြသည်။ တခါတရံအဖွဲ့လိုက် သော်လည်း ကောင်း၊ တခါတရံနှစ်ယောက် သုံး ယောက်တွဲ သော်လည်း ကောင်း၊ တခါတရံတဦးတည်း သော် လည်း ကောင်း လူပျိုလှည့်တတ်ကြသည်။ လူပျိုလှည့်ကရိယာများမှာ

(၁) ဂျိန်ဖေ့ဘာသာစကားအားဖြင့် ကဝါးပေါ်[၁] ခေါ် ဝါးခြမ်း နှင့် ပြုလုပ်ထားသော လေမှုတ်ကရိယာတမျိုး

(၂) ဖရီပေါ်[၂] ခေါ် သံဖြင့်ပြုလုပ်ထားသော လေမှုတ်ကရိယာတမျိုး

(၃) ကဝါးဆူမ်ပြီ[၃] ခေါ် ဝါးပုလွေများ (၄င်းလွှင် ပီထွတ်[၄]၊ ပီဆွန်း[၅] ပီယောင်း[၆] ဟူ၍သုံးမျိုးရှိသည်။ )ဖြစ်သည်။

၄င်းလူပျိုလှည့် လေမှုတ်ကရိယာများ ဖြင့် မိမိနှစ်သက်သည့် လုံမပျိုအိပ်စက်သည့်အိပ်ယာ အောက်နားမှ နေ၍ လုံမပျိုကြားနိုင်ရုံ တိုးညှင်း စွာ မှုတ်ပြီး အသံ ပေးရသည်။ ပြီးလျှင် ချိုသာ သောစကားလှလှဖြင့် လုံမ ပျိုအား အိပ်ခန်းတွင်းမှထွက်ခဲ့ပါရန် အကြိမ်ကြိမ် ခေါ်ကြသည်။ ရှေး ခေတ် များက လူပျိုလှည့်ရာတွင် သီချင်းဆိုခြင်းကိုမပြုကြ ပေ။ ရှေးခေတ်အဆက်ဆက် မှ ဆင်းသက်လာ သော ရှငေါ်န်ဂါ[၇]၊ နင်ချွန်ဂါ[၈]၊ ဦးဂွဲ့ဂါ[၉] ဆိုသည့် အသံ တမျိုး မျိုး ကို အဆက်အပြတ်ဆွဲ ချင်သီဆိုခြင်းဖြင့်သာ လူပျိုလှည့် လေ့ရှိသည်။ အထက် ပါ ကရိယာသံနှင့် တိုသံရှည်ဆွဲသံတို့ကိုကြားရ သောလုံမပျိုသည်အိပ်ယာမှချက် ချင်း ထ၍ အပျိုလူပျိုခန်းသို့သွားကာ လူလင်ပျိုနှင့်ချစ်တင်းနှောလို သောစိတ်များ ပေါ် ပေါက်လာသည်တဲ့။ ခေတ်ကာလ ရွေ့လျားလာ သောအခါလူလင်ပျို တို့ သည် ရှေး ဟောင်းအသံရှည်တို့အပြင်အချစ်နှင့်ပတ်သက်သည့်အကြောင်းအရာ တို့ကို စပ်ဆိုထား သောသီချင်းများကိုသီဆိုကာ လူပျိုလှည့်တတ်လာသည်။ လုံမပျို တို့ကလည်း အိပ်ယာမှထကာ အင်လားအစ်တွင်လူပျိုနှင့် တွေ့ဆုံသည်။ ထိုအခန်း ၌ပင် ကွမ်း၊ဆေးတို့ကိုလည်း ကောင်း၊ ကဖော်၊ လျော်စာ၊ ခေါင်ရည်၊ အရက် တို့ကိုလည်း ကောင်း၊ တပျော်တပါး စား သောက်ကြသည်။ တခါတရံအချစ်နှင့် ပတ်သက်သည့်သီချင်း တို့ကိုလူလင်ပျိုနှင့်လုံမပျိုတို့က အတိုင်အဖောက်သီဆိုကြသည်။

---

၁။ Kawa paw
၂။ Hpri paw
၃။ Kawa sumpi
၄။ Pi tut
၅။ Pi sun
၆။ Pi yawng
၇။ Sha ngawn ga
၈။ Ning Chyung ga
၉။ U goi ga

အတိုင်းအ မောက်လုပ်သည့်အခါ ပွဲသည့်လူကအ ရက်ထုတ်ရ၍၊ ခေါင်ရည်ထုတ်ရ ၍ ဖြစ်သည်။ စားရင်း သောက်ရင်းပင် မေတ္တာစကား ကိုတိတ်ဆိတ်စွာ ပြော ကြသည်။ တခါတရံညလုံး ပေါက် အချိုရေသောက်ရှိပါ ပျော်ပါး အိပ်စက်ကြ သည်။ နံနက်လင်း လုလုတွင်မှ လုလင်ပျိုအိမ်ပြန်သည်။ ထိုသို့ နေထိုင်ခြင်းမှု ခြင်း ကို မနုဿဗေဒ ပညာရှင်တို့ <u>လက်မထပ်မီ ပေါင်းသင်း နေထိုင်ခြင်း</u> [၁] ဟု ခေါ် သည်။

ဂုန် မော့လူမျိုး တို့တွင် အိမ်ထောင်ဖက် ရွေးချယ်ရန် လုပ်ရိုး ဖြည့်ရာ၌ လိုက်နာရမည့် ငြိုးရာဇ လွှတ်တုံးတစ်း များ ရှိသည်။ ၎င်းတို့မှာ မယု-ဓါမ ( ယောက္ခမ-သားမက် ) မျိုးဖြစ်ရမည်၊ ဝက်ရူး ပြန် ရောဂါ ၊ ကုဋ္ဌနာ ရောဂါကင်းရမည်၊ အိမ်ထွင်းမှုကျွမ်းရမည်၊ အပြော သဘ ဆို သွက်လက်ရမည်၊ ကိုယ်ခန္ဓာ ချော မော ပြေပြစ်ရမည်၊ မသား စုအရင်းရင်း ပေါ်ပေါက်မှုရှိရမည်၊ ဝန်း မျိုး မဖြစ် စေရ၊ စသည်တို့ဖြစ်သည်။

အထက်ပါအချက်တို့နှင့်ကိုက်ညီပါက လုလင်ပျိုသည်မိန်း ကလေး မည်မျှကိုမဆိုလုပ်ရှာနိုင်သကဲ့သို့ မိန်းကလေး ကလည်း ယောကျ်ား လေး မည်မျှ ကို မဆိုလက်ခံနိုင်သည်။ ထိုခေတ်ထိုအခါကထုံးစံသို့အင်လားခစ် ခေါ် အပျိုလှ ပို့ စန်း ထားရှိ သော်လည်း ကောင်း၊ အင်လားချစ် ခေါ် အပျိုလှပို့ ဂေဟာထား ၍ သော်လည်း ကောင်း ၊ လှပျိုရှာည့် စေခြင်း မှာ အောက်ပါရည်ရွယ်ချက်များ အရဖြစ် ကြောင်း သိရသည်။

( ၁ ) အရွယ် ရောက်လာ သောလုလင်ပျို၊ လုံမပျိုတို့၏လိင်ဆ် ကောင်းဆိုမှုသဘာဝ တရား ကိုလွတ်လပ်စွာခံစားနိုင်ရန်လည်း ကောင်း၊

( ၂ ) လုံမပျို၏လုကြီးမိဘများပါ ကြိုတင်သိရှိပြီး အေးချမ်း သော တရား ဝင် အိမ်ထောင်ကိုတည် ထောင် ပေးနိုင်ရန်လည်း ကောင်း ၊

( ၃ ) မိဘတို့၏သား သမီး များ တို့ မိဘတို့၏ ဆွေမျိုးရင်းချာ အသိုင်း အဝိုင်း အချင်းချင်းသာဆက်ဆံကြ စေရန်အခွင့်ရှိခြင်း ကြောင့်လည်း ကောင်း ၊ အထက်ပါအတိုင်း အပျိုလှပို့ခန်းတွင်လည်း ကောင်း၊ အပျိုလှပို့ ဂေဟာ တွင် လည်း ကောင်း ၊ မိဘတို့၏သား ပျိုသမီး ပျိုတို့ကိုလွတ်လပ်စွာဆက်ဆံခွင့် ပြု ထား ခြင်း ဖြစ်သည်။

ယခု ခေတ် အင်ဂုန်ခုံ ကျေးရွာတွင်မှ <u>ပိုး ပိုး မိသားစု</u> [၂] အဖြစ် နေထိုင်ကြ သောအိမ် ထောင်စု လေး များ သာဖြစ်ပြီး အိမ် တွင်လည်း အင်လားခစ် ခေါ် အပျိုလှပို့ခန်း မပါဝင် တော့သကဲ့သို့ ရွာလယ် တွင် လည်း ၊ အင်လားချစ် ခေါ် အပျိုလှပို့ ဂေဟာထား ပိုခြင်း မျိုး မရှိ တော့ ပေ ။

---

၁။ Premarital relation

၂။ Simple family

အင်ဂျန်ဒုံ ကျေးရွာ၌ ကာလသားပျိုကလေး များသည် မှောင်ရိပ်ပျိုးစအချိန်တွင် မိမိတို့သဘောကျနှစ်ခြိုက်သည့်လုံမပျိုများ၏အိမ် ရှေ့လမ်း မပေါ်တွင် ဝိုင်းထိုင်၍လည်းကောင်း၊ ခေါက်တုန့်ခေါက်ပြန် လျှောက်၍ လည်းကောင်း ခေတ်ပေါ်သီချင်း များကို သီဆို၊ ဂစ်တာတီးကာလူပျိုလှည့်ကြသည်။ ထိုသို့ လူပျိုလှည့်ရာတွင် အုပ်စုလိုက် သော်လည်းကောင်း၊ နှစ် ယောက်သုံးယောက် တွဲ၍ သော်လည်းကောင်း တွေ့ရပြီး၊ တယောက်ချင်း လူပျိုလှည့်မှုမှာ မတွေ့ရသလောက်ဖြစ်သည်။ လုလင်ပျိုတို့အိမ် ရှေ့တွင်ဖိုသံ ပေး၍လူပျိုလှည့်နေသည် ကို အပျိုလုံမပျိုတို့ သိလျက်နဲ့ အိမ်ပြင်သို့မထွက်ကြရပေ။ မိဘများကတားမြစ်ထား၍ဖြစ်သည်။ အချို့ရဲတင်းသောလုံမငယ်တို့ကမြို့ထဲတွင်ရုပ်ရှင်၊ ဇာတ်ပွဲတို့ကို အကြောင်းပြု၍ အိမ်မှထွက်ကာချိန်းတွေ့မှောက်မှားတတ်ကြသည်။ မိဘ တို့အနေဖြင့် ရှေးကကဲ့သို့ လွတ်လပ်မှုမပေးဘဲထိန်းချုပ်လာကြ သော်လည်း ၊ နိုးကြောင်နိုးမှက်ဆက်ဆံမှုများကြောင့် အင်ဂျိ သို့မဟုတ် နင်ဂျိ ခေါ်ဖခင် မရှိဘဲ မွေးထားသောကလေးများ များစွာရှိနေသည်ကို တွေ့ရသည်။ ယနေ့ အင်ဂျန်ဒုံ ကျေးရွာ နေကာလသားပျိုတို့သည် စာသင် ကျောင်းတွင်ဖြစ်စေ ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ၊ လမ်း တွင်ဖြစ်စေ၊ မေတ္တာစကား ပြောခြင်း မေတ္တာစာ ပေးခြင်းတို့ဖြင့် မြို့ပေါ်မှ လူပျိုလှည့်နည်းအတိုင်း ခေတ်မီ စွာ လူပျိုလှည့်ကြသည်ကို တွေ့ရသည်။ ထို့ပြင် အဆောင်သွယ်ဖြင့် မေတ္တာစကား ပြောခြင်း ၊ မေတ္တာစာ ပေးခြင်း တို့ကိုလည်း တွေ့ရသည်။ လူပျိုလှည့်နည်း များ ကွဲပြားသွား သော်လည်း အကျိုးရလဒ်မှာ များစွာကွဲပြားမှုမရှိ သေးကြောင်း လေ့လာ တွေ့ရှိရပေသည်။

ဂျိန် ဖေါ့လူမျိုးတို့သည် နတ်တို့ကိုကိုးကွယ်ရာမှ ခရစ်ယာန် ဘာသာသို့ ဘာသာ ရေး အရ ကူး ပြောင်းလာ သော်လည်း ရိုးရာ ဓလေ့ ထုံးစံများ ကား ပြောင်းလဲမှု မရှိပေ။ ရှေး ခေတ် တောင် ပေါ် ဒေသ မှ မြေပြန့်ဒေသသို့ ရွှေ့လျားဆင်းသက်လာကြရာ ရိုးရာဓလေ့ထုံးစံ များ သည်လည်း အတူတကွလိုက်ပါလာခဲ့သည်။ ဂျိန် ဖေါ့တို့သည် သား သမီး တို့ ၏ အိမ် ထောင် ရေး နှင့်ပတ်သက်၍ ခေတ်အဆက်ဆက်မိမိတို့၏ဓလေ့ထုံးစံကိုမဖွတ် မသုန်ကျင့်သုံးခဲ့ကြသည်။ ဂျိန် ဖေါ့တို့၏ရိုးရာအစဉ်အလာအရ ယောက္ခမ မျိုး၊ သားမက်မျိုး ၊ ညီအကိုမျိုး ဟူ၍ရှိရာတွင် ယောက္ခမမျိုးထဲမှအမျိုး သမီး ကိုသာ သား မက်မျိုး ထဲမှ အမျိုးသား က လက်ထပ်ယူနိုင်ခွင့်ရှိသည်။

ဥပမာ(၁) ဦးမရစ်ဂမ်နှင့် ဒေါ်အင်ခွန် ကော့ တို့ ပေါင်းသင်း၍ သား မောင်မရစ် ဇော်ဂမ်ကို မွေးဖွားလာသည်ဆိုပါစို့ ။ မောင်မရစ် ဇော်ဂမ်၏ ပထမဦးစား ပေးအိမ် ထောင်ဖက်များမှာ မိခင် ဒေါ် အင် ခွန် ကော့၏အစ်ကိုများနှင့် မောင်များမှ မွေးဖွား သောသမီး များ ဖြစ်သည်။ မောင်မရစ် ဇော်ဂမ်သည် မိခင်၏အစ်ကိုဖသားစုများ၊ မောင်ဖသားစုများကို ယောက္ခမမျိုး တော်စပ်သည်။ တဖန်ဒေါ်အင်ခွန်ကော့၏ အစ်ကိုဖသားစုများ၊ မောင်ဖသားစုများက မောင်မရစ် ဇော် ဂမ် အား သားမက် တော်စပ်ပြီး ဦးမရစ်ဂမ်တို့ဖသားစုအားသားမက်မျိုးတော်စပ်သည်။




ဥပမာ(၂) ဦးမရစ်ဂစ်နှင့် ဒေါ်အင်ခွန် ကော့တို့ပေါင်းသင်း၍ သမီး မရစ် ကော့ဂျာကို မွေးဖွားလာသည်ဆိုပါစို့။ မမရစ်ကော့ဂျာသည် ဦးမရစ်ဂစ်၏အစ်မဖသားရုများ၊ ညီမဖသားရုများ ကို ယောက္ခမ ရွေး တော်စပ်သည်။ တဖန် ဦးမရစ်ဂစ်၏အစ်မဖသားရုများ၊ ညီမဖသားရုများက မမရစ် ကော့ဂျာကို ချွေးမ တော်စပ်သည်။ ဦးမရစ်ဂစ်၏ အစ်မ ဖသားရုများ၊ ညီမဖသားရုများသည် ဦးမရစ်ဂစ်၏သားမက်ရိုးများ ဖြစ်ကြသည်။ ဦးမရစ်ဂစ်တွင်အစ်မနှစ် ယောက်နှင့်ညီမနှစ် ယောက် ရှိ သည် ဆိုပါစို့။ ၎င်းအစ်မနှစ် ယောက်နှင့်ညီမနှစ် ယောက်တို့မှ မွေးဖွားလာသော သားများသည် မမရစ် ကော့ဂျာ၏ ပထမဦးစား ပေး အိမ် ထောင်ဖက်များ ဖြစ်သည်။




ဂိန် ပေ့တို့အား နေထိုင်ရာ ဒေသ၊ ယုံကြည်ကိုးကွယ် မှု၊ ဆင်ယင်ထုံးဖွဲ့ပုံ၊ စား သောက်ပုံ၊ စီး ပွား ရေး စသည်တို့၌ ပြောင်း လဲ မှု များ ကို တွေ့ရ သော်လည်း လူမှုရေး နှင့်ပတ်သက်သည့်အိမ်ထောင်ရေးစည်း မျဉ်း များ တွင်ကား ပြောင်း လဲမှုမရှိသည်ကို တွေ့ရသည်။ ၎င်းတို့၏ဦးစား ပေး အိမ် ထောင် ရေး စည်း မျဉ်း ကိုမနုဿ ဗေဒ ဝေါဟာရအား ဖြင့် မောင်နှမ မွေးချင်း များ လက်ထပ်ခြင်း စည်းမျဉ်း[၁] ဟု ခေါ်သည်။ ဤသို့အိမ်ထောင်ဖက် ခြင်း မျိုး ကိုလိုလား ရခြင်း မှာ သတို့သား နှင့်သတို့ သမီး တို့သည် သွေးသား တော်စပ်သူများ ဖြစ်၍ တဦး၏သဘောကိုတဦး ကနား လည်ကာ သည်းခံစိတ် ရှိပြီး အိမ် ထောင် ရေး ပို၍ ခိုင်မြဲ ပေမည်။ သတို့သမီး ယောက္ခမ တော်စပ်

---

၁။ Institution of cross-cousin marriage

ရမည့်သူများ မှာလည်း ဦး လေး ၊ အဒေါ် အရင်း များ ဖြစ်၍ မိဘအိမ် မှ ယောက္ခမအိမ်သို့သွား၍ နေရ သော်လည်း ၊ ဆက်ဆံ ရေး ၌မ ပြေလည်မည့် အကြောင်း မရှိပေ။ အိမ် ထောင်ဖက်နှစ်ဦး အ နေဖြင့် ယောက္ခမ၊ ယောက်မ တော်စပ်ရမည့်သူများ မှာလည်း ဆွေမျိုး တော်ပြီး သား ဖြစ်၍ စည်းလုံး မှု ပိုမိုခိုင်မြဲမည်ဟု သော ရည်ရွယ် ချက်ဖြင့်လိုလိုလား လားလက်ခံကျင့်သုံးကြကြောင်း သိရှိရသည်။



ကျိန်း ဖော့လူမျိုး တို့တွင် မရစ်၊ လ ထော်၊ မ ဂေါင်၊ လဖိုင်၊ အင်ခွန် ဝသည်ဖြင့်အမျိုး အနွယ် များ ငါး ခု ရှိသည်။ အမျိုး အမည်အား ဖြင့်မည်မျှပင်ကွဲပြား သော်လည်း ဆွေမျိုး တော်စပ်ပုံမှာ တြိဂံ ပုံအတိုင်း ဖြစ် နေသည်။ ဆိုလိုသည်မှာ အမျိုး အနွယ်အနွယ် ပေါင်း မည်မျှပင် ရှိကြ သော်လည်း ဆွေမျိုး တော်စပ်ပုံသုံး မျိုး သုံးစား ရှိသည်။ ၎င်း တို့မှာ ညီအစ်ကိုမျိုး ၊ ယောက္ခမ မျိုး ၊ သား မက်မျိုး တို့ဖြစ်သည်။ ကျိန်း ဖော့လူမျိုး အား လုံး တို့သည်အမြဲတမ်း ဤအမျိုး သုံး မျိုးတွင်တစ်ခုခု သော အမျိုး၌ အကျုံး ဝင် နေသည်။

အမျိုး အနွယ် ပေါင်း များ ငါးခုကိုသုံး မျိုး ထဲတွင်စု ပေါင်း တော် စပ်ရာ၌ လက်ထပ်ထိမ်း မြား သည့်အခါတစ်မျိုး ထဲမှသာလက်ထပ်ရသည်။ ဥပမာ - မရစ်၊ အင်ခွန်၊ လ ထော်တို့သည် မျိုး ပွါး အား ဖြင့်တြိဂံပုံအတိုင်း တော်စပ်ပြီးကျန် ရှိသော အမျိုး များ သည်၎င်း သုံး မျိုး အနက်တစ်ခုခုတွင် ပါဝင်ကြ ပေမည်။ ထိုကဲ့သို့ ပါဝင်သည်ဆိုပါစို့။ ထိုအခါမရစ်သည်အင်ခွန်၏ ယောက္ခမ မျိုး သော်လည်း ကောင်း ၊ အင်ခွန်သည်လ ထော်၏ ယောက္ခမ မျိုး သော်လည်း ကောင်း ၊ လ ထော်သည်မရစ်၏ ယောက္ခမ မျိုး သော်လည်း ကောင်း တော်စပ် ပေမည်။

ကျိန်း ဖော့အမျိုး သား တစ် ယောက်သည်မိခင်ဖက်မှအမျိုး များ အဖွား ဖက်မှအမျိုး များ ၊ အဖိုး ၏မိခင်ဖက်မှအမျိုး အား လုံး ကို ယောက္ခမမျိုး တော်စပ်ပြီး ၎င်း အမျိုး ထဲမှ မိန်း က လေး ကိုလက်ထပ်ထိမ်း မြား နိုင်သည် ။ မောင်နှမ ချင်း ဖြစ် သော နှစ်ဝမ်း ကွဲ၊ သုံး ဝမ်း ကွဲ၊ လေး ဝမ်း ကွဲ စ သည့် မောင်နှမ များ လက်ထပ်ခြင်း ဖြစ်သည်။ တစ် ခါတစ် ရံသား မက်မျိုး လေး - ငါး ဆက်ဖြစ်လာ သောအခါ ယောက္ခမမျိုး အဖြစ် ပြောင်း လဲသတ် မှတ် တာ - ၊

လက်ထပ်နိုင်သည်။ လက်ထပ်နိုင်သည့်အခြားနည်းများမှာ လက်ထပ်ယူထား သောဇနီးတစ်ဦး၏ ခင်ပွန်းသည် အကြောင်းတစုံတရာကြောင့် ကွယ်လွန် သွားပါက ကျန်ရစ်သူမုဆိုးမကို သေဆုံးသူ၏အစ်ကို သို့မဟုတ် ညီ(အိမ်ထောင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) တဦးဦးက ဇနီးအဖြစ်ဆက်လက်သိမ်းပိုက် နိုင်ခွင့်ရှိသည်။ ထိုသို့သောအိမ်ထောင်ရေးစည်းမျဉ်းကို မနုဿဗေဒ ပေါဟာရအားဖြင့် <u>ခဲအို၊ မတ် လက်ဆက်ခြင်းစည်းမျဉ်း</u>[၁] ဟုခေါ်သည်။ တဖန် သားရှိသော မုဆိုးဖိုတစ်ယောက်သည် အမျိုးသမီး တစ်ယောက် နှင့် လက်ထပ်ထိမ်းမြားပြီးနောက် မုဆိုးဖိုကွယ်လွန်သွားပါက လင်ပါသား သည် ပထွေးဖြစ်သူအား ဆက်လက်သိမ်းပိုက်နိုင်ခွင့်ရှိသည်။ အင်ဂျန်ခုံကျေးရွာ တွင် မောင်နှမ မွေးဝမ်းကွဲ မောင်နှမလက်ထပ်မှုများကိုလည်း ကောင်း၊ ခဲအိုမတ် လက်ဆက်စနစ်ကိုလည်း ကောင်း၊ ပထွေးကိုလက်ဆက်သည့် စနစ် ကို လည်း ကောင်း၊ ကျင့်သုံးကာတည် ထောင်ထားသည့်အိမ်ထောင်စု များ ကို တွေ့ရသည်။

ဂျိန်ဖေါ့တို့သည် အထက်ပါဇယားပုံအတိုင်း မရစ်သည်အင်ခွန် ၏ ယောက္ခမမျိုး၊ အင်ခွန်သည်လထော်၏ ယောက္ခမမျိုး၊ လထော်သည်မရစ် ၏ ယောက္ခမမျိုး တော်စပ်ကြသော ဓလေ့ထုံးစံကိုဖော်ပြ၍ မရစ်အမျိုး သား က လထော်အမျိုး သမီး ကိုလည်း ကောင်း၊ လထော်အမျိုး သား က အင် ခွန် အမျိုး သမီး ကိုလည်း ကောင်း၊ အင်ခွန်အမျိုး သား က မရစ်အမျိုး သမီး ကို လည်း ကောင်း၊ လက်ထပ်ယူခွင့်မရှိပေ။

ဥပမာ- ဦးမရစ်ဂဝ်နှင့် ဒေါ်မရစ်ကော့ သည် မောင်နှမ တော်စပ်သည်ဆိုပါစို့။ ဦးမရစ်ဂဝ်သည် ဒေါ်အင်ခွန်ကော့နှင့် သော်လည်း ကောင်း၊ ဒေါ်မရစ်ကော့သည်ဦးလထော်ဂဝ်နှင့် သော်လည်း ကောင်း၊ အသီးသီး အိမ်ထောင်ပြု၍ သား သမီး များ မွေး ဖွား လာပါ က၊ ဦး မရစ်ဂဝ်၏သား နှင့် ဒေါ်မရစ်ကော့၏သမီး သည်လုံး ဝယူခွင့်မရှိ ပေ။

မောင်နှမ

ဦးမရစ်ဂဝ် + ဒေါ်အင်ခွန်ကော့ ↓ ဦးလထော်ဂဝ် + ဒေါ်မရစ်ကော့ ↓

သား → (လုံးဝလက်ထပ်ယူခွင့်မရှိပေ) → သမီး

---

၁။ **Institution of Levirate**

ထို့ပြင် ညီအစ်ကိုမျိုး မှ ဆင်းသက် ပေါက်ဖွားလာသူအချင်းချင်းလည်း လက်ထပ်ခွင့်မရှိပေ။ ညီအစ်ကိုမျိုး ဟူ၍ အဖ၊ အဘိုး၊ အဘေး စသည့် ပုဂ္ဂိုလ်များ ရှိသည့်အနက် ပုဂ္ဂိုလ်တဦး တည်း မှ ပေါက်ဖွား လာကြသော ယောကျာ်း၊ မိန်းမ အားလုံး အကျုံး ဝင်သည်။ အမျိုး အနွယ်တမျိုး တည်း ပင် ဖြစ်သော ကြောင့်၊ သွေးမျိုး ဆက်မည်မှုပင် ဝေး သွား စေကာမူ၊ လက်ထပ်ခွင့်မရပေ။ ဥပမာ– မရစ်အဘေး တယောက်မှ မွေး လာသော သား သမီး အားလုံး သည်မရစ်အမျိုး အနွယ်သာဖြစ်၍တဖန် ၄င်း မရစ်အဖိုး များ မှ မွေး ဖွား လာ သောသား သမီး များ အားလုံး သည် လည်း မရစ်မျိုး နွယ်များ သာဖြစ်သည်။ ထိုသို့အဆင့်ဆင့် မွေး လာ သော သား သမီး တို့သည်မည်မျှပင် ဝေး သောဝမ်း ကွဲများ ဖြစ် စေ ကာ မူ၊ မရစ်အမျိုး အချင်း ချင်း သာဖြစ်၍ညီအစ်ကို မောင်နှမများသာတော်စပ်ပြီး လက်ထပ်ခွင့်မရှိပေ။ အခြား မျိုး နွယ်များ လည်း ထိုနည်းတူပင် ဖြစ်သည်။

ဂျိန် ဖော့လူမျိုး တို့သည် ယောက္ခမမျိုး နှင့်သား မက် မျိုး ဖြစ် စေ၊ ယောက္ခမနှင့်သား မက်ဖြစ် စေ မိန်း ကလေး နှင့်ပတ် သက် ၍ မည်သည့်အကြောင်း အချက်ကိုမျှမ ပြောကြပေ။ ပြောဆိုး ထုံး စံမရှိပေ။ မိန်း ကလေး ကိုကြိုက်နှစ်သက်ပါကလည်း သား မက်မျိုး မှ ယောက္ခမမျိုး ကို တိုက်ရိုက်သမီး တောင်း ရသည့်ထုံး စံမရှိပေ။ ကြား မှ <u>ကဆာ</u>[၁] ခေါ် အောင်သွယ်တော်များ ကို ထိုက်သင့် သောအဖိုး အခ ပေး ၍ စကား ကြောင်း လမ်း စေ့စပ် စေရသည်။ လက်ထပ်ပြီး နောက်တွင်လည်း လင် ယောကျာ်း က မိန်း မနှင့်ပတ်သက်၍ တစုံတရာတိုင်ပင်လိုသည်ရှိ သော်၄င်းတို့လက်မထပ်မီ အောင်သွယ် စေ့စပ်ခဲ့ သောကဆာမှတဆင့် ယောက္ခမထံသို့တိုင်ပင်ဆွေး နွေး ရသည်။ ထိုဓလေ့ထုံးစံသည်လည်း ရှေး ခေတ်ကျိုင်ခုံး မကွယ် ဒေသမှ ယနေ့ အင်ဂျန်ခုံ ကျေးရွာတိုင် တ သွေမတိမ်း လိုက်နာကျင့်သုံး လျက်ရှိ သော ဓလေ့ ထုံးစံတခုဖြစ်သည်။ ရှေး ခေတ် တောင် ပေါ် ဒေသတွင် နေထိုင် စဉ် က ပြင်ပအသိုင်း အဝိုင်း နှင့်ကင်း ကွာသဖြင့် လူမျိုး ခြား သူစိမ်း တရံ နှင့် လက်ထပ်မှုများ မရှိသ လောက်ပင်ဖြစ်သည်။

ယခုအချိန်တွင် အခြား သောမြန်မာလူမျိုး အထူး သဖြင့်၊ အစိုး ရအမှုထမ်း တာဝန်အရစ်ရစ်ဖြင့် ကချင်ပြည်နယ်အနှံ့ ရောက်ရှိလာ သူ တို့သည် ဂျိန် ဖော့လူမျိုး တို့၏ဓလေ့ထုံး စံကို နား မလည်ပဲ "အဘတို့ အမေ တို့ ရေ . . ကျွန် တော်ဖြင့်အဘတို့သမီး မ . . .နှင့် မေတ္တာမျှ နေလို့ သမီး ပေး ပါလို့ တောင်းပါရ စေ တော့" စသည်ဖြင့်တဦး တ ယောက်ချင်း သော် လည်း ကောင်း၊ အသိုင်း အဝိုင်း နှင့် သော်လည်း ကောင်း၊ ယောက္ခမထံ တွင် တိုက်ရိုက်သမီး တောင်း တတ်ကြသည်။ ဂျိန် ဖော့အချင်း ချင်း သာထိုသို့ ပြုမူ ခဲ့ပါမူ သွေးစဉ်မျိုး ဆက်အ လျှော်စား ဒဏ်တပ်၍ပြီး နိုင် တော့မည် မ တုတ် သော်လည်း၊ လူမျိုး ခြား မသိနား မလည်သူများ ကိုမူ ခွင့်လွှတ်တတ်ကြသည်။

---

[၁]။ Kasa

မိဘများက နေ့ဖြင့်ပေးစားရန်သဘောမတူသော်လည်း သမီးကပါသွားပြီး ဖြစ်သောကြောင့် သားမက်အားကြည်ဖြူရတော့သည်။ ဤနည်းဖြင့်အင်ဂျန်နုံ ကျေးရွာတွင် လူမျိုးတွဲသူစိမ်းတောရံနှင့်လက်ထပ်မှုမြောက်မြားစွာတို့ တွေ့ရသည်။

ဂျိန်ဖေါလူမျိုး တို့သည် အိမ်ထောင်ဖက် ရွေးချယ်ရာတွင်အုပ်ထိန်းသူ မိဘများ ကသာ ဆောင်ရွက်ကြသည်။ ကာယကံရှင် ယောကျ်ားလေး နှင့် မိန်းကလေး ကိုယ်တိုင်နှင့်ကား ရွေးချယ်ခွင့်နည်းပါးလှသည်။ လူကြီး ချင်း စေ့စပ်ကြောင်း လမ်း ထား သည်ကိုလည်း ငြင်း ပယ်ခွင့်မရှိ ပေ။

စေ့စပ်ကြောင်းလမ်း ရာတွင် ကုန်ကျစရိတ်အနည်းအများ သည် ခမ်းနား ကျင်း ပသူ၏အရည်အချင်း နှင့်အဆင့်အတန်း ပေါ် တွင် မူတည်သည်။ စေ့စပ်ကြောင်းလမ်း ရာတွင် ယောက္ခမမျိုး မှအမျိုး သမီး တို့ အား ရွေးချယ်၍ စေ့စပ်ကြောင်း လမ်း ရသည်။

ဂျိန်ဖေါတို့သည် စေ့စပ်ကြောင်းလမ်းခြင်းနှင့်ပတ်သက် ၍ အသက်အရွယ်ကန့်သတ်ချက်မရှိ ပေ။ ငယ်ရွယ်သူအမျိုး သမီး တို့အသက်အရွယ် ကြီး ရင့်သော လူပျိုတစ်ယောက်၊ မုဆိုး ဖိုတစ်ဦး ကောင်း ၊ အသက်အရွယ်ကြီး ရင့် သောအမျိုး သမီး ကိုငယ်ရွယ်သောအမျိုး သား တစ်ဦး ကောင်း ၊ စေ့စပ်နိုင် သည်။ လက်ထပ်နိုင်သည်။ ဂျိန်ဖေါတို့သည် မိဘ ဆွေမျိုးချင်း သဘောတူပါက မိန်းက လေး သည် မွေးစ ပင်ဖြစ်လင့်ကစား သားမက်မျိုး ဖြစ်သည့် ယောကျ်ား လေး ၏ ဆွေမျိုး များ က မိန်း က လေး မိဘများ ထံ ထိုမိန်း က လေး အား လက်ထပ်ယူပါမည့်အကြောင်း ပြောဆိုကာ <u>မထန်းဂျာ</u>[1] ခေါ် စေ့စပ်ပစ္စည်း တစ်ခုခုကို ပေးထားရသည်။ ၎င်း မထန်း ဂျာများ မှာ ရွှေ၊ ငွေ၊ ကျောက် ခဲ များ ၊ ရွှေထည်၊ ငွေထည်များ ၊ ပုတီး များ ၊ ပုဆိုး များ အစရှိသည့် ရိုးရာအသုံး အ ဆောင်ပစ္စည်း များ ဖြစ်သည်။ ၎င်း အသုံးအ ဆောင်ပစ္စည်း တစ်ခုခုကို ပေး ထာ စေ့စပ်ထား သော မိန်း က လေး အရွယ် ရောက်လာ သော အခါ <u>အသာကျေး ခေါ် မင်္ဂလာတောင်းကြေး</u>[2] များ ဖြင့်တင် တောင်း ကာ ၊ လက်ထပ်ရသည်။

ငယ်စဉ်က မထန်း ဂျာတစ်ခုခု ပေး ထား သည် ဖြစ် စေ ၊ မ ပေး ထား သည်ဖြစ် စေ၊ အရွယ် ရောက်လာပြီး လက်ထပ်ထိမ်း မြား လို သော အခါ ကစပ်၍ စေ့စပ် ကြောင်း လမ်း ရသည်။ မထန်း ဂျာ ပေး ထား ပါ က ထိုမိန်း က လေး ကိုရရန် သေချာပြီး မထန်း ဂျာ ပေး ထား ခြင်း မရှိ သော မိန်း က လေး ကိုမူ ရမည်၊ မရမည်မ သေချာ ပေ။

---

၁။ Mahtam Ja

၂။ Bride price

ပထမအဆင့် စေ့စပ် ကြောင်း လမ်း ရေး တွင် ယောကျ်ား လေး ဖက်မှ မိန်း က လေး ၏ မိဘများ ထံသွား ရောက်ကာ စကားကမ်းလှမ်း ရသည်။ ဤသို့ကမ်း လှမ်း စေ့စပ်ရာတွင် ယောကျ်ား လေး ဖက်မှဦး လေး အကြီး စ သော ညီအစ်ကိုများ ကို ခေါ်ယူ ဆွေး နွေး တိုင်ပင်၍အ ပြော အ ဆို လိမ္မာ သောသူနှစ်ဦး ကို ရွေး ချယ်ကာ ကသာ ခေါ် အောင်သွယ်အဖြစ် ခန့် အပ်ပြီး လက် ဆောင်ပစ္စည်း များ နှင့်အတူ မိန်း က လေး နေ ထိုင် ရာ ကျေး ရွာသို့ စေလွှတ်ရသည်။ ဤသို့ စေလွှတ်ရာတွင် တက်နိုင်သူ များ က ၊ လက် ဆောင်ပစ္စည်း များ အဖြစ် မောင်း ကြိုး တလုံး ၊ နင်ဆင်းဂျာ[၁] ခေါ် ဓါး တောင်ရှည်ပုဆိုး တထည်၊ ကော် ဇောတချပ်၊ ငွေနား ငေါ်င်း တ ရံ စ သော ပစ္စည်း များ ကိုယူ ဆောင်သွား စေသည်။ ဥစ္စာပစ္စည်း မကြွယ်ဝ သူများကမူ ကိုယ့်ထက်အဖိုး နည်း သော ပစ္စည်း များ ကိုယူ ဆောင်သွား စေ သည်။ မိန်း က လေး ၏ ရွာသို့ ရောက် သောအခါ မိန်း က လေး အိမ် သို့ တိုက်ရိုက်မဝင်ပဲ မိန်း က လေး ၏ မိဘများ နှင့် ရင်း နှီး သောအိမ်တအိမ် သို့ ဦးစွာဝင်ကြရသည်။ ထိုအိမ်မှ မိန်း က လေး ၏ မိဘများ နှင့် ရင်းနှီး သော ပုဂ္ဂိုလ်သည် မိန်း က လေး ဖက်မှ ဂျန်ထုံ[၂] ခေါ် အောင်သွယ်ဖြစ် လာ သည်။ ယောကျ်ား လေး ဖက်မှ စေလွှတ် သော အောင်သွယ်ကို "ကသာ" ဟု ခေါ်ပြီး ကသာနှင့် မိန်း က လေး မိဘများ ကြား ဆက်သွယ် ပေး သော အောင်သွယ်ကို "ဂျန်ထုံ" ဟု ခေါ်သည်။

ပထမဦးစွာ ထိုဂျန်ထုံက မိန်း က လေး ရှင်မိဘများထံ သွား ရောက်၍ မည်သည့် ကျေး ရွာမှ မည်သူတို့၏သား နှင့်ဤ မိန်း က လေး တို့ စေ့စပ်လို၍ ၄င်း၏ မိဘများ က မည်သူမည်ဝါတို့ကို ကသာ အဖြစ် စေ လွှတ်လိုက် ကြောင်း ပြောကြား ရသည်။ ထိုအခါ မိန်း က လေး ၏ မိဘများသာ မိမိတို့၏သား ချင်း များ နှင့်တိုင်ပင် ဆွေး နွေး ၍သ ဘောတူပါက စေ့စပ် ကြောင်း လမ်း ခြင်း ကိုလက်ခံမည်ဖြစ် ကြောင်း ပြန်ကြားလိုက်သည်။ ထိုအခါ ရွာခံဂျန်ထံအိမ်တွင် ရောက်ရှိနေ သော ယောကျ်ား လေး ဖက်မှ ကသာ နှစ်ဦး နှင့်ဂျန်ထုံတို့သည် ယောကျ်ား လေး ဖက်မှ ပေး လိုက် သောလက် ဆောင် ပစ္စည်း များ ကိုယူ ဆောင်၍ မိန်း က လေး အိမ်သို့သွား ရောက် စေ့စပ်ကြောင်း လမ်း ရသည်။

စေ့စပ် ကြောင်းလမ်း လာသူများ ကိုမိန်း က လေး ရှင်တို့ က အသင့်ပြင်ထား သော ထမင်း တင်း လျာများ ၊ အရက်၊ ခေါင်ရည်များ ဖြင့် ဧည့်ခံ ကျွေး မွေး သည်။ ဤသို့ ကျွေး မွေး ပြီး သောအခါ ကသာ များ ယူ ဆောင်လာ သောလက် ဆောင်ပစ္စည်း များ ကိုလက်ခံ လေသည်။ ထို သို့ လက်ခံထားခြင်းသည်သ ဘောတူ၍လက်ခံခြင်း နှင့် စေ့စပ် ကြောင်း လမ်း မှု

---

၁။ Ningsin ja

၂။ Jan htung

အောင်မြင်ခြင်း မတွက်သေးပေ။ သမီးရှင်ဖက်မှ အပြန်ပြန် အလှန်လှန် ဈေးနှေး သုံးသပ်ပြီး မှသာ သဘောတူလက်ခံခြင်း၊ ငြင်းဆိုပယ်ဖျက်ခြင်း တို့ကိုပြုကြမည်ဖြစ်သည်။ လက်ဆောင်ပစ္စည်းများကို လက်ခံပြီးသည့်နောက် တွင် အကြောင်းပြန်ကြားနိုင်ရန် ရက်ချိန်းပေးလိုက်ကြသည်။ ယောက်ျား လေးနှင့်မိန်းကလေး တို့သည်တရွာသားချင်း ပင်ဖြစ်နေပါကလည်း ၊ အထက်ပါအတိုင်း တဆော၊ ရှန်ထုံတို့ဖြင့်ပင် စေ့စပ်ကြောင်းလမ်း ရသည်။

ဒုတိယအဆင့်သည် စေ့စပ်ကြောင်းလမ်းခြင်းကို လက်ခံ မခံ အသိအမှတ်ပြုသောအဆင့်ဖြစ်သည်။ ချိန်းဆိုလိုက်သည့်နေ့တွင် ယောက်ျား လေးဖက်မှ တဆောနှစ်ဦးက လက်ဆောင်ပစ္စည်းများကိုထပ်မံယူဆောင် ၍ ရွာခံရှန်ထုံနှင့်အတူ မိန်းကလေး မိဘများထံသွား ရောက်ရပြန်သည်။ ထိုအခါတွင် မိန်းကလေး ဖက်မှ စေ့စပ်ကြောင်းလမ်းရေးကို မလိုလား ပါက နောက်ထပ်ယူလာသောလက်ဆောင်ပစ္စည်းများကို လက်မခံဘဲ ၊ ပထမအကြိမ်ကယူထားသောလက်ဆောင်ပစ္စည်းများကိုပါ ပြန်လည်ပေး အပ်ခြင်းဖြင့် စေ့စပ်ကြောင်းလမ်းခြင်းကိုဖျက်သိမ်းနိုင်သည်။ စေ့စပ် ကြောင်းလမ်းခြင်းကိုလက်ခံသဘောတူပါက နောက်ထပ်ယူလာသောလက်ဆောင် ပစ္စည်းများကို လက်ခံပြီး အထိမ်းအမှတ်အဖြစ် မခုတ်ဓါး တလက်နှင့် မထိုး ကွဲတချောင်းကိုပူးတွဲပေး အပ်ကာ မင်္ဂလာအခမ်းအနားကျင်းပမည့် နေ့ရက်နှင့်မင်္ဂလာအခမ်းအနားအတွက်မိန်းကလေးမိဘများထံ တင် တောင်းရမည့် ဂျာဖဂါ[၁] ခေါ်ကညာကြေးကိုသတ်မှတ်ကြသည်။

မင်္ဂလာနေ့ရက်သတ်မှတ်ရာတွင် နတ်ကိုးကွယ်စဉ် က နန်ဝေါ်တ်ဝါခေါ် နတ်ဟောသရာမှ ရှဘာ့လဝ်ခေါ် ဖက်ထုံးရွက်ဖြင့်တွက်ချက် ကြည့်ကာနေ့ကောင်းရက်သာကိုရွေးချယ်သတ်မှတ်ကြသည်။ ယခု ခေတ် အင်ဂျန်ခုံ ကျေးရွာတွင်မူ မိုးလေဝသကောင်းသည့်ရာသီ၊ မိတ်ဆွေသင်္ဂဟ ဆွေမျိုးသားချင်းအားလုံး စုံညီမည့်အချိန်တို့မှသင့်တော်ရာ ရက်ကို ရွေးချယ်ကြသည်။ သတို့သမီးအတွက်တင်ဆောင်ရမည့်ကွမ်းဘိုးများကို သတ်မှတ်ရာတွင်အလျော့အတင်းများ ရှိလေရာ ကဆောလုပ်သူအောင်သွယ် များမှာ အလွန်စိတ်ရှည်ရသည်။ သမီးရှင်နှင့်သားရှင်ကြား တွင် ပြေလည်မှုရရှိရန်အတွက် သမီးရှင်ရှိရာအရပ်နှင့်သားရှင်ရှိရာအရပ် ကိုအခေါက်ခေါက် အခါခါကူးသန်းနေရသည်။ တကြိမ်တည်းနှင့်ချေးတည့် လုံမရှိသောကြောင့်နှစ်ဖက်သောကာယကံရှင်များ ကျေနပ်မှုရရှိရေး အတွက် အလွန်ကြိုးစားကြရသည်။ အဓိကအားဖြင့် ယောက်ျားလေး ၏ အခြေအနေပေါ်တွင်မူတည်သည်။ ရှေးယခင်က ယောက်ျားလေးသည် ပစ္စည်းဥစ္စာပြည့်စုံသောဒူဝကြီး၏သားဖြစ်ပါက ကျွန်တစ်ယောက် ၊ ဝိုးစတ်ရှုံ့ရှည်တထည်၊ ဝိုးတောင်ရှည်ပုဆိုးတထည်၊ ကျွဲငါးကောင်စသည့် အဘိုးတန်ပစ္စည်းများကိုမင်္ဂလာပွဲမကျင်းပမီ ကြိုတင်ပို့ထားရသည်။

---

၁။ Ja hpaga

ကျွန်တစ် ယောက် ပေးရခြင်းမှာ အိမ်ထွင်းမှုများကိုလုပ် ဆောင်ပေး သော သမီး ကိုယ်စား အစား ထိုး ပေး ခြင်း ဖြစ်သည်။ ယခု ခေတ်တွင် ဒူဝါ လူတန်း စား ဟူ၍ မရှိ တော့သည့်နည်း တူကျွန် များ လည်း မရှိ တော့ပေရာ ကျွန်အစား သင့်တင့် လျောက်ပတ် သော ငွေ ကြေး ပမာဏကိုသတ်မှတ်ကြသည်။

စေ့စပ် ကြောင်းလမ်းခြင်း ကို ရှေး ခေတ်မှယခု ခေတ် အင်ဂျန်ဒုံ ကျေးရွာတိုင် ကဆာ၊ ဂျန်ထုံတို့ဖြင့်သာ ရိုးရာအစဉ်အလာမပျက် ဆောင်ရွက်ကြသည်။ အကယ်၍ စေ့စပ်ထား သော မိန်းကလေးသည်လက်မထပ် မီ သေဆုံးသွားခဲ့လျှင် သော်လည်း ကောင်း၊ တစုံတရာ သောအ ကြောင်း ကြောင့် လက်ထပ်နိုင် သောအ ခြေအ နေ မရှိ တော့လျှင် သော်လည်းကောင်း ၄င်း၏ညီမ သို့မဟုတ် အစ်မဖြစ်သူကိုအစား ထိုး ပေး ရသည်။ အရင်း မရှိလျှင် ညီအစ်ကို မွေး ဝမ်းကွဲညီအစ်မ များကိုအစား ထိုးနိုင်သည်။ ထိုသို့ မရှိခဲ့ပါမူ စေ့စပ်ပစ္စည်းများကို အမျိုးသား ဖက်သို့ပြန်လည် ပေးအပ်ရသည်။

ခိုး ရာလိုက်ခြင်းနှင့်ပတ်သက်၍ သ ဘောတူခိုး ယူ ခြင်း နှင့် သ ဘောမတူခိုးယူခြင်း နှစ်မျိုးကို တွေ့ရသည်။

ရှေး ခေတ်ဂျိန် ဖေါ့တို့သည် မိန်းက လေး မိဘများ ကို အသိ ပေး၍ ခိုးယူခြင်းကိုပြုကြသည်။ မိန်းက လေး ကို ယောကျ်ား လေး က ခိုးယူသည့်အခါ <u>အူခရန်ဝါခရန်မဂွပ်ဂျာ</u>[၁] ဆိုသည့်ကြက် ခြေရာ၊ ဝက် ခြေရာဖုံး ပစ္စည်း နှစ်မျိုး ကို အမျိုးသမီး၏ မိဘအိမ်၌ထား ခဲ့ရသည်။ အမှန် စင်စစ် ထိုကြက် ခြေရာဖုံး၊ ဝက် ခြေရာဖုံး ပစ္စည်းဟူသည် စေ့စပ်ပစ္စည်း ကဲ့သို့ သော ရိုးရာအသုံးအ ဆောင်ပစ္စည်းများသာဖြစ်သည်။ မိန်းက လေး ကို ခြေရာ ဖျောက်ပြီး ခိုး ပြေးသွားသည့်သ ဘောဖြစ်သည်။ နှစ်ဖက် မိဘ ကလည်း ယောက္ခမနှင့်သား မက်မျိုးများ ဖြစ် နေပြီး ၄င်းတို့နှစ်ဦးကိုလည်း သ ဘောတူကြသည်။ သို့ သော် စေ့စပ် ကြောင်းလမ်း လက်ထပ်ထိမ်းမြားခြင်း မပြုပေး သေးမီ သော်လည်း ကောင်း၊ ယောက္ခမ သား မက်မျိုး တော် စပ်ပြီး မိဘတို့ကလက်ဆက် ပေးမည့်အ ခြေအ နေ မရှိ သောအခါ၌လည်း ကောင်း ၊ ချစ်သူနှစ်ဦးက ခိုး ပြေးကြခြင်း မျိုး ဖြစ်သည်။ ၄င်း နောက်တွင်မှ ကဆာ၊ ဂျန်ထုံများဖြင့် စေ့စပ်ကာလက်ထပ်မင်္ဂလာပြုရက်ကိုသတ်မှတ်ကြသည်။ ယခု ခေတ် အင်ဂျန်ဒုံ ကျေးရွာတွင်ခိုး ပြေး မှုများ မကြာခဏဖြစ် သော် လည်း "အူခရန်ဝါခရန်မဂွပ်ဂျာ"ထား ခဲ့ကာ ခိုး ပြေးခြင်း မျိုး နည်း ပါး လာ ကြောင်း သိရသည်။

---

၁။ **U hkrang Wa hkrang magup ja**

၄င်းအပြင် မိန်းကလေးကို ယောကျ်ားလေးမိခင်ကိုယ်တိုင် နိုးယူပေးသော ဓလေ့လည်း ရှိသည်။ ထိုသို့ ယောက္ခမကိုယ်တိုင်က နိုးယူပေးခြင်းမျိုးသည် မိန်းကလေးကအရွယ်ရောက်လာသော်လည်း မိန်းကလေးမိဘများက မပေးစားလိုသေးသောအခါမျိုးတွင်ဖြစ်တတ်သည်။ ထိုအခါမျိုးတွင် ယောက္ခမက မိန်းကလေးကိုနည်းမျိုးစုံဖြင့်လှည့်စား၍ ခေါ်ယူကာ မိမိသားနှင့်ပေါင်းသင်းစေသည်။ နောက်မှ မိန်းကလေး မိဘထံ ကဆော်၊ ဂုန်ထိုးတို့ဖြင့်အသိပေး တောင်းရမ်းကာ လက်ထပ်ထိမ်းမြားရန် ရက်သတ်မှတ်ကြသည်။ အင်ဂျန်ဒုံ ကျေးရွာတွင် ထိုသို့ ယောက္ခမကိုယ်တိုင်နိုးယူပေးသော ဓလေ့မျိုးကို မတွေ့ရသေးပေ။

နောက်တနည်းမှာ ယောက္ခမ-သားမက်မျိုး တော်စပ်ပါလျက် စေ့စပ်တောင်းရမ်းမှုကို မိန်းကလေးရှင်ဖက်မှငြင်းပယ်ပါက ယောကျ်ားလေးဖက်မှစနစ်တကျစီစဉ်နိုးယူခြင်းမျိုး ဖြစ်သည်။ ထိုသို့ နိုးယူရန် ယောကျ်ားလေး နေထိုင်ရာရွာမှ သူကလက်ချက်ချာသော လူငယ်နှစ်ဦးကို ရွေးချယ်၍ မိန်းကလေး၏ရွာသို့ စေလွှတ်ရသည်။ မိန်းကလေး၏ရွာတွင် ၄င်းတို့နိုးလိုသည့်မိန်းကလေး၏ရင်းနှီးသော သူငယ်ချင်းများကိုစုံစမ်း ပေါင်းသင်းကြသည်။ ၄င်းနောက်လက်ထပ်ရက်အမီ ထိုမိန်းကလေးတို့၏အကူအညီဖြင့် နိုးလိုသောမိန်းကလေးကို လှည့်ဖြားကာ ယောကျ်ားလေး ရှိရာသို့ ခေါ်ဆောင်သွားရသည်။ ယောကျ်ားလေးဖက်မှ မင်္ဂလာပွဲအတွက်အသင့်ပြင်ဆင်ဖိတ်ကြားထားပြီး စောင့်နေကြသည်။ မိန်းကလေး ရောက်လာသောအခါ သတို့သမီးဝတ်စုံများကို လဲလှယ်ဝတ်ဆင်စေတော့သည်။ သတို့သမီးသည်ထိုအခါမှအဖြစ်မှန် သိရသော်လည်း မင်္ဂလာပွဲကား ဧည့်ပရိသတ်တို့ဖြင့်အသင့်ဖြစ်နေ၍လက်ထပ်လိုက်ရတော့သည်။ ယခုခေတ်တွင်ထိုသို့နိုးယူခြင်းမျိုးကိုလည်း မတွေ့ရသလောက်ပင်ဖြစ်သည်။ ယခုနောက်ပိုင်း၌ နှစ်ဦးသဘောတူ မေတ္တာမျှ၍ နိုးယူခြင်းမျိုး ကပို၍များပေသည်။ ၄င်းနည်းဖြင့်အိမ်ထောင်ဖက်ရွေးချယ်ခြင်းကို မနုဿဗေဒ ဝေါဟာရအားဖြင့် နှစ်ဦးသဘောတူနိုးရာလိုက်ခြင်းအားဖြင့်အိမ်ထောင်ဖက်ရွေးချယ်ခြင်း[၁] ဟုခေါ်သည်။

ရှေးခေတ် တောင်ပေါ်ဒေသနေ ဂိုန်ဖေ့တို့တွင်သဘောမတူနိုးယူခြင်းမျိုး မှာအလွန်ရှားပါးသည်။ လက်ထပ်နိုင်သည့်အမျိုးချင်း မဟုတ်ဘဲ မေတ္တာမျှနိုးယူကြသည်ကိုလည်း ကောင်း၊ တူ၊ တူမ၊ ညီမ၊ အစ်မ အစ်ကို၊ မောင်၊ အဒေါ်၊ ဦးလေး တော်သူများနှင့် မေတ္တာမျှနိုးယူကြသည်ကိုလည်း ကောင်း၊ လည်ကျေးခါ ဂိုန်ဖေ့တို့သည်အမျိုးသားရော၊ အမျိုးသမီးကိုပါ သေဒဏ်ပေးသည်အထိ တားမြစ်ကြသည်။ ၄င်းသေဆုံးသူတို့၏ အသုဘအခမ်းအနား၌ ကျွေးမွေးသောအမင်္ဂလာ ထမင်းတင်း နှင့်

---

၁။ Marriage by mutual consent

စား သောက်ဖွယ်ရာတို့ကိုအရွယ် ရောက်ပြီး သောလုလင်ပျို၊ လုံမပျိုတို့မစား သောက်ရပေ။ နောက်ပိုင်း နှစ်အတော်ကြာလာသောအခါလက်ထပ်ခွင့် မရှိသူအချင်း ချင်း ရည်ငံသင့်မြတ်လက်ဆက်ကြလျှင်ရွာနှင်ဒဏ် ပေး ခြင်း ၊ ဆွေမျိုး အုပ်စုအတွင်း မှပယ်ကာ ဆွေခန်း၊မျိုးခန်း၊သားခန်း၊သမီး ခန်း ဖြတ်ခြင်း စသည်ဖြင့်အပြစ် ပေး ကြသည်။ ၎င်းတို့ဇနီး မောင်နှံသည်မည်မျှ ပင်ဆင်း ရဲဒုက္ခနှင့်ကြုံကြိုက် နေသည်ဖြစ် စေ၊ မိဘ ဆွေမျိုး အသိုင်းအဝိုင်း က ကြည့်ရှုစောင်မခြင်း မပြုကြ ပေ။ တဖန်မည်မျှပင်ကြီးပွားချမ်းသာလင့် ကစား အကူအညီ တောင်း ခံခြင်း မပြုကြ ပေ။

အင်ဂျန်ခုံ ကျေး ရွာ နေလုလင်ပျို၊ လုံမပျိုတို့တွင်ပညာရေး မဆုံးခန်း မီ၊ မိဘကစုံဖက် ပေးလိုသည့်အရွယ်မတိုင်မီ ၁၆-၁၇-၁၈ နှစ် အရွယ်များ ထွင်ခိုး ရာလိုက်ကြသည်ကိုအတော်များ များ တွေ့ရသည်။ သို့ သော် အပြစ်ဒဏ်ကစုံတရာ ပေးခြင်း ၊ အသိုင်းအဝိုင်းမှပယ်ကျဉ်ထားခြင်း မျိုး တစထက်တစ လျော့ပါးလာသည်ကို တွေ့ရသည်။ ငယ်ရွယ်သူများဝိဝိ မှား ယွင်း ခြင်း ဟုခွင့်လွှတ်နားလည်လာကြသည်။ အချို့မောင်လှဲ၊ နှမလှဲယူထား ခြင်း မျိုး ကိုပင် တွေ့ရသည်။ ထိုသို့စုံဖက်ခြင်း များ ကိုမူ နှစ်ဦး နှစ် ဖက် ဆွေမျိုး မိဘများ က အတတ်နိုင်ဆုံး ပျက်ပြား သွား အောင် ဆောင်ရွက် ကြ သည်။ သို့ သော်လုလင်ပျိုနှင့်လုံမပျိုတို့၏ မေတ္တာကအလွန်ခိုင်မြဲကာ မပျက်ပြား ဝဲရှိရုံမက မဖုံးမဖိနိုင် သောအခြေအနေသို့ ရောက်ရှိလာပါက လက်လျှော့ ရတော့သည်။ အချို့ရိုး ရာဓလေ့ထုံး စံကိုတသွေမတိမ်း လိုက်နာလိုသူတို့ က ကလေး ပင်ရသော်ငြား လည်း မပေါင်း သင်း စေဘဲခွဲပစ်တတ်သည်။ ခွဲ ထားသည့်ကြား မှဆက်လက် မှောက်မှား ပါကလက်လျှော့ရတော့သည်။ ထိုအခါ အချိန်အခိုက်အတန့်အား ဖြင့် မိဘ ဆွေမျိုး တစုကကျဉ်ထားတတ်ကြ သော်လည်း နှစ်အနည်း ငယ်ကြာလာ သောအခါ ပုံမှန်မိသားစုအဖြစ် ပြောင်းလဲဆက် ဆံ လာကြသည်ကို တွေ့ရသည်။

လူမျိုး ခြား နှင့်ခိုး ရာလိုက်ပါကလည်း မိမိတို့ဓလေ့ထုံး စံ အတိုင်း စေ့စပ်၊ ထွမ်း ဘိုး တင်၊ လက်ထပ်ယူ စေသည်။ အချို့သား သမီး တို့ က မိဘသ ဘောမတူ သောလူမျိုး ခြား များ နှင့်တရား ရုံး တွင်အကျဉ်းချုပ် လက်ထပ်ကာ တအိုး တအိမ်ထူ ထောင်သွား ကြသည်ကို အင်ဂျန်ခုံ ကျေး ရွာ နေ ဂျိန် ဖော့လူမျိုး တို့၌အ တော်များ များ တွေ့ရသည်။

ခိုး ရာလိုက်ပြီး နောက် ကဆာ၊ ဂျန်ထုံ ခေါ် အောင်သွယ် များနှင့် စေ့စပ်ရခြင်း ၊ ဖဂါခေါ် လက် ဆောင်ကွမ်း ဘိုး များ ဖြင့် တင် တောင်း ရခြင်း သည် မိမိတို့ရိုး ရာဓလေ့တူသူကချင်အနွယ်ဝင်များ တွင် သာ ကင်း ကြပ်တိကျမှုရှိပြီး လူမျိုး ခြား သူစိမ်း တရုံများ နှင့်သို့ပါမူ ၎င်း တို့၏ဓလေ့ထုံး စံများ ကို နား မလည်သူများ ဖြစ်၍ တင်းကျပ်ရှာဆောင်ရွက် ရခြင်း မျိုး မရှိသည်ကို လေ့လာ တွေ့ရှိရသည်။

သတို့သမီး အတွက်ကျွမ်းဘိုး ပေး ဆောင်ရာ၌ ဒူဝါ ခေါ် နယ်ပိုင်အကြီးအကဲလူတန်း စား နှင့် သာမန်လူတန်း စား တို့ ပေး ပုံချင်း မတူညီကြပေ။ ဂျိန်ဖေါ့တို့တွင်ပိုး ရာခ လေ့ထုံး စံအရ စေ့စပ်လက် ထပ် ရန် မင်္ဂလာကျွမ်း ဘိုး ကိုအများ လိုက်နာရန်စံထား သောအဆင့်တခု ရှိ သည်။ ဒူဝါမျိုး နွယ်တို့က စံထား ရှိသည်ထက်နှစ်ဆ ပေး တင်တတ်ကြ သော် လည်း ၊ သာမန်မျိုး နွယ်တို့ကမိမိတို့တတ်နိုင်သ လောက်ကိုသာညှိနှိုင်းကာလျှော့ ၍တင်ကြသည်။

ဂျိန်ဖေါ့တို့သည်မည်သူ့ပင်တတ်နိုင် စေကာမူ ကျွမ်းဘိုးကို အကုန်မပေး သေး ဝဲ ချန်ထား လေ့ရှိကြသည်။ ယောက္ခမမျိုး -သားမက် မျိုး ဆက်ဆံ ရေး ၌ကျွမ်း ဘိုး အားလုံး ကိုအပြီး အပြတ် ပေး လိုက်ပါက နောက် ထပ် ဆက်ဆံရန်အ ကြောင်း မရှိ တော့ဘဲ ဆက်ဆံ ရေး ပြတ် တောက်သွား တတ် သည်။ တဖက်နှင့်တဖက်အပြန်အလှန် ပေးဆပ်ရန် ကြွေး ကျန် ရှိ နေခြင်းအား ဖြင့် ယောက္ခမမျိုး -သား မက်မျိုး ဆက်ဆံ ရေး အဓွန့်ရှည် နေမည်ဟုယူဆကြ သည်။ ထို့ကြောင့်မိမိတသက်လုံး သို့မဟုတ် သား၊ မြေး၊ မြစ်လက်ထက် တိုင် အောင် ကျွမ်း ဘိုး ကြွေး ကျန်များ ကို ပေး ဆပ်ခြင်း ၊ တောင်းခံရခြင်း တို့ရှိ နေကြသည်။ အဖေလက်ထက်မှကျွမ်း ဘိုး ကြွေး ကျန်၊ အဖိုး လက်ထက် မှ ကျွမ်း ဘိုး ကြွေး ကျန်စသည်ဖြင့် ကြွေး တောင်း ကြွေး ယူပြုကြရင်း ဆွေ မျိုး တို့၏ဆက်ဆံ ရေး မပြတ်ဘဲရှိ နေကြသည်။

နတ်ကိုးကွယ် သော ရှေး ခေတ်မှယခု ခေတ်အထိ ဂျိန် ဒို့ ကျေး ရွာထိတိုင် ဂျိန်ဖေါ့လူမျိုး တို့မိန်း မ တောင်း ခံ စေ့စပ်ရာ တွင်၊ အပြန်အလှန်တုန်ကျ သောကျွမ်း ဘိုး များ မှာ အောက်ပါအတိုင်း ဖြစ်သည်။

ယောကျ်ား လေး ဖက်မှ တဆာနှစ်ဦး မိန်း က လေး မိဘထံသို့နား ဖောက်သွား သောအခါရှေး ဦး ရွာမိန်း က လေး မိဘနှင့် ရင်း နှီး သော ပုဂ္ဂိုလ်တဦး ထံ ချဉ်း ကပ်တည်း ခိုရသည်။ ထိုပုဂ္ဂိုလ် သည် မိန်း က လေး ဖက်မှ ဂျန်ထုံ ခေါ် အောင်သွယ်ဖြစ်သွား ပြီး မိန်း က လေး မိဘ များ ထံသွား ရောက်အ ကြောင်း ကြား စေသည်။ မိန်း က လေး မိဘ က လက်ခံသည်ဆို သောအခါ ကဆာတို့ကိုပြန် ခေါ်၍ မိန်း က လေး မိဘများ အား ကဆာတို့နှင့်အသင့်ပါလာ သော အောက်ပါပစ္စည်း တို့ကို ပေးအပ် စေ သည် ။ ၄င်း တို့မှာ –

<u>ရှိန်းနဲ့</u>[၁] ခေါ် ပိုး ရာ နောက်လွယ်ပလိုင်းတခုတွင် ၊ ကောက်ညှင်း ပေါင်း ကိုပလိုင်း တဝက် ကျော်ခန့်ထည့်၍၄င်း အပေါ်တွင်

---

၁။ Shing nai

(၁)ကြက်ကောင်လုံးပြုတ် ၂-ကောင်၊ (၂)ကြက်ဥ ၁၀လုံးထုတ် ၂-ထုတ် သို့မဟုတ် ၅-လုံးထုတ် ၂-ထုတ်၊ (၃)အရက်၊ (၄) ခေါင်ရည်၊ (၅) ကြက်သားပေါင်း၊ ဝက်သားပေါင်း (ဝါးကျည်တောက်ဖြင့်ပေါင်းသည်။ ) (၆) ကောက်ညှင်းပလိုင်းကိုဖုံး သောအဖုံးအဖြစ် ငွေ ၂၅-ကျပ် ကို ဖက်စီး ဖြင့်ထုတ်၍ထည့်ရသည်။

အင်ဂျန်ခုံ ကျေးရွာတွင်ယခု နောက်ပိုင်း၌အထက်ပါအစား အသောက်အချို့ကို ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရသည်။

ကောက်ညှင်း ပေါင်းထည့်ထား သောပလိုင်းထဲတွင် - (၁)ကြက်ကောင်လုံး ပြုတ် ၂-ကောင်၊ (၂)ကြက်ဥ ၁၀-လုံးထုတ် ၂-ထုတ် (၃) ကော်ဖီ ၂-ထုတ်၊ (၄)သကြားတစ်ပိဿာ(သို့မဟုတ်)၅၀-ကျပ်သား (သို့မဟုတ်) ၂၅-ကျပ်သားထုတ် ၂-ထုတ်၊ (၅) နို့ဆီ ၂-ဗူး ( သို့မဟုတ် ) ၄-ဗူး၊ (၆)ဆားတစ်ပိဿာ(သို့မဟုတ်) ၅၀-ကျပ်သား ( သို့မဟုတ် ) ၂၅-ကျပ်သား ထုတ် ၂-ထုတ်၊ (၇)ထမင်း ထုတ် ၂-ထုတ် ( အတွင်း ၌ ဟင်း ထုပ်ကွက်တင်း ၃-၄-မျိုး ပါရသည်။ )

ကဆာ နှစ် ယောက်က ပေးအပ်လာ သောငင်း နောက်လှယ် တောင်းကိုလက်ခံပြီး နောက် ငင်း အစား အသောက်တို့ဖြင့်ပင်ကဆာနှင့် ဂျန်ထုံတို့ကို မိန်း ကလေး မိဘတို့ကပြန်လည်ဧည့်ခံတည်ခင်း ကျွေး မွေး ကြသည်။

ငင်း နောက်တရက်ရက်တွင် ယောကျ်ား လေးဖက်မှကဆာ နှင့်ဂျန်ထုံတို့ပါဝင်ကာ ဆွေမျိုးတစုက နင်ဆင်းဂွာ ခေါ် ခန်းဝင်ပွဲဦးများ ကိုယူဆောင်ကာ မိန်း ကလေး မိဘထံ ဖုဂျော့ဖုယာ[၁] ခေါ် စေ့ စပ် ကွမ်း ဘိုး တင်ရသည်။ ငင်း ကွမ်း ဘိုး တို့မှာ - (၁)နုမ်ဆန်း ဘောခ်[၂] ခေါ် ပု-ဂ တွာခန့်ရှိ သော မောင်း တလုံး၊ (၂) ငွေ သေး တံ တ ခု ၊ (၃) ငွေနား တောင်း တရံ၊ (၄)ယူဆာဂျာ[၃] ခေါ်လာကြည့်ခ အဖြစ် တောင်ရှည်ပုဆိုး တထည်၊ (၅)ကွမ်ဖငါ[၄] ခေါ်လက် ဆောင်ကျွဲတ ကောင် ၊ (၆)ယူငါမာမ ယောင်အင်ဘား[၅] ခေါ်ခြုံပေး ခဲ့ရသည့် စောင် အ တွက် တောင်ရှည်ပုဆိုး တထည်၊ (၇)ဆကူးပနက်[၆] ခေါ်သိုး မွေး ကော် ဇောတချပ် တို့ဖြစ်သည်။

ငင်း စေ့စပ်ပွဲဦး တို့ကိုလက်ခံထား ခြင်း သည် စေ့ စပ်မှုကိုသ ဘောတူလက်ခံခြင်း မဟုတ် သေး ပေ။ လက်ခံလိုကလက်ခံနိုင်ပြီး ငြင်း ပယ်လိုကငြင်း ပယ်နိုင်သည်။ ကွမ်း ဘိုး ကင် သော ပွဲဦး တိုင်း ၌ လည်း

---

၁။ Hpu jaw hpu ya
၂။ Num San Bau
၃။ Yu sa ja
၄။ Kum hpa nga
၅။ Yu nga mā marawng nba
၆။ Tsaku panet

ဖစ်ပျိုးတခုစ် ရှိသည်။ မောင်းသည် ခန်းဝင်ပစ္စည်း အဖြစ် ပေးကမ်း ခြင်း ဖြစ်ပြီး ငွေ လေး တံသည် မိန်း က လေး ၏ မခင်ဖြစ်သူ သောက်ရန်ဖြစ်သကဲ့သို့ ငွေနား တောင်း သည့် မိန်း က လေး ၏ မိခင်ပန်ရန်ဖြစ်သည်။ တောင် ရှည်ပုဆိုး တထည်သည် ကဆာ များ လာ ရောက်ကြည့်ရှုခအတွင် ပေး ကမ်း ခြင်း ဖြစ်ပြီး အခြား တောင်ရှည်ပုဆိုး တထည်သည် မိန်း က လေး ကို ထွေး မြို ပေး ခဲ့ ရသည့် ဓောင်အစား ပေး ခြင်း ဖြစ်သည်။ လက် ဆောင်ထဲ့သည့် ရွေး ခေတ် တနတ်ကိုး ကွယ်သူများ ဖြစ်သဖြင့် မိး မွား သည့် နှင့်တပြိုင်နက် ယောကျ်ား လေး ဖြစ်ပါက ဤက လေး ကြီး ပြင်း ၍ ငွေ ကျေး ရှာ ဖွေတတ်လာ သောအခါ ထို တ ကောင်ဖြင့်ပူ ဇော်ပါမည်ဟု ဂတိ ပေး ထား ရသည်။ မိန်း က လေး မွေး ဖွား လာ ပါကလည်း ဤ မိန်း က လေး ကြီး ပြင်း အရွယ် ရောက်၍ စေ့စပ်လော်င်း ရမ်း ပြီး ပထမဦး ဆုံး ပေး လာသည့်ကွမ်း ဘိုး ထဲမှထဲ့တစ် ကောင်ကို ပူ ဇော် ပါမည်ဟု ဂတိပြုထား ရသည်။ မိဘတို့ပြုထား သည့်ဂတိအတိုင်း နတ်တို့ကို ပူ ဇော် ရန်အတွက်ကွမ်း ဘိုး ထွင်ထဲ့ကိုထည့် ပေး ခြင်း ဖြစ်သည်။ သိုး မွေး ကော်ဇော သည် ဘေး တံခဲသည့်မခင်နှင့် ငွေနား တောင်း ပန်ဆင်ထား သော မိ ဝင် နှစ်ဦး တို့ထိုင်ကာ မိမိတို့၏သမီး ကို ပေး သင့်၊ မ ပေး သင့်စဉ်း စား ဆွေး နွေး ရန် ရည် ရွယ်သည်ဆို၏။ ၄င်း ကွမ်း ဘိုး များ ကိုယခု ခေတ်၏အင်ဂျန်ဒို ကျေး ရွာ နေခရစ်ယာန်ဘာသာဝင်ဂိုန် ဖော့အား လုံး တ သွေ မတိမ်း ပေး ဆောင်ကြသည်ကို တွေ့ရသည်။

မိန်း က လေး ရှင်တို့သည် ၄င်း စေ့စပ်ကွမ်း ဘိုး များ ကို လက်ခံထား ပြီး အ ကြောင်း ပြန်နိုင်မည့်ရက်ကိုချိန်း ကို ပေး လိုက် ကြသည် ။ ချိန်း ဆိုထား သော ရက်တွင် ယောကျ်ား လေး ဖက်မှ ဆွေမျိုး အချို့နှင့် ကဆာ ရှန်ထုံတို့သည် မိန်း က လေး အိမ်သို့သွား ရပြန်သည်။ မိန်း က လေး ရှင်တို့ က စား သောက်ဖွယ်ရာတို့ကိုတည်ခင်း ကျွေး မွေး ပြီး ဧည့်ခံသည်။ ကဆာ တို့ က မိန်း က လေး မိဘထံ မိန်း က လေး ပေး စား ကြောင်း အသိအမှတ် ပြု မရွှည်း ဖြစ် သော ရှိအင်တူ[၁] ခေါ်မခုတ်ဓါး နှင့်မထိုး လှံကို တောင်း ခံ ရ သည်။ ဤတွင်သမီး ရှင်တို့က မိမိတို့၏သမီးနှင့်သဘော မတူနိုင်ပါက ပထမ အကြိမ်လာ ရောက် ပေး အပ်ထား သော စေ့စပ်ကွမ်း ဘိုး များ ကိုပြန် ပေး လိုက်ရသည်။ မိမိတို့၏သမီး ကို ပေး စား ရန်သ ဘောတူပါက ၄င်းတို့တောင်း ခံသော "မခုတ်ဓါး နှင့် မထိုး လှံ"ကို ပေး အပ်မည်ဖြစ် ကြောင်း ဂတိ ပေး ရသည်။ ဤတွင်မိန်း က လေး ကိုရရန် သေချာ တော့သည်။ ၄င်း နောက် တင် တောင်း ရမည့်ကွမ်း ဘိုး ပမာဏကို ယောကျ်ား ဖက်မှကဆာ နှင့်မိန်း မ ဖက်မှရှန်ထုံတို့၏အကူအညီဖြင့်အ ကျေအလည်ညှိနှိုင်း ယူကြသည်။ ပြေလည်သွား ပါ က မင်္ဂလာ နေ့ရက်ကိုသတ်မှတ်ကြသည်။

---

၁။ Rinhtu

၎င်း နောက်မိန်းကလေးကို ပေး ကြောင်း အသိအမှတ်ပြုသည့်မခုတ်ခါး ၊ မထိုး လှံ ရရန် အောက်ပါကွမ်းဘိုး များဖြင့် တောင်း ခံရသည်။ (၁) ၁၀-ကျပ် မောင်း တလုံး ၊ (၂) ငွေတစ်ဝိဿ (သို့မဟုတ်) သင့်တင့်သော ကျေး ငွေ၊ (၃) ကျွဲတ ကောင်၊ (၄) ဆင်စွယ်တစုံ ၊ (၅) တုမ်း သေနတ်တလက်၊ (၆) ဝိုး ဝတ်ရုံ ကော်(မနောက သော အခါ ခေါင်း ဆောင်ဖြစ်သူက ဝတ်ဆင်ရ သောတရုပ်အင်္ကျီရှည်)၊ (၇) ဝိုး တောင် ရှည်ပုဆိုး တထည်၊ (၈) ၉-ကျပ် မောင်း တလုံး (၉) ဖိုခ နောက်ကြီး တခု (၁၀) မြေ မောင်း တလုံး (တီး ရန်ဖု မပါသောဆန် ကောသဘွန်ငှ သည့် ဖိုး ရာ မောင်း )၊ (၁၁) ငိုး ရာ ပယင်း ပုတီး တကုံး ၊ (၁၂) အနှီး ပုဆိုး တထည် ( ငယ်စဉ်က ကျောပိုး ခဲ့ရသည့်အနှီးအတွက်အစား ပေး ခြင်း) (၁၃) ရွှေကစ်ကျပ်သား (သို့မဟုတ်) ကျသင့်ရာ ငွေ ကျား ပမာဏ ၊ (၁၄) ရှင်မာမလိုင်[၁] ခေါ်ကျွန်က ယောက်( သမီး အစား မိဘတို့အား အစား ထိုး လုပ် ကျွေး ရန်) (ယခုအချိန်တွင်ကျွန် ခေတ်မဟုတ် တော့ သည့် အတွက် အင်ဂျန်ဒုံ ကျေး ရှာ ကျွန်အစား ကျွဲတ ကောင်ကို ပေး အပ်ကြသည်။ )

၎င်း ကွမ်း ဘိုး တို့ကို ပေး အပ်ပြီး နောက်တွင်သမီး ရှင် ယောက္ခမ မျိုး ဖက်မှသား ရှင်သား မက်မျိုး ဖက်သို့သမီး ပေး ပြီး ကြောင်း အသိအမှတ်ပြုပွဲဦး ဖြစ်သည့် "မခုတ်ခါး နှင့် မထိုးလှံ"ကိုပူးတွဲချည်နှောင် ကာ ပေး င်သိုက်သည်။

ထိုသို့မခုတ်ခါး နှင့်မထိုး လှံ ပေး ရခြင်း ၏ ရည်ရွယ် ချက် မှာ မိမိလူမျိုး တို့အသိဉာဏ်ဖွံ့ဖြိုး စထဲ့သည်ကအသက် မွေး ဝမ်း ကျောင်း ပမ္ပည်း ဖြစ် သော၊ အ ခြေခံလက်နက်ဖြစ် သော ဓါး နှင့်လှံကိုအိမ် ထော င် အသစ်စတင်သူ ထောင်မည့်မိမိတို့၏သား နှင့်သမီး အား ပေး ခြင်း ဖြစ် သည်။ တဖန် တောင် ပေါ် ဒေသသည်သား ရဲတိရစ္ဆာန်ထူထပ်သည် ဖြစ် ၍ မိမိတို့၏သမီး အား သား ရဲအန္တရာယ်အသွယ်သွယ်မှ ကာကွယ်ရန်နှင့် ၎င်း ဓါး ၊ လှံကိုဖြင့် မိမိတို့သမီး အား တောင်ယာ ခုတ်တွင် ကျွေး မွေး ရန် ရည်ရွယ်ချက်ဖြင့် ပေး ခြင်း လည်း ဖြစ်သည်။ ရှေး ခေတ်က ဓါး အစစ် ၊ လှံအစစ်ကိုကို ပေး သော်လည်း ကာလကြာလာသည်နှင့်အမျှ အသုံး ၌ ပျောက် ပျက်သွား မည်ကိုစိုး ရိမ်သဖြင့် ယခုအခါမခုတ်ခါး ၊ မထိုး လှံအဖြစ်အသွား မထက် သော၊ ခုတ်၍ မပြတ်၊ ထိုး ၍ မ ပေါက် သော၊ သာမန်အရွယ်ထက် နှစ်ဆ မျှ ပို၍ကြီး လေး သော ဓါး ၊ လှံတို့ကို ပြောင်း လဲ ပေး အပ်ကြသည်။ ဤ မထိုးလှံ၊ မခုတ်ခါး အမှတ်အသား သည် ဂျိန်ဖေ လူမျိုး တို့အတွက်ကမ္ဘာတည်သ ရွေ့ကျန်ရှိ မည့်အမှတ်အသား ပင်ဖြစ်သည်ဟုဆိုကြ၏။

---

၁။ Shingma malai

အထက်ပါကွမ်းဘိုး များကိုတက်နိုင်သူများ ကထိုထက်မက ၊ ပေး ဆောင်ကြပြီး မတတ်နိုင်သူများ က လျော့ချနိုင်သမျှ လျော့ချ၍ ပေး ဆောင်ကြသည်။ အင်ဂျန်နို ကျေး ရွာမှလူကြီး အချို့သည်အစဉ်အလာ အရ မခုတ်ဓါး ၊ မထိုးလှံ ပေး အပ်ရသည်ကိုမနှစ်မြို့ကြ ပေ။ လေ ကြောင်း ခရီး ဖြင့်သာ ပေါက် ရောက်နိုင် သောအလွန် ဝေး လွှာ သောအရပ် ဒေသမှဖြစ် ၍ မိမိ သာမန်ကက်နှစ်ဆခန့်ပိုရှိကြီး မား သောဓါး ကြီး နှင့်လှံတရပ် ကျော် ခန့်ရှိ သောလှံကို မည်သို့သယ် ဆောင်ကြမည်နည်း ဟု မေး ခွန်း ထုတ် မေးတော လာကြသည်။ သို့ဖြစ်၍အစဉ်အလာမပျက် စေရန် ကျောက်စိမ်း( သို့မဟုတ် ) ငွေ၊ ငွေဖြင့် ရင်ထိုး အရွယ်မျှပြုလုပ်ကာ ဖူး သို့မဟုတ် အစ်တခုခုထွင်ထည့်၍ ပေး အပ်ရန်အစီအစဉ်ရှိ ကြောင်း သိရသည်။ သို့ သော်မည်သူတစ်ဦး တစ် ယောက်က မျှအကောင် အထည် ဖော် မှုမရှိ သေး ပေ။

မိန်း က လေး ဖက်မှ ပေး သော "မခုတ်ဓါး မထိုးလှံ" ကိုရပြီး သည်နှင့် ယောကျ်ား လေး ဖက်မှကဆာ ၁နှစ်ဦး အနက်တဦး ကိုဖြုတ် ကာ တဦးကိုသာ ဆက်လက် ဆောင်ရွက် စေသည်။ နောက်ပိုင်း ကိစ္စ များ ကို မိန်း က လေး ဖက်မှ အောင်သွယ် တော်ဂျန်ထုံနှင့် ယောကျ်ား လေး ဖက် မှ ဂျန် ယောကဆာ ၁တစ်ဦး တို့ကသာ ပူး ပေါင်း ၍ ဆောင်ရွက်ကြ သည် ။ ယောကျ်ား လေး ဖက်မှ အောင်သွယ် တော်ကဆာ ၁ကိုမိန်း က လေး ရှင် တို့ က ၄င်း တို့ တောင်း ခံ သောကွမ်း ဘိုး များ ထဲမှ ရ-ဂ ထွာ ခန့်ရှိ မောင်း ကို သော်လည်း ကောင်း ၊ မိန်း က လေး ဖက်မှ အောင်သွယ် တော်ဂျန်ထုံ ကို သား ရှင်ဖက်မှကဆာ ၁ကို ပေး သော မောင်း တက်အနည်း ငယ်မျှငယ် သော မောင်း ကို သော်လည်း ကောင်း ကူညီ ဆောင်ရွက်ခအ နေဖြင့် ပေး ရသည်။

သတို့သား ဖက်မှ စေ့စပ်မင်္ဂလာကွမ်း ဘိုး များ ပေးအပ် ရသည့်နည်း တူ သတို့သမီး ဖက်မှလည်း ကုံ ဒေါင်း[၁] ခေါ် ဂုဏ်ပြုအသုံးအ ဆောင် ပစ္စည်း များ ကိုအိမ် ထောင်သစ်အတွက် ရည် ရွယ်က ၁လက်ဖွဲ့လိုက် ရသည်။ ၄င်း ပစ္စည်း များ မှာ - (၁) စီလပ်မကိုင်[၂] ခေါ် ဆေး ပွက်ထုတ် ရန် ပုဆိုး တထည် ( သမီး ကျန်း မာ စေရန် ရည်ရွယ်သည်။ )၊ (၂) ရှုကောင်ခရာ[၃] ခေါ် ဖိုခ နောက်တခု၊ (၃) ရှုကောင်ဒီ[၄] ခေါ် ဒယ်အိုး တ ခု ၊ (၄) ရှုကောင်ရှိန်နွဲ့[၅] ခေါ် ခြင်း ပလိုင်း တခု၊ (၅) ရှုကောင်အင်ဂန်[၆] ခေါ် ပိုး ရာခေါ် တလက်၊ (၆) ရှုကောင်ဂင်ရှန်[၇] ခေါ်ကြိမ် သို့မဟုတ် နှီး ဖြင့်ယက်လုပ်ထား သော သေတ္တာတလုံး ၊ (ရ) ဂျိန် ဖော့ လှံတ ချောင်း ၊

---

၁။ Kung down
၂။ Tsi Lap makai
၃။ Shu kawng hkra
၄။ Shu kawng di
၅။ Shu kawng shing noi
၆။ Shu kawng [redacted]
၇။ Shu kawng gin shang

(၈) ငွေနားကပ်တရံ၊ (၉) ငွေလက်ကောက်တရံ၊ (၁၀) ငွေလည်သွဲ့တကုံး၊ (၁၁) ခြေကလိုင်းရှစ်တစုံ၊ (၁၂) ဆံထိုးတခု၊ (၁၃) ငွေမောင်းဆင်ထားသောအင်္ကျီတထည်၊ (၁၄) ဆက်ယက်ထမီတထည်၊ (၁၅) ပုတီးတကုံး (အနည်းဆုံးအလုံး ၅၀ ပါရသည်။ သတို့သားဖက်မှပေးအပ်သောပုတီးကုံးမှထက်ဝက်ကိုယူထားကာ ထက်ဝက်ကိုပြန်၍ပေးအပ်ခြင်းဖြစ်သည်။)၊ (၁၆) အဖော်အဖြစ်ကျွန်မတစ်ဦး (ယခုခေတ်တွင်ကျွဲမတစ်ကောင်) စသည်တို့ဖြစ်သည်။

ယနေ့အင်ဂျင်ဒိုပ္ပင်သမီးဖြစ်သူမျက်နှာမငယ်ခေါ်ရန် ကျော်ရှယ်ချက်ဖြင့်ဝတ်ကောင်းစားလှများ၊ အိပ်ယာအိတ်ခင်း၊ အိတ်ကောင်ပရိဘောဂ၊ အိုးခွက်ပန်းကန်စသည့်ပစ္စည်းအတိုအထွာများမှအစ ပေးကမ်းကြသည်ကိုတွေ့ရသည်။ အထူးသဖြင့်စီးပွားရေးအခြေအနေကိုလိုက်၍ ပေးကမ်းကြသည်ကိုတွေ့ရသည်။

ထိုသို့ယောက္ခမမျိုးနှင့်သားမက်မျိုးတို့သည်ကွမ်းဘိုးများ၊ ဂုဏ်ပြုလက်ဖွဲ့ပစ္စည်းများကိုအပြန်အလှန်ပေးယူကြပြီး နောက်တွင်ကဆာနှင့်ဂျန်ထုံတို့၏တာဝန်ဝတ္တရားများသည်ဤနေရာတွင်ပြီးဆုံးသွားတော့သည်။ သို့သော်၎င်းတို့နှစ်ဦးစလုံးသည်သတို့သားနှင့်သတို့သမီးအိမ်ထောင်ရေးခရီးသက်ပန်သက်သေဖြစ်သွားသည်။ ၎င်းတို့၏အိမ်ထောင်ရေးအခြေအနေပြိုကွဲလာလျှင်၎င်းလူကြီးနှစ်ဦးကိုသက်သေထား၍ဖြေရှင်းကြရသည်။

အထက်ပါအတိုင်းယောက္ခမမျိုးဖက်မှကုံဒေါ်နီးခေါ်၊ ဂုဏ်ပြုလက်ဖွဲ့များပေးအပ်ပြီးတွင်သတို့သားနှင့်သတို့သမီးကို လက်ထပ်ထိမ်းမြားပေးနိုင်ပြီဖြစ်သည်။ ဂျိန်ဖော့လူမျိုးအားလုံးတို့သည် ရှေးယခင်ခေတ်များမှယနေ့အထိသတို့သားအိမ်တွင်သာလက်ထပ်မင်္ဂလာ အခမ်းအနားကိုကျင်းပကြသည်။ သို့ဖြစ်ရာလက်ထပ်မည့်နေ့ရက်တွင် သတို့သမီးကိုသတို့သားအိမ်သို့ခေါ်ဆောင်သွားရသည်။ ထိုသို့ခေါ်ဆောင်ရန်အတွက်လည်းကွမ်းဘိုးထပ်မံပေးရသေးသည်။ ထိုရက်တွင် ပေးရသောလက်ထပ်မင်္ဂလာကွမ်းဘိုးတို့မှာ—

(က) ကျွဲမကြီးတကောင်
(ခ) မြင်းတကောင်
(ဂ) ကောက်ညှင်းပေါင်းပလိုင်းတလုံး (၎င်းပလိုင်းတွင်အောက်ပါပစ္စည်းတို့ပါဝင်ရသည်။) ၁။ ကြက်ကောင်လုံးပြုတ် ၂-ကောင်၊ ၂။ ကြက်ဥ ၁၀-လုံးထုတ် ၂-ထုတ်၊ ၃။ အရက်၊ ၄။ ခေါင်ရည်။ ၅။ ဝက်သားပေါင်း၊ ကြက်သားပေါင်း (ဝါးကျည်တောက်ဖြင့်ပေါင်းသည်။)၊ ၆။ ကောက်ညှင်းပေါင်းပလိုင်းအဖုံးအဖြစ်ငွေ ၂၅ ကျပ်ကိုဖက်စိမ်းဖြင့်ထုတ်၍ထည့်ရသည်။

ယခု နောက်ပိုင်း အင်ဂျန်ခုံ ကျေး ရွာ နေရိန် ဖော်တို့ ကကောက်ပါအတိုင်း ပြောင်း လဲ ပေး အစ်လာကြသည်ကို တွေ့ရသည်။

(က) ကျွဲမကြီး တ ကောင်အစား ကျွဲ (သို့မဟုတ်) နွား တ ကောင်
(ခ) မြင်း တ ကောင်အစား သင့် တော်ရာပိုး ရာပဆုဉ်း တစုံ (သို့ မဟုတ်) ငွေ ကျေး
(ဂ) ကောက်ညှင်း ပေါင်း ပလိုင်း တလုံး ၊ ၄င်း တွင်- ၁။ ကြက်ကောင် လုံး ပြုတ် ၂- ကောင်၊ ၂။ ကြက်ဥ၁၀-လုံးထုတ် ၂-ထုတ်၊ ၃။ ကော် ခံ ၂-ထုတ်၊ ၄။ သကြား တစ်ပိဿာ (သို့မဟုတ်) ၅၀-ကျပ်သား ထုတ် ၂-ထုတ် ၅။ နို့ဆီ ၂-ဗူး (သို့မဟုတ်) ၄-ဗူး ၊ ၆။ ဆား တစ်ပိဿာ (သို့မဟုတ်) ၅၀-ကျပ်သား ထုတ် ၂-ထုတ်၊ ၇။ လက်ဘက် ခြောက်၊ ကိတ်မုန့်၊ ပေါင် မုန့် စသည်တို့နှစ်လုံးကိုး၊ ၈။ ထမင်းနှစ်ထုတ်၊ တင်း နှစ်ထုတ်ကို ရောထုတ်ထား သော ထမင်း ထုတ်ကြီး တထုတ်၊ ၉။ ကောက်ညှင်း ပေါင်း ပလိုင်း အ မှုံး အဖြစ် ငွေ ၂၅ ကျပ်မှအထက်သင့် တော်သ လောက်ကိုစာအိတ်ဖြင့်ထည့်က ာ ပလိုင်း အ ပေါ်ဆုံး တွင်တင် ပေး ရသည်။

၄င်း တို့ကို ပေး အပ်ပြီး ပါကဓိန်း က လေး ကို ၄င်း ၏ အပျို ဖော်အဝိုင်းများ ၊ မိဘ ဆွေမျိုး အသိုင်း အဝိုင်း များ ခြံရံတာ သ တို့ သား အိမ်သို့ ခေါ် ဆောင်သွား ရသည်။ အကယ်၍ မိန်း က လေး သည် ရပ် ဝေး ဒေသမှဖြစ် ပါမူအထက် ပါကွမ်း ဘိုး တို့ကိုလက်ထပ်ပွဲကျင်း ပရက်မတိုင် မီ ပေး အပ်ကာမိန်း က လေး နှင့် ဆွေမျိုး တစုကို ယောကျ်ား လေး ရွာ ၌ကိုက်ကအိမ်တွင် နေရာ ချထား ရသည်။ လက်ထပ်ပွဲကိုအချိန်မီ ရော က် နိုင်ရန်ဖြစ်သည်။

အထက် ပါအတိုင်း သား မက်မျိုး ဖက်မှ ပေး အပ်ရ သော ကွမ်း ဘိုး များ နှင့် ယောက္ခမမျိုး ဖက်မှ ပေး အပ်ရ သောကို ခေါ်နီး ခေါ် ဂုတ်ပြုလုပ်ပွဲကို နှိုင်း ယှဉ်ကြည့် သော် နှစ်ဦး နှစ် ဖက်စလုံး မှအသင့်အတင့်ရ ရှိကြသည်ကို တွေ့ရ သော်လည်း နှစ်ဦး နှစ် ဖက်မိဘတို့အပြည့်အဝ ရရှိကြခြင်း မျိုး မဟုတ် ပေ။

ရှေး ခေတ်နတ်ကိုး ကွယ်သည့်ကာလက ရပ် ဝေး ရပ် နီး ဆွေမျိုး မိတ်သင်္ဂဟများ နှင့်ပတ်ဝန်း ကျင် ကျေး ရွာ များ ရှိလူထုပရိသတ် ကိုဖိတ်ခေါ် ကျွေး မွေး ရာ ၅-ရက်မှတ ပတ်ခန့်ကြာသည်။ ထိုပွဲမင်္ဂလာ ပွဲနှင့်သက်ဆိုင်သည့်နတ်အသီး သီး ကိုလည်း ကျွဲ၊ နွား ၊ ဝက်၊ ကြက် တို့ ဖြင့် ပူဇော်ရသည်။ သတို့ သမီး နှင့် ဆွေမျိုး တော်စပ်သူ မှန်သမျှကိုအ ထိုက် အ လျောက်ချီး မြှင့်ရသည်။ အထူး သဖြင့်သတို့ သမီး ၏ဦး ကြီး ဦး လေး (အ မေ၏အကိုနှင့် မောင်) တို့ကို ကျေနပ် လောက် အောင်ကန် တော့ရသည်။ ငွေ၊ ငွေပဆုဉ်း မှအစကျွဲ၊ နွား တို့ဖြင့်ချီး မြှင့်ရသည်။ တဖန်သတို့သမီး သား ယိမ်း မြား ရန် ခေါ် ဆောင်ရာတွင်လည်း ချောင်း တ ချောင်းဖြတ်

လျှင်ဖြတ်ကူး ခအထွက်သတိုး သမီး ဖက်သို့ ပေး ဆောင်ရသည်။ သစ်တုံး ကျော်ရပါကလည်း ပေး ရသည်။ မြစ်ကူး ၊ တံတား ဖြတ်၊ ရွာဝင်ရွာထွက်၊ လှော်ခါးတော်လှော်ခါး ဆင်း ၊ ရေသောက်၊ ထမင်း စား စသည်တို့တွင်လိုက် လျော ပေးကမ်းရသည်။ မလိုက် လျော ပါကသတိုး သမီး အရံတို့သည်သတိုး သမီး အား ထွက် ပြေးရန်သွေး ဆောင်တတ်ကြသည်။ သတိုး သမီး ထွက် ပြေး လျှင်မင်္ဂလာပွဲအထမ မြောက်တော့ပေ။

အလား တူသမီး ရှင် ယောက္ခမမျိုး ဖက်မှပြန်လည် ပေးဆောင်ရသည်များ လည်း ရှိသည်။ မင်္ဂလာအခမ်း အနား စတင်ကျင်း ပ သော အခါ၌ ရာအလိုက်ဝိုက်ထူထား သော ကွမ်ဘာ ခေါ်ကိုင်း ပင်များ ကို ကျော် ဖြတ်ရသည်။ ၎င်းသို့ဖြတ် ကျော်စဉ်နတ်ပူ ဇော်ထား သော ကျွဲ၊ နွား ၊ ဝက်အ ကောင်ဆွေး မျိုး ၏လည်ပင်း ကို ယောက္ခမမျိုး ဖက်မှနတ်ဆရာ ခွင့်ပြုထား သူယောကျ်ား တစ်ဦး ကခါး ဖြင့်ခုတ်ဖြတ် ရသည်။ လည်ပင်း ကိုခါး ဖြင့်ခုတ် ရာ၌တချက် ဖြင့် သာပြတ် သော်ခါး တလက်သာ သား ရှင်ဖက်သို့ ပေး ရသည်။ နှစ်ချက်ခုတ်မှပြတ်သော်ခါး ၂လက်စသည်ဖြင့်၃–၄ချက်ခုတ်ပါကခါး ၃–၄လက် ပေး ရသည်။ တချိန်တည်း မှာပင်ကြိုတင်သတ်မှတ်ထား သူအရံသတို့သမီး တစ်ဦး ကလည်း ကြက်တကောင်၏လည်ပင်း ကိုလက်ဖြင့်လိမ်၍ဖြတ် ရသည်။ လက်ဖြင့်ပြတ် အောင်မ ဆောင်ရွက်နိုင်ပါကခါး မြောင်ဖြင့်ဖြတ်ပြီး အဖိုး အခ ပေး ရသည်။

ယခုထိတိုင်နတ်ကိုး ကွယ်သူဂျိန်ဖော့တို့သည်အထက်ပါအတိုင်း ၊ ဆောင်ရွက်ကြသဲဖြစ်သည်။ အင်ဂျန်ခုံ ကျေး ရွာ နေဂျိန်ဖော့တို့အများစုခရစ်ယာန်ဘာသာဝင်များ ဖြစ်သည့်အား လျော်ရွာကွမ်း ဘိုး များ အပြန်အလှန် ပေး အပ်ကြခြင်း သာ ရှိပြီး နတ်ပူ ဇော်ပသခြင်း မျိုး ကိုမပြုကြ တော့ပေ။ မည် သို့ ပင်ဖြစ် စေယခု ခေတ်အင်ဂျန်ခုံ ကျေး ရွာ နေဂျိန်ဖော့တို့တွင်လည်း ကွမ်း ဘိုး စရိတ်နှင့်မင်္ဂလာဆောင်စရိတ်သည်ကြီး မား သဲဖြစ်သည်။

လူမျိုး စုအတွင်း အချင်း ဖြစ်ပွား မှုများ ၊ တဒေသ နှင့် တဒေသစစ်မှုရေး ရာဖြစ်ပွား မှုများ တွင် ဆွေမျိုး ချင်း ချစ်ကြည်ရင်း နှီး မှုရှိင်မြဲမှသာ အကူအညီ ပေး ကမ်း ရယူမှုရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ဆွေမျိုး တော်စပ်ရန်သမီး ပေး သား မက်ယူကာ ယောက္ခမမျိုး ၊ သား မက်မျိုး တို့ အပြန်အလှန်ချစ်ကြည်ရေး မိတ်သဟာ ရဖွဲ့သည့်အ နေဖြင့်လက် ဆောင်ပ ဏ္ဏာ များ ပေး ကမ်း ကြရာမှမင်္ဂလာကွမ်း ဘိုး ပေါ် ပေါက်လာသည်ဟုမှတ်ယူနိုင်သည်။

ဂျိန် ဖော့လူမျိုး တို့၌ မိန်း က လေး တ ယောက်အတွက်ကွမ်း ဘိုး တင်ရာတွင်မိဘတဦး တည်း ကသာ နိုင်ခံ၍ ပစ္စည်း အား လုံး ကိုစု ဆောင်း တင် တောင်း ရခြင်း မဟုတ် ပေ။ ယောကျ်ား လေး ဖက်မှ ဆွေမျိုး များ အား လုံး ကကူညီထည့်ဝင်ကာတင် ဆောင်း ရခြင်း ဖြစ်သည်။ ကွမ်း ဘိုး အား လုံး တို့ ကို လည်း မိဘများ ကသာ ရရှိသည်မဟုတ်ပဲအလွန်ဆုံး ၂–၃မျိုး ခန့်သာ ရကြသည်။

အဓိကတစ်မျိုး မှာ မိမိတို့၏သမီး ကိုယ်စား ကျွဲမတစ် ကောင်ဖြစ်ပြီး ကျန်သည်တို့မှာ ဖိုး ရာအသုံး အဆောင်များ ဖြစ်သည်။ ကျန်ထွမ်းဘိုး များ ကိုအခြား ဆွေမျိုး တို့အား ဝေငှပေး ရသည်။ ယောကျ်ား လေး ဖက်မှလည်း ထိုနည်း တူသာဖြစ် သည်။ မိန်းကလေး ဖက်မှ ပေး လိုက် သောကွံ့ဒေါနိုး ခေါ်ဂုဏ်ပြုလက်ဖွဲ့ပစ္စည်း တို့ကို ယောကျ်ား လေး ဖက်မှ ဆွေမျိုး များ အား လုံး ဝေငှယူကြသည်။ ဂျိန်ဖော့ တို့သည်ယခင်က ဆွေမျိုး မ တော်စပ်ခဲ့သည့်တိုင်မိမိမိန်း မယူ သောအခါထွမ်း ဘိုး တခုခုကိုကူညီထည့်ဝင်ပါက အလိုလို ဆွေမျိုး ရင်း ချာစာ ရင်း ဝင်သွား သည်။ ဂျိန် ဖော့တ ယောက်မိန်း မယူသည့်အခါထွမ်း ဘိုး ပစ္စည်း တခုခုကိုကူညီထည့်ဝင်ပါ က သတို့ သမီး ဖက်မှပြန်လည်ဂုဏ်ပြု သောကွံ့ဒေါနိုး ထဲမှ အလား တူတန်ဘိုး ရှိ သော ပစ္စည်း တခုခုကိုပြန် ရကြသည်။ ထွမ်း ဘိုး ကူညီထည့်ဝင်မှုသည်လူမျိုး ခြား သူစိမ်း အပေါ်လည်း အကျိုး သက် ရောက်မှု၊ တုံ့ပြန်မှုအတူတူသာဖြစ်သည်။

ထို့ကြောင့် ရှေး ခေတ်ဂျိန်ဖော့တို့က မင်္ဂလာထွမ်း ဘိုး တင်ခြင်း သည်၊ နှစ်ဦး နှစ်ဖက် ဆွေမျိုး များ ကိုရင်း နှီး ကျွမ်း ဝင်လာ စေ အောင် ပြုလုပ်သည်။ ဆွေမျိုး ဟောင်း များ နှင့်ပို၍ချစ်ကြည်မှုခိုင်မြဲ စေပြီး ဆွေ မျိုး သစ်များ ကိုပွား များ စေသည်။ အိမ်ထောင်သစ်ကိုလည်း ရာသက်ပန်ခိုင် မြဲ တည်တံ့စေသည်ဟုထင်မြင်ယူဆကြသည်။

ယခု ခေတ်အင်ဂျန်ခွံ ကျေး ရွာ နေဂျိန်ဖော့ဖသား စုတို့သည် လက်ထပ်မင်္ဂလာထွမ်း ဘိုး စနစ်ကိုလက်ခံကျင့်သုံး လိုစိတ် လျော့နည်း လာသည် ။ အများ စုအထွက်သင့် တော် သောစနစ်၊ ထုံး စံကိုပြင်ဆင်သတ်မှတ်ရန်လိုလားကြ သည်။ ၎င်းသို့ဖြစ်ရခြင်း မှာထိုမင်္ဂလာထွမ်း ဘိုး သည်ချစ်ကြည် ရေး လက္ခဏာအတွက် တန်ဘိုး ဖြတ်လိုက်နာ ရ သော ကြောင့်အများ စုအထွက် လေး လံ သော ဝန် ထုတ်ကြီး ဖြစ်လာ သော ကြောင့်ဖြစ်သည်။ ဤ ရှေးရိုးမင်္ဂလာထွမ်းဘိုး စ လေ့သည်လူမျိုးစု၏ ဖွံ့ဖြိုး တိုး တက်မှုကိုတန့်တား နေသည်ဟုယူဆလာကြသည်။ ထို့ကြောင့်ယခုအင်ဂျန်ခွံ ကျေး ရွာ နေဂျိန် ဖော့တို့သည်ထွမ်း ဘိုး များ ကိုမိမိတို့အလိုရှိသလို ပြောင်း လဲ တာအတိုး အလျော့ပြုညှိ၍ ဆောင်ရွက်ကြသည်ကို တွေ့ရသည်။ သို့သော်အများ အား ဖြင့်မူမနှစ်မြို့သော်လည်း ရိုး ရာဓလေ့ကိုဖီဆန်ခြင်း မပြုပဲအတတ်နိုင် ဆုံး လိုက်နာ ဆောင်ရွက်ကြ ကြောင်း လေ့လာ တွေ့ရှိရသည်။

သမီး ရှင် ယောက္ခမမျိုး တို့သည်သမီး ပေး အပ် ကြောင်း အသိ အမှတ်ပြုသည့်မခုတ်ဓါး မထိုး လှံ ပေး အပ်ပြီး သည့်နောက်တွင်တင်ရမည့်ထွမ်းဘိုး များ နှင့်မင်္ဂလာ နေ့ရက်တို့ကိုညှိနှိုင်း သတ်မှတ်ကြသည်။ ၎င်း နောက်ထွမ်း ဘိုး များ ကိုအပ်နှင်း ရသည်။ ထွမ်း ဘိုး များ အပ်နှင်း ပြီး နောက်မင်္ဂလာရက် မတိုင်မီသတို့ သား ဖက်မှကသာနှစ်ဦး နှင့်အတူ ဆွေမျိုး တစုသည်သတို့ သမီး ကို သွား ခေါ်ကြရသည်။

ရှေးခေတ်နတ်ကိုးကွယ်သည့်အချိန်ကသတိုးသမီးကြိုဆိုသူများရောက်ရှိလာသောအခါညဖက်တွင်သတိုးသမီးအိမ်ဦးသတိုးသမီးအားစောင့်ရှောက်ပေးခဲ့သည့်နတ်ကိုသတိုးသားဖက်မှတင်တောင်းသောကျွဲတကောင်ဖြင့်ပူဇော်ပသရသည်။ မွေးကင်းစထွင်ကတ်ပေးထားသည့်အတိုင်း ကွမ်းဘိုးရသောကျွဲဖြင့်နတ်ကိုပူဇော်ခြင်းဖြစ်သည်။ ထိုသို့နတ်အားပူဇော်ပသကာလာရောက်ကြိုဆိုသူများထံသို့သတိုးသမီးအားအပ်နှင်းသည့်အခမ်းအနားကို ရှရောဒ်ရှားပွဲ[၁] ခေါ်မိန်းကလေးကိုချီးမြှောက်အပ်နှင်းသည့်ပွဲဟုခေါ်သည်။ ထိုအခမ်းအနားတွင်သတိုးသမီး၏ဖခင်သို့မဟုတ်ဘကြီးဘထွေးတို့မှ "မိမိတို့၏သမီးသည်မိန်းကလေးဖြစ်သောကြောင့်( .......... ) တို့၏ဆွေစဉ်မျိုးဆက်တိုးတက်ကြီးပွားရေးအတွက်ရည်ရွယ်ကာလက်ထပ်ထိမ်းမြားရန်အပ်နှင်းအပ်ပါသည်။ သမီးအနေဖြင့်လည်းယောက္ခမတို့ကိုမိဘသဖွယ်သဘောပိုက်၍ သေသည့်တိုင်အလုပ်အကျွေးပြုလေလော့အသင်--သမီး- သေလွန်သည့်အချိန်တွင်လည်းသင့်ယောက္ခမဘိုးဘွားအဆက်ဆက်မြှုပ်နှံခဲ့သည့်သင်္ချိုင်းမြေတွင်ပင်မြှုပ်နှံပါစေတော့။ သင့်အား ( ......... ) မျိုးတို့ထံရာသက်ပန်အတွက်အပ်နှံလိုက်ပါသည်။ " ဟုဆိုကာကြိုဆိုသူများထံအပ်နှင်းရသည်။ ရှေးခေတ်ကတို့ရှရောဒ်ရှားပွဲသို့ရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများ တို့နှံးကြိုးသို့မဟုတ်ဂုံလျှော်ကြိုးတုံးဖြင့်ဖိတ်ကြားကြသည်။ ဥပမာ-ငါးရက်ကိုပါကအတုံးငါးတုံးထုံး၍ပို့ကြသည်။ တရွာတည်းနေသူများကိုမူနှုတ်ဖြင့်သာဖိတ်ကြားကြသည်။

ထိုအခမ်းအနားတွင်သတိုးသားဖက်မှဆွေမျိုးစုံလာရောက်ကြသည်။ ကြွရောက်ချီးမြှင့်ကြသောဧည့်ပရိတ်သတ်များကိုထမင်းတင်းလျှာ အရက်၊ ခေါင်ရည်တို့ဖြင့်သတိုးသမီးရှင်တို့ကဧည့်ခံကျွေးမွေးကြသည်။ သတိုးသမီး၏ဦးလေး၊ ဘကြီးစသောဆွေမျိုးများကမင်္ဂလာအခမ်းအနားအတွက်လက်ဖွဲ့ပစ္စည်းများလာရောက်ချီးမြှင့်ကြရာတွင်လက်ဖွဲ့သောပစ္စည်းနှင့်လက်ဖွဲ့သူအမည်များကိုခွဲခြားသတ်မှတ်ရသည်။ ဂျိန်ဖော့တို့၏ဓလေ့ထုံးစံအရသတိုးသမီးဖက်မှလက်ဖွဲ့သူများအားသတိုးသားဖက်မှလက်ဆောင်ပြန်အမ်းရစမြဲဖြစ်သည်။ ပြန်အမ်းသောလက်ဆောင်တန်ဘိုးသည်လက်ဖွဲ့တန်ဘိုးထက်မလျော့နည်းစေရပဲအနည်းငယ်ပိုရစမြဲဖြစ်သည်။ ဥပမာ-သတိုးသမီးဖက်မှနွားတကောင်လက်ဖွဲ့လျှင်သတိုးသားဖက်မှကျွဲတကောင်လက်ဆောင်ပြန်ပေးရသည်။ ဖိုခနောက်တလုံးဆိုလျှင်မောင်းတလုံး၊ ဝက်တကောင်ဆိုလျှင်နွားတကောင်၊ ခေါင်းပေါင်းတထည်ဆိုလျှင်ပုဆိုးတထည်လက်ဆောင်ပြန်ပေးရသည်။ ထို့ကြောင့်ဆွေမျိုးများလက်ဖွဲ့သောပစ္စည်းများကိုလည်းခွဲခြားသတ်မှတ်ထားကြသည်။ သတိုးသမီးဖက်မှဦးလေး၊ ဘကြီးစသောဆွေမျိုးများတလက်ဖွဲ့လှူရှိသောပိုးရာပစ္စည်းများမှာ ဖိုခနောက်၊ ဒယ်အိုး၊ မောင်း၊ စောင်၊ ပုဆိုး၊ ငါး၊ လှံများအပြင်စပါးမျိုးစေ့များ၊ ပဲမျိုးစေ့များ

---

၁။ Sharawt sha pai

အရိုင်လိုက်အနံ့လိုက်တို့ဖြစ်သည်။ စပါး နက်၊ စပါး နီ၊ ကောက်ညှင်း၊ ပဲပိစပ်၊ နှမ်း စသောသီး နှံမျိုး စေ့များ ကိုလည်း ပေး လိုက် လေ့ရှိသည်။ ထိုမျိုး စေ့ များ ဖြင့်မောင်မယ်တို့ တိုက်ပျိုး လုပ်ကိုင်စား သောက်ကြရန် ရည်ရွယ်၍ ပေး အပ်ကြခြင်း ဖြစ်သည်။ သတို့ သမီး ၏မိဘများ ကလည်း သတို့ သမီး အတွက် ၊ နောက်လှယ် တောင်း တခုတွင်အိုး ဗန်း တချပ်၊ ဝါး ကျည် ထောက်တခု၊ ဂွ း ရာအမျိုး သမီး ဝတ်စုံတစုံ၊ ပိုး ခါး ပတ်တခု၊ ငွေ မောင်း တပ်အကျီတထည်၊ ငွေ မောင်း မပါသော အကျီတထည်၊ ပိုး ခေါင်း ပေါင်း ၊ ရင်အညီး တော က်၊ ငွေလက်ကောက်၊ ငွေနား ငေါ်နီး ၊ ပယင်း ပုတီး စသောပစ္စည်း များ နှင့်ဘကွသတို့ သား အိမ်သို့အဝင်တွင်မင်္ဂလာကိုင်း ပင်ခုတ် ရန်ဓါး ဟလက်နှင့် လှံတ ချောင်း တို့ကို ပေး လိုက် ရသည်။

နောက်ဘ နေ့တွင်လက် ဆောင်ပစ္စည်း များ ကိုနောက်လှယ် တောင်း များ တွင်အသီး သီး ထည့်လွယ်ကာသတို့ သမီး နှင့်တကွသတို့ သမီး အား လာ ရောက်ကြိုဆို သောအဖွဲ့သည်သတို့ သား ရှိရာသို့ပြန်လာခဲ့ကြပြီး ရွာ အရောက်တွင်ကဆာ၏အိမ်သို့မဟုတ်ရင်း နှီး သောမိတ် ဆွေတဦး ၏အိမ်တွင် သတို့ သမီး နှင့် ဆွေမျိုး များ ကိုနေရာချထား ပေး ရသည်။ သတို့ သား ဖက်မှ ဆွေမျိုး များ ကလာရောက်နှုတ်ခွန်းဆက်ကြပြီး စား သောက် ရေး နှင့် အိပ်စက်အနား ယူ ရေး တို့အလုံး စုံကိုတာဝန်ယူ ဆောင်ရွက် ပေး ကြသည်။

ယခု ခေတ်အင်ဂျင်ခွံ့ ကျေး ရွာဘွင်မှုသတို့ သမီး အပ်နှင်း ပွဲအခမ်း အနား ကိုအများ အား ဖြင့်အကျယ်တဝင့်ကျင်း ပကြသည်ကို တွေ့ ရ သည်။ နှင်ဦး နှစ်ဖက်မှထွမ်း ဘိုး များ ပေး အငြိပြီး နောက်မင်္ဂလာ ရက် သတ်မှတ်ပြီး ပါကတရွာသား ချင်း သို့မဟုတ် ရွာနီး ချင်း သို့မဟုတ်တမြို့ သား ချင်း ဖြစ်ပါကသတို့ သမီး အပ်နှင်း ပွဲအခမ်း အနား ကိုထိမ်း မြား မင်္ဂလာ ရက်မတိုင်မီတ ရက်တွင်ကျင်း ပကြသည်။ ရပ် ဝေး မှဖြစ်ပါကသတို့ သမီး အပ် နှင်း ပွဲအခမ်း အနား ကိုကြိုတင်ကျင်း ပကြသည်။ ထိုသို့ကျင်း ပနိုင်ရန် သတို့ သမီး ၏မိဘ ဆွေမျိုး အသိုင်း အဝိုင်း နှင့်ရပ် ရွာအကြီး အကဲများ ဝိုင်း ဖွဲ့ ဆွေး နွေး ကာတာဝန်ခွဲ ဝေမှုဇယား ကို ရေး ဆွဲကြသည်။ ခရစ်ယာန်ဘာ သာအရအသင်း တော်များ ကွဲပြား သော်လည်း တာဝန်ခွဲ ဝေမှုဇယား ရေး ဆွဲပုံနှင့်သတို့သမီး အပ်နှင်း ပွဲအခမ်း အနား ကျင်း ပပုံမှာတူညီကြသည် ကို တွေ့ ရသည်။

တာဝန်ခွဲ ဝေမှု ဇယား ရေး ဆွဲသည်နှင့်တချိန်တည်း တွင် သတို့ သမီး အပ်နှင်း ပွဲဖိတ်ကြား လွှာကိုပါရေး ဆွဲကြပြီး သက်ဆိုင်သူအသီး သီး ထံ ပေး ဝေ ရသည်။ တာဝန် ပေး အပ်ခံ ရသူတို့ကလည်း ချိန်း ဆိုသည့်အချိန် တွင်သွား ရောက်ကာဘာဝန်တို့ကိုအ သေး စိတ်ခွဲ ဝေယူကြသည်။ အခမ်းအနား ကျင်း ပ ရက်မတိုင်မီသတို့ သမီး ၏အိမ်ခြံဝင်း အတွင်း သင့် တော်သည့် နေရာ တွင်မင်္ဂလာမဏ္ဍပ်ကိုဝါး တိုင်များ ဖြင့် ဆောက်လုပ်ပြီး ဖျင်ဖိုး ကာများ ဖြင့် မိုး ကြသည်။ အကာအဖြစ် ပေါင်လယ်ခနဲ့အမြင့်အထိဝါး ဖြင့်ရာဇမတ်ကွက် များ၊

ရှေးထုံးစံတော် ရှိကြသည်။ အခမ်း အနား နဖူး စည်း ငွေသည့်ဖက်မှရှုံ၍ကျန်သုံးဖက်ရုံး တွင်အဝင်အထွက် ပေါက်များ ထိုးထား ကြသည်။ တခါဝန် ပေး အစိုးရ သူရှေ့သား ထို့ကမ်မိထို့၏ကျရာတာဝန်ကို ဆောင်ရွက်ကြသည်။

ပွဲကြီး ကြိုဆိုပွဲနှင့်သည့်အခမ်း အနား မတိုင်မီညမှစ၍အခမ်း အနား ပြီး ဆုံး သည်အထိတာဝန်ကျသူအသီး သီး ကိုအ သေး စိတ် ဦး ဆောင်ညွှန် ကြား သည်။ အိမ်ရှေ့စံကတော့တွင်တာဝန်ကျသူများ ကအခမ်း အနား မကျင်း ပ မီ ဝတ် ကောင်း စား လှဖြင့်ဧည့်ခန်း တွင်အိမ်ရှင်များ ကိုယ်စား ဧည့်ခံကြ ရသည်။ နေရာထိုင်ခင်း များ တွင် နေရာ ချထား ပေး ကြသည်။ ဧည့်ရှိုး များ ရှေ့ဆိုလာသူများ ကိုမှ ဧည့်ခန်း အတွင်း ဇိတ်ဆက်ဧည့်ခံ ရေး အဖွဲ့လက်သို့ရွှေ့ပြောင်း ပေး လေသည်။ လက် ဆောင်၊ လက်ဖွဲ့လက်စံ ယူသောအဖွဲ့သည်ငွေ ငွေ ဇိတ်သက် ဖ များ လက်ဖွဲ့ သော ပစ္စည်း နှင့် ဧည့်ရှိုး များ လက်ဖွဲ့ သော ငွေ ရာလက်ဖွဲ့ပစ္စည်း တို့ကိုခွဲခြား ထားကြ လေသည်။ ထိုသို့ခွဲခြား ထား ခြင်း မှာ သတို့ သမီး ၏ ဧည့် ရှိုး များ လက်ဖွဲ့ သော ပစ္စည်း ထက်တန်ဖိုး ပို သော ပစ္စည်း ကိုသတို့ သား ဖ က် မှပြန်၍လက် ဆောင် ပေး နိုင်ရန်ဖြစ်သည်။

မဂ်လာဆောင်နှင့်အိမ်ယာခန်း ပြင်ဆင် ရေး အဖွဲ့သည်အခမ်းအနား မကျင်း ပမီတစ် ရက်ကြိုတင်၍ မင်္ဂလာအတွင်း ပြင်ဆင်မှုများ ပြုလုပ်သည်။ အိပ်ယာ အိပ်ခန်း တွင်လည်း ခေါင်း အုံး ၊ မွေ့ယာ၊ အိပ်ယာခင်း ၊ခြင် ထောင် တို့ ခင်း ကျင်း ခြင်း တို့ကို ဆောင်ရွက် ပေး ကြသည်။ ကျန်တာဝန် ပေး အစိုးရသူ အသီး သီး ကလည်း မိမိတို့ကျရာတာဝန်ကိုမလစ်တင်း အောင် ဆောင်ရွက် ကြ သည်။

ဇိတ်ကြား ထား သောဧည့် ပရိတ်သတ်များ အပုံအ လ င် ရောက်ရှိလာပြီး သတ်မှတ်ထား သောအခမ်း အနား ကျင်း ပချိန်သို့ ရောက်ရှိ သော်ပွဲကြီး ကြိုဆိုမှုအခမ်း အနား အစီအစဉ်ကို ကြေညာသည်။ အခမ်း အနား စတင်လျှင်သတို့သမီး၏မိဘသို့မဟုတ်အုပ်ထိန်းသူကိုယ်စား ဘကြီး ၊ဘ ထွေး တစ် ယောက် ယောက်မှယခုကဲ့သို့ဧည့်ပရိတ်သတ်များ ဇိတ်ကြား ကာအခမ်းအနား ကျင်း ပ ရ ခြင်း မှာမြို့ ........ ကျေး ရွာ / ရပ်ကွက် နေဦး ........ ၏တင့်ငင်း တို့ ၏သား ဖြစ်သူ မောင် ...... နှင့်ဦး ဘော်တို့၏သမီး ဖြစ်သူမ ...... အား လက်ထပ်ထိမ်း မြား ရန်ကမ်း လှမ်း လာပါသည်ကိုလက်ခံသ ဘောတူပြီးဖြစ်၍သမီး အား ယခုကဲ့သို့ချီး မြှောက်အပ်နှင်း ခြင်း ဖြစ် ကြောင်း ၊ သတို့ သား အိမ်ထွင်ရာသက်ပန်သွား ရောက် နေထိုင် တော့မည့်သမီး အတွက်နှင့်ကျန်ရစ် ရုံမည့်အိမ်သူအိမ်သား များ အတွက် ကောင်း ကျိုး ချမ်း သာ ရရန်ဆု တောင် း ပေး စေလို ကြောင်း ကိုသင်း နုတ်ဆ ရာသို့မဟုတ်သင်းထောက်ဆ ရာအား လျှောက် ထား ပန်ကြား သည်။

၅၂တွင်ဦး ဆောင်ဆုတောင်း သူမှ ရှေး ဦး စွာ ၅၂အခမ်း အနား အား ဘုရား သခင်ထံအပ်နှံ ကြောင်း တိုင်တည်ဆုတောင်း သည်။ ၎င်း နောက်အခမ်း အနား ရှင်မှ လျှောက်ထား သည့်လိုလား သည့်အတိုင်း သတို့ သား ၅၂ရာအရပ်သို့ထွက်ခွာ ရ တော့မည့်သတို့ သမီး ၏ ကောင်း စား ရန်နှင့်ကျန်အိမ်သူအိမ်သား တို့ကျန်း မာချမ်း သာ စေရန်ဆု တောင်း ပေး ကာ ၎င်း ဆု တောင်း ခြင်း နှင့်သက်ဆိုင် သော ဓမ္မသီချင်း တပုဒ်ကိုပရိ တ် သတ်အား လုံး ဝိုင်း ဝန်း သီဆိုကြသည်။

၎င်း နောက်သတို့ သမီး အပ်နှင်း ပွဲအခမ်း အနားနှင့် ပတ်သက် သော ကျမ်း စာတပုဒ်ကိုလည်း ဦး ဆောင်သူမှ ဖတ်ကြား သည်။ ၎င်း နောက်၅၂အိမ်မှထွက်ခွာပြီး အိမ် ထောင်ပြု တော့မည့်သတို့ သမီးအား ယောက္ခမ အသိုင်း အဝိုင်း အတွင်း မည်ကဲ့သို့ပြုမူကျင့်ကြံ နေထိုင် ရမည်၊ မိမိကိုယ်ကိုမိမိမည်သို့နှိမ့်ချ ကာ ဆက်ဆံ ရမည်၊ ပတ်ဝန်း ကျင်အသစ်၌ မည်ကဲ့သို့ ပေါင်း သင်း ရမည်၊ ခင်ပွန်း သည်အ ပေါ် မယား ဝတ္တရား ကျေပွန် အောင်မည်ကဲ့သို့ ဆောင်ရွက် ရမည်တို့ကိုသွန်သင်ဆုံး မသည်။

၎င်း နောက်အဆုံး သတ်သီ ချင်း တပုဒ်ကိုဝိုင်း ဝန်း သီဆို ကြသည်။ ၎င်း နောက်ဘုန်း တော်ကြီး သို့မဟုတ်သင်း အုပ်ဆရာဆိုပါက ၎င်း ၏ လက်နှစ် ဖက်ကို ရှေ့သို့ဆန့်ထုတ်ကာ "သတို့ သမီး သည်လည်း ကောင်း ၊ ကျန်ရစ် ခဲ့မည့်မိသား စုသည်လည်း ကောင်း ၊ ကြွရောက်လာကြ သော ဆွေမျိုး မိတ်သင်္ဂဟ အား လုံး သည်လည်း ကောင်း ဘုရား သခင်၏ဆက်သွယ်မှု၊ တည်ငြိမှု၊ ဆက်ဆံ မှုကောင်း ချီး မင်္ဂလာကိုရရှိနိုင်ကြပါစေ သော်ဝ်" ဟု ကောင်း ချီး ပေး လေသည်။ (သင်း ထောက်ဆရာဆိုပါကထိုသို့ကောင်း ချီး ပေး ၍မရပေ။ )

၎င်း နောက်ပွဲကြီး ကြပ်သူမှ ၅၂ နေ့၅၂ ရက်၅၂အချိန်တွင်၅၂ အခမ်း အနား သို့ ရောက်ရှိလာကြ သော ရပ် ဝေး ရပ် နီး ပရိသတ်တို့အိမ် ရှင် များ မှ စေတနာထက်သန်စွာ ချက်ပြုတ် ကျွေး မွေး သော အစား အသော က် များ ကို ကောင်း သည်ဖြစ် စေ၊ မ ကောင်း သည်ဖြစ် စေသုံး ဆောင်ပြီး မှ သာပြန်ကြရန် မေတ္တာ ရပ်ခံ ကြောင်း ပြောကြား သည်။ ထို့နောက်ဦးဆောင် သူမှ "ဘုရား သခင်၏အကျိုး ကျေး ဇူး တော် ကြောင့်ရရှိ သော ၅၂အစား အစာ တို့သည်ဝိညာဉ် တော်ခွန်အား ရရှိ ရေး အထွက်လိုအပ် သော အစား အစာဖြစ် ပါစေ" ဟုအစား အ သောက်သုံး ဆောင်ရန်ဆု တောင်း ပေး သည်။

အထက်ပါအတိုင်း ဆု တောင်း သမှုပြုပြီး ပါကကြွ ရောက် လာ သော ဧည့်ပရိတ်သတ်များ ကို ကျေး ရွာလူငယ်များ မှ အသင့်ချက်ပြုတ်ထား သော ထမင်း ဟင်း လျာများ ကို ကျွေး မွေး ဧည့်ခံသည်။ ထို နေ့ဖွင့် ကျွေး မွေး ဧည့် ခံ သောဟင်း လျာသည်သတို့ သား ဖက်မှကွမ်း ဘိုး တင် သောကျွဲသို့မဟုတ်နွား သို့မဟုတ်ဝက်ကို ပေါ်ကာ ချက်ပြုတ်ထား သော ထမင်း လျာဖြစ်သည်။ ကြွယ်ဝ မှု ကိုလိုက်၍အခြား ဟင်း လျာများ လည်း ပါရှိတတ်သည်။ ထိုကဲ့သို့တည်ခင်း ကျွေး မွေး ပြီး နောက်အခမ်း အနား ကိုအဆုံး သတ်ကာကူညီသူအား လုံး အား သင့်

တင့်သော ငွေကြေး ဖြင့်တုန့်ပြန်ကြသည်ကို တွေ့ရသည်။ ထိုသို့သတို့ သမီး သည် နောက် တစ်နေ့တွင် လက်ထပ်ထိမ်းမြား ရန်သတို့သား ရှိရာသို့လိုက်ပါသွား ရသည်။

ရှန်မောတို့၏သတို့ သမီး အစ်နှင်း မှဲ့အစမ်းအနား ကိုဖြစ်၍ လေ့လာ သော် ယခုခေတ်အင်ဂျန်ဒုံ ကျေး ရွာအင်ကျင်း ပမုံးသည် ရွှေ ယခင် ခေတ်နတ်ကိုး ကွယ်စဉ်ကာလမှသတိုးသမီး အစ်နှင်း ရဲ့ ကျင်းပမှုနှင့်ယှဉ်ပြီး ခြားနား သော်လည်း သဘောတရားမှာအတူတူ ပင်ဖြစ် ကြောင်း တွေ့ရသည်။ ရှေးယခင် ခေတ်က ကလေး မွေးဖွား လျှင် မွေး ဖွား ခြင်း နတ်တို့တစ်စုံတစ် ရာ နှောင့်ယှက်ခြင်း မပြုစေကြည့် ရှုစောင့်မရန်အလို့ငှာ ဓမ်း ကလေး မွေး ဖွား လာ မိကငှင်း အား တစ်စုံတစ် ယောက်ကနှစ်ဆက်ဖြတ်ရှိုး ၍ထွက်ဘိုး တင် တောင်း လာ သော အစေါမလာ မဆုံး တင် သောကွမ်းဘိုး မှတ်ဖြင့်မူ ဇော် ပါမည်ဟုဂတိပြုသည့်အတိုင်း နတ်တို့ကိုလဲဖြင့်မူ ဇော်က သတိုးသမီးအား သတိုး သား ဖက်မှကြိုဆိုသူများ သို့အစ်နှင်း ခြင်း ဖြစ်သည်။ ယခုခေတ် အင်ဂျန်ခုံ ကျေး ရွာရှင်မူနတ်တို့ကိုမ မူ ဇော် တော့ သော်လည်း ဘုရား သခင်အားအတိုင် တည်ပြီးသတိုး သား ဖက်သို့အစ်နှင်း ခြင်း ကိုအစဉ်အလာ မပျက်ကြိုး ကျယ်ရာကျင်း ပကြ သည်ကိုလေ့လာ တွေ့ရှိရသည်။

(ဃ)(၃)လက်ထပ်မင်္ဂလာအစမ်း အနား ကျင်း ပခြင်း

လက်ထပ်မင်္ဂလာပွဲသို့နှစ်ဖက် ဆွေ ရစ် ဝေး ရစ်နီး ဆွေမျိုး မိတ်သင်္ဂဟ များကိုဖိတ်ကြား ကြသည်။ စာ မပေါ်ပှ မရှိ သေး သည့် ရှေး ယခင်က တောင် ပေါ် ဒေသ များတွင်မက် ရွက် ရှည်သို့မဟုတ်နှံး ကြိုး ကိုထုံး ကာ ရစ် ဝေး မှ ဆွေ မျိုး မိတ် ဆွေတို့ကိုဖိတ် ကြားကြသည်။ ဥပမာ- ၁၀- ရက်လို သေး မိကာ ၁၀ထုံး ထုံး ၍ ပို့သည်။ သွား ရောက်ပို့ ဆောင်သူကလမ်း ရှင်တစ်ညအိပ် ရမိကာတစ်ထုံး ကိုဖြတ် မစ် ရသည်။ ဖိတ်ကြား ခံ ရသူတို့က ကလည်းကြိုးထုံး ကိုတစ် ရက်တစ်ထုံး ဖြတ်ကာ စောင့်မျှော် ရင်း မင်္ဂလာ ရက်အမီလာကြ သည်။ အများ အား ဖြင့်ငှင်း ကြိုး ထုံး သို့မဟုတ်နှံး ထုံး ကိုအိမ် ရှင်မများ ကမီးဖိုခ ရဲ တွင်ထိုးစိုက်ထား တတ်သည်။ နံနက်မိုး လင်း ၍ ချက်ပြုတ် ရန်မီး မှုတ်သို့ဝင်သည်နှင့်အထုံး တစ်ထုံးကိုမမေ့မလျော့ဖြတ်ကာ မင်္ဂလာ ပွဲအမီသွား ရန်စီစဉ်တတ်သည်။ တစ်ရွာအတွင်း ချင်းကိုမူ နှုတ်ဖြင့်ဖိတ်ကြား ကြသည်။

ရှေးခေတ် တောင် ပေါ် ဒေသရှင် မင်္ဂလာမဖွစ်ဟု၍သီး သန့်စီစဉ်တည် ဆောက်ကြခြင်းမရှိပေ။ နေအိမ်သည် ရှည်လျား သည်ဖြစ် ရာ ငှင်း အိမ်အရှင်း ၌ပင် မင်္ဂလာအခမ်းအနား ကိုကျင်း ပကြသည်။ မင်္ဂလာ ရက်ရှင် လှေကား တစ်စင်း တိုး ၍တပ်ဆင်ထား သည်။ သစ်သား ခုံအနိမ့်များ ကိုလည်း အလုံး ၂၀- ၂၅ ခန့်ထစ်တိုး ပြု လုပ်ထား သည်။ အဓိကအား ဖြင့်မင်္ဂလာအစမ်း အနား နှင့်ဆိုင် သော ရိုး ရာ နတ် များပူဇော် ရေး အရှက်နတ်စင်များ နှင့်ယဇ် ကောင်များ ကိုအသင့်ပြင်ဆင်ထား ရသည်။ ယောဂျမနတ်စင်အတွက် ကျွဲနှစ် ကောင်၊ ဂျန်ထုံနတ်စင်အတွက်ဝက်သုံး ကောင် အပြင်ဦးလေး အဒေါ်များနှင့်ဆိုင် သောနတ်၊ သတိုး သမီး ပို့သော နတ်နှင့်မင်္ဂလာ နတ်စသည်တို့အတွက်လည်း နတ်အ ဟောရွက်သည့်အတိုင်း လိုအပ် သော ယဇ် ကောင်များကို အသင့်ပြင်ဆင်ထား ရသည်။ ငှင်း ယဇ် ကောင်များကိုနတ် ဟောအ ရသတ်မှတ်ထား သောလူတို့ကသတ်ဖြတ် ရသည်။ မင်္ဂလာဟင်း များအဖြစ် ငှင်းကျွဲ၊နွား ၊ ဝက်သား တို့ ကိုပင်အသုံး ပြုကြသည်။



သတို့သားအိမ်သို့ရောက်လာသောသတို့သမီးအားသတို့သားက တောင

စဉ်ဖက်ခွက်ဖြင့်အမောပြေ ရေတိုက်စဉ်။



သတို့သမီးကလည်း တဖန် ရေတိုက်စဉ်။

မင်္ဂလာနေ့ရက်မှ၌ အင်ဒေါ်[၁] ဟုခေါ်သော အိမ်အနောက် ဖက်တွင် တစ်ကျင်း နှင့်တစ်ကျင်း နှစ်ပေခွဲခန့်ခွာ၍ ၇-ကျင်း တူးထား ရသည်။ တစ်ကျင်း စီသည်သုံး ပေပတ်လည်ခန့်နှင့်အနက်တစ် တောင်ခန့်ရှိရသ ည်။ ၎င်းကျင်း များ ထဲမှ၌ထင်းစိမ်း ခေါ်လူတစ်ရပ်ခန့်ရှိ ကိုင်းမင်များ ကိုစိုက် ထူ ထား ရသည်။ ထို့နောက်၎င်းကျင်း ၇-ကျင်း၌ တစ်ကျင်းစီ မှင်လျှံ၊ နွား ၊ ဝက်၊ ကြက်တစ် ကောင်စီကိုချည် နှောင်ပြီး အဆင်သင့်ထား ရသည်။

ထိုသို့သတို့ သား အိမ်မှ၌အသင့်ဖြစ် နေပြီဆိုလျှင်သတို့သမီးနှင့် အဖွဲ့အား တည်းခိုရာအိမ် မှသတို့ သား အိမ်သို့ခေါ် ဆောင်လာ ရသည်။ ထိုသို့သတို့ သမီး အား ခေါ် ဆောင်လာသည့်အခါတည်း က သောအိမ်ရှင်နှင့်လိုက်ပို့သော ဆွေမျိုး တို့အား မောင်း ၊ တောင်ရှည်ပုဆိုး စသော မနှည်း များ ကိုလက်ဆောင် အဖြစ်ပေး စေ့ရသည်။ သတို့ သား အိမ်သို့ ရောက်သော အခါလိုက် ပို့သောလူကြီး များ နှင့်သမီး ရှင် ယောက္ခမမျိုး တို့ကသတို့ သားဖက်သို့အရက်ပုလင်း တစ်လုံး ၊ နွားဖား ကြီး တစ် ကောင်ကို ပေး အပ် ရသည်။ ကြွေးဆိုနေ သောသား ဖက်မျိုး ဖက်မှလည်း မောင်နှံအသစ်အမှတ်ရည်ရွယ်ကာ ဝက် ပေါင်တစ် ချောင်း ( အမြီး ပါပါရသည် ) နှင့်ကောက်ညှင်း ပေါင်း ပလိုင်းတစ်လုံး ကို ယောက္ခမမျိုး ဖက်သို့ ပေး အပ်ရသည် ။ ၎င်း ကောက်ညှင်း ပလိုင်းထဲ၌ကြက်သား ပေါင်း ၊ အရက်၊ ခေါင်ရည်၊ ကြက်၊ ငွေ ကြေး စသည်တို့ ပါဝင်ရသည်။

သတို့ သား အိမ် ရှေ့သို့ရောက်လာ သောသတို့သမီး သည်အိမ်ရှေ့ တွင်အသင့်ခင်း ထား သော နှီး ဖျာကြီး ကိုအသင့်ပါလာ သော ဓားလှံရှည်ကြီး ဖြင့်မြေကြီး ဖြတ်စီး သွား အောင်ထိုး ဆုတ် ရသည်။ ထိုသို့ပြု ခြင်း မှာသတို့ သား အား ရည် ရွယ်ချက်ကိုသိရှိရန်ဖြစ်သည်။ ထိုစီး ဖြတ်ခြင်း ပြီး စီး ပါကသတို့ သမီး ထိုး ဆုတ်ပြီးထား သော နှီး ဖျာကိုသတို့ သား က အလှ ပသုံး ၊ အ ကောင်း မှန်ဆုံး အကောင်း မကတီနှင့်မခြား အောင်ဖြန့် ရက် ရသည်။ လူငယ်ချင်း မေတ္တာ မျှ ၍ လက်ထပ် ရသည့်သတို့ သမီး တို့က အများ အား ဖြင့်ဝတ် ကျောနီး ကျေ ၃-၄ ချက် မျှသာထိုး မောက်စတော့ကြ သော်လည်း မေတ္တာ မမျှ ပဲ မိဘ သဘောတူညီမှုကြောင့်သာ လက်ထပ် ရ သော သတို့ သမီး တို့ကမှု များ စစ်ချိတ်ဆုတ်ပြီးသွား အောင်အချက် ပေါင်း များ ၅၀ ထိုး ဆုတ် မစ်တော့သည်။

၎င်း နောက်အသင့်ပြင်ထား သော နေရာမှထိုင်ရသည် ။ ဦးမှင်ဂေါင်း ရင်း ကာလသား ရွှေသမီး ရှိတို့ကသတို့ သား နှင့်သတို့ သမီး တို့အား စနောက်ခြင်း တို့ကိုပြုကြသည်။ သတို့ သား နှင့်သတို့ သမီး တို့ထိုင်ရန်ထိုင်ခုံ များ ကိုသိမ်း ဆည်း ထား ကြပြီး အဖိုး အခ တောင်း ကြသည်။ ကျေနပ်သော အဖိုး အခကိုရမှသာထိုင်ခုံများ ကိုပြန်ချပေး ကြသည်။ ၎င်း နောက်သတို့ သား နှင့် သတို့ သမီး တို့ဖက်မှမိဘ ဆွေမျိုး တို့သည်မျက်နှာချင်း ဆိုင်ကာစား ပွဲ ထိုင်ရသည်။ ဦးမှင်နတ်ဆရာကအသင့်ပြင်ဆင်ထား သောယဇ် ကောင်များ ကိုသတ်၍သက်ဆိုင်ရာ နတ်အသီး သီး ကိုပူဇော်ပသရ သည်။

---

၁။ Ndaw



သတို့သားက သတို့သမီးအား ဇနီးမယားအဖြစ် အသိအမှတ်ပြုသည့်အနေဖြင့် ငွေလွယ်အိတ်
နှင့်ဓါးလွယ်ကို သိုင်းလွယ်ပေးနေပုံ



နတ်ဆရာ၏ ဩဝါဒကိုခံယူရန် အသင့်ရှိနေကြပုံ



နတ်ဆရာမှသတိုးသမီးနှင့်ပတ်

သက်၍နတ်တို့ကိုရှုတ်ဖတ်ပူဇော်နေပုံ



သတိုးသမီးဖက်မှ ဆွေမျိုးများက သတိုးသားအိမ်ရှေ့တွင် နေရာယူနေပုံ

ထို့နောက်သတိုးသမီး ဖက်မှလူကြီး တစ်ဦး ဦး ကသတိုးသမီး အားမိမိနှင့်ပေါင်းစပ်ရမည့် ယောက်ျားမနှင့်လင်သား တို့အပေါ်ရှောင်ငှင်း၊ အလုပ်အကိုင်တွင်ငှင်း၊ ရှိရှိသေသေ ကြီး ကြီး စား စား ရသက်မန် နေထိုင်လုပ်ကိုင်သွား ရန်ဆုံးမစကား ပြောကြား သည်။

ထို့နောက်သတိုးသား ဖက်မှအသက်အရွယ်ကြီး သောအမျိုး သမီး တစ်ဦး က သတိုး သမီး ကိုလက်ဆွဲကာအိမ် ရှေ့ ရှင်အသင့်ပြုလုပ်ထား သောထွက်မန် တိုင်း မင်များ ကြား သစ်တုံး ပေါ် မှဖြတ် လျှောက် စေသည်။ သတိုး သမီး ၏ နောက် တွင်သတိုး သမီး ၏ အရံ့ရံ ပါဝင် ရသည်။ သတိုး သမီး ဖြတ် လျှောက်လာသည် နှင့်တပြိုင် နက်ထွက်မန်ကိုင်း မင်များ ကိုရိုက်ထုထား ရာကျင်း တို့မှယဇ် ကောင်တို့၏လည် မင်း ထိပ်း နှင့် (ကြိုတင်သတ် မှတ်ထား သူ) တအား ဖိုင်း ဖြတ်ကာကိုင်း မင်ရင်းသို့ရှေး များ ပက်ဖြန်း ပေး ရသည်။ ထိုနည်း တူဒုတိယကျင်း သို့ ရောက် သောအခါယဇ်ကောင် ၏လည်ကိုဖြတ် ရသည်။ ဤနည်း ဖြင့်ကျင်း ရ-ကျင်း စလုံး မှယဇ် ကောင်တို့တိုတချိန် တည်း လိုလိုရှင်လည်မင်း ကို ဓါး နှင့်ခုတ်ဖြတ်၍ယဇ်ပူ ဇော်သည်။ ထိုသို့ကိုင်း ပ င်များ ကိုဖြတ် ကျော် ရခြင်း မှာ တဆွာ ဦး တာလကလူတ ဖိုဝ်နတ်တ ဖိုင်းမင်း ကြီးနှင်ဂေါ်နဝ်ါ မဂ ဝ်တအမျိုးအ ဟောတ်နဲ့ဆိုး လူ သော နဂါး မကိုမ မေခြင်း သင်း မိထို ထွက်မန်ကိုင်း ပင်ကြား ထဲသို့ တိုး ဝင် စေခြင်း ဖြင့်အနံ့အသက်ကင်း အောင်ပြုစဲ့သည့်အတိုင်း ပြု လုပ်ကြခြင်း ဖြစ်သည်။ သန့်ရှင်း စင်ကြယ် သောအမျိုး သမီး ဖြစ်သွား ရန် ရည်ရွယ် ခြင်း ဖြစ်သည်။ ထို့ပြင်ယဇ် ကောင်တို့ကိုလည်ဖြတ်၍သတ်ခြင်း မှာ အကယ်၍သတိုးသမီး တွင်မ ကောင်း ဆိုး ဝါး ကောင်များ ပါလာပါကသတိုး သား အိမ် ပေါ်သို့မတက် မီ ထိုနေရာတွင်ပင်ထွက်တန်း ဝင် စေပြီး သတိုး သမီး ရှင်အနှောက်အယှက်ကင်း သွား စေရန်နတ်တို့ကိုယဇ် ကောင်တို့၏ အသက်အသွေး ဖြင့်ပူ ဇော် ပသအကူအညီ တောင်း လိုက်ခြင်းပင်ဖြစ်သည်။

ထို့သို့သတိုး သမီး တကိုင်း ပင်များ ကိုဖြတ်သန်း စဉ်ရှင်ယဇ် ကောင်တို့၏လည်ပင်း ကို ဓါး ဖြင့်ဖိုင်း ဖြတ် ရသကဲ့သို့တချိန်တည်း မှာ မင်သတိုးသမီး နောက်ရှင် ပါလာ သောအရံ့ရံတစ်ဦး ကကြက်အရှင်လက်လက်၏လည်ပင်း ထိုလက်ဖြင့် လိမ်၍ဖြတ် ရသည်။ ထိုအချိန်ရှင်သမီး ရှင်မှကွမ်း ဘိုး များ ပေးဆပ် ရသည်။ သတိုး သမီး ကိုင်း မင်များ ကြား တိုး ဝေ့ဖြတ်သန်း လာစဉ်ယဇ် ကောင်၏လည်ပင်း ကို ဖြတ်ရာ၌ တစ်ချက်ခုတ်၍ဖြတ် သေသွား ရှင်ဖက်သို့ဓါး တစ်လက် ပေး ရသည်။ နှစ် ချက်ခုတ်၍ဖြတ်ရ သေ၍ ဓါး နှစ်လက် ပေး ရ သည်။ ဤနည်း ဖြင့်သုံး ချက်သုံး လက် ၊ ၄-ချက် ၄-လက်သား မက်ရှိုး မက်သို့ပေး ရသည်။ ထိုနည်း တူအရံ့ရံကကြက်လည်မင်း ထိုလိမ်ဖြတ် ရာရှင်လည်း လက်ဖြင့်ဖြတ် အောင်မတတ်နိုင်ခဲ့ သော် ဓါးမြှောင်ဖြင့်လှီး ဖြတ်ပါက ဓါးမြှောင်သို့မဟုတ်အမိုး အခကို ပေး ရသည်။

သတိုး သမီး သည်ထိုသို့ကိုင်း မင်များ ကိုဖြတ် လျှောက်ကာ မဂ် လာဆီဝ်၏တံစက်မြိတ်အ ရောက်ရှင်သတိုး သား ၏ မိခင်ကဥဝစ် နေ သောကြက်မတ ကောင်ကိုသတိုး သမီး ခေါင်း ပေါ်ရှင်တင် ပေး လိုက်သည်။ ခေါင်း ပေါ်ရှင်ကြက် မတင်လျှက်သတိုးသမီး သည်မဂ်လာလှေခါးရင်းသို့ လျှောက်လာ ရသည်။ ၎င်းကြက်မကို ဤည့်၍အ ကောင်း အဆိုး အတိတ်နမိတ်အမျိုး မျိုး ကောက်ကြသည်။



သတိုးသမီးနှင့်နောက်လိုက်များကကိုင်းပင်များကြားဖြတ်လျှောက်ရန်အသင့်ပြင်နေပုံ



သတိုးသမီးနှင့်နောက်လိုက်များက ကိုင်းပင်များကြားဖြတ်လျှောက်နေပုံ





သတိုးသမီးဖြတ်လျှောက်လာစဉ် ကျွင်းအသီးသီး၌ ယဇ်ကောင်တို့ကိုလည်ပင်း

ဖြတ်၍သက်ဆိုင်ရာနတ်အသီးသီးကိုပူဇော်ပုံ





ဥဝပ်နေသောကြက်မကိုအတိတ်
နိမိတ်ကောက်ရန်သတိုးသမီး
ခေါင်းပေါ်တင်ထားပုံ

(၁) ကြက်မသည် ခေါင်း ပေါ်ဆွင်ကြွကြွဝစ်နေပါက ကောင်းသောနမိတ် ဖြစ်သည်။
(၂) ကြက်မသည် ခေါင်း ပေါ်မှမိမိ၏အသိုက်အမြဲသို့ပြန်သွား ပါကလည်း ကောင်း သောနမိတ်ဖြစ်သည်။
(၃) ကြက်မသည်သတိုး သမီး ၏ညာဘက်အရစ်သို့ဆင်း ရုန်းသွား ပါကလည်းကောင်းသည်။
(၄) အိမ်အောက်သို့ဝင်သွား ပါကလည်း ကောင်း သည်။
(၅) ခြံဝင်း အပြင်ဖက်သို့ပျံထွက်သွား ခဲ့သော ဆိုး သောနမိတ်ဖြစ်သည်။

၎င်း နောက်သတိုး သမီး သည်လိုက်ပါလာသူအရွယ်နှင့်အတူမင်္ဂလာ အိမ်ပေါ်သို့တက်ရန်အလာတွင် လှေခါး ရင်း၌သတိုး သား ၏မိခင်ကအနှာမှုတ် ကျိုး တိုသတိုး သမီး ၏လည်ပင်း၌ဆွဲ၍ပေး ကာအိမ် ပေါ်သို့ခေါ်လာသည်။ လှေခါး ထိပ်ဝင်ခါး ပေါက်ဝရှင်အသင့်စောင့်နေကြသော ကာလသား မျိုးသမီး များ က ဆုကြေးသို့မဟုတ် ကာလသား ကြေး ကိုအမျှော်သဘောဖြင့်တောင်းခံကာအပေါက် ဝကိုပိတ်ဆို့ ထား ကြသည်။ သတိုး သား မှသင့်တင့်သောအဖိုး အခ ပေး မှသာဖြတ် သန်း ဝင် ရောက်ခွင့်ရသည်။ ထို့နောက်အထူး ပြင်ဆင်ထား သောအခန်း တစ်ခု တွင်သတိုး သမီး နှင့်အဖိုးအိုတို့အား နေရာချထား ပေး ၍ဧည့်ပရိတ်သတ်များ အား အကျွေး အမွေး ဖြင့်ဧည့်ခံသည်။ အကျွေး အမွေး ကုန်ကျစရိတ်အား လုံး ကိုသတိုးသား ဖက်မှပင်ကာဝန်ယူရသည်။ ယနေ့မှ ဖော်ပြသတ်ဖြတ်ထား သောကြက်၊ ငှက်၊ ဝက် ၊ ကြက်တို့ကို ဒေသထွက်ဟင်း သီး ဟင်း ရွက်များ နှင့် ရောနှော ချက်ပြုတ်ကာမက်မျှ ဖြင့်ထုတ်၍ ကျွေး မွေး ကြသည်။

ထိုအချိန်အထိသတိုး သား သည်သတိုး သမီး အနား ချင်မနေရသေး ပေ။ သတိုး သား သည်အိမ်ရှေ့အိမ်ဖြင့် ဧည့်ပရိတ်သတ်များ တိုကိုယ်တိုင်လိုက်လံ၍ ဧည့်ခံ ကျွေး မွေး သည်။

ညနေပိုင်း ရောက်မှသတိုး သား နှင့်သတိုး သမီး နီး နီး ကပ်ကပ် တွေ့ခွင့်ရလေသည်။ ညနေ ၄-၅ နာရီခန့်တွင်သတိုး သမီး သည်အခန်း အပြင်သို့ ထွက်ကာမည့်ဆံပင်မီး ဖိုထွင်မီး မွှေး ရသည်။ မီး မွှေး ပြီး နောက်သတိုး သား နှင့် အတူရေတိုင်သို့သွား ၍ ဝါး ကျည် တောက်များ ဖြင့် ရေသယ်ရသည်။ ထိုသို့ ရေခပ်အသွား တွင်သတိုး သမီး နှင့်သတိုး သား အား အပေါင်း အသင်း ရောင်း ရင်း တို့က ဝိုင်း ၍ ကျီစယ်ကြသည်။ ရေခပ်ရာမှပြန် ရောက်လာလျှင်သတိုး သမီး အိမ်မှယူဆောင်လာ သောဆန်၊ အသား ခြောက်၊ ငါး ခြောက်တို့ဖြင့်သတိုး သား နှင့်သတိုး သမီး ကို ထိုင်ဆန်ပြုတ်ပြုတ် ရသည်။ ထို့နောက်နှစ်ဖက်သော ဆွေမျိုး များ နှင့်ဧည့်ပရိတ်သတ် များ အား ဆန်ပြုတ်ဖြင့် ဧည့်ခံ ကျွေး မွေး ရင်း လိုက်လံမိတ်ဆက်ကြသည်။ ဆွေမျိုး စပ် ကြသည်။ မင်္ဂလာဆန်ပြုတ်အည့်ဝေ ကျွေး ရန် ဝါး ကျည် တောက် များ ကိုယူ သောအခါ မှင်လည်း နောက် ပြောင် မှုများ ကို တွေ့ရသည်။ ကာလသား ပျိုသမီး ပျိုတို့သည်အဆင့် ခိုတ်ပိုထား သော ဝါးကျည် တောက်တို့ကိုအသုံး ပြုလို ချိန်တွင်မ ပေး ကြ၍သတိုး သား နှင့် သတိုး သမီး အမှလက် ဆောင်များ ကို တောင်း ခံကြသည်။ သတိုး သား နှင့်သတိုး သမီး တို့ကလည်း နီး ဖြင့် ရက်လှ စ်ထား သော ခါးပတ်ကြိုး ၊များ အစ္စလုံး တွင်ဖွတ်သည့်ကြိမ်ကွင်း များ ကို ပေး ရသည်။ ထိုအခါမှဝါးကျည် တောက်တို့ကိုယူခွင့်ပြုကြသည်။



သတိုးသမီးမှ ဧည့်ပရိသတ်တို့ကိုကွမ်း

ယာဖြင့်ဧည့်ခံနေပုံ



သတိုးသားဖက်မှ ကလေးငယ်တို့ကလည်းသတိုသမီးကိုကွမ်းယာဖြင့် ဧည့်ခံနေပုံ

ဧည့်ပရိတ်သတ်များ က ဇနီး မောင်နှံတို့ ကျွေးမွေးသော ဆန်ပြုတ်များကိုသုံးဆောင်ကြရင်း ဇနီး မောင်နှံကျန်းမာချမ်းသာစေကြောင်း သားသမီးရတနာ မြောက်များ ရှာမွန်းကား စေကြောင်း ဆုတောင်း မေတ္တာပို့ကြသည်။ ထို့ပြင်ယင်းပွဲစော်အား သောအသား များကိုပြုတ်၍လည်းကောင်း၊ ပေါင်း၍လည်း ကောင်း ၊ ခေါင်ရည်၊အရက် တို့ဖြင့်ဧည့်ပရိတ်သတ်ကိုဧည့်ခံသေး သည်။

မောင်နှံစုံအားဆုံးမခြင်းနှင့်ရိုးရာဓလေ့များအား တိုင်တည်ခြင်း ကိုညပိုင်း တွင်ကျင်း ပကြသည်။ သတို့သားနှင့်သတို့သမီး တို့သည် ဒူဝါ မျိုးဖြစ်ပါက မဒိုင်နတ်စင် ရှေ့တွင်လည်းကောင်း၊ သာမန်လူတန်းစားဖြစ် ပါက အိမ် တွင်းနတ်စင် ရှေ့တွင်လည်းကောင်း၊ အတူယှဉ်တွဲထိုင် စေ၍သတို့သမီးဖက်မှ ယူလာ သောပစ္စည်း များ ကိုရှေ့တွင် ချထားရသည်။ နတ် ဟောဆရာကတရုတ် ပိုးဝတ် လုံ ရှည်ကိုဝတ်ဆင်ပြီး အခန်း ၏ ဆိပ်ဘက်ကြိမ်ဆိုး နံ့ ပေါ်တွင် ဖက်ဖျာခင်း၍ထိုင် သည်။ ကျား ဖိုး တစ်အား သော ခါး လွယ်ရှည်ကိုလွယ်ပြီး ၊ ဝက်ရှယ်၊ ငှက် မွေးမျိုး စုံတို့ ထိုးစိုက်ထား သော ဦး ထုပ်ကြီး ကို ဆောင်း ထား သည်။ သတို့ သား၊ သတို့ သမီး နှင့်အပျိုရံ၊ လူပျိုရံတို့မှာလည်း ရိုး ရာ ဝတ်စုံကိုအပြည့်ဝတ်ဆင်ထားရသည်။ သတို့ သား ၊ သတို့ သမီး နှင့်ပရိတ်သတ်လူကြီး လူငယ်အား လုံး တို့နေရာအစည် တကျဖြစ်သည့်အခါနတ် ဟောဆရာကမင်္ဂလာတရား ကိုစတင် ဟောကြား သည်။

ထိုမင်္ဂလာစကား တွင်သတို့ သမီး ဖြစ်သူအား ဆုံး မ ဩဝါဒ ပေး ခြင်း များ ကို ပုံပြင်များ ဖြင့်နှိုင်း ယှဉ်ကာ ဟော ပြောသည်။ ၎င်း ဟော ပြောခြင်း ကိုဂျိန်ဖော့ဘာသာစကား ဖြင့် <u>လညီညီ</u> ဟု ခေါ်သည်။[၁] နတ် ဟောဆရာ ဟော ပြောသည့်များ မှာကမ္ဘာ လောကကြီး ပေါ်ပေါက်လာပုံ၊ ကမ္ဘာ ပေါ်တွင်လူသတ္တဝါများ ပေါ် ပေါက်လာပုံ၊ ကျား ၊ မဟုတ်ကွဲပြား လာပုံ၊ လူတပိုင်း နတ်တပိုင်း မင်း ကြီး နင် ဂေါ်နီဝါမဂမ်နှင့်နဂါး မတို့လက်ထပ် ပေါင်း သင်း ကြ ပုံ၊ နဂါး မ၏အညီအစ် ဟောက်အနံ့အသက်ဆိုး များ ပျောက်ကင်း သွား စေရန် ကွမ်ဖန်ကိုင်း ပင်များအကြံဉာဏ်ဖြစ်တန်း ရပုံ၊ ၎င်း နောက်ပိုင်း တွင်လူဟူသည့် သတ္တဝါများ စတင်မင်္ဂလာ ဆောင်ကြပုံ၊ ယောကျ်ား နှင့်မိန်း မတို့ နေထိုင်ပေါင်း သင်း ၍သား သမီး များ ပွါး များ လာပုံ၊ မည့်သို့မည်ပုံ ဆောင်ရွက်ပါက ဆွေ မျိုးမိတ်သင်္ဂဟ ပေါ်များ လာမည်ဖြစ်ပုံ၊ မည်သို့မည်ပုံ ဆောင်ရွက်ပါက ရွှေ၊ ငွေ ရတနာ၊ ဥစ္စာဓနပစ္စည်း ကြွယ်ဝလာမည်ဖြစ်ပုံ၊ နတ် ကောင်း နတ်မြတ်တို့ကလည်း မည်သို့မည် ပုံကျင့်ကြံ နေထိုင်ပါကအိမ် ထောင်သစ်ကိုသာယာ ဖြောင့်ဖြူး မှုအတွက်ကူညီ ဆောင်ရွက်ကြမည်ဖြစ်ပုံတို့နှင့်လူ နေမှုစနစ်တို့ကိုသွန်သင်ဆုံးမ ပြောဆို ကာ မည့်ဝတ္တရား တို့ကို လည်း ကောင်း ၊ လင့်ဝတ္တရား တို့ကိုလည်း ကောင်းပြည့်ပြည့် စုံစုံ စီကာ ပတ်ကုံး ဟော ပြောသွန်သင်သည်။

၎င်း နောက်နတ်ဆရာက မောင်နှံစုံအား နတ်များ နှင့်မိတ်ဆက်ပေး သည်။ ထို့နောက်ဤအမျိုး အနွယ်၏အမိအဖမတို့၏ဘယ်နှစ် ယောက်

---

၁။ Lanyi nyi

မြောက်သား ဖြစ်သူ၏ အမည်ရှိ သော လုလင်နှင့် ၎င်း၏ မည်သော အမျိုး အနွယ်၏ အမိ၏ အဖတို့၏ ဘယ်နှစ်ယောက် မြောက်သမီး ဖြစ်သူ၏ မည်သော လုံမတို့သည်မှာ နေ့၏ ရက်မှ စ၍ အကြင်လင်မယား ဖြစ်ကြပြီး ဖြစ်ကြောင်း နက်တုံ့ထဲတွင် စာရင်း ပေး တိုင်ကြားသည်။ ထို့ပြင် ၎င်းလုလင်သည် မယား ရှိလင်ဖြစ်ကာ ၎င်းလုံမသည် လင်ရှိမယား ဖြစ်သွားကြပြီး ဖြစ်၍ ၎င်းတို့၏ အိမ်ထောင်ရေး သက်တမ်း တလျှောက်တွင် ဖောက်လွှဲဖောက်ပြန် စိတ်များ ဝင်မလာကြစေရန် အတွက် ကူညီစောင့်ရှောက် ပါရန်လည်း တောင်းဆိုလိုက်သည်။

၎င်း လည်းညီ ဟုခေါ်သော ဆုံးမဩဝါဒ မင်္ဂလာတရား ကိုတညလုံး နှိုး နှိုး ဟော ပြောပြီး ချိန်တွင်သတို့ သမီး ကိုသတို့ သား မိခင်ကလက်ဆွဲခေါ်ကာ မင်္ဂလာအိပ်ခန်း ကိုလိုက်ပို့ပေး သည်။ မင်္ဂလာအိပ်ခန်း ရှေ့တွင်လည်း ကာလသားသမီးတို့က နောက် ပြောင်သည့်သ ဘောဖြင့် ပိတ်ဆို့တား ဆီး ထား တတ်ကြသည်။ ထိုက်သင့်ရာ ဆုကြေး တစုစုကို ပေး မှသာ အခန်းအတွင်း သို့ဝင်ခွင့် ရသည်။ အိပ်ယာ အိပ်ခန်း ကို မှုအများ တလည်ဖြင့် ဆင်ထား ခြင်း မရှိပေ။ အသင့်အတင့် ကောင်းမွန် သော ဂျုပ်ချိတ်ထည်အခင်း ၊ အခြံတို့ဖြင့်လည်း ကောင်း ၊ သစ်သား ခေါင်းအုံးဖြင့် လည်းကောင်း ဖြင့်ဆင်ထား သည်။ ထိုအိပ်ယာ ပေါ်တွင်လည်း နောက် ပြောင်လို သူတို့က မှားဟန် ဆောင်၍ အိပ် နေကြသည်။ လက် ဆောင်တစ်စုစု ပေးမှသာ ထ ပေး ကြသည်။ သတို့ သမီး သည်ထိုအခန်း တွင်သူနှင့်အတူ ပါလာ သော မိန်း ကလေးအ ဖော်များ နှင့်သာ အတူအိပ်စက် ရသည်။

မင်္ဂလာအခမ်း အနား ကိုနောက်တနေ့ နံနက်စောစောပြီး မှအဆုံး သတ်သည်။ နံနက်စောစော သေး မိကိုယ် စောင့်နတ်များ ကို ချေး သုတ်ပေး သည့်အနေဖြင့် ပူဇော် ပသမှုကိုလည်း ကောင်း ၊ နတ် ဟောဆရာ မှလည်းညီ ခေါ်ဆုံးမ ဩဝါဒစကား အချို့ကို ရှေ့မှတိုင် ပေး ပြီး နောက်လိုက်လူစာမူက လိုက်ဆိုခြင်း ကိုလည်း ကောင်း ပြုကြသည်။ ၎င်းသည်မှာ မင်္ဂလာအခမ်းအနားဆိုင် ရာ နတ်ကောင်းနတ်မြတ် တို့ထံတွင်ဆုမွန် ကောင်း တောင်း ခြင်း နှင့်အတူ သတို့ သမီး ဖြစ်သူအား အိမ်ထောင် ရှင်မဖြစ်သွား ကြိုက်နှလုံး သွင်း စေခြင်း လည်း ဖြစ်သည်။ သတို့ သမီး နှင့်ပါလာ သော အဖော်များ သည်ထို နေ့နံနက် ပိုင်းတွင်မိမိတို့ နေရပ်သို့ပြန်ကြမည်ဖြစ် သော ကြောင့်ယင်း တို့အား နံနက်စာဖြင့်ဧည့်ခံ ကျွေး မွေး ရသည်။ ထိုနံနက်စာစား ပွဲ တွင်သတို့ သား နှင့်သတို့သမီး တို့ကတစ်ဦး ကိုတစ်ဦး အပြန်အလှန်ထမင်း ဟင်းများ ဆုပ်၍ခွံ့ကြ ရသည်။

နံနက်စောစော အပြီး တွင်သတို့ သား ဖက်မှ မိဘများ က မင်္ဂလာအခမ်း အနား ကို ပြေလည် အောင်ဆောင် ရွက် ပေး သည့်ကျန်ထုံး အား ကျေးဇူး တင်သည့်အ နေဖြင့် မောင်း ၊ ပုဆိုး စသည့်လက် ဆောင်တို့ကို ပေး ကမ်း ရသည်။ ပြန် မည့်ဧည့်သည်အား လုံးအတွက် နောက်လှယ် တောင်း တလုံး ရွှင်ကျဲ ပေါင်စ ပေါင်ဖီ ကောက် ညှင်း ၊ ကြက်ဥ များ ကိုထည့် ပေးလိုက် ရသည်။ ဧည့်သည် များ ကိုယ်စား တစ်ဦး တစ်ယောက် က နေ၍ မီးဖိုကို ခြေဖြင့်နင်း ကာ အိမ်ရှင်အား ခါးတစ်လက် ဆက် ဆောင် ပေး

သည်။ အဓိပ္ပါယ်မှာ သတို့ သမီး အား နောက်ဆုံး နှုတ်ဆက်ခြင်း ပင်ဖြစ်သည်။ အိမ်ရှင်ကလည်း သူ့အား ပုဆိုး တစ်ထည်လက် ဆောင်ပြန် ပေး ရသည်။

ထို နေ့မှာ ပင်သတို့ သမီး သည်အိမ်တွင်းမှ လုပ်ငန်း များ ကို စတင် ဆောင် ရွက် ရသည်။ ဧည့်သည်များ ပြန်သွား သည်နှင့်တစ်ပြိုင်နက် ခေါင်ရည် ချက်ရန် ကောက်ညှင်း ပေါင်း ရသည်။ ကောက်ညှင်း ကျက်လျှင်အအေး ခံထား ပြီး ခေါင်ရည်တည် ရသည်။ ခေါင်ရည်တည် ရာတွင် ၄- ရက်ကြာမှ ခေါင်ရည်ဖြစ်လာ သည်။ ထို ၄- ရက်အတောအတွင်း သတို့ သမီး သည်အိမ်အပြင်သို့မထွက် ရပေ။ ၄- ရက် မြောက်သော နေ့တွင် ခေါင်ရည် ကောင်း မွန်လာပြီဖြစ်၍သတို့ သမီး အား ဌိမ်ဖွင်း ပမ္မညီး အား လုံး နှင့်အိမ်တွင်း လုပ်ငန်း များ ကိုအပ်နှင်း လေသည်။ ခေါင်ရည်မပေါက်မီ ၄ - ရက်အတွင်း အွင်သတို့ သမီးသည်သတို့ သား၏ညီမသို့ မဟုတ်အခြား သော မိန်း မ ဖော် များ နှင့်သာ အိပ်စက် ရသည်။ ခေါင်ရည်ပေါက်သော နေ့တွင်မှသာ ၎င်း တို့နှစ်ဦး အတွင်လင်မယား ဘဝ ရောက် ရသည်။

လက်ထပ်ပြီး သည့်နောက်ရက်မှ စ၍လင် ယောကျ်ားဖြစ်သူက မိန်း မဖြစ်သူအား ကွမ်း အစ်သို့မဟုတ် ဆေး ရွက်အစ်တစ်ခုခုကို ပေး ထား ကြသည်။ အမျိုး သမီး ဖြစ်သူကလည်းအစဉ်မပျက်ကွမ်း သို့မဟုတ် ဆေး ရွက်ကိုဝါး ရသည်။ သွား များ နံ့နေ သော အမျိုး သမီးသည်ကာ မပိုင်လင် ယောကျ်ားရှိ သော အမျိုး သမီးပင် ဖြစ်တော့သည်။ ရှေး ခေတ် တောင် ပေါ် ဒေသ နေဂျိန် မော့အမျိုး သမီး တို့အား အိမ် ထောင်ရှိမရှိ ပါး စပ်အတွင်း မှသွား များ ကိုကြည့်ကာသိရှိနိုင်သည်။

ဤသို့အား ဖြင့်တစ်ဦး တစ် ယောက်၏လက်ထပ်မင်္ဂလာ ပွဲအထ မြောက် စေ ရန်အတွက် ရပ်ရွာ ရှိလူကြီး လူငယ်တို့သည်မင်္ဂလာ ပွဲမကျင်း ပမီက မင် ဖက်ခူး ခြင်း ၊ဝါး ခုတ်ခြင်း၊ ထင်း ရု ဆောင်း ရှာ ဖွေခြင်း ၊ ဆန် စပါး စုပေါင်း ဆောင်း ခြင်း ၊ ပြာခြင်း ၊ ဖျာ များ ခင်း ကျင်း ထား ခြင်း ၊ ဝါးကျည် တောက် များ ခုတ်ခြင်း၊ ချက်ပြုတ်ခြင်း တို့ကိုဝိုင်း ဝန်း ကူညီလုပ် ဆောင် ပေး ကြသည်။

လက်ထပ်မင်္ဂလာ ပွဲကျင်း ပ သော အခါတွင်ရပ် ဝေး ရပ်နီး ဆွေ မျိုး မိတ်သင်္ဂဟ များ ကိုအ ကြောင်း ကြား ရသည်။ ပတ်ဝန်း ကျင် ကျေး ရွာ များ မှ ဧည့်ပရိတ်သတ်တို့ကိုလည်းဖိတ် ခေါ် ဧည့်ခံ ရသည်။ ဧည့်သည် များ အား ကျွေး မွေး ရာ တွင်အစ မှအဆုံး ၅- ရက် မှ တစ် ပတ် ခန့်အထိကြာ တတ်သည်။ မင်္ဂလာ ပွဲနှင့်သက်ဆိုင် သော နတ်အသီး သီး ကိုလည်းကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ဖြင့်ပူ ဇော် ရ သေး သည်။ ၎င်း မင်္ဂလာ ဧည့်ခံ စရိတ် နှင့်မင်္ဂလာ အခမ်း အနား ဆိုင် ရာ ရိုး ရာ နတ်စင်၊ ယောက္ခမ အတွက် နတ်စင်၊ ကဆာ အတွက် နတ်စင်၊ လျှန်ထုံအတွက် နတ်စင်၊ ဦး လေးအ ဒေါ်များ အတွက် နတ်စင်၊ သတို့ သမီး ကိုကြို ပို့ သူများ အတွက် နတ်စင်စသည့်ပူ ဇော် ပသ မှုကုန် ကျစရိတ်အပြင်သတို့ သမီး သည် ရပ် ဝေး မှဖြစ် ပါကသတို့ သမီးတည်း ခို သော အိမ် ရှင်အတွက်လည်း ကောင်း၊ သတို့ သမီး ကိုလိုက် ပို့သူ များ အတွက်လည်း ကောင်း၊ သတို့ သား ဖက် မှအကုန်အကျခံကာ မောင်း တန်လျှင် မောင်း၊ ပုဆိုး တန်လျှင်ပုဆိုး တစ်ခုစီတစ်ခုစီ ပေး ကြ ရသည်။ သတို့သမီး နှင့် ဆွေမျိုး တော်စပ်သူ မှန်သမျှကိုလည်း

အထိုက်အလျောက်ချီး မြှင့်ရသည်။ အထူး သဖြင့်သတို့သမီး ၏ဦး လေး၊ ဦး ကြီးတော် စပ်သူတို့ကိုကျေနပ် လောက် အောင်ချီး မြှင့်ရသည်။

ထို့ပြင်ရပ်ဝေး ဒေသမှလာ ရောက် သော ဧည့်သည်များအမြန်ပြန် သွား လိုက ခရီး ထွင်စား သောက်ရန်ထမင်း ထုတ်၊ ဟင်း ထုတ်တို့ကိုသတို့သားမိတ် ရှုံလုံ လောက် လောက်အညီ ပေး ရ သေး သည်။ ထို့ပြင်လက်ထပ်မင်္ဂလာပွဲ ပေး သော နတ်ဟောဆရာကြီး အား ၉-ကျပ်သို့မဟုတ် ၁၀-ကျပ်ခန့်ရှိသော မောင်းတစ်လုံး နှင့်မင်္ဂလာပွဲ နေ့တွင်ယဇ်ပူဇော် သောကျွဲ၊ နွား ၊ ဝက်၊ ကြက်တို့၏အ ကောင်းဆုံး အသား တုံးများ ကို ပေး ကမ်း ရသည်။ အလား တူ ရောက်လိုက်နတ်ဆရာငယ်တို့ ကို လည်း ထိုက်သင့်သလိုအသီး သီးချီး မြှင့်ရသည်။ ထိုချီးမြှင့်မှု၊ ပေးကမ်းမှုအစုစုတို့ကိုသ တို့သားမိတ်မှသာအကုန်အကျခံ ရခြင်း ဖြစ်သည်။

ရှေး ခေတ်ဂျိန်ဖော့တို့သည် <u>မယားတဦး ထက်ပိုယူသော စနစ်</u>[၁] ကိုဦး မြတ်သည်ဟုသ ဘောထားကာ ဂုဏ်ယူတတ်ကြသည်။ မင်္ဂလာပွဲကျင်း ပရာတွင်ငွေ ကြေး များ စွာကုန်ကျရသော ကြောင့်ဖြစ်သည်။ တနည်း အားဖြင့် မိန်း မကို ငွေကြေး ဖြင့်ဝယ်ယူခြင်း မျိုး ဖြစ်သည်။ ရှေး ခေတ်ဂျိန်ဖော့တို့၏ အိမ်မှုကိစ္စ လုပ်ငန်း ဆောင်တာများ တွင်အမျိုးသမီး များ ကသာဦး စီး ဦး ဆောင်ကြသည်ကို တွေ့ရ သည်။ အိမ်ထောင်ဖက် ရွေး ချယ်ရာတွင်နှလုံးသား ရေး ထက်မိဘ ဆွေမျိုး အသိုင်း အဝိုင်း၏သဘောထား ကိုဦး စား ပေး ရသည်။ အလုပ်ကိုသာဦး စား ပေးပြီးချစ် ချစ်ခြင်းမေတ္တာကိုအဓိက မထား ကြ သော မိဘအဆက်ဆက် ၏အယူအဆ အတွေး အခေါ်တို့ ကြောင့်ဖြစ်သည်။ တနည်း အား ဖြင့်အမျိုး သမီး တို့အား ငွေကြေး ဖြင့်ဝယ်ယူ ရ သည့်အရာအဖြစ်သ ဘောထား ခြင်း ဖြစ်သည်။ ထို့ကြောင့်ထိုသို့ ငွေကြေး ကုန်ကျခံမှု တည် ထောင်ထား သော ဂျိန်ဖော့တို့၏အိမ် ထောင် ရေး သည်ကွာ ရှင်း ပြတ်စဲရန် အလွန်ခဲယဉ်း သည်။ လင် ယောကျ်ား သေဆုံး မှ မုဆိုး မဘဝ ရောက်သည့်တိုင်အိမ် ထောင် ရေး လွတ်လပ်မှုမ ရှိ သေး ပေ။ သေဆုံး သူ၏ ဆွေမျိုး များ ဖြစ် သော အကြီး ဘထွေး ၊ အစ်ကို ၊ ညီ တော် စပ်သူတစ်ဦး ဦး ၏ ဆက်ခံ ပိုင်ဆိုင် မှုကိုခံကြ ရ သည်။

ခရစ်ယာန်ဘာသာဝင်ဂျိန် ဖော့တို့၏လက်ထပ်မင်္ဂလာအခမ်း အနား သည် နတ်ကိုး ကွယ်သူတို့၏လက်ထပ်မင်္ဂလာအခမ်းအနား နှင့်အလွန်ကွာခြား သွားသည်ကို တွေ့ရသည်။ နတ်ကိုး ကွယ်သူဂျိန် ဖော့တို့ကယ နေ့ထက်တိုင်လက်ထပ်မင်္ဂလာ အခမ်းအနား ကိုအထက် ပါအတိုင်းပြုလုပ်ကျင်းပကြ သော်လည်းခရစ်ယာန်ဘာသာဝင် ဂျိန်ဖော့တို့က မူအသင်း တော်ကိုလိုက်၍ကွဲပြားခြားနား စွာကျင်းပကြသည်ကို တွေ့ရ သည်။

---

၁။ Polygeny

အင်ဂျန်ခွဲ ကျေး ရွာ နေဂျိန်မောအား လုံးတို့သည်ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ ခရစ်ယာန်ဘာသာတွင် နှစ်ခြင်းအသင်း တော်[၁]၊ ရိုမင်ကက်သလစ်အသင်း တော်[၂]၊ ဧဝံဂေလီအသင်း တော်၊ သတ္တမ နေ့ဥပုဒ်အသင်း တော် (စနေအသင်း တော်)၊ အင်္ဂလိကန်အသင်းတော်

စသည်ဖြင့်အသင်းတော်များရှိသည့်အနက်အင်ဂျန်ခွဲ ကျေးရွာ နေဂျိန်မောအများ စုတို့သည်နှစ်ခြင်း အသင်း တော်နှင့်ကက်သလစ်အသင်း တော်ဝင်များ ဖြစ်ကြသည်။

ထိမ်း မြားမင်္ဂလာအခမ်း အနားကျင်း ပရာတွင် ရှေး ရိုး စလေ့ထုံးစံများရှိအနက်ခရစ်ယာန်ဘာသာနှင့်မကိုက်ညီသည်တို့ကိုပစ်ပယ်ကာကျန်ဓလေ့ထုံးစံများ ကိုဆက်လက်ကျင့်သုံး ဆောင် ရွက်ကြသည်ကို တွေ့ရသည်။ လက်ထပ်ထိမ်း မြား မင်္ဂလာအခမ်း အနား၌အချို့သတို့ သားနှင့်သတို့ သမီး တို့သည် ရိုးရာဝတ်စုံကိုသာဝတ်ဆင်ကြပြီး အချို့သတို့ သားနှင့်သတို့ သမီး တို့ကအနောက်တိုင်း ဝတ်စုံကိုဆင်မြန်း ကြသည်။ လက်ထပ်ထိမ်း မြား ရာတွင်လည်းဘာသာ ရေးအသင်း တော်အလိုက်ကွဲပြား သည်ကို တွေ့ရသည်။ မည်သို့ပင်ဆိုစေကာမူအင်ဂျန်ခွဲ ကျေးရွာ နေဂျိန် မော အားလုံး မင်္ဂလာအခမ်း အနား ကို ရှေး ခေတ်မှအတိုင်းအမျိုး သိမ်း နှစ်မြင်သာကျင်း ပကြသည်ကို တွေ့ရသည်။

ယောကျာ်း လေးတစ်ဦး အသည်မိဘတဝတ္တရားအတိုင်းစီစဉ် ပေးသည် ဖြစ်စေ၊ လူငယ်ချင်း မေတ္တာ မျှလျှက်ဆစ်ယူလိုလျှင်ဖြစ် စေ ယောကျာ်း လေးမိဘဖက် မှ အောင်သွယ်(သို့မဟုတ်)နား ဖောက် မေးသူကအာ နှစ် ယောက်ကို စေလွှတ်တောင်း ရမ်း ခြင်း၊ ပဏ္ဏာ မထွမ်းဘိုး များထည့်ဝင်ခြင်း၊ သ ဘောတူပါကထွမ်းဘိုး မည်၍ မည် မျှသတ်မှတ်ခြင်း တို့ကို ဆောင် ရွက်ကြပုံမှာရှေး ခေတ်အတိုင်း ပင်ဖြစ်သည်။

ငင်းနေ့ တက်နှစ်ဖက်မိဘ ဆွေမျိုး များ နှင့်ဘာသာရေးဆိုင် ရာသိက္ခာ တော်ရမဟ္မ ရာ ( နှစ်ခြင်းအသင်းတော်ဝင်ဖြစ်လျှင် )၊ ဘုန်းတော်ကြီးသို့မဟုတ် ဖါလ ရှင် ( ရှိုမင်ကတ်သလစ်အသင်းတော်ဝင်ဖြစ်လျှင် )၏ အကူအညီဖြင့်မင်္ဂလာ ရက် ကိုရွေးချယ်သတ်မှတ်ကြသည်။ ငင်းနေ့ တက်ဖိတ်စာ များ နှင့်ထိမ်းမြား မင်္ဂလာအခမ်း အနားတာဝန်ခွဲ ဝေ မှုဇယား ကိုရေးဆွဲကြသည်။ ထိမ်းမြား မင်္ဂလာ ဖိတ်ကြားလွှာကို အမျိုးသား ဘက် မှသာ အကုန် အကျခံပြီးကြွယ်ဝ မှုကိုလိုက်၍ ဖိတ်စာတန်ဘိုးကွာခြား သည်။ အမြတ်မ်း ဖိတ်စာကိုကချင်မြန်မာနှစ်ဘာသာဖြင့်ရိုက်နှိပ်ကြသည်။ အသင်းတော်ကွဲပြား သော်လည်း ဖိတ်စာပုံစံမှာကွဲပြားမှုမရှိပေ။ ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟ တို့ကိုတပတ်ခန့်အလိုမှစတင်၍ ဖိတ်စာကမ်းလှမ်းကြသည်။ ဖိတ်စာကမ်းသည်နှင့်တချိန်တည်းတွင်အလုပ်တာဝန်ခွဲဝေ မှုဇယား တွင်ပါဝင်သူများ အား ဇယား စာစ်စေ ာ င် စီကိုလိုက်လံကမ်း ကာ တာဝန်ယူစေသည်။

ချိန်းဆိုထားသည့်အတိုင်းဇယား တွင်ပါဝင်သူများ စုရုံး ရောက်ရှိလာ ပါက ခွဲဝေထား သော တာဝန်များကိုအသီးသီးအပ်နှင်း သည်။

---

၁။ Baptic

၂။ Roman Catholic

ချော်စန်း နိုင်လူကြီး များ တမည်သည့်နေရာမှောင်ဆိုင်ရမည်ကိုလည်း ကောင်း ၊ ချော်စန်း မြင်ပ်တ်ဆက်ချေ့ခံ ရေး အမှုကမည်သို့မည် မှုံမိတ်ဆက်ချေ့ခံ နေရာချရ မည်ကိုလည်း ကောင်း ၊ လက်ရှိလက်ခံ ရေး အမှုကမည်သို့ခွဲခြား မှတ်သားရမည်ကို လည်း ကောင်း ၊( ဥပမာ ယောဂျမရှိး မှလက်ရှိမနှည်း ကိုခွဲခြားသတ်မှတ်ခြင်း ယောဂျမဖက်မှ ဆေးရိုး များ ကိုကြည့်ရှုကာအထူး ကျေနပ် အောင်ချေ့ခံရန် ငှါ။ မမှဝန်နှင့်ဆိုင်သောအိပ်စန်း ကိုမည်သည့်မနှည်း များ ဖြင့်မည်သို့မည် မှုံမြင်ဆင် ရ မည်ကိုလည်း ကောင်း ၊ဝတ်စား ဆင်ယင် ပေးမည့်သူ အား လည်း မည်ကဲ့သို့ဆင် ယင်လိုသည်ကိုလည်း ကောင်း ၊မိတ်ကပ်ဆရာသား လည်း မည်သည့်အဝတ်အစားနှင့် လိုက်ဖက်မည့်မည်သည့်မိတ်ကပ်အရောင်နှင့်အမျိုး အစား ကိုသုံး လိုသည်ကိုလည်းကောင်း၊ ပစ္စည်းပစ္စယ ဝါး ရမ်း သူများ အား လည်းမိုး ကာ၊ ထမင်း အိုး ၊ ပေါင်းအိုး ၊ တင်း အိုး၊ ယောက်မ၊ ဒန်း ၊ ပန်း ကန်ပြား၊ ပန်း ကန်လုံး၊ အချိုချက်၊အဖန် ခွက်၊ ပန်းခြင်း၊ မန်း အိုး၊ ကန့်လန့်ကာ စသည်ဖြင့်လိုအပ်သမျှကို စာရင်း ပြုစု၍ ပေး သည်။ ထမင်း ချက် မည့်သူများ ကိုလည်း ဆန်အမျိုး အစား ၊ ချက် ရမည့်အ နံ ပမာဏ (ဖိတ်ထား သော ဧည့်အရေအတွက်အရ ) ၊ ဟင်း ချက်မည့်သူများ ကိုလည်း ဟင်း အမယ်အရေအတွက် ၊ ချက်လိုသည့်နည်း ကိုလည်း ကောင်း၊ ချက်ပြုတ် ရမည့်နေ ရာအသီး သီး ကိုလည်း ကောင်း၊ ရေခပ်ရမည့်သူများ အား လည်းမည်သည့်ရေ ရှင်း မှမည်သည့်နွား လှည်း ကိုသုံး၍ မည်သည့်ရေစည်မှောင်ထည့်ရမည်ကိုလည်းကောင်း၊ ဆိုး ချက် ဆေး ကြော မည့်သူများ ကိုလည်း မည်သည့်နေရာမှောင်အဆောင့်ဆင့် ဆေး ကြော ရမည်တို့ကိုအသေးစိတ် ညွှန် ကြား သည်။

အင်ဂျန်ဒုံ ကျေး ရွာ နေဂျိန် ဖော့အား လုံး တို့သည်မိမိတို့ ခါးဝိုင်ဝင်း အတွင်း မင်္ဂလာ မဏ္ဍပ် ဆောက်နိုင် သော မြေအကျယ်အဝန်းကိုယ်စီ ရှိကြသည်။ မင်္ဂလာ ရက်မတိုင်မီသတိုး သား ၏ အိမ်ခြံဝန်း အတွင်း ဝါး ၊ သစ်တိုင်များ၊ မြင်မိုးကါ များ ဖြင့်မိဘ ဆွေမျိုး အသိုင်း အဝိုင်း စာစုယာယီမင်္ဂလာ မဏ္ဍပ်ကို ဆောက်လုပ်ကြ သည်။ ဝါး ချောင်းက လေး များ ဖြင့်ရက်လုပ်ထား သော ရာဇမတ်ကွက်အကာသည် ပေါင်တဝက်ခန့် အမြင့်ရှိသည်။ မဏ္ဍပ်ကိုစတုဂံ ပုံ ဆောက်လုပ်ကြပြီးအလျား ရှည်သည့်ဘ ဖက်ထိပ်တွင်အခမ်း အနား နဖူး စည်းထား ရှိသည်။ ကျန်သုံး ဖက်စလုံး ၏အလယ်တွင် အဝင်အထွက်အ ပေါက်တစ် ပေါက် စီ ရှိသည်။

မဏ္ဍပ် ဆောက်လုပ်ပြီး ခါး ပါကဖျင်မိုး ကာ များ မိုးခြင်း၊ မန်း ငြိမ်း ၊ ပန်းအိုးများကို နေရာချထားခြင်း ၊နဖူး စည်းတွင်မင်္ဂလာ မောင်မယ် ၏အမည်နာမမှင့်ဧည့်ခံ ပွဲကို ရှေ့စဥ္ဆ၊ နေ့စဥ္ဆတို့ဖြင့်စာတမ်း ထိုး ခြင်း၊ခြံဝင်း အဝင်ဝနှင့်မဏ္ဍပ်၏အဝင်ဝတစ်ဖက်တစ် ချက်စီတွင်ငှက် မျှောအင်များ ကိုဖိုက်ထုတ် ပန်းများဖြင့်အပွင့်များ ပြုလုပ်ထား ခြင်း ၊ ဘုန်း ရက်များ နှင့်အခြား သော ပန်းများ ဖြင့်မင်္ဂလာပြင်ဆင်ထား ခြင်း၊အပြင်မဏ္ဍပ်အတွင်း တွင်လည်း ပန်းခြင်း အမျိုးမျိုး ကိုလည်း ကောင်း၊ ရောင်စုံဖဲကြိုး တို့ကိုလည်း ကောင်း ၊ ရောင်စုံမှ စီဖောင်း ကိုတို့ကိုလည်း ကောင်း ချိတ်ဆွဲပြင်ဆင်ထား ကြသည်။ ၎င်း တို့ကိုမင်္ဂလာ ရက်မတိုင်မီ ညကပင်အ ပျော်စာ ပါး ကြိုတင် ဆောင် ရွက်ကြသည်။ အသံချဲ့စက် မှအဆို ချင်း မျိုးစုံဖွင့်ကာတာဝန်ထမ်း ဆောင် ရန် ရောက်မလာသေးသူ များကိုလည်း အသံချဲ့စက်

မှ ခေါ်ယူကာ ဘာတစ် ဖျော်တပါး ပိုင်း ဝန်း ဆောင်ရွက်ကြသည်။

ချက်ပြုတ် ရေး ဆွင်တာဝန်ကျသူ များကလည်း ညဦး က မင်္ဂလာရောက်ကြတာ ကျေး ဧည့်း ရိန်အမိ ချက်ပြုတ် နိုင် ရေး အရွက်ကြိုတင်စီမံကြသည်။ အစဉ်း အနားမကျင်း မမိနံ့နက် စောစောဆွင်အိပ်ယာအိပ်စနီး မြင်ဆင်ရန်တာဝန်ကျသူတို့ကသတို့ သား နှင့်သတို့ သမီး အရွက်လျာထား သောအိပ်ယာအိပ်စနီး ကိုအ ရုံး တလည်းမှ မ်မြင်ဆင်ထား ကြသည်။ ငွေ ကြေး တတ် နိုင်မှု ပေါ် မူတည်၍ယ နေ့ နောက်ဆုံး ပေါ်အ ကောင်း ဆုံး နှင့်အလှ မ ဆုံး ဖြစ်သည့်အိပ်ယာအိပ်စင်း၊ ခေါင်း အုံး၊ မွေ့ယာ၊ ခြင် ထောင် စသည်တို့ကိုအ ရောင်အ သွေး လိုက်ဖက် ရာမြင်ဆင်ထား ကြသည်။ အင်္ဂလိပ်ဒုံ ကျေး ရှာဆွင်ကျိန် ဖေ ဘော်တို့၏ဆိမ်း မြဝါးမင်္ဂလာ ဆွေမဲ့လာ ဓည့် မရိတ်သတ်အား လုံး ကဏ္ဍမင်္ဂလာအိပ်စနီး ကိုကြည့်ရှုပေး ရသည့်ထုံးစံ ရှိသေးသည်။ အင်္ဂလိပ်ဒုံ ကျေး ရှာ နေကျိန် ဖေ ဘော်တို့၌အသင်း တော်၏မြဲဝါး သော်လည်း မင်္ဂလါ မဏ္ဍပ်နှင့်အိပ်ယာအိပ်စနီး မြင်ဆင်မှုတာဝန်ခံ ဝေ ဆောင်ရွက်ပုံတို့မှာ အတူတူ သာဖြစ်ပြီး လက်ထပ်မင်္ဂလာဆိမ်း မြဝါး မှုဆွင်သာအသင်း တော်အလိုက်ကွဲပြား သည်ကို လေ့လာ တွေ့ရှိရပါသည်။

ရှမင်ကက်သလစ်အသင်း တော်ဝင်တို့သည်လက်ထပ်ဆိမ်း မြဝါးမည့်အ ချိန်သို့ ရောက် သောအခါ ကဆာ အိမ်ဆွင်တည်း ရှိနေ သော ( ရပ်ဝေးမှဖြစ် ပါက ) သို့မဟုတ်မိဘအိမ်ဆွင်ဝတ်စား လိမ်း ခြယ်ပြီး ၍ အဆင်သင့်ဖြစ် နေ သောသ တို့ သမီး သည်သတို့ သား မက်မှုကြိုနိုးသူလူကြီး များ ၊ အဖွဲ့ရုံးများ ၊ ဆွေမျိုးအသိုင်း အဝိုင်းများ၊ ဆက် သေများ အား လုံးနှင့်အတူ အာရုံ စီ အစ် ဘုရား ကျောင်း တော်သို့သွား ရောက်ကြသည်။ သတို့ သား သည်လည်း မိဘဆွေမျိုး အသိုင်း အဝိုင်း နှင့် ကျောင်း တော်သို့သွား ရောက်သည်။ ဘုရား ကျောင်း ဆွင်သက်မှတ်ထား သော နေရာအသီး သီး ၌ နေရာယူကြသည်။ သတ်မှတ်ထား သောလက်ထပ်မင်္ဂလာ ချိန်သို့ ရောက် သောအခါဘုန်း တော်ကြီး သည် စန္ဒာ:မှ ဇော်ရာ၌လိုအပ် သောအ ထိန်း များ ကိုဝတ်ဆင်လျက်တရား ဆောက်များ နှင့်အတူ ကျောင်း တံခါး သို့ချဉ်း ကပ်၍ အသင်း တော်အည်သတို့ သား၊ သတို့ သမီး တို့နှင့်အတူဝမ်း မြောက်ဝမ်း သာ ကြွေခင်း မြရန်ငင်း တို့အား နှုတ်ခွန်း ဆက်သသည်။

ငင်း နောက်အား လုံး သောသူတို့သည် မဏ္ဍပ်သို့ မလွှင်သို့ တန်းစီ ၍ သွား ကြသည်။ ထိုသို့သွား ရာချင်တရား ဆောက်များ သည်ရှေ့ ဆုံး မှလည်း တေါ်ဒင်း ဘုန်း တော်ကြီး ကဒုတိယ နေရာ မှလည်း ကောင်း ၊ ငင်း ၏ နောက်ဆွင်သတို့ သား နှင့်သတို့သမီး တို့သည်လည်း ကောင်း ၊ ငင်း တို့၏ နောက်မှ ကျောင်းတော် သို့လိုက် ပါလာ သော မိဘ ဆွေမျိုး များ နှင့်သက် သေများ သည်လည်း ကောင်းအသီး သီး တန်း စီသွား ကြကာသင့်တင့် သော နေရာအသီး သီး ၌ နေရာယူကြသည်။ ထိုအ ခိုက် ပတ္တာ မသီချင်းတစ်ပုဒ်ဖြင့် ဖရင်သီကျူးကြသည်။ ဆိမ်း မြဝါး ပေး ခြင်း မတိုင် မီဘုန်း တော်ကြီး (သို့မဟုတ် )သီလရှင်(သို့မဟုတ်)သ င်းအောက်အ ရာတော် မှသတို့သားနှင့်သ တို့သမီးတို့အား အစ်ဆေး မေးမြန်းခြင်းကိုပြုသည်။ ကချင်စာ ဓမ္မပြင့်ရိုက်နှိပ်ထား သော ဆောက် မါပုံစံ နှစ်ခုတွင်စစ် ဆေး မေးမြန်း မှတ်တမ်း ပြုထား သည်။

## HKUNGRAN NA NI HPE SAN, JEP YU AI

## ထိမ်းမြားမင်္ဂလာပြုမည့်သူတို့အား စစ်ဆေး မေးမြန်းခြင်း

Amying - ______________________

ဖ၏အမည် - ______________________

Kawa a Mying - ______________________

ဖ၏အမည် - ______________________

Kanu a Mying - ______________________

မိ၏အမည် - ______________________

Shangai ai shara - ______________________

မွေးဖွားရာဒေသ - ______________________

Shangai ai Nhtoi- ______________________

မွေးသက္ကရာဇ် - ______________________

Kashin Kamun Hkam ai shara - ______________________

ဆေးကြောခြင်းကိုခံယူသည့်နေ့ရက်- ______________________

Kashin Kamun Hkam ai Nhtoi - ______________________

ဆေးကြောခြင်းကိုခံယူသည့်ရက် - ______________________

N-gun shaja Hkam ai shara - ______________________

N-gun shaja Hkam ai Nhtoi - ______________________

Shawng de nga yu ai shara ni - ______________________

ယခင်နေခဲ့ဘူးသော နေရာများ - ______________________

Ya nga ai shara - ______________________

ယခု နေရပ် - ______________________

**NUMLA NUM WA YU SAI NI A MATU**

**အိမ်ထောင်ပြုသူများအတွက်**

Num wa/num la yu sani? ________________
အိမ်ထောင်ပြုဘူးပြီလား ________________
Gara Htung khu? ________________
ဘယ်ထိုးစ် (ဘာသာ) နဲ့လဲ ________________
Shawng na madu wa/madu jan hte hka mat sani? ________
အရင်အိမ်ထောင်နှင့်ကွဲသွားပြီလား ________________
Gara Htung hku? ________________
ဘယ်ထိုးစ် (ဘာသာ) နဲ့လဲ ________________
Hka mat sai madu wa/ madu jan, num bai la num bai wa sani?.-
________________________________
ကွဲသွားတဲ့အမျိုးသား / အမျိုးသမီးတာနောက်အိမ်ထောင်ပြန်ပြုသွားပြီလား
ရ ________________________________
Shawng na madu wa/madu jan si mat sani?. ________
အရင်အိမ်ထောင်ကအမျိုးသား / အမျိုးသမီးတာ သေသွားပြီလား - ________
________________________________
Si ai shara ________________
သေသည့်နေရာ ________________
Si ai Nhtoi ________________
သေသည့်ရက်စွဲ ________________
(La matu) Nang la maw ai num gaw, na a si mat ai madu jan hte sai ni ai i? - ________________
(အမျိုးသားအတွက်) နင်အခုပြန်ယူမဲ့မိန်းမတာ နင့်ရဲ့ သေသွား တဲ့မိန်း မနဲ့ ဆွေး နီး သလား ________________
(Num a matu) Nang wa maw ai la gaw, na a sai mat ai madu wa hte sai ni ai i?. ________________
(အမျိုးသမီးအတွက်) နင်အခုပြန်ယူမဲ့ ယောကျ်ားတာ နင့်ရဲ့ သေသွားတဲ့ယောကျ်ား နှင့် ဆွေး နီး သလား ________________

## KAYAU AI HKUNGRAN LAM

## ဘာသာချင်း ရောနှောနေ သောလက်ထပ်ခြင်း

(a) Kantawlik Hpung Masha a matu

Nang gun hpai ra lit gaw,

(1) Na a Kahtawlik Hpung Htung Tara hta nagang kang nga na ra ai.

(2) Sha ngai wa na re ai na a kashu kasha hpe Kashin Kamun hkam la sha ngun nna, Kahtawlik Hpung Htung Tara hte maren, wei sharin kaba wa lu hkra, na a n-gun atsam mahkra hte shakut ra ndai, ndai lit kaba ni hpe chye nga nni?.

(က) ရိုမန်ကက်သလစ်ဘာသာဝင်များ အတွက်
သင်သမီး ဆောင်ရမဲ့တာဝန်ဝတ္တရား တွေကတော့

(၁) သင်ရဲ့ရိုမန်ကက်သလစ်ဘာသာထုံးတရား တွေနှင့်အတူခိုင်မြဲစွာရပ်တည်နေရမယ်။

(၂) မွေးဖွားလာတဲ့သင့်ရဲ့သားသမီး မြေးမြစ် တွေကို ဆေးကြောခြင်းခံယူစေပြီး ရိုမန်ကက်သလစ်ဘာသာထုံးတရားနှင့်အညီသွန် သင်ဆုံးမဩဝါဒပေးပြီး ကြီးပြင်းလာရအောင်သင့်ဥာဏ်ပညာ၊ ခွန်အားဗလနှင့် အစွမ်းကုန်ကြိုးစားရမယ်။ ဒီတာဝန်ဝတ္တရားကြီး တွေကိုသင်နားလည်သဘောပေါက်ရဲ့လား ။

(b) Kahtawlik Nre ai Hpung Masha A Matu

(ခ) ရိုမန်ကက်သလစ်ဘာသာဝင်မဟုတ်သူများ အတွက်

Na a makam masham ______________________

သင်၏ယုံကြည်ကိုးကွယ်မှု ______________________

Na a Hpung Htung hku kashin kamun hkam sai i?.__________

သင်၏ဘာသာအရ ဆေးကြောခြင်းကိုခံယူပြီးပြီလား__________

______________________________________

Kadai kaw hkam sai i?.______________________

ဘယ်သူ့ဆီမှာခံယူသလဲ ______________________

Hkam ai Nhtoi?.______________________

ခံယူသည့်ရက်စွဲ ______________________

Na a Kahtawlik manang wa/jan gun hpai ra ai lit gaw-

(1) shi a hpung htung tara hpe hkan sa na ra ai.

(2) Shangai wa ai Kashu Kasha mahkra hpe kashin kamun hkam la shangun nna, Kahtawlik hpung htung tara hte maren, wai sharin kaba la na ra ai, ndai lit ni phe nang dum chye nga nni?.

မင်းကက်သလစ်ဘာသာဝင်အမျိုးသား /အမျိုးသမီး ဖြစ်တဲ့အတွက်ရဲ့ခင်ပွန်း/ ဇနီး ယူရမဲ့တာဝန် တွေက တော့

(၁)သူတပါးရဲ့ဘာ ဘာသာတိုးတရား တွေကိုလိုက်နာ နေရလို့မဟုတ်

(၂) မွေး ဖွား လာတဲ့သား သမီး မြေး မြစ် တွေကို ဆေး ကြောခြင်း ကိုပြု ပေး ပြီး မင်းကက်သလစ်ဘာသာတိုးတရား နှင့်အညီသွန်သင်ဆုံး မပြုပါ၏ ပေး ကြီးပြင်း စေလို့မယ်။ ဒီတာဝန်ဝတ္တရား တွေကိုသင်သတိရသိရှိထား ပါ ရဲ့လား ____________________

Nan lahkawng sai ni ai i? ____________________

သင်တို့နှစ်ဦး သွေး နီး ကြသလား ____________________

(Ginhka San Na)

(တဦးချင်း ခွဲခြား မေး မယ်)

Hkungran na matu nang a san apan myit hkut da sani? ____________________

လက်ထပ်ထိမ်းမြား ဖို့သင်တို့သဘောသဘာချ ဆုံးဖြတ်ကြပြီလား ____________________

____________________

Hkungran na matu nang hpe shadut shagwai ai masha nga ai i?

____________________

သင်တို့ကိုလက်ထပ်ထိမ်းမြား ခြင်းပြုဖို့တိုက်တွန်း တဲ့လူ ရှိသလား ____________________

Sakse (1) ____________________ (2) ____________________

သက်သေ (၁) ____________________ (၂) ____________________

Hkungran ai shara ____________________

ထိမ်းမြားသည့် နေရာ ____________________

Nhtoi ____________________

ရက်စွဲ ____________________

Hkungran ya ai wa a mying ____________________

လက်ထပ်ထိမ်း မြား ပေး သူ၏အမည်____________________

၎င်း ပုံစံစာရွက်ပါအချက်အလက်တို့ကိုစစ်ဆေး ဖြည့်စွက်ပြီး နောက် အုတ်ကပါကိ တော်ကျမ်း ကိုဂုဏ်ပြုခြင်း ပြုသည်။ အုတ်ကပါကိ တော်ကျမ်း၏ သီအပိုဒ်သုံး ပိုဒ်ရှိသည်။ ထိုသုံး ပိုဒ်အနက်ပထမအပိုဒ်ကျမ်း စာသည် ဓမ္မ ဟောင်း ကျမ်း မှဖြစ်ရမည်။ ၎င်း နောက်ဧဝံ ဂေလိကျမ်း စာကိုဖတ်ကြား သည်။ ထို့နောက်ဘုန်း တော်ကြီး သည်ခရစ်ယာန်ထိမ်း မြား ခြင်း ၏နက် နဲခြင်း ၊ အိမ် ထောင်သည်တို့တဦး အပေါ်တဦး ထား ရှိအပ် သော ချစ် ခြင်း မေတ္တာတရား ၏မြင့်မြတ်ခြင်း ၊ စက္ကရမင်း တူး ၏ထူး ခြား သော ကျေး ဇူး တော် များ နှင့်အိမ် ထောင်သည်တို့၏ဝတ္တရား များ အကြောင်း တို့ ကို သမ္မာကျမ်း စာ တော်တို့ကိုကိုး ကား ၍ထိမ်း မြား သူတို့နှင့်ဆီ လျော် အောင် ဩဝါဒ ပေး သည်။

၎င်း နောက်သတို့သား နှင့်သတို့သမီး တို့အား ထိမ်းမြား မင်္ဂလာပြု ပေး ခြင်း အခမ်း အနား စတင်သည်။ သတို့ သား ၊ သတို့ သမီး တို့နှင့်အတူ အား လုံး မတ်တတ်ရပ်ကြသည်။ ထိုအခါဘုန်း တော်ကြီး မှအောက် ပါ စကား တို့ကို (သို့မဟုတ်) အလား တူစကား တို့ကိုမိန့်ကြား သည်။

“ချစ်လှစွာ သော မိတ် ဆွေတို့ _ အသင်း တော်၏ကိုယ်စား လှယ် ဖြစ် သော ဘုန်း တော်ကြီး နှင့်ဘာသာတူသူ ပရိသတ်တို့၏ မျက် မှောက်၌ ဘုရား သခင်သည်သင်တို့၏ ချစ်ခြင်း မေတ္တာကိုသန့်ရှင်း သောတံဆိပ်ဖြင့်ခစ်နှိပ်အတည် ပြုစေရန်သင်တို့သည် ကျောင်း တော်သို့စုရုံး လာခဲ့ကြ ပေသည်။ ခရစ်တူးသခင် သည် ဤချစ်ခြင်း မေတ္တာကို ကောင်း ချီး အပြည့်အဝ ပေး တော်မူသည်။ တဦး ပေါ်တဦး ထား ကြ သော ဂတိသစ္စာကိုတသက်ပန် စောင့်ထိန်း နိုင်ကြ ရန်လည်း ကောင်း ၊ ထိမ်း မြား ခြင်း ဆိုင်ရာအခြား တာဝန် များ ကိုထမ်းဆောင် နိုင် ရန်လည်း ကောင်း ၊ ကိုယ် တော်သည် ဆေး ကြော ခြင်း မင်္ဂလာ စက္ကရမင်တူး အား ဖြင့်ကိုယ် တော်တိုင်သန့်ရှင်း စေခဲ့ သော သူတို့ကိုသီး ခြား သော စက္ကရမင်း တူး အား ဖြင့် ကျေး ဇူး တော် ပွား များ စေ၍အင်အား ဖြည့်တင်း ပေးစေတော် မူသည်။ သို့ဖြစ်၍သင်တို့၏ စိတ်သ ဘောထား ကိုထုတ် ဖော်ပြ ရန်အသင်း တော်၏ မျက် မှောက်၌သင်တို့အား ကျွန်ုပ် မေး မြန်း ပါမည်။”

ထို့ နောက်သူတို့သည်လွတ်လပ် သော စိတ် နှင့် ရွေး ချယ် မှုရှိ /မရှိ သစ္စာ ရှိမည်၊ သစ္စာ ရှိမည်၊ သား သမီး များ ကိုလက်ခံသိမ်း ပိုက်၍လိုအပ် သော စား ဝတ် နေ ရေး ၊ ပညာ ရေး တို့ကိုဖန်တီး ပေး မည်၊ မပေး မည်စသည်တို့ ကိုဘုန်း တော်ကြီး မှသတို့ သား နှင့်သတို့ သမီး တို့ကိုစစ် ဆေး မေး မြန်းသည်။ မေး ခွန်း များ ကိုနှစ်ဦး စလုံး က ဖြေဆိုရသည်။

၄င်းနောက်ဘုန်းတော်ကြီးသည်သတို့သားနှင့်သတို့သမီးတို့အား သဘောတူကြောင်း ထုတ်ဖော်ပြရန် မေတ္တာရပ်ခံသည်။

သင်တို့သည်သန့်ရှင်းသော ထိမ်းမြားခြင်း ပဋိညာဉ်ကိုပြုကြရန် ရည်ရွယ်ကြသည့်အတိုင်း သင်တို့၏လက်ယာလက်များကိုထစ်၍၊ ဘုရားသခင်နှင့်ကိုယ်တော်၏အသင်း တော်မျက်မှောက်တွင်သင်တို့၏သဘောတူညီချက်ကိုထုတ်ဖော်ပြကြပါ။

ဤတွင်သတို့သားနှင့်သတို့သမီးတို့သည်လက်ယာလက်ချင်း ထစ်ကြ၍ အောက်ပါအတိုင်း သဘောတူညီချက်ကိုထုတ် ဖော်ပြကြသည်။

သတို့သား ။ ။ ကျွန်တော်မောင် . . .သည်အသင်မ . . . . . . . . ကို ကျွန်တော်၏တရားဝင်ဇနီး အဖြစ်သိမ်း ပိုက်ပါသည်။ သင့်ကိုလည်း ရာသက်ပန်ချစ်ခင် လေးစား မြတ်နိုးစွာဖြင့်မငြိအတူ၊ ငြိအတူ၊ အေးအတူပူအမျှ၊ ကျန်း မာသည် ဖြစ်စေ၊ မကျန်း မာသည်ဖြစ်စေ၊ သင့်အားသစ္စာရှိရှိ ပေါင်းသင်း ပါမည်ဟုကျွန်ုပ်ကတိပြုပါသည်။

သတို့သမီး ။ ။ ကျွန်မ မ . . . .သည်အသင်မောင် . . . ကိုကျွန်မ၏ တရားဝင်လင်ယောကျ်ားအဖြစ်သိမ်း ပိုက်ပါသည် ။ သင့်ကိုလည်း ရာသက်ပန်ချစ်ခင် လေးစား မြတ်နိုးစွာ ဖြင့်မငြိအတူငြိအတူ၊ အေးအတူပူအမျှ၊ ကျန်း မာသည်ဖြစ် စေ၊ မကျန်း မာသည်ဖြစ် စေသင့်အားသစ္စာရှိရှိပေါင်း သင်း ပါမည်ဟုကတိပြုပါသည်။

အားလုံး ။ ။ အာမင်

လက်စွပ်၊ လွယ်အိတ်၊ ခါးလွယ်တို့ကိုအစ်နှင်းကြခြင်း ။

ဘုန်းတော်ကြီး။ ။ ချစ်ခြင်း မေတ္တာနှင့်ကတိသစ္စာတည်ခြင်း၏အထိမ်းအမှတ် အဖြစ်သင်တို့တဦးအား တဦး အစ်နှင်းကြမည်ဖြစ် သော ဤလက်စွပ်များ (သို့မဟုတ်) ဤလက်စွပ်၊ လွယ်အိတ် နှင့် ခါးလွယ်တို့ကိုဘုရားသခင်သည် ကောင်း ချီး ပေးတော် မူပါစေ။

(စကား ချပ်။ ။ အချို့သတို့သား နှင့်သတို့သမီး တို့သည်လက်စွပ်များကိုသာ အပြန်အလှန်အစ်နှင်း ကြပြီး အချို့သူတို့က မူသတို့ သမီး က သတို့ သား ကိုလွယ်အိတ်နှင့်ခါး လွယ်အစ်နှင်းပြီးသတို့သား ကသတို့ သမီး ကိုလက်စွပ်အစ်နှင်း ကြသည်။ )

သတို့ သား သည်သတို့ သမီး အတွက် ရည်ရွယ်ထား သော လက်စွပ်ကိုယူ၍သတို့ သမီး ၏လက်ဝဲဖက် လက်သူကြွယ်တွင်စွပ် ပေး သည်။ ထိုအခိုက် အောက်ပါအတိုင်း ပြောဆိုရသည်။

သား ။ ။ မ . . . ကျွန်တော်၏ ချစ်ခြင်း မေတ္တာနှင့်ဂုဏ်သစ္စာ တည်ခြင်း အထိမ်း အမှတ်အဖြစ် ခမည်း တော်၊ သားတော် သန့်ရှင်း သောဝိညာဉ် တော်၏နာမ တော်၌ ဤလက်စွပ် ကိုလက်ခံပါ။

၎င်း နောက် ချစ်ခြင်း မေတ္တာနှင့်ဂုဏ်သစ္စာတည်ခြင်း ၏အထိမ်း အမှတ်အဖြစ်လက်စွပ်များ (သို့မဟုတ်) လက်စွပ်နှင့်လွယ်အိတ်၊ ဓါး လွယ် တို့ကိုအပြန်အလှန်အပ်နှင်း စေသည်။

၎င်း နောက်လက်ထပ်ထိမ်း မြား ခြင်း လက်မှတ်တွင် ၊ သတို့ သား မှဦး စွာလက်မှတ် ရေး ထိုး ရသည်။ ၎င်း နောက်သတို့ သမီး၊ ၎င်း နောက်သတို့ သားအရံနှင့်အနည်း ဆုံး အခြား သက် သေနှစ်ဦး တို့ကလည်း အသီးသီး လက်မှတ် ရေး ထိုး ရသည်။ ပြီး လျှင်ဘုန်း တော်ကြီး မှလက်မှတ် ရေး ထိုး ပြီးသတို့ သား နှင့်သတို့ သမီး သို့ ပေး အပ်သည်။

ထို့ နောက်ဆက်လက်၍အ ထွေ ထွေဆု တောင်း ခြင်း ကိုပြု ကြ သည်။

ထို့သို့ထိမ်း မြား ဆု တောင်း ခြင်း ပြီးသော်ဘုန်းတော်ကြီး နှင့်အတူ၊ သူ၏တရား ဆောက် များ က မဏ္ဍား ပလ္လင်ထက် မှဦး စွာထွက် ခွာသည်။ ပြီး လျှင်သတို့ သား နှင့်သတို့ သမီး သည်ယှဉ်တွဲလျက်အပျိုရံ၊ လူပျိုရံများ နှင့် အတူ ဘုရား ကျောင်း တော်မှထွက် ခွာသည်။ ၎င်း တို့၏ နောက်တွင်မှ ပရိသတ်တို့ကလိုက် ပါကြလျက်သတို့ သား ၏ နေအိမ်၌ မင်္ဂလာမဏ္ဍပ်သို့သွား ကြသည်။

မဏ္ဍပ်သို့ဝင်ရာတွင်ပန်း ကိုင် သော (၇) နှစ် (၈) နှစ် အ ရွယ် မိန်း က လေး နှစ်ဦး သည် ရှေ့ဆုံး မှယှဉ်၍လည်း ကောင်း ၊ ၎င်းတို့၏နောက် တွင်သတို့ သား ၏လက် ဝဲ ဖက်တွင်သတို့ သမီး က နေရာယူပြီး ယှဉ်တွဲလျက်လည်းကောင်း ၎င်း တို့၏ နောက်တွင်အရံသတို့ သား နှင့်သတို့ သမီး သည်ယှဉ်တွဲလျက်လည်းကောင်း နောက်တွင်ပန်း ဖြင့်ပန်း ခံ သော (၇) နှစ် (၈) နှစ် ရွယ် ယောက်ျား လေး နှစ်ဦး သည်ယှဉ်တွဲလျက်လည်း ကောင်း ၊ ၎င်း တို့၏ နောက်၌သတို့ သား ၏ မိဘနှစ်ပါး နှင့် နောက်တွင်သတို့ သမီး ၏ မိဘနှစ် ပါး သည်လည်း ကောင်း ၊ ၎င်း တို့၏နောက် တွင်အခြား ဆွေမျိုး များ အသီး သီး စီတန်း ၍ ဝင်ကြသည်။

မင်္ဂလာမဏ္ဍပ်တွင်ဖိတ်ကြား ထား သော ဧည့်ပရိသတ်တို့ရောက် ရှိနေကြပြီး ၊ ဘုရား ကျောင်း မှ ရောက်ရှိလာကြ သောသတို့ သား နှင့်သတို့သမီး တို့၏ ဆွေး မျိုး များ ကလည်း ထပ်မံ နေရာယူကြသည်။ ၎င်း နောက် ကျောင်းတော် မှ လိုက် ပါလာ သော ဘုန်း တော်ကြီး (သို့မဟုတ်) သင်း ထောက်ဆရာ တော်တယောက်က ထပ်မံ၍ဆု တောင်း သမှုပြုသည်။ ဤ နေ့ ရက်သည် မောင် . . . နှင့်မ . . . တို့၏

# KAHTAWLIK HPUNG HKUNGRAN LEKMAT
## ကာသိုလိပ်လက်ထပ်ထိမ်းမြားခြင်းလက်မှတ်

| | |
|---|---|
| La nnan<br>သတို့သား ________ | Num nnan<br>________ သတို့သမီး |
| mying ________ | ________ အမည် |
| Shangai nhtoi ________ | ________ မွေးနေ့သက္ကရာဇ် |
| shara ________ | ________ နေရာ |
| Nga shara ________ | ________ နေရပ် |
| Kawa a mying ________ | ________ အဘအမည် |
| Kanu a mying ________ | ________ အမိအမည် |
| Sakse hkam ai ni ________ | ________ အသိသက်သေများ |
| Hkungran ya ai Wa<br>ထိမ်းမြားပေးသူ ________ | ________ Hkungran ai shara<br>ထိမ်းမြားသည့်နေရာ |
| Lekmat Jaw ai Wa<br>လက်မှတ်ထုတ်ပေးသူ ________ | ________ Lekmat jaw ai nhtoi<br>လက်မှတ်ထုတ်ပေးသောရက်စွဲ |

ဆက်ထင်ထိမ်း မြား မင်္ဂလာ နေ့ကောင်း ရက်မြတ်ဖြစ် ကြောင်း ၊ ထာဝရ ဘုရား သခင်ကောင်း တို့နှစ်ဦး အပေါ် ကောင်း ချီး ပေး ပါမည့်အ ကြောင်း ၊ မင်္ဂလာအခမ်း အနား အထ မြောက်ခြင်း အထိမ်း အမှတ်အဖြစ်သတို့ သား နှင့် သတို့ သမီး သည် <u>မင်္ဂလာကိတ်မုန့်</u>[1] ကို ခွဲကြမည်ဖြစ် ကြောင်း ပြောဆိုသည်။ ၎င်းနောက် သတို့ သား သည်သတို့ သမီး လွယ်ထား ပေး သော ဓါး လွယ်မှ ဓါး ကိုဆွဲထုတ်ကာ ၊ သတို့ သမီး နှင့် နှစ်ဦး အတူ ဓါး ကိုင်၍ ရွှေထွင်အဆင်ရှိ ခင်း ကျင်း ထား သော မင်္ဂလာကိတ် မုန့်ကိုထက်ခြမ်း ခွဲကာ ဓါး ကိုပြန် သိမ်း လိုက်သည်။

အင်ဂျန်နီ ကျေး ရွာ နေက ချင်းလီဂိတ်ဘာ သာ ဝင်ဂျန် ဖေချတို့သည် ဓမ္မ ဆ ား ဖြင့်ဘုရား ကျောင်း တွင်လက်ထပ်ထိမ်း မြား စဉ် သတို့ သား ၊ သတို့ သမီး နှင့်အရံတို့သည် မိမိတို့ဖြ ပိုး ရာဝတ်စုံကိုအပြည့်အစုံဝတ်ဆင်ကြသည်။ မင်္ဂလာကိတ်မုန့်ခွဲပြီး သည့်နှင့်ဘုန်း တော်ကြီး (သို့မဟုတ်) သင်း ထောက်ဆရာ က ဆုမွန် ဆုမွေး အတွက်ဘုရား သခင်အား ကျေး ဇူး သဖြူ ဟယတင်ပြီ ကြောင်း ဆု တောင်း ပေးကြ ား သည်။ ပြီး လျှင် ကျေး ရွာလူငယ် များက ချက် ပြုတ်ထား သော ထမင်း ဟင်း လျာ များ ကို စတင် ကျွေး မွေး ကြသည်။ ၎င်းနောက် သတို့သား ၊ သတို့သမီး နှင့်အရံတို့က သတ်မှတ်ထား သော အခန်း အသီး သီး တွင်အနောက်တိုင်း ဝတ်စုံ (သို့မဟုတ် )ယနေ့ ခေတ် ပေါ်အဝတ်အစား များ ကိုလဲလှယ် ဝတ်ဆင်ကြသည်။

သတို့ သား ၊ သတို့ သမီး တို့အဝတ်အစား လဲလှယ်စဉ် ၊ ၎င်းတို့ ထက်ခြမ်း ခွဲထား သော မင်္ဂလာကိတ် မုန့်ကိုလူငယ်အချို့ကအတုံး သေးသေး လေး များ တုံး စိတ်ကြသည်။ သတို့ သား ၊ သတို့ သမီး တို့အဝတ်လဲလှယ်ပြီး ချိန်တွင် မင်္ဂလာ ကိတ် မုန့်ကိုလည်း လှီး ဖြတ်ပြီး ရသည်။ ၎င်း ကိတ် မုန့်တုံး က လေး များ ထည့်ထား သော ဗန်း ကိုအရံသတို့ သမီး ကကိုင် ထောင်ကာ သတို့ သား နှင့်သတို့ သမီး ယှဉ်တွဲ၍ မဏ္ဍပ်အတွင်း စား သောက် နေကြ သော ရပ်ဝေး ရပ်နီး ဆွေမျိုး မိတ်သင်္ဂဟအား လုံး ကိုလိုက်လံ မိတ်ဆက် ရသည်။ သတို့ သမီး ဖက်မှ ဆွေမျိုး များ ကိုသတို့ သား အား သတို့ သမီး ဖက်မှ မိတ်ဆက် ပေး ပြီး ၊ သတို့ သား ဖက်မှ ဆွေမျိုး များကို သတို့ သမီး အား သတို့ သား က မိတ်ဆက် ပေး သည်။ ၎င်း တို့အား လုံး အား မိတ် မဆက် မီကိတ် မုန့်တုံး က လေး တတုံး စီကို ခရင်း ဖြင့်ထိုး ၍ ၊ သတို့ သမီး က ခွံ့ရသည်။ အခွံ့ ခံရသူကလည်း ၊ မိမိကိုမည်သို့ တော်စပ် ကြောင်း ( ဥပမာ – ဦး လေး ၊ ဘကြီး ၊ အဒေါ် )ပြန်လည် ပြောဆိုရသည်။ ၎င်းသို့ဖြင့်တဝိုင်း ပြီး တဝိုင်း ချည်ပရိသတ်ကုန်သည့် အထိလိုက်လံ၍ ကျွေး ကာ မိတ်ဆက် ရသည်။

မဏ္ဍပ်ထဲတွင် ကျွေး မွေး ဧည့်ခံခြင်း ပြီး ဆုံး သွား ပါက မင်္ဂလာပွဲ ဖြစ် မြောက် ရေး အတွက် ၊ အသီး သီး တာဝန်ယူထား ကြသူ များ ထံလိုက်လံ မိတ် ဆက် ကျေး ဇူး တင်စကား ပြောကြ ား ကြရသည်။ ၎င်းတွင်ချက်ပြုတ် ရေး ၊ အိုး ခွက် ပန်းကန် ဆေး ကြော ရေး ၊ ရေသယ် ရေး အစရှိသည့်တာဝန်အသီး သီး ကို ဆောင်ရွက် ရသူ တို့က ၊ မိမိတို့မှာအလွန် ပင်ပန်း လှပြီဖြစ် ကြောင်း ၊ အပန်း ဖြေ ရေး အတွက်တစုံ

၁။ Wedding Cake

တစ်ရာလုပ်ပြမှသာ ကျေနပ်နိုင်မည်ဖြစ်ကြောင်း စနောက်ကြသည်။ မဏ္ဍပ်တွင်ချိတ်ဆွဲထားသော အသားတုံးကို သတို့သားက သတို့သမီးအား ငွေချိပ်ပဲ့ စဉ်ဖြင့်ကိုက်ယူစေခြင်း ၊ လေအနည်းငယ်သာ မှုတ်သွင်းထားသော ပုစီဆောင်းကို နှစ်ဦးသား၏ ရင်ဘတ်ကြားတွင်ထည့်ပြီး လက်အကူအညီမပါဘဲ ရင်ချင်းကပ်၍ ခွဲစေခြင်း ၊ သတို့သမီးကို ကျောပိုး၍ တပတ် လျှောက်ပြစေခြင်း ၊ သကြားလုံး တလုံးတည်းကို ပါးစပ်ချင်းဖြင့်သာ နှစ်ဦးသား ခွဲဝေစားသုံးစေခြင်း စသည်ဖြင့် မရအရ ခိုင်းစေကာ နောက်ပြောင်ကြသည်။ သတို့သားနှင့်သတို့သမီး သည်လည်း ကူညီဆောင်ရွက်ပေးသူများ ကျေနပ်မှုရှိအောင် ရွှင်ရွှင်ဖြင့်ပင် လုပ်ဆောင်ပြရပေသည်။ ထိုသို့စရင်း နောက်ရင်းဖြင့်ပင် မင်္ဂလာအခမ်းအနားကို အပြီးသတ်ကြလေသည်။ သတို့သား နှင့်သတို့သမီးတို့သည်ထို နေ့ညတွင်ပင်အထူး ပြင်ဆင်ထားသော မင်္ဂလာဒီဝ်ခန်း ထဲတွင်၊ အတူတကွဒီဝ်စက်တော်အကြင်လင်မယားဘဝသို့ ရောက်ကြရသည်။

နှစ်ခြင်း အသင်း တော်ဝင်တို့ကျင်းပပုံမှာ – ဖိတ်ကြားထားသော ဧည့်ပရိသတ်များ ရောက်ရှိလာပြီး သတ်မှတ်ထားသော မင်္ဂလာအချိန်သို့ ရောက်သောအခါ၊ သတို့သားသည် အရံသတို့သား နှင့်အတူ မင်္ဂလာမဏ္ဍပ်အတွင်း သတ်မှတ်ထားသော နေရာအသီးသီးတွင် နေရာယူကြရသည် ။ လက်ထပ်ပေးမည့်သင်းအုပ်ဆရာကလည်း လက်ထပ်စားပွဲတွင်အသင့် ရောက်နေရသည်။ ထိုအချိန်တွင်သတို့သမီးသည် သတို့သားဘက်မှလာရောက်ကြိုဆိုသူများ ၊ မိဘဆွေမျိုးများနှင့်အတူတကွ မင်္ဂလာမဏ္ဍပ်အပေါက်ဝသို့ ရောက်ရှိလာရသည်။ မဏ္ဍပ်အဝသို့ ရောက်သောအခါလိုက်ပါပို့ဆောင်သောလူကြီးများနှင့် မိဘဆွေမျိုးများအားလုံးကို မဏ္ဍပ်အတွင်းတွင် နေရာချပေးရသည်။ မိဘဆွေမျိုးများအားလုံး နေရာယူကြစဉ် သတို့သမီးသည်အရံ၊ သတို့သမီးကို အပ်နှင်းပေးမည့်လူကြီးတစ်ဦးနှင့်အတူ မဏ္ဍပ်အပေါက်ဝတွင် ခေတ္တရပ်နေရသည်။ မိဘဆွေမျိုးများ နေရာယူပြီးသောအခါ၊ သတို့သမီး အပ်နှင်းမည့်လူကြီးဦးဆောင်ကာသတို့သမီးသည်အရံနှင့်အတူ ဝင်လာရသည်။ သတို့သမီး ဝင်လာစဉ်သင်းအုပ်ဆရာကြီးမှဦးဆောင်၍သတို့သား အပါအဝင်ပရိသတ်အားလုံး မတ်တတ်ထရပ်ကာကြိုဆိုကြသည်။ သတို့သမီးသည်သင်းအုပ်ဆရာကြီး၏ လက်ထပ်စားပွဲအနီး ရောက်သောအခါပရိသတ်အားလုံး ပြန်ထိုင်ကြသည်။

၄င်းနောက်သတို့သမီး အပ်နှင်းမည့်သူက သတို့သားကို လက်ထပ်ရန်အပ်နှင်းကြောင်း ပြောကြားသည်။ ဥပမာအားဖြင့် –“မရမ်အမျိုးအနွယ်များသည်အင်ခွန်အမျိုး အနွယ်များကိုလက်ထပ်ထိမ်းမြားရန်ထုံးစံရှိသည့်အတိုင်း ကဆာ များ စေလွှတ်၍ စေ့စပ်တောင်းရမ်းသည်ကိုကျွန်တော်တို့တစ်ဆွေလုံး တစ်မျိုးလုံး က ဝမ်းမြောက်ဝမ်းသာကြိုဆိုလက်ခံခဲ့ပြီး ၊ ယခုကျွန်တော်တို့၏သမီး „ မ . . . .ကို ဤသင်းအုပ်ဆရာ၏ ရှေ့မှောက်တွင်လက်ထပ်ရန် အပ်နှင်းပါသည်” စသည်ဖြင့်အပ်နှင်းပါကြောင်း အကျယ်တဝင့် ပြောကြားသည်။



သင်းအုပ်ဆရာကသတိုးသားနှင့်သတိုးသမီးကိုလက်ထပ်စေ၍ဆုတောင်းပေးနေပုံ



မင်္ဂလာကိတ်မုံ့ကို  ခွဲရန်ပြင်ဆင်နေပုံ

ထိုသို့အဝင်နှင်းပြီး ချိန်တွင်သင်းအုပ်ဆရာမှသတို့သမီးနှင့် အရံအား၊ သတို့သား၏ဘေးတွင် ယှဉ်တွဲ၍ နေရာယူထိုင်စေပြီး၎င်းနောက် ခရစ်ယာန်ကျမ်းစာထဲမှ သီချင်းအမှတ်(၃၃၄)ကိုသင်းအုပ်ဆရာမှဦးဆောင်ကာသတို့သား၊ သတို့သမီးနှင့်ပရိသတ်အားလုံး သီဆိုကြပါသည်။ ထိုသီချင်းသည် ခရစ်တော်သက်တော်ထင်ရှားရှိစဉ်ပါလက်စတိုင်းဒေသ၊ ကာနာဆိုသည့်ရွာတွင်မင်္ဂလာပွဲတက်ရောက်စဉ်မင်္ဂလာကောင်းချီးပေးကာသီဆိုခဲ့သော သီချင်းဖြစ်သည်။ သီချင်းသည်မင်္ဂလာပွဲတွင် တိုက်ကျွေးသောစပျစ်ရည်များကုန်ဆုံးပြတ်လပ်သွားသည်တွင်စပျစ်ရည်အစား ရေကိုအစားထိုးတိုက်ကျွေးသော်လည်း ချိုမြိန်ကြောင်းအဓိပ္ပါယ်ရသည်။

၎င်းနောက်သင်းအုပ်ဆရာသည်မင်္ဂလာအခမ်းအနားကို ဘုရားသခင်ထံအပ်နှင်းသည်။ ရှေးကအာဒံဦး အစလူကိုဘုရားသခင်ဖန်ဆင်းစဉ်ကပင်လူသားအမျိုးသားနှင့်အမျိုးသမီးတို့အိမ်ထောင်ပြုကြစေရန်အကြံတော်ရှိသည့်ဘုရားသခင်၏အစီအမံအတိုင်း ယှဉ်ဝင်တို့လက်ထပ်ထိမ်းမြားမင်္ဂလာပွဲကျင်းပနေခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကြောင့်ကျင်းပပြုလုပ်နိုင်သောဤမင်္ဂလာပွဲကိုဘုရားသခင်ကိုယ်တော်တိုင်ပါဝင်စောင့်ရှောက်ပေးတော်မူပါ။

၎င်းနောက်သင်းအုပ်ဆရာကြီးသည်သတို့သား၏လက်ျာလက်နှင့်သတို့သမီး၏လက်ျာလက်ကိုဆွဲယူကာ လက်ဖဝါးချင်းဆုပ်ကိုင်ထားစေသည်။ သင်းအုပ်ဆရာသည်၎င်းတို့နှစ်ဦးဆုပ်ကိုင်ထားသောလက်တို့အပေါ်မှ၎င်း၏လက်ဖြင့်အုပ်မိုးဆုပ်ကိုင်ကာသတို့သားကိုဦးစွာမေးမြန်း၍သစ္စာဆိုစေသည်။

၎င်းနောက်သတို့သားနှင့်သတို့သမီးတို့အား အသင့်ယူဆောင်လာကြသောလက်စွပ်၊ လွယ်အိတ်နှင့်ဓါး လွယ်တို့ကိုအပြန်အလှန်ပေးအပ်စေသည်။ ၎င်းနောက်သင်းအုပ်ဆရာသည်မိမိနေရာတွင်ပြန်ထိုင်ပြီး လက်ထပ်လက်မှတ်တွင်သတို့သား၊ သတို့သမီးနှင့်အရံများ၊ သက်သေလူကြီးများ၏အမည်နာမတို့ကိုဖြည့်စွက်ရေးသားသည်။ ပြီးလျှင်သတို့သားအား ဦးစွာလက်မှတ်ရေးထိုးနိုင်းသည်၊ ပြီးလျှင်သတို့သမီးကိုလက်မှတ်ရေးထိုးစေသည်။ ၎င်းနောက် အရံသတို့သားနှင့်သတို့သမီးကိုလည်းကောင်း၊ ၎င်းနောက်သက်သေအဖြစ် အမျိုးသမီးဘက်မှလူကြီးတစ်ဦးကိုလည်းကောင်း၊ နောက်ဆုံးတွင်သတို့သားဘက်မှသက်သေလူကြီးကိုလည်းကောင်း၊ အသီးသီးရေးထိုးစေသည်။ ၎င်းနောက်တွင်သင်းအုပ်ဆရာမှလက်မှတ်ရေးထိုးပြီး နောက် ယနေ့သင်းအုပ်ဆရာတာဝန်ကိုထမ်းဆောင်နေသောကျွန်တော်ဦး ...သည်ဘုရားသခင်၏အမှုတော်ဆောင်တယောက်အနေဖြင့်လုပ်ပိုင်ခွင့်အရသော်လည်းကောင်း၊ နိုင်ငံတော်ဥပဒေ၏ခွင့်ပြုချက်အရသော်လည်းကောင်း၊ မောင် ... နှင့်မ .... သည်



သတိုးသားကသတိုးသမီးကိုလက်စွပ်

ဝတ်ပေးနေပုံ



သတိုးသမီးကသတိုးသား

ကိုအိတ်နှင့်ဓါးလွယ်

သိုင်းပေးနေပုံ

၎င်းဆော်ဥပဒေအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ တရားဝင်အကြင်လင်မယားဖြစ်သည့်အကြောင်း၊ သက်သေဖြစ်သော ဤထိမ်းမြားမင်္ဂလာလက်မှတ်ကိုကျွန်ုပ်အပ်နှင်းပါသည်ဟုပြောကြားကာ သတို့သားနှင့်သတို့သမီးကိုပေးအပ်သည်။ သတို့သားနှင့်သတို့သမီးတို့အလက်နှစ်စုံဖြင့်လက်ခံယူကြသည်။

၎င်းနောက်သင်းအုပ်ဆရာမှမင်္ဂလာအခမ်းအနားအထမြောက်ခြင်းအထိမ်းအမှတ်အဖြစ်၊ သတို့သားနှင့်သတို့သမီးသည် မင်္ဂလာကိတ်မုန့်ကိုခွဲကြမည်ဖြစ်ကြောင်းပြောကြားသည်။ ဤတွင်သတို့သားသည် သတို့သမီးလှမ်းပေးထားသောငွေဓါးလွယ်မှဓါးကိုဆွဲထုတ်ကာ သတို့သမီးနှင့်အတူကိုင်လျက်အသင့်ခင်းကျင်းထားသောမင်္ဂလာကိတ်မုန့်ကိုယက်ခြမ်းခွဲလိုက်သည်။ သင်းအုပ်ဆရာမှ ဤကဲ့သို့လက်ထပ်မင်္ဂလာအခမ်းအနားကိုချောမွေ့စွာပြီးစီးအောင်ဆောင်ရွက်နိုင်ပါကြည့်ရှုကူညီစောင်မပေးသောဘုရားသခင်အားအထူးကျေးဇူးဥပကာရတင်ရှိပါကြောင်းပြောကြားသည်။ ၎င်းနောက်သင်းအုပ်ဆရာနှင့်တကွ ပရိသတ်အားလုံးကိုမတ်တပ်ရပ်ကာအခမ်းအနားအောင်မြင်စွာပြီးဆုံးခြင်းအဓိပ္ပါယ်ကိုဆောင်သည့်ဘာသာရေးသီချင်းတစ်ပုဒ်ကိုသီဆိုကြသည်။

၎င်းနောက်သင်းအုပ်ဆရာကသတို့သားနှင့်သတို့သမီးတို့မှဉ်တွဲကာပရိသတ်ကြားမှ ဖြေးညှင်းစွာလျှောက်လှမ်းထွက်စေသည်။ ထိုအခါသတို့သားနှင့်သတို့သမီးနှစ်ယောက်ရှေ့တွင်မိန်းမငယ်လေးနှစ်ဦးက ပန်းကြဲကာဦးဆောင်၍ထွက်သည်။ သတို့သားနှင့်သတို့သမီးနောက်တွင်အပျို၊ လူပျိုတို့ကလည်းကောင်း၊ ၎င်းတို့၏နောက်တွင်ပန်းခံသောပန်းကိုကိုင်သည့်ယောကျ်ားငယ်လေးနှစ်ဦးကလည်းကောင်း ပါဝင်ကာထွက်ခွာကြသည်။ မဏ္ဍပ်မှထွက်ခွာလာပြီး နေအိမ်ပေါ်သို့တက်ရသည်။ သတို့သား၏မိခင်ကလှေခါးရင်းထိပ်(သို့မဟုတ်)အိမ်ဝမှကြိုဆိုကာဂျိန်းဖောပွီးရာပုတီးတကုံး (သို့မဟုတ်) ရွှေဆွဲကြိုးတစ်ကုံးကိုဆွဲပေးပြီး မင်္ဂလာအိပ်ခန်းကိုခေါ်သွားသည်။ သတို့သား၊ သတို့သမီးနှင့်အရံတို့သည်လက်ထပ်စဉ်ကဝတ်ဆင်ထားသောပိုးရာဝတ်စုံများကိုအနောက်တိုင်းဝတ်စုံ(သို့မဟုတ်) ယနေ့ခေတ်ဖက်ရှင်အဝတ်အစားနှင့်သော်လည်းကောင်းလဲလှယ်ဆင်မြန်းကြသည်။

ထိုစဉ်မင်္ဂလာမဏ္ဍပ်အတွင်းတွင်ရှေ့ပွဲလာဧည့်ပရိသတ်ကို ချက်ပြုတ်ထားသောထမင်းဟင်းတို့ဖြင့်ဧည့်ခံကျွေးမွေးသည်။ လူငယ်အချို့က မောင်မယ်စုံခွဲခြမ်းထားသောကိတ်မုန့်ကြီးကိုအတုံးငယ်ကလေးများဖြစ်အောင်လှီးဖြတ်ကြသည်။ သတို့သားနှင့်သတို့သမီးတို့သည်ဝတ်စုံသစ်ဖြင့်

## Hkalup Hkristan Hkungran Sakse Laika.
နှမ်မြင်းဧရှစ်ယာန် လက်ထပ်မင်္ဂလာ သက်သေခံလက်မှတ်

Nambat ........
အမှတ်စဉ်

La a mying............................................ Asak............
ယောက်ျားအမည် အသက်

Nga shara ............................................ ..................
နေရပ်

Num a myiug........................................ Asak............
မိန်းမအမည် အသက်

Nga shara ............................................ ..................
နေရပ်

La a kanu kawa ............................................
ယောက်ျား၏မိဘ

Num a kanu kawa ............................................
မိန်းမ၏မိဘ

La wa a ta masat ............................................
ယောက်ျားလက်မှတ်

Num jan a ta masat ............................................
မိန်းမလက်မှတ်

Sakse ni a ta masat ............................................
သက်သေများလက်မှတ်

............................................

............................................

Lakmai jaw ai wa ............................................
လက်မှတ်ပေးသူ

Nhtoi ............................................
နေ့စွဲ

Hanson Memorial Press, Shanzu, Myitkyina. (0106'4 01496)

# HKALUP HKRISTAN HKUNGRAN SAKSE LAIKA
နှမ်မြင်းဧရှစ်ယာန် လက်ထပ်မင်္ဂလာ လက်သေခံလက်မှတ်၊

| Nambat<br>အမှတ်စဉ် | Hkungran nhtoi<br>လက်ထပ် မင်္ဂလာ ပြုသည့်နေ့ | La a mying. Shabrang / shingkra, nga shara.<br>ယောက်ျားအမည်၊ မှဆိုးဖို သို့ မဟုတ် လူပျို၊ နေရပ်၊ | Asak<br>အသက် | Num a mying Mahkawn / gaida, nga shara.<br>မိန်းမအမည်၊ မုဆိုးမ သို့ မဟုတ် အပျို၊ နေရပ်၊ | Asak<br>အသက် | Kanu kawa a myıng<br>မိဘအမည် | Hkungran ai yan hte lahkawng maga na myitsu law htum marai lahkawng a sakse ta masat.<br>လက်ထပ်သူတို့၏ လက်မှတ်နှင့် လက်ထပ်သူတို့ နှစ်ဦးနှစ်ဘက်မှ အနည်းဆုံးသက်သေနှစ်ယောက် လက်မှတ်၊ |
|---|---|---|---|---|---|---|---|
| | | | | | | | |

Ngai.................................. gaw, dai ni 19. ning .................. shata............ shani, Hkalup Hkristan Hpung htung hte maren, Karai Kasang a magam gun wa hku nna mung, Hpung masha ni ap da ai ahkaw ahkang hte mung, Karai Kasang a man, du sa ai shawa masha ni a man e hkungran ya ni ai.

ခုနှစ် ........ လ ........ ရက်နေ့တွင် ဘုရားသခင်နှင့် ပရိသတ်ရှေ့၌ ...... နှင့် ...... က လက်ထပ်မင်္ဂလာပြုပြီးကြောင်း သက်သေခံပါသည်၊

Ta masat ............................................
လက်မှတ်

Ahkang aya ............................................
ရာထူးအမည်

Hpung myıng ............................................
အသင်းတော်အမည်



သတိုးသားလက်ထပ်လက်မှတ်

ရေးထိုးနေပုံ



သတိုးသမီး လက်ထပ်

လက်မှတ်ရေးထိုးနေပုံ

မဏ္ဍပ်အတွင်း စားသောက်နေကြသော ဆွေမျိုး ဧည့်ပရိသတ်တို့ကိုကိတ်မုန့်တုံးကလေးများနှင့် ကျွေး၍လိုက်လံမိတ်ဆက်ကြသည်။ မင်္ဂလာမဏ္ဍပ်ထဲတွင်ဧည့်ခံ ကျွေးမွေးမှုပြီး ဆုံးသွားပါက၊ မင်္ဂလာအခမ်းအနားတွင်တာဝန်အသီးသီးယူထားရသောလူငယ်၊ လူကြီး အချို့တို့က ခင်မင်ရင်းနှီးစွာ နောက်ပြောင်ကြသည်။ နောက်ပြောင်မှုများ ဖြင့်မင်္ဂလာပွဲကို ပျော်ရွှင်စွာအဆုံးသတ်ကြသည်။ ထို့နေ့ညမှာပင် အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ကြတော့သည်။ ရပ်ဆွေရပ်မျိုး တို့သည်မင်္ဂလာပွဲအစမှအဆုံး အထိကူညီ ဆောင်ရွက်ပေး ကြသည်။ အခမ်းအနား အကျွေးအမွေး ပြီးဆုံး၍ မဏ္ဍပ်ဖျက်သိမ်းခြင်း၊ ငှားရမ်းထားသော ပစ္စည်းပစ္စယများ ပြန်လည်ပေး ပို့အပ်နှံခြင်း၊ စသည်တို့ ကိုပြီး မြောက်သည်အထိကူညီကြသည်။

လက်ထပ်ထိမ်းမြားရာ၌ဘာသာရေး အသင်းတော်အရ အနည်းငယ်ကွဲပြားသော်လည်း သဘောတရားချင်း မှာအတူတူသာဖြစ်သည်။ ရှေး ခေတ်နတ်ကိုး ကွယ်စဉ်ထိမ်းမြားမှုနှင့်ကား အတော်ကွာခြားသွား ကြောင်း တွေ့ရသည်။ ကျွေး မွေး ဧည့်ခံပုံနှင့်အခမ်း အနား ပြင်ဆင်ပုံသည် ငွေကြေး ကြွယ်ဝသူနှင့်ဆင်းရဲနွမ်းပါး သူများ အကြား ကွာဟမှုရှိသည်ကို တွေ့ရသည်။ ငွေကြေး တတ်နိုင်သူများ တရုတ်များ ကိုငှား ရမ်း ချက်ပြုတ်စေပြီး တရုတ်အစား အစာဖြင့်ဧည့်ခံကြသော်လည်း အလွန်နွမ်း ပါး သူတို့က မူဘာသာရေးဆရာနှင့်နှစ်ဖက်လူကြီး မိဘအယောက်အစိတ်၊ သုံး ဆယ်ခန့်မျှဖြင့် သင့်တင့်သောထမင်း ဟင်း လျာကို ကျွေး မွေး ကာအကျဉ်း ချုံး ကျင်း ပကြသည် ကိုလည်း တွေ့ရသည်။

ယခု ခေတ်အင်ဂျန်ဒို့ ကျေး ရွာ နေ ဂျိန် ဖော့အချို့တို့က မင်္ဂလာအခမ်း အနား များ သည်ကုန်ကျစရိတ်များ လှသည်ဟုညည်း တွား ကြသည်။ လက်ထပ်မင်္ဂလာပွဲပြုလုပ်ခြင်း ဖြင့်ဂုဏ်ယူလိုကြသော်လည်း ငွေကြေး ကုန်ကျလွန်း မှုကြောင့်စိတ်ပျက် နေသူများ လည်း ရှိသည်။ အထူး သဖြင့်မင်္ဂလာပွဲချိန်တွင် ၊ သတို့ သား မိဘနှင့်သက်ဆိုင်သော ဆွေ မျိုး များ ကလည်း ကောင်း ၊ သတို့ သမီး မိဘနှင့်သက်ဆိုင်သော ဆွေမျိုး များ ကလည်း ကောင်း ပေး ပို့လာသော လက် ဆောင်ပစ္စည်း များ အတွက်သတို့ သား ဖက်မှပြန်လည်တုံ့ပြန် ပေး အပ်ရ သော ဓလေ့ထုံး စံသည်အနှစ်သာရအား ဖြင့် ကောင်း မွန် သော်လည်းလက်တွေ့ တွင်အခက်အခဲများ ရှာကြုံကြိုက်ကြရသည်။ ထိမ်း မြား မင်္ဂလာပွဲ ကြောင့်အကြွေး ပင်လယ်တွင်နစ် မျောကြရသည်များ လည်း ရှိသည်။

လက်ထပ်မင်္ဂလာအခမ်း အနား ကျင်း ပ၍တည် ထောင်ခဲ့သော အိမ် ထောင် ရေး သဘောတရား ဝင်သည်။ နိုင်မြဲသည်ဟု ဂျိန် ဖော့တို့က မှတ်ယူ ထား ကြသည်။ ထို့ကြောင့်တစုံတရာ သောအကြောင်း ကြောင့်လက်မထပ်ဖြစ် သော် ငြား အတူ ပေါင်း သင်း နေထိုင်ကြပြီး သား သမီး ထွန်း ကား လာသည့်နောက်

ဇိုင်း ၌ပင်တရားဝင်လက်ထပ်မင်္ဂလာအခမ်းအနား ကိုကျင်းပကြသည်ကို တွေ့ရသည်။ ထို့ကြောင့်ဂျိန်ဖော့လူမျိုး တို့၏လက်ထပ်ထိမ်းမြားမှုမှာ လူထုံးစံသည်လိုက်နာရန်တာဝန်ကြီးလှ သော်လည်း ၊ စွန့်ပယ်၍မရနိုင်သောမှန်မြတ်သည့်ယဉ်ကျေးမှုမှာ လူထုံးစံတရားဝင်ဖြစ်နေကြောင်း လေ့လာတွေ့ရှိရသည် ။

အင်ဂျန်ဒုံ ကျေးရွာ နေဂျိန်ဖော့တို့၏အိမ်ထောင်ဖက် ရွေးချယ်ခြင်း ကို လေ့လာသုံးသပ်ကြည့်ပါက ဒေသပတ်ဝန်းကျင်လွှမ်းမိုး မှု နှင့်ဘာသာရေး လွှမ်းမိုး မှုတို့ ကြောင့် ပြောင်းလဲမှုရှိလာသည်ကို တွေ့ရသည်။

အပျို၊ လူပျိုဘဝနှင့်ပတ်သက်၍ ရှေး ခေတ် တောင်ပေါ် ဒေသတွင်လိင်မှုကိစ္စကိုလွတ်လပ်ခွင့်အပြည့်အဝ ပေး ထား သော်လည်း ၊ ယနေ့ အင်ဂျန်ဒုံ ကျေး ရွာ နေသမီး ရှင်မိဘများ အနေဖြင့် ပိတ်ပင်တားဆီး မှုမျိုး စုံကိုပြုကြကြောင်း တွေ့ရသည်။ ပတ်ဝန်း ကျင်မြို့ပြ နေ ဗိုင်းကောင်းကျောက် ဖိသား သမီး မျိုး ဖြစ်ထွန်း ရန်ဆန္ဒရှိကြသည်။ မည်သို့ပင်ဆို စေကာမူ ဂျိန်ဖော့ သမီးပျိုတို့သည်လွတ်လပ်မှုကိုမြတ်နိုး ကြသည်။

လူပျို၊ အပျိုလှည့်ခြင်း နှင့်ပတ်သက်၍ ရှေး ကကဲ့သို့ အပျို လူပျိုခန်း ၊ အပျိုလူပျိုဂေဟာလုံး ဝမထား ရှိ တော့ပဲ၊ စာသင် ကျောင်း ၊ ဘုရား ကျောင်း ၊ ထိမ်း မြား မင်္ဂလာအခမ်း အနား ၊ အသုဘအခမ်း အနား တို့တွင် တွေ့ဆုံခြင်း ဖြင့်အစပြုကာအား လပ်ချိန် များ တွင်အိမ်လည်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း ၊ အပန်း ဖြေ ရိပ်သာများ သို့လည်ပတ်ခြင်း ဖြင့် တွေ့ဆုံရင်း နှီး ကြသည်။ ရှေး ကကဲ့သို့မြင်မြင်ချင်း ကိုယ်လက်နှီး နှော မှုပြုခြင်း များ တစ တစနည်း ပါး လာကြသည်။ သို့သော်အစဉ်အလာ ပျိုး ရာဓလေ့သည်ကား လုံးလုံး ပျောက်ကွယ်သွား ခြင်း မရှိ သေး သည်ကို တွေ့ရသည်။

လက်ဆက်မှုများ ၌မူ ရှေး ယခင်ကကဲ့သို့ပင် ယောက်ခမ မျိုး မှအမျိုး သမီး နှင့်သား မက်မျိုး မှအမျိုး သား တို့သာလက်ထပ်ခွင့်ရှိကြပြီး ယခု ခေတ်အင်ဂျန်ဒုံ ကျေး ရွာတွင်လူမျိုး ခြား သူစိမ်း တို့နှင့်လက်ထပ်မှုကို အ တော်များ များ တွေ့ရသည်။

ယ နေ့အင်ဂျန်ဒုံ ကျေး ရွာ နေအချို့လူလင်ပျို၊ လုံမပျို ၊ (အထူး သဖြင့်လုံမပျို) တို့သည် ခိုး ရာလိုက်ကြခြင်း ဖြင့်အိမ် ထောင် မှုကို စတင်ကြ သည်ကို တွေ့ရသည်။ အများ အား ဖြင့်အရွယ် ငယ် ငယ်တွင် ကျောင်း ပညာထက် အိမ် ထောင် မှုကိုအလွန်စိတ်ဝင်စား မှုရှိ ကြောင်း လေ့လာ တွေ့ရှိရသည်။ ရှေး ပျိုး ရာဓလေ့များ ၏လွှမ်း မိုး မှု ကြောင့်လည်း ဖြစ် ပေသည်။

မင်္ဂလာကွမ်းဘိုး ပေးအပ်ခြင်း၌ ရိုးရာအသုံးအဆောင် ပစ္စည်းအစုံရှိနေရာတွင် ယနေ့ခေတ်ပေါ် ပစ္စည်းများ အစား ထိုး အသုံးပြု ထားသည်ကို တွေ့ရသည်။ ရှေးကသတို့ သမီး အပ်နှင်း သည့်အခမ်း အနားကို အကျဉ်း ချုံ့၍သာ ကောင်းတိုင်ဟည်းမှပြုကြရာမှ ယနေ့အင်ဂျန်ဒုံတွင်ထိမ်း မြား မင်္ဂလာအခမ်း အနား တများကြီး ကျယ်ခမ်း နား စွာကျင်း ပကြသည်ကို တွေ့ရ သည်။

လက်ထပ်မင်္ဂလာအခမ်းအနား ကျင်း ပသည့်အခါလက်စွပ်လဲလှယ်ခြင်း၊ ဇာပုဝါဖြင့်မျက်နှာဖုံး အုပ်ထား ခြင်း၊ လက်ထပ်မင်္ဂလာကိတ်မုန့်ခွဲခြင်း များ သည်ဘာသာ ရေး မှတစ်ဆင့်အနောက်တိုင်း ယဉ် ကျေး မှု ဝင်ရောက် နေရာယူလာခြင်း ဖြစ်သည်။

ရှေး က ရိုး ရာဝတ်စုံဖြင့်သာတစ်နေကုန်ဧည့်ခံကြ သော်လည်း ယနေ့အင်ဂျန်ဒုံ ကျေး ရွာတွင်မူလက်ထပ်ဝတ်စုံအဖြစ်သာ ရိုး ရာဝတ်စုံ ကို ဝတ်ဆင်ပြီး ၊ လက်ထပ်ပြီး သည်နှင့်အနောက်တိုင်း ဝတ်စုံကို ပြောင်း လဲဝတ်ဆင်ကာဧည့်ခံသ မှုပြုကြသည်ကို တွေ့ရသည်။

မည်မျှပင် ပြောင်း လဲလွှမ်း မိုး လာသည်ဆို စေကာမူရိုးရာဓလေ့ တို့၏ ပင်ရင်း ယဉ် ကျေး မှုဓလေ့ထုံး စံအတော်များ များ သည် ပျောက်ကွယ် မသွား ဘဲကျန်ရှိနေသည်ကို တွေ့ရသည်။

(ဃ) (၄) အိမ်ထောင်ရှင်ဘဝ

လက်ထပ်ထိမ်း မြား ပြီး ၍အကြင်လင်မယား ဘဝသို့ ရောက်ရှိပြီး နောက်လ (သို့မဟုတ်) တစ်နှစ်ခန့်ကြာ သောအခါဇနီး မောင်နှံနှစ်ဦး သည် ကြက်ဥ၊ ထောက်ညှင်း စ သော စား သောက်ဖွယ်ရာများ ကိုယူ ဆောင်ကာ မိန်း က လေး မိဘထံအလည်သွား ကြသည်။ ထိုအခါ ယောက်ခမတို့မှသား မက်အား အသိအမှတ်ပြုသည့်အနေဖြင့်ဖဂါခေါ်လက်ဆောင်ပစ္စည်း တမျိုး ဖြစ် သော ဓါးလွယ် ကို ပေး သည်။ သမီး ဖြစ်သူကလည်း မိဘအိမ်တွင်ကျန်ခဲ့သော ၎င်း ၏ ပစ္စည်း ကောင်း များ ကိုသိမ်း ဆည်း ၍ အမျိုး သား အိမ်သို့ပြန်လာကြသည်။ သား သမီး များ ထွန်း ကား လာလျှင် ယောက်ခမများ ထံ ပြန်သွား ပြုရသည်။ ထိုအခါ တွင် ယောက်ခမက ဒေသထွက်လက် ဆောင်ပစ္စည်း များ ကို ပေး လိုက် လေ့ရှိသည်။ ရှေး ခေတ်နတ်ကိုး ကွယ်စဉ်က မင်္ဂလာ ဆောင်ပြီး တစ်နှစ်အတွင်း ဖြစ်စေ ၊ နှစ်နှစ်အတွင်း ဖြစ်စေ၊ ဇနီး သည်အနေဖြင့်သူ့မိဘ၏ ရိုး ရာနတ်များ အပြင် ခင်ပွန်း သည်၏ ရိုး ရာနတ်များ ကိုပါစု ပေါင်း ကိုး ကွယ် သောအထိန်း အမှတ်အဖြစ်နတ်ပူဇော်ပွဲကိုကျင်း ပရမြဲဖြစ်သည်။ ယခု ခေတ်အင်ဂျန်ဒုံ ကျေး ရွာတွင် မူခရစ်ယာန်ဘာသာကိုသာယုံကြည်သက်ဝင်ကြသဖြင့်ထိုသို့ကျင်း ပခြင်း မျိုး မရှိတော့ပေ။

အိမ်ထောင်မှုဘဝ၌ ဂျိန်ဖော့မိသား စုတစုတွင်အိမ်ထောင်မှုယောက်ျားသည်အိမ်ထောင်ဦးစီးဖြစ်၍၊ အိမ်ထောင်ရေး အာဏာအဝဝကိုပိုင်သည်။ အိမ်ရှင်မများမှာမိမိခင်ပွန်းသည်၏အာဏာကိုမလွန်ဆန်နိုင်ကြချေ။ ဂျိန်ဖော့အမျိုးသမီး တစ်ဦးကိုလက်ထပ်ရာတွင် ယောက်ျားဖြစ်သူကအမျိုးသမီး အတွက်ထိုက်သင့်သောကွမ်းဘိုး ဖဂါများကိုအမျိုးသမီး၏မိဘဆွေမျိုးများကိုပေးအပ်၍တရားဝင်ပိုင်ဆိုင်ခဲ့သောကြောင့်၊ အမျိုးသမီးသည်ခင်ပွန်းသည်၏ပိုင်ဆိုင်သူဖြစ်လာသည်။ ထို့ကြောင့်လည်းဂျိန်ဖော့မိသား စုတစ်စု၏စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအဝဝတွင် လင်ယောက်ျားကသာဦးဆောင်လေ့ရှိသည်။ ဇနီးသည်နှင့်အိမ်သားများကဝိုင်းဝန်းလုပ်ဆောင်ကြရသည်။ အိမ်တွင်းရေးကိစ္စများတွင်လည်း လင်ယောက်ျားဖြစ်သူသည်မိမိဇနီးနှင့်တိုင်ပင်ဆွေးနွေးပြီးမှဆောင်ရွက်လေ့ရှိသော်လည်းအဆုံးအဖြတ်ကိုမူလင်ယောက်ျားကသာပေးကြစမြဲဖြစ်သည်။ လင်ယောက်ျားသည်မိမိ၏အိမ်တွင်းရေးကိစ္စများကိုဖြစ်စေ၊ လူမှုရေးဆိုင်ရာကိစ္စများကိုဖြစ်စေ၊ ရပ်ရေးရွာရေးဆိုင်ရာကိစ္စများကိုဖြစ်စေ၊ ဇနီးဖြစ်သူ၏အကြံပေးချက်ထက်မိမိ၏ညီအကိုမျိုးများ၏အကြံပေးချက်ကိုပို၍အလေးထားကြသည်။ ထို့ကြောင့်မိမိ၏သားဖြစ်သူအားတစ်စုံတစ်ယောက်သောအမျိုးသမီးနှင့်လက်ထပ်ထိမ်းမြားပေးလိုသောအခါတွင်ဖြစ်စေ၊ မိမိ၏သမီးဖြစ်သူအားတစ်စုံတစ်ယောက်ကလာရောက်စေ့စပ်ကြောင်းလမ်းသောအခါတွင်ဖြစ်စေ၊ ဖခင်သည်မိမိ၏ညီအစ်ကိုမျိုးထဲမှဦးလေး၊ ဘကြီးများကိုပထမခေါ်ယူဆွေးနွေးကာအကြံဥာဏ်များတောင်းခံလေ့ရှိသည်။ ဤသို့ဆွေးနွေးတိုင်ပင်ပြီးမှဇနီးသည်အား ဖွင့်ဟပြောပြလေ့ရှိသည်။ အသိပေးရုံသာမျှသာဖြစ်သည်။

ယေဘုယျအားဖြင့်ဇနီးသည်သည် လင်ယောက်ျား၏ညီအကိုမျိုးများကပေးသောအကြံဥာဏ်ကိုပယ်ဖျက်နိုင်ခွင့်မရှိပေ။ ထို့ကြောင့်လင်ယောက်ျား၏အဆုံးအဖြတ်နှင့်လုပ်ငန်းအစီအစဉ်များကိုသာလိုက်နာရသည်။ ဘာသာရေးယုံကြည်ကိုးကွယ်မှုအနေဖြင့်လည်း အများအားဖြင့်လင်ယောက်ျား၏အသင်းတော်သို့ပြောင်းလဲယုံကြည်သက်ဝင်ရသည်ကများသည်။ ဂျိန်းဖော့တို့၏အိမ်ထောင်မှုဘဝကိုယေဘုယျအားဖြင့်ဆန်းစစ်ရသော်လင်ယောက်ျားများသည်အာဏာရှင်ဆန်ပြီး၊ အမျိုးသမီးများကအလုပ်သမားဆန်သည်ကိုတွေ့ရသည်။ အင်ဂျန်ဒုံဒေး ရွာနေဂျိန်ဖော့တို့၏လူမှုရေးစနစ်များပြောင်းလဲတိုးတက်လာသော်လည်း၊ ၎င်းတို့၏အိမ်ထောင်ရေးဘဝခံယူချက်များမှာပြောင်းလဲမှုမရှိသေးသည်ကိုတွေ့ရသည်။

(င)လင်မယားကွာရှင်းပြတ်စဲခြင်း

လင်ကွာ၊ မယားကွာအမှုအခင်းများသည် ရှေးခေတ်တောင်တန်းဒေသတွင်အလွန်နည်းပါးသည်။ လင်ကဖြစ်စေ၊ မယားကဖြစ်စေ၊ ကွာရှင်းလိုသည့်တိုင်နှစ်ဦးစလုံးတွင် ထောက်ထားရမည့်အချက်များ ရှိသောကြောင့်ဖြစ်သည်။ လင်မယားကွာရှင်းကြပြီဆိုသည်နှင့် တဖြိုင်နက်မိဘ၊ ဘိုးဘွားလက်ထက်မှစ၍ ဆွေမျိုးတော်စပ်ခဲ့သော ၊ ယောက်ခမမျိုး၊ သားမက်မျိုးတို့အဆက်ပြတ်ရတော့မည်။ ယောက်ျားအနေဖြင့် မိမိတို့ငွေကုန်ကြေးကျခံကာလက်ထပ်ယူထားသော မိန်းမတစ်ဦးကို ကွာရှင်းတော့မည်ဆိုပါက လောလောဆယ်အားဖြင့် မိမိ၏အိမ်ထောင်ရေးတွင်လုပ်အား လျော့နည်းသွားပေမည်။ ထိုသို့စွန့်ကွာလိုက်ခြင်းကြောင့် မင်္ဂလာဆောင်စဉ်ကတင်တောင်းထားခဲ့ရသည့်ဥစ္စာပစ္စည်းများကိုအဆုံးခံရမည့်အပြင် ယောက်ခမသို့လည်း မျက်နှာပြန်ဆယ်ရန် နောက်ထပ် အနည်းဆုံးကျွဲတစ်ကောင်ပေးဆောင်ရအုံးမည်။

မိန်းမအနေဖြင့်လည်း မိမိ၏လင်ယောက်ျားကို ကွာရှင်းလိုပါက နစ်နာမှုများ ရှိနိုင်သည်။ လောလောဆယ်အားဖြင့် ၊ မင်္ဂလာဆောင်စဉ်က ယောက်ျားဖက်မှကုန်ကျထားသော စရိတ်များအပြင် တင်တောင်းထားသော ခန်းဝင်ပစ္စည်းများကို မိန်းမကလေး၏ မိဘက လျော်ကြေးပေးရပေမည်။ မိမိ၏ရင်သွေးဖြစ်သော သားသမီးများကိုလည်း ခေါ်သွားခွင့်မရပဲ မိမိ၏လင်ယောက်ျားထံတွင်ထားပစ်ခဲ့ရပေမည်။ သို့ဖြစ်ရကား ရပ်ရွာလူကြီးများသည် လင်မယားချင်း မသင့်မတင့်ဖြစ်လျှင်များသောအားဖြင့် ပြေရာပြေကြောင်းဖြစ်စေရန် ဖြန်ဖြေစေ့စပ်ပေးလေ့ရှိကြသည်။ လင်မယားကွာရှင်းရေးကိစ္စကိုအားမပေးကြပေ။ သို့သော် ဂျိန်ဖော့တို့၏ဓလေ့ထုံးစံအရ လင်မယားကွာရှင်းနိုင်သော အကြောင်းအချက် (၉) ချက်ရှိသည်။ ၎င်းတို့မှာ–တစ်ဦးဦးက ရူးသွပ်ရောဂါစွဲကပ်ခြင်း ၊ တစ်ဦးဦးကသေကြောင်းကြံခြင်း ၊ မိန်းမဖြစ်သူကလင်ငယ်နေခြင်း ၊ တစ်ဦးဦးကစာရိတ္တဖောက်ပြန်ခြင်း ၊ ယောက်ျားတွင်လူစဉ်မမီသောရောဂါစွဲကပ်ခြင်း ၊ ခင်ပွန်းဖြစ်သူကရက်စက်ကြမ်းကြုတ်စွာပြုကျင့်ခြင်း ၊ ခင်ပွန်းဖြစ်သူကညှင်းပန်းနှိပ်စက်ခြင်း ၊ စိတ်ဆင်းရဲအောင်ပြုမူခြင်း ၊ သားမယားကိုကျွေးမွေးပြုစုရန်ပျက်ကွက်ခြင်း ၊ နှစ်ဦးနှစ်ဖက်မှမိဘဆွေမျိုးများ သဘောတူကွာရှင်းခြင်းတို့ဖြစ်သည်။

အထက်ပါကိစ္စများနှင့်ပတ်သက်၍ကွာရှင်းလိုလျှင်မိန်းမနှင့်ယောက်ျား ၊ မည်သူ့တွင်အပြစ်ရှိသည်ကိုရပ်ရွာမှလူကြီးများကအဆုံးအဖြတ်ပေးကြသည်။ ထိုဆုံးဖြတ်ချက်အရ ယောက်ျားတွင်အပြစ်ရှိသော် ယောက်ျားဖြစ်သူက မင်္ဂလာဆောင်စဉ်မိမိတင်တောင်းထားသော ကွမ်းဘိုး ပစ္စည်းများ

ကိုအဆုံး ခံရသည့်အပြင်လူကြီး များ ချမှတ် သော လျော်ကြေး ကိုလည်း ပေးဆောင်ရသည်။ အမျိုး သမီးကမှား ခဲ့ သော်အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့်ဆင်း ရသည်။ လက်ထပ်စဉ်က ပေး ခဲ့ သောလက် ဆောင်ပစ္စည်း များ ကိုပြန်လည် ပေး ဆပ်ရ သည့်အပြင်ချမှတ် သော လျော် ကြေး ကိုလည်း ပေး ဆောင်ရသည်။

နိုင်လုံ သောအ ကြောင်း ပြချက်မရှိဘဲ ယောကျ်ား တစ်ဦးက ဇနီး ကိုကွာရှင်း လို သော်ကွာရှင်း မှုအတွက်ကျဲတစ် ကောင် (နတ်ကိုး ကွယ်သည့် ကာလကနတ်ပူ ဇော်ရန်ဖြစ်ပြီး ၊ ယခုအချိန်တွင်မူ စလေ့တစ်ခုဖြစ်နေသည်)။ မျက်နှာပြန်ဆယ် ပေး ရန်အတွက်သင်္ကာပုတီး တကုံး ( နောက်ထပ်အိမ် ထောင်ပြု ရန်ခွင့်ပြုခြင်း အတွက်) ဓါး အိမ်နှင့်ဓါး တစ်လက်ကိုပါ ပေး လိုက်ရသည်။ ယောကျ်ား ၏ဆန္ဒမဟုတ်ဘဲမိန်း မကသူ့ဆန္ဒအတိုင်း ကွာရှင်း ခဲ့လျှင် ယောကျ်ား ကလည်း မိမိ ၏ ယောက်ခမမျိုး များ နှင့်အဆက်မပြတ်လို သေး ပါက၊ ယောက်ခမများ ထံတွင် မိန်း မအစား တောင်း ဆိုနိုင်သည်။ ထိုအခါမျိုး တွင် ယောက်ခမဖက်ကသား မက် အပေါ်တွင် ကျေနပ်မှုရှိလျှင်၊ သမီး ငယ်နှင့်ဖြစ် စေ၊ တစ်ဝမ်း ကွဲညီမများ နှင့် ဖြစ်စေလက်ဆက် ပေး ရ လေသည်။

မိန်း မတစ်ဦး သည်တရား ဝင်လက်ထပ်ထား သော လင် ယောကျ်ား ကိုစွန့်ခွာ၍ နောက် ယောကျ်ား နှင့်အတူသွား ရောက် နေထိုင်လျှင် လင်ငယ်က ပထမလင်ကြီး တင် တောင်း ထား သောကွမ်း ဘိုး နှစ်ဆနှင့်ပထမ လင်ကြီး ကုန်ကျထား သော မင်္ဂလာစရိတ်နှစ်ဆကို ပေး လျော်ရသည်။ လင်ငယ် သည်ချက်ချင်း မ လျော်နိုင်သည့်တိုင် အောင်သား စဉ် မြေး ဆက် ပေး လျော် ရ သည်။

ဂိုန် ဖေဒ့လူမျိုး တို့၏လင်ခန်း မယား ခန်း တွင် ယောကျ်ား ဖက်မှတစ်ပန်း သာ နေသည်ကို တွေ့ရသည်။ အထက်တွင်တင်ပြခဲ့သည့်အတိုင်း မိန်း မ တစ်ဦး သည် ယောကျ်ား ကိုစွန့်ခွာသွား လျှင်မိမိ၏လင် ယောကျ်ား ကလျော် ကြေး ရပိုင်ခွင့်ရှိသည်။ ထို့အတူ မိန်း မဖြစ်သူက ဖောက်ပြန်လျှင်လည်း ကွာရှင်း၍လျော် ကြေး ရနိုင်သည်။ သို့ရာတွင်ဂိုန် ဖေဒ့ ယောကျ်ား တစ်ဦး သည်မိမိဇနီး ရှိလျက် နှင့်အခြား မိန်း မတစ်ဦး နှင့် ဖောက်ပြား နေခဲ့ သော် (သို့မဟုတ်) မယား ငယ်ယူခဲ့ သော်မိန်း မဖြစ်သူမှာ မိမိလင် ယောကျ်ား ကိုကွာရှင်း နိုင်ခွင့် မရှိ ပေ။ ဂိုန် ဖေဒ့အမျိုး သား တစ်ဦး သည်မိမိ ကျွေး နိုင်ပါက မိမိမိန်း မ၏ ခွင့်ပြု ချက်ဖြင့် နောက် ထပ်မိန်း မအတန့်အသတ်မရှိယူနိုင်သည်။ သို့ဖြစ်၍ ရပ်ရွာလူကြီး များ သည် ယောကျ်ား ဖြစ်သူမိန်း မ ငယ်ယူလျှင် (သို့မဟုတ်) အခြား တစ် ယောက် နှင့် ဖောက်ပြန် နေ လျှင် အပြစ်ရှိသည်ဟု မယူဆဘဲလင်မယား ကွာရှင်း ခွင့် မ ပေး ပေ။

ယောကျ်ား တစ် ယောက်သည်ပထမ မယား ကြီး နှင့်သား သမီး မထွန်း ကား လျှင် နောက်ထပ်မိန်း မယူနိုင်သည်။ လက်ရှိမယား ကိုကွာရှင်း ပစ် ရန်မလို ပေ။ လင်ခန်း မယား ခန်း ပြတ်စဲ ရေး တွင်မိန်း မတစ် ယောက်သည်

မိမိ၏လင် ယောကျ်ားကို ကွာရှင်း ပစ်ရန် မိမိ၏ မိဘများ က အားပေးတတ်မှုဖြစ် နိုင်သည်။ မိမိသဘောတစ်ခုတည်းနှင့် မပြီးပေ။ မိန်းမ မိဘများ တောင်း သော ကွမ်းဘိုး လက်ဆောင်များကို ယောကျ်ားဘက်မှ အပြည့်အဝ ပေးဆောင် လက်ထပ်ထိမ်းမြား ပြီး သည့်နောက်တွင် မိန်းမသည် မိဘနှင့်ပူး ရာ နတ် များကို ပိုင်ဆိုင်ခွင့်အဆက်ဖြတ်ခဲ့ပြီး ၊ လင်ယောကျ်ား၏ စကား ကိုတသွေမ ...မ်း လိုက်နာ ဆောင်ရွက်လာခဲ့ရသည်။ ထို့ကြောင့်လင် ယောကျ်ား နှင့် စိတ် သဘောချင်း မကိုက်ဆိုင်၍ကွာရှင်းလိုပါက မိမိ၏ မိဘများ က ပထမဆုံး ဝင်ရောက် ဖြန် ဖြေ စေ့စပ်ရ သည်။ မိဘများ အ နေနှင့်သမီး များ အား အိမ် ထောင် ကွဲသွား သည့်အချိန်မှစ၍ မိမိတို့ပိုင်ဆိုင်သည်ဟုသ ဘောမထား တော့ ပေ။ထို့ပြင် ...ိုး စဉ် ဆောင်ဆက်ကဆက်ဆံခဲ့ သောသား မက်ရှိုး နှင့်လည်း အရှိုး မဖြတ်လိုကြ ပေ။ ကွာရှင်းမှုကို မိဘများ ကသ ဘောတူလိုက်ပါက ဖ ဂါ ကွမ်း ဘိုး များ ပြန် လျော်ပုံအုံး ပြည့်အပြင် မိန်း မအစား လည်း ရှာ ပေးနိုင် ရမည်ဖြစ်သည်။ ထို့ ကြောင့်ရပ်ရွာလူကြီး များ အ နေနှင့်လည်း လင်မယား သင့်မြတ် ရေးကိုသာ ဖြန် ဖြေ စေ့စပ်လျက် ရှိသည်။ ထို စေ့စပ်မှုကိုလက် မခံဘဲကွာရှင်း လိုလည်းဆိုပါ က လည်း ယောကျ်ား အား လျော် ကြေး ပေး ရန်အဆုံး အဖြတ် ပေး ပြန်လျှင် ၊ မိန်း မဖြစ်သူက မိမိကိုယ်တိုင် လျော် ကြေး ပေး ဆောင်နိုင်သည် မဟုတ် ပေ ။ မိမိ၏ မိဘများ ကသာ ပေး ဆောင်ကြရမည်ဖြစ်သဖြင့်၊ မိန်း မတစ် ယောက် သည် ယောကျ်ား တစ် ယောက်အား ကွာရှင်း တော့မည်ဆိုပါက မိမိ၏ မိဘများ သ ဘောတူညီ ချက် မရရှိဘဲကွာရှင်း နိုင်မည်မ ဟုတ်ပေ။

မည်သည့်အ ကြောင်း ကြောင့်ကွာရှင်း ကြသည်ဖြစ် စေ၊ မိန်း မ သည်လက်လွတ်ဆင်း ရသည်သာဖြစ်သည်။ လင်မယား ကွာရှင်း ကြ သောအခါမိန်း မ ဖြစ်သူသည် မိဘထံသို့တစ်ကိုယ်တည်း ပြန် ရသည်။ ထွန်း ကား သောသား သမီး များ ကိုလည်း ခေါ်ယူသွား ခွင့်မရှိ ပေ။ လင် ယောကျ်ား ကသာဆက်လက် ကျွေးမွေးပြုစု ထိန်း သိမ်း သည်။ ပစ္စည်း ခန်း နှင့်ပတ်သက်၍ လက်ထက်ပွား ပစ္စည်း ဥစ္စာ အချို့ကိုသာ မိန်း မက ပိုင်ဆိုင်ခွင့်ရှိသည်။ သို့ သော် မိန်း မအ နေဖြင့် ယောကျ်ား က မ ပေး လျှင်မည်သည့်ပစ္စည်း မှ ရပိုင်ခွင့်မရှိ ပေ။ မိဘထံမှ ပါလာ သော ဒိုသါပစ္စည်း များ နှင့်ပင်ပြန် ရသည်။

ရှေး ခေတ်နတ်ကိုး ကွယ်စဉ်က ဂိုန် ဖေ ဒုတို့သည် ယောကျ်ား တစ် ယောက်၊ မိန်း မအများ ယူ သော မယား ပြိုင်စနစ်ကို ဂုဏ်ယူစွာလက်ခံကျင့်သုံး ကြသည်။ မိန်း မတစ် ယောက်ယူ ရာတွင်အလွန်ကုန်ကျ ရသည်ဖြစ်၍ မိန်း မများ များ ယူနိုင် လေ လေ ဂုဏ်ရှိ လေ လေဖြစ်သည်။ ကွာရှင်း ပြတ်စဲမှုလည်း မရှိသ လောက်ပင် နည်း ပါး သည်။ သို့ သော် ခရစ်ယာန်ဘာသာကိုသက်ဝင်ယုံကြည်လာ သော အင်ဂျန် ဒုံ ကျေး ရွာ နေ ဂိုန် ဖေ ဒုတို့သည်သာသနာ ရေး အရ ထာဝရဘုရား သခင်ကြိုက်ဆွယ်

ထားသည့်အတိုင်း ယောက်ျား တစ်ယောက်သည်အဖော်မွန်အဖြစ်မိန်းမ တစ်ယောက်နှင့်သာလက်ထပ် ပေါင်းသင်း ရခြင်း ၊ ခင်ပွန်း (သို့မဟုတ်) ဇနီးသည် ကွယ်လွန်သုံးပါး ခြင်း မရှိပါလျှက်နှင့်အခြား တစ်ယောက် နှင့် လက်ထပ်မှု မပြုရခြင်း တို့ကိုလိုက်နာလာကြသည်ကို တွေ့ရသည်။ လင်မယား ချင်း ကွဲနေပါကလည်း အခြား တစ်ယောက်ဖြင့်ဘာသာရေး အရလက်ထပ် မှုမပြုနိုင်ပေ။ ဘုရားသခင်၏ မျက်မှောက်၌ ရှာသက်ပန် ပေါင်းစည်းကြ ပါမည်ဟု သစ္စာဆိုလက်ထပ်ထား သည်ကို မိမိတို့သဘောအတိုင်း ချိုးဖောက်ခွင့် မရှိပေ။ ထို့ကြောင့်ဘာသာတရား အရအများ အား ဖြင့်တလင်တမယား စနစ်ကိုသာကျင့်သုံး လာကြသည်ကို တွေ့ရသည်။ ထိုသို့ဘာသာတရား အရတား မြစ် ထားသော်လည်း လင်နှင့်မယား သဘောချင်း မတိုက်ဆိုင် တော့၍ကွာရှင်း ကြမည်ဆိုပါကအထက် ပါအတိုင်း လက်ဆောင်ပစ္စည်း များ ပေး လျော်ကာ ကွာရှင်း ကြမှုများ ရှိသည်ကို တွေ့ရသည်။

ဂိန် ဖော့တို့၏လင်မယား ကွာရှင်း မှုကိုသုံး သပ်ကြည့် ပါကတစ်ဖက် စောင်း နင်း ဆန်လွန်း သည်ကို တွေ့ရသည်။ ကွာရှင်း ကြရာ၌ ကျူးလွန်သူမှ ဖဂါခေါ်လက် ဆောင်များ ပေး လျော်ရသည်မှာ မျှတ မှုရှိသော်လည်း သား သမီး ခန်း ၊ ဥစ္စာပစ္စည်းခန်းနှင့်ပတ်သက်၍ ဘာမှ မျှတ မှုမရှိပေ။ ဇနီး သည် သည်မိမိဝမ်း နှင့်လွယ်၍ မွေး ဖွား ထား ရသော သား သမီးမည်မျှပင်ရှိ စေကာမူ တစ် ယောက်ကိုမျှ ခေါ်ယူပိုင်ဆိုင်ခွင့်မရှိ ပေ။ ထိုနည်း တူဥစ္စာပစ္စည်း နှင့်ပတ်သက်မှု့လည်း လင်နှင့်မယား နှစ်ဦး သာ ပေါင်း စပ်၍ရှာ ဖွေစု ဆောင်း ထား ကြ သော်လည်း ကွာရှင်း ကြ သောအခါ လင်ကသာအား လုံး ကိုပိုင်ဆိုင်ခွင့်ရှိ ကြောင်း လေ့လာ တွေ့ရှိရသည်။ အင်ဂျန်ဒို ကျေး ရွာတွင်ကွာရှင်း ပြတ်စဲကြပြီး နောက်အသစ်ပြန်လည်တည် ထောင်ထား သောအိမ် ထောင် ရေး အနည်း အကျဉ်း ကိုသာ တွေ့ရသည်။

အင်ဂျန်ဒို ကျေး ရွာနေ ဂိန် ဖောတို့၏ဘဝကြင် ဖော် ရွေးချယ် မှုအစုစုကို လေ့လာကြည့်ပါက မိဘ ဆွေမျိုး အနွယ်အချင်း ချင်း ရွေးချယ်မှုကသာအဓိကကျပြီး ၊ ကိုယ်ပိုင်ချစ်ခြင်း မေတ္တာအ ပေါ်အ ခြေခံ၍ ရွေး ချယ်မှုက ပဓာန မကျ ကြောင်း လေ့လာ တွေ့ရှိရသည်။ ဂိန် ဖော့တို့၏လူ နေမှု စနစ်များ တိုး တက် ပြောင်း လဲလာ သော်လည်း စေ့စပ် တောင်း ရမ်းခြင်း၊ ကွမ်းဘိုး ပေး ဆောင်ခြင်း တို့ကို မိမိတို့၏ဓလေ့ထုံး စံအစဉ်အလာအတိုင်း ဆောင်ရွက်ကြဆဲဖြစ် ကြောင်း တွေ့ရသည်။ လက်ထပ်ထိမ်း မြား ရာတွင်ဘာသာ ရေး နှင့်ပတ်သက်၍အ နောက်တိုင်း ယဉ် ကျေး မှုအ တော်များ များ လွှမ်း မိုး နေပြီး ၎င်း တို့၏ကိုယ်ပိုင်ယဉ် ကျေး မှုနှင့် ရောနှော ပေါင်း စပ် ဆောင်ရွက် ကြ ကြောင်း တွေ့ရသည်။ အခမ်း အနား များ ကျင်း ပရာတွင်အစီအစဉ် ကို

စနစ်တကျရေး ဆွဲပြီး အခမ်း အနား အစမှအဆုံး အထိ စီရီ သေသပ်စွာ စနစ်တကျကျင်းပနိုင် ကြောင်း တွေ့ရှိရသည်။ ဆဖန်အိမ် ထောင်ရှင်ဘ၀ကို လေ့လာကြည့်ပါက အမျိုးသမီး တို့၏အိမ် ထောင်ရှင်ဘ၀သည်အဆင့်နိမ့်သည်ဟုဆိုရ ပေမည်။ အမျိုးသမီး အနေဖြင့်အိမ်၏သား သမီး ရေး ကိစ္စနှင့်အိမ် ထောင် ရေးကိစ္စ အ၀၀ကို မိမိသဘောဖြင့်စီစဉ် ခွင့်မရရှိသောမက၊ လင် ယောကျ်ား နှင့်၎င်း၏ အသိုင်း အ၀ိုင်း မှဆုံး ဖြတ် ချက်ကိုသာ သွေမသိမ်း လိုက်နာရ ပေသည်။ ထို့ပြင် ကွာရှင်း ပြတ်စဲ ရေး ၌လည်း အမျိုး သား ဖက်ကသာအသာရ ကြောင်း လေ့လာ တွေ့ရှိရပေသည်။

ဂျိန် ဖော့တို့၏အိမ် ထောင် ရေး စနစ်ကိုခြုံ၍ကြည့် သော် ၊ ရှေးခေတ်က မယား ဖြိုင်စနစ်ကိုရက်ယူမြတ်နိုး စွာကျင့်သုံး ခဲ့ သော်လည်းယနေ့ အင်ဂျန်ဒို ကျေး ရွာ နေ ဂျိန် ဖော့တို့အားအဆင့်အမြင့်ဆုံး အိမ် ထောင် ရေး စနစ် ဖြစ်သောတစ်လင်တစ် မယား စနစ်ကို၊ ဘာသာ ရေး အား အ ခြေခံ၍လက် ခံ ကျင့်သုံးလာကြော င်း လေ့လာ တွေ့ရှိရသည်။

(စ) ပဋိသန္ဓေတည်ခြင်း နှင့် မီး ဖွား ခြင်း

ရှေး ခေတ် ဂျိန်. ဖော့လူမျိုး တို့တွင်ပဋိသ န္ဓေဘား သီး ခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း တို့မှာ မရှိသ လောက် ရှား ပေသည်။ အချို့အသုဘအခမ်း အနား များ ၊ အင်လား ခံ များ တွင် ယောကျ်ား ၃–၄ ဦး ဖြင့်ဆက်ဆံ၍ အဖေ အတိအကျ မပေါ်သော နင်ဂီ ဟု ခေါ် သောအဖမဲ့သား ကို မွေး ဖွား ကြသည်။ ဂျိန်ဖော့ လူမျိုး တို့အ နေဖြင့် အိမ် ထောင်တစ်ခုတွင်သား သမီး များ လေ လေ ကျက်သ ရေမင်္ဂလာရှိ လေ လေဟု၍ယူဆကာ ရက်ယူမဆုံး ဖြတ်တတ်ကြသည်။ ထို့ ကြောင့်လည်း ထိမ်းမြား မင်္ဂလာပြုစဉ်က မင်္ဂလာသား သမီး အ မြောက်အမြားထွန်း ကား စေရန် ၀ိုင်း၀န်း ဆု တောင်း ခြင်း ၊ နတ်ပူဇော်ပသခြင်း တို့ကို ဆောင်ရွက်ကြသည်။ သား သမီး မထွန်း ကားမည်ကို များ စွာစိုး ရိမ် ကြောင်းကြသည် ။ သား သမီး မီး ဖွား ခြင်း ကိုအိမ် ထောင်တစ်ခုအတွက်လုပ်အား မေး မည့် သူ တိုးလာခြင်း ၊ မျိုး ရိုးအစဉ်အဆက်ရှည်နိုင် သောအလား အလာရှိလာခြင်း ၊ မိတ များ အတွက် အိုဇာတာ ကောင်း မည့်နိမိတ်ဖြစ်လာခြင်း ၊ ဆွေမျိုး အသိုင်း အ၀ိုင်း ကြီး မား လာမည့်အခြေအနေဖြစ်လာခြင်းဟု ယူဆ၍ ၀မ်း ပန်း တသာ လက်ခံကြသည်။ ဂျိန်း ဖော့လူမျိုး တို့တွင်ပဋိသန္ဓေ ဆောင်စဉ်လင် ယောကျ်ားနှင့် ဇနီး နှစ်ဦး စလုံး တို့၌၊ ရှောင်ကျဉ်ရ သော ရှောင်စ လေ့အသီး သီး ရှိသည်ကို တွေ့ရသည်။

ကိုယ်ဝန်သည်များ သည်– များ ရည်၊ ဖြူသား ၊ ဝံပု လွှေသား၊ မျောက်လွဲ ဂျော်သား များ ကို စား သုံး ခြင်း မှ ရှောင်ကျဉ်ရသည်။ ထိုအရာ များ ကို စား သုံး မိပါက၊ ကိုယ်ဝန် ဖျက်ကျတတ်သည်ဟုအယူရှိသည်။ မြစ်ချောင်းများ ကိုဖြတ်ကူးခြင်း မပြုရပေ။ ဇီဇီဂိုယ်ခနွာမှ အစတ်တန်သာများ ကို ချွတ်၍သုတယ်

အားမပေး ရပေ။ အခြားသူများအား လက်ဖွဲ့ပစ္စည်းများ မပေးရပေ။ အလေး အပင်မခြင်း ၊ အမြင့်မှအနိမ့်သို့ ခုန်ချခြင်းတို့ကို ရှောင်ကျဉ်ကြရသည်။

ကိုယ်ဝန်သည်၏ယောကျ်ားတို့က ခရီးဝေး သွားခြင်း၊ မြစ်ကူး၊ ချောင်းကူးခြင်းကို ရှောင်ကျဉ်ရသည်။ ဓါး ပိုး တစ်ဆင်ခြင်း ၊ ဓါးရိုးတွင် သပ်ကို ရိုက်ဆည့်ခြင်းတို့ကို ရှောင်ကျဉ်ရသည်။ အခြားသူများနှင့် ခိုက်ရန်ဒေါသဖြစ်ကာထိုး ပုတ်ရိုက်နှက်ခြင်းတို့ကို ရှောင်ကျဉ်ရသည်။ အဝဲလိုက်ခြင်း၊ ငါး ဖမ်းခြင်းတို့ကို ရှောင်ကျဉ်ရသည်။ ဝါး ခွဲခြင်း များကိုလည်း ရှောင်ကျဉ်ရသည်။

သားဖွား ရန်နီး ကပ်လာသည်ဟုထင်ရသောအခါမီး နေသည် စားသုံး ရန်နှင့်ကလေး ကင်ပွန်း တစ်တွင် ကျွဲ မွေး ရန်အမဲခြောက် ငါးခြောက်၊ ဂျင်း တို့ကိုစုဆောင်း၍ ခေါင်ရည်အလုံအလောက်ယည့်ထား ရသည်။ ရှေး ခေတ် ဘောင်ပေါ် ဒေသဖွင့်ဝမ်း ဆွဲလက်သည်ဟုမရှိပေ။ အကြိမ်ပေါင်း များစွာ မွေး ဖွား ဖူးသော တွေ့အကြုံရင့်ကျက် သောသက်ကြီး ရွယ်အိုအမျိုး သမီး များက စေတနာဖြင့်ကူညီကြသည်။ ကိုယ်ဝန်အရင့်အမာဖြစ်လာ သော အခါ နတ်ဟောဆရာအား ပင့်ဖိတ်၍ ရပ်ရွာမှတတ်ကျွမ်း သူနာမျိုး သမီး ကြီး ထဲမှ မည်သူမွေး ဖွား ပေး လျှင်သင့်လျော်မည်ကို မေး မြန်း ရ သည်။ နတ်ဟောဆရာအ ဟောထွက်သူကို မွေး ဖွား ရန်တာဝန်လွှဲအပ်ကြသည်။ ၄င်း နောက် မီး ဖွား မှုအောင်မြင်ရန်အတွက်အိမ်ဦး နတ်၊ အိမ်စောင့်နတ်နှင့် တောစောင့်နတ်တို့ကို ပူဇော်ပသရသည်။ ထိုသို့ပူဇော်ရာတွင်လည်း နတ်ဟောဆရာဟောသည့်အတိုင်း ဝက်လိုသောနတ်အား ဝက်၊ ကြက်လိုသောနတ်အား ကြက်ဖြင့် မျက်နှာမြင်သည့် နေ့တွင်ပူဇော်ရသည်။

မျက်နှာမြင်သည့်အခါတွင် မွေး ဖွား ရန်တာဝန်လွှဲယားသော အမျိုး သမီး ကြီး နှင့်ရွာအတွင်း မှအတွေ့အကြုံရင့်သူများ လာရောက်ဝိုင်း ဝန်း ကူညီကြသည်။ လိုအချိန်တွင်ခင်ပွန်း သည်သည်အိမ် ရှေ့တွင်နတ်ပူဇော်သော် လုပ်ငန်း ဖြင့်မအား နိုင် အောင်ရှိနေတတ်သည်။ နတ် ဟောဆရာကလည်း နတ်တို့၏ နောက်ဆက်တွဲလိုအင်ဆန္ဒများ ကို မေး မြန်း ရသည်။

ဇနီး မောင်နှံအိပ်စက် သောအခန်း ကိုပင်သား ဖွား ခန်း အဖြစ်အသုံး ပြုကြသည်။ ရှေး ခေတ်အမျိုး သမီး တို့သည် ရက်၊ လ၊ မတွက်တတ်သူများ မိမိ မီး ဖွား မည့်ရက်အနီး အဝေး ကိုလည်း မသိကြပေ။ ထို့ကြောင့် အချို့အမျိုး သမီး တို့သည် ရေခပ်၊ ထင်း ခွေသွား ရင်း တောင်ယာသွား ရင်း နှင့်ပင် လမ်း တွင်မီး ဖွား လေ့ရှိကြသည်။ မိမိတစ် ယောက်တည်း ပင်ဖြစ်ငြား လည်း မွေး ဖွား နိုင်ကြသည်။ ချက်ကြိုး ကိုလည်း မိမိဘာသာဖြတ်တောက်မိမိ၌ ပါသွား

သော ခေါင်း ပေါင်း သဘက်တို့ဖြင့် ခလေး ကို ထွေး ချီကာ ပြန်လာကြသည် များလည်း ရှိသည်။ ကလေး သည် မီခင်၏ ဝမ်း မှကျွတ်၍ ကျား ၊ မ ခွဲခြား သိသည်နှင့် တစ်ပြိုင်နက်လာ ရောက်ကူညီ မွေး ဖွား ပေး သူများ အနက်တစ်ဦး ဦးက ချက်ချင်း အမည် ပေး ရသည်။ တောထဲတွင် မီခင်တစ် ယောက်တည်း ကမီ မီဘာသာ မွေး ပါကလည်း ထိုသို့ပင်ချက် ချင်းအမည် ပေး ရသည်။ အကယ်၍အချိန် မီအမည် မပေး မီပါက မကောင်း ဆိုး ဝါး နတ်မိစ္ဆာများ က ဦး အောင်အမည် ပေး ၍ ၎င်း တို့ ပေး သည့်အမည်အတိုင်း ဖြစ်တတ်သည်ဟု ယုံကြည်ကြသည်။ ဥပမာ - နတ်ဆိုး တို့က "ကျား ကိုက် မည့်ကလေး"ဟုအမည် ပေး လျှင်ထိုကလေး မှာကျား ဆွဲခံရ ပေမည်။ "ရေနစ် မည့်ကလေး"ဟုအမည် ပေး သွား ပါက အမှန်ပင် ရေနစ်သေ ရမည်ဟုယုံကြည်ကြသည်။ ထို့ကြောင့် နတ်မိစ္ဆာတို့၏ ရန်မှကင်း လွတ်ရန် အမည်ကို ချက်ချင်း ပေး ရသည်။

ထို့ကြောင့်ကိုယ်ဝန်အရင့်အမာဖြစ်လာ သောအခါ ဝါး ခြောက်၊ အမဲခြောက်၊ ခေါင်ရည်တို့အသင့်စု ဆောင်း ထား လေသည်။ မွေး ဖွား သည်နှင့်ချက်ချင်း အမည် ပေး ကာအနီး အနား ရှိလက်လှမ်း မှီသမျှအိမ်နီး ချင်းတို့ကိုဖိတ် ခေါ်၍၊ အမဲခြောက်၊ ဝါး ခြောက်တို့ကို ဟင်း ဖြင့်ရော ကောင်း ကာ အရက်၊ ခေါင်ရည်တို့ဖြင့်တိုက် ကျွေး ကြသည်။ စား သောက်သူတို့ကက လေး ကိုအမျိုး မျိုး ကောင်း ချီး ထောပနာပြုကြသည်။ တစ်နည်း အား ဖြင့်နတ်မိစ္ဆာတို့အမည် မပေး နိုင်မီလူတို့က ဦး စွာအမည် ပေး ခြင်း ဖြင့်၎င်း တို့၏ ပယောဂဖြင့် ၊ သေဆုံး ရခြင်း မှကင်း ဝေး စေကာသက်ကြီး မှယ်အိုသည့်တိုင်ချမ်း သာစွာနေ ထိုင်ရန်ဖြစ်သည်။ အယက်ပါအတိုင်း နတ်မိစ္ဆာတို့ကဦး အောင်အမည်မှည့်ခေါ် တာအသား ခြောက်၊ ဝါးခြောက်တို့နှင့်အရက်ခေါင်ရည် တို့ကို ကျွေး မွေး စား သောက်ခြင်း ကိုရိုန်. ဖေ့ဘာသာစကား ဖြင့် ဂျုံထူမှုး အိုင်ဟု ခေါ်သည်။

ဤသို့အမည် ပေး ပြီး မှကလေး ၏ ချက်ကြိုး ကိုအသင့်လုပ်ထား သော ဝါး ကြောဖြင့်ဖြတ် ရသည်။ ထိုအသင့်လုပ်ထား သော ဝါး ကြောသည် ဝါး တံခါးပေါင်မှ ဖဲ့ယူထား သော ဝါး ပြား ငယ်ဖြစ်သည်။ တန္တာဦး အစကနတ်တို့ ပေး သော ဆေး ပင်တိုက်ခါး ကောင်ယွင်ကပ်ချိ၍ စိုက်ပျိုး ထား သော ကြောင့်တံခါးပေါင် များ ဖွင့် နတ်တို့ ပေး သော ဆေး အာနိသင်ကျန် မည်ဟုယူသ သော ကြောင့်ဖြစ်သည်။ ချက်ကြိုး ဖြတ်ပြီး နောက်၊ အချင်း ကိုအိမ်တိုင်ရင်း တွင်မြှုပ်ရသည်။ ထိုသို့မြှုပ်ရာ တွင် ယောကျာ်းလေး ၏အချင်း ဖြစ်လျှင်မျက်နှာအား ရှိတိုင်သုံး တိုင်အနက် အလယ်တိုင်တွင်၎င်း ၊ မိန်း ကလေး ဖြစ်လျှင်လက်ျာဘက်တိုင်တွင်၎င်း မြှုပ်ရသည်။ ၎င်း အချင်း ကိုမမြှုပ်မီ တောင်ဝဥ်ဖက်နှင့်ထုပ်ရသည်။ တောင်စဥ်ဖက်များ ၏အရည်အသွေးမှာ လေး ထွက်မှ ပွက်စ် ပွက်စသည်ဖြင့်စုံဂအန်း သာဖြစ်ရသည်။ မြှုပ်ထား ရာပတ်ပတ်လည်တွင်ဝါး ခြမ်း စများ ကို မြေတွင်စိုက်၍ ဝါး ပြား စများ ကိုယှက်မှ စုစည်း ယား ရသည်။ ထိုသို့စည်း နှောင်ရာတွင်လည်း မိန်း ကလေး

အရင်း ဖြစ်ကနီး ပြား လေး ပြား ၊ ယောကျ်ား လေး အရင်း ဖြစ်ကနီးပြား ဆဲ ပြား ဖြင့်စည်း ရသည်။ ချေး ၊ ကြွက် ၊ ဝက် များ ထိုး ဆွဖွက်သီး ခြင်း မပြု နိုင်ရန်ကာကွယ်ထား ခြင်း ဖြစ်သည်။ ထို့ပြင်ကျင်း အနီး တွင်လှံကို စိုက်၍အစောင့် အဖြစ်ထား ခဲ့ရသည်။ လှံကို ယောကျ်ား လေး ဆိုပါက (၆) ရက်၊ မိန်း ကလေး ဆိုပါက (၇) ရက် စိုက် ရသည်။

ကလေး ချက် ကြွေသွား သောအခါအ ခြောက်ကိုသိမ်း ဆည်း ထား ရသည်။ ကလေး အ အေး မိလျှင်ဖြစ် စေ၊ နှာ စေး ၊ ချောင်း ဆိုး လျှင် ဖြစ် စေ၊ ဖျား နာလျှင်ဖြစ် စေက လေး ၏လည်ပင်း တွင်၍ ချက်ကြိုး အ ခြောက် ကိုဆွဲထား ပေး ခြင်း ဖြင့်၊ ပျောက်ကင်း သည်ဟုယုံကြည်ကြသည်။ ဝမ်း ရောဂါ ဖြစ်လျှင်လည်း ဆေး ဖော်ရန် ဆေး ဖက်ဝင်သည်ဟုယုံကြည်ကြသည်။

(ဆ) ကင်ပွန်း တပ်ခြင်း ။

မီး ဖွား သော နေ့မှာပင် ဂျုံထုပွား ဆိုင် တုဆိုသော အသား ခြောက်နှင့်ဂျင်း ကောင်း ကျွေး မွေး ခြင်း ဖြင့်၊ ကလေး မျက် နှာ မြင် သောအခါ ခမ်း အနား ပြုလုပ်သည်။ ထိုအခမ်း အနား သည်ကလေး ၏အမည် ကိုလူသိနတ်ကြား ကြေငြာ သော အမည် ပေး ကင်ပွန်း တပ်အခမ်း အနား ပင် ဖြစ်သည်။ ကလေး ၏အမည်ပွဲ ခေါ် ပုံမှာ တဖွဲ့ ဥပါး ကာလက မွန် ပေါက်ကျနွမ်း နှင့် ဖုန်ဂင်ဘယ်ဆွမ်း တို့စတုတ္ထအကြိမ်ဖန်ဆင်း ရာတွင် မှည့် ခေါ် ပြား သော သား ယောကျ်ား (၇) ယောက်၏အမည်နှင့်၊ သမီး မိန်း ကလေး (၈) ယောက် တို့၏အမည်အတိုင်း မှည့် ခေါ်ကြသည်ကို တွေ့ရသည်။ ပထမသား ကြီး ကိုဂမ်၊ ဒုတိယ သား ကို နော် တတိယသား ကိုလ၊ စတုတ္ထသား ကိုတူး ၊ ပဉ္စမသား ကိုတန်၊ ဆဋ္ဌမ သား ကို ယော်၊ သတ္တမသား ကိုခဲ စသည့်အမည်များ ထည့်ကာ မှည့် ခေါ်ကြသည်။ အကယ်၍ထို့ထက် ကျော်လွန် သောသား များ ကိုမူ အဋ္ဌမသား ကိုရွှယ်၊ နဝမ သား ကိုယွန် စသည်ဖြင့်ကျင်၊ ကျင်နန်၊ ကျင်ယန်း တု၍တဒါဇင်အထိ မှည့် ခေါ်ပြီး ထို့ထက် ကျော်လွန်ပါက ဂမ်မှပြန်စတာ (၁၃) ယောက် မြောက်သား ကိုဂမ်ထန်း၊ (၁၄)၊ (၁၅)၊ (၁၆) ယောက် မြောက်တို့ကို နော်ထန်း ၊ လထန်း ၊ တူးထန်း စသည်ဖြင့် မှည့်ခေါ်လေ့ရှိကြသည်။ ဂိုန်း ဖော့လူမျိုး တစ်ဦး ၏အမည်ကိုကြား သိယုံ မျှဖြင့်၍သူသည် ဘယ်နှစ် ယောက် မြောက်သား ဖြစ် ကြောင်း သိရသည်။ ဥပမာ ဂိုန်း ဖော့တစ်ဦး ၏အမည်သည် မရစ် ဇော်ဂမ် တုဆိုပါက ၄င်း သည်မရစ် အမျိုး အနွယ်ထဲမှဖြစ်ပြီး အမည်ဖွင့်ဂမ်ပါဝင်သဖြင့်အကြီး ဆုံး သား ဖြစ်ကြောင်း အလွယ်တကူသိနိုင်သည်။

ထိုနည်း တူသမီး များ ကိုအမည်မှည့် ခေါ် ရာတွင်လည်းတော ဒ၊ လု၊ ရွယ်၊ ထု၊ ကိုင်၊ ခဲ ၊ ပရီ၊ ယွန် စသည်ဖြင့်ပထမသမီး ၊ ဒုတိယသမီး၊တတိယ သမီး စသည်တို့ကို အစီအစဉ်အတိုင်း မှည့် ခေါ် လေ့ရှိသည်။ ထို့ထက်ပိုရှိ မွေး ဖွား

သောသမီးများကိုမူ ကျင်၊ ကျင်နန်း၊ ကျင်ထန်း၊ ယိုမှတစ်ဖန် ကောဒ့ထန်း၊ လုထန်း၊ ရွယ်ထန်း စသည်ဖြင့်မှည့်ခေါ်ကြသည်။ ဂျိန်းဖေဒ့အမျိုးသမီး နာမည်သည်လည်း အမျိုးသား နာမည်တို့သို့ပင်ကြား သိရပုံနှင့်ဘယ်နှစ်ယောက် မြောက်သမီး ဖြစ်သည်ကိုသိနိုင်သည်။ ဥပမာ – ဂျိန်းဖေဒ့အမျိုးသမီး တစ်ဦး၏အမည်သည် အင်ခွန်ရွယ် အောင်ဆိုပါက ၄င်းသည်အင်ခွန်အမျိုး အနွယ်ထဲမှဖြစ်ပြီး ရွယ်ပါသော ကြောင့်တတိယသမီး ဖြစ် ကြောင်း သိရသည်။

ဤသို့အမည်မှည့်ခေါ်သည့်အခမ်းအနား ထွင်လာရောက်သော အိမ်နီးချင်း ပရိသတ်အား အသား၊ ငါး ခြောက် ထောင်း၊ အရက်၊ ခေါင်ရည်တို့ဖြင့် ဧည့်ခံကျွေး မွေးကြသည်။ သက်ကြီးရွယ်အိုများ အား လဘက်ခြောက်၊ ဆား စသည့်လက်ဆောင်များ ပေးပြီး ကလေး ကြီးပြင်းလာသောအခါ၊ လူတကာထက်သန်မာထွားကျိုင်း စေရန်ဆုမွန်များ ပေး စေရပါသည်။ ဤသို့ဆုမွန်များ ပေးရာတွင် ယောကျ်ားလေး ဖြစ်ကယနေ့စား သောက်ရသောအစား အသောက်များ သည်အလွန်အရသာရှိပါသည်။ ယနေ့ မွေးဖွား လာသောကလေး သည်ဆံဖြူသည်အထိအသက်ရှည်ပါစေ။ သွားကျိုး သည်အထိ နေနိုင်ပါစေ။ သား သမီး များ ပွားစားထွန်း ကားသည့်ဖခင် ဖြစ်ပါစေ။ ကြွယ်ဝချမ်းသာပါစေ။ အရေးပါအရာရောက်သော ပုဂ္ဂိုလ် ဖြစ်ပါစေ ဟူ၍လည်း ကောင်း၊ သမီး မိန်းကလေး ဆိုပါကအနာရောဂါ ကင်းရှင်း ပါစေ။ ကောင်း မွန်စွာလက်ထပ်ထိမ်းမြား နိုင်၍မိဘများ အထွက်ကျွဲ၊ နွား၊ မောင်း၊ အဝတ်အထည်အမြောက်အမြားတို့ကို မင်္ဂလာ ပစ္စည်းအဖြစ်ရှာပေး နိုင်ပါစေ စသည်ဖြင့်ဆုမွန်ကောင်း တောင်း ပေးကြသည်။ အိမ်ထွင်း နတ်ကိုလည်း အရက်၊ ကြွက်၊ ငါး ခြောက်တို့ဖြင့် ပသ ရသည်။ တဆက်တည်း မှာပင်မီး ထွက်မည့် နေ့ရက်ကို ဖက်ယိုး ကြည့်၍ နတ်ဆရာ ကအာ ဟာဘုတ်သည်။ လာရောက်ကြ သောအိမ်နီး ချင်း မိတ်အာဂန္တများ ကလည်း၊ ကလေး၏မိခင်နှင့်ဖခင်တို့အား ကောင်း ချီး ထောပနာပြု၍၊ ဓါး၊ လှံ၊ မောင်း စသောလက်ဆောင်ပစ္စည်း များကို ပေးလေ့ရှိသည်။

ကလေး မျက်နှာမြင်ပြီး နောက်မိန်း ကလေး မွေးလျှင် (၃) ရက်မြောက်၊ ယောကျ်ားလေး မွေးလျှင် (၄) ရက်မြောက် နံနက်တွင် ခပရူ[၁] ခေါ် ရေခဝ်ထွက်သည့်အခမ်းအနား (သို့မဟုတ်) မီးထွက်သည့် အခမ်းအနား ကို ဆောင်ရွက်ကြသည်။ ထိုအခမ်းအနား သည်ကလေးကို မွေး ရာနတ်များ သို့အပ်နှံ သောအခမ်းအနား လည်း ဖြစ်သည်။ နတ် တို့အား ငါး ခြောက်၊ အမဲခြောက်၊ ကြွက်ခြောက်၊ ကြက်ဥပြုတ်၊ အရက်စ သောအစား အသောက်များ ဖြင့်ပူဇော်ပသ၍ ကလေး အား ကာကွယ်စောင့်ရှောက်

၁။ Hkaparu

ပေး ပါရန်ပန်ကြားအပ်နှံရသည်။ ထိုသို့အပ်နှံစဉ် ယောက်ျားလေး ဆိုပါက (ဦး ....နှင့်ဒေါ် ..... တို့မှ မွေးဖွားလာသော မောင် ... သည်) ကြီးပြင်း၍ ဥစ္စာပစ္စည်း ရှာဖွေတတ်လာသောအခါ ဖဂါလတ်ငါ[၁] ခေါ် ဥစ္စာကျွဲတစ်ကောင်ဖြင့်ပူဇော် ပသစေပါမည်ဟူ၍လည်းကောင်း ၊ မိန်းကလေး ဆိုပါက ၎င်းမိန်းကလေး အရွယ်ရောက်ကြီးပြင်း၍ စုံမက်သူပေါ်ပေါက်လာပြီး ကွမ်းဘိုး တင်တောင်းရမ်းသောအခါ ပယမသုံး ရသည့်ကွမ်းဘိုးထဲမှ ကွမ်ဖငါ[၂] ခေါ်လက်ဆောင်ကျွဲတစ်ကောင်ဖြင့်ပူဇော်စေပါမည် ဟူ၍လည်းကောင်း ကတိပြုရလေသည်။

၎င်းကတိစကားကို သိမ်းဆည်းမှတ်တမ်းပြုထားသည့်အနေဖြင့် ခေါင်ရည်ထည့်ထားသောဝါးကျည်တောက်ထဲတွင် ဓါးချက်တစ်ချက် ထည့်ကာ ခေါင်ရိုး ၎င်ဝါး တွင်ချည်ကာထားရသည်။ ၎င်းဝါးကျည်တောက်ကို သားသမီး ကြီးပြင်းလာ၍ ကျွဲတစ်ကောင်ပူဇော်သောအခါ(သို့မဟုတ်) သမီး ကြီးလာ၍ ကွမ်းဘိုး ရသောကျွဲဖြင့်ပူဇော်သောအခါတွင်မှဖြုတ်ပစ်ရသည်။ ထိုသို့ ဖြုတ်ပစ်သောအခါဝါးကျည်တောက်ပါသွားပါကလည်း ကတိအတိုင်း ပူဇော်ရသည်။ ထိုသို့နတ်ကိုအားအပ်နှံကတိပြုပြီး နောက် ကလေးအား နေကိုပြရသည်။ ထိုသို့နေကိုပြရာတွင်ကလေး၏အား အမျိုးသမီးကြီး တစ်ဦးက ပွေ့ချီ၍ အိမ်တွင်းနတ်စင်မှစတင်ကာမီးဖိုသို့သွားရသည်။ မီးဖိုနှင့်နတ်စင်သို့အခေါက်ခေါက်အပါခါသွားပြီး နောက် နေကိုကြည့်ဟဲ့၊ နေကိုကြည့်ဟဲ့ ဟူ၍ ခါခါ ထွက်ဆိုရင်း ကလေးကိုအိမ်ပြင်နှင့်အိမ်တွင်း သွင်းချည်ထုတ်ချည်လုပ်ရသည်။ ထိုအခမ်းအနားမလုပ်မီတွင်ကလေးငယ်ကိုအိမ်ပြင်သို့ထုတ်လေ့မရှိပေ။

ဤနေ့မှာပင်မီး နေသည်လည်း မီးထွက်သည်။ မီးထွက်ရာတွင်အမျိုးသားကြီးတဦးကဖြစ်စေ၊ လင်ယောကျ်ားကဖြစ်စေ၊ မီးကိုလွယ်၊ ပုံကိုကိုင်၍ ရေဆိပ်သို့ ရွှေ့ကသွားရသည်။ မီးနေသည်ကအဝတ်အညစ်အကြေးများ ကိုယူဆောင်၍ နောက်မှလိုက်ရသည်။ ရေဆိပ်တွင်အမျိုးသမီးကအဝတ်များကိုဆေးကြောလျှော်ဖွတ်ခြင်း၊ မိမိကိုယ်ကို ရေချိုးသန့်စင်ခြင်းတို့ကို ပြုသည်။ ပြီးပါက ရေဆိပ်တွင်ရှား တတက်ထား ခဲ့ရသည်။ မကောင်းဆိုးဝါးများ လိုက်၍မနှောင့်ယှက်နိုင်စေရန်ဖြစ်သည်။ ထို့နောက်အပြန်တွင် အမျိုးသမီးက ရှေ့မှသွား၍ အမျိုးသားက နောက်မှလိုက်ပါစေ၍ ရွှေ့ကာရသည်။ ယောကျ်ားကမီး၊ ပုံကိုင်စေ၍ ရွှေ့ကာရခြင်းမှာမကောင်းဆိုးဝါးနှင့် တောကောင်တို့၏အန္တရာယ်မှကာကွယ်နိုင်ရန်ဖြစ်သည်။ ရေဆိပ်မှပြန်လာသော အခါအိမ်ဦးနတ်အားဆီမီးသည်ယနေ့မှစ၍ နေကောင်းလာပြီဖြစ်၍ ခါတိုင်း ကဲ့သို့အိမ်တွင်းအိမ်ပြင်ဝင်ထွက်သွားလာတော့မည့်အကြောင်း၊ အစစအရာ ရာစောင့်ရှောက်ပါမည့်အကြောင်း တိုင်တည်ရသည်။ ထိုသို့တိုင်ကြားပြီး ပါက

---

[၁] .Hpaga lat nga
[၂] .Kum pha nga

ဝိုး ထွက်အခမ်း အနား ပြီး ဆုံး လေသည်။ ထိုရက်မှစ၍ ရေခပ်၊ ထမင်း ချက်၊ ယင်း ရွာ၊ တောင်ယာလုပ်ငန်း တို့ကို အခြား အိမ်သား များ နည်း တူ ဆောင်ရွက်ရ တော့သည်။




အချင်းမြှုပ်ထားပုံ

ပဋိသန္ဓေတည်ခြင်း ၊ မီး ဖွား ခြင်း နှင့်ပတ်သက်၍ ယနေ့ အင်ဂျန်ဒုံ ကျေး ရွာ နေ ဂိုဏ်း မဖေ့ကို့သည့် ရှေး ခေတ် ဂိုဏ်း မဖေ့တို့နှင့် များ ကွာ ခြား လာသည်ကို တွေ့ရသည်။ ပဋိသန္ဓေတား ဆီး ခြင်း ကို ဆေး ဝါး ဖြင့် သော်လည်း ကောင်း ၊ သဘာဝ ကျော်ဖြတ်ခြင်း ဖြင့် သော်လည်းကောင်း ဆောင်ရွက်ကြပြီး ၊ ရံဖန်ရံခါ ကိုယ်ဝန် ဖျက် ချခြင်း ကိုပင်ခိုး ကိုး တိတ်တိတ်ပြု ကြ ကြောင်း သိရသည်။ အထူး သဖြင့် လက်ထပ်ထိမ်း မြား ရန်မဖြစ် နိုင်သော သဝိုး ရည်း စား ချင်း ဆက်ဆံရာမှ ရရှိလာ သော ကိုယ်ဝန်ကိုလည်းကောင်း ၊ ကျန်း မာ ရေး အ ခြေအ နေ ကြောင့်ပြည်သူ့ ဆေး ရုံမှ သား ကြောဖြတ်တောက် ခွင့်မရသူ အမျိုး သမီး အချို့တို့သည်လည်း ကောင်း ၊ မိမိသ ဘောဖြင့် ဖျက် ချကြ သည်များ ရှိလာသည်။

အင်ဂျန်ဒို ကျေးရွာနေဂိုဏ်း ဖေဘုတို့သည် ရှေးကကဲ့သို့သားသမီးများပြားသည်ကို ဂုဏ်ယူလိုကြသော်လည်း လူမှုရေး ၊ စီးပွားရေးအခက်အခဲကြောင့်လွန်ခဲ့သော ( ၁၅ ) နှစ်ခန့်မှစ၍သားသမီး (၄)(၅) ယောက်ထက်အလိုမရှိကြတော့ပေ။ ထို့ကြောင့်ယခုနောက်ပိုင်းတွင်အင်ဂျန်ဒို ကျေးရွာရှိအမျိုးသမီးအသော်များများသည်ကလေး ( ၅ ) ယောက်ခန့် မွေးဖွားပြီးပါက ဆေးရုံတွင်သားကြောဖြတ်ပစ်ကြသည်။ ရှေးခေတ်တောင်ပေါ်ဒေသတွင်က ကလေးအတွက် ပညာရေး ၊ စီးပွားရေးတို့နှင့်ပတ်သက်၍ ပူပန်ကြောင့်ကျစရာမရှိပေ။ ၎င်းတို့၌ စာပေဖတ်၍မရှိ ဝဝုံး ရာမလေးလုံးတမ်း တို့ကိုမိဘအသိုင်းအဝိုင်းအတွင်း ရောနှောပါဝင်နေခြင်းအားဖြင့်အလိုလိုတတ်မြောက်ကြသည်။ ထို့အတူ စီးပွားရေးနှင့်ပတ်သက်၍လည်း အရွယ်ရောက်လာသောအခါမိဘ ဖလာ တောင်ယာ လုပ်ငန်းဖြင့်ရပ်တည်နိုင်သည်။ သို့သော်ယခု ခေတ်အင်ဂျန်ဒို ကျေးရွာတွင်ကား ထိုသို့မဟုတ်တော့ပေ။ ကိုယ်ဝန်ရှိလာသောအချိန်မှစ၍ သတ်မှတ်ရာမိခင်နှင့်ကလေး စောင့်ရှောက်ရေး ဌာနသို့ ကိုယ်ဝန်ကိုအပ်ကာအပ်စဉ် ၊ မှန်မှန်ပြသရသည်။ မွေးဖွားလာပါကလည်း ကလေးငယ်ကျန်းမာရေးအတွက်အထူး ဂရုစိုက်ရသည်။ ကလေးငယ် ( ၃ ) နှစ်ခန့်တွင် မူလတန်းကြိုကျောင်းသို့လည်း ကောင်း ၊ ( ၅ ) နှစ်ခန့်တွင်စာသင်ကျောင်းသို့လည်း ကောင်း ပို့ရပြန်သည်။ ထိုမှတစ်ဆင့်ပြီးတစ်ဆင့် တက္ကသိုလ်မှဘွဲ့ရသည် အထိ ပညာဆုံးခန်းတိုင်သည်အထိ မြေတောင်မြှောက်ပေးနိုင်ရန်သားသမီးများ ရှား မွေးဖွားခြင်းကို ရှောင်ကျဉ်လာကြသည်။

အင်ဂျန်ဒို ကျေးရွာနေဂိုဏ်း ဖေဘုအားလုံးသည်ခရစ်ယာန်ဘာသာဝင်များဖြစ်သည့်အားလျော်စွာအရာရာတိုင်းအတွက် ဘုရားသခင်ကိုအာရုံနှံအားကိုး ယုံကြည်သူများဖြစ်၍ ၊ ကိုယ်ဝန်ရှိစဉ်ရှောင်ကျဉ်မှုများ၌အချို့ကသာ ရှေးကအတိုင်း လိုက်နာကြပြီး ၊ အတော်များများ တလျစ်လျူရှုလာကြသည်ကို တွေ့ရသည်။

အင်ဂျန်ဒို ကျေးရွာတွင်ကိုယ်ဝန်ဆောင်များအတွက်သားဖွားဆရာမ တစ်ဦး နှင့်အရံသားဖွား ဆရာမတစ်ဦး တို့ရှိကြသည်။ အချို့က ဆေးရုံတွင်သွားရောက်မွေးဖွားကြပြီး အများအားဖြင့် ကျေးရွာ ရှိ ဆရာမ တစ်ဦးဦး ကိုပင့်ခေါ်ကာအိမ်၌ပင် မွေးဖွားကြသည်ကို တွေ့ရသည်။ ရှေးကကဲ့သို့မည်သူနှင့် မွေးဖွား ရမည်ကိုနတ်ကတော်ဆရာအကူအညီဖြင့် ရွေးချယ်ခြင်း မျိုး မရှိတော့ဘဲ နီးစပ်ရာ ဆရာမ ၊ ဆေးရုံ တို့တွင် မွေးဖွားကြသည်။ ယခုနေ့အချိန်တွင် မွေးဖွား မည့်ရက်ကို ဆေးရုံ ၊ ဆေးခန်း မှ ဆရာဝန် ၊ ဆရာမတို့တွက်ချက်ပေး ချက်အရ ကြိုတင်သိ နေကြသည်ဖြစ်၍ရှေး

ကကဲ့သို့ ရေခဝ်၊ ယင်း ခွေ့ရင်း မွေး ဖွား ခြင်း ရိုးကို မတွေ့ရတော့ပေ။ အိမ်တွင် မွေး ဖွား ပါက ဇနီး မောင်နှံ၏အိဝ်ခန်း ကိုပင် မွေး ဖွား ခန်း အဖြစ်အသုံး ပြုကြသည်။ သို့သော် မွေး ဖွား ပြီး ကျား မခွဲခြား သိသည်နှင့်တပြိုင်နက် ချက်ချင်း အမည် ပေး ရသော ဓလေ့ထုံး စံသည် နတ်ကိုးကွယ်ခြင်း မရှိတော့သော်လည်း အစဉ်အလာတစ်ရဝ်အဖြစ်ကျန်နေသည် ကို တွေ့ရသည်။ ရှေး ကကဲ့သို့ နတ်မိစ္ဆာတို့ထက်ဦး အောင်အမည် မှည့် ခေါ်ပြီး အိမ်နီး ချင်း တို့ကို ဖိတ် ခေါ်က၊ အကျွေး အမွေး ဖြင့်ကလေး အမည်ကိုလူသိ နှတ်ကြား ကြေညာသည့်အခမ်း အနား သည်လည်း ကျန်ရစ်ဆဲဖြစ်သည်။ ထို့ကြောင့် မွေး ဖွား ချိန်နီး ကဝ်လာပါကအသား ခြောက်၊ ဂျင်း ၊ ခေါင်ရည်၊ အရက်တို့ကို မိခင်စား သုံး ရန်နှင့်ကလေး အမည် ပေး သည့်အခါကျွေး မွေးရန်စု ဆောင်း ထား တတ်ကြသည်။ ကလေး ချက်ကြိုး ဖြတ်ခြင်း တို့ကို မွေး ဖွား ပေး သည့်ဆရာမတို့က နည်း စနစ်ကျစွာပိုး မဝင်စေရန်အဓိကထား၍ဖြတ်တောက်ချည် နှောင်ခြင်း ပြု ပေး ကြသည်။ အချင်း ကိုလည်း သင့်တော်ရာ နေရာ၌ အလွယ်တကူမြှုပ်နှံကြသည်။ ကြွေသွား သောချက်အခြောက်ကိုသိမ်း ဆည်း သည်လည်း ရှိသည်။ လွှင့်ပစ်သည်လည်း ရှိသည်။ ရှေး ကကဲ့သို့အထူး တလည် ဂရုစိုက်မှု နည်း ပါး လာသည်ကို တွေ့ရသည်။

ယခု ခေတ်အင်ဂျန်ဒုံ ကျေး ရွာ နေဂျိန်း ဖောတို့ကောင်ပွန်း တဝ်အခမ်း အနား နှင့်ပတ်သက်၍ နှစ်ကြိမ်ကျင်း ပသည်ကို တွေ့ရသည်။ ၎င်းတို့မှာ နတ်မိစ္ဆာတို့ထက်အရင်ဦး အောင်အမည် ပေး ပြီး လူအများ ကိုသိစေသည့် ဂျုံထူရှား အိုင် ဆိုသည့်အခမ်းအနား နှင့်၊ နောက်တစ်ခုမှာကလေးကို ထာဝရဘုရား သခင်ထံအဝ်နှံပြီး မွေး လက်မှတ်လက်ခံရယူသည့်အခမ်းအနား ဖြစ်သည်။

ဂျုံထူရှား အိုင် ဆိုသည့်အခမ်း အနား ကို မွေး ဖွား ပြီး တစ်ပတ်အတွင်း တွင်ကျင်း ပပြီး အချို့က ရှေး ခေတ်ကအတိုင်းအသား ခြောက်ထောင်း ၊ ခေါင်ရည်၊ အရက်တို့ဖြင့်ဧည့်ခံသည်။ အချို့ကအသား တို့ဖြင့် ရောနှောယား သော ကောက်ညှင်း ပေါင်း ၊ လဘက်ရည်၊ ကော်ဖီတို့ဖြင့်ဧည့်ခံသည်။ ၎င်းတွင် ရှေး ကကဲ့သို့နတ်ပူဇော်ပသခြင်း မပြုတော့ပဲအနီး အနား မှ သင်း ထောက်ဆရာ (သို့မဟုတ်) သက်ကြီး ရွယ်အိုတစ်ဦး ဦး ကိုဦး ဆောင်စေ၍ကလေး ငယ်အသက်ရှည်၊ ဘုန်း ကြီး ၊ အနာရောဂါကင်း စေရန်ဆုတောင်း ပေး သည်။

သား သမီး ကိုအမည် ပေး ရာတွင် ရှေး ကအတိုင်း ပြောင်း လဲမှုမရှိပဲ၊ သား ဆိုပါက ဂမ်၊ နော်၊ လ၊ တူး ၊ တန် စသည်ဖြင့်နံပါတ်စဉ် လိုက် မှည့် ခေါ်ပြီး ၊ သမီး ဆိုပါက လည်း ရှေး ကအတိုင်း တော့၊ လု၊ ရွယ်၊ ထု၊

ထိုင် စသည်ဖြင့်အစဉ်အလိုက် မှည့်ခေါ်ကြသည်။ သို့သော် ရှေးယခင်ကအမျိုးအနွယ်အမည်နှင့် နံပါတ်စဉ်အလိုက်အမည်တစ်လုံး ကိုသာတွဲဖက်ခေါ်ဝေါ်ကြသော်လည်း ၊ ယခုခေတ်တွင် နံပါတ်စဉ်အလိုက်အမည်အပြင်အပိုတစ်လုံး ၊ နှစ်လုံး ထိုထည့်ခေါ်လာကြသည်။ ဥပမာ– ရှေးကာလဆော်အမျိုး အနွယ်မှအကြီးဆုံးသားကိုလထော်ဂမ်ဟုသာခေါ်သော်လည်း ၊ ယခုခေတ်တွင်လထော်ဂမ်ဆိုင်း ၊ ဂမ်အောင် ၊ ဇော်ဂမ် စသည်ဖြင့်မှည့်ခေါ်လာကြသည် ။ အချို့သူတို့ကသားကြီးဖြစ်ရသကို ဂမ် အစား ဘရန်[1] ကိုအသုံးပြုမှည့်ခေါ်ကြသည်။ ဥပမာ– အင်ခွန်ဘရန်ဆိုင်း ၊ မရန်ဘရန်ရှောင် ၊ လဘန်ဘရန်အောင် ၊ မိန်းကလေးများကိုလည်း ထိုနည်းတူပင် သမီးကြီးကော့အစား ခေါန်[2] ကိုအသုံးများလာကြသည်။ ဥပမာ– ရှေးကမရန်ကော့ဆိုပါက ထိုအမျိုးသမီးသည်မရန်အမျိုးအနွယ်ဝင်သမီးကြီးတစ်ဦးဖြစ်ကြောင်းသိရသည်။ ယခုအခါတွင် မရန်ခေါန်ရှောင် ၊ ခေါန်နန် ၊ ဆိုင်း ခေါန်ဟူသောအမည်များကိုလှပစွာမှည့်ခေါ်လာကြသည်။

ယနေ့အင်ဂျန်ဒို့ကျေးရွာဒွိဂိန်း ဖေ၃တို့၏အမည်များသည်အသင်းတော်ကိုလိုက်၍ ကွဲပြားမှုရှိသည်ကို လေ့လာတွေ့ရှိရသည်။ အထက်ပါအတိုင်း ဂျထိုထူရှား သည့်အခမ်းအနားပြီးသည့်နောက်တွင် မိမိတို့၏သက်ဆိုင်ရာအသင်းတော်မှအသိအမှတ်ပြုသော မွေးလက်မှတ်ကို ထပ်၍ယူရသည်။

နှစ်ခြင်းအသင်းတော်ဝင်တို့သည် မွေးလက်မှတ်ကို မိခင်ရော ကလေးပါကျန်းမာပြီး တစ်လ (သို့မဟုတ်) နှစ်လခန့်ရှိသောအခါတွင် သင်းအုပ်ဆရာထံမှ တောင်းခံရသည်။ ထိုမွေးလက်မှတ်ပေးအပ်သည့် အခမ်းအနားကိုလည်းကြီးကျယ်စွာကျင်းပလေ့မရှိပေ။ သင်းအုပ်ဆရာ (သို့မဟုတ်) သင်းထောက်ဆရာကိုပင့်ဖိတ်၍အိမ်နီးချင်း (၄၀) (၅၀) ခန့်ကိုနှုတ်ဖြင့် ဖိတ်ကြားကာအိမ်ဧည့်ခန်း၌ပင်အကျဉ်းချုံး ကျင်းပကြသည်ကိုတွေ့ရသည်။ ဖိတ်ကြားထားသောဧည့်ပရိသတ်နှင့်သင်းအုပ်ဆရာတို့စုံညီစွာရောက်ရှိလာသောအခါ မိခင်၊ ဖခင်တို့သည်ကလေးငယ်ကိုပွေ့ချီလျက်သင်းအုပ်ဆရာ၏ရှေ့မှောက်တွင်နေရာယူပြီး ဖခင် (သို့မဟုတ်) လူကြီးတစ်ဦးမှယနေ့ကျင်းပသောအခမ်းအနားသည်ဦး .... နှင့်ဒေါ် .... တို့၏ဘယ်နှစ်ယောက်မြောက်သား /သမီးဖြစ်သူမောင်/မ ... ၏မွေးလက်မှတ်ယူရန်ကျင်းပသည့်အခမ်းအနားဖြစ်ကြောင်း စတင်ပြောကြားပြီး အခမ်းအနားအပေါ်တွင်ဘုရားသခင်မှကောင်းချီးပေးပါရန် ဆုတောင်းသည်။ ထို့နောက်ကလေးငယ်များအားဘုရားသခင်မှချစ်မြတ်နိုး တော်မူသည်နှင့်ပတ်သက်သောဓမ္မသီချင်းတစ်ပုဒ်ကိုအားလုံး

1. Barang
2. Hkaung

ဝိုင်း ဝန်း သီဆိုကြသည်။ ၎င်း နောက်က လေး ငယ်ကိုဘု ရား သခင်နှင့် နှီး တစ်ဆောင် မည်သို့ မည်ပုံပြုပြင်ထိန်း သိမ်း ပေး ပါက ဘုရား သခင် ၏အစောင့်အရှောက်ကို ထာဝရ ရရှိမည့်အကြောင်း ၊ မိဘတို့ကို ဟော ပြောဩဝါဒ ပေး သည်။

၎င်း နောက်သင်း အုပ်ဆရာသည်အင်္ဂလိပ် နှင့် ဂျိန်း ဖောစာပေနှစ်ဘာသာဖြင့်ရိုက်နှိပ်ထား သော မွေး လက်မှတ် ပေါ်တွင် လိုအပ်သည်များ ကိုဖြည့်စွက်ပြီး လက်မှတ် ရေး ထိုးသည်။နှစ်ခြင်း အသင်း တော်ဝင်တို့၏အမည်တွင်အမျိုး အနွယ်အမည် နှင့်ဘယ်နှစ် ယောက် မြောက်ဖြစ် ကြောင်း ကိုပြသည့်အမည်သာပါဝင်သည်။ ၎င်း နောက် မိဘ နှစ်ပါး ကိုက လေး ငယ်အား ချီလျက် မတ်တပ်ရပ် စေသည်။ ရပ်နေစဉ်ကလေး ကြီး ပြင်း၍ အသက်ရှင် နေသ ရွေ့ကာလ ပတ်လုံး ဘုရား သခင်၏ကြည့် ရှု စောင့် ရှောက်မှု၊ လမ်း ပြဦး ဆောင်မှု၊ ကောင်း ချီး ပေး မှုအစုစု ကိုရရှိနိုင်ရန်သင်း အုပ်ဆရာမှသား အမိသား အဖသုံး ယောက်အား လက်အစုံဖြင့်အုပ်မိုး တာဆု တောင်း ပေး ပြီး မိဘတို့အား မွေး လက်မှတ် ကို ပေး အပ်သည်။

၎င်း နောက် နိဂုံး ချုပ်ဓမ္မ တေး တစ်ပုဒ်ကိုဝိုင်း ဝန်း သီဆိုကြပြီး ၊ သင်း အုပ်ဆရာမှဘုရား သခင်ကိုယ်စား မိခင်၊ဖခင် ကလေး ငယ်နှင့်ပရိသတ်အပေါ် ကောင်း ချီး ပေး သည်။ ၎င်း နောက် ထမင်း ဟင်း (သို့မဟုတ်) ကောက်ညှင်း ပေါင်း နှင့် ကော်ဖီ၊ လက်ဘက်ရည် (သို့မဟုတ်) ဆန်ပြုတ် (သို့မဟုတ်) ခေါက်ဆွဲအစရှိသည့်အစား အသောက်တမျိုး မျိုး ဖြင့်ဧည့်ခံကာအခမ်း အနား ကိုအပြီး သတ်သည်။ ကြွ ရောက်လာကြသော ဧည့်ပရိသတ်တို့သည် စား သောက်ပြီး ပါက မိမိတို့အသင့်ယူ ဆောင်လာ သောလက်ဖွဲ့ပစ္စည်း (သို့မဟုတ်) ငွေ ကြေး ကို မိခင်၏လက်တွင် ပေး အပ်ကာ ပြန်ကြသည်။

ရိုမင်ကတ်သလစ် ခေါ် အာရ်.စီ.အမ် ဘာသာဝင် များ အ နေဖြင့်အခမ်း အနား ကျင်း ပပုံမှာနှစ်ခြင်း အသင်း တော်ဝင် များ နှင့်တူ သော်လည်း အမည် ပေး ရာတွင်ထူး ခြား မှုရှိသည်ကို လေ့လာ တွေ့ရှိရသည်။ မွေး မွေး ချင်း မိမိတို့ဖာသာအမည်တစ်ခုကို ပေး တာ ရယုံထု၄ား အိုင် ဆိုသည့်အခမ်း အနား ကျင်း ပသည့်အထိတူညီကြသည်။ ၎င်း နောက်ဘုရား သခင်၏သား သမီး အဖြစ်အမည်တစ်ခုကိုအခမ်း အနား ဖြင့် ခံယူရသည်။ ၎င်း အမည်ကို <u>ကြွယ်ပရမြင်</u>[1] ခေါ် အသိဉာဏ်ပညာအလင်းရှိ သောအမည်ဟု ခေါ်သည်။ ကလေး ငယ်အား ဆေး ကြောခြင်း ကိုခံယူ စေပြီး သည့်အနောက်တွင်ထိုအမည်ကို ပေး စေသည်။ ဆေး ကြောမှုခံယူ စေခြင်းသည်

1. Jhycipra mying

## CERT FICATE

This certifies that ........................................................................ child of

........................................and ........................................ was born at

........................................on the.............. .................. 19......... and

according to Christian faith, was dedicated to God this day the

.............. ...................... 19........... at..............................................

Church — Given by

Witness. — Position.

Hanson Press, Myitkyina. Rev. Sabol Jum (01496/01064)

## DAIDAW LAKMAT

.............................................. hte ..............................................

kasha.............................................. gaw ..............................................

ginwang .................................... buga ....................................mare e,

19......... ning ........................................ shata ......... ya, shani/shana

hkying............laban .................. hta shangai nna, dai ni 19...... ning

..............................shata............ ya, shani .................. e, ndai ma bpe
Karai Kasang shaman ya u ga, akyu hpyi ap ya sai rai.

( Hpung) — Lakmat jaw ai wa.

Sakse — Aya

| ဆေးကြောခြင်းလက်မှတ် | | KASHIN KaMUN LETMAT |
|---|---|---|
| ဖသာအမည် | ---------------- | Kashin Kamun amying |
| ဆေးကြောခြင်းခံရသူ၏အမည် | ---------------- | Hkam ai wa a mying |
| မွေးနေ့သက္ကရာဇ် | ---------------- | Shangai ai Mhgoi |
| မွေး ဖွား သည့်အရပ် | ---------------- | Shangai ai Maro |
| လက်ရှိနေရပ် | ---------------- | Nga ai Mare |
| အဘ၏အမည် | ---------------- | Kawa a Mying |
| အမိ၏အမည် | ---------------- | Kanu a Mying |
| ဆေးကြောခြင်းပေးသော ရက်စွဲ | ---------------- | Kashin Kamun Jaw sinhtei |
| ဆေးကြောခြင်းပေးသော နေရပ် | ---------------- | Kashin Kamun Jaw ai shara |
| ခေါင်းကိုင်အဘ | ---------------- | Baw Jum ai Kana a Mying |
| ခေါင်းကိုင်အမိ | ---------------- | Baw Jum ai Kanu a Mying |
| ဆေးကြောခြင်းပေးသော ပုဂ္ဂိုလ် | ---------------- | Kashin Kamun Jaw ai wa |
| ခရစ္စမဂ္ဂသား ပေးခြင်းခံသောရက်စွဲ | ------ | N-Gun Shaja Hkam ai Nhtoi |
| လက်ထပ်ထိမ်းမြားသောရက်စွဲ | ---------- | Nua Hkungran ai Nhtoi |
| ဤလက်မှတ်ရရှိသောရက်စွဲ | ------------- | Ndai Letmat Jaw ai Nhtoi |
| လက်မှတ်ထုတ်ပေးသောပုဂ္ဂိုလ် | ------------ | Letmat Jaw ai wa a Mying |

သာသနာ ဘောင်သို့သွတ်သွင်း ခြင်း လည်း ဖြစ်သည်။ ဘုန်း တော်ကြီး (သို့မ
ဟုတ်) သင်း အုပ်ဆရာမှ ကလေး ငယ်အား မွေး မွေး ချင်း သော်လည်း ။
ကောင်း ၊ ရက် အတန်ကြာ သောအခါတွင်လည်း ကောင်း ၊ နဖူး ပေါ်တွင်
ရေဖြင့်ပတ်ဖျန်း ဆေး ကြော ပေး ကာ ဆေး ကြောခြင်း ကိုခံယူသည့် နေ့
ရက်နှင့်ကိုက်ညီ မည့်အမည်တစ်ခုကို ပေး အပ် လေသည်။ ထိုအမည်တို့မှာ ယောကျ်ား
လေး ဆိုပါက ယောတန်၊ ဖရန်း စစ်၊ တောမတ်(စ်)၊ ယောရှ၊ ရော
ဘတ် အစရှိသည်တို့ဖြစ်ပြီး ၊ မိန်း ကလေး ဆိုပါက မေရီ၊ ထရေဇာ၊ မော်
နီကာ၊ မာဂရက် အစရှိသည့်အမည်တို့ဖြစ်သည်။ ဥပမာ- မောင်ဖရန်း
စစ်မရန်လရော်ဆိုပါက ထိုသူသည်အာရ်.စီ.အမ် အသင်း တော်ဝင်ဖြစ်ပြီး
မရန်အမျိုး အနွယ်ဝင်ဖြစ်ကာ အမည်တွင် လ ပါသော ကြောင့်တတိယ မြောက်
သား ဖြစ် ကြောင်း အလွယ်တကူသိရှိနိုင်သည်။ ထိုနည်း တူ မမာဂရက်အင်ခွန်
တိုင်နန် ဆိုပါက ထိုအမျိုး သမီး သည် အာရ်.စီ.အမ် အသင်း တော်ဝင် ၊
အင်ခွန်အမျိုး အနွယ်၊ ကိုင် ပါသော ကြောင့်ပဉ္စမ မြောက်သမီး ဖြစ်ကြောင်း
သိရှိရသည်။ ဂျိန်း ဖောဒတို့၏အမည်များ နှင့်မှည့် ခေါ် ပုံသည်စနစ်တကျရှိကြောင်း
လေ့လာ တွေ့ရှိရသည်။

အင်ဂျန်ဒို ကျေး ရွာ နေဂျိန်း ဖောဒတို့သည် ပဋိသန္ဓေတည်
ခြင်း ၊ မွေး ဖွား ခြင်း ကို ခေတ်စနစ် နှင့်လိုက် လျောညီ ထွေစွာပြုကျင့်လာ
ကြောင်း လေ့လာ တွေ့ရှိရသည်။ ဘာသာ ရေး အသင်း တော်အလိုက် မွေးဖွား
လက်မှတ်များ ထုတ် ပေး ခြင်း သည်လက်မှတ်ထုတ် ပေး ခွင့်ရှိသည့် ဆရာဝန်၊
ဆရာမများ နှင့် မွေး ဖွား ခြင်း မရှိခဲ့ သောကလေး အတွက်အသက်အထောက်
အထား တိုင်ခိုင်လုံစေသည်။ သို့ဖြစ်၍အသက်မမှတ်မိခြင်း ၊ မသေချာခြင်း
မရှိတော့ပေ။ ထို့ပြင်အာရ်.စီ.အမ်အသင်း တော်မှအမည် ပေး ပုံသည်အာရ်
စီ.အမ် အသင်း တော်ဝင်အဖြစ်သိသာစေသည်။

မြို့ရှိကြည့်ပါက သား သမီး ဦး ရေကိုထိန်း ချုပ်လာကြပြီး ၊
မွေး ဖွား ခြင်း ၌အ တော်အတန်အသင့်မြင့် သောအ ခြေအ နေတွင်ရှိကြောင်း
တွေ့ရှိရသည်။ မိခင်နှင့်ကလေး စောင့်ရှောက် ရေး ဌာန၏အစီအစဉ် အ
တိုင်း ကိုယ်ဝန်ကို စနစ်တကျအပ်နှံပြသကာ၊ တတ်ကျွမ်း သူ ဆေး ပညာရှင်တို့နှင့်
မွေး ဖွား ခြင်း ကြောင့် မီး မဖွား နိုင်၍ သေဆုံး မှုများ လည်းကင်းဝေး
ကြောင်း လေ့လာ တွေ့ရှိရသည်။

ကလေး ငယ်များ

ရှေး ခေတ် တောင် ပေါ် ဒေသ နေဂျိန်း ဖောဒက လေး သူ
ငယ်များ အတွက်မြို့ပြမှာကဲ့သို့သီး သန့်ကစား ကွင်း များ မရှိပေ။ ကလေး
သူငယ်များ သည်ရွာကွင်း ၌ပင် ကလေး ဘာဝတတ်သိသ ရွေ့ကစား နည်း ။

များဖြင့် ဆော့ကစားကြသည်။ ကစားစရာအရုပ်များလည်း မရှိပေ။ ဆယ်နှစ်အောက် ယောကျ်ားလေးများသည် နပန်းသတ်ခြင်း၊ လွန်ဆွဲခြင်း၊ ဂုင်ပေါက်ခြင်း၊ လှံ၊ ဒူးလေး၊ လောက်လေး စသည်တို့ဖြင့်လက်တည့်စမ်းခြင်း စသောကစားနည်းများဖြင့်သာ ကစားကြသည်။

ထိုသို့ကစားရင်းဖြင့် ငါးနှစ်၊ ခြောက်နှစ်ခန့်မှစ၍ ၊ ကျွဲကျောင်း၊ နွားကျောင်း အလုပ်ကိုစတင်လုပ်ကိုင်ရသည်။ ယာတောသို့ ဖခင်နှင့်အတူလိုက်၍ ငှက်ထောင်ခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းတို့ကိုတစ်စတစ်စသင်ကြားတတ်မြောက်ကြသည်။ ထိုသို့တောလိုက်ရင်း တောထွင်းမှစားကောင်းသည့်ဟင်းသီးဟင်းရွက်၊ မစားကောင်းသည့်ဟင်းသီးဟင်းရွက်၊ ဆေးဖက်ဝင်သည့်အသီးအရွက်တို့ကို ဖခင်ထံမှတစ်ဆင့်သိရှိလာကြသည့်အပြင် တောလမ်းသွားလာခြင်းကိုလည်း ကျွမ်းကျင်လာကြသည်။ တစ်ချိန်တည်းမှာပင် တောင်ယာခုတ်ခြင်း၊ စိုက်ခြင်း၊ ပေါင်းပလုံးရိတ်ခြင်း၊ ဖျာရိတ်ခြင်း၊ သက်ကယ်ရိတ်ခြင်း စသည့်လုပ်ငန်းများကိုတတ်ကျွမ်းလာခဲ့ရာမှ (၁၂) နှစ် (၁၃) နှစ်သားအရွယ်တွင် ဓါးတလက်ကိုကောင်းမွန်စွာအသုံးချတတ်လာ၍ ဂိန်း ဖော့ ယောကျ်ားတို့တတ်အပ်သော တောလိုက်ခြင်း၊ ငါးဖမ်းခြင်း စသောအလုပ်များကိုလုပ်တတ်လာသည်။ ထိုမှတက်၍ အိမ်မိုးခြင်း၊ ခြံကာခြင်း၊ ကြိမ်၊ ဝါးခုတ်ခြင်း စသောလုပ်ငန်းအပြင် ခေါင်ရည်သောက်ခြင်း၊ လူပျိုလှည့်ခြင်းများ အထိတစ်စတစ်စကျွမ်းကျင်လာခဲ့သည်။

မိန်းကလေးများ၏ ပျော်ရွှင်မှုကစားနည်းများမှာ ဇယ်ခုတ်ခြင်း၊ ဒိုးပစ်ခြင်းတို့ဖြစ်သည်။ များသောအားဖြင့်မိန်းကလေးများသည် (၆) နှစ်၊ (၇) နှစ်အရွယ်မှစ၍ မိမိတို့၏ မောင်ငယ်၊ ညီမငယ်များကိုထိန်းကျောင်းရသည်။ မိန်းကလေးများ၏တာဝန်မှာ ကလေးထိန်းရန်အပြင် ရေခပ်ခြင်း၊ ထင်းခွေခြင်း စသောဗဟိုရလုပ်ငန်းများကိုမိခင်နှင့်အတူပိုင်းဝန်းလုပ်ကိုင်ကြရသည်။ (၈) နှစ် (၉) နှစ်ခန့်ရှိသောမိန်းကလေးများသည်ဆန်ဖွပ်၊ မောင်းထောင်း ၊ ဝါဖတ်၊ ဗိုင်းငင်အလုပ်များကိုမိခင်နှင့်အတူလုပ်ကိုင်ကြရသည်။ ထိုမှတဆင့် ထမင်းဟင်းချက်ပြုတ်ခြင်း၊ ကြက်စာ၊ ဝက်စာကျွေးခြင်း၊ တောင်ယာထွက်ကိုရှင်းလင်းခြင်း၊ ဟင်းသီးဟင်းရွက်ခူးခြင်း၊ တောင်ယာထွင်ကျေးငှက်တိရစ္ဆာန်စောင့်ရှောက်ခြင်း စသောအလုပ်များကိုလုပ်ကိုင်ကြရပြီး (၁၀) နှစ်မှ (၁၄) နှစ်အရွယ်တွင် ဗိုင်းငင်ခြင်း၊ ယက္ကန်းရက်ခြင်း စသောအလုပ်များကိုမိခင်ထံမှသင်ကြားတတ်မြောက်လာကြသည်။ မိန်းကလေးများသည် တောင်ယာစိုက်ခြင်း၊ စပါးလှေ့ခြင်း၊ ကောက်

ရိုက်ခြင်း ၊ ခေါင်ရည်တည်ခြင်း ၊ အရက်ချက်ခြင်း စသည့်အလုပ်များ ကိုပါ တတ်ကျွမ်းကာ (၁၅) နှစ် (၁၆) နှစ်သို့ ရောက် သောအခါအိမ်ထောင်ပြု ရန်အရွယ်သို့ ရောက်ကြတော့သည်။

စာသင်ကျောင်းများ စတင်ပေါ် ပေါက်လာသော အခါ၊ (၉) နှစ် (၁၀) နှစ်ခန့်တွင်မှ ကျောင်းကိုပို့ကြသည်။ ကျောင်းသို့ ရောက်ပြန် သော်လည်း စီးပွားရေး အခြေအနေအရ ရဝ်ရဝ် ကြောင့်ပညာ တစ်ပိုင်း တစ်စဖြင့် ကျောင်းထွက်ကြသည်က များသည်။ ဗြိတိသျှလက်ထက် က၊ ဗြိတိသျှလက် အောက်ခံ တောင်တန်း ဝန် ထောက်များ တဒူဝါများ၏သား များကိုစာမသင်မနေရအမိန့်ထုတ်ခဲ့သည်။ ဒူဝါသား မဟုတ်သူများကိုလည်း ကျောင်း နေရန်တိုက်တွန်း ခဲ့သည်။ သို့သော်စာ ပေတတ်မြောက်သူအလွန် ရှား ပါး ခဲ့သည်။

ယနေ့ ခေတ်အင်ဂျင်နီ ကျေး ရွာ နေက လေး သူငယ်တို့၏ ဘဝကား ရှေး ခေတ်မှက လေး သူငယ်တို့၏ဘဝနှင့်အလွန်ကွာခြား လာသည် ကို တွေ့ရသည်။ ကလေး များ ကို ရှေး ကကဲ့သို့လုပ်အား အတွက်အဖွဲ့ဝင်တစ်ဦး အနေဖြင့်မသတ်မှတ်တော့ဘဲ ဘုရား ရှင်မှ ပေး အပ်လိုက်သည့်ရတနာတပါး အဖြစ်သတ်မှတ်ကာယုယမြတ်နိုး စွာထိန်း ကျောင်း ပညာ ပေး လမ်း ညွှန်မှု ပြုကြသည်ကို တွေ့ရသည်။ ကစား ကွင်း များ သတ်မှတ်ထား ရှိ ပေး ခြင်း ၊ ယနေ့ ခေတ် ပေါ်အရုပ်အရောင်မျိုး မျိုး ကိုဝယ်ခြမ်း ပေး ခြင်း ဖြင့် ဆော့က စား စေကြသည်။ အသက်အရွယ်ကိုလိုက်၍ မူလတန်း ကြို ကျောင်း များ ၊ စာ သင် ကျောင်း များ သို့ပို့လွှတ်ကာပညာသင်ကြား စေသည်။ (၇) နှစ် (၈) နှစ်အရွယ်တွင် ကျောင်း အား သည့်အချိန်များ ၌ သာသနာ ရေး နှင့်ပတ်သက်သည့်သင်တန်း များ ကိုတက် ရောက် စေပြန်သည်။ ထိုမှတစ်ဆင့် (၁၃) နှစ် (၁၄) နှစ်ခန့်တွင်အနုပညာနှင့်ပတ်သက်သည့် ဂီတာတီး သင်တန်း များ၊ အဆိုသင်တန်း များ ၊ ကျန်း မာ ရေး နှင့်ကိုယ်ခံပညာအတွက်သိုင်း ၊ ကရာ တေး ၊ ဂျူဒိုသင်တန်း များ ကိုကျား / မ မခွဲခြားဘဲတက် ရောက်သင်ကြား စေ သည်။ ကလေး များ အတွက် ပျော်ပွဲ၊ ရွှင်ပွဲများ ကိုအသင်း တော်အလိုက်ကြီး မှူး ၍မကြာခဏကျင်း ပ ပေး သည်ကို တွေ့ရသည်။ အိမ်အလုပ်များ နှင့်လယ်ယာ အလုပ်များ တွင်မူ အဓမ္မ စေခိုင်း ခြင်း မျိုး မရှိဘဲအား လပ်ချိန်တွင်သာ ကူညီ စေသည်ကို တွေ့ရသည်။ မိဘများ အနေဖြင့်ပညာ ရေး ကိုအထူး အား ပေး ကြသည်။ ယခု ခေတ်အင်ဂျင်နီ ကျေး ရွာ နေက လေး သူငယ်တို့၏ဘဝသည်ဖြိုးကြီး ပြကြီး နေက လေး သူငယ်တို့၏ဘဝနှင့်မခြား ဘဲ ပျော်ရွှင်ဖွယ်ရာများ ၊ ဗဟုသုတအသိဉာဏ်ပညာရရှိစရာများ ဖြင့်ပြီး ပြည့်စုံနေ ကြောင်း လေ့လာ တွေ့ရှိရသည်။

ရှေး ခေတ်ဂျိန်း ဖေဘူတို့သည်အရွယ် ရောက်လာသော ကလေး သူငယ်အတွက်ဘာသာရေး ဘောင်သို့သွတ်သွင်း ခြင်း နှင့်ပတ်သက်၍၊ တစ်စုံတစ်ရာ ဆောင်ရွက်ကြသည်ဟူ၍မရှိပေ။ မွေး လျှင် မွေး ချင်း နတ်တို့အား ကြည့်ရှုစောင့်ရှောက်ပါရန်တိုင်တည်၍ အရွယ် ရောက်လာပါက တဖွဲ့တစ် ကောင်ဖြင့်ပူဇော်စေမည်ဟု သောဂတိ ပေး ထား ခြင်း ကိုသာ တွေ့ရသည်။

ယခု ခေတ်အင်ဂျန်ဒုံ ကျေး ရွာနေဂျိန်း ဖောတို့ကား ခရစ်ယာန်ဘာသာယုံကြည်မှုအရ၊ ကလေး များ အား ဘာသာရေး ဘောင်သို့သွတ်သွင်း သည့်အခမ်း အနား ကိုမဖြစ်မနေကျင်း ပကြသည်ကို တွေ့ရသည်။ ဒုတိယအကြိမ် မွေး ဖွား ခြင်း မခံရ သောသူသည် ကောင်း ကင်နိုင်ငံတော်သို့မရောက်နိုင်ပေ။ လူ၏ပကတိဇီဝဉာဉ်ကိုသန့်ရှင်း စေခြင်း အား ဖြင့် ခရစ်တော်၌လူအသစ်ဖြစ်လာခြင်း သည် ဒုတိယအကြိမ် မွေး ဖွား ခြင်း ပင် ဖြစ်သည်ဆိုသည့်အတိုင်း အသင်း တော်လိုက်၊ ကွဲပြား စွာ ဒုတိယအကြိမ် မွေး ဖွား ခြင်း (သို့မဟုတ်) သာသနာ့ ဘောင်သို့သွတ်သွင်း ခြင်း ကိုပြုကြသည်။ ထိုသို့ဒုတိယအကြိမ် မွေး ဖွား ခြင်း ကိုနှစ်ခြင်း အသင်း တော်က နှစ်ခြင်း ခံသည်ဟူ၍လည်း ကောင်း ၊ အာရ်.စီ.အစ် အသင်း တော်က ဆေး ကြော ခြင်း ခံယူသည်ဟူ၍လည်း ကောင်း သုံး နှုန်း ကြသည်။

(၇) ကျန်း မာ ရေး နှင့် ဆေး ကုသခြင်း ။

ရှေး ခေတ် တောင် ပေါ် ဒေသ နေဂျိန်း ဖေဘူလူမျိုး တို့သည် တောင်ယာခင်း နှင့်အိမ်ကြား တွင်လည်း ကောင်း ၊ တရွာနှင့်တရွာ ကြား တွင်လည်း ကောင်း ၊ တောင်တက် တောင်ဆင်း ခရီး ကိုသာ နေ့စဉ် နှင့်အမျှ ဖြတ်သန်း သွား လာ နေရ သော ကြောင့်အများ ဖြင့်ကျန်းမာရေး ကောင်း မွန်ပြီး ဖြတ်လတ်သန်မာကြသည်။ ရှေး က တောင် ပေါ် ဒေသတွင် နာတာရှည် ရောဂါကြီး များ ဖြစ်ခဲလှသည်။ ကြောက်ရသည့်မှာကိုယ်ဝန်ဆောင် အမျိုး သမီး များ မီး မဖွား နိုင်ဖြစ်ကာ၊ ကလေးရောမိခင်ပါမကြာခဏ သေဆုံး ရခြင်း ကိုသာဖြစ်သည်။

မကြာခဏဖြစ်တတ် သော ရောဂါငယ်က လေး များ ကို မူ၊ အောက်ပါအတိုင်း ဆေး မြီး တိုများ ဖြင့်ကုသကြသည်။

အင်ပြင်ထလျှင်ဓါး နှစ်ချောင်း ကိုကြက်ခြေခတ်ကာ အသံမြည်သွား အောင်အချင်းချင်း ရိုက်ခတ်ပြီး ၊ နှစ်ချောင်း စလုံးကိုလွှင့်ပစ်လိုက်သည်။ ရောဂါသက်သာသွား သောအခါမှ ဓါးကိုပြန် ကောက်ကြသည်။

ဗိုက်နာ၊ ဗိုက်အောင့်လာပါကထမင်း ၊ တင်း အနည်းငယ်စီကို ဖက်နှင့်ထုတ်ကာ ဗိုက်ပေါ်ကို ထိုအထုတ်ဖြင့်ပွတ်သပ်ပြီး သင့်တော်ရာတစ်နေရာ၌လွှင့်ပစ်ရသည်။ (သက်ဆိုင်ရာစုန်း ၊ နတ် တို့ကိုအစားအသောက်ဖြင့် တောင်း ပန်လိုက်ခြင်း ဖြစ်သည်။ )

တစ်စုံတစ်ယောက်ကျို့ထိုး ပါက အနီး ၌ကြား ရသူက ချက်ချင်း ပင် မင်း ဖြဲရဲ့ (တစ်စုံတစ်ရာ) ခိုး ထား တယ် မဟုတ်လား အခု ပြန်ပေး စသည်ဖြင့် ဒေါသထွက် စေကာ အာရုံ ပြောင်း ပေး လိုက်ခြင်းဖြင့် ချက်ချင်း ပျောက် ကင်း စေသည်။

ပျား ကိုက်ခံရပါကအဆိပ်မတက် စေရန်ကိုက် သော နေရာ တွင်သွား ချေး ဖြင့်လိမ်း ကျံကြသည်။

အော့အန်ခြင်း ၊ ဝမ်း လျှောခြင်း တို့ဖြစ်ပါက ယောကျ်ား ဖြစ်လျှင်မိန်း မတစ် ယောက် ယောက်၏ ခြေ ဆေး ရည်ကိုလည်း ကောင်း၊မိန်း မဖြစ်လျှင် ယောကျ်ား တစ် ယောက် ယောက်၏ ခြေ ဆေး ရည်ကိုလည်း ကောင်း တိုက်ကြသည်။

ဝမ်း လျှော၊ ဝမ်း ကိုက်၊ အော့အန် မှုပြင်း ထန်လာပါက ဇွမ်ခါနန်နတ်[၁] ကိုပူဇော်ပသကြသည်။ ယခုစစ်ကိုင်း တိုင်း အတွင်း၌ရှိနောင်ခမ်း မြို့စား ဂျိန်း ဖေဒ့ဒူဝါကြီး ကသမီး ဇွမ်ခါနန် ကိုမင်း တုန်း မင်းအား ဆက်သခဲ့သည်။ ထိုသမီး သည်ဝမ်း ရောဂါဖြင့် သေဆုံး သွား ပြီးတောင်ပေါ် ဒေသတွင်နတ်ဘဝဖြင့်ရှိ နေသည်ဟုယုံကြည် သော ကြောင့်ဖြစ်သည်။

နှာ စေး ခြင်း ကို မကြာခဏ ဖြစ်တတ်ကြပြီး ၊ အလွန်အမင်း နှာ စေး လာပါက ဗန်း တစ်ခုထဲတွင်ပန်း များ ၊ ထုံး ၊ ကွမ်း တို့ကိုထည့်၍ တောစပ်တွင်သွား ၍ ခေါ်စာပစ်ရသည်။

ကလေး ငယ်များ လေဖြား ၊ ဗိုက် အောင့်၍ ငိုသည်ထင်လျှင် စုန်း ကြောင့်ဟုယူဆကြသည်။ ထို့ကြောင့် ခေါ်စာပစ်၍စုန်း စာ ကျွေး ကြသည်။ ကျွေး ရာတွင်အရိုး အရင်း များ ၊ ကြက်ဥအခွံများ ၊ ငရုတ်သီး ၊ထမင်း ခဲ၊ ပြာတို့ကို ဖက်နှင့်စုထုတ်ပြီး ၊ ဆန် ကောတွင်ထည့်ကာ မှောင် သောအိမ်အောက် တစ် နေရာတွင်သွား ချထား ရသည်။ ချထား ပြီး "စုန်း နတ်များ ယခု

---

၁။ Zum hka nan nat

ချွန်ထော်ကျေး သောအစာကိုစား၍ ကိုယ့်အိမ်၊ ကိုယ့်အရပ်သို့ပြန်ပါ။ မပြန် လျှင်ဓါးနှင့်ခုတ်ရပါမည်။ လျှာကိုဖြတ်ရပါမည်။ ဦးခေါင်းကိုခွဲပစ်ရပါမည်။ စားစရာများကိုစား၍ကိုယ့်အရပ်သို့ပြန်ပါလေ" ဟု ကျေးမွေး ဖြန်း ခြောက်မောင်းနှင်ကြသည်။

ကိုယ်ဝန်ဆောင်တစ်ဦး မီးမဖွားနိုင်ဖြစ်နေပါက မီးဖွားရင်း သေဆုံးသွားကြသူတို့မှ အင်ဒန်နတ် ဖြစ်နေသူတို့ကြောင့် ဟုယူဆကာ ၎င်း အင်ဒန်နတ်တို့ကို နတ်ဆရာ၏အဟောအတိုင်း ပူဇော်ပသကြသည်။

ဖျားနာမှုများကိုမူ နတ်ဆရာ၏အကူအညီဖြင့်လိပ်ပြာ ခေါ်ယူကာကုသကြသည်။

နတ်ကိုးကွယ်သော ဂျိန်းဖော့တို့သည် ကြောက်လန့်စရာ များနှင့်ရင်ဆိုင်ရသောအခါ၊ ဂရောင်ခြောက်ခြားဖြစ်သောအခါများ တွင်အသက်ဝိဉာဉ်ဟု ခေါ်သောလိပ်ပြာမှာသူနှင့်စင်သွား တတ်သည်ဟုယုံကြည် ကြသည်။

ဤယုံကြည်ချက်ဖြင့်လူတစ်ဦး တစ်ယောက်ဖျားနာသော အခါ၌လိပ်ပြာကို ခေါ်ယူတတ်ကြသည်။ တစ်ဦးတစ်ယောက်ကွယ်လွန်သောအခါ ယိုကွယ်လွန်သူ၏လိပ်ပြာ နောက်သို့ ကျန်ရစ်သူများ၏လိပ်ပြာများ လိုက်ပါ မသွားရန်လည်း <u>မင်လာရှဂါး</u>[၁] ခေါ်အခမ်းအနားကျင်းပတတ် ကြ သည်။ သေဆုံးသူ၏လိပ်ပြာ နောက်သို့တစ်စုံတစ်ဦး၏လိပ်ပြာလိုက်ပါသွားပါ ကအဆိုပါလိပ်ပြာရှင်လည်း လိုက်၍သေရသည်ဟု ယုံကြည်ချက်ကြောင့် ဖြစ် သည်။ ကြောက်မက်ဖွယ်ရာကို တွေ့၍ထိတ်လန့်ဖျားနာသူများအား လိပ်ပြာ လွင့်စင်သွားသည်ဟုယူဆကာစား သောက်ဖွယ်ရာများ ဖြင့် နတ်ဆရာ ကလိပ်ပြာကိုပြန် ခေါ် ပေး လေ့ရှိသည်။ ကျား ၊ ခွေး ကောင် စသည် တို့ကို ကြောက်လန့်၍လွင့်သွား တတ် သောလိပ်ပြာကို တောင်ယာခင်း၊ ရေ၊ မြေ၊ တော၊ တောင်၊ မြစ်၊ ချောင်း ၊ အင်း အိုင်မှ ခေါ်ယူတတ်ကြသည်။ လိပ်ပြာ ခေါ်ယူမည်ဆိုပါက ယာခင်း (သို့မဟုတ်) ချောင်း ဘေး (သို့မဟုတ်) တောတစ် နေရာတွင်ဖျာတစ်ချပ်ခင်း ကာအစား အစာများ ကိုဖက်ထဲ တွင်ထည့်၍ ခင်း ကျင်း ထား ရသည်။ အသင့်ဖြစ်ပါက နတ်ဆရာမှအောက် ပါအတိုင်း ရွတ်ဆိုကာ ခေါ်ယူသည်။

“ဆရာက ခေါ် နေပါတယ်။ ဆရာ့စကားကို သေသေ ချာချာနား ထောင်ပါ။ ဆရာကသာယာနာပျော်ဖွယ်ကောင်းတဲ့ အသံ နှင့် ခေါ်ယူနေပါတယ်။ ကျားကိုကြောက်၍ထွက်ပြေးသူ (သို့မဟုတ်) ခွေး

---

၁။ Minla shaga

ကောင်ကို ကြောက်၍ထွက် ပြေး သူအမြန်ဆုံး ပြန်လာခဲ့မဲ့ တူ၍ဖြစ်သည်။ ထိုသို့ ခေါ်ယူပြီး နောက်မှာ ပေါ်တွင်ခင်း ကျင်း ထား သောအစား အစာ ပေါ်သို့ ရောက်ရှိလာကြ သော ပုရစ်၊ ဖား ၊ ပုရွက်ဆိတ်၊ စသည့်ပိုး မွှား များ ကိုလက်ဖြင့်ဖမ်း ယူကာ ဂင်ရှန်[၁] ခေါ်ရိုး ရာ သယ္ယာဝယ် အတွင်း ထည့်၍အိမ်သို့ယူ ဆောင်လာသည်။ အိမ်သို့ ရောက် သောအခါထိုပိုး မွှား တို့ ကို လှော် ပေး ပြီး ဖိတ် ခေါ်ထား သော ဆွေမျိုး များ အား အစား အသောက် တို့ဖြင့် တည်ခင်း ကျွေး မွေး ကာလီဝ်ပြာ ခေါ်ယူခြင်း အခမ်း အနား ကို အဆုံး သတ်ကြသည်။

ထိုသို့လီဝ်ပြာ ခေါ်ယူ သော်လည်း မ ပျောက်ကင်း ဝဲအ လွန်အမင်း ဖျား နာ ပါက (သို့မဟုတ်) ရောဂါကြီး များ ဖြစ်ပွား ပါက ၊ နတ်တို့၏ မ ကျေနပ်ချက် ကြောင့်ဟုယူဆကာ နတ်ဆရာတို့ကို ပင့်ဖိတ်၍ နတ်ဆရာအ ဟောထွက်သည့်ယစ် ကောင်တို့ဖြင့်ပူ ဇော် ပသကြသည်။ မ ပျောက်ကင်း ပါ က နတ်အမျိုး မျိုး ကို ပြောင်း ၍ ပူ ဇော် ပသကြသည်။ ယခု ခေတ် ဆေး တစ် မျိုးဖြင့် မ ပျောက်ကင်း ပါကအခြား ဆေး ဖြင့် ပြောင်း ၍ကုသကြသကဲ့သို့ဖြစ်သည် ။ ထိုသို့ပူ ဇော် ပသ ပါလျှက်နှင့်အ ခြေအ နေ ပြောင်း လဲ မှုမရှိ ပါကကြုံဆို နေရသော ကံကြမ္မာသည် ဖန်းနင်ဆန်ကြယ်နင်ကျန် ၏ဆန္ဒအတိုင်း ပင်ဖြစ်ရသည်ဟု မှတ်ယူကြသည်။ ဤသို့အား ဖြင့် ရှေး ခေတ် ဂျိန်း ဖေ ဥတို့၏ကျန်း မာ ရေး ကိုဘာ သာ ရေး ယုံကြည်မှုကလွှမ်း မိုး ထား ကြောင်း သိရှိရသည်။

ယခု ခေတ်အင်ဂျန် ဒုံ ကျေး ရွာ နေ ဂျိန်း ဖေ ဥတို့ ၏ ကျန်း မာ ရေး နှင့်ပတ်သက်သည့် ခံယူချက် မှာ ရှေး ခေတ်နှင့်အလွန်ကွာခြား သွား ကြောင်း လေ့လာ တွေ့ရှိရသည်။ ရှေး ခေတ်က နတ်ပူ ဇော် ပသ၍ပျောက် ကင်း ခြင်း သည်အမှန်စင်စစ်နတ်တို့က ပျောက်ကင်း အောင် စောင်မ၍ ၊ မဟုတ် ကြောင်း ယစ်ပူ ဇော် သည်ဆိုရာ၌ယစ် ကောင် ၏ ဝိဥာဉ်ကိုသာ ပူဇော် ပသခြင်း ဖြစ်ပြီး ၊ ကျန်ခန္ဓာကိုယ်တစ်ခုလုံး ကိုမူ နာမကျန်း ဖြစ်သူနှင့်တကွ အိမ်သူအိမ်သား တို့က စား သောက်ကြရသည်။ စား သောက်ရာ၌အနည်း အကျဉ်း သာ စား သောက်ရခြင်း မျိုး မဟုတ်ပဲ နေ့စဉ်နှင့်အမျှ (ယစ်ကောင်ကြီး လှုင်ကြီး သလို) မကုန်မချင်း စား သောက်ရခြင်း ဖြစ်သည်။ ရှေး ခေတ် တောင် ပေါ် ဒေသ နေ ဂျိန်း ဖေ ဥတို့၏ မွေး မြူရေး သည်စား သုံး ရန် မ ဟုတ်ပဲယစ်ပူ ဇော် ရန်သာ ရည်ရွယ်သဖြင့်၊ အများ အား ဖြင့်အဟာရ ချို့ တဲ့ ကြသည်။ ယစ်ပူ ဇော် သောအခါမှအလျှံပယ်စား သောက်ရသဖြင့်အဟာရပြည့် ပြီး ပြန်လည်ကျန်း မာလာခြင်း ဖြစ် ကြောင်း ထောက်ပြကြသည်။

---

၁. Gin Shang

ယခုခေတ်အင်ဂျင်ဒုံကျေးရွာနေဂိုင်း ဖေ့ဘုံးကားခရစ်ယာန်ဘာသာဝင်များဖြစ်သည့်အား လျော်စွာစုန်း ၊ နတ်ယုံကြည်မှုမရှိတော့ပေ။ အများဆုံးဖြစ်လေ့ဖြစ်ထရှိသော ရောဂါမှာငှက်ဖျား ရောဂါဖြစ်ပြီး ၊ တောတောင်များသို့ခရီးသွားသူများကပို၍ အဖြစ်များသည်။ ငှက်ဖျားရောဂါဖြစ်လာပါက ဆေးရုံ၊ ဆေးခန်းများတွင်သွား ရောက်ကုသကြသည်။ အင်ဂျင်ဒုံကျေးရွာအပါအဝင်တစ်ကျင်း ကျေးရွာအုပ်စုဝင်ကျေးရွာများအတွက်၊ တစ်ကျင်း ကျေးရွာသမဝါယမဆေးခန်းကိုဖွင့်လှစ်ထားသည်ဖြစ်ရာအလွယ်တကူ ကုသနိုင်ကြသည်။ နှာစေး ၊ ချောင်းဆိုး ၊ ခေါင်းမူး ၊ ခေါင်းကိုက် ဖြစ်ကြပါက ကျေးရွာအတွင်းရှိကုန်စုံဆိုင်များမှ ၊ ဘီ-ပီ-အိုင် ဆေးဝါးစက်ရုံထုတ်ဆေးများကိုလည်းကောင်း ၊ တရုတ်၊ ယိုးဒယားတို့မှလာသောအလားတူဆေးဝါးများကိုလည်းကောင်းဝယ်ယူ သုံးစွဲကြသည်။ မသက်သာပါက ကျေးရွာသမဝါယမဆေးခန်းသို့ပြသကြသည်။ ရောဂါကြီးမားပါကမြစ်ကြီးနားပြည်သူ့ဆေးရုံသို့တက်ရောက်ကုသကြသည်။ ခွဲစိတ်ကုသရန်လိုအပ်ပါကလည်း ခွဲစိတ်ကုသမှုကိုခံယူကြသည်။ အင်ဂျင်ဒုံကျေးရွာ တွင်ဗိုးမဖွားနိုင်၍ သေဆုံး သောကိုယ်ဝန်ဆောင်အလွန်ရှားပါးသည်။

အထက်ပါအတိုင်းတစ်ဖက်တွင်လူနာအား ခေတ်မီဆေးဝါးတို့ဖြင့် ကုသမှုကိုခံယူလျှက်တစ်ဖက်တွင်ခရစ်ယာန်ဘာသာအရဘုရားသခင်ထံအပ်နှံကာ ကြည့်ရှုစောင်မပေးပါရန်ဆုတောင်းသမှုပြုကြသည်ကိုလည်း တွေ့ရသည်။ ထို အခါမျိုးတွင် သင်းအုပ်(သို့မဟုတ်)သင်းထောက်ဆရာတစ်ဦးဦးကိုဆင့် ဖိတ်ကာအိမ်နီးချင်းအချို့ကိုဖိတ်ခေါ်လျှက်အကျေးအမွေးဖြင့်ဆုတောင်းသ မှုပြုကြသည်။ ရှေးကနတ်တို့ကိုယဇ်ကောင်တို့ဖြင့်ပူဇော်ကာကူညီစောင်မစေ ရာမှ ယခုအခါထာဝရဘုရားသခင်အား မေတ္တာဖြင့်ကူညီစောင်မစေ ခြင်းဖြစ်သည်။ တစ်စုံတစ်ယောက်သည်ဆေးဝါးကုသမှုကြောင့်ကျန်းမာ လာပါကလည်းကျန်းမာရေးနှင့်ပတ်သက်သည့်ဆုတောင်းအခမ်းအနား ကျင်းပကြသည်ကိုတွေ့ရသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်ယခု ကဲ့သို့ကျန်းမာလာခြင်းဖြစ်၍၊ အထူးကျေးဇူးတင်စမ်းမြောက်ပါကြောင်း နောက်နောင်တွင်လည်း ၎င်းသူနှင့်တကွအိမ်သူအိမ်သားအားလုံးကိုဆက်လက် ကြည့်ရှုစောင်မပေးပါရန်အကြောင်းတို့ကို ဘာသာရေးဆရာတစ်ဦးဦး အားပင့်ဖိတ်၍ဦးဆောင်ဆုတောင်းပေးစေသည်။

အင်ဂျင်ဒုံကျေးရွာနေဂိုင်းဖေ့ဘုံတို့သည်ကျန်းမာရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးကိုဦးစားပေးဆောင်ရွက်လာကြောင်းလေ့ လာတွေ့ရှိရသည်။ ရှေးကမူခံတွင်းသန့်ရှင်းရေးနှင့်ပတ်သက်၍သွားတိုက် သောအလေ့အထမရှိပေ။ ဆေး၊ ရှား၊ ထုံးတို့ကိုအမြဲတမ်းငုံဝါးနေသဖြင့်

ခံတွင်း နံ့စော်မှုကင်းကာ သွားရောဂါဖြစ်မှုလည်း မရှိကြောင်း သိရသည်။ ခြေသည်း၊ လက်သည်းတို့ကိုမူ ဓါး ငယ်ဖြင့်ဖြတ်တောက်ကြသည်။ ထောင်ပေါ် ဒေသသည် ရာသီဥတု အေးချမ်းလှသည်ဖြစ်၍ တစ်လတွင်တစ်ကြိမ်၊ နှစ်ကြိမ်မျှသာ ရေချိုး လေ့ရှိကြောင်း သိရသည်။ မီးနေသည်များမှာ မီးဖွားပြီး (၄) ရက်မြောက် နေ့တွင်မီးထွက်ပြီး ရေချိုးသန့်စင်မှုကို မဖြစ်မနေပြုရသည်ဆို၏။

ယနေ့အခင်ဂျန်ဒုံ ကျေးရွာနေ ဂိုန်းဖောတို့သည် ကျန်းမာရေး အတွက်ကုသခြင်း ထက်ကြိုတင်ကာကွယ်ခြင်းက ပိုရှဲ့ထိရောက်ကြောင်း နားလည်သဘောပေါက်ကြပြီး၊ ရှေးခေတ်မှ ယနေ့တိုင်၎င်းတို့၏ကျန်းမာရေး အတွက် ဆေးဝါးကုသမှုအပြင် ယုံကြည်ကိုးကွယ်မှုကိုလည်း အလေးထား ထားကြောင်း လေ့လာတွေ့ရှိရသည်။

(ည) အသုဘအခမ်းအနားကျင်းပခြင်း။

ဂိုန်းဖောတို့၏အသုဘအခမ်းအနားကျင်းပခြင်းသည် ၎င်းတို့၏ဘာသာရေးယုံကြည်ချက်အရ ရှေးကနှင့်ယခုအလွန်ကွာခြားသည်ကို တွေ့ရသည်။

နတ်ကိုးကွယ်သည့်ဂိုန်းဖောလူမျိုးတို့၏ဘာသာရေးယုံကြည်ချက်အရ နောင်တမလွန်ဘဝဟူ၍ရှိသည်။ သေဆုံးသူအားလုံး၏ဝိညာဉ်များ စုစည်းရာဒေသ စုဂါး[၁] နှင့် ကောင်းမြတ်သူအကြီးအကဲတို့၏ဝိညာဉ်တို့ သာစုစည်းရာ လီဗန်ဂါး[၂] ခေါ် နိဗ္ဗာန်ဟူ၍ရှိကြောင်း ယုံကြည်ကြသည်။ ကိုယ်ကျင့်တရား ကောင်းမြတ်သူသည် ကောင်းမြတ်သည့်အလျောက် နောင်တမလွန်ဘဝတွင် ကောင်းရာသုဂတိသို့ လားနိုင်သည်ဟုယုံကြည်ကြသည်။

လူတစ်ဦးကွယ်လွန်လျှင် ကျန်ရစ်သူများ၏လုပ်ဆောင်ပေး ချက်အရ သေဆုံးသူ၏ဝိညာဉ်သည် ဘိုးဘွား မိဘများ၏ဝိညာဉ်ရှိရာအရပ် သို့သွားရောက်ပေါင်းဆုံကြလိမ့်မည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် နတ်ကိုး ကွယ်သောဂိုန်းဖောတို့အဖို့ မိမိကွယ်လွန်ချိန်တွင်မိမိ၏ဝိညာဉ်ကိုဘိုးဘွား များရှိရာအရပ်သို့ပို့ပေးမည့်နတ်ဆရာများ အသင့်ရှိစေရန်နှင့် ဝိညာဉ်ကိုပို့ဆောင်ရန်ကုန်ကျမည့်စရိတ်စကများကိုစိုက်ထုတ်အကုန်အကျခံမည့် သားမြေး၊ ဆွေမျိုးရင်းချာများရှိနေရန်အလွန်အရေးကြီးသည်။

နတ်ကိုးကွယ်သောဂိုန်းဖောတို့၏ယုံကြည်ချက်အရ ဝိညာဉ် သည်ရုပ်ခန္ဓာကို စွဲငြိနေသောအရာဖြစ်၍ လူ့ခန္ဓာကိုယ်ပျက်စီးလျှင်ဝိညာဉ် သည်ခန္ဓာကိုယ်မှခွဲထွက်ပြီး တွယ်ရာမဲ့ဖြစ်နေသည်။ ထိုအခါကျန်ရစ်သူများက

---

၁. Tsu Ga

၂. Liban Ga

သေသူ၏ဝိဉာဉ်ကိုယင်း၏ ဘိုး ဘေး တို့ရှိရာသို့ပို့ ဆောင် ပေး ရမည်ဟုယုံကြည်ကြသည်။ ထဖန်တို နမ်လာ[၁] ခေါ် ဝိဉာဉ်သည်လူ့ခန္ဓာကိုယ်နှင့်အစဉ်ပူးတွဲလျက်ရှိသည်။ ဝိဉာဉ်နှင့်လူအစဉ်ပူး တွဲ နေမှသာလျှင်သူသည်အသက်ရှင်နိုင်သည် ။ သေဆုံး သွား ခြင်း သည် ခန္ဓာကိုယ်မှလိပ်ပြာ ခေါ် ဝိဉာဉ်ထွက်သွား ခြင်း ဖြစ်သည်ဟုယုံကြည်ကြသည်။ သေဆုံး ခြင်း အမျိုး မျိုး ရှိသည့်အနက် ကောင်း ဆုံး မှာအသက်အရွယ်ကြီး ၊ အိုမင်း ရင့်ရော်ပြီး ရောဂါတစ်စုံတစ်ရာမရှိဘဲ ဝေဒနာကို ကြာရှည်စွာမခံစားရဘဲ သေဆုံး ခြင်း ဖြစ်သည်ဟုခံယူထားကြသည်။

လူတစ် ယောက် သေဆုံး သည်နှင့်တစ်ပြိုင်နက်အိမ်နီး ချင်း ရွာသား တို့သိ စေရန် သေနတ် ( ၃ ) ချက် ဖောက်ရသည်။ အသုဘ မောင်း ထုနည်း ဖြင့် မောင်း ထုရသည်။ သေနတ်သံ၊မောင်း သံ မကြား နိုင် သောအရပ် တွင် နေထိုင်ကြသည့် ဆွေမျိုး များ ထံသို့မူ လူလွှတ်၍အ ကြောင်း ကြား ရသည်။ သတင်း ကြား သော ဆွေမျိုး မိတ်သင်္ဂဟ များ က မိမိတို့တတ်နိုင်သော ကျွဲ ၊ နွား နှင့် အခြား ပစ္စည်း များ ကိုယူ ဆောင်လာကြသည်။ အသုဘရှင်ကလည်း သေသူ၏ပစ္စည်း များ ကို သေသူ၏ မိတ် ဆွေများ အား အမှတ်တရဖြစ် စေခြင်း ငှာ ဝေငှ ပေး ရသည်။

သေသူကို မိတ် ဆွေသင်္ဂဟ များ ကပင် ရေချိုး ပေး ရသည် ။ အသုဘရှင်တို့မှာပူပန် သောက ရောက် နေကြ၍ဘာမှမလုပ်ကိုင်နိုင်ချေ။ သေသူ၏အ လောင်း ကို ဆေး ကြောရန်နှင့်နတ်ဆရာသုံး ရန်အတွက် ရေကိုအထူးတလည် သွား ရောက်ခပ်ယူရသည်။ ရေခပ်သွား ရာတွင်နတ်ဆရာအပြင် မောင်း ၊ လင်ကွင်း ၊ ဗုံတီး သူအဖွဲ့ပါသွား ရသည်။ ရေဆိပ်တွင်နတ်ဆရာက ၅ နေရာသို့ နှိုး ရှောင်မြစ်နှင့်နှုံး နောင်မြစ်မှ ရေများ ဆန်တက်လာ စေ ဟုဆိုရသည်။ ရေခပ်မည့်သူများ က ဝါး ကျည် တောက်နှစ်ခုကိုလက်တစ်ဖက်တွင်ကိုင်၍ရေစပ်သို့သုံး ကြိမ်သွား သုံး ကြိမ်ပြန်ဆုတ်ပြီး ၊ လေး ကြိမ် မြောက်တွင်လက်ဝဲလက်ဖြင့် စုန် ရေကိုလည်း ကောင်း ၊ လက်ယာလက်ဖြင့်ဆန် ရေကိုလည်း ကောင်း ခပ်ပြီး ပြန်လာရသည်။

အိမ်တစ်အိမ်တွင်တစ်စုံတစ် ယောက် သေဆုံး သည်နှင့်တစ်ပြိုင် နက်အိမ်တွင်း တွင်ကိုး ကွယ်ထား သော နတ်များ ကို ခေတ္တခဏသွား လိုရာ သို့ သွား ရောက်စံမြန်း ရန် မေတ္တာရပ်ခံရသည်။ ဤသို့ မေတ္တာရပ်ခံရခြင်း မှာ သေသူ၏ရုပ်အ လောင်း ကိုနတ်များ မမြင် စေလို သော ကြောင့်ဖြစ်သည်။ တစ်နည်း အား ဖြင့်ဆို သော် နတ်တို့ကိုယ်တိုင် စောင့် ရှောက်ထား သူ ( သို့မဟုတ် ) နတ်တို့ကို ပူ ဇော် ပသ ခဲ့သူကိုအသက်ရှင်ရန် နတ်တို့မစွမ်း ဆောင်နိုင်သဖြင့် ၊ နတ်တို့မျက်နှာမပူ ဆာ ရန် ခေတ္တထွက်ခွာ သွား စေခြင်း ဖြစ်သည်။ထိုသို့မေတ္တာ

---

၁။ Numla

ရစ်မိပြီး နောက်တွင် နတ်နှင့်ဆိုင် သောအသုံး အဆောင်ပစ္စည်း များ ကို ၊ ဖတ်မှ ဘ်း ဖြန့်ထုတ်ကာ တောင်း ထွင်ထည့်၍ အိမ်ပြင်ထုတ် မိုက်ချိတ်ထား ရသည် အသုဘတိုင်မပြီး မီ နတ်ပူ လော်ရန်အ ကြောင်း ပေါ်လာ ပါကအိမ်အပြင်၌ သာပူ လော်ရသည်။

အိမ်တွင်း နတ်များ ကိုအိမ်ပြင်ထုတ်ပြီး နောက်နတ်ဆရာ သည်အသုဘအိမ်သို့ သေသူ၏ဘိုး ဘွား ထံအ ကြောင်း ကြား ၍ သေသူ၏ ဝိဥာဉ် ကိုလာ ရောက်ထိန်း သိမ်း ရန် ပန်ကြား သည်။ ပန်ကြား မှုကိုယ်စိတ်လဲလဲ ပြု ပြီး သေသူ၏ကွယ်လွန်ပြီး ဖြစ် သော ပခင်တို့အထဝ်ယဝ်ပြန်ကြား ပြန်သည် ။ နောက်ဆုံး တွင် သေသူ၏ဝိဥာဉ်ကိုဘိုး ဘွား နှင့်အ ဖေတို့ရှိရာသို့သွား ရန် ပန်ကြား သည်။ ၄င်း နောက် သေသူအား ဝိဥာဉ်အဖြစ်သဘောသိအမှတ် ပြု ၍လူနာမည်ကိုမခေါ် တော့ဘဲ ဝိဥာဉ်ဟုသာ ခေါ် တော့သည်။ သေသူ နှင့် ဆက်ဆံရာတွင်လက်ဝဲဖက်လက်ကိုသာအသုံး ပြု တော့သည်။

အသုဘဆိုင်ရာလုပ်ငန်း များ တွင်လိင်ကိုလိုက်၍လည်းကောင်း အသက်အရွယ်ကိုလိုက်၍လည်း ကောင်း ၊ ကွဲပြား ခြား နား မှုများ ရှိသည်။ ကွယ်လွန်သူသည်အမျိုး သမီး ဖြစ်ပါက ယင်း ၏ဘိုး ဘွား တို့ကိုပန်ကြား ခြင်း မပြုပေ။ ယင်း ၏လင် ယောက်ျား နှင့်လင် ယောက်ျား ၏ဘိုး ဘွား တို့ထံသာ ပန်ကြား ရသည်။ သေဆုံး သူသည်အသက်အရွယ်ကြီး ရင့်မှသာလျှင် မောင်း တီး ခေါ်၍လူငယ်လူရွယ်များ သေဆုံး လျှင် မောင်း ကိုအသုံး မပြုပေ။

ထိုသို့နတ်ဆရာက သေဆုံး သူအား ပန်ကြား ပြီးနောက်၊ အ သက် ပျောက် နေ သော နေ ရာမှ နတ်စင်ထား ရာအ ခန်း သို့ ရွှေ့ပြောင်း ရသည်။ ထို နေရာတွင်နတ်ဆရာက သေသူအား သူ၏ဘိုး ဘွား များ ရှိရာသို့ ပြိုး ထွက်ခွာနိုင်ရန်အ ဝတ်အစား များ ဝတ်ဆင် ပေး မည်ဖြစ်၍လဲလျောင်း နေရာမှယူရန်အမိန့် ပေး သည်။ ထိုအမိန့်အ ရ အနီး ရှိလူ များ က သေသူအား မ ခုံငယ် ပေါ်တွင်ထိုင်သည့်အ နေအထား ဖြင့်တည် စေ၍၊ သေသူမှာလူတန်း စား ဖြစ်ပါက ဝါး ကျည် တောက်ဖြင့်လည်း ကောင်း ၊ ခုဝါ လူတန်း စား ဖြစ်ပါက မောင်း ဖြင့်လည်း ကောင်း ၊ ထည့်လာ သော ရေကိုလက်ဝဲလက်ဖြင့် ယူ၍ ချိုး ပေး ရသည်။ ၄င်းအ လောင်း ကို ရေချိုး ပြီး မျက်နှာသစ်ရာတွင်၊ သေသူ၏လက်ဝဲလက်ဖြင့်ပင် သေသူ၏ မျက်နှာကိုသစ် ပေး ရသည်။ ထို့နောက် လက်ဝဲလက်ဖြင့်ပင် ခေါင်း ဖီး ပေး ရသည်။ ထိုသို့ ဆေး ကြောသုတ်သင်ပေး ခြင်း မှာလုနှံ့ ပျောက်ကင်း စေရန်ဖြစ်သည်။ ထို့နောက်သစ်လွင်သော အ ဝတ်အစား များ ကိုဝတ်ဆင် ပေး ရသည်။ သေသူ၏အသုံး အ ဆောင်များ ကို လည်း သူ၏ ကိုယ်တွင်ကပ်ဆင် ပေး ရသည်။ ဓါး ၊ လှံ၊ လေး ၊ မြှား ၊ သေနတ်

လွယ်အိတ်တို့ကို သေသူ၏လက်ဝဲလက်တွင် ချိတ်ဆွဲ ပေး ကြသည်။ အမျိုး သမီး ဖြစ်ပါက ပုဝါး ၊ နား တောင်း ၊ လက် ကောက်စ သော လက်ဝတ်တန်ဆာ များ ကိုဆင် ယင် ပေး ရသည်။ ကွမ်း ခွက်၊ အပ်၊ အပ်ချည်၊ ဘီး စ သော သေသူ၏ ပစ္စည်း များ ကို နောက်လွယ် တောင်း တွင်ထည့်၍ သေသူအမျိုး သမီး ၏ ဘေး တွင် ချ ထား ရသည်။ ကလေး ဖြစ်ပါက ၎င်း တို့၏ကစား စရာများ ကိုချထား ပေး ရသည်။ ထို့နောက် သေသူ၏ ပါး စပ်ထဲသို့ဖြစ် စေ၊ လက် မောင်း အောက်သို့ဖြစ် စေ၊ ငွေမတ် စေ့ (သို့မဟုတ်) ငါး မူး စေ့တစ်ခုခုကို ကူး တို့ခသ ဘောဖြင့် ထည့် ပေး လိုက်ရသည်။ ထို့နောက် သေသူ၏ ဒူး နှစ်ဖက်၊ ခြေမနှစ် ချောင်း နှင့်လက်မနှစ် ချောင်း တို့ကို ပူး ၍ချည် ပေး ရသည်။

သေသူအား ထိုအနေအထား အတိုင်း ထား က၁ သေသူ၏ ဘိုး ဘေး များ ၏ ဝိဉာဉ်များ ကိုပင့်ဖိတ်ပြ ရသည်။ ထိုသို့ပြုပြီးနောက် သေသူ၏ ဘေး တွင်ချထား သော ပစ္စည်း များ ကိုနတ်စင် ရှေ့သို့သယ် ဆောင်သွား ၍၊ အိမ်တွင်း သို့ဝင်လာ သော ဧည့်သည်များ သေသူ၏ မျက်နှာကိုမြင်နိုင်သည့်အနေ အထား အတိုင်း အ လောင်း ကိုထား ရသည်။ သေသူသည်အိမ်တွင်အကြီး အကဲဖြစ်ပါက ရုပ်အ လောင်း ကိုအိမ် ခေါင်၏ အောက်တည့်တည့်တွင်ထား ရသည်။ ထိုသို့ ပြင်ဆင်ထား သော ရုပ်အ လောင်း အနီး တွင် သေသူ၏ ပစ္စည်း များ ကိုချိတ်ဆွဲ ထား ရသည်။ သေသူ၏ ဝိဉာဉ်သည်ဘိုး ဘေး ၏ ဝိဉာဉ်ရှိရာသို့မပို့မချင်း အိမ်တွင်း စောင့်နတ်ဖြစ် နေသည်။ ၎င်း အား ဝိဉာဉ် လောကဝိဉာဉ်တိုင်း ပြည်သို့မပို့ သေး သမျှ နေ့စဉ်ဆား နှင့်ငရုတ် ကောင်း မပါ သော စား သောက် ဖွယ်ရာများ ကျွေး မွေး ရသည်။ ကျွေး မွေး ရာ တွင်ဘယ်ဘက်လက်ပြန်ဖြင့်၊ ထည့်ပြီး ခေါင်း ရင်း နား တွင်ချထား ရသည်။ ၎င်း ဘေး တွင်အ ပေါက်ငယ် တစ် ပေါက် ဖောက်ထား ရသည်။ ဝိဉာဉ်တက် ရောက်စား သုံး နိုင်ရန်ဖြစ်သည်။

ထိုအချိန်မှ၁ပင်အသုဘအိမ်သို့ ရောက်လာ သော မိတ်သင်္ဂဟ ဆွေမျိုး များ ကအသုဘအတွက် ခေါင်း လုပ်ရန်တ၁ဝန်၊ အိမ် ရှေ့တွင်ကရွယ် ခေါ် ဝါး ပုံ့စိုက်ထူရန်တ၁ဝန်များ ကိုခွဲ ဝေကြသည်။ ကရွယ် ခေါ် ဝါး ပုံ့ကိုအိမ် ရှေ့တွင် ကျင်း တူး ၍ ဝါး ခက်များ ကိုမဖြတ်ဘဲ ပကတိဝါး ပုံ့များ ကဲ့သို့ပင် အောက် ခြေ၌ စုပုံ၍အခက်အလက် များ ကို ဝေဆာစွာပြုလုပ်ထား သည်။ ထိုဝါး ပုံ့တွင်သုံး သော ဝါး များ ကိုလူ သေမြှုပ်ရာတွင် ဆောက်လုပ်သည့်အ ဆောက်အဦး အတွက်အသုံး ချရသည်။ ထိုဝါး များ ကိုအခြား ကိစ္စများ တွင်အသုံး မပြုရ ပေ။ ထိုဝါး ပုံ့စိုက်ထူ သော အခါကျွဲ (သို့မဟုတ်) နွား တို့ကိုသတ်၍ ပူ ဇော် ရသည်။ ထိုဝါး ပုံ့တွင်အဝတ်အစား အသုံး အ ဆောင်ပစ္စည်း များ ကို ချိတ်ဆွဲ ရသည်။ အသုဘအခမ်း အနား ကပွဲတွင်ထိုဝါး ပုံ့ ကိုဝိုင်း ပတ်၍ကကြသည်။

သေသူအတွက် ခေါင်းလုပ်ရန် ပထမဦးစွာ သစ်ပင်ကို ရှာရသည်။ တတ်နိုင်သူများက ကောင်းတမာသားကို ခေါင်းလုပ်ရာတွင် သုံးကြသည်။ သစ်ပင်လှဲချရာတွင် သစ်ပင်အဲ့ခါနီး၌ ကြက်တစ်ကောင်ကို ဖိုက်သတ်၍ သစ်ပင်စောင့်နတ်အား ပူဇော်ရသည်။ သစ်ပင်လုံးကို ထွင်း၍ ခေါင်း ပြုလုပ်ကြသည်။ ခေါင်းအဖုံးအတွက် သစ်ပင်ကို ခြောက်လက်မခန့်လွှာယူ၍ အဖုံးလုပ်ကြသည်။ ခေါင်းကိုလှပစေရန်အတွက် အနီရောင် ဆေးသုတ်ကြသည်။ ရှစ်အလောင်းကို ရေရှည်ထားသောအခါတွင် ခေါင်း၏ ခြေရင်းဖက်နားရှိ အပေါက်ငယ်တစ်ခု ဖောက်၍၊ ထိုအပေါက်ဝကို ဝါးလုံးဖြင့် အိမ်အောက်သို့ ဆက်ထားခြင်းဖြင့် ပုပ်အလောင်းမှ အပုပ်ရည်အပြင်သို့ ထွက်သွားနိုင်သည်။ မြေမြှုပ်သင်္ဂြိုဟ်ခြင်းကို သေဆုံးသည့်နေ့မှစ၍၊ ရက်စုံများတွင်ပြုလုပ်လေ့ရှိသည်။ မြို့ထွယ် ခေါ်နတ်ဝင်သည်များ သေဆုံးသောအခါမှသာ (၇) ရက်မြောက်သောနေ့တွင်အသုဘချလေ့ရှိသည်။ အခေါင်း၏ ဘေးတစ်လျှောက်တွင် ပ စောက်ပုံသဏ္ဍာန်များ ရေးဆွဲထားလေ့ရှိသည်။ ထိုသို့ပြုလုပ်ခြင်းမှာ သေသူနှင့်အတူလိုက်ပါသွားလိုသောအခြားဝိညာဉ်များ ကြောက်ရွံ့စေရန် ဖြစ်သည်။ ထို့နောက်အခေါင်းကိုလူ သောမထည့်မချင်း ဂူ ရှယ်နားတွင်ထားရသည်။

လူသေသောညဖက်တွင်ဖြစ်စေ၊ နောက်တစ်နေ့တွင်ဖြစ်စေ၊ ကွယ်လွန်သူနှင့်တကွ ကွယ်လွန်သူ၏ဝိညာဉ်အား လာရောက်ခေါ်ယူရန်၊ ပင့်ဖိတ်ထားသော ကွယ်လွန်သူ၏အဘေး၊ အဘိုး၊ အဖေတို့၏ဝိညာဉ်တို့ကို ပူဇော်ရသည်။ ထိုသို့ပူဇော်ရာတွင် ကြက်တစ်ကောင်ကိုသတ်၍ လေးပိုင်းပိုင်းကာ ခေါင်းပိုင်းကို လောလောဆယ် သေသူ၏ဝိညာဉ်အား ပူဇော်၍ကျန်သုံးပိုင်းကို သေသူ၏ ဘေး၊ ဘိုး၊ အဖေတို့၏ဝိညာဉ်များကို တစ်ပိုင်းစီ ပူဇော်ရသည်။ ထိုကြက်သားတုံးနှင့်အတူ ခေါင်ရည်၊ ကောက်ညှင်းပေါင်းတို့ကိုလည်း ပူဇော်ရသည်။ ထိုဝိညာဉ်များအား ပူဇော်သောအစားအစာများကို ၊ လူငယ်များ မစားရပေ။ စားမိပါက မေ့လျော့တတ်သည်ဟုယုံကြည်ကြသည်။ ထိုပူဇော်သောအစားအစာများ ထဲတွင်ဆားနှင့်ငရုတ်ကောင်း မထည့်ရပေ။

သေသူ၏ဝိညာဉ်အား ပူဇော်သောနေ့ညနေပိုင်းတွင် အသုဘအခမ်းအနားကပွဲကိုကျင်းပလေ့ရှိသည်။ ထိုသို့ကပွဲကျင်းပမည့်အကြောင်းကို သေသူ၏ဝိညာဉ်အား နတ်ဆရာက ပထမအကြောင်းကြားပြီး နောက်ချိတ်ဆွဲထားသောမောင်းနှင့်ပုံရှည်ကိုတီးကာ ကပွဲကိုအိမ်တွင်းမှစတင်ကြသည်။ ကပွဲခေါင်းဆောင်နှစ်ဦးလှံ တစ်ချောင်းစီ ကိုင်ကာ ကပွဲကိုဖွင့်လှစ်လေသည်။ ထိုခေါင်းဆောင်နှစ်ဦး အနက်တစ်ဦးက သေသူကိုကိုယ်စားပြု၍ တစ်ဦးက ကျန်ရစ်သူများကိုကိုယ်စားပြုသည်။ လှံများတွင်ပန်းပွားများတပ်ဆင်

ထားသည်။ ကျန်ရစ်သူများအား ကိုယ်စားပြုသူ၏လှံမှာ သစ်ယစ်လှပစွာ ပန်းစည်းကြိုးများ၊ ပန်းပွားများကို လှပစွာတန်ဆာဆင်ထားသော်လည်း သေသူကိုကိုယ်စားပြုသူ၏လှံမှာ မလှမပမသစ်မယစ်ဆင်ယင်ထား၍၊ ကိုင်ဆောင်ရာတွင်လည်း ပြောင်းပြန်ကိုင်ဆောင်ရသည်။ ထိုသူနှစ်ဦး၏နောက်မှာ ယောက်ျား၊ မိန်းမများ တလိုက်၍ကြသည်။ အက ခေါင်းဆောင်နှစ်ဦးသည် နောက်လိုက်နောက်ပါများနှင့် ပထမဦးစွာ ဧည့်ခန်း မီးဖိုနားမှ အသုဘရုပ်အလောင်းအနီးသို့ တရွေ့ရွေ့သွားရသည်။ ထိုသို့ရုပ်အလောင်းအနီးသို့ သွားလိုက်ပြန်လိုက်နှင့် သုံးကြိမ်မျှပြုလုပ်ပြီးသော် အိမ်အပြင်သို့ထွက်ကာ ကငှယ်ကိုထွက်၍ကြပြန်သည်။ တဝဲပြီး ခါနီးတွင် တငှယ်စိုက်ခြင်းကို သရုပ်ဖော်၍ကကြသည်။ ထိုသရုပ်ဖော်အကဖြင့်ပင် ကဝဲကိုအဆုံးသတ်သည်။ အိမ်တွင်း ထွင်ကြစဉ် လှံကိုင်သူများမှာ အစိဘဇောက်ကောင်များအဖြစ် သေဆုံးပုံ၊ ရေနစ်ပုံ၊ အဓတ်လဲပုံတို့ကို သရုပ်ဖော်၍ကကြသည်။ အသုဘအခမ်းအနား၌ ပကာမကဝဲကို <u>အင်ခေါင်ကခရန်</u>[1] ဟုခေါ်သည်။ ယခင်က ဂျိန်းဖော့တို့သည် အသုဘမြှုပ်နှံရန်အတွက် ရွာဘေးတွင် သချိုင်းသီးသန့်သတ်မှတ်ထားသည်လည်း ရှိသည်။ တောတွင်းနေရာအနှံ့ မြှုပ်နှံကြသည်လည်း ရှိသည်။ သီးသန့်သတ်မှတ်ထားသော သချိုင်း၌ ပိုးပိုးသေသူများနှင့် အစိမ်းသေသေသူများကို သီးခြားခွဲ၍ သင်္ဂြိုဟ်ကြသည်။ အချို့သူတို့က ရွာအနီးအနားတွင် မြှုပ်နှံ၍ အချို့က ရွာနှင့်အတော်ဝေးသော တောတစ်နေရာတွင် မြှုပ်နှံကြသည်။

မြှုပ်နှံရန်မြေနေရာရွေးသောအခါ ကြက်ဥတစ်လုံးကိုကိုင်ဆောင်၍ အစီအမံပြုပြီး သေသူအား မြှုပ်နှံသင့်သည့်နေရာကို ပြပါရန်တောင်းပန်၍၊ တောတွင်းတစ်နေရာသို့ ကြက်ဥကိုပစ်လိုက်ရသည်။ ကြက်ဥသည်ကျသောနေရာ၌ ကွဲပါက ထိုနေရာသည် ရုပ်အလောင်းမြှုပ်နှံရန် ကျင်းတူးသင့်သောနေရာဟု မှတ်ယူကြသည်။ အကယ်၍ ကြက်ဥသည် ခုံပုတ်၊ မြက်ခြောက်များပေါ်ကျ၍ မကွဲပါက၊ အခြားနေရာသစ်ကို ဆက်၍ရှာကြသည်။ မြေနေရာရ၍ ကျင်းတူးရာတွင် ကျင်းကို အိမ်ရှိရာဖက်သို့ ဦးတိုက်ရမည်။ ခါး မရှိုးတို့၌ ရှိရာဘက်သို့ ဦးတိုက်ရမည်။ မယုရှိုးတို့ရှိရာဘက်သို့ ဦးတိုက်ရမည်ဆိုသည်ကို သတ်မှတ်ပြီး မယုရှိုးတို့မှစ၍ တူးရသည်။ ကျင်းစ၍မတူးမီ သေသူအား ရည်မှန်း၍ ကြက်တစ်ကောင်သတ်ပြီး ပူဇော်ရသည်။ ထိုကြက်ကို ကျင်းတူးသူများက ချက်စားကြသည်။ သာမန်လူတန်းစားများအတွက် ကျင်းကို သုံးပေကျော်ခန့်သာ နက်အောင်တူး၍၊ နုဝါရှိုးတို့အတွက်မူကား လေးပေ၊ ငါးပေခန့် နက်အောင်တူးပြီး အောက်တွင် ပျဉ်ပြားခံထားရသည်။

သေဆုံးပြီး အချိန် (၄) ရက်မြောက်၊ အချိန် (၆) ရက်မြောက်၊ အချိန် (၈) ရက်မြောက်သောနေ့များတွင် အသုဘချလေ့ရှိသည်။ အစိမ်းသေသေသူတို့၏ အသုဘကို အိမ်ပြင်သို့ထုတ်သောအခါ တံခါးပေါက်မှ မထုတ်ဘဲ

1. Ndau Kahkrang

အိမ်ထရံကို ဖောက်ထုတ်ရသည်။ အသုဘချသွားရာလမ်း တစ်လျှောက်တွင်ယက်နေအောင်သွေးထားသော ဓါးနှစ်လက်ကိုလူနှစ်ယောက်ကကိုင်ဆောင်ပြီး၊ အခေါင်းပန်လည်ဖွင့် လေကိုဓါးနှင့်ခုတ်ရင်း လိုက်ပါသွားရသည်။ အကြောင်းမှာအသက်ရှင်နေသူတို့၏လိပ်ပြာများ ပါသွားမည်စိုး၍ ဖြစ်သည်။ လမ်းတစ်လျှောက်လုံးတွင် သေနတ်များလည်း ပစ်ဖောက်သွားရသည်။ မောင်းကိုလည်း တီးခတ်သွားရသည်။ လိပ်ပြာကို မောင်းသံများကလည်း မောင်းရသည်။ လိပ်ပြာမောင်းရာတွင် သေသူနှင့်ဆန့်ကျင်ဘက်လိင်က မောင်းရသည်။

သင်းချိုင်းရောက်သောအခါ အခေါင်းကို မြေတွင်းမမြှုပ်မီ ဆွေမျိုးသားချင်းများက သေသူအား နောက်ဆုံးကြည့်ကြသည်။ ထို့နောက် ခေါင်းကို မြေသို့ချ၍ အသုဘပို့သူအားလုံးက မြေဖို့ကြသည်။ ဆွေမျိုးသားချင်းများက နောက်လွယ်တောင်းများဖြင့် မြေကြီးကိုသယ်ဖို့ တပ်ကြသည်။ ထို့ကြောင့် ဆွေမျိုးသားချင်းများ သေသူသေဆုံးပါက မြေပုံကြီးသည်ကြီးမားဖြင့် မောက်နေလေသည်။ မည်သို့ပင်ဖြစ်စေ မြေပုံသည်အထက်သို့တစ်ပေခန့်ဖြင့် မောက်နေရသည်။ မြေပုံ၏ ခေါင်းရင်းတွင် ကျောက်ချွန်တိုင်တစ်တိုင်စိုက်သည်။ အသုဘပို့ရာမှပြန်လာကြသောအခါတွင်အသုဘပို့သူများသည် နှုတ်မှ ဒီလမ်းကို နောက်ထပ်ဘယ်တော့မှမလာပါရစေနဲ့တော့ ဟုထပ်ခါတလဲလဲ ရွတ်ဆိုရသည်။

ရှစ်အလောင်းကို မြေမြှုပ်ပြီးသည့်နေ့မှစ၍ နောက်ဆုံး အသုဘအခမ်းအနားပြီးဆုံးသည့်နေ့အထိ ညစဉ်အသုဘအခမ်းအနားကပွဲကို အသုဘအိမ်တွင်ကျင်းပသည်။ အသုဘအခမ်းအနားကိုအပြီးသတ်မကျင်းပနိုင်သေးပါကထိုမြေမြှုပ်သင်္ဂြိုဟ်သည့်ညတွင်ကပွဲမလုပ်တော့ပေ။ ထိုကပွဲကိုဂိန်းဖေါ့ဘာသာစကားဖြင့် ကဘုံ[1] ဟုခေါ်သည်။ ကဘုံကပွဲတွင်သီချင်းဖြစ်သော မောင်းသုံးလုံးကိုတီးခတ်၍ကကြိုးမှာသတ်မှတ်ထားသည့်အတိုင်းကကြသည်။ ကပွဲ၏ရည်ရွယ်ချက်မှာ သေသူအား ဖျော်ဖြေခြင်း၊ ဂုဏ်ပြုခြင်း၊ အမှတ်တရဖြစ်စေခြင်း၊ ကျန်ရစ်သူများအတွက်စိတ်ပျော်လက်ပျောက်ဖြစ်စေခြင်းတို့အတွက်ပြုလုပ်ခြင်းပင်ဖြစ်သည်။ ကကြိုးကကွက်များမှာ (၃၇) မျိုးခန့်ရှိပြီး ကကွက်တစ်မျိုးစီတွင်အဓိပ္ပါယ်တစ်မျိုးစီရှိကာ ဂိန်းဖေါ့လူမျိုးတို့၏ဘာဝမှန်ကို သရုပ်ဖော်သည့်ကနည်းများဖြစ်သည်။ ဂိန်းဖေါ့လူမျိုးတို့၏ဘာသာဘာဝ နေထိုင်စားသောက်ပုံ၊ ဝမ်းသာရွှင်လန်းပုံ၊ ဝမ်းနည်းကြေကွဲရပုံ ကံကြမ္မာညှိုးနွမ်းရပုံစသည့်ဘဝအတွေ့အကြုံများကို သရုပ်ဖော်ကပြကြသည်။ ကပွဲ၏ပထမပိုင်းတွင် သေသူအတွက်လုပ်ကိုင်ဆောင်ရွက်ကြပုံများကိုသရုပ်ဖော်ကြသည်။ ထို့နောက် နေ့စဉ်လုပ်ကိုင်နေကျလုပ်ငန်း၊ တောင်ယာခုတ်ခြင်း

1. Kabung

လှော်ခေန်း ၊ စပါး ရိတ်ခြင်း ၊ စပါး ကြဲခြင်း ၊ စပါး ယစ်ခြင်း ၊ ဝဲ၊ ဝါတို့ကို စိုက်ပျိုးခြင်း ၊ ငိုင်း ငင်ထန်၊ ယက္ကန်း ရက်ဟန်တို့တို့ကဲ့သို့ ကကွက်များ နှင့် သရုပ်ဖော်ကြရာကတန်များ သည်ငြိမ့်ညောင်း သွက်လက်မှုသည်။ ထိုအကများကိုအများ အား ဖြင့်လုပ်ငယ်များ ကသာကကြ သော်လည်း လူကြီး ၊ လူငယ် ၊ ကလေး ယောက်ျား ၊ မိန်း မအား လုံး သည်ဝိုင်း၍ကကြသည်။ ထိုကပွဲတို့ ခေါင်းဆောင် နှစ်ဦး ကဦး ဆောင်ကာ ခေါင်း ဆောင်တို့ကိုကြည့်၍ကကွက်တို ပြောင်း က ရ သည်။

ထိုကပွဲကို ( ၄ ) ရက်၊ ( ၅ ) ရက်၊ ( ၆ ) ရက်ဆက်လက်ကျင်းပ ရာ၊ ရွာထွင်း မှသာ မကအနီး အနား ရွာများ မှမိတ် ဆွေသင်္ဂဟ များလည်း လာ ရောက်ကြသဖြင့် ညစဉ် ခေါင်ရည်ဖြင့်ဧည့်ခံရသည်။ ကပွဲသည်ညဦး ယံမှ စ၍နံနက် နေထွက်သည်အထိကြာ ညောင်း သည်။

ကျန်ရစ်သူများ သည်အသုဘအခမ်း အနား ဒုတိယပိုင်း ကို ငွေကြေး မလုံ လောက်၍မတတ်နိုင် သေး ပါက ၊ ဝိဉာဉ်ကို ခေတ္တထိန်း ထား ရ သည်။ ထို့အတူတစ်စုံတစ် ယောက်သည်တစ်နယ်တစ် ကျေး တွင်ကွယ်လွန်၍မြှုပ်နှံပြီး ပါက၄င်း ၏ နေအိမ်တွင်အသုဘအခမ်း အနား ကျင်း ပ ပေး ရသည်။ ဝိဉာဉ် ကိုဝိဉာဉ် လောကသို့ပို့ ဆောင်သည့်အခမ်း အနား မကျင်း ပ သေး မီအိမ်ခန်း ထဲတွင် မင်ဂျန်[1] ခေါ်အ လောင်း စင်ပြုလုပ်ပြီး ပြင်ဆင်ထား ပေး ရသည်။ ၄င်း ၏အဝတ်အစား အသုံး အဆောင်များ အား လုံး ကိုထိုအ လောင်း စင်တွင် ချထား ပေး ရသည်။ ထိုသို့ဝိဉာဉ်အား ဝိဉာဉ်စဉ်ထွင်ထား ခိုက်နိုး ထား ပါက နေ့စဉ်နံနက်၊ ညထမင်း ကျွေး ပေး ရပြီး ၊ ညစဉ် ကတုံ အကဖြင့် ဖျော် ဖြေ ရသည်။ အကယ်၍ ဝိဉာဉ်ကိုထိန်းထား ပါကထမင်း တင်း ကျွေး ရန်မ လိုသကဲ့သို့ ညဥ့်လည်း ကတုံ အကဖြင့် ဖျော် ဖြေ ရန်မလို ပေ။ ထိုဝိဉာဉ် ကို မည်သည့်နေ့ရက်တွင်မှထုံး တမ်း စဉ်လာအတိုင်း ဘိုး ဘွား များ ထံသို့ပို့ ပေး မည်အ ကြောင်း ဂတိ ပေး ထား ရသည်။ ထိုသို့ဝိဉာဉ်အား ခေတ္တထိန်း ထား ရန်အတွက်ဝိဉာဉ်၏ဆန္ဒအတိုင်း လိုအပ် သော ယဇ် ကောင်တစ် ကောင်ဖြင့်ယာ ပြီး အခမ်း အနား ကျင်း ပ ရန်အဆင်သင့်မဖြစ်မချင်း ငြိမ်ငြိမ် နေ ရန်မှာ ထား ရသည်။ ဤသို့ဖြင့် အသုဘအခမ်း အနား ကိုအပြီး မသတ် သေး ဘဲ ရပ်ထား နိုင်သည်။ ယင်း အခိုက် ရွာသူရွာသား အား လုံး စု ပေါင်း ၍အခမ်း အနား အတွက်လိုအပ် သောဆန်၊ ကြဲ၊ နွား ၊ ထင်း ၊ သစ်ဝါး တို့ကိုစု ဆောင်း ထား ရ သည်။ အား လုံး အဆင်သင့်ဖြစ် သောအခါဝိဉာဉ်ကိုနှိုး ၍ (သို့မဟုတ်) အသိ ပေး ၍မိတ် ဆွေသင်္ဂဟ များ ကိုလည်း စေလွှတ်အ ကြောင်း ကြား ကာ ပွဲ ဖော် ရန်ယဇ် ကောင်များ ၊ အစား အ သောက်များ ကိုအသင့်ပြင်ရ လေသည်။

---

1. Min Jang





ဗိညာဉ်ထားကစင်များပုံ





ဗိညာဉ်ထားကျ စင်များပုံ

မန်မကျိုင်[1] ခေါ် ရှစ်အလောင်း ကွယ်ဝှက်သောအခမ်းအနားသည်အသုဘကိစ္စ၏ ဒုတိယပိုင်း လုပ်ငန်း ဖြစ်သည်။ သေသူကိုမြှုပ်နှံထားပြီး ဖြစ်သော်လည်း ၊ အိမ်တွင်း ထိန်းထားသော (သို့မဟုတ်) သေသူ့ဝိဉာဉ်သည် ရှစ်အလောင်းတွင်တဝဲလည်လည်ဖြစ် နေသည်ဟုယူဆကြသည်။ သို့ဖြစ်၍ ရှစ်အလောင်း၌ရှိသော သေသူ့ဝိဉာဉ်မသွား ရောက်စေရန် ဝိဉာဉ်နှင့် ရှစ်ဇလပ်အပြီး တိုင်ခွဲရန်အတွက် ၊ ရှစ်အလောင်း ဝှက်ရန်လိုအပ် လေသည်။ ထိုသို့ဝိဉာဉ်အား ရှစ်အလောင်းနား မှခွဲစေကာမူ ဘိုးဘွား ဝိဉာဉ်တို့ထံ သို့ပေး ရန်မှာ ဂိုဏ်း ဖေဒ္ဓအသုဘတွင်လိုက်နာကျင့် ဆောင်ရမြဲဖြစ်သော ၊ ဓလေ့ထုံးစံဖြစ်သည်။

ရှစ်အလောင်း ကွယ်ဝှက်သောအခမ်း အနား ကျင်းပသည့် နံနက်တွင် ဝက်တစ်ကောင်ကိုသတ်၍ ပူဇော်ရသည်။ ပြီးစီး သောအခါချက်ပြုတ် စား၍ သောက်၍အိမ်တွင်း မှာပင်ကစားပွဲကို စတင်သည်။ ထိုသို့အမျိုးက ကဘိုး အတဂါ နေစဉ် ၊ အမျိုးက သေသူကိုမြှုပ်နှံထားသည့် နေရာတွင် မှိုပွင့်သဏ္ဍာန် တိုင်တစ်ချောင်းတည်းသာပါသော တဲကို ဆောက်ကြသည်။ အိမ်ရှေ့တွင်စိုက်ထားသော ကရွယ် ခေါ် ဥုံး ရုံကိုဖျက်၍ ၄င်း သင်္ချိုင်း တဲ ဆောက်ရာတွင်အသုံးပြုကြသည်။ နောက်တစ် နေ့တွင်ကျွဲ (သို့မဟုတ်) နွား ကိုပူဇော်ရသည်။ ထိုနေ့မှ စ၍အခမ်း အနား ပြီး သည်အထိတတ်နိုင်သလောက်ကျွဲ ၊ နွား များ ကိုသတ်၍ ၊ ပူဇော်ကြသည်။ များများ ပူဇော်နိုင် လေလေ သေသူနှင့်ကျန်ရစ်သူများအတွက်အကျိုး ရှိလေ လေဟုယုံကြည်ကြသည်။ တတိယ နေ့တွင်သင်္ချိုင်း တဲကိုအပြီးသတ်သည်။ သင်္ချိုင်း တဲ ပေါ်တွင်အလှအပအဖြစ်တိရစ္ဆာန် ရုပ်အမျိုး မျိုး ကိုလည်း ကောင်း ၊ အိမ်သုံး ပစ္စည်း အမျိုး မျိုး ကိုလည်း ကောင်း ချိတ်ဆွဲထား လေသည်။ သင်္ချိုင်းတဲ ပက်လည်တွင်လည်း စက်ဝိုင်း ပုံသဏ္ဍာန်ကတုတ်ကျင်း များ တူး ဖော်ထား ရသည်။ ကတုတ်ကျင်း များ တူး ရခြင်း သည် သေသူနှင့်ဝိဉာဉ်သဘာဝခြား နား သွားသည် ဖြစ်၍ ၊ သေသူအတွက်သီး သန့် နေရာသတ်မှတ် ပေး လိုက်ခြင်း ဖြစ်သည်။

စတုတ္ထ နေ့တွင်သင်္ချိုင်း ဆောက်လုပ်သောအခမ်းအနားပြီး ဆုံး ပြီး နောက် ၊ နောက်ဆုံး ဝိတ်အ နေဖြင့်အကသမား နှစ်ယောက်ကသင်္ချိုင်း အနီး တွင်ကပြ၍ ၊ သင်္ချိုင်း ဝင်ပေါက်ကို (၄)ကြိမ်တိတိ ပိတ်ရ လေသည်။ ၎င်းတွင် မန်မကျိုင် ခေါ် ရှစ်အလောင်း ကွယ်ဝှက်သောအခမ်း အနား ပြီးဆုံးလေသည်။ ယို နောက်သင်္ချိုင်း သို့လာသူများ သည်မကောင်း ဆိုး ဝါး များ ကစ်မလာ စေရန်အိမ်တွင်း သို့မဝင်မီကွမ်ဖန်ကိုင်း ပင်များ ကြား ဖြတ်ခြင်း ၊ အိမ်ဝင်းသို့ ရောက်လာပါက ရေစင်များ ပက်ဖြန်း ခြင်း ၊ ခြေလက်များဆေး ကြောခြင်း တို့ကိုပြုသည်။ ၄င်း နောက်နွား တစ်ကောင်ကိုသတ်၍ နတ်တင်ရန် နတ်စာချက် ပြုတ်ကြသည်။ ထိုအသုဘအိမ် ရှေ့၌ ယောက်ျား နှစ်ယောက်ကလူပျက်သဏ္ဍာန်ဝတ် ဆင်ပြီး ပရိသတ်အား အကမျိုး စုံဖြင့်ဟာသဒယ ရှင် ဆေး တိုက် ကျွေး သည်။ ညနေ

1. Mang Makoi

ပိုင်း နေဝင်ရီတစ်ရော အချိန်တွင်အိမ် ရှေ့၌ ပင် နောက်ဆုံးပိတ်အသုဘ ကပွဲကိုကျင်း ပကြသည်။ ထိုအခါတွင် ခေါင်း ဆောင်နှစ်ဦး အပါအဝင်လူရှစ် ဦး သာပါဝင်သည်။ ခေါင်း ဆောင်များ သည်လှံများ ကိုမကိုင် တော့ပေ။ ထိုအချိန်တွင်အိမ် ရှေ့မှကပွယ်ကျင်း ကိုလည်း မြေဖို့ရသည်။ နတ်ဆရာက ရှင်မြန်[1] ခေါ် နှီး ရေ့ တစ် ရေ့ကိုဝါး လက်ခုတ်တွင်ညှပ်၍ မီး မြှိုက် လေ သည်။ မီး ကျွမ်း သောအခါအလယ်မှ နေ၍ထက်ပိုင်း ပိုင်း ရာ မြေသို့ကျလာ သောအခြမ်း ကို သေသူအား စိုက်ပျိုး ရန်အတွက်ယူ ဆောင်သွား ရန် ပန်ကြား သည်။ ထိုအ ရေ့မှအပင် ပေါက်လျှင်လူ့ရပ်ရွာသို့ပြန် ခဲ့ရန်၊ အပင်မ ပေါက် ပါက ဝိညာဉ် လောကသွင်ထာဝရ နေထိုင်ရန် မှာကြား လေသည်။ ထိုအခမ်း အနား ကို သေသူ့ဝိညာဉ်နှင့်ရှင်သူများ ၏ဝိညာဉ်ကိုခွဲ သောအခမ်း အနား ဟု ခေါ်သည်။

သေသူ နှင့်ရှင်သူတို့၏ ဝိညာဉ်ကို ခွဲပြီး နောက် သေသူ၏ ဝိညာဉ်ကို ဘိုး ဘေး ဝိညာဉ်များ ထံသို့ သောအခမ်း အနား စသည် ။ ပထမဦး စွာနတ်ဆရာသည်အိမ်တွင်း ၌ သေလွန်သူ၏ ဝိညာဉ်အား နားနေ စွင့်ပေး ထား သော ဝိညာဉ်စင်ကို ဖျက်လိုက်သည်။ ဝိညာဉ်စင်မှသစ်ဝါး များ ကိုလူတစ်စုက သေသူ၏သင်္ချိုင်း အနီး တွင်သွား စွန့်ပစ်ကြသည်။ ၄င်း နောက်သင်္ချိုင်း တွင်ချိတ်ဆွဲထား သော သေသူ၏အသုံး အ ဆောင်များကိုပြန် ဖြုတ်ယူကြသည်။ ထို့ နောက် သေသူ၏ ပုဆိုး တစ်ထည်ကိုသင်္ချိုင်း တဲ ပေါ်သို့ပစ်တင် ရသည်။ ထိုအခါလူတစ် ယောက်က ပြန်ဆွဲချပြီး နီး ရာလူလက်သို့ကမ်းပေးသည်။ ထိုသူကတစ်ဖန်သင်္ချိုင်း တဲ ပေါ်သို့ပြန် ပစ်တင် ပြီး နောက်လူကဆွဲချ၊ အခြား တစ် ယောက်ကိုလှမ်း ပေး စသည်ဖြင့် လေး ကြိမ်တိတိပြုလုပ်ပြီး သောအခါ၊ ရွာသို့ပြန် ခဲ့ကြသည်။ ဤသို့ပြန် ခဲ့ရင်း လမ်း တစ် လျှောက်တွင်ဆန် မှုန့်များကို ဖြူး ခဲ့ လေသည်။ သေသူကို ခင်မင်ကြလွန်း သော ဝိညာဉ်များ ကိုလမ်း မမှား စေရန်ဖြစ်သည်။ ထိုအချိန်တွင်နတ်ဆရာသည် သေသူ၏ ဝိညာဉ်ကိုသူ၏ဘိုး ဘေး များ ရှိရာသို့ပို့ ဆောင် တော့သည်။

ထို့ နောက် ဆွေမျိုး မိတ် ဆွေအား လုံး ပစ္စည်း ဥစ္စာအား လုံး တို့ကိုသိ ယောဇဉ်ဖြတ် ရန်ညွှန်ကြား သည်။ အသက်ရှင်စဉ်က ၎င်း ပိုင်ဆိုင် ခဲ့ သော ပစ္စည်း ဥစ္စာထဲမှအ မွေအနှစ်အဖြစ် ဥစ္စာ ပစ္စည်း အချို့ကို ခွဲဝေကာ ခေါင်း ထဲထည့် ပေး သည်။ ကျွဲ၊ နွား တို့ဖြင့်ပူ ဇော်ကာ ကျွဲ၊ နွား တို့၏ဝိညာဉ် ကို ပေး အပ်ခဲ့သည်။ ဆွေမျိုး သား ချင်း များ နှင့်ဧည့်ပရိသတ်အ ပေါင်းတို့ ကလည်း ကျရှု[2] ခေါ်အသုဘအရက်ကို သောက်ပြီး မနား[3] ခေါ်အသုဘ ထမင်း ကိုစား ၍ လခရန် ခေါ် ရှေ့တိုး နောက်ဆုတ်အကဖြင့် လည်း ကောင်း ၊ ကတုံ့ ခေါ် ဒယီး ဒယိုင်အကဖြင့်လည်း ကောင်း ၊ ကပြ ဖျော်ဖြေ ကြပြီး ဖြစ်သည့်အတွက်လျှပြည့်ကိုထွယ်တာမ နေပဲ ကျေနပ်စွာထွက်ခွာသွား ရန် နတ်ဆရာကညွှန်ကြား သည်။

---

၁။ Shing myeng

၂။ Chyaru

၃။ Mana



ဝိညာဉ်ကိုဝိညာဉ်လောက
သို့ပို့ဂုနိပြင်ဆင်ထားပုံ



ဝိညာဉ်ကိုဝိညာဉ်လောကသို့ပို့ဆောင်ပေးနေသောဂျိုင်ဝါခေါ်နတ်ဆရာကြီး

ဒုတိယအဆင့်အနေဖြင့် သေဆုံးသူ၏ ဝိညာဉ်အား ဝိညာဉ်စင် နေရာမှ ရှောင်၍ ရှေ့ပေါက်မှထွက်ရန်အမိန့်ပေးသည်။ ထို့နောက်ဖြတ် တော များ ၊ ချုံတောများ ၊ သစ်တောများ ၊ တောင်တန်း တောင်စွယ်များ ၊ တစ်ဆင့်ပြီး တစ်ဆင့်ဖြတ်သန်း ၍ရှိတတ်သော အသွယ်သွယ်၊ မြောင်း အသွယ်သွယ် ၊ ချောင်း ငယ် ချောင်းကြီး ၊ မြစ်ကြီး မြစ်ငယ်တို့၏အမည်တို့ကိုတစ်ခုချင်းနတ်ဆရာ တဖော်ထုတ်ညွှန်ပြကာသွား စေသည်။ လမ်း ခရီး တစ် လျှောက်လုံး တွင်လိုအပ် သောဘူး တို့မှ၊ ထမင်း တင်း ၊ လမ်း ခရီး တွင် တွေ့ဆုံရမည့်ဝက်ဝံ၊ ကျား ၊ အခြား သား ရဲတိရစ္ဆာန်၊ ဓူ တောင်များ ၊ အဆိပ်ရှိသည့်ပိုး မွှား စသည်တို့ ကို နှိမ်ရန်၊ ရှေ့ခရီးကြောင်း ရန်၊ မ ကြောက်ရန်၊ မှတ်နှာ ကို မေ့ ပျောက်သွားစေရန် ဖန်ဆင်း၍ လမ်း ကိုး ဆိုကိုး ခွကိုဖြတ်သန်း သွား ရန် နတ်ဆရာက ခုတ်ဖြ ၊ ခါး ပြဋ္ဌိုး အကာအကွယ် ပေး ကာ ပို့ဆောင် လေသည်။

တတိယအဆင့်အနေဖြင့်နတ်ဆရာသည် ဝိညာဉ်အား ပို့ဆောင်ပြီး တစ်ဂါ[1] ခေါ် လူပြည်နှင့်ဝိညာဉ်ပြည် နယ်နမိတ် အသို့ ရောက် သော အခါ နတ်ဆရာနှင့်ပါလာ သော မြုံး သား ချင်း မိတ် ဆွေ သင်္ဂြိုဟ်အားလုံး တို့ကပြန်ခဲ့ရသည်။ အထူး သဖြင့် တစ်ခ[2] (သို့မဟုတ်) ဒုမ ရော[3] မြစ်သို့ရောက် သော အခါကွယ်လွန်သူ၏ ဝိညာဉ်အား ခေါင်း လျှော်ခြင်း ၊ မျက်နှာသစ်ခြင်း ၊ ခြေလက် ဆေး ကြောခြင်း ၊ ရေမိုး ချိုး ခြင်း တို့ကိုပြုစေပြီး ၊ နတ် ( ဝိညာဉ် ) အဝတ်အစားများ လဲလှယ် စေသည်။ ငင်း နောက်အ နောက်သို့လှည့်မကြည့် စေ လာ ဘဲ အ ရှေ့သို့ဆက်လက်သွား ရန်ညွှန်ကြား သည်။ နောက်သို့လှည့်ကြည့် ပါက လောကစည်း စိမ်ကိုပြန်လည် တွေ့မြင်ပြီး သိ ဃောဖ ၌ မဖြတ်နိုင် မည်ကို စိုး ရိမ် သော ကြောင့်ဖြစ်သည်။ ထိုမှတစ်ဆင့် အသမ ခြေ ဘက်လမ်း ဆုထွင်ဘိုး သွား တို့ ဝိညာဉ်များ ရှိရာဝိညာဉ်တမ္ဘာသို့ထွက်ခွာသွား ရန် ရေငှန် တော ပိန့်သည်။ ခရိန်ဒစ်[4] ခေါ် ရစ်နား နေထိုင်ရမည့် အေသသို့ ရောက် သော အခါ သေဆုံး သူ၏ မိဘ ဆွေ မျိုး ဘိုး ဘွား ဘေး တို့ကကြိုဆိုလက် ခံယူကြသည်ဟုဆို၏။

သေဆုံး သူ များ အား ပို့ ဆောင် လေ့ရှိ သော ခရိန်ဒစ် ဆိုသည်မှာ တော တောင်ကို ရည်မှန်း ပြီး ခေါ်ဆိုခြင်း ဖြစ်သည်။ မြင့်မား သော တောင် ပေါ် သို့ကွယ်လွန်သူ၏ ဝိညာဉ်အား ပို့ ဆောင်ကြခြင်း ဖြစ်သည်။ တောင် အ များ အပြား ရှိသည့်နည်း တူ ခရိန် ဒစ်လည်း အ များ အပြား ရှိသည်။ ရှိန်း ပေါ့တို့သည်အမျိုး အနွယ်အလိုက် ခရိန် ဒစ်တစ် ခုစီထား တတ်ကြသည်။ ဥပမာ အား ဖြင့် မရန်မျိုး နွယ်တို့က အင်ဒုံး ဘွမ်[5] ခေါ် တောင်တစ် တောင် ကို ခရိန် ဒစ်အဖြစ်သတ်မှတ်သကဲ့သို့ မရစ်မျိုး နွယ်တို့က မချွယ် ရှင်ဂရာ[6] တောင်ကို သတ်မှတ် လေ့ရှိသည်။ အမျိုး မှူအမျိုး အနွယ် မတူ သော်လည်း ဘ ရှ ာလုံး ရှိ သေသူအား လုံး ကို ခရိန် ဒစ်တစ် ခုထဲသို့ပို့ ဆောင်တတ်ကြသည်။

---

1. Katsan Ga
2. Katsan Hka
3. U Hpraw Hka
4. Hkring dap
5. N Ddung Bum
6. Machyoi Shingra

ထိုသို့ ဝိဉာဉ်ကို ခရိန်ဒဝ်၌ ဝိဉာဉ်ကမ္ဘာသို့ ပို့ဆောင်ပြီးနောက်၊ နတ်ဆရာနှင့်တကွ လိုက်ပါပို့ဆောင်သူအားလုံး သည်သွားစဉ်ကအတိုင်း မြစ်ချောင်း၊ တံတား၊ တောတောင်တို့ကိုဖြတ်ကာအိမ်အရောက်ပြန်လာခဲ့ရသည်။ ထိုသို့ သေသူကိုပို့ဆောင်ရာတွင်တညလုံး အဆက်မပြတ်ပို့ဆောင်ရသည်။ ထိုသို့ပို့ဆောင်ရာတွင်နတ်ဆရာသည်အစီအစဉ်အလိုက် ခန့်ညားထည်ဝါသောစကားလုံးတို့ကိုသုံး၍၊ ဖြေးဖြေး မှန်မှန်ပို့ဆောင်ရသည်။ ဤသို့ ပို့ဆောင်ပြီးမှသာ အသုဘအခမ်းအနား ပြီးဆုံးသွားသည်။

နတ်ကိုးကွယ်သည့်ဂျိန်းဖောတိုင်းသည်ကွယ်လွန်သူ၏ဝိဉာဉ်ကိုဝိဉာဉ်လောကသို့ပို့ဆောင်ပေးကြရသည်။ ထိုမှတစ်ဖန်အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာဌာနဖြစ်သည့်နိဗ္ဗာန်သို့ဆက်လက်ပို့ဆောင်ကြသူများလည်းရှိသေးသည်။ ကွယ်လွန်သူ၏ဝိဉာဉ်အား နိဗ္ဗာန်သို့ပို့ဆောင်ခြင်းကို ဂျိန်းဖောဘာသာစကားဖြင့် <u>မှန်းဒန်ဆာ</u>[1] (သို့မဟုတ်) <u>ကံဖွဲ့ဖွဲ့</u>[2] ဟုခေါ်သည်။ နိဗ္ဗာန်သို့ပို့ဆောင်သည်ဆိုရာ၌ ကွယ်လွန်သူ၏ဝိဉာဉ်တိုင်းကိုနိဗ္ဗာန်သို့ ပို့ဆောင်နိုင်ခြင်း မဟုတ်ပေ။ သာမန်လူတန်းစား ဂျိန်းဖောတို့သည်ဝိဉာဉ်လောကအထိသာအစဉ်အလာအရပို့ဆောင်နိုင်ပြီး၊ ဒူဝါများ နှင့်လူကုံထံအထက်တန်းလွှာများ သာမီမိတို့၏သားသမီး၊ ဆွေမျိုးရင်းချာများ ကွယ်လွန်သောအခါ၊ ကွယ်လွန်သူများ၏အသက်ဝိဉာဉ်အား နိဗ္ဗာန်တည်းဟူသော အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာဌာနသို့ ရောက်ရာရောက်ကြောင်းရည်စူးပြီး နိဗ္ဗာန်ပို့ဆောင်ခြင်းအခမ်းအနားကိုကျင်းပခြင်းဖြစ်သည်။

သို့ရာတွင် ဒူဝါလူတန်းစား နှင့်သာမန်အထက်တန်းလွှာလူကုံထံတို့၏နိဗ္ဗာန်ပို့ဆောင်ခြင်းတို့သည်အခေါ်အဝေါ်၊ အသုံးအဆောင်၊ နည်းပေးလမ်းညွှန်မှုတို့သည်ဆင်တူယိုးမှားဖြစ်သော်လည်း ပို့ဆောင်ရာနေရာဒေသ ခရိန်ဒဝ် ချင်းကွာခြားပေသည်။ လမ်းတစ်လမ်းတည်းမှ ညွှန်ကြားချက်တစ်မျိုးတည်းဖြင့်သွားရောက်ရသော်လည်း စံမြန်းရသည့် ဌာနတွင်ကွာခြားမှုရှိသည်ဟုဆိုကြသည်။ သာမန်အထက်တန်းလွှာတို့က ငွေဗိမ္မာန်တွင်စံရပြီး၊ ဒူဝါအမျိုးအနွယ်တို့ကမူ ရွှေဗိမ္မာန်တွင်စံကြရသည်ဟုဆိုသည်။

နိဗ္ဗာန်ပို့ဆောင်ခြင်းအခမ်းအနားကိုစတင်ကျင်းပသောအခါ အထူးခန့်ထားသော၊ အာဏာကုန်လွှဲအပ်ခြင်းခံရသော ကွယ်ဝါနတ်ဆရာတစ်ဦးဦးက ရိုးရာဂါထာကိုဦးစွာရွတ်ဆိုပြီး နောက်လိုက်ငယ်သားတစ်စုကလည်းလိုက်၍ရွတ်ဆိုရသည်။ ထိုကွယ်ဝါနတ်ဆရာကရိုးရာဂါထာဖြင့်ကွယ်လွန်သူသူ့ဝိဉာဉ်အား နိဗ္ဗာန်သို့ပို့ဆောင်ရာ၌ဆတ်၊ တောကြောင်၊ တောခွေး၊ ငှက်မြီးရှည်စသည့် တောတိရစ္ဆာန်တို့၏အကူအညီဖြင့် ပို့ဆောင်ရသည်။

---

1. Mung Dan Sa
2. Kan Hpoi Hpoi

ကျွယ်ဝါနတ်ဆရာသည် ပထမဦးစွာ ဝိဥာဉ်ကမ္ဘာသို့ရောက်နေသော ကွယ်လွန်သူ၏ ဝိဥာဉ်အား ဆတ်ကျောကုန်း ပေါ်သို့တက်စီး စေသည်။ ၎င်းတို့အား တောကြောင်ကို ရှေ့ဆောင်လမ်းပြကာ ခေါ်သွားစေသည်။ တောချေးအား နောက်မှလိုက်ပါစေ၍ စောင့်ရှောက်စေသည်။ ငှက်ခြိုး ငှည်ကို ဖွီးရာအလိုက်သီဆို ဖြေဖျော်မှုပြုကာလိုက်ပါစေသည်။ ထိုသို့တိရစ္ဆာန်တို့အား လမ်းတစ်လျှောက်လုံး တွင်အန္တရာယ်ကင်း ရှင်းစွာဖြင့်တစ်ပျော်တစ်ပါးလိုက်ပါ၍ ဆောင်စေရန်ညွှန်ကြားသည့်ဂါထာကိုရွတ်ဆိုရသည်။

ကွယ်လွန်သူ၏ ဝိဥာဉ်အား ငြိုး ရာဂါထာရွတ်ဆိုလျှက် နိဗ္ဗာန်သို့ပို့ဆောင်ရာတွင်၊ ကွယ်လွန်သူ၏အမည်ရင်းကို ရွတ်ဆိုညွှန်ပြရသည်။ ၎င်းအပြင် ကျွယ်ဝါ၏ တောပြောရွတ်ဆိုချက်များတွင်ကွယ်လွန်သူဝိဥာဉ်အား ခရီးလမ်းတစ်လျှောက်လုံး အသုံးပြုရန်လိုအပ်သည့်အသုံးအဆောင်၊ အစားအသောက် အဝတ်အထည်၊ ကူးတို့ခတို့ကိုပါယူဆောင်စေသည်။ ဘေးအန္တရာယ်ဟူသမျှကိုကာကွယ်ရန်နည်းပေး လမ်းပြပြုပေးပြီး၊ မည်သည့်လမ်းဖက်သို့ရှေး ရမည်၊ လိုက်ရမည်ကိုလည်း ပြောပြသည်။

၎င်းသို့ ကုန်းတစ်တန်၊ ရေတစ်တန်၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ တော၊ တောင်တို့ကို ကျော်ဖြတ်ပြီး ကစ်ဂါး ခေါ်နယ်နိမိတ်အထိ ပို့ဆောင်သည်။ ကစ်ဂါး အရပ်တွင်ဝိဥာဉ်အား ကိုယ်လက်သန့်စင်စေပြီး နတ်ထံ တန်ဆာလဲလှယ် စေသည်။ ၎င်း နောက် ကျွယ်ဝါက ပခင်နိဗ္ဗာန်သို့ ရောက်နှင့် နေသောသူတို့အား လွှဲပြောင်း လက်ခံ စေပြီး နောက် ဝိဥာဉ်အား ငွေဖြင့်ပြီး သောဇိမ္မာန်ဖြင့်ထိုက်တန်လျှင် ငွေဇိမ္မာန်သို့လည်း ကောင်း၊ ရွှေဖြင့်ပြီး သောဇိမ္မာန်နှင့်ထိုက်တန်လျှင် ရွှေဇိမ္မာန်သို့ လည်း ကောင်း ပို့ဆောင်ရန်ညွှန်ကြားရသည်။ ၎င်းတွင် ယောကျ်ား ကွယ်လွန်ပါက မိန်းမ အားလည်း ကောင်း၊ မိန်းမ ကွယ်လွန်ပါက ယောကျ်ားအားလည်းကောင်း၊ လက်ခံကြိုဆို စေသည်။ ထို့အပြင်ကွယ်လွန်သူ၏အမည်နှင့်လိုက်ဖက် အောင်လက်ခံမည့် သူ၏အမည်ကိုပါဖော်ထုတ်ရသည်။ ဥပမာ – ဂျာလီလ ဟု သောအမျိုးသား ကွယ် လွန်ပါက ဂျာဆိုင်း မာအမည်ရှိအမျိုး သမီး အား လက်ခံကြိုဆို စေခြင်းဖြစ်သည်။

ထိုသို့နိဗ္ဗာန်အရောက်ပို့ပြီး နောက်တွင်ကျွယ်ဝါနတ်ဆရာ နှင့်တကွ နောက်လိုက်အားလုံး တို့သည် မူလသွားရာလမ်း ကြောင်း အတိုင်းပြန် လာရသည်။ ကျွယ်ဝါနတ်ဆရာကအမှား မှား အယွင်းယွင်း ညွှန်ကြား မိသော အခါ၌ဖြစ်စေ၊ လမ်းလွဲသို့လိုက်မိသောအခါ၌ဖြစ်စေ၊ ရွတ်ဆိုသူမှာလီဝ်ပြောလွှင့် ဖျားနာမကျန်း ဖြစ်တတ်သည်။ အသက် ပျောက်သည်အထိဖြစ်တတ်သည်ဟုယုံကြည်ကြသည်။ ထို့ကြောင့်အသက်အရွယ်နုနယ်သူများ နှင့် စိတ်ဓါတ်မခိုင်သူများ အား ကံဖွဲ့ဖွဲ့ ပြုလုပ်ခြင်း (သို့မဟုတ်) ကွယ်လွန်သူ၏ ဝိဥာဉ်အား နိဗ္ဗာန်ပို့ ဆောင်ခြင်းအခမ်း

အနား ပြုလုပ်ရာတွင်ပါဝင်ခွင့်မပြုကြပေ။ လိုက်ပါဆောင်ရွက်ရန်သန့်ရှင်းသူများကလည်း အစမှအဆုံး တိုင်ပါဝင် ဆောင်ရွက်ရသည်။ တစ်ပိုင်း တစ်စလိုက်ပါ ဆောင်ရွက်ပါက လီဝင်ပြောလွင့်သွား တတ်သည်ဟုအယူအဆရှိကြသည်။

အရှိန်အဝါရှိ သောဂျိန်း ဖေဒုတို့ကထိုသို့ဝိဉာဉ်အားနိဗ္ဗာန်သို့ပို့ဆောင်ပြီး မှသာအသုဘအခမ်းအနား ပြီးဆုံးသည်။

လူတို့ကွယ်လွန်အနီးရောက်တိုင်း ဝိဉာဉ်သည်နတ်တစ်မျိုးမျိုး ဖြစ်သွားသည်ဟုနတ်ကိုးကွယ်သူဂျိန်း ဖေဒုတို့ကယူဆကြသည်။ နတ်ဘဝသို့ကူး ပြောင်းသွားသည်ဟုဆိုရာတွင် သေဆုံးရပုံပေါ်တွင်မူတည်၍ နတ်တချာ[၁] ခေါ်နတ်ကောင်းနှင့် အင်ခရူးနတ်[၂] ခေါ်နတ်ဆိုးဘဝသို့ ရောက်ရှိကြရသည်။ ပိုး ပိုး ဖွား နာ၍ကွယ်လွန်သူများ သည်နတ်ကောင်း နတ်မြတ်ဘဝသို့လည်းကောင်း၊ အသေဆိုးဖြင့်ကွယ်လွန်သူများ သည်မကောင်း ဆိုးဝါး နတ်ဘဝသို့လည်းကောင်း၊ ကူးပြောင်းသွားသည်ဟု၍ခွဲမှတ်ယုံ ကြည်ကြသည်။

လူတို့နာမကျန်း ဖြစ်၍ကွယ်လွန် သောအခါ၌ ၎င်းတို့၏ ၊ ဝိဉာဉ်အား ဝိဉာဉ်လောကသို့လည်းကောင်း ၊ နတ်ဘုံနတ်နန်း နိဗ္ဗာန်ဘုံသို့လည်းကောင်း ပို့ဆောင်ပေးကြသည်။ သို့သော်အစိမ်းသေများကား မည်သည့်လောကသို့မျှသွားစရာလမ်းလည်း မရှိ၊ စံစရာဘုံလည်း မရှိဘဲ လူ့လောကပတ်ဝန်းကျင်တွင်တဝဲလည်လည်ဖြစ်နေကြရသည်ဆို၏။ သို့ဖြစ်၍ နတ်ကိုးကွယ်သူဂျိန်း ဖေဒုတို့က ၎င်း နတ်ဆိုးတို့အား နတ်ပြည်သွားရာလမ်း သို့လည်း မညွှန်ပြ၊ မပို့ကြပေ။ လူ့အဖွဲ့အစည်းတွင်လည်း မနေစေကြပဲ ၎င်း တို့ဖြစ်ရာဘဝတွင်ဖြစ်သလို နေထိုင်စား သောက်စေသည်။

ပုတ်တစ်ရက် သေရခြင်း တို့၌ လသား သီ (သို့မဟုတ်) အင်မတ်ဆဝါ[၃] ခေါ်အသေဆိုး တို့မှာ သူတစ်ပါး လက်ချက်ဖြင့် သေဆုံးရခြင်း ၊ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးရခြင်း ၊ မိမိကိုယ်ကိုမိမိသတ်သေ ခြင်းတို့နှင့် နင်ဒန်ဆီ[၄] ခေါ်ကိုယ်ဝန်ဆောင်များ မီး မဖွားနိုင်၍ သေဆုံးခြင်း ၊ ဇနီးသည့်ကိုယ်ဝန်ဆောင်နေစဉ် ယောကျ်ား ဖြစ်သူ သေ ဆုံးခြင်း တို့ဖြစ်သည်။ အသေဆိုး ဖြင့် သေခြင်း ပြင်သူတစ်ပါး လက်ချက်ဖြင့် သေဆုံးခြင်း ၊ မတော်တစ်ဆထိခိုက်၍ သေဆုံး ခြင်း ၊ ကိုယ်ဝန်ဆောင်များ သေဆုံးခြင်း တို့အတွက်ကျန်ရစ်သူတို့က စိတ်မကောင်း ဖြစ်ကြသကဲ့သို့နတ်တို့က လည်း လက်ခံလိုကြ သေး သည်။ သို့သော် မိမိကိုယ်မိမိအဆိပ် သောက် သေခြင်း ၊ ရေထဲခုန်ချခြင်း ၊ သစ်ပင်ပေါ်မှခုန်ချခြင်း ၊ တုတ်၊ ဓါး ၊ လှံ၊ သေနတ် စသည့်လက်နက်တစ်ခုခုဖြင့်သတ် သေခြင်း များ ကိုနတ်များ ကလုံး ဝမနှစ် သက်ကြပေ။ လူ့ဥပဒေကိုဆန့်ကျင်သူများ ဖြစ်၍ကျန်ရစ်သူတို့ကလည်း အလွန် တရာဝမ်း နည်း ခြင်း မျိုး မဖြစ်ကြပေ။

---

၁။ Nat Kaja

၂။ Nhkru nat

၃။ Nmat Sawa

၄။ Ningdang Si

အစိမ်း သေ သေဆုံး သူများ သည်ကံဆိုး သဖြင့်လူ့ဘဝကို စွန့်ခွာပြီး နတ်ဆိုး များ ဖြစ်ကြရသည်ဟုအယူရှိကြသည်။ အသေဆိုး ဖြင့် သေသူများကို မည်သည့် လောက၊ မည်သည့်ဘုံသို့မျှ ပို့ဆောင် ပေး ခြင်း မပြုပဲ၊ မိဘ ဆွေမျိုး အနီး တဝိုက်တွင်ဖြစ်သလို တောင်း ရမ်း စား လေ့ရှိကြသည်။ သေဆုံးခြင်းခံစေမှုကိုလိုက်၍ မ ကောင်း ဆိုး ဝါး မှုကို ဖန်တီး နိုင် သော လဆား နတ်[1]၊ အဖြစ်အနာအဆာကိုလိုလား သော မရော်နတ်[2] စသည့်နတ်ဆိုး များဖြစ်ကုန်သည်ဆို၏။ အချို့ကလည်း အငယ်စား နတ်ဆိုး များ ဖြစ် သော ဖြီနတ်[3]၊ အင်ဆူး နတ်[4]၊ လမွမ်နတ်[5] နှင့်အခြား နတ်အသီး သီးတို့ဖြစ်ကုန်သည်။

ကျား ကိုက်၍ သေသူ၊ မြွေကိုက်၍ သေသူ၊ သစ်ပင် ပေါ် မှကျ၍ သေသူ၊ ရေနစ် သေသူ၊ သေနတ်မှန်၍ သေသူ၊ လူသတ်၍ သေသူ၊ မီး ဖွားရင်း သေသူစသည့်အ သေဆိုး နှင့် သေဆုံး သူတို့အား မြေတွင်မြှုပ်နှံခြင်း မပြုမီ၊ မီးသင်္ဂြိုလ် လေ့ရှိသည်။ ထိုအသုဘမျိုး သည် ချက်ချင်း သင်္ဂြိုလ်ရ သော ကြောင့် ခေါင်းမလုပ် တော့ပဲ ဝါး ကပ်ဖြင့်ပတ်၍ ရွာနှင့်ဝေး သော အရပ်သို့သွားရောက် သင်္ဂြိုလ်ရသည်။ အသုဘကိုအိမ် ပေါ် ၌ ပင်အ လောင်း ပြင်ထား ပြီး သင်္ဂြိုလ်ရန် ထုတ် သော အခါတံခါးပေါက်မှ မထုတ် ဝဲအိမ်နံရံကို ဖောက်၍ထုတ် ရသည်။ အသုဘအတွက်သတ် သော တိရစ္ဆာန်များ ကိုမိန်း မနှင့်က လေး များ စား သောက် ခြင်း မပြုရပဲ ယောက်ျား ကြီး များ ကသာစား သောက်ကြရသည်။ အသုဘ ထမင်း ဟင်း ကိုအခြား နီး စပ်ရာအိမ်တစ်အိမ်တွင် ချက်ပြုတ်ပြီး ထိုအိမ် ၌ သာ ကျွေး မွေး ရသည်။ အသုဘအိမ်မှ ရေကိုပင်အခြား သူတို့မ သောက်ရပေ။ ထိုအသုဘမျိုး မြှုပ်နှံရာသို့လူကြီး များ သာသွား ကြရသည်။ မီး ဖွား ရင်းသေ ဆုံး သောအသုဘဖြစ် ပါက ပစ္စည်း များ အား လုံး ကို မီး ရှို့ပစ်ကြသည်။

ထိုအသုဘမျိုး ကိုကြီး ကျယ် သော အခမ်း အနား ကြီး များ လုပ် လေ့မရှိ ပေ။ မလုပ် ကောင်း ဟုယုံကြည်ကြသည်။ ထိုအသုဘမျိုး ရှိလျှင်အလုပ် အကိုင်များ ကိုတစ် နေ့တာမျှ ရပ်ဆိုင်း ထား လေ့ရှိသည်။ ထိုသို့မရပ်ဆိုင်းပါမူ ရွာတွင်ကြမ္မာဆိုး ပင် ရောက်တတ်သည်ဟုအယူရှိကြသည်။ ယင်း တို့၏ ဝိညာဉ် များ သည် နေဝင်ရာအရပ်များ တွင်လည်း ကောင်း ၊ လူတို့ကြား တွင်လည်းကောင်း အတန်ကြာအောင် နှောင့်အယှက်ပြု နေထိုင်လာကြပြီး နောက် ဂွမ်ဂွန်ဂွမ်ဖိုင်[6] ခေါ် အစောင့်အရှောက် နတ်များ ဖြစ်လာကြသည်။ ၎င်း တို့အား အစောင့် အရှောက်နတ်များ အဖြစ်အသိအမှတ်ပြုပါက အနှောင့်အယှက်မှလည်းကင်း လွတ်လာသည်။ အခြား သောနတ်ဆိုး တို့၏ ဘေး အန္တရာယ်ကိုလည်း ကာကွယ် ပေး လာကြသည်။ ကာလကြာလာ သော အခါ၎င်း နတ်တို့အား ဘိုး ဘွား နတ်အဖြစ် ကိုး ကွယ်လာကြသည်။ ဤနည်း ဖြင့်လည်း ဘိုး ရာနတ်များ တစ်စတစ်စ ပွား များ လာခဲ့ခြင်း ဖြစ်သည်။

---

၁။ Lasa nat

၂။ Maraw nat

၃။ Hpyi nat

၄။ Nsu nat

၅။ Lamum nat

၆။ Gum gawn Gum hpai

မညီသည့်အသုဘမျိုး ဖြစ်စေ၊ အသုဘကိစ္စပြီးဆုံးသွားပါက အသုဘကိစ္စပေါ်စကအိမ်မှ ခေတ္တရှောင်နေရန် ပန်ကြားထားသော ၊ အိမ်တွင်းနတ်များ နှင့်ရိုးရာနတ်များကိုအိမ်တွင်းသို့ပြန်ကြွ၍ နတ်စင်တွင်ယခင်အတိုင်း စံမြန်းရန် ပန်ကြားရသည်။ ထိုနတ်များ ပြန်ကြွလာသည့်အထိမ်းအမှတ်အဖြစ်ပွဲပေးပွဲထပ်မံကျင်းပကြသည်။ အခမ်းအနားကိုခဝ်ကဲ့ကဲ့ပင်ပြုလုပ်၍ နတ်များအား ဂုဏ်ပြုပွဲပေးကြသည်။

အသုဘအခမ်းအနားများကိုရာသီဥတုအခြေအနေ ၊ အသုဘရှင်၏စီးပွားရေးအခြေအနေအရကျင်းပကြသည်ဖြစ်ရာ မိုးရာသီစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အသုဘကိစ္စပေါ်ပေါက်လာပါက မိုးကုန်စပါးပေါ်သည်အထိ ရွှေ့ဆိုင်းရပေသည်။ ထို့အတူအသုဘအခမ်းအနားကျင်းပရန် ငွေကြေးမလုံလောက်သေးပါကလည်းရွှေ့ဆိုင်းထားကြသည်။ ထိုသို့သောအခြေအနေတွင်သုဘကိစ္စ ပေါ်ပေါက်လာပါကအသုဘကိစ္စကိုလူသိရှင်ကြား မကျင်းပတော့ပဲ၊ ဆွေမျိုးသားချင်းအနည်းငယ်မျှဖြင့် သေသူကိုရေချိုးပေးခြင်း ၊ အလောင်းပြင်ခြင်း ၊ မြေမြှုပ်ခြင်းတို့ကိုအကျဉ်းချုံး၍ ဆောင်ရွက်ကြသည်။ အိမ်တွင်းတွင်လည်း သေသူသည်ရှင်သူများ နှင့်ဆက်လက် နေထိုင်သည်ဟုသဘောထားကာ သေသူ၏အခန်းတွင် သေသူ၏ဓါး ၊ လွယ်အိတ်စသည့်အသုံးအဆောင်ပစ္စည်းများကိုချိတ်ဆွဲထား၍နေ့စဉ်အစားအစာများကို ကျွေးပုသည်။ အသုဘအခမ်းအနားကျင်းပနိုင်သောအချိန်တွင် ဖော်ပြခဲ့သောအသုဘအခမ်းအနား အဆင့်ဆင့်ကို ဆောင်ရွက်ကြသည်။

ဥစ္စာပစ္စည်း ချို့တဲ့နွမ်းပါးသူများ၏အကျဉ်းချုံးကျင်းပသောအသုဘအခမ်းအနား ပင်လျှင် သေသည့်အချိန်မှ မြေမြှုပ်သည့်အချိန် အထိ တစ်ပတ်မျှကြာသည်။ အကျဉ်းချုံး ဆောင်ရွက်ပါက သေသူအား ဘိုးဘွားများကိုဖိတ်ခေါ်အပ်နှံရန်လည်း မလိုပေ။ ရုပ်အလောင်းကို ရေချိုးပြီး နောက်အခေါင်းသွင်း၍ သေသူအား ကြက် ( သို့မဟုတ် ) ဝက်ဖြင့်ပူဇော်ပြီး နတ်ဆရာမှ ချက်ချင်းပင်ဝိဉာဉ် လောကသို့ပို့ဆောင်လေသည်။ ထို့နောက် မြေမြှုပ်၍သင်္ချိုင်းတဲဆောက်ပေးသည်။ ထိုသို့အကျဉ်းချုံး၍သင်္ဂြိုဟ်ခဲ့သောသူအား နောက်နောင်၎င်း၏သား ၊ မြေး ၊ မြစ်များ သေဆုံးသောအခါတွင်နတ်ဆရာမှ ဖိတ်ကြားရန်မလိုတော့ပေ။ အကြောင်းတစ်စုံတစ်ရာကြောင့်ရွာပြင်တွင် သေဆုံးသွားပါက မညီသည့် သေခြင်းမျိုး ဖြစ်စေ ခရီးအလွန် ဝေးကွာခြင်း မရှိလျှင်ရွာသို့ပြန်လည်ယူဆောင်လေ့ရှိသည်။ ရွာနာသည်ဟူသောအယူအဆမျိုး မရှိပေ။

ကလေးသူငယ်များ နာမကျန်းဖြစ်၍ သေဆုံး သောအခါ ဘိုးဘွား နတ်များ က ခေါ် ဆောင်သွား သည်ဟုယုံကြည်ကြသည်။ အသက်အရွယ်ကြီး ရင့်သူများ သေဆုံး သည်ကိုမူ သေမင်း ခေါ် ဆောင်သွား ခြင်းဟုယူ ဆကြသည်။

## အင်ဂျန်ဒဲ့ ကျေး ရွာ နေဂိုန်း ပေဒ္ဒတို့၏အသုဘအခမ်းအနားကျင်းပပုံ

ယနေ့အင်ဂျန်ဒဲ့ ကျေး ရွာ နေဂိုန်း ပေဒ္ဒတို့သည်လူတစ်ယောက် သေဆုံး လျှင် သေဆုံး ချင်း ဗီဗီတို့သက်ဆိုင်ရာအသင်း တော်၏ဘုရားကျောင်း ရှိခေါင်း လောင်း ကိုတီး ခတ်ကြသည်။ တစ်စုံတစ်ဦး သေဆုံး ကြောင်း ရွာ ကိုကြေညာ ပေး သည့် ခေါင်း လောင်း သံသည်သာမန်စာသင် ကျောင်း ခေါင်း လောင်း သံ ၊ ဘုရား ကျောင်း ခေါင်း လောင်း သံနှင့်တီး ခတ်ပုံမှ ခြား သော ကြောင့်အသံကွဲပြား ပေသည်။ ခေါင်း လောင်း ကိုတစ်ချက်နှင့် တစ် ချက်ကြား တွင်အနည်း ဆုံး စက္ကန့်(၂၀)ခန့်ခြား ၍တစ်ချက်ချင်း တီး ခတ် ကြသည်။ တီး ခတ်မှုကိုကြား ရုံမျှဖြင့်မိန်း မ၊ ယောကျ်ား မခွဲခြား နိုင်သော် လည်း ကလေး ၊ လူကြီး မှန်း ခွဲခြား သိနိုင်သည်။ ကလေး ဆိုပါက (၁၀) ချက် ပက်ဂန်း ချင်သာတီး ခတ်ပြီး ၊ လူကြီး ဆိုပါကအချက် (၂၀) (၂၅) အထိ တီး ခတ်ကြသော ကြောင့်ဖြစ်သည်။ တစ်မိနစ်တည်း ဖွင့်မည်သည့်အသင်း တော်ဝင် မှန်း လည်း ခွဲခြား သိနိုင်သည်။ အင်ဂျန်ဒဲ့ ကျေး ရွာ နေဂိုန်း ပေဒ္ဒတို့သည် တစ်စုံတစ် ယောက် သေဆုံး ပါက အသုဘ ခေါင်း လောင်း တီး ခြင်းဖြင့် ကျေး ရွာ ရှိလူအများ တို့အားသိ ပေး အကြောင်း ကြား သည်။

နှစ်ခြင်း အသင်း တော်ဝင်တစ်ဦး သေဆုံး ပါက ရေမိုး ချိုး အဝတ်အစား လဲ တဘက်ခြုံ ခန်း ဘိုကုတင် (သို့မဟုတ်) ကြမ်း ပြင် ပေါ်တွင်ဖျာ တစ်ချပ်ခင်း ၍အလောင်း ပြင် ဆင်ကြသည်။ သေသူကို ရေမိုး ချိုး သန့်စင် ခြင်း ၊ အဝတ်အစား လဲလှယ် ပေး ခြင်း တို့ကိုပြုရာ၌ ရှင်သူတို့ကိုပြုမူပုံနှင့် ထူး ခြား မှုတစ်စုံတစ်ရာမရှိပဲ၊ ၎င်း ကိုမည်သူမဆို ဆောင်ရွက် ပေး နိုင် ပေသည်။ ၎င်း နောက်လက် မနှစ် ချောင်း ၊ ခြေမနှစ် ချောင်း နှင့် ဒူး နှစ်ဖက်တို့ကိုပူး တွဲချည် နှောင်ထား ရသည်။ ၎င်း နောက် စောင်တစ် ထည်ဖြင့်ခြုံသည်။ ၎င်း စောင် ပေါ် ၌ပိုး တောင်ရှည်ပုဆိုး တစ်ထည် ဖြင့် ဖုံး အုပ်ထား ရသည်။ ခေါင်း အောက်တွင် ခေါင်း အုံး ကိုထား ပေး သည်။ သေဆုံး သူအတွက်အသုံး ပြုထား သော ဖျာ၊ စောင်၊ ပုဆိုး တို့သည်အသစ်လည်း ဖြစ်နိုင်သည်။ အဟောင်း လည်း ဖြစ်နိုင်သည်။ တတ်နိုင်သူ များ ကတောင်ရှည် ပုဆိုး ပေါ်မှ ပါး လွှာ သော နိုင်လွန်ဇောဖြင့်လွှမ်း ခြုံထား ကြသည်။ စောင်



အလောင်းပြင်ဆင်ထားပုံ



အလောင်းကို သင်္ချိုင်းသို့ သယ်ယူသွားပုံ



အခေါင်းမြေချပြီးနောက် ဆုတောင်းနေကြပုံ



အခေါင်းကိုမြေဖို့ မြှုပ်နှံပုံ



သင်္ချိုင်းတွင် အခေါင်းကိုချထားပုံ



အခေါင်းကိုမြေကျင်းထဲထည့်ထားပုံ



နှစ်ခြင်းအသင်းတော် ဝင်တို့၏သင်္ချိုင်းပုံ



အလောင်းကိုမြှုပ်နှံပြီးနောက်ယာယီအကာပြုလုပ်နေပုံ





အာရ်.စီ.အမ် အသင်းတော်ဝင်တို့၏သင်္ချိုင်းပုံ။

ဖို့သည့် သေသူ၏လည်ပင်း အထီးသားဖိုး လွှမ်း ထား ပြီး မျက်နှာကို ဖော်ထား သည်။ သေသူ၏အဝတ်အထည်အနှီးနှင့်အသုံး အဆောင်အချို့ကို ခြေရင်း အနီး၌ ချထား လေ့ရှိကြသည်။ ထိုသို့အလောင်း ကိုပြင်ဆင် နေချိန်တွင်တစ်စုံတစ်ယောက်က အသုဘ ခေါင်း လောင်း ကိုသွား ရောက်တီး ခတ် ရသည်။ အသုဘ ခေါင်း လောင်း သံကိုကြား ရသူ ရွာသူ ရွာသား တို့သည် မည်သည့်အိမ်မှ သေဆုံးကြောင်း စုံစမ်း ကာတ ဖြေး ဖြေး စုရုံး ရောက်ရှိလာကြသည်။

အလောင်း ကိုပြင်ဆင်ပြီး ပါကပင်း အုပ်ဆရာ (သို့မဟုတ်) သင်း ထောက်ဆရာတစ်ဦး ကိုပင့် ခေါ် ရသည်။ ဆရာတစ် ယောက်ယောက် ရောက်ရှိလာ သောအခါ သေသူအပေါ်ယုံကြည်သူများ အတွက်အာဇီကထိုး ဆုတောင်း သမ္မာပြု လေ့ရှိသည်ကို တွေ့ရသည်။ ရင်နီး ၊ ရပ်ဝေး ဓိက်သင်္ဂတ များ အား အသုဘဖိတ်ကြား လွှာရိုက်နှိပ်ဖိတ် ကြား သည်လည်း ရှိသည်။ အများ အား ဖြင့် ခေါင်း လောင်း တီး သံ ကြောင့်အထူး တလည်ဖိတ်ကြား ခြင်း မရှိ သော်လည်း ၊ လူမှုရေး ဆိုင်ရာနား လည် မှုအရလာ ရောက်ကြသည်။ သေဆုံး ပြီး နောက် ( ၁ ) ရက် ( ၂ ) ရက် ( ၃ ) ရက်အတွင်း သဂြိုလ်ကြသည်ကို တွေ့ရသည်။ အများ အား ဖြင့် ( ၂ ) ရက် မြောက် သော နေ့တွင်သဂြိုလ်ပြီး ရပ်ဝေး မှ ဆွေမျိုး သား ချင်း တို့ကို စောင့်ဆိုင်း ပါက ( ၃ ) ရက် ( ၄ ) ရက်လည်း ထား တတ်ကြသည်။ အနံ့သက် ချက်တူမျှ မရှိ ပေ။ ထိုသို့ထား စဉ်ရာသီဥတုပူအိုက်မှုအနံ့ အသက်ဆိုး ဝါး လာပါက ဧည့်ခန်း၌ ပင် ခေါင်း သွင်း၍ ထား တတ်ကြသည်။ အများ အား ဖြင့်အနံ့အသက် မထွက် မီသဂြိုလ်ကြသည်က များ သည်။

သဂြိုလ်ခြင်း မပြုမီအတွင်း ရွာသား တို့သည်လူကြီး ၊ လူငယ်မ ရွေး ဖိတ်စာဖြင့်ဖိတ်သည်ဖြစ် စေ ၊ မဖိတ်သည်ဖြစ် စေလာ ရောက်ကြ ပြီး တစ် နေကုန်စကား စမြည်ဝိုင်း ဖွဲ့ ပြောဆိုကာ နေကြသည်။ ညတွင်လည်း လူကြီး ၊ လူငယ်အ တော်များ များ ကသီဆိုကခုန်ခြင်း ၊ ဝိုင်း ဖွဲ့ ပဲကစား ခြင်း တို့ပြုကာအသုဘ စောင့် ပေး ကြသည်။ အသုဘကိစ္စ ပေါ် ပေါက်လာပါ က ရပ်ရွာလူကြီး များ မှစုရုံး ရောက်ရှိလာပြီး မည်သူက မည်သည့် လုပ်ငန်း တာဝန်များ ကိုကူညီ ဆောင်ရွက် ပေး ရန်တာဝန် ခွဲ ဝေ ပေး သည်။ တာဝန် ပေး အပ်ခြင်း ခံရသူတို့ကလည်း တက်အား သ ရွေ့ကူညီကြသည်။ အသုဘအကုန် ငွေနှင့်အကူပစ္စည်း တို့ကို သေဆုံး သည့်အချိန် မှ မြှုပ်နှံသည့်အချိန်အထိလက် ခံကြ သည်။ တစ်စုံတစ် ယောက် သေဆုံး ပါက ဓိဂ် ဆွေသင်္ဂတ များ က ငွေ ၊ သန် ၊ ဆီ စသည်တို့ကိုကူညီကြသည်။ အထူး သဖြင့် ငွေကိုကူညီသည်က များ သည်။ ဆွေမျိုး သား ချင်း များ က ငွေ ကြေး အပြင်ဝိုး ရာအသုံး အ ဆောင်ပစ္စည်း များဖြင့်လည်း ကူညီကြသည်။

ဆေးဆိုးသူ၏ မယု ခေါ် ဃောသူမမိုး နှင့်တို့သည် လွတ်-ဒန် နှင်ထု[1] ခေါ် ဆေး ရွက်ကြီး ပင်ခုတ်သည့်ဓါး ဖြင့်ကူညီရသည်။ ၎င်း ကူညီလာသူအား အသုဘရှင်မှ ၈-၁၀ထွာ မောင်း (သို့မဟုတ်)ဘွဲ၊ နွား တစ်ကောင်ကိုဖြင့်ပြန်လည်တုံ့ပြန်ရသည်။ ဆေးဆိုး သူ၏ညီအစ်ကိုမျိုး များက ဓါးလွယ်များကို ပေး အပ်ကူညီရပြီး ၊ အသုဘရှင်မှလည်း အာလား ဘူဓါး လွယ်များ ဖြင့်ပြန်လည်တုံ့ပြန်ရသည်။ ထိုနည်း တူသား မက်မျိုး ဖက်မှလည်း ရိုး ရာအသုံး အဆောင်တစ်ခုခုကို ပေး အပ်ကူညီရပြီး ၊ အိမ်ရှင်မှလည်း ရိုး ရာအသုံး အဆောင်တစ်ခုခုဖြင့်ပြန်လည်တုံ့ပြန်ကြရသည်။ အိမ်ရှင်မကွယ်လွန်ပါက ၎င်း၏ မောင်အရင်း တို့ကို တောင်ရှည်ပုဆိုး တစ်ထည်စီ (သတိုး သမီးအဖြစ် မင်္ဂလာ ဆောင်စဉ်ကသိုင်း လွယ်ခဲ့သော ပိုး ပုဆိုး ) ပေး အပ်ရသည်။

အင်ဂျန်ဒုံ ကျေး ရွာ နေဂျိန်းဖော့တို့သည် ဆေး ရုံတွင်ဖြစ် စေ၊ ခြား မည်သည့် နေရာတွင်ဖြစ် စေ၊ မည်သည့် ယောခြင်း မျိုး ဖြင့် သေဆုံးသွားသည့်အလောင်းမျိုး ဖြစ် စေ၊ အလောင်းကို နေထိုင်ရာအိမ်သို့သာပြန်လည်သယ်ဆောင်လာကြပြီး ၊ အိမ်တွင်း ဧည့်ခန်း ၌ပင်၊ အလောင်း ပြင်ထား ကြသည်ကို တွေ့ရသည်။ ဆေး ရုံတွင်ထား ကာသင်္ဂြိုလ်ချိန်မှသွား ရောက်သယ် ဆောင်ခြင်း မျိုးကို မည်သူကမျှမပြုကြောင်း လေ့လာ တွေ့ရှိရသည်။ ၎င်း တို့၌ သေပြီး သူ၏ ခန္ဓာကိုယ်အား အိမ်တွင်း သို့သယ် ဆောင်လာခြင်း ကိစ္စနှင့်ပတ်သက်၍ မလေ့ထုံး စံတစ်စုံတစ်ရာမရှိပေ။

လူ သေ ခေါင်း သည် ရှေး ကကဲ့သို့သစ်လုံး ကိုထွင်း သည့် ခေါင်း မျိုး မဟုတ် တော့ ပေ။ ငွေ ကြေး တတ်နိုင်သူအချို့ကမြစ်ကြီး နား မြို့၌အသင့်ပြုလုပ် ရောင်း ချ သောကျွန်း ခေါင်း များ ၊ မှန်ကဝ် ခေါင်း များ ၊ ဝယ်ယူ ထည့် သွင်း တတ်ကြသည်။ အများ အား ဖြင့်သစ်စက်များ မှပျဉ်ချပ်များ ကိုဝယ်ယူ ပြီး ၊ ကျေး ရွာရှိလက်သမား ကို ခေါင်း စပ် စေသည်။ ပြီး ပါကကျန်ရစ်သူအိမ် ရှင်က ခေါင်း စပ်ခ ငွေ(၁၀၀)၊ (၂၀၀)၊ (၃၀၀) ခန့်ကိုအရက်ဖိုး အဖြစ် ပေး ရသည်။

သင်္ဂြိုလ်ရာ၌ အများ အား ဖြင့် နေ့ခင်း ပိုင်း (၁း ၀၀) မှ(၃း ၀၀) နာရီအတွင်း သင်္ဂြိုလ်ကြသည်က များ သည်။ အကယ်၍ (၂း ၀၀) နာရီတွင်သင်္ဂြိုလ်မည်ဆိုပါက (၁း ၀၀) နာရီတွင်ဆု တောင်း သမှုပြုကြသည်။ အလောင်း ကို ခေါင်း အတွင်း ထည့်ခါနီး (သို့မဟုတ်) အိမ်မှထွက်ခွာခါနီး တွင် ဝိဉာဉ်ကိုဘုရား သခင်ထံအပ်နှံသည်။

---

1. Lut Dan Nhtu

၎င်းနောက် ခြေ၊ လက်တို့တွင် ချည်နှောင်ထားသော ကြိုးများကိုဖြတ်တောက်ပြီး ၊ ခေါင်းတွင်းသို့ထည့်ကြသည်။ ဆုတောင်းပြီးပါက မည်သည့် သေခြင်းမျိုး ဖြင့် သေသည့်အသုဘပင်ဖြစ်စေ၊ အိမ်လှေကား မှသာ သယ်ချကြသည်။ ၎င်း နောက်သန်မာသော ယောက်ျားများ က ဝါးလုံး များ ဖြင့်ထမ်း သယ်ကာ သင်္ချိုင်းသို့ယူဆောင်သွားကြသည်။

သင်္ချိုင်းများသည်အင်ဂျန်ဒုံကျေးရွာ၏အလယ်တွင်တည်ရှိသည်။ အင်ဂျန်ဒုံကျေးရွာတည်စကရွာပြင်တွင်ထားခြင်း ဖြစ်သော်လည်း၊ လူနေအိမ်ခြေတိုးပွားလာသောကြောင့်ရွာလယ်တွင်တည်ရှိလာသည်။ ရွာလယ်တွင်သင်္ချိုင်း (၃) ခုရှိသည်ကို တွေ့ရသည်။ မြစ်ကြီးနားမြို့ရှိတရုတ်လူမျိုးတို့၏သင်္ချိုင်းသည် ရွာလယ်တွင်ရှိပြီး ၊ ၎င်း သင်္ချိုင်း နှင့်ကပ်လျက်အနောက်ဖက်တွင်နှစ်ခြင်းအသင်းတော်ဝင်တို့၏သင်္ချိုင်း နှင့်အာရ်.စီ.အမ် သင်္ချိုင်းတို့ ယှဉ်လျက်တည်ရှိသည်။ သင်္ချိုင်းတစ်ခုနှစ်တစ်ခုကြား သံဆူးကြိုး ခတ်ပိုင်းခြားထားသည်ကို တွေ့ရှိသည်။

သေသူကိုမြှုပ်နှံမည့် မြေကျင်းကိုအနက် ( ၃ ) ပေ ( ၄ ) ပေ ခန့်တူးတတ်ကြသည်။ မြေမြှုပ်သင်္ဂြိုလ်ခါနီးတွင်အခေါင်းကိုကျင်းထဲချပြီးမှသော်လည်းကောင်း ၊ ကျင်းအုတ်ခမ်းတွင်တင်လျက်သော်လည်းကောင်း လိုက်ပါပို့ဆောင်သောပရိသတ်နှင့်တကွသင်းအုပ်ဆရာသည် သေသူ၏ဝိဉာဉ်ဘုရားသခင်လက်တွင်းသို့ ရောက်စေရန် ခေါ်ယူတော်မူကာထိန်းသိမ်းစောင့်ရှောက်ရန်အကြောင်း ၊ ကျန်ရစ်သူအိမ်သူအိမ်သား ဆွေမျိုး မိတ်သဂ်ဟများကိုလည်း ကြည့်ရှုစောင်မပေးပါရန်အကြောင်း ပြောဟောဆုတောင်းသည်။

မိမိကိုယ်ကိုသတ် သေသည့်အသုဘဆိုပါက အိမ်သူအိမ်သားများ အတွက်သာဆုတောင်း ပေးပြီး ၊ သေသူ၏ဝိဉာဉ်ကိုဘုရားသခင်ထံအပ်နှံ ဆုတောင်းခြင်း မပြုပေးချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ ခရစ်ယာန်ဘာသာယုံကြည်ချက်အရ လူတစ်ယောက်အသက်ရှင်ရန်လူ့လောကရပ်တည်လှုပ်ရှားနေမှု၊ သေဆုံးမှုအစရှိတို့သည်ဘုရားသခင်၏အလိုတော်အတိုင်း ဖြစ်ကြရသည်ဟုဆို၏။ တစ်စုံတစ်ဦးသည်ဘုရားသခင်၏အလိုတော်ကိုဆန့်ကျင်ပြီး မိမိကိုယ်ကို အဆုံးစီရင်ခြင်းသည်ဘုရားသခင်မှခွင့်မလွှတ်နိုင်သောအပြစ်ကိုကျူးလွန်ခြင်း ဖြစ်သည်။ ထို့ကြောင့်ထိုသူအား ဘုရားသခင်ကလက်ခံမည်မဟုတ်သဖြင့်၊ ဘုရားသခင်ထံလက်ခံရန်ဆုတောင်းခြင်း မပြုကြတော့ပေ။ ထိုသူသည် ငရဲဘုံသို့သာထာဝရသွားနေကြရမည်ဟုယုံကြည်ကြသည်။

၎င်းနောက် သင်းအုပ်ဆရာသည် မြေကြီး လက်တစ်ဆုပ်ကို ယူ၍ မြေကြီးဖြင့်ဖန်ဆင်းထား သော ဤခန္ဓာကိုယ်သည် မြေကြီး ပင်ပြန်ဖြစ်ပါစေ၊ ဘုရားသခင်နှင့်ဆိုင်သော ဝိညာဉ်တော်ကိုဘုရားသခင်မှပင် ခေါ်ယူပါစေဟုဆိုကာ ဆုတ်ကိုင်ထားသော မြေမှုန့်ကို မြေကျင်းထဲသို့ ခေါင်း ပေါ်သို့ပစ်ချလိုက်သည်။ ထိုအခါအခြား လိုက်ပါပို့ ဆောင်သူအသီးသီး ကလည်း အနည်းဆုံး မြေလက်တစ်ဆုပ်စီ ဖို့ပြီး ပြန်ကြသည်။ မြှုပ်နှံပြီး စီး ပါက လိုက်ပါ ပို့ဆောင်သူအားလုံး အသုဘအိမ်သို့ပြန်လာရသည်။ အိမ်ခြံဝတွင်သချိုင်းမှမြေ ကြီးကိုင်လာသော လက်ကို ဆေး ကြောရန် ရေပုံး၊ ရေခွက်များကို အသင့်ထား ရှိသည်။ ၎င်း နောက်ကျန်ရစ်သူအိမ်သူအိမ်သားများ ကိုကြည့်ရှုစောင်မပါ ရန်ထပ်မံဆု တောင်း ကြသည်။ ဆု တောင်း ပြီး သောအခါအသင့်ချက်ပြုတ်ထား သောအစား အသောက်ထမင်း ဟင်း လျာများ ကိုပြင်ဆင် ကျွေး မွေး ကြသည်။

မြှုပ်နှံထား သော မြေပုံပေါ်တွင်ဥစ္စာဓနကြွယ်ဝမှုကိုလိုက် ၍ ဂူတည်ကြသည်လည်း ရှိသည်။ မတည်ကြသည်လည်း ရှိသည်။ မြှုပ်နှံသင်္ဂြိုလ်ပြီးနောက် သုံး သည့် နေ့မှ ( ၇ ) ရက် မြောက် သော နေ့တွင်ဆု တောင်း ခြင်း အခမ်း အနား ကိုအား လုံး ကမဖြစ်မနေကျင်း ပကြသည်ကို တွေ့ရသည်။ ဝိညာဉ် ကို ဘုရား သခင်ထံအပြီး အပိုင်အပ်နှံဆု တောင်း ခြင်း ဖြစ်သည်။ ၎င်းဆုတောင်း အခမ်း အနား သို့ရင်း နှီး သော ဆွေမျိုး မိတ်သင်္ဂဟတို့အား ဖိတ်စာဖြင့် သော်လည်း ကောင်း၊ နှုတ်ဖြင့် သော်လည်း ကောင်း ဖိတ်ကြား ကြပြီး ဖိတ်ကြား ခံရသူများ ကသာလာ ရောက်ကြသည်။ အသုဘ ရှိစဉ်ကကဲ့သို့လူတိုင်း ကမလာ ကြ တော့ပေ။ ၎င်း ဆု တောင်း အခမ်း အနား ၌အ ကျွေး အ မွေး တစ်ခု ခုဖြင့် ဧည့်ခံကာ အသုဘအခမ်း အနား ကိုအဆုံး သတ် လေသည်။

အာရ်. စီ. အမ် အသင်း တော်ဝင်တစ် ယောက် မျှော်လင့်ချက် မရှိ တော့ပါက ၊ သတိလက်လွတ် မဖြစ်မီအပြစ်တို့ကို ဝန်ချ တောင်း ပန်နိုင်ရန် ၊ ဘုန်း တော်ကြီး ကိုပင့်ဖိတ် ရသည်။ ဘုန်း တော်ကြီး မှတစ်ဆင့်နှစ်ကိုယ်ကြား သီ ရှိဘုရား သခင်ထံ ဝန်ချ တောင်း ပန် ရသည်။ အသင်း တော်ဝင်တစ် ယောက် ၏ ဖွင့်ဟဝန်ခံချက်တို့ကိုဘုန်း တော်ကြီး အနေဖြင့်မည်သည့် ပင်ကြီး လေး သော အပြစ်ဖြစ် စေ၊ ရာဇဝတ်မှုမကင်း သော အမှုဖြစ် စေ၊ မည်သူ့ကိုမှ ဖွင့်ဟပြော ပြခွင့်မရှိ ပေ။ လူမမာသည်အပြစ်တို့ကို ဖွင့်ဟဝန်ခံချင်း မပြုရမီသတိလစ်သွား ပါက စက္ကမင်တုး ပေး ခြင်း ကိုပြုရသည်။ ထိုသို့ပြုကာ အပြစ်တို့မှ ခွင့်လွှတ်ပေး ရန်ဘုရား သခင်အား ပန်ကြား ရသည်။ စိတ်နှင့်ဖြစ်မှား ခြင်း အတွက် နဖူး တွင်လည်း ကောင်း ၊ စက္ခုအာရုံဖြင့်ပစ်မှား ခြင်း အတွက် မျက်လုံး တွင်လည်း ကောင်း ၊ နံ့သာရုံဖြင့်ပစ်မှား ခြင်း အတွက် နှာခေါင်း တွင်လည်းကောင်း၊

နှုတ်ဖြင့်ပစ်မှားခြင်းအတွက် ပါးစပ်တွင်လည်းကောင်း၊ ကိုယ်ထိလက်ရောက်ပစ်မှားခြင်းအတွက်လက်များတွင်လည်းကောင်း၊ ကောင်းချီးပေးထားသည့်သံလွင်ဆီဖြင့်သုတ်လိမ်းခြင်းဖြင့်သင်းအုပ်ဆရာ (သို့မဟုတ်) ဘုန်းတော်ကြီးက စက္ကမင်တူး ပြုကာ အပြစ်တို့မှ ခွင့်လွှတ်စေသည်။

၎င်းနောက်လူနာသည်အသက်ထွက်သွားပြီးဖြစ်သည့်အတွက်၊ ၎င်း၏ဝိဉာဉ်တော်ကို ထာဝရဘုရားသခင်အနေဖြင့်ကောင်းကင်ဘုံတွင်လက်ခံပေးပါရန်၊ ၎င်းပြုခဲ့သမျှအပြစ်အားလုံးကိုလည်း ခွင့်လွှတ်ပေးပါရန်ဆုတောင်းပေးသည်။ ၎င်းနောက်အလောင်းကို ဆေးကြောသုတ်သင်ကာပြင်ဆင်ထားကြသည်။

အထက်ပါအဆင့်ပြီးစီးသွားပါက အသင်းတော်ကွဲပြားသော်လည်း ရပ်ရွာမှကူညီဆောင်ရွက်ပုံ၊ ဆွေမျိုးသားချင်းများကူညီပုံ၊ မြှုပ်နှံသင်္ဂြိုဟ်ပုံ၊ ဆုတောင်းပုံအလုံးစုံတို့သည် တူညီကြောင်း လေ့လာတွေ့ရှိရသည်။

ဂျိန်းဖောတို့၏အသုဘအခမ်းအနားကျင်းပခြင်းတို့ကို ခြုံ၍ လေ့လာသော်ယခုခေတ်အင်ဂျန်ဒို့ကျေးရွာနေဂျိန်းဖော့တို့၏အသုဘအခမ်းအနားသည် ရှေးယခင်၎င်းတို့၏ပင်ကိုယ်ယဉ်ကျေးမှုအစဉ်အလာနှင့်အလွန်ကွာခြားသွားကြောင်း လေ့လာတွေ့ရှိရသည်။ ဤသည်မှာအဓိကအားဖြင့်ဘာသာရေးယုံကြည်ချက်ပေါ်တွင်အခြေခံ၍ ပြောင်းလဲသွားခြင်းဖြစ်သည်။

ခရစ်ယာန်ဘာသာယုံကြည်မှုကို ပြောင်းလဲလက်ခံခြင်းမရှိသည့်အခြားသောအရပ်ဒေသရှိဂျိန်းဖောအနည်းစုတို့ကမူ ရှေးကအတိုင်း အစဉ်အလာမပျက်၊ မြှုပ်နှံသင်္ဂြိုဟ်မှုအဆင့်ဆင့်ကို ဆောင်ရွက်ကြကြောင်း လေ့လာသိရှိရသည်။ အင်ဂျန်ဒို့ကျေးရွာနေဂျိန်းဖော့တို့ကမူ ခရစ်ယာန်ယုံကြည်ချက်အရ ဆောင်ရွက်ခြင်းကသာ၊ ယနေ့ခေတ်စီးပွားရေး၊ လူမှုရေးစနစ်နှင့်ကိုက်ညီကြောင်း ထောက်ပြကြသည်။ နတ်ကိုးကွယ်သူတစ်စုံတစ်ယောက်သေဆုံးပါက ဥစ္စာပစ္စည်း၊ ကျွဲ၊ နွား၊ များ ရွာဖြင့်ပူဇော်သင်္ဂြိုဟ်ရသောကြောင့်ဖြစ်သည်။

အသုဘအခမ်းအနားနှင့်ပတ်သက်၍ ရှေးယခင်မှစ လေ့ထုံးစံ၊ အစဉ်အလာအားလုံးနီးနီး ပျောက်ကွယ်ကုန်ပြီး၊ အသုဘရှိနေသည့် ညစဉ် ကဘုံ အကကိုကျား၊ မကြီးငယ်မရွေး ကခုန်ခြင်းနှင့် ဆွေမျိုးသား

ရှင်းများကပိုး ရာပစ္စည်းများဖြင့်ကူညီခြင်းကိုသာ တွေ့ရတော့သည်။ ပိုးရာအသုံးအဆောင်များ ပေးအပ်ခြင်းသည်တစ်စုံတစ်ယောက် သေဆုံးသွားသော်လည်း၊ ကျန်ရစ်သူများအနေဖြင့် ဆွေမျိုး တော်စပ်မှု၊ ရင်းနှီးကျွမ်းဝင်မှုပျက်ပြယ်မသွားကြောင်း ထုတ်ဖော်အသိပေးခြင်း ဖြစ်သည်။ ကဘို အကကိုကသည့်အစဉ်အလာသည်ပင်လျှင် ခဲ့သော (၁၀)နှစ်ခန့်နောက်ပိုင်း၌ တဖြေးဖြေး နည်းပါးလာပြီး သက်ကြီးဝါကြီးဘိုးဘွားကြီးများ သေဆုံးမှသာ ကခုန်ကြကြောင်း လေ့လာတွေ့ရှိရသည်။

ရှေးကအသုဘအခမ်းအနား၌ကခုန်ခြင်းသည် သေသူ၏ဝိညာဉ်အား ဖြေဖျော်ခြင်းနှင့်ကျန်ရစ်သူတို့၏ပူဆွေးသောကရောက်မှုကိုလျော့ပါးစေခြင်း အတွက်ရည်ရွယ်သော်လည်း၊ ယနေ့အင်ဂျန်ခုံကျေးရွာ နေဂိုန်းဖောတို့က ကျန်ရစ်သူအိမ်သူအိမ်သားများ သောကလျော့ရေး နှင့်အစဉ်အလာထိန်းသိမ်းရေး အဖြစ်သာ ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရသည်။ ဆောင်ရွက်မှုတူညီသည့်တိုင် ခံယူချက်ကွဲပြားလာကြောင်း လေ့လာတွေ့ရှိရသည်။ အချုပ်အားဖြင့်ဆိုသော် ဂိုန်းဖော့တို့၏ဘာသာရေး ယုံကြည်ချက်ပြောင်းလဲခြင်းသည် ၎င်းတို့၏အစဉ်အလာယဉ်ကျေးမှုကိုပါ ပြောင်းလဲသွားစေကြောင်း လေ့လာတွေ့ရှိရသည်။

မိ:/ * ၂၀-၅-၉၅။

## အခန်း (၃)

# စီးပွားရေး

ရှေး ခေတ်ဂျိန် ဖော့တို့သည် တော တောင် ရေ မြေအား လုံး ပါဝင် သော နယ် မြေကြီး တခုလုံး ကိုဒူဝါခေါ် အကြီး အကဲကအုပ် ချုပ်ပြီး ၄င်းကပင် နယ် မြေကြီး တခုလုံး ကိုပိုင်ဆိုင်သည်။ ၄င်း ပိုင်နယ် မြေအတွင်း နေထိုင်ကြ သော ရွာသူရွာသား များ သည်လည်း မိမိနှစ်သက်ရာ နေရာကိုပိုင်ဆိုင်ခွင့်ရှိသည်။ မိမိနှစ်သက်ရာ၊ သင့်တော်ရာ နေရာတွင်အိမ်ယာကို ဆောက်လုပ် နေထိုင်နိုင် သကဲ့သို့ မိမိနှစ်သက်ရာ နေရာ (နတ် ဟောဆရာ၏သင့်တော်သည်ဟု ဟောကိန်း ထုတ်ရာ) တွင် တောင်ယာလုပ်ကိုင်စား သောက်ခွင့်ရှိသည်။ မြေယာများ ကို လူမျိုး တစုလုံး ပိုင်ဆိုင်ကြခြင်း ပင်ဖြစ်သည်။ မွေး မြူရေး ကိုယ်စ်ပူဇော်ရန် အ ထွက်ပုဂ္ဂလိကအ နေဖြင့်မိသားစုတိုင်း က မွေး မြူကြသည်။ အမဲလိုက်၊ ငါး ဖမ်း ခြင်း တို့ကိုတဦး တ ယောက်ချင်း လုပ် ဆောင်ကြသည်လည်း ရှိသည်။ စု ပေါင်း လုပ် ဆောင် ကြသည်လည်း ရှိသည်။ ရလာ သော အကျိုး အမြတ်ကိုနယ်ပိုင်ဒူဝါအား သတ်မှတ် ထား သည့်အတိုင်း ပေး ဆောင်ပြီး နောက်အား လုံး က ဝေပုံကျသာ တူညီမျှ ခွဲ ဝေယူ ကြ သည်။ ဒူဝါများ အုပ်ချုပ်စဉ်ကဂျိန် ဖော့တို့၏ စီး ပွား ရေး စနစ်သည် ရှေး ကျ စီး ပွား ရေး စနစ်[1] မျှသာဖြစ်သည်။

ယခု ခေတ်အင်ဂျန်ဒုံ ကျေး ရွာဖွင့် နေထိုင်ကြ သော ဂျိန် ဖော့ တို့၏ စီး ပွား ရေး လုပ်ငန်း ကို အောက်ပါအတိုင်း ခွဲခြား ၍ လေ့လာ နိုင်သည်။

(က) စိုက်ပျိုး ရေး လုပ်ငန်း
(ခ) မွေး မြူရေး လုပ်ငန်း
(ဂ) အမဲလိုက်၊ ငါး ဖမ်း ခြင်း လုပ်ငန်း
(ဃ) မြေ အောက်သယံဇာတပစ္စည်း တူး ဖော် ရေး လုပ်ငန်း
(င) သစ် တောထွက်ပစ္စည်း များ ရှာ ဖွေထုတ်လုပ် ရေး လုပ်ငန်း
(စ) အိမ်တွင်း မှုလုပ်ငန်း
(ဆ) ရောင်း ဝယ် ဖောက်ကား မှုလုပ်ငန်း

---

၁။ Primitive Economic System

(က) စိုက်ပျိုးရေး လုပ်ငန်း

ဂျိန်ဖေ့ဘူ့၏ အဓိကအကျဆုံး လုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်း ဖြစ်ပြီး ရှေးက တောင်ယာစိုက်ပျိုး ခြင်း ဖြင့်အစပြုခဲ့ကာ ယခု နောင်း ပိုင်းတွင် စိုက်ပျိုး ရေး လုပ်ငန်း အမျိုး အစား သုံး မျိုး ရှိလာသည်ကို တွေ့ရသည်။ ၎င်းတို့မှာ လယ်ယာ စိုက်ပျိုး ရေး ၊ တောင် ပေါ် ဒေသ စိုက်ပျိုး ရေး နှင့် ဥယျာဉ် ခြံစိုက်ပျိုးရေး တို့ဖြစ်သည်။ တောင် ပေါ် ဒေသ စိုက်ပျိုး ရေး တွင်မိုး ရာ သီ တောင်ယာ စိုက်ပျိုး ရေး နှင့် လှေခါး ထစ် စိုက်ပျိုး ရေး တွဲ၍ ရှိသော်လည်း အင် ဂျန်ဒုံကျေး ရွာ နေဂျိန် ဖေ့ဘူ့ကမူ ရာသီ တောင်ယာ စိုက်ပျိုး ရေး ကိုသာလုပ် ကိုင်ကြသည်ကို တွေ့ရသည်။

လယ်ယာ စိုက်ပျိုး ရေး

အင်ဂျန်ဒုံ ကျေး ရွာအတွင်း ရှိလယ်ယာ စိုက်ပျိုး ရေး လုပ်ငန်း သည်မြန်မာ နိုင်ငံအတွင်း အခြား ဒေသများ တွင်လုပ်ကိုင် သော လယ်ယာ စိုက်ပျိုး ရေး လုပ်ငန်း နှင့်ကွာဟခြင်း မ ရှိ ပေ။ အင်ဂျန်ဒုံ ကျေး ရွာ၏လယ် မြေ ဧရိယာ သည်( ၇၀၇ . ၂ ) ဧကကျယ်ဝန်း ရှိပြီး တ ဧကပျမ်း မျှအထွက်နှုန်း မှာ( ၆၅ ) တင်း ခန့်ဖြစ်သည်။ အင်ဂျန်ဒုံ ကျေး ရွာပိုင်လယ် မြေများ တွင် ကျေး ရွာ၏အ ရှေ့ ဖက်ဧရာဝတီမြစ်ကျိုး အင်း ကောတွင်း ၌( ၁၄၂ ) ဧက၊ မြောက်ဖက် ၌ ( ၁၃၇ ) ဧက၊ အနောက်ဖက်၌ ( ၁၀၀ . ၂ ) ဧကတို့ပါဝင်သည်။

အင်ဂျန်ဒုံ ကျေး ရွာ နေဂျိန် ဖေ့ဘူ့သည်ပျိုး ပင်များ ကိုမိမိ တို့အိမ်ခြံဝင်း အတွင်း ပျိုး ကြကြသည်ကို တွေ့ရသည်။ ထွန်ယက်စိုက်ပျိုး ပုံနှင့်ပတ်သက် ၍အ ရှေ့ဖက်ရှိအင်ဂျန်း ပါလယ်ကွင်း သည်မြစ်ကျိုး အင်း ကောဖြစ် သော ကြောင့် မြေသည် ပျော့အိတွန့်လျှစ်လျှက်ရှိပြီး လယ်ထွန် စက်ကိုအသုံး ပြု၍ မ ရ ပေ။ ထိုနည်း တူ ကျွဲ၊ နွား တို့ကိုလည်း အသုံး မပြုနိုင်ပဲလူအား ဖြင့်သာ ပေါက်ပြား ကိုအသုံး ပြု ၍ ထွန်ယက်ရသည်။ ၎င်း လယ်ကွက်သည်တခါတ ရံကျွဲ၊ နွား များ ပင်နစ်မြုပ်၍အသက် ဆုံး ရှုံး ရသည်များ ရှိခဲ့သည်။ ၎င်း ကွင်း တွင်စိုက်ပျိုး ရေး လုပ်ကိုင်သူများ သည်အလွန်ပင်ပန်း ကြသည်။ စိုက်ပျိုး ပြီး ပါကလည်း နှစ်စဉ်ရေဝတ်ဖြစ် ရေ ကြီး လာ သော အခါမြစ်ကျိုး အင်း တ လျောက် ရေစီး ဝင်လာပြီး စပါး ပင် များ နစ်မြုပ်ရသည်။ တခါတ ရံစိုက်ပျိုး ထား သော စပါး ပင်များ မျောပါသွား သည် လည်း ရှိတတ်သည်။ မြစ် ရေတက်လာပြီး ရက်အနည်း ငယ်နှင့်ပြန်ကျသွား ပါက အ ပျက်အစီး နည်း ပြီး ရက်အတန်ကြာသည်အထိ ရေမကျပဲ ရှိနေပါက စပါး ပင်အ တော် များ များ ပျက်စီး လေ့ရှိသည်။ ဤသည်ကိုနှစ်စဉ်ကြုံ တွေ့ရမြဲဖြစ်သည်။

မြောက်ဖက်ကွင်း နှင့်အ နောက်ဖက်ကွင်း တို့သည်ကား ရေ ချင်း ယူနိုင်သည့်ဆည် မြောင်းများ မ ရှိခြင်း ကြောင့်မိုး ရေရသည့်အထိမိုး ကို မျှော်၍ စိုက်ပျိုး ရသည်။ ရေအတွက်မိုး သည်သာ အား ထား ရာဖြစ်သည်။ တ ခါ တရံမိုး နည်း သော နှစ်၊ သို့မဟုတ်မိုး ဦး မိုး ခေါင် သော နှစ်များ ၌ စပါးပင်

များ မဖြစ်ထွန်း ပဲ ရှိတတ်ကြသည်။ ထွန်ယက်ရာတွင်လယ်ထွန်စက်ကိုလည်းကောင်း ကျွဲ၊ နွား များ ကိုလည်း ကောင်း အသုံး ပြုကြသည်။ လယ်ထွန်စက်များ ကိုတဝ်ကုန်း ကျေး ရွာသမဝါယမ မှတရက်လျှင် ( ၈၀၀ ) ကျပ် နှုန်း ဖြင့်ငှား ရမ်း နိုင်သည်။ အချို့ကပုဂ္ဂလိကငှား ရမ်း စား သူများ ထံမှငှား ရမ်း ကြသည်။ စိုက်ပျိုး ချိန်နှင့်ရိတ်သိမ်း ချိန်များ တွင်အခ နှုန်း ဖြင့်ငှား ရမ်း သည်လည်း ရှိသည် ။ အပြန်အလှန် ကောက်ကူလိုက်ကြသည်လည်း ရှိသည်။ အင်ဂျန်း ပါတွင်း သည်စိုက်ရုံး စရိတ်ပိုမိုကုန်ကျသည်ကို လေ့လာ တွေ့ရှိရသည်။ ၁၉၉၄ ခုနှစ်တွင်တ ယောက် အ တွက်တရက်စိုက်ပျိုး ခအဖြစ် ( ၁၀၀ ) ကျပ် ပေး ရပြီး နေ့လည်စာထမင်း ကျွေး ရသည်။ မြောက်ဖက်တွင်း နှင့်အနောက်ဖက်ထွင်း တို့တွင် ( ၈၀ ) ကျပ်မျှသာပေး ရသည်။ ရိတ်သိမ်း ရာတွင်မူတွင်း အား လုံး ဈေး နှုန်း တူပြီး တရက် ( ၈၀ ) ကျပ် ပေး ရသည်။ စိုက်ပျိုး ရိတ်သိမ်း ပေး ရသည့်အချိန်သည်နံနက် ( ၈း၀၀ ) နာရီ ခန့်မှည နေ ( ၅း ၀၀ ) နာရီခန့်အထိဖြစ်သည်။ အင်ဂျန်ခုံ ကျေး ရွာ နေ လယ် လုပ်သူဂျိန် ဖော့တို့၌တနှစ်လုံး အလွက်သူရင်း ငှား ထား သည်မျိုး မရှိပေ။

အင်ဂျန်ခုံ ကျေး ရွာ၏လယ်ယာစိုက်ပျိုး ရေး သည်လယ်လုပ် သူ တို့ပင်ဘနှစ်ပတ်လုံး အလွက်မလုံ လောက် ပေ။ တနှစ်ပတ်လုံး အလွက်လုံ လောက် သော် စပါး ကိုရရှိသည့်အိမ် ထောင်စုဟူ၍ မရှိ ပေ။ ထို့ပြင်အင်ဂျန်ခုံ ကျေး ရွာ နေ ဂျိန် ဖော့တို့သည်လယ်ယာစိုက်ပျိုး ရေး ကိုမကျွမ်း ကျင်လှ ပေ။ မျိုး ကြဲခြင်း တွင် လည်း ကောင်း ၊ ပျိုး နုတ်ခြင်း တွင်လည်း ကောင်း ၊ ရိတ်သိမ်း ခြင်း တွင်လည်း ကောင်း ၊ ကောက်ကိုင်း စည်း ခြင်း တွင်လည်း ကောင်း ကျွမ်း ကျင်မှုမရှိ ပဲ စနက်ကျမှုနည်း ပါး သည်ကို တွေ့ရသည်။ ကျွမ်း ကျင်မှုနည်း ပါး သော ကြောင့် သော် လည်း ကောင်း ၊ လယ် မြေအ ခြေအ နေ ကြောင့် သော်လည်း ကောင်း စပါး အ ထွက် တိုးမှုပင်နည်း စေကာ မူအင်ဂျန်ခုံ ကျေး ရွာအ နေဖြင့်နှစ်စဉ် နိုင်ငံတော် သို့စပါး တင်း ( ၁၀၈၀ ) ခန့် ရောင်း ချ ပေး မြဲဖြစ်သည်။ နိုင်ငံ တော် က လည်း နှစ်စဉ်စိုက်ပျိုး စရိတ် ချေး ငွေကိုတဧက ( ၃၀၀ ) ကျပ် နှုန်း ဖြင့် မ စိုက်ပျိုး မီကြိုတင်ထုတ် ချေး ပေး သည်။ စပါး ပေ ချိန်သို့မဟုတ်တနှစ်အတွင်း ငွေ ကြေး ပြေလည်ချိန်တွင်ပြန်လည် ပေး ဆပ် ရသည်။ အတိုး နှုန်း မှာတနှစ်လျှင် ငွေ ( ၁၀၀ ) ကျပ်အတွက် ၁၂ ကျပ်တိုး နှုန်း ဖြစ်သည်။ ၎င်း အပြင်နိုင်ငံ တော်မှဖြန့် ဖြူး ပေး သော ဓါတ် မြေဩဇာ နှင့်ပိုး သတ် ဆေး များ ကိုလည်း တဝ်ကုန်း ကျေး ရွာ သမဝါယမ မှတဆင့်အင်ဂျန်ခုံ ကျေး ရွာ နေလယ်ယာ စိုက်ပျိုး လုပ်ကိုင်သူများ ဝယ် ယူသုံး စွဲနိုင်ကြသည်။

အင်ဂျန်ခုံ ကျေး ရွာ နေလယ် မြေပိုင်ဆိုင်သူအိမ် ထောင်စု မှာ ( ၃၇၆ ) စု ရှိသည်။ မိမိတို့ပိုင်လယ်ယာကိုမိမိတို့ကိုယ်တိုင်စိုက်ပျိုး လုပ်ကိုင် ကြ ခြင်း ဖြစ်သည်။ မည်မျှပင်အထွက်နည်း စေကာမူ နိုင်ငံ တော်၏စိုက်ပျိုး ရေးလုပ် ငန်း ကိုအုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ပါဝင်ဖြည့်တင်း လျက်ရှိနေ ပေသည်။ အင် ဂျန်ခုံ ကျေး ရွာ၏စပါး အထွက်ပမာဏသည်အင်ဂျန်ခုံ ကျေး ရွာပါဝင်သော တဝ်ကုန်း ကျေး ရွာအုပ်စုတခုလုံး စပါး အထွက်ပမာဏ ( ၁၀.၅ ) ရာခိုင်နှုန်း

ရှိသည်။ မြစ်ကြီး နား မြို့နယ်၏ စပါး အထွက်ပမာဏ ( ၁၉၉၉ ခုနှစ်အတွက်) တင်း ပေါင်း (          )သည်ကချင်ပြည်နယ်တစ်ခုလုံး၏ အထွက်ပမာဏ၏ (          ) ရာခိုင်နှုန်း ဖြစ်သည်။ ကချင်ပြည်နယ်တစ်ခုလုံး တွင် လယ်ယာစိုက်ပျိုး ရေး ကိုအဓိကထား၍ မြေပြန့်ဒေသ၊ ဝိုင်း မော်၊ မြစ်ကြီး နား နှင့် ဗန်း မော်မြို့နယ်အတွင်း ဧရာဝတီမြစ်ဝှမ်း ဒေသ၊ ဟူး ကောင်း ချိုင့်ဝှမ်း ဒေသ၊ မိုး ကောင်း ၊ မိုး ညှင်း မြို့နယ်အတွင်း ရှိ မြေပြန့်ဒေသများ နှင့် အင်း တော်ကြီး ပတ်ဝန်း ကျင် ဒေသတို့တွင်အများ ဆုံး စိုက်ပျိုး လုပ်ကိုင်ကြသည်။ ကချင်ပြည်နယ်အတွင်း လယ်ယာစိုက်ပျိုး ရေး လုပ်ငန်း ကိုရှမ်း နှင့်ရှမ်း-ဗမာ လူမျိုး များ ကအများ ဆုံး လုပ်ကိုင်ပြီး လယ်ယာလုပ်ကိုင်သူ၏ ဦး ရေ အ လွန်နည်း သည်ကို တွေ့ရသည်။ ကချင်ပြည်နယ်မှ ထွက်ရှိ သော စပါး သည်ကချင် ပြည်နယ်လူဦး ရေအတွက်လုံ လောက်မှုမရှိသဖြင့်နှစ်စဉ်စစ်ကိုင်း တိုင်း မှတင် သွင်း နေရသည်။

တောင်ပေါ် ဒေသစိုက်ပျိုး ရေး

တောင်ပေါ် ဒေသစိုက်ပျိုး ရေး သည် မြေပြန့်ဒေသစိုက်ပျိုး ရေး နှင့်အလွန်ကွဲပြား ခြား နား သည်။ တောင်ပေါ် ဒေသစိုက်ပျိုးရေးမှာ နှစ်မျိုး နှစ်စား ရှိသည်။ လှေခါး ထစ် တောင်ယာစိုက်ပျိုး ရေး နှင့်မိုး ရာသီ တောင်ယာစိုက်ပျိုး ရေး တို့ဖြစ်သည်။ လှေခါး ထစ်စိုက်ပျိုး ရေး သည်နှစ်စဉ် စိုက်ပျိုး သော မြေယာမှ ပြောင်း ရွှေ့စိုက်ပျိုး ရန်မလိုပဲလယ် မြေကဲ့သို့ပင် တ နေရာတည်း ၌နှစ်စဉ်စိုက်ပျိုး သွား နိုင်သည်။ မြေဩဇာအခြေအနေကိုကြည့် ၍သီး နှံများ ကို ပြောင်း လဲစိုက်ပျိုး နိုင်သည်။ မိုး ရာသီစိုက်ပျိုး ရေးလုပ်ငန်း ပြီး တွင်သီး ထပ်စိုက်ပျိုး ရေး ကိုလုပ်ကိုင် နိုင်သည်။ ကချင်ပြည်နယ်တွင်တရုတ် -မြန်မာ နယ်စပ်တ လျှောက်ရှိ ဗန်း မော်၊ ဆဒုံး ၊ လော ခေါင်နှင့်ချီဖွေ မြို့နယ်များ တွင်သာအများ ဆုံး စိုက်ပျိုး ကြသည်။ လှေခါး ထစ်စိုက်ပျိုး ရေး ကို မြစ်ကြီး နား မြို့နယ်တွင်မတွေ့ရပေ။ အင်ဂျန်ချုံ ကျေး ရွာ နေရှိန် ဖော့ တို့ သည်မိုး ရာသီ တောင်ယာလုပ်ငန်း ကိုသာလုပ်ကိုင်ကြသည်။

မိုး ရာသီ တောင်ယာစိုက်ပျိုး ရေး

မိုး ရာသီ တောင်ယာစိုက်ပျိုး ရေး ၏ထူး ခြား ချက် မှာ စိုက်ပျိုး ရေး ကိုတ နေရာထဲတွင်နှစ်စဉ်မစိုက်ပျိုး နိုင်ပဲတနှစ်တခါပြောင်း ရွှေ့စိုက်ရခြင်း ၊ မစိုက်ပျိုး မီ တောသစ်ပင်ကြီး များ ကိုခုတ်ထွင်မီး ရှို့ပြီး မှ စိုက်ပျိုး ရခြင်း ၊ တောင်ယာ မြေကွက်တွင်ဆန်စပါး ၊ ပြောင်း ၊ ပဲ၊ နှမ်း၊ ပိန်း ဥ၊ မြောက်ဥ နှင့်အခြား ဟင်း သီး ဟင်း ရွက်များ ကိုပါ ကောက်ပဲသီး နှံနှင့်တချိန်တည်း ရောမွှေ စိုက်ပျိုး ခြင်း နှင့် တောင်ယာ မြေကိုထွန်ယက် ရန်အတွက်ထွန်၊ နွား ၊ ထွန်တုံး ၊ ထွန်စက်စ သော လယ်ထွန်ကိရိယာများ အသုံး ပြု ရန်မလိုခြင်း တို့ဖြစ်သည်။

ရှေး ခေတ် တောင် ပေါ် ဒေသကျင်ခူး မကြွယ်ထွင် နေထိုင်စဉ်က ပင်ဂျိန် ဖေါ့တို့သည် မထုံမထာ နတ်မင်း မှ ပေး လိုက်သည်ဟုယုံကြည် ထား သော စပါး ကို တ ရွိတ သော စိုက်ပျိုး လာကြရာ ပြက္ခဒိန်တူ၍လည်း မရှိပဲ အချိန်ရာသီ ထိုငှက် အော်သံဖြင့်မှတ်သား ပြီး စိုက်ပျိုး ကြသည်။ ယနေ့ထက်တိုင် အောင် ပင် ဝေး လံ ခေါင်သီလှ သော တောင် ပေါ် ဒေသအချို့တွင် ငှက် အော်မြည်သံကို နား ထောင်ကာ စိုက်ပျိုး ရေး ကိုပြုလုပ်ကြသည်။ တောင်ယာလုပ်ငန်း သည်ရာသီ ဥတု နှင့်ကိုက်ညီ ရန်အ ရေး ကြီး လှသည်ဖြစ် ရာ ငှက် အော်မြည်သံဖြင့်ရာသီဥတုကို မှတ် သား ထား ကြသည်။

ဂျိန် ဖေါ့ဘာသာစကား ဖြင့် ရှနန်ဂမ် [1] ဟု ခေါ် သော လင်း မြီး ညှို ငှက်သည်အချိန်ရာသီကိုလိုက်၍အသံ ပြောင်း ကာ အော် မြည် သည်။ မေ ဖေဘော်ဝါရီလဆန်း လောက်တွင်ချုံပုတ်ကြား မှ "ဖနံဘိုင်း – ဖနံဘိုင်း" ဟု အော်မြည် သော အခါ ဂျိန် ဖေါ့တို့သည် တောင်ယာလုပ်ငန်း ကိုစတင် ဆောင် ရွက်ကြသည်။ အင်ဖနံဘိုင်း [2] ငှက် အော်မြည်ပြီ၊ တောင်ယာလုပ်ငန်းစချိန် တိုင်ပြီဟုမှတ်ယူကာ တောင် စောင်း များ ပေါ်တွင် ပေါက် နေ သော ချုံနွယ် ၊ ဖက် ပေါင်း ၊ သစ်ပင်ကြီး ငယ်တို့ကိုစတင်ရှင်း လင်း ကြသည်။ ၎င်း နောက်မတ် လအလယ်ပိုင်း တွင် ခင်ဂျတ် – ခင်ဂျတ် [3] ဟု သော ငှက် အော်သံကြား ပါက တောင် ယာ ခုတ်ခြင်း လုပ်ငန်း ကိုအပြီး သတ်ကြ လေသည်။ ဧပြီလကုန်ပိုင်း တောင်ယာ မီး ရှို့သည့်အချိန်တွင် ၎င်း ရှနန်း ဂမ်ငှက်သည်အသံတမျိုး ဖြင့် အော်ပြန် သည်။ ငှက် အော်သံကြား သည်နှင့်တပြိုင်နက်အသင့်ခုတ်ထား သော မြေကွက်ကို မီး ရှို့ကြ တော့သည်။ မေလဆန်း ပိုင်း လောက်တွင်၎င်း ငှက်ကပင် ကန်းဂန် – ကန်း ဂေါ့ [4] ဟု အော်မြည်ပြန်သည်။ ထိုအခါရုံး ထိုး ၍ စပါး စိုက်ခြင်း အမှုကို ပြုကြသည်။ ဇူလိုင်လတွင်မူ ပုဂ်ဒမ် [5] အမည်ရှိငှက်တမျိုး အော်မြည် သော အခါ ပေါင်း ပင်များ ကိုရှင်း လင်း နှုတ်ယူခြင်း ပြုကြသည်။ ၎င်း နောက် ကောက်တိုဘာလတွင်စပါး များ မှည့်ဝင်း လာ သော အခါရိတ်သိမ်း ကြသည်။

ရှေး ကနတ်ကြီး လွယ်သူ ဂျိန် ဖေါ့တို့ တောင်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် ရှိန်ရာယီ ခေါင် [6] ခေါ် စိုက်မည့်နေရာတခုကို ရွေး ချယ် ကြသည်။ ၎င်း မြေ နေ ရာ ရွေး ချယ်ပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။ တ်မြေ ကွက် စည်း ပင်ကိုအရှည်တထွာခန့်ဖြတ်ယူပြီး နှစ် ဖက်စလုံး ကိုဖြတ် ရသည်။ ၎င်း တုတ် တံကိုမိဖတို့စိုက်ပျိုး မည်ဟုလျာထား သော နေရာမှ မြေကြီး တွင်ထိုး ကာ မြေကြီး လုံး နေသည့်၎င်း တုတ်တံကိုရှာသို့ယူပြီး နံနံ ဝေါ်ဒီဝါ ခေါ် နတ် ဟောဆရာ ကို သွား ရောက်ပြသ ရသည်။ နတ် ဟောဆရာမှ ရှာဘော့လဝ် ခေါ် ဖက်ထုံး ရွက်ဖြင့် အ ကောင်း အဆိုး ကို ဟောကိန်း ထုတ် လေသည်။ ဟောရာတွင်ဥ ထုတ်၌ ကဝ် ပါ

---

၁။ Shanan Gam

၂။ Nhpyeng bai

၃။ Hkyen jat-hkyen jat

၄။ Kang gang kang gawt

၅။ Puk dum

၆။ Shingra yihkawng

လာသော မြေကြီး ရှိသည့် နေရာ၌ တောင်ယာလုပ်ငန်း လုပ်ကိုင်ပါက အသက်
အန္တရာယ်ရှိ၊ မရှိကိုလည်း ကောင်း ၊ ပေါ်း အထွက်နှုန်း ကောင်းမ ကောင်း
ကို လည်းကောင်း တော ပေသည်။ အကယ်၍ မ ကောင်း ဟုဆိုပါက နောက်ထပ်
မြေနေရာကို ထိုနည်း အတိုင်း သတ်ရှာကြ ပေသည်။ အကယ်၍ ကောင်း သည် ဟု
အဖြေထွက်ပါက နံနံ ပေါ်ပြီး ပေါ်သည့် မြေ နေရာကို တောင်ယာလုပ်ကိုင်ရန် အ
တည်ပြုပေး လေသည်။ ကျေး ရွာ နေ ရွာသား အား လုံးက ထိုမြေကွက်နှင့်ဆက်ကာ
ဆက်ကာ အသီး သီး ခုတ်ထွင်ရှင်း လင်း စိုက်ပျိုး ကြသည်။ ကျေး ရွာတစ်ရွာ လုံး
အတွက် မြေနေရာကိုတစ်ခါတည်း ရွေး ချယ်ခြင်းဖြစ်သည်။

တောင်ယာ ခုတ်ထွင်ရာ ထွင်စု ပေါင်း လုပ်အား ဖြင့် ခုတ်
ထွင်ကြသည်။ ပထမဦး စွာ ခုဒါ ဒေါ်နယ် မြေပိုင်သူ မဟုတ်အရှင်ဒါ ဒေါ်သူကြီး ၏
တောင်ယာ ထွက်ကိုခုတ်ထွင်ခြင်း ဖြင့် တောင်ယာလုပ်ငန်း ကိုစတင်သည်။ ခုဒါ
မရှိသော ဒေသတွင် နံနံ ပေါ်ပီ ပါသော မြေ ခုတ်ပရခုတ်ထွင်စိုက်ပျိုး ရသည်။
ခုတ်ထွင်ရှင်း လင်း ရာတွင်ပထမဦး ဆုံး အရွယ် သမီး များ က တောင်ပေါင်း
များ တွင် ပေါက် နေသည့်သစ်ပင်ကြီး များ ကို အောက် ခြေကိုရှင်း ကြသည်။ ခြုံ
ပင်၊ နွယ်ပင်များ ကိုရှင်း ပြီး သည့်နောက်အမျိုး သား များ က ပေါက်အိန်
များ ဖြင့်အမျိုး သမီး များ ရှင်းလှပ်ထား သည့်အပင်ကြီး များ ကိုခုတ်လှဲကြသည်။
ဤသို့ခုတ်ထွင် လှဲချ ရာတွင်သစ်ပင်အား လုံးကို အမြစ် မှ ခုတ်ထွင် ရှင်း လင်း ရ
သည်မဟုတ် ပဲအချို့ကို မြေပြင်မှ ၄ ပေ – ၅ ပေခန့်ချန်ထား ကာ ခုတ်လှဲကြသည်။
အကိုင်းအခက်များ ကိုမီးမြို့တယ်နိုင်သ လောက် တောက်ရှင်း လင်း ကာ ထော
ခန့် နေလှမ်း အခြောက်ခံထား ရသည်။ ပြီး လျှင် တောင်ယာတစ်ခုလုံး ကိုမီးလ
လင် တောက်တွင်မီး ရှို့ကြသည်။ ညမီး ရှို့ကို သော အခါခုတ်လှဲ ထား ၍ သာ
သင့်ပိုင်း သစ်ခက်များ သာမက မြေပြင်တွင် ပေါက် နေ သောမြက်ပင်များ အပါ
လုံး ရှင်း လင်း သွား သောအခါ 'ယိဝါ'(၁) ခေါ် တောင်ယာ ခင်းကို ဆောက်လုပ်
ကြသည်။ ၄င်း နောက်၄တ် သော်မြည်သံကိုနား ထောင်ကာ မြေယာ ပေါ်တွင် မေ
လ ပထမပတ်နှင့်ဒုတိယပတ် အတွင်း မိုး တစ် ကြိမ်နှစ်ကြိမ်ကျလာသည်နှင့်တပြိုင်
နက်ဝပါး ကိုစတင်စိုက်ပျိုး ကြသည်။

စိုက်ပျိုးရာ ထွင်စူး တုံး စိုက်ပျိုး နည်း ကိုအသုံး ပြုကြသည် ။
လက်တဖက်က မြေကြီး ထွင်ဘူ ရှင်း ငယ်က လေး ဖြင့်ကျင်း ကိုယက်ခြင်းအားဖြင့်
လည်းကော င်း သို့မဟုတ်တဖက်တွင်ချန်ထား သောတုတ်ဖြင့်မြေကိုထွင်၍ လည်း
ကောင်း ၊ အခြား လက် တဖက်ကကျင်း ထဲသို့မျိုး စေ့၁၀ စေ့မှအစေ့ ၂၀ ခန့်
အထိစေ့နှံ မှန်း ၍ထည့်ပြီး တူရွင်း ကိုင်ထား သောလက်ဖြင့်လည်း ကောင်း ၊ခြေ
ထောက် ဖြင့်လည်း ကောင်း အစေ့များ ကို မြေဖြင့်ပြန် ဖုံး သည်။ ပေါင်း ရှင်း
လွယ်ကူစေရန်နှင့် စပါးပင် များ ကြား တွင်အခြား အသီး အပင်များစိုက်ပျိုး
နိုင်ရန် အထွက်တကျင်းနှင့်တကျင်းအကွာကျော်ကျော် ခွာ၍ စိုက်သည်။

---

တောင်ယာစိုက်ပျိုး ရေး သည်စပါး နှင့်တကွအခြား သောသီး နှံများ ကိုပါ ရောပြွမ်း စိုက်ပျိုး နိုင် သော ကြောင့်စပါး စိုက်ပျိုး ပြီး နောက်ကျွင်း ကျန် သော မြေကွက်လပ်များ တွင် ပြောင်း ၊ နှမ်း ၊ ပိန်း ဥစသည်တို့ကိုဆက်လက် စိုက်ပျိုး သည်။ ထို့နောက်သီး ညှပ်အဖြစ်စပါး ပင်၊ ပြောင်း ပင်များ ကြား တွင်သခွား ၊ ငရုတ်၊ ခရမ်း ၊ ကျောက်ဖရုံ၊ ရွှေဖရုံ၊ မုန်ညင်း စ သောတင်း သီး တင်း ရွက်များ ကိုလည်း စိုက်ပျိုး သည်။ ၎င်း တင်း သီး တင်း ရွက်နှယ် ပင် များ သည် တောင်ယာခုတ်စဉ်က လေး၊ ငါး ပေချန်ခဲ့သောသစ်ငုတ်များတို့နှင့် ယှက်တက်သွား ကြသည်။ တောင်ယာထွက်သီး နှံများ ကိုဇူလိုင်လ လောက်တွင်စတင်စား သုံး ရသည်။ ပြောင်း ဖူး ၊ ကောက်လျင်၊ ပဲ တောင့်၊ သခွား ၊ ခရမ်း ၊ ငရုတ် ဖူး ၊ ဖရုံစသည်တို့ဆင့်ကဲ ပေါ်ထွက်လာကြသည်။ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ ၊ အောက်တိုဘာလများ တွင် နေ့စဉ်နီးနီးမှာ နေတိုင်း တောင်ယာ ပေါင်း ရှင်း ရသည်။ ညဖက်တွင်လည်း တောတိရစ္ဆာန်များ ၏အန္တရာယ်ကိုကာကွယ်ထိန်းသိမ်း ကြရသည်။ စပါး မှည့်ချိန်တွင်ဝါး ဖြင့်စီမံထား သော ဝါးဖေါက် [1]၊ ဝါးလေါက် [2]၊ ဝါးခွ [3] တို့သည်ဝါး လက်ခုတ်ကဲ့သို့ သောအသံများ ကို တောင်ယာခင်းအနှံ့ အမြင့်တွင်တပ်ဆင်ထား ပြီး ကြိုးကြိုး ၊ နှီး ကြိုး များ ဖြင့်ဆွဲခြင်း ဖြင့်အသံမြည် စေကာ တောတိရစ္ဆာန်တို့ကို ခြောက်လှန့်ကြသည်။ အချို့သူတို့က တောင်ယာအနီး ရှိ ချောင်း ရေကိုအသုံး ပြု၍ တရိယာကိုအသံမြည်အောင်ပြုလုပ်ထား စေကာ ခြောက်လှန့် ကြသည်။

တောင်ယာတခင်း လုံး ရှိစပါး များ မှည့်ပါကနှစ်လက်မ ခွဲ ခန့်ရှိ သော ဓါး မြှောင်ဖြင့်စပါး နှံကိုသာဖြတ်ယူကြသည်။ မြေပြန့်လယ်ယာစိုက် ပျိုး ရေး တွင်ကဲ့သို့အရင်း မှဖြတ်ကာ ကောက်ရိုး ယူကြခြင်း မရှိပေ။ စပါးရိတ် သူအမျိုး သား ၊ အမျိုး သမီး တိုင်း နောက်လွယ်ခြင်း ခေါင်း ပေါင်း တွင်ချိတ် လွယ်ထား သောခြင်းကိုယ်စီလွယ်ကာစပါးနှံများကိုခြင်းထဲတွင်ထည့်သည်။ တစ် ယောက် သောသူတပိုင်ကြီး မား သော နောက်လွယ်ခြင်း ကြီး ဖြင့်အခြား သူများ ရိတ် ထည့်ထား သော စပါး နှံများ ကိုလိုက်လံစုယူသည်။ ပြီး လျှင် ၎င်း က တောင်ယာ တဲတွင်သွား ၍စုပုံထား သည်။ ရိတ်သိမ်း ၍ပြီး စီး သွား ပါကအမျိုး သား ၊ အမျိုး သမီး အား လုံး တ ပျော်တပါး သီး ချင်း သီဆိုကြရင်း ဖိနပ်မစီး ပဲ ခြေ ဖဝါး သက်သက်ဖြင့်စပါး နယ်ကြသည်။ ၎င်း နောက်ပါး လုံး နှစ်ခုအား လှေကား သဏ္ဍာန်ပြုလုပ်၍ တောင်ကား သည့်အပေါ်သို့နယ်ပြီး သောစပါး များ ကို နောက် လွယ်ခြင်း ဖြင့်ယူတက်သွား ပြီး တဖြေး ဖြေး အောက်သို့သွန်ချသည်။ အောက်တွင် လူ ၃ – ၄ – ယောက်တို့ကအဆန် တောများ ဖြင့်စပါး မှုင်း ၊ အခွံနှင့်အမှုန့်၊ အမှိုက် များ ကိုယပ်ထုတ်ကြသည်။ အမှိုက်သ ရိုက်ကင်း စင်သန့်ပြန့်သွား သော စပါး များ ကို နောက်လွယ်ခြင်း များ ဖြင့် တောင်ယာမှ ကျေး ရွာ ရှိအိမ်များ သို့တ ပျော် တပါး သယ်ယူကြသည်။ ထိုသို့သယ်ယူရာတွင်ပထမဦး ဆုံး အိမ် တောင်စုရှိအမျိုးသမီး

၁။ Wa Hpawk

၂။ Wa Lawk

၃။ Wa Hkswi

ကြီး တဦး မှ နေ့ခက်လွယ်ခြင်း ကြီး တွင် စပါး များ အပြည့်အလျှံ ထည့်ပြီး မနိုင့်တနိုင် လွယ်ပိုး ကာ ရွာသို့ သယ်လာ ရသည်။ နတ်တို့ ပေး ထား သော စပါး ကို တပို့တသော အား ကြီး မာန်တက် ထိန်း သိမ်း ပါကြောင်း နတ်တို့အား ပြသခြင်း ဖြစ်သည်။ ၎င်း နေ့ခက်လွယ်ခြင်းမှ အခြား သူများ က မိမိတို့ နိုင်သလောက် တော်သင့်ရုံ သယ်ဆောင်ကြ၍ စပါး ပုတ်များ တွင် ထည့်သွင်း သိုလှောင်ထား ကြသည်။ တောင်ယာ လုပ်ငန်း တွင် ခုတ်ထွင် ရှင်း လင်း ခြင်း ၊ စိုက်ပျိုး ခြင်း ၊ ပေါင်း သင်ခြင်း ၊ ရိတ်သိမ်း ခြင်း ၊ စပါး နယ်ခြင်း စသည်တို့ကို စု ပေါင်း လုပ်အား ဖြင့် ဆောင်ရွက်ကြပြီး တောင်ယာ ထွက်ပိုင်ရှင်က လာ ရောက်လုပ်အား ပေး သော ရွာသူ ရွာသား များ အား ထမင်း ၊ အရက်၊ ခေါင်ရည်တို့ဖြင့် ကျွေးမွေး ရသည်။ တောင်ယာလုပ်ငန်း ပြီး ဆုံး သွား သော အခါတိုင်း တောင်စု တိုင်း က ဆွေမျိုး မိတ်သင်္ဂဟ များ ကို ဖိတ်ကြား ကာ ကောက်သစ်စား ပွဲကို တပျော်တပါး ကျင်း ပကြသည်။

တောင်ယာမှ ထွက် သော ကောက်ပဲသီး နှံများ သည် တောင်ယာလုပ် ကိုင်သူ ဂျိန်ဖော့တို့၏ ဝမ်း စာ ဖူလုံ ရုံမျှသာ ဖြစ်သည်။ သို့သော် တောင်ယာ စိုက်ပျိုး ရေး သည် ဂျိန်ဖော့တို့ အဆက်ဆက် လုပ်ကိုင်လာခဲ့သော ကိုယ်ပိုင် စိုက်ပျိုး ရေး ဖြစ်သည့် ကြောင့်လည်း ကောင်း ၊ ဂျိန်ဖော့တို့ နေထိုင်ရာ ပတ်ဝန်းကျင် ဒေသတွင် တောတောင်များ ပေါ်များ သည့် ကြောင့်လည်း ကောင်း ယနေ့ ထက်တိုင် တောင်ယာ စိုက်ပျိုး ရေး ကို မစွန့်လွှတ် နိုင်ကြ သေး ပေ။ ဆင်ခြေ ဖုံး ကျေး ရွာများ နေ ဂျိန်ဖော့ အတော်များ များ နှင့် တောင် ပေါ် ဒေသနေ ဂျိန်ဖော့တို့အား လုံး တောင်ယာ လုပ်ငန်း ကို သာ တစိုက်မတ်မတ် လုပ်ဆောင် ရွက်ကြသည်။

၁၉၉၄ - ခုနှစ်တွင် အင်ဂျန်ဒွဲ ကျေး ရွာ၌ တောင်ယာလုပ်ကိုင် သူအိမ် ထောင်စု ပေါင်း ( ၃၂ ) စု ရှိသည်။ ၎င်း တို့သည် မြစ်ကြီး နား မြို့၏ တဖက်ကမ်း ရှိ တောင် ပေါ် များ ၌ လည်း ကောင်း ၊ မြစ်ကြီး နား မြို့၏ မြောက်ဖက် ၁၀ မိုင်၊ ၁၅ - မိုင်ခန့် အကွာတွင် ရှိသော တောင်များ ၌ လည်း ကောင်း ခုတ်ထွင် စိုက်ပျိုး ကြသည်။ တဧကလျှင် စပါး တင်း ၄၀ မှ ၆၀ ခန့် အထိ ထွက် လေ့ ရှိသည်။ ကြွက်နှင့် ငှက်ကလေး ၊ ကျေး ငှက်တို့ ဖျက်ဆီးခြင်း မခံရပါက တင်း ၇၀ ခန့် အထိ ထွက်တတ်သည်ဆို၏။ အင်ဂျန်ဒွဲ ကျေး ရွာ နေ တောင်ယာလုပ်ကိုင်သူတို့သည် နိုင်ငံ တော်အစိုး ရထံသို့ တပ်ကုန်း ကျေး ရွာသမဝါယမမှ တဆင့် တနှစ်လျှင် စပါး တင်း ( ၃၂၀ ) ရောင်း ချ ပေး ရသည်။ တောင်ယာ ထွက် ကောက်ပဲသီး နှံ များ မှာ ဆန်စပါး ၊ နှမ်း ၊ ပြောင်း ဖူး ၊ ပိန်း ဥ၊ မြောက်ဥ၊ ဂျင်း ၊ ပန်း ဥ ကြက်သွန်ဖြူ၊ ပဲသီး ၊ ခဝဲသီး ၊ ဗုံလုံသီး ၊ ရွှေဖရုံ၊ ကျောက်ဖရုံသီး ၊ ငရုတ်သီး စသည်တို့ဖြစ်သည်။

အင်ဂျန်ဒွဲ ကျေး ရွာ နေ ဂျိန်ဖော့တို့၏ တောင်ယာ ခုတ်ထွင် ရှင်း လင်း ခြင်း ၊ စိုက်ပျိုး ခြင်း ၊ ရိတ်သိမ်း ခြင်း တို့ကို လုပ်ကိုင်ပုံသည် ရှေး ယခင် နတ်ကိုး ကွယ်စဉ်က အတိုင်း ပင်ဖြစ်သည်။ စိုက်ပျိုး ရန် မြေ နေရာ ထွက်ရွေး ချယ်ပုံ နှင့် စပါး များ သယ်ယူ ရာ တွင် သာ ကွာတမှု ရှိသည်။ တောင်ယာ ထွက်တထွက်

သည်တနှစ်စိုက်ပျိုးပြီးပါက မြေဆီမြေနှစ်များ ကုန်ခမ်းသွားသည်ဖြစ်၍ ၁၀နှစ်ခန့်အနားပေးပြီး မှသာတကြိမ်ပြန်စိုက်နိုင်သည်။ လူဦးရေများပြားလာသည်နှင့်အမျှ သစ်တောများ ပြုန်းတီးလာပြီး တောင်ယာလုပ်ကိုင်မြေကွက်လည်း နည်းပါးလာသည်။ သို့ဖြစ်ပေရာ တောင်ယာလုပ်ကိုင်ဖြစ်ထွန်းမည့်မြေနေရာ ရှာရေးသည်အခက်အခဲဖြစ်လာသည်။ မြေကွက်ရွေးရာတွင်စိုက်ပျိုးမည့်သူသည် လုံလောက်သောနှစ်အရေအတွက်အနားရထားသော မြေကွက်ဖြစ်ရန်နှင့်ကွက် ရှိလာသော ကောက်ပဲသီးနှံများကိုအလွယ်တကူမီမီအိမ်သို့သယ်ဆောင်နိုင်ရေး အကွက်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်ကိုအဓိကထား ရွေးချယ်ကြသည်။ အင်ဂျန်ခွံကျေးရွာနေရိုန်ဖောင့်တို့သည်ခရစ်ယာန်ဘာသာဝင်များဖြစ်၍ ကောက်ပဲသီးနှံများ သယ်ယူရာတွင်လည်း နတ်တို့အား မနိုင်တနိုင်သယ်ပြုခြင်းမျိုး မပြုတော့ပေ။ တောင်ယာလုပ်ငန်းပြီးစီးသောအခါအိမ်နီးနားချင်း ဆွေမျိုး မိတ်သင်္ဂဟတို့ကိုဖိတ်ခေါ်ပြီး သင်းအုပ်ဆရာသို့မဟုတ်သင်းထောက်ဆရာ သို့မဟုတ်ဓမ္မဆရာတယောက်ယောက်ကိုပင့်ဖိတ်ကာဘုရားသခင်၏ဂုဏ်ကျေးဇူး တော်ချီး မွမ်းခြင်း၊ ဆုတောင်းခြင်းတို့ဖြင့်ကောက်သစ်စားပွဲကိုကျင်းပကြလေသည်။

တောင်ယာစိုက်ပျိုးရေးလုပ်ငန်းသည်လယ်ယာစိုက်ပျိုးရေး လုပ်ငန်းထက်များစွာပိုမို၍ပင်ပန်းသောလုပ်ငန်းဖြစ်သည်။ တောင်ယာခုတ်ရှင်းသည့်အချိန်မှစ၍ရိတ်သိမ်းသည်အထိနားရသည်ဟူ၍မရှိပဲအစဉ်ဂရုတစိုက်လုပ်ကိုင်နေရသည်။ တနေရာတည်းမှာပင်းသီး တင်းရက်နှင့်ကောက်ပဲသီးနှံမျိုးစုံကိုရသော်လည်း အချိန်ပြည့်တောတိရစ္ဆာန်များကိုခြောက်လှန့်၊ မောင်းနှင်နေရခြင်း၊ မြက်ပေါင်းသင်နေရခြင်းတို့ကိုပြုနေရသည်။ ရိတ်သိမ်းပြီးပါကလည်း အင်ဂျန်ခွံကျေးရွာအရောက်သယ်လာရသောခရီးသည် တောင်တက်တောင်ဆင်း တတန်၊ ရေတတန်၊ လှည်းတတန်၊ ကားတတတန် စသည်ဖြင့်ခက်ခဲလှသည်။ တောင်ယာလုပ်ငန်းမှတနှစ်စာအတွက်ဖူလုံသောဝမ်းစာကိုလည်း မရရှိကြပေ။ ရွှေတူး၊ ကျောက်တူးခြင်းဖြင့်လိုအပ်သောဝမ်းစာအတွက်ထပ်၍လုံးပမ်းရပေသည်။ မည်သို့ပင်ဖြစ်စေအင်ဂျန်ခွံကျေးရွာ နေရိုန်ဖောင့်အချို့ကား တောင်ယာလုပ်ငန်းကိုခုံခုံမင်မင်လုပ်ကိုင်ကြသဖြစ်သည်။

အထူးသဖြင့်တောင်ယာလုပ်ကိုင်သူအများစုသည်လယ်ယာမရှိသူများဖြစ်ကြသည်။ အင်ဂျန်ခွံကျေးရွာရှိလယ်တဧက၏ကာလပေါက်ဈေးမှာ ကျပ်( ၁၀၀၀၀၀ )ခန့်ရှိသည်ဖြစ်ရာလယ်ပိုင်မဝယ်နိုင်သူများက တောင်ယာလုပ်ကိုင်ကြသည်။ အချို့လယ်ယာရှိသူများ လည်း တောင်ယာကိုလုပ်ကိုင်ကြသည်ကိုတွေ့ရသည်။ ၎င်းသည်မှာမိမိလုပ်ကိုင်လိုသောနှစ်တွင်မှလုပ်ကိုင်၍ရသည်ကတကြောင်း၊ မိမိမလုပ်ကိုင်ပဲနေပါကလည်း အထက်မှအခမဲ့စေခိုင်းခြင်း မရှိသည်ကတကြောင်းကြောင့်ဖြစ်သည်။ နိုင်ငံတော်အစိုးရကမူ တောင်ယာလုပ်ကိုင်ခြင်းကိုမနှစ်သက်ပေ။ တောင်ယာစိုက်ပျိုးရေးကြောင့်တောင်ပေါ်ဒေသသစ်တောများ အလွန်ပြုန်းတီးရပေသည်။ ထို့ကြောင့်တောင်ယာစိုက်ပျိုးရေးအစားလှေခါး

ထစ်စိုက်ပျိုးရေး ကို ပြောင်းလဲလုပ်ကိုင်စေလိုသည်။ သို့သော် အင်ဂျန်ဒုံ ကျေးရွာ နေဂျိန်ဖေ့ အချို့ကား ဘိုးဘွား စဉ်ဆက်ဆက်ကလုပ်ကိုင်လာခဲ့ကြသည့် တောင်ယာလုပ်ငန်း ကိုလုပ်ကိုင်မြဲဖြစ်သည်။ နိုင်ငံတော်၏ ရိက္ခာကိုလည်း မိမိတို့တတ်နိုင်သရွေ့ ကူညီဖြည့်တင်း လျက်ရှိပေသည်။

## ဥယျာဉ်ခြံစိုက်ပျိုး ရေး

အင်ဂျန်ဒုံ ကျေး ရွာ နေဂျိန် ဖေ့တိုင်း ရင်း သား တို့ သည် ဥယျာဉ်ခြံလုပ်ငန်း ကိုမိသား စု စား သုံး ရန်အတွက်အိမ် နောက် ဖေး တွင် ရေး နိုင်သည်သည့်သဘောဖြင့်မိမိတို့၏အိမ်ပတ်ဝန်း ကျင်တွင်သီး နှံပင်အမျိုး မျိုး ကို စိုက်ပျိုး ကြသည်။ ၎င်း တို့၏အိမ်ခြံဝင်း များ သည်အနည်း ဆုံး ဧကဝက်ခန့်ရှိသည် ဖြစ်ရာအိမ်ပတ်ပတ်လည် မြေကွက်များ တွင် "အင်ဘား ဆွန်း" ခေါ်အိမ်ဥယျာဉ် ခြံပြုလုပ်၍ သစ်သီး ဝလံပင်များ ၊ ပန်း ပင်များ နှင့်ဟင်း သီး ဟင်း ရွက်ပင် များ ကိုစိုက်ပျိုး ကြသည်။

ရှေး ခေတ် တောင် ပေါ် ဒေသ နေဂျိန် ဖေ့တို့သည်အိမ် ဥယျာဉ်စိုက်ပျိုး လေ့မရှိကြ ပေ။ ကြက်၊ ဝက်၊ ကျွဲ၊ နွား တို့ကို မွေး မြူ၍အိမ်ပတ်ဝန်း ကျင်၌လွှတ်ထား သည်ဖြစ်ရာ စိုက်ပျိုး၍ လည်း မဖြစ်နိုင် ပေ။ ထို့ကြောင့်ဟင်း သီး ဟင်း ရွက်များ ကို တောင်ယာတွင်သာ စိုက်ပျိုး ကြသည်။ အင်ဂျန်ဒုံ ကျေး ရွာ နေဂျိန် ဖေ့အိမ် ထောင်စုတိုင်း ကမူအိမ်ခြံဥယျာဉ်ကိုယ်စီ ရှိကြပြီး ပန်း မာလ် သီး နှံမျိုး စုံကိုစိုက်ပျိုးကြသည်။ စိုက်ပျိုး သော ပန်း မာလ်များ မှာ နှင်း ပန်း၊ ဒေဝီပန်း ၊ စပယ်ပန်း ၊ သဇ္ဇာပန်း ၊ စော်မွှား ပန်း ၊ ခတ္တာပန်း ၊ တုံ့ကော်ပန်း စသည်တို့ဖြစ်သည်။ အများ အား ဖြင့် ဒေဝီပန်း ကိုအစိုက်များ သည်။ ပန်း မာလ်များ စိုက်ပျိုး ခြင်း သည်ဥယျာဉ်ခြံလှပ စေ ရန်၊ အိမ်တွင်း အလှပန်း အိုး ထိုး ရန်၊ ဘုရား ပူဇော်ရန် ( ရိုမင်ကက်သလစ်ခရစ်ယာန်များ ) အတွက် သာ ရည်ရွယ်၍စိုက်သည်ကများ သည်။ စီး ပွား ဖြစ်များ များ စား စား စိုက် ပျိုး ခြင်း မျိုး မရှိလှ ပေ။ အချို့သူတို့ကအပိုဝင်ငွေရရှိရေး အတွက် ဈေး တွင်ရောင်း ချကြသည်များ လည်း ရှိသည်။

သစ်သီး ဝလံနှင့်ဟင်း သီး ဟင်း ရွက်များ ကိုမူစား သုံး ရန် အတွက်သာမက ရောင်း ချရန်အထိရည်ရွယ်ကာ စိုက်ပျိုး ကြသည်။ သီး ပင်တပင် မှ ထွက်ရှိသော သစ်သီး သစ်နှံများ သည်မိသား စု စား သုံး ရန်အပြင်ပိုလျှံ သော ကြောင့် ရောင်း ချကြသည်။ သို့သော်ဝမ်း စာ အထွက်နှုန်းလုံ့သည်အထိကား မရ ကြ ပေ။ မိသား စု အတွက်အပိုဝင်ငွေရရှိရုံသာဖြစ်သည်။ စိုက်ပျိုး ကြ သော သီး နှံ များ မှာ ငှက်ပျော၊ သရက်၊ ပိန္နဲ၊ သစ်တော်၊ နှင်း သီး ခေါ်သမင်မျက်လုံး သီး ၊ လိုက်ချီ[1] ခေါ်တရုတ်ဇီး သီး ၊ နာနတ်၊ ရှောက်ပန်း သီး ခေါ် ကျွဲကော သီး ၊ ဂရိတ်ဖရွတ်[2] သီး ၊ မရမ်း သီး ၊ အုန်း သီး ၊ သယ်သီး ၊

---

၁။ Lichi

၂။ Great Fruit

ကြက်မောက်သီး၊ သံပုရာသီး ၊ ရှောက်သီး ၊ သလဲသီး ၊ ရှမ်းဇီးသီး၊ မက်မက်မန်းသီး၊ စတားအယ်လ်ပဲသီး[1] ခေါ်သည်တို့ဖြစ်သည်။ အဓိကကြီးတိုင်း စိုက်ပျိုးသောသစ်သီး ဝလံများ မှာငှက်ပျော၊ သရက်၊ ရှောက်ပန်း ခေါ် ကွဲကောသီး၊ စတား အယ်လ်ပဲသီး ( ခရစ်ယာန်သာသနာပြုတို့ဖလစ်ပိုင် မှ မြန်မာနိုင်ငံသို့ယူဆောင်ပြန့်ပွား လာသည့်အသီး ) တို့ဖြစ်သည်။ ဟင်း သီး ဟင်းရွက်များ လည်း ထိုနည်း အတိုင်း ပင်ဖြစ်သည်။ မိသား စုစား သုံးရန် ပိုလျှံသောအသီး အရွက်တို့ကို ဈေး တွင် ရောင်း ချကြသည်။ အဓိကခြံဝင်း အတွင်း စိုက်ပျိုးကြ သောအသီး အရွက်တို့မှာ ဘူး ပုဇွန်၊ ဟင်း ချိုရွက်၊ ကင်း မွန်း ချဉ်၊ ခရမ်း၊ ရုံး ပတီ၊ သခွား ၊ ငရုတ်၊ ဗူး ၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ပဲသီး ၊ ခဝဲသီး၊ သခွား ၊ ကြက်ခဝဲသီး ၊ မုန်လာဥ ၊ နံနံ စသည်တို့ဖြစ်သည်။ ဟင်းသီး ဟင်းရွက်၊ သစ်သီး ဝလံများ ကိုမြစ်ကြီး နား ဈေး တွင်သွား ရောက်ရောင်း ချကြမည်။ အင်ဂျန်ဒို ကျေး ရွာမှထွက် သောဟင်း သီး ဟင်း ရွက်၊ သစ်သီးဝလံ များသည်အင်ဂျန်ဒို ကျေး ရွာလူထုအတွက်စား သုံး ရန် အမြင်ပိုလျှံသည်အထိ ရှိသည်။

စိုက်ပျိုး ရာသီစတင်ပါက စိုက်ပျိုးသကဲ့သို့ ဝိုင်း ဝန်း စိုက်ပျိုးကူ ကြခြင်းမရှိပေ။ မိသား စုများ ကိုယ်စီ ဝန်း စိုက်ပျိုး ကြခြင်း ဖြစ်သည် ။ လုပ်အားဖြင့်စိုက်ပျိုး ခြင်း မျိုး လည်း မတွေ့ရပေ။ မိမိပိုင်အဓိကခြံဝင်း အတွင်း၌သာစိုက်ပျိုး ကြသည်ဖြစ်၍အလုပ်သမား များ မလိုအပ်ပေ။ စိုက်ပျိုး ရာသီ မိုးတွင်းပါက မှ ဦး ဆောင်၍စိုက်ပျိုး ကြသည်။ အထူးသဖြင့် ဇနီး ဖြစ်သူကဦး ဆောင်လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ သစ်သီး ဝလံ၊ ဟင်း သီးဟင်း ရွက် ရောင်းချမှု များ ကိုလည်း အချင်း ချင်း ဖလှယ် ဝေငှယူ လေ့ရှိကြသည်။ ခြံမြေ နှင့် ပတ်သက်၍ ငွေ ကြေး ချမ်း သာသူတို့က ခြံဝင်း ကျယ်ဝန်း ပြီး နွမ်း ပါးသူတို့က ခြံဝင်း ငယ်ကြသည်။ အင်ဂျန်ဒို ကျေး ရွာ နေဂျိန်ဖော့တို့သည်အဓိကြီး ဥယျာဉ်ကို လုပ်ကိုင်ရာ တွင် စနစ်ကျပြီး ကျွမ်း ကျင်မှုလည်း ရှိကြောင်း တွေ့ရသည်။

**(စ) မွေး မြူရေး**

ဂျိန်ဖော့တို့သည် မွေး မြူရေး လုပ်ငန်း ကိုလည်း ပွား ဖြစ် လုပ်ကိုင်မှုနည်း ပါးသည်။ တောင် ပေါ် ဒေသနှင့် မြေပြန့်ဒေသ ကျေး ရွာများ တွင် အိမ်အတော် များ များ၌ ကျွဲ၊ နွား ၊ ဝက်၊ ကြက်များ ကို မွေး မြူထား ကြသည်။ အရေ အတွက် အားဖြင့်ကြက်မငါး မမှဆယ်မခန့်၊ ဝက်တစ် ကောင်မှ ငါး ကောင်၊ ကျွဲ နွား နှစ် ကောင်သုံး ကောင်စီ မွေး မြူထား လေ့ရှိသည်။ ထိုကြက်၊ ဝက်၊ ကျွဲ၊ နွား တို့သည်နတ်ကျွေး ပွဲသို့ ဂျိန်ဖော့တို့အတွက်ယဇ်ပူဇော် ရာတွင် မရှိမဖြစ်သည့် ပစ္စည်းများ ဖြစ် သော ကြောင့်၎င်း ပွား ရေး အတွက် မွေး မြူခြင်း မျိုး မတွေ့ရပဲ ယဇ်ပူဇော်ရန်အတွက်သာ မွေး မြူခြင်း သာဖြစ်သည်။ မွေး မြူရာတွင်လည်း စနစ်တကျ မွေး မြူထား ခြင်း မရှိခဲ့ပေ။ ဝက်၊ ကြက်တို့အတွက်အစာ အစာ ကို အထူး တလည်မစီမံရပဲအိမ်ပတ်ဝန်း ကျင်တွင်လွှတ်ထား ခြင်း ဖြင့်အိမ်မှစွန့်ပစ် လိုက်သော စား ကြွင်း စား ကျန်များ ဖြင့်ပြီး နိုင်သည်။ ကျွဲ၊ နွား များကိုလည်း

---

[1]။ Star apple

ရှာပတ်ဝန်း ကျင်တွင်လွှတ်ထား ပြီး တိရစ္ဆာန်တို့သာ ဝရှာ ရွေစား သောက်ကြ သည်။ ဤသို့ဖြင့် ပေါက်ဖွား ရာတွင်လည်း တောထွင်း၌ပင် ပေါက်ဖွား ကြသည်။ တောင်ပေါ် ဒေသတွင်ကျွဲ၊ နွား တို့ကိုမိမိတို့၏အိမ်တန်း ရှည်တွင်ပင် နေရာ ချထား ပြီး ဝက်ခြံအဖြစ်အိမ် အောက်ကိုကာ ရံထား သည်။ ညအခါကြက်များ အိမ် တန်း တက်ရန်အလို့ငှာ အိမ်၏အနောက်ဖက်အစွန်ခန်း ကိုကြက်ခြံအဖြစ်သတ်မှတ် ထား သည်။ ကျွဲ၊ နွား ၊ ကြက်၊ ဝက်တို့အတွက်ခြံသတ်သတ် ဆောက် ပေး ခြင်း မ ရှိ ပေ။ အိမ်ထဲတွင် နေရာချထား သည့်မှာလည်း အရေအတွက်နည်း ၍ သော အ ကျွဲသာဖြစ်သည်။ အရေအတွက်များ လာပါကရွာနား တဖက်တွင် နေထိုင်ကျက် စား ကြပြီး ၁၀–ရက်တခေါက်၊ တလတခေါက်၊ သုံး လတခေါက် လောက်သာ အိမ် ပြန်လာ လေ့ရှိသည်။ အိမ်ပြန်လာ သောအခါကျွဲ၊ နွား ပေါက်စ လေး များ ပါလာ တတ်ပြီး တခါတရံ ပွားသော ချင်း ငါ့ကျွဲ၊ ငါ့နွား ၊ သူ့ကျွဲ၊ သူ့နွား အငြင်း ပွား မှု လေး များ ပင်ဖြစ်တတ်သည်။ မည်သူများ ပြား ခွာ မွေး မြူကား သော်လည်း ဝေး ပွား ဖြစ် မွေး မြူကား ခြင်း မျိုး မဟုတ် ပေ။ ယင်းပူ ဇော်သည့်အခါအသင့် ရရန်၊ အမှုအခင်း ဖြစ်ပွား သောအခါပေး လျော်ရန်၊ စေ့စပ် သောအခါ လက်ထပ် သောအခါတွင်း ဘိုး အဖြစ် ပေး ဆက်ရန်အတွက်သာ မွေး မြူကြခြင်းဖြစ် သည်။

နတ်ကိုး ကွယ်သူချင်း ဖော့တို့သည်ကြက်၊ ဝက်၊ ကျွဲ၊ နွား တို့ကိုမည် မျှပင် မွေး မြူထား စေကာမူ စား သုံး ရန်အတွက်မရည်ရွယ် သော ကြောင့် တင်း လျှာအလို့ငှာ စား သုံး ခဲ့သည်။ တခါတရံရပ် ဝေး မှ ဆွေမျိုး မိတ်သင် တ ည့် ကောင်း ည့်မွန်များ ရောက်ရှိလာပါကတင်း လျှာအဖြစ်ကြက်၊ ဝက်၊ တို့ ကိုသတ်ဖြတ် ကျွေး မွေး ကြသည်။ ကြက်၊ ဝက်တို့ကိုသတ်ဖြတ်စား သုံး မည်ဆိုပါကအိမ် သား များ တိုင်ပင်ကာတ ယောက်ကဆင်း ၍ ဖမ်း သည်။ ကြက်သို့မဟုတ်ဝက် က အော်မြည် သောအခါအိမ် ပေါ်တွင်ကျန်ခဲ့ သောသူတို့က "ဟဲ့–လုပ်ကြပါဦး –လိုက် ကြပါဦး –ကြက်ကို တော ကြောင်ဆွဲပြေး ပြီ "သို့မဟုတ် "ဝက်ကို တော ကောင် ၊ (ကျား ) ဆွဲသွား ပြီ "စသည်ဖြင့်အလန့်တကြား အော်ရ လေသည်။ ထိုသို့ အော်ရ ခြင်း သည်အိမ်ဦး နတ်ကမိမိအား မပူ ဇော်မပသပဲလူတို့သတ်စား သည်ကို ညို ညင်စိတ်ချ ကာတစုံတခုပြုမည်ကိုစိုး ရိမ် သော ကြောင့်နတ်အား လှည့်စား လိုက် ခြင်း ဖြစ်သည်ဆို၏။

ချင်း ဖော့တို့တန်ဘိုး အထား ဆုံး တိရစ္ဆာန်မှာကျွဲသာ ဖြစ် သည်။ ယင်းပူ ဇော်ရန်အတွက်နှင့်အမှုအခင်း များ တွင် "ဖဂါ" [၁] ခေါ် ပေး ဆောင်ရသည့်ပစ္စည်း အဖြစ်အသုံး ပြုရန်ကျွဲကိုအ ရေး အကြီး ဆုံး ပစ္စည်းအဖြစ် သတ်မှတ်ကြသည်။ ဝက်၊ ကြက်၊ နွား တို့ကို အောက်နတ်များ အား ပူ ဇော်ရ န် အသုံး ပြုကြသည်။ အထက်ရာထူးဖြစ် သော မအိုင်နတ်နှင့်မိုး နတ်တို့ကိုကျွဲနှင့်ပူဇော် ကြသည်။ ထို့ပြင်လူတ ယောက်၏ကြွယ်ဝချမ်း သာ မှုမှာလည်း ကျွဲ ကောင် ရေ ပေါ် မူတည်၍သတ်မှတ် လေ့ရှိကြသည်။

---

၁။ Hpaga

မြေပြန့်ဒေသတွင် နေထိုင်ကြသော ဂျိန်ဖော့တို့ကကျွဲ၊ နွားများ အတွက်တင်း ကုတ်များ ၊ ဝက်ခြံ၊ ကြက်ခြံများ ကိုအခိုင်အခံ့ ဆောက်လုပ်၍ မွေး မြူကြသည်။ အင်ဂျန်ခုံ ကျေး ရွာ နေဂျိန်ဖော့တို့ကလည်း ကျွဲ၊ နွား ၊ ဝက်၊ ကြက်တို့ကို တင်း ကုတ်များ ခြံများ ဖြင့်မွေး မြူကြသည်။ သို့သော်စီး ပွား ဖြစ် မွေး မြူ ကြခြင်း မျိုး မဟုတ် ပေ။ ခရစ်ယာန်ဘာသာဝင်များ ဖြစ်၍ယဇ်ပူဇော်ရန် အတွက်လည်း မဟုတ် ပေ။ မိမိတို့အိမ်တွင်း စား သုံး နိုင်ရန်အနည်း အကျဉ်းမွေး မြူခြင်း သာဖြစ်သည်။ နေ့စဉ်စား သုံး နိုင်ရန်လုံ လောက် အောင် မွေး မြူခြင်းလည်း မတွေ့ရ ပေ။ ကျွဲ၊ နွား တို့ကိုမူလယ်ယာလုပ်ငန်း ၊ သယ်ယူပို့ ဆောင် ရေးလုပ်ငန်း တို့တွင်အသုံး ပြုကြသည်။

၁၉၉၄ ခုနှစ်အတွင်း အင်ဂျန်ခုံ ကျေး ရွာတစ် ရွာလုံးတွင်မွေး မြူထား သော တိရစ္ဆာန် ကောင် ရေစာရင်း မှာ အောက်ပါအတိုင်း ဖြစ်သည်။

ကြက်( ၂၆၇၀ ) ကောင်
ဝက်( ၁၃၂၀ ) ကောင်
နွား( ၈၆၃ ) ကောင်
ကျွဲ ( ၄၂၆ ) ကောင်
ဆင်( ၃ ) ကောင်

အင်ဂျန်ခုံ ကျေး ရွာ နေဂျိန်ဖော့တို့ မွေး မြူကြ သောကြက်များ မှာ ရွှေဒင်္ဂါး ကြက်မျိုး နှင့်ကချင်ကြက် ခေါ်တိုက်ကြက်ဆန်ဆန်ကြက်တမျိုး တို့ဖြစ်သည်။ ဝက်များ ကိုမူအများ အား ဖြင့်မွေး မြူရေး ဝက်ကြီး မျိုး ကို မွေး မြူကြပြီး ဝက် မအား တကြိမ်သား တင်မည်ဆိုပါကဝက်ထီး ပိုင်ရှင်အား ၆၀၀မှ၁၀၀၀ ကျပ် အထိ ပေး ရသည်။ ကျွဲ၊ နွား များ သည်သာမန်ဒိုင်း ကျွဲ၊ နွား များ သာဖြစ် ပြီး ကတီး ရောအမကိုပါဒိုင်း စေကြသည်ကို တွေ့ရသည်။ ဆင်များ ကိုသစ်လုပ်ငန်း ရှင်အချို့ကပိုင်ဆိုင်ကြပြီး တောတွင်း သစ်ထုတ်လုပ် ရေး စခန်း တွင်သာထား သည်။ တခါတ ရံမှသာ ရွာသို့ယူ ဆောင်လာကြသည်။

ဒိုင်း ကျွဲနွား တို့အိုမင်း မစွမ်း ဖြစ်လာ သောအခါသား သတ် သူတို့ထံ ရောင်း ချကြသည်။ အင်ဂျန်ခုံ ကျေး ရွာ၏ မွေး မြူရေး လုပ်ငန်း များ မှထွက်ရှိ သောအမဲ၊ ကြက်၊ ဝက်တို့သည်အင်ဂျန်ခုံ ကျေး ရွာသူရွာသား တို့စား သုံး ရန် ဖူလုံခြင်း မရှိသည်ကို လေ့လာ တွေ့ရှိ ရသည်။

(ဂ) အမဲလိုက်၊ ငါး ဖမ်း ခြင်း လုပ်ငန်း

ဂျိန်ဖော့တိုင်း ရင်း သား တို့၏ ရိုး ရာမ လေ့အရ ယောကျာ်း မှန်လျှင်အမဲလိုက်တတ် ရသည်။ သစ်ဝါး ခုတ်ပါတ် ရသည်။ အထူး သဖြင့်တောင် ပေါ် ဒေသများ ၌ ဈေး ဟူ၍ မရှိ သော ကြောင့်တောင်ယာထွက်သီး နှံများ ကိုသာ အား ကိုး ၍စား သောက်ကြရသည်။ တစ်ဦး ချင်း အမဲလိုက်ခြင်း ဖြစ်ပြီး ရရှိလာ သော သား ကောင်ကို ခေါင်း ဖြတ်ပြီး ကျော ရိုး အလယ်မှ နေ၍တက်ခြမ်း ခွဲ၍ ခေါင်း နှင့်ကိုယ်တခြမ်း ကိုမုဆိုး ကယူရသည်။ ကျန်တခြမ်း ကိုရွာရှိအိမ် ထောင်စု

ဝေငှသောအညီအမျှပြုလုပ်ပြီး <u>မုန်ချူ</u> [၁] ခေါ် ဝေစုလက် ဆောင်များ အဖြစ် ပေး ဝေရသည်။ လူစုလူ ဝေး နှင့် ပေါင်း၍အမဲလိုက်သည့်အခါတွင်လည်း ရရှိ သော သားအမဲကိုအညီအမျှ ဝေငှစား သောက်ကြသည်။ ဒူဝါခေါ် အကြီး အကဲများ နှင့်ရုံးစုဦးကသာလျှင်အမဲလိုက်သူတစုသည်အခြား ရွာတရွာအနီး ဝက်ဝန်း ကျင်အမဲ၏ ကောင်ကိုရရှိပါကအဆိုပါရွာအကြီး အကဲများ အား ပေါင်တ ပေါင် နှင့်အသည်း အူတစုံ ပေး ရ သောထုံး စံရှိသည်။ ပေး ရန်လူမ တွေ့ရှိပြင်သော သည့်နေရာတွင်ချိတ်ဆွဲထား ရသည်။ မျက်မြင်ပါက စင့် ကြေး တစ်တစ်သည်တုမျှသာ ကြသည်။ ထို့ကြောင့်အမဲ ပေါင်လက် ဆောင်စား ဒူဝါရှိ သော "<u>မရှိ ရှားအိုင်ဒု</u>" [၂] ခေါ် ပေါင်စား ဒူဝါဟူ၍ ရှိခဲ့သည်။

လူစုလူ ဝေး နှင့်အမဲလိုက်ရာတွင်အမဲ ကောင်ကိုထိမှန် အောင် ပစ်ခတ်နိုင်သူအား လက် ဖြောင့်သူအဖြစ် ဂုဏ်ပြုသည့်အ သောဖြင့် ခေါင်း နှင့် ပေါင်တ ပေါင်အပြင် ဝေစုတစု ပေး ရသည်။ အမဲလိုက်ရာတွင်ပါဝင်သူအားလုံး တလေး ၊ လှံကြီး ၊ တောလိုက် ခွေး ပါမကျန် ဝေစုတစုရရှိ ထုံး စံ ရှိသည်။ ရ သင့်ရလိုက် သော ဝေစု မရပါက လျော် ကြေး တောင်း နိုင်သည်။ ဒူဝါများ နှင့် ရုံးစုဦးက တောင်ပိုင်ဒူဝါလိုလျှင်လက်ဆောင်မက် ပေါင်တ ပေါင်၊ ကျား ဆိုပါက သေ သည့်အချိန် မြေဖက်တွင်ရှိ သောအစွယ်နှင့်ဆင်ဆိုလျှင်နှစ်သက်ရာအစွယ်တဖ က် ပေး ရ သောထုံး စံရှိသည်။ အမဲလိုက်ရာတွင်ပါဝင်ခြင်း မရှိ သောအိမ် ထောင် များ ကိုသား တောင်း၍သား ရေနှင့်ရိုး သောအမဲကိုး ဝေစု ဝေငှ ပေး ရ သော ဓလေ့ရှိသည်။ တဦး တ ယောက်ကအမဲ ကောင်များ ကြိုက်နှစ်သက်သည့်အား အစရှိ သောအစာများ ကိုချထား ပေး သည့်နေရာတွင်အမဲကိုရရှိလျှင်ထား ပိုထား သူအား ပေါင်တ ပေါင် ပေး ရသည်။ အမဲပစ်ရန် သေနတ်ကိုငှား ပေး ပါကလည်း သေနတ်ငှား ပေး သူအား ပေါင်တ ပေါင် ပေး ရသည်။ အမဲ ပစ် ရန် သေနတ်ကို ပေါင်စား ဒူဝါကငှား ပေး ပြီး ၎င်း ဒူဝါကမင်သား ပိုထား သူဖြစ်က ၎င်း အား သုံး ခါပေး ရန်မလိုပဲ ပေါင်တ ပေါင်သာ ပေး ရသည်။ အမဲလိုက် ရ သော တော ကောင်များ မှာ တောနွား ၊ ပြောင်၊ တောဝက်၊ တောင်ဆိတ်၊ ကျား ၊ ဝက်ဝံ၊ ဒရယ်၊ ဆတ်၊ ချေ၊ ဖြူ၊ ရစ်အစရှိ သော တော တိရစ္ဆာန်များ နှင့်ငှက်အမျိုး မျိုး တို့ဖြစ်သည်။ ဝက်ဝံများ မှာ တောင် ယာ ခုတ်ခင်း များ ကိုဖျက်ဆီး တတ်သဖြင့်အထူး ရှာ ဖွေပစ်ခတ်ဖမ်း ဆီး ပြီးအသား ကို စား သုံး ကြသည်။ ဝက်ဝံအဆီများ ကိုမူ ဆေး ဝါး အဖြစ် ရောင်း ချကြသည်။ အမဲလိုက်ရာ၌အသုံး ပြု သောလက်နက်ကိရိယာ များ မှာဒူး လေး ၊ တူမီးသေနတ်၊ လှံ၊ မိန်း ၊ ထောင် ချောက်၊ ညှပ်ကွင်း ၊ ခလုတ် စသည်တို့ဖြစ်ကြသည်။

---

၁။ Mungju

၂။ Magyi sha ai du

ငါး ဖမ်း ရာတွင်လည်း တဦး တ ယောက်ချင်း ချောင်းမြောင်း များ တွင် ငါး မျှား တံဖြင့်မျှား ခြင်း ၊ မြှုံး ထောင်ခြင်း တို့ဖြင့်ဖမ်း ဆီး ကြသကဲ့သို့ ရွာလုံး ကျွတ်စု ပေါင်း၍ ချောင်း ကိုပိတ်ကာ ငိုင်း ဖမ်း ကြသည်များ လည်း ရှိသည်။ ရရှိလာသော အကျိုး အမြတ်ကိုညီတူမျှတစွာ ခွဲဝေယူကြသည်။ ငါး များ များ ရရှိပြီး ပိုလျှံပါကကြပ်စင်များ ပေါ်တွင်တင်၍ကြပ်တိုက်ခံကာ ငါး ခြောက်ပြုလုပ်ကြသည်။ ဂျိန် ဖေါ့တို့သည်အမဲလိုက်၊ ငါး ဖမ်း ခြင်း လုပ်ငန်း သက်သက်တို့သာ လုပ်ကိုင်သူဟူ၍မရှိပဲ တောင်ယာလုပ်ငန်း ပြီး စီး ပြီး နောက်အား လပ်ချိန်တွင် ဟင်း လျာရရန်အတွက်လုပ်ကိုင်ကြခြင်း ဖြစ်သည်။ စီး ပွား ဖြစ်ရည်ရွယ်လုပ်ကိုင်ခြင်း မတွေ့ကြပေ။

ယနေ့အင်ဂျန်ခုံ ကျေး ရွာ နေဂျိန် ဖေါ့တို့သည်အမဲလိုက်လုပ်ငန်း ကိုလုပ်ကိုင်သူတ နေ့တခြား နည်း ပါး လာသည်။ အင်ဂျန်ခုံ ကျေး ရွာသည်မြစ်ကြီးနား မြို့အနီး တွင်တည်ရှိပြီး တော တောင်များ နှင့်အလှမ်း ကွာ ဝေး သည်တကြောင်း၊ တောင် တောင်များ တွင်ကချင်လွတ် မြောက် ရေး တပ်[1] များ ကြီး စိုး နေသည် တကြောင်း ကြောင့်ဖြစ်သည်။ ယနေ့အင်ဂျန်ခုံ ကျေး ရွာ နေဂျိန် ဖေါ့တို့သည် အမဲလိုက်၍ ရရှိလာပါကလည်း မုဆိုး တစ်ဦး တည်း ကသာပိုင်ဆိုင်ခွင့်ရှိပြီး ပို လျှံသောအသား များ ကိုမှ ငါးသ ဘောအတိုင်း ရောင်း ချသည်များ ကိုတွေ့ ရသည်။ ရှေး ယခင်ကကဲ့သို့ရပ်ရွာလူကြီး များ အား ပေး ရခြင်း ၊ ရွာသူရွာသား တို့အား ဝေငှ ရခြင်း မျိုး ကိုမ တွေ့ရ တော့ပေ။ ထို့ပြင်အင်ဂျန်ခုံ ကျေး ရွာ သူရွာသား များ စု ပေါင်း ၍အမဲလိုက်ခြင်း ကိုလည်း မ တွေ့ရ ပေ။ တောင် ယာ လုပ်ငန်း လုပ်ကိုင်သူအချို့ကသာ တောင်ယာထဲတွင် နေစဉ်အနီး အနား တောင် များ ၌အမဲလိုက် လေ့ရှိကြသည်။

ငါး ဖမ်း ခြင်း လုပ်ငန်း ကို ကျေး ရွာရှိလူကြီး များ ကအရေး တယူလုပ်ကိုင်သည်ဟူ၍မရှိပဲ ကလေး သူငယ်အ တော်များ များ ကသာစပါး ရိတ် သိမ်း ချိန်တွင်အင်ဂျန်ပါလယ်ကွင်း ပြင်ရှိ မြောင်း ကြီး မြောင်း ငယ်များကြား ၌ ငါး မျှား ခြင်း ၊ မြှုံး ထောင်ခြင်း ၊ ငါး ရှဉ့်ဖမ်း ခြင်း တို့ကိုပြုကြသည် ။ အင်ဂျန်ပါလယ်ကွင်း ပြင်သည်နှစ်စဉ် ရေဝါ ဝတ်မြစ် ရေကြီး တိုင်း ရေဝါဝ တ် မြစ်နှင့်ဆက်သွယ်သည်ဖြစ်၍မြစ် ရေကျသွား သောအခါ မြောင်း ကြီး မြောင်းကြား ၌ ငါး အများ အပြား ကျန်ခဲ့မြဲဖြစ်သည်။ ကလေး သူငယ်တို့သည်ဖမ်းသား စုစီးသောက် ရန်အပြင်အပိုအလျှံရှိပါကအင်ဂျန်ခုံ ကျေး ရွာ ဈေး သို့မဟုတ်မြစ်ကြီးနား မြို့ဈေး တွင် သွား ရောက် ရောင်း ချတတ်ကြသည်။ ရရှိသော ငါး များ မှာ ငါး ရံ့၊ ငါး ပြေမ၊ ငါး ခူ၊ ငါး ကျည်း ၊ ငါး သလဲထိုး ၊ ငါး ကြင်း တို့ဖြစ်သည်။ အချို့သောသူတို့ ကရေဝါဝတ်မြစ်၊ နန်း ကျွှေ ချောင်း စသည်တို့၌ယမ်း ဗုံး ကိုခွဲခြင်း ဖြင့်ငါးဖမ်း ကြသည်ကို တွေ့ရသည်။ အမဲလိုက်၊ ငါး ဖမ်း လုပ်ငန်း သည်လည်း လုံ လောက် သော ဝင်း ငွေကိုမ ပေး နိုင် ပေ။

---

၁။ Kachin Independant Army

(ဃ) မြေအောက်သယံဇာတပစ္စည်း တူးဖော်ရေး လုပ်ငန်း

ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ခဲ၊ ပယင်း ၊ ကျောက်စိမ်း၊ သန္တာနှင့် ကျောက်သလင်း တို့သည်ကချင်ပြည်နယ်၏အဖိုး တန် မြေ အောက်သယံဇာတပစ္စည်းများ ဖြစ်ကြသည်။ ရှေး ခေတ် ကောင်ပေါ ဒေသတွင် မြေ အောက်သယံဇာတ ပစ္စည်း တူး ဖော် ရေး နှင့်ပတ်သက်၍ဆား နှင့်သန္တာပုတီး တူး ဖော်ခြင်းသာ ရှိခဲ့သည်။ ရှေး ခေတ်ဂျိန် ဖောတို့သည်ကြိဂံ ဒေသအတွင်း ရှိဆား တွင်း များ မှ ဆား ချက်လုပ်ယူကြသည်။ ဆား ချက်ရာတွင်ချက်ပြီး ဆား ရည်ခမ်း ခါနီး တွင်ဝါး ကျည် တောက်အစရှိသည်တို့တွင်ထည့်ပြီး အအေး ခံထား လိုက်သည်။ ၎င်း ဆားတုံးကြီး ကိုဟင်း ချက်ခါနီး တွင်ဟင်း ရည်အိုး ထဲသင့် တော်သော လောက်စိမ်ထည့်ထား ပြီးပြန် ဆယ်ယူကာပြန်သိမ်း ထား ခြင်း ဖြင့်မကုန်မချင်း စိမ်စား ကြသည်။ ရှေး ခေတ် ဂျိန် ဖောတို့သည်မိမိတို့သုံး သောဆား ကိုမိမိတို့ဖာသာချက်လုပ်သုံး စွဲကြသည်။

သယံဇာတပစ္စည်း အဖြစ် ရှေး ခေတ်ကကြိဂံ ဒေသအတွင်း ရှိ ကကျိုထူ[၁] ဒေသမှသန္တာပုတီး စေ့များ ကိုသာတူး ဖော်ကြသည်။ ကကျိုထူ ဒေသ တွင်အနက်ခါး ခန့်၊ အလွန်ဆုံး ရင်ဘတ်ခန့် လောက်သာ ရှိသော မြေ အောက် မှ အပေါ်ကပါသောသန္တာတုံး တလေး များ ကိုတူး ဖော် ရရှိသည်။ အချယ်အစား ညီညာသွား စေရန်အတွက်အနည်း ငယ်သာ သွေး၍ပြုပြင်ယူရသည်။

၎င်း နောက်ပိုင်း တွင်ဟူး ကောင်း ချင့်ဝှမ်း ဒေသ တွင် ထွက် သော ပယင်း များ ကိုတူး ဖော်ကြသည်။ ဂျိန် ဖောလူမျိုး တို့တူး သော ပယင်း တွင်း များ မှာအလွန်တိမ်သည်။ သုံး ပေခွဲခန့်သာကျယ်ပြီး လေး–ငါး ပေခန့်နက် လေသည်။ အများ အား ဖြင့်တကွင်း လျှင်နှစ် ယောက်မှ လေးယောက် လုပ်ကိုင်နိုင်သည်။ ကွင်း နက်လာလျှင် မြေမပြိုစေရန် ဘေး မှ ဝါး လုံး များ ချ၍ ကာ ပေး ရသည်။ ရေထွက်လာလျှင် ရေကိုလက်နှင့်ခပ်၍ထုတ်ပစ်ရသည်။ ကွင်း ထဲ တွင်တ နေ့လျှင်တစ် ပေခွဲမှနှစ် ပေခန့်သာတူး ဖော်နိုင်သည်။

ပယင်း တူး ဖော် ရေး ကိုတနှစ်ပတ်လုံး လုပ်ကိုင်နိုင် သော် လည်း တောင်ယာလုပ်ငန်း ပြီး စီး ချိန်တွင်သာလုပ်ကိုင်သူ ပေါ်များ သည်။ နေ့စဉ်ပယင်း တူး ဖော် ရေး လုပ်ငန်း ကိုနံနက်(၈း၀၀)နာရီမှ ညနေ(၄း၀၀) နာရီအထိလုပ်ကိုင် လေ့ရှိသည်။ မိုး ရာသီတွင်မူ ခခေါင်[၂] ခေါ် ရေမြောင်း ဖောက်၍တူး ဖော် လေ့ရှိကြသည်။ ကချင်ပြည်နယ်တွင်ဂျိန် ဖောလူမျိုး တို့က သာ အများ ဆုံး တူး ဖော်ကြသည်။ ၎င်း ဒေသမှထွက် သော ပယင်း သည်အမျိုးအစား ကောင်း မွန်သည်ဖြစ်၍ နိုင်ငံခြား သား အရင်း ရှင်များ ကလက်ဝါး ကြီး အုပ် ခဲ့ကြသည်။ ၎င်း နောက်ပိုင်း တွင်ဂျိန် ဖောတို့တူးယူခြင်း မရှိကြ တော့ပေ။

---

၁။ Kachyi htu

၂။ Hka Hkawng

ရွှေကျင်၊ ရွှေတူး ခြင်း ကို ဧရာဝတီမြစ်ရိုး တလျှောက်တွင်လည်း ကောင်း၊ မြစ်ကြီး နား မြို့မြောက်ဖက် မေခ၊ မလိခမြစ်ရိုးတွင်လည်း ကောင်း၊ တူး ကောင်း ချောင်းရိုး ဒေသတွင်လည်း ကောင်း လုပ်ကိုင်ကြသည်။ ထွက်သော ရွှေများ မှာအရည်အသွေး ကောင်း မွန်ပြီး ပုဂ္ဂလိကတဦး ချင်း တို့ လုပ်ကိုင်သည်သာ များ သည်။ ပုဂ္ဂလိကတဦး ချင်း တို့ ရွှေကျင် ရွှေတူး ပုံမှာမြစ် ကမ်း ဘေး သို့မဟုတ် ချောင်း ကမ်း ဘေး တို့တွင်အပေါ်ယံရှိ ကျောက်တုံး ကြီး များ ကိုဖယ်ရှား ပြီး ကျောက်ကြို ကျောက်ကြား ရှိသဲတို့ကိုစုယူကာ မျောတိုက် ၍ လည်း ကောင်း၊ အင်ဖြင့်ဝိုင်း၍လည်း ကောင်း ကျင်ယူကြသည်။ ရွှေကျင်း များ သည်လူအား ဖြင့်သာတူး ပါကအများ ဆုံး ၁၀ ပေပတ်လည်အကျယ်နှင့် ၁၀–၁၅ပေ ခန့်အနက်ကိုသာတူး နိုင်ကြသည်။ ရေစုပ်စက်တို့ကိုအသုံး ပြုနိုင်ပါက ပေ ၄၀– ၅၀ ပေပတ်လည်နှင့် ၂၀–၂၅ ပေခန့်အနက်ထိတူး နိုင်ကြသည်။

ရှေး က နောင်မွန်း မြို့နယ်နှင့်ဆွမ်ပရာဘွမ် ဒေသများ တွင် သံများ ကိုတူး ဖော်ထုတ်လုပ်မှုရှိခဲ့သည်။ ကြေး နီနှင့်ခဲများ ကိုလည်း တူး ဖော် ရရှိကြသည်။ သို့သော် နောက်ပိုင်း တွင်တူး ဖော်ထုတ်လုပ်ခြင်း မပြုကြတော့ ပဲ ကျောက်စိမ်း တူး ဖော် ရေး ကိုသာအာရုံစိုက်လုပ်ကိုင်လာကြသည်။

ကား မိုင်း အနောက်မြောက်ရှိ ဖား ကန့် ကျေး ရွာအနီး ကျောက်စိမ်း တွင်း ဒေသများ မှအရည်အသွေး ကောင်း မွန်သော ကျောက်စိမ်း တုံး များ ထွက်ရှိသည်။ ရှေး ယခင်ကတွင်း ထွက်ပစ္စည်း များ ကိုတူး ဖော်ရာတွင် ရှေး ပုံး ဘစဉ်အလာအတိုင်းသာ ဖော်ပသမှုကိုပြုကြသည်။ ဖား ကန့် ကျောက်စိမ်း တွင်း များ တွင် ကျောက်တူး သောလုပ်ငန်း မစမီပထမဦး စွာ ဒေသဆိုင် ရာ တော တောင် စောင့်နတ်များ ကိုပူ ဇော်ပသ ရသည်။ နတ်များ ကျေနပ် မှ ကျောက် ကောင်း များ ရသည်ဟုယုံကြည်ကြသည်။

ဖား ကန့်ပတ်ဝန်း ကျင် ကျောက်စိမ်း တွင်း ဒေသတွင် ကျောက်စိမ်း အပိုင်း တုံး များ ကိုတူး ဖော် ရရှိသည်။ ကျောက်စိမ်း တူး ဖော် ရေး လုပ်ငန်း တွင် ငွေရှင်များ ကကုန်ကျမည့်စရိတ်စကများ ကို ထောက်ပံ့ပေး ကာ အလုပ်သမား များ ကတူး ဖော် ရသည်။ ကျောက်များ တူး ဖော် ရရှိပါက ရောင်း ရငွေ၏ ထက်ဝက်ကို ငွေရှင်ကယူပြီး ကျန်ထက်ဝက်ကိုအလုပ်သမား များ က အညီအမျှ ခွဲဝေယူကြသည်။ ကျောက်ရောင်း ထောင်နိုင်သူ ငွေရှင်ကချမ်း သာသည် ထက် ချမ်း သာ ရန်လွယ်ကူပြီး ကျောက်တူး သူအလုပ်သမား အဖို့မူ ငွေး ဖြစ်ရန်မလွယ် ပေ။ အကြောင်းမှာ စား စရိတ်ကို မိမိကိုယ်တိုင်ကုန်ကျခံပြီး ကိုယ်ပိုင်ကျင်း တကျင်း တူး ရန်လည်း မလွယ်ကူ ပေ။ စား စရိတ်၊ စက်ပစ္စည်း ကရိယာ စရိတ်များ အလွန်ကြီး မားသည်။ ထို့ ကြောင့်အရင်း အနှီး မလုံ လောက်သူများ သည် ကျောက်တူးသမား သာလုပ်ကြရသည်။ ကချင်ပြည်နယ်၏ လူဦး ရေရာခိုင်နှုန်း အတော်များ များ ကို ကျောက်စိမ်း တွင်း များ ကအလုပ်အကျွေး ပြုနေသည်။ ကျောက်စိမ်း တွင်း ကို အမှီသဟဲပြု၍ စား သောက် ကုန်၊ လူသုံးကုန်၊ စက်ပစ္စည်းကရိယာ များ ရောင်း ဝယ် ဖောက်ကား မှုကြီး ထွား ဖြစ်ထွန်း သည်။

အင်ဂျန်ခုံ ကျေး ရွာ နေဂျိန် ဖော့တို့သည် ရွှေကျင်၊ ရွှေတူးခြင်း လုပ်ငန်း ကိုအလျဉ်း သင့်လျှင်သင့်သလိုလုပ်ကိုင်ကြသည်။ ရွှေတူး ကြရာတွင်မိမိစလုံ ဖိမိ ဝါး တာတူး ကြသည်ကများ သည်။ အချို့ဒေသများ တွင် ကျောက်တွင်း ထောင် သကဲ့သို့ ရွှေကျင်း များ ကို ထောင်ကြသည်။ ရရှိလာ သော အကျိုး အမြတ်ကိုအလုပ်သမား များ နှင့်ကျင်း ပိုင်ရှင်တို့က ဝေစုဖြင့် ဝေယူကြသည်။ ရွှေတူး ခြင်း လုပ်ငန်းသည် ကချင်ပြည်နယ်၏ကျေးလက် လုပ်ငန်း တခုဖြစ် ပေရာ အင်ဂျန်ခုံ ကျေး ရွာ နေ တောင် ယာလုပ်ကိုင်သူ၊ လယ်ယာလုပ်ကိုင်သူများ အား လပ်ချိန်တွင်စား ဝတ် နေ ရေးကို အဝ်ချက်အတွက်ဝင်ငွေရ အောင်လုပ် သော လုပ်ငန်း ဖြစ်သည်။ ကချင် ပြည်နယ်ဧရာဝတီမြစ် ဦး တ လျှောက်နှင့်အခြား ချောင်း ဦး များ တ လျှောက် သဲနှစ်စဉ်နှင့်အမှုအခါခါအ ခေါက် ခေါက်တူး ကြပြီး ဖြစ်သည်။ ရွှေတူး ခြင်းလုပ်ငန်း ကိုမိုး တွင်း ဖြစ် ရေ၊ ချောင်း ရေလျှံ သောအခါလုပ်ကိုင်၍မရပေ။ ရွှေတူးခြင်း သည်မိုးတွင်းအခါ လျှောက်ရက်အတိုင်း အခြား ၊ လအပိုင်း အခြား အား ဖြင့် လုပ် ကိုင်နိုင်သည်ဖြစ် ပေရာ ကျေး ရွာ ၌ ရွှေတူး သူလည်း ရေစာရင်း ကိုအတိအကျ ကောက်ယူရန်ခဲယဉ်း သည်။

အင်ဂျန်ခုံ ကျေး ရွာ၌အိမ် ထောင်စုထက်ဝက်ခန့်မှလူတို့ သည် ဖါး ကန့်ကျောက်စိမ်း တွင်း များ၌ စီး ပွား ရှာကြသူများ ဖြစ်သည်။ ငွေ ကြေး ရှိသူများ က ကျောက်ကျင်း များ ထောင်ကြသည်။ ကျောက်အရောင်းအဝယ် များ လုပ်ကြသည်။ ခွန်အား ဗလရှိသူများ က ကျောက်ကျင်း များ တူးကြသည်။ အမျိုး သမီး သက်များ ကဖါး ကန့်သို့ ခြေလျင်ဖြင့် သော်လည်း ကောင်း၊ ကား ဖြင့် သော် လည်း ကောင်း စား ကုန် သောက်ကုန်၊ လူသုံး ကုန်ပစ္စည်း များ ယူသွား ရောက် ရောင်း ချကြသည်။ အင်ဂျန်ခုံ ကျေး ရွာ နေဂျိန် ဖော့တို့၏ ကျောက်တွင်း ကောင် သည်း ရေ၊ ကျောက်ကုန်သည်ဦး ရေနှင့် ကျောက်တူး သမား ဦး ရေတို့ကိုတိကျ ကျရရန်ခဲယဉ်း ပေသည်။ အချို့ကအမြဲတ စေလုပ်ကိုင်ပြီး အချို့ကခဏတာလုပ်သည်။ အချို့ကအစိုး ရအမှုထမ်း လုပ်ကိုင်ပြီး ကျောက်လုပ်ငန်း ကိုအလျဉ်း သင့်သလိုလုပ်ကိုင် ကြသည်။ အချို့က တောင်ယာခုတ်လယ်လုပ် ရင်း အား လပ်ချိန်တွင် ကျောက်တူး ထွက် ကြသည်။ ကျောက်စိမ်း တူး ဖော် ရောင်း ဝယ် ရေး လုပ်ငန်း သည်ကံတရားကို လိုက်၍ ကောင်း ကျိုး ချမ်း သာကို ပေး ကြောင်း လေ့လာတွေ့ရှိရသည်။

(င) သစ် တောထွက်ပစ္စည်း များ ရှာဖွေထုတ်လုပ် ရေး လုပ်ငန်း

ကချင်ပြည်နယ်တွင်သမပိုင်း သစ် တော များ ၊ အပူ လျော့ပိုင်း တောင်မြင့်သစ် တော များ ၊ အပူ လျော့ မြေနိမ့် သစ် တော များ ၊ အပူ ပိုင်း ရွက် ကြွေသစ် တော များ ၊ အပူပိုင်း အမြဲစိမ်း လန်း တော များ ၊ ရွက်ချွန် တော များ ပေါက် ရောက်သည်။ ယင်း တော များ မှသစ်အယ်၊ သွတ်၊ ဝက်သစ်ချ၊ သစ် ကြား ၊ အင်၊ ကညင်၊ ဗန်ဒါး ၊ သန်း ၊ ထိန်၊ သစ် ဆွေး လွယ်၊ ဘိုင်၊ ရေတမာ၊ ကနစိုး ၊ မျောက် လုပ်၊ ကျောက်သ ဘော၊ သစ်ကတိုး ၊ ကညင်ဖြူ၊ သစ်မွှေး၊ သဖန်း၊ သစ် စေး၊ ကံ့ကော် ၊ ဆလပ် ၊ ဝါး ပိုး ၊ မှက်ဆံကြီး ၊ စလု နှင့်ဝါး ယား တို့ ပေါက် ရောက်သည်။

ကချင်ပြည်နယ် တောင်ပေါ်ဒေသတွင် ပေါက်ရောက်သော ၎င်းအပင်များကို ခုတ်ထွင်ပြီး မြစ်ကြီးနားမြို့မှ အထက်ပိုင် ၄၀–၅၀ ခန့် လောက်မှ မေခ၊ မလိခမြစ်တို့မှ တဆင့် ဧရာဝတီမြစ်ကြောင်းဖြင့် မျှောချရာ မြစ်ကြီးနားမြို့ရှိ သစ်စက်အသီးသီးတွင် ခွဲစိတ်၍ အဆောက်အအုံ၊ လမ်း ၊ တံတား ဆောက်လုပ်ရာတွင်အသုံးပြုကြသည်။ သစ်တောထွက်ပစ္စည်း ထုတ်လုပ်ရေးကို အခြားသယံဇာတပစ္စည်းများ ရှာဖွေတူးဖော်ရေး ထက်ပိုင်ပိုင်နိုင်နိုင်လုပ်ကိုင်နိုင်သည်။ အိမ်ဆောက်ရာတွင်အသုံးဝင်သည့်သစ်၊ ဝါး၊ ကြိမ်များကိုသစ်တောများမှ ပင်ထုတ်ယူနိုင်သည်။ မေခ၊ မလိခမြစ်ဆုံရာဒေသအထက်ပိုင်း ကြိဂံနယ်မြေ ဒေသနှင့်အခြား အစိုးရ သစ်တောကြိုးဝိုင်း အပြင်ဖက်ရှိနယ်မြေများမှ ဝါး ၊ ကြိမ်နှင့် တောထွက်ထုတ်လုပ်ရေး ကိုပုဂ္ဂလိကလုပ်ငန်း အဖြစ်အတော်အတန်လုပ်ကိုင်ကြသည်။

ကချင်ပြည်နယ်၏သစ်တောထွက်ပစ္စည်း များ မှာသစ်၊ ဝါး ၊ ကြိမ်အပြင်ပျား ရည်၊ ပျား ဖယောင်း ၊ ခန်း တောင်မြစ်၊ မဂျစ်ဥဓာစရှိသည့်အဖိုး တန် ဆေး မြစ်မျိုး စုံ၊ ငှက်ဖွပ်မှို၊ တောင်ပို့မှို၊ သစ်မွှေး အသီး စသည်တို့ဖြစ်သည်။ အင်ဂျန်ဒုံ ကျေး ရွာ နေဂျိန် ဖော့တို့သည်ပျား ရည်၊ ပျား ဖယောင်း ရှာ ဖွေထုတ်လုပ် ရေး ထက်သစ် မွှေး အသီးရှာ ဖွေထုတ်လုပ် ရေး ကို ပိုမိုလုပ်ကိုင်ခဲ့ကြသည်။ ယခုအချိန်တွင် တောတွင်း၌သစ် မွှေး ပင်များ ကုန်ခမ်း သလောက်ဖြစ်သွား၍သစ် မွှေး ရှာ ဖွေခြင်း လည်း ရပ်ဆိုင်း သွား သည်။ အင်ဂျန်ဒုံ ကျေး ရွာတွင် ဆေး ဥ၊ ဆေး မြစ်များ ကိုရှာ ဖွေတူး ဖော်သည့်စီး ပွား ရေး လုပ်ငန်း ကိုလုပ်ကိုင်သူမရှိပေ။ မိုး ဦး ကျကာလ များ၌ မှိုများ ကိုမူရှာ ဖွေ ရောင်း ချတတ်ကြသည်။ တောထွက်ထုတ်လုပ် ရေး ကို မူ သစ် တောကြိုး ဝိုင်း ၏အပြင်ဖက်နယ် မြေများ တွင်လုပ်ကိုင်ပြီး မြစ်ကြီး နား မြို့တွင် ရောင်း ချကြသည်။

အင်ဂျန်ဒုံ ကျေး ရွာတွင်သစ်ထုတ်လုပ်သည့်လုပ်ငန်း ကိုလည်း လုပ်ကိုင်ကြသည်။ နိုင်ငံ တော်အစိုး ရထံမှတ်ပုံတင်၊ အခွန် ဆောင်ပြီး သစ်တော ကြိုး ဝိုင်း အတွင်း သစ်များ ထုတ်လုပ်ကြသည်။ အင်ဂျန်ဒုံ ကျေး ရွာတွင်ပုဂ္ဂလိက ပိုင်သစ်ခွဲစက်( ၂ )လုံး ရှိသည်။ စက်တလုံး မှာအင်ဂျန်ဒုံ ကျေး ရွာ နေဂျိန် ဖော့အမျိုး သား ပိုင်ဖြစ်ပြီး ကျန်တလုံး မှာအခြား အရပ် ဒေသမှဗမာတစ် ဦး က မြေ နေရာ ငှား ကာ ထောင်ထား သောသစ်စက်ဖြစ်သည်။ ၎င်း စက် နှစ်လုံး မှတိုင်အရွယ်အစား စား ၊ ပျဉ်ချပ်အတုအပါ လက်မအစား စား နှင့်အချို့သော ပရိဘောဂတို့ကိုရနိုင်သည်။ စက်နှစ်လုံး စလုံး တွင်ဝင် ရောက် လုပ်ကိုင်လျက်ရှိသော အလုပ်သမား အများ စုသည်မြန်မာ နိုင်ငံအလယ်ပိုင်း ဒေ သများ မှဗမာလူမျိုး များ ဖြစ်ကြသည်။ သစ်တင်၊ သစ်ချ၊ သစ်ခွဲကြိုး ကြပ် သူ အလုပ်သမား အသီး သီး ၏လစာ နှုန်း ထား မှာကျပ်၁၀၀၀မှ ကျပ်၃၀၀၀ အထိဖြစ်သည်။ စက်တစက်တွင်အလုပ်သမား ( ၁၀ ) ယောက်ခန့်ရှိသည်။ ၎င်း စက်များ မှထုတ်လုပ် သောတိုင်များ ၊ ပျဉ်များ ၊ ပရိဘောဂများ ကိုအင်ဂျန် ဒုံကျေး ရွာ၊ အနီး အနား ရှိရွာများ နှင့်မြစ်ကြီး နား မြို့မှလိုအပ်သူများ က ဝယ် ယူသုံး စွဲကြသည်။

(စ) အိမ်တွင်း မှုလုပ်ငန်း

အင်ဂျန်ရုံ ကျေး ရွာ နေ ဂျိန် ဖော့တို့၏ အိမ်တွင်း မှုလုပ်ငန်း ကိုယက္ကန်း လုပ်ငန်း ၊ နှီး ဝါး လုပ်ငန်း ၊ ပန်း ပဲလုပ်ငန်း ၊ ဆန်စက်လုပ်ငန်း အထည်ချုပ်လုပ်ငန်း ၊ ဘက်ထရီအား သွင်း လုပ်ငန်း ၊ ဓွတ်ဖိုပြုသ ရေးလုပ်ငန်း စက်ဘီး ပြင်လုပ်ငန်း ၊ ခေါင်ရည်အရက်ချက်လုပ်ငန်း ဟူ၍ ခွဲခြား လေ့လာနိုင် သည်။

ယက္ကန်း လုပ်ငန်း

ဂျိန် ဖော့တို့၏ယက္ကန်း လုပ်ငန်း မှာဂျပ်ခုတ်ယက္ကန်းယက်လုပ် ခြင်း ပင်ဖြစ်သည်။ ဂျပ်ခုတ်စင်ပြုလုပ်ထား ပုံမှာကျစ်လစ် သော မြေ ပေါ်တွင် တိုင်နှစ်တိုင်ကိုစိုက်ထူပြီး ထိပ်ဦး တန်း ခေါ်စင်ဦး တန်း ထား ၍ထိုအပ် သည့် အတိုင်ယက်ပင်များ ကိုဦး တန်း ၌ရစ်ပတ်ထား သည်။ အရှည်မှာဂျပ်ခုတ် တည် အနေအထား ကိုလိုက်၍အရှည်အတိုလိုသလိုတိုင်း ရသည်။ တဖက်ကဂျပ်ခုတ်ယက် သည့် အမျိုး သမီး ၏ခါး ကိုဂျပ်ခါး ပတ်ဖြင့်ပတ်ထား သည်။ ယင်း ဂျပ်ခုတ်စင်၌ ထိပ် ဦး တန်း ခေါ်စင်ဦး တန်း ၊ အတိုင်ယက်ပင်စည်း တန်း ၊ အလယ်ဝင်ရိုး ၊ နှုတ်သီး တံ၊ ဂျပ်ပြား ၊ နယ်ကန်၊ အသား ထိပ်တုံး ၊ ခါး ပတ်နှင့်ရက် ဖော က် ဟူ၍ကရိယာ ၁၀–မျိုး ပါဝင်သည်။ ရိုး ရာဂျပ်ခုတ်လုပ်ငန်း ကိုများ သောအား ဖြင့်အမျိုး သမီး များ သာလုပ်ကိုင်ကြသည်။ ရက်လုပ်ရာတွင်ဂျပ်ခုတ်စင်တခု ကို အမျိုး သမီး တဦး သာလုပ်ကိုင်ကြသည်။ ရက်လုပ်ရန်ဆင်ထား သည့်ဂျပ်ခုတ် စင် တွင် ခြေဆင်း တိုင်ကာ ခါး ကိုဂျပ်ခါး ပတ်ဖြင့်စည်း ထား ရသည်။

အိမ်တွင်း မှုလုပ်ငန်း တခုဖြစ် သော ဂျပ်ခုတ်ယက္ကန်း သည် ယခင် ခေတ်ဂျိန် ဖော့တို့၏ မိသား စုဝတ်ဆင် ရေး အတွက်အ ရေး ပါသောလုပ်ငန်း တရပ်ဖြစ်သည်။ ရှေး ခေတ် တောင် ပေါ် ဒေသနှင့်ကချင်ပြည်နယ်အနှံ့အပြား တွင်ရိုး ရာဂျပ်ခုတ်လုပ်ငန်း ကိုအိမ်တိုင်း လိုလိုပင်ရက်လုပ်ကြသည်။ ယခုတိုင်ကျေး လက် တော ရွာ များ တွင်လုပ်ကိုင်ကြဆဲဖြစ်သည်။ ယခင်ကဂျိန် ဖော့တို့သည်မိမိ တို့ ၏ တောင်ယာထဲတွင်ဝါပင်ကိုစိုက် ပျိုး ကြသည်။ ဝါများ ရင့်လာလျှင်ဝါကြိတ်၊ ဝါဖတ်၊ ဝိုင်း တောင့်လိပ်၊ ဝိုင်း ငင်၍ ချည်ဖြစ်လာလျှင်ချည်စာနယ်၊ ချည်ချ၊ ယက္ကန်း ချည်၊ နှုတ်သွင်း ပြီး ဂျပ်ခုတ်စင်တင်သည်အထိအဆင့်ဆင့် သောလုပ်ငန်း များ ကို မိရိုး ဖလာ နည်း အတိုင်း ပြုလုပ်ကြသည်။ ချည်များ ကိုအ ရောင်ဆိုး ရာ တွင် သစ် ခေါက်၊ သစ် ရွက်တို့ကိုပြုတ်၍ဆိုး ကြသည်။ ဇီး ခေါက်ကိုထု၍ကျိုလျှင်မီး ခိုး ပြာ ရောင်ရရှိသည်။ မဲနယ်ပင်ရွက်ကိုအပုပ်ဖော်ပြီး အဖတ်များ ကိုဆယ်၍အမြုပ် ထ အောင်နာနာ မွှေလျှက် ရေကြည် အောင်ထား ကနတ်ပြာ ရင့် ရောင်ရရှိသည်။ အနီ ရောင်ရရန်အင်လုံပင်မြစ်ကိုပြုတ်၍ဆိုး ရသည်။ ကြောင် လျှာ ခေါက် က အဝါဖိုး ရောင်ရရှိပြီး ကရွန် ခေါ်သစ် ခေါက်ကိုထု ထောင်း ၍ပြုတ်လျှင်နီ ညို ရောင်ရ ရှိသည်။ ချည်ထည်များ ကို ဆေး ဆိုး ပြီး လှပ သောအစုံ ရောင်အဝတ် အထည်များ ကိုအမျိုး သမီး များ ကယက်လုပ်ကြသည်။

ယခင်က ဂျိန်ဖော့အမျိုးသမီးတိုင်းသည် ဆေးရောင်ဆိုးထားထည့်လှပသော ချည်များကို အထွက်ကျကျ ဂျပ်ခုတ်စင်တွင် တပ်ဆင်ပြီး ခါး၌ ဂျပ်ခါးပတ်ကို ပတ်၍ ကျွမ်းကျင်စွာ ယက်လုပ်ကြသည်။ ဂျပ်ခုတ်ရက်လုပ်ရသည့် အထည်မှာ ပုံမှန်မရှိပေ။ ရက်လိုသည့် အထည်ကိုလိုက်၍ အရှည်အတို တပ်ဆင်ရသည်။ ဂျပ်ခုတ်ရက်လုပ်ရာ၌ ဂျပ်ယန္တရား ချည်စင်၌ ချည်တပတ်၊ ပတ်တိုင်း နုတ်ကော်သွားသည့် ချည်ပင်များကို ခွဲထားသည်။ အတိုင်ယက်ပင် တပတ်ရှည်တိုင်း အုတ်သီးတံကို နုတ်ရသည်။ အတိုင်ယက်ပင် ပေါ်ချည်ပင် ကျော်၍ အောက်အတိုင်ယက်ပင်သို့ ဖောက်သည်။ တဖန် အပေါ်ချည်ယက်ပင်ကို ကျော်ပြန်ကာ အုတ်သီးသံဖြင့် ဆက်ပေးသည်။ ဘေးမှ ထွန့်တက်ခြင်း မရှိစေရန် နယ်ကန့်ဖြင့် ထိန်းပေးရသည်။ ရက်ပြီးအထည်ကို အသားလိပ်တုံးဖြင့် လိပ်သွားသည်။ ယခင်ခေတ် ဂျိန်ဖော့အမျိုးသမီးတိုင်း ခြုံစောင်၊ လွယ်အိတ်၊ ပုဆိုး၊ ထမီ၊ ခြေသလုံးစွပ်၊ ခေါင်းပေါင်း စသည်တို့ကို အလွန်လှပကောင်းမွန်အောင် ရက်လုပ်နိုင်ကြသည်။ ရက်လုပ်ရာ၌ လက်ရာမြောက်သော ထမီတထည်ကို ၃–၄ ပတ် ရက်လုပ်ကြရသည်။ ယခင်ခေတ် ဂျိန်ဖော့အမျိုးသမီးတို့၏ ဂျပ်ခုတ်လုပ်ငန်းသည် အိမ်တွင်းမှုလုပ်ငန်းသာဖြစ်၍ မိမိတို့ ဝတ်ဆင်ရန်သာ ထုတ်လုပ်နိုင်ပြီး အပိုအလျှံ မြောက်မြားစွာ ထုတ်လုပ်နိုင်ခဲ့ပေ။ အထည်များကို ပုံစံအမျိုးမျိုးဖြင့် ရက်လုပ်ရာ လိုအပ်သော သိုးမွေးချည်ခင်များ လုံလောက်အောင် မထုတ်လုပ်နိုင်ခြင်း၊ အခြားအိမ်မှုကိစ္စများ ပြားခြင်း၊ တောင်ယာလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေရခြင်းတို့ကြောင့် အပိုအလျှံ မထုတ်လုပ်နိုင်ခြင်း ဖြစ်သည်။ ယခုနောက်ပိုင်း ကာလများတွင် ဂျပ်ခုတ်ယန္တရားလုပ်ငန်းသည် လုပ်ကိုင်သူ တစထက်တစ နည်းပါးလာပြီ ဖြစ်သည်။

ဂျပ်ခုတ်လုပ်ငန်း လုပ်ကိုင်မှု နည်းပါးသွားသော်လည်း ဂျိန်ဖော့တို့၏ ရိုးရာအဝတ်အထည်များ ဖြစ်သော ပုဆိုး၊ ထမီနှင့် လွယ်အိတ်များ ထုတ်လုပ်မှုကား ပိုမိုတိုးတက်များပြားလာခဲ့သည်။ ၎င်းသည်မှာ ဂျပ်ခုတ်ယန္တရား နေရာတွင် လက်ယက္ကန်းတအားစားထိုး နေရာယူပြီး ယက်လုပ်ဖြန့်ဖြူးနေသောကြောင့် ဖြစ်သည်။ ယခုနောက်ပိုင်းတွင် မြစ်ကြီးနားမြို့ ယက္ကန်းရုံများမှ ဒီဇိုင်းစုံသော ပုဆိုး၊ ထမီများ အပြင် ပိုက်ဆံအိတ်၊ လက်ကိုင်အိတ်၊ ဖိနပ်တို့ကို တိုးချဲ့ထုတ်လုပ်လာကြသည်။ လက်ယက္ကန်းရုံများသည် မြစ်ကြီးနားမြို့လယ်များတွင် ရှိပြီး များသောအားဖြင့် အခြားလူမျိုးများက ပိုင်ဆိုင်ကြသည်။ ယက်လုပ်သူ အလုပ်သမများသည်လည်း အများအားဖြင့် ဗမာအမျိုးသမီးများသာ ဖြစ်သည်။

ယခုခေတ် အင်ဂျန်ဒုံကျေးရွာနေ ဂျိန်ဖော့တို့သည်လည်း ဂျပ်ခုတ်ယန္တရားကို ယက်လုပ်သူ တနေ့တခြား နည်းပါးလာသည်။ တတ်ကျွမ်းသူလည်း နည်းပါးလာသည်။ ယခင်က ဂျိန်ဖော့အမျိုးသမီးတိုင်း တတ်ကြသော်လည်း ယခုခေတ် အင်ဂျန်ဒုံကျေးရွာ၏ ခေတ်သမီးပျိုများ မတတ်ကြတော့ပေ။ သက်ကြီးဝါကြီး အမျိုးသမီး အချို့လောက်သာ တတ်ကျွမ်းကြတော့သည်။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့၏ ဂျပ်ခုတ်ထည်များသည် သေသပ်လှပသော်လည်း အလွန်တရာ လက်ဝင်ပြီး အချိန်ကြန့်ကြာသည်။ ထို့ကြောင့် မြစ်ကြီးနားမြို့ဈေးတွင် ရောင်းချထား

သောအထည်များ ကိုသာအလွယ်တကူဝယ်ယူဝတ်ဆင်လာကြသော ကြောင့်ဖြစ်သည်။ ချပ်ခုတ်ယက္ကန်း ရက်လုပ်မှုနည်း ပါးသွား သော်လည်း ရိုး ရာအဝတ်အထည်ဝတ်ဆင်မှုကား လျော့နည်း မသွား ပဲပိုမိုရှုပ်ပင်များ ပြား လာသည်။ ဂျိန်ဖော့ တို့၏ ရိုး ရာအဝတ်အထည်တို့ကိုကချင်ပြည်နယ်တဝှမ်း လုံး တွင်သာမကမြန်မာနိုင်ငံ တဝှမ်း လုံး ရှိအခြား တိုင်း ရင်း သား များ ပါမြတ်နိုး ခုံမင်စွာဝတ်ဆင်သုံး စွဲ နေကြသည်။

အင်ဂျန်ခုံ ကျေး ရွာတွင်လက်ယက္ကန်း မရှိပေ။ လယ်ယာလုပ်ငန်း ပြီး စီး ၍အား လပ်ချိန် ဆောင်း တွင်း ကာလများ ၌သက်ကြီး ရွယ် ကြီး အမျိုး သမီး အချို့ကပုဆိုး ၊ ထမီ၊ လွယ်အိတ်၊ ခြေသလုံး စွပ်တို့ကိုချပ်ခုတ်ယက္ကန်း ဖြင့်ယက်လုပ်ကြသည်။ အထူး သဖြင့်လွယ်အိတ်များ ကိုယက်လုပ်ကြသည်။ ချပ်ခုတ်ယက္ကန်း ထည်သည်လက်ယက္ကန်း ထည်ထက်ပိုမို သေသပ်ခိုင်ခံ့ပြီး တန်ဘိုး များ ပေသည်။ အဝတ်အထည်ထုတ်လုပ်မှုနည်း စနစ်များ တိုး တက်လာပြီး ချပ်ခုတ်ယက္ကန်း ယက်လုပ်မှုသည်တိမ် ကောလာ သော်လည်း ဂျိန်ဖော့တို့၏အိမ်တွင်း မှုလုပ်ငန်း စစ်စစ်ဖြစ် သောချပ်ခုတ်ယက္ကန်း မှထုတ်လုပ်လိုက်သည့်အထည်များ သည်တန်ဘိုး ကြီး မြင့် နေဆဲဖြစ်သည်ကို တွေ့ရသည်။

## နှီး ဝါး လုပ်ငန်း

ဂျိန်ဖော့တို့သည်အိမ်တွင်း မှုလုပ်ငန်း တစ်ခုဖြစ် သော နှီးဝါး ရက်လုပ်ခြင်း လုပ်ငန်း ကိုကျွမ်း ကျင်ကြသည်။ မိမိတို့လယ်ယာသုံး ၊ တောင် ယာ သုံး နှင့်အိမ်သုံး ပစ္စည်း များ သယ်ရန်၊ ထည့်ရန် တောင်း ၊ ခြင်း အမျိုး မျိုး တို့ ကိုဝါး ဖြင့်ဖြစ် စေ၊ ကြိမ်ဖြင့်ဖြစ် စေယက်လုပ်ကြသည်။ ဂျိန်ဖော့အမျိုး သားများ ၏အိမ်တွင်း မှုလုပ်ငန်း တခုဖြစ် သော တောင်း ၊ ပလုံး၊ ဖျာ၊ ထရံ ရက်လုပ်ခြင်း လုပ်ငန်း မှာအတွင်ကျယ်ဆုံး ဖြစ်သည်။ အချို့ဒေသမှ ဂျိန်ဖော့တို့သည်မိမိတို့၏အိမ် ထောင်သုံး လိုအပ် သော တောင်း ၊ ဖျာ စသည်တို့ကိုလုံ လောက် အောင်ယက်လုပ် နိုင်သည်သာမကအပိုအလျှံများ ပင်ထုတ်လုပ် ရောင်း ချနိုင်ကြသည်။ ဂျိန်ဖော့တို့ သည်အိမ် ဆောက်လုပ် ရာတွင်အသုံး ပြု သော ထရံများ ၊ ကြမ်း ခင်း များ ကိုဝါး ဖြင့်ကိုယ်တိုင်ရက်လုပ်ကြသည်။ အိမ်မိုး ရန်သက်ကယ်များ ကိုလည်း နှီး ၊ ဝါး တို့ ၏ သေချာစွာပြုစီကြသည်။ တောင်း နှင့်ဖျာသည်ဂျိန်ဖော့တို့၏ မရှိမဖြစ်လို အပ် သော အိမ်သုံး ပစ္စည်း များ ဖြစ်ပြီး ကျွမ်း ကျင်စွာ ရက်လုပ်နိုင်ကြသည်။ တောင်း ယက်ရာတွင်ဂျိန် ဖော့တို့၏လက်ရာသည်အနုစိတ်ဖြစ်ပြီး လက်ရာ ပြောင် မြောက် လှသည်။ လေး လံ သော ပစ္စည်း များ ကိုခရီး ဝေး သယ်ယူနိုင်ရန် တောင်း များ ကိုခိုင်ခိုင်ခံ့ခံ့ရက်လုပ်ကြသည်။ ကြိမ်ဖြင့်ရက်လုပ်ထား သော က[၁] ခေါ်တောင်း မှာအလွန်ခိုင်ခံ့သည်။ တောင်ပေါ် ဒေသတွင် နေထိုင်သူတို့က ၎င်း က ဖြင့် ထင်း မှစ၍ ရေကျည် တောက်များ ကိုပါထည့်သယ်ကြသည်။

---

၁။ Ka

တို့အပြင်အမျိုး သမီး တို့သုံး သည့် ရှိန်နဲ့ [1] ခေါ် နောက်လွယ် တောင်း မှာကြိမ်၊ သို့မဟုတ် ကထန်ကဝါး [2] ခေါ် ပေါက်ဝါး ၊ သို့မဟုတ် မိုင်ကြူကဝါး [3] ခေါ် အသစ်ညီညာ သော ဝါး တမျိုး သို့မဟုတ် ဝကာကဝါး [4] ခေါ် ဝါး ပါး တို့ဖြင့်သစ် ရပ်လှပ စွာယက်လုပ်ထား ပြီး အနု ရော အကြမ်း ပါအသုံးပြုကြ သည်။ယင်း တောင်း ကို တောင်ယာ မှ စပါး သယ်ယူရာတွင်လည်း ကောင်း၊ ပွဲလမ်း များ ၌ ချက်ပြီး ထမင်း များ ကိုလည်း ကောင်း ၊ အမျိုး သမီး အသုံးအဆောင် ထည့်ရာတွင်လည်း ကောင်း အသုံး ပြုကြသည်။ ထို တောင်း တွင်ယက်လုပ်ထား သော ကြိုး ပြား ပါပြီး အမျိုး သမီး များ သည်နဖူး ကိုချိတ်၍သယ်သွား လေ့ရှိသည်။

ဂျိန် ဖော့အမျိုး သား တို့၏လက်ဆွဲဖြစ် သော ဆွမ်ပူ [5] ခေါ် သေတ္တာသဖွယ်အသုံး ပြုနိုင် သော အဖုံးအဝိတ်ပါသည့်ဖာ တောင်း မှာလှပ ခိုင်ခန့် ပြီး အဖိုး တန်ပစ္စည်း များ နှင့်အဝတ်အထည်များ ကိုပါထည့်နိုင်သည်။ ရှေးယခင် ကနှီး ဝါး လုပ်ငန်း ကို တောင်ယာလုပ်ငန်း မှအား လပ်ချိန်တွင်အိမ်တွင်း လက်မှုလုပ်ငန်း တခုအဖြစ်လုပ်ကိုင်ကြသည်။ အနုစိတ် ရက်လုပ်ထား သော နောက်လွယ် တောင်း ကိုရှိန်း နဲ့ဆု ခေါ်၍အကြမ်း အကွက်ကျဲကျဲ ရက်လုပ်ထား သော တောင်း ကို ထိန်ကာ [6] ဟု ခေါ်သည်။ ထို့ပြင် ကရွန် [7] ခေါ် စပါး နှစ်တင်း သုံး တင်း ဝင် တောင်း ကိုလည်း ကောင်း ၊ စပါး ပုတ်များ ကိုလည်း ကောင်း ၊ ရှိန်ဝယ် [8] ခေါ်ကြိုး ပါသော အနုစိတ် တောင်း အငယ်ကိုလည်း ကောင်း ၊ ဆွမ်ရိန် [9] ခေါ် ဓါး ရှည်ထည့် သော ရှည် မျော မျော တောင်း ငယ်ကို လည်း ကောင်း ၊ ကြက် ပေါက်စများ ကိုထည့် လှောင်သည့် ကရန် [10] ခေါ် ကြက်ခြင်း ကိုလည်း ကောင်း ရက်လုပ်ကြသည်။ ယခင်ကမီး ဖို ချောင်သုံး ပစ္စည်း များ ဖြစ် သော ဝါး ခွက်၊ ဝါး ဇွန်း ၊ ဝါး ယောက်မတို့ကိုလည်း ပြုလုပ်ကြသည်။

အင်ဂျန်နခွံ ကျေး ရွာ နေဂျိန် ဖော့အမျိုး သား များ သည် ယကြီး နှီး ဝါး ၊ ကြိမ်တို့ဖြင့်လို အပ် သောဂျိန် ဖော့အသုံး အဆောင်ပစ္စည်း များ အား လုံး ကိုရက်လုပ် နိုင်ကြသည်။ အပိုအလျှံထုတ်လုပ် ရောင်း ချနိုင်သည်အထိကား မထုတ်လုပ်ကြ ပေ။ မိမိတို့အိမ် ထောင်စုအတွင်း သုံး ရန်သာ ထုတ်လုပ်ကြသည် ။ အချို့သူတို့ကကိုယ်တိုင် ရက်လုပ်ခြင်း မပြုကြ တော့ပဲ အခြား ဒေသမှ ရက်လုပ်ရောင်း ချကား သောမြစ်ကြီး နား ဈေး မှတဆင့်ဝယ်ယူသုံး စွဲကြသည်။ နှီး ဝါးလုပ်ငန်း နှင့်ပတ်သက်၍အင်ဂျန်ခွံ ကျေး ရွာတွင်မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများမှ ဗမာလူမျိုး များ မြေ နေရာငှား ရမ်း ကာလာ ရောက်လုပ်ကိုင် နေကြ သော ဝါး လုပ်ငန်း ရှင်နှစ်ဦး ရှိသည်။ ၎င်း လုပ်ငန်း တို့မှ ဝါး ထရံ၊ အမိုးဝါးကပ်၊ မျက်နှာကျက်ထရံ၊ စပါး ဇုတ်ကို့ကိုကုတ်လုပ် ပေး သည်။ အကာ နှင့်မျက်နှာကျက် ထရံများကိုစတုရန်း တစ် ပေလျှင်ငါး ကျပ်နှုန်း ဖြင့်လက်ခံ ရက်လုပ် ရောင်းချ ပေး သည်။ ၎င်း တို့ထုတ်လုပ် သော နှီး ဝါး ပစ္စည်းတို့ကိုကိုယ်တိုင်ရက်လုပ်ရန်အချိန်

---

၁။ Shing nai
၂။ Kahtang Kawa
၃။ Maichyu Kawa
၄။ Waka Kawa
၅။ Sumpu
၆။ Htingka
၇။ Karawng
၈။ Shing wai
၉။ Sum rain
၁၀။ Karan

မပေး နိုင်သော အင်ဂျန်ခုံ ကျေး ရွာသား တို့သာမက အနီး အနား ကျေး ရွာ များ မှလည်း ဝယ်ယူသုံးစွဲကြသည်။

ပန်း ပဲလုပ်ငန်း

ရှေး ယခင်ကပုတောနှိုးမြို့နယ်အတွင်း ကျေး ရွာများတွင်နေ ထိုင်သော နုရင်ဂျန် ဖော့တို့ကသံ ပြင်း များ ကိုကျိုချက်၍သံထည်ပစ္စည်း များ ကို ထုတ်လုပ်ခဲ့ကြသည်။ ယခင်ကအင်ဂျန်ခုံ ကျေး ရွာတွင်ပန်း ပဲအတတ်ဖြင့်အသက် မွေး သူဂျန် ဖော့တဦး ရှိခဲ့သော်လည်း ယခုအချိန်တွင်အခြား အရပ် ဒေသ သို့ ပြောင်း ရွှေ့နေထိုင်သဖြင့်ပန်း ပဲလုပ်ကိုင်သူဂျန် ဖော့တစ်ဦးမျှမရှိ တော့ပေ။ သို့သော်မြန်မာပြည်မမှလာ ရောက်၍ မြေ နေရာ ငှား ရမ်း လုပ်ကိုင်မှုကြ ရှိ သောပန်း ပဲဖိုတဖိုရှိသည်။ အင်ဂျန်ခုံ ကျေး ရွာ၏ ရွာသား လေး ဦးသုံး ပို သည့် တောင်သူများ ဖြစ်၍ထွန်တုံး ၊ နွား တုံး များ နှင့်မလွှတ်ကင်း ပဲ ရှိကြ သည်။ တုံး တွင်ဘီး သည်အဓိကဖြစ် ပေရာဘီး တွင်သံ ရွေချ သောလုပ်ငန်းသည် မရှိမဖြစ် သောလုပ်ငန်း ဖြစ် နေ ပေသည်။ ထိုသုံး သံထည်ပစ္စည်း များ နှင့် လယ်သုံး သံထည်ပစ္စည်း များ ကို ဈေး သွင်းအလွယ်တကူရရှိနိုင် သော်လည်း တုံးဘီး သံ ရွေချခြင်း ကိုမူ ဈေး တွင်လုပ်ကိုင်၍မရ ပေ။ ထို့ကြောင့်ဝီး ပွား ရေး အ ဖြင့်ရှိ သောပြည်မမှပမာဏသား ရုတယ် ရွေ့ချဲ့လှယ်ခြင်း ၊ မြှင်ဆင်ခြင်း တို့ကို ဆောင်ရွက်သည့်ပန်း ပဲဖိုကို ထောင်ထား ခြင်း ဖြစ်သည်။ တချိန်တည်း တွင် ပေါက်ပြား ၊ တူရွင်း ၊ ဓါး တို့ကိုလည်း လက်ခံပြုတ်လုပ် ပေး သည်။ အင်ဂျန်ခုံကျေး ရွာ နှင့်အနီး အနား ရွာများ မှလာ ရောက်အပ်နှံကြသည်။

ဆန်စက်လုပ်ငန်း

ရှေး ယခင်က တောင်ယာလုပ်ငန်း မှထွက်ရှိ သော စပါးများ ကိုလက်ဆုံများ ဖြင့်သာ ထောင်း ကြသည်။ သစ်သား ဆုံကြီး ထဲတွင်စပါး များ ကို ထည့်ပြီး အရှည်ငါး ပေခန့်နှင့်လုံး ပတ် ၉ – ၁၀လက်မခန့်ရှိ သော ကျည် ပွေ့ရှည်ကြီး များ ဖြင့် ထောင်း ကြသည်။ ကောင်း ရာတွင်တဆုံပိုကျည် ပွေ့တ ချောင်း တည် : ဖြင့်တ ယောက်တည်း ထောင်း သည်လည်း ရှိသည်။ ကျည် ပွေ့နှစ် ချောင်း လူနှ စ် ယောက်ဖြင့်အ ချောင်း နှစ်၊ တ ချောင်း ထည့် ထောင်း ကြသည်လည်း ရှိသည်။ ယ ခုတိုင်အလွန် ဝေး လံ သော တောင် ပေ ဒေသ နေဂျန် ဖော့တို့သည်ထိုသို့လက်ဖြင့် သာစပါး ထောင်း ကြဲဖြစ်သည်။

အင်ဂျန်ခုံ ကျေး ရွာ နေဂျန် ဖော့တို့ကမူလယ်ယာလုပ်ငန်း ၊ တောင်ယာလုပ်ငန်း တို့မှထွက်ရှိ သော စပါး များ ကို ကျေး ရွာရှိစပါး ကြိတ်စက် များ တွင်ကြိတ်ခွဲကြသည်။ တခါကြိတ်လျှင်တတင်း နှစ်တင်း ထိကြိတ်ပြီး နိုင်ငံ တော်မှ စပါး ဝယ်ယူချိန်ဆန်စက်သည် ၁ ၆ ငွေမရသည့်ကာလအတွင်း စား သုံး ရန်အတွက်ကိုမူ လိုလောက် အောင်ကြိတ်ထား ကြသည်။ အင်ဂျန်ခုံ ကျေး ရွာတွင်ဆန်စက်( ၆ ) လုံး ရှိသည်။ တ နေ့လျှင်စပါး ( ၅၀၀ ) တင်း ကြိတ်နိုင် သော စက်( ၁ ) လုံး နှင့်တ နေ့လျှင်စပါး တင်း ( ၅၀ ) ကြိတ်နိုင် သော စက်( ၅ ) လုံး ရှိ

သည်။ ၁၉၉၄ ခုနှစ်အတွင်း စပါး တတင်း ကြိတ်ခမှာ ( ၁၅ ) ကျပ်ဖြစ်သည်။ လယ်စပါး သို့မဟုတ် တောင်ယာစပါး တတင်း ကိုကြိတ်ခွဲပါကဆန် ( ၇ ) ပြည်ခန့်ရတတ်သည်။ ထွက်ရှိသော ဆန်ကွဲနှင့်ဖွဲ များ ကိုဆန်စက်ပိုင်ရှင်ကပိုင် ပေသည်။ အင်ဂျန်းခုံ ကျေး ရွာရှိဆန်စက်များ သည်အလုပ်သမား ငှား ရမ်း ရန်မလို သည့်အိမ်တွင်း မိသား စုလုပ်ငန်း ငယ်ကလေး တခုမျှသာဖြစ်သည်။ အင်ဂျန်းခုံ ကျေး ရွာတွင်တည်ထား သောဆန်စက်ငယ်များ သည်စီး ပွား ရေး အရအကျိုး အမြတ်ဖြစ်ထွန်း ရန်ထက် မိမိတို့လယ်မှစပါး များ ကိုလွယ်လင့်တကူကြိတ်ခွဲနိုင်ရန် ဖြစ်သည်။ လယ်တေများ ရွာ၌ ရှိသောသူများ တည်ထား ကြသောဆန်စက်ငယ် များ ဖြစ်သည်။ အင်ဂျန်းခုံ ကျေး ရွာရှိ တောင်သူများ နှင့်အနီး အနား ကျေး ရွာရှိ တောင်သူများ ကနီး စပ်ရာ စက်သို့လာ ရောက်ကြိတ်ခွဲကြသည်။

အထည်ချုပ်လုပ်ငန်း

ရှေး ယခင် တောင်ပေါ် ဒေသ နေဂျိန် ဖော့တို့သည်မိမိတို့ အဝတ်အထည်များ ကိုကိုယ်တိုင်ယက်လုပ်ကာ ကိုယ်တိုင်ချုပ်လုပ် ဝတ်ဆင်ကြသည်။ ယခု ခေတ်အင်ဂျန်းခုံ ကျေး ရွာ နေဂျိန် ဖော့တို့ကမူ မိမိတို့ဝတ်ဆင်မည့်အဝတ်အထည်ကို ခေတ်ပုံစံနှင့် လျော်ညီသည့်ပုံစံဖြစ် စေရန်အထည်ချုပ်ဆိုင်များ တွင်သာ အပ်နှံချုပ်လုပ်ကြသည်။ အင်ဂျန်းခုံ ကျေး ရွာတွင်ချုပ်စက်အစုံရှိ သောအထည်ချုပ် ဆိုင်နှစ်ဆိုင်ရှိပြီး စက်ဆိုင်ငယ် ( ၆ ) ဆိုင်ရှိသည်။ ၎င်း ဆိုင်ကြီး များ ၌ စက်ချုပ်အတတ်ကိုလည်း အခ ကြေး ငွေဖြင့်သင်ကြား ပေး သည်။ ဂျိန် ဖော့အမျိုး သား ၊ အမျိုး သမီး တို့ချုပ်လုပ်ကြပြီး စက်ချုပ်သမများ ကိုပါငှား ရမ်း ထား သည်ကို တွေ့ရသည်။ ၎င်း စက်ဆိုင်များ သည်လက်မလည်နိုင် အောင်ချုပ် နေရ သည်။ အထည်ချုပ်ခနှုန်း သည်မြစ်ကြီး နား မြို့တွင်ချုပ် နေကြသည့်နှုန်း အတိုင်း ပင်ဖြစ်သည်။

ဘက်ထရီအား သွင်း လုပ်ငန်း

အင်ဂျန်းခုံ ကျေး ရွာတွင် ၎င်း လုပ်ငန်း ကိုလွန်ခဲ့သည့် ( ၅ ) နှစ်ခန့်မှစ၍လုပ်ကိုင်လာကြသည်။ အင်ဂျန်းခုံ ကျေး ရွာ၌ လျှပ်စစ်မီး ကိုပုဂ္ဂလိကအိမ် ၃ အိမ်နှင့်ဓမ္မ ဂေလိကျမ်း စာသင် ကျောင်း ၊ အာ ဂျီ - စီ - အဓိသီလရှင် ကျောင်း နှင့်အလက ( ၂ ) စာသင် ကျောင်း တို့သာ ယူကြသည်။ ကျန် ကျေး ရွာတ ခုလုံး သည်ဖ ယောင်း တိုင်မီး ၊ ရေနံဆီမီး များ ကိုသာ ထွန်း ညှိကြပြီး ယခု နောက်ပိုင်း တွင်ဘက်ထရီအိုး ဖြင့်မီး ချောင်း ၊ မီး လုံး များ ကိုထွန်း ညှိလာ ကြသည်။ ဖ ယောင်း တိုင်မီး ၊ ရေနံဆီမီး တို့သည်မီး ဘေး အန္တရာယ်ကိုစိုး ရိမ် ရသည်ဖြစ်၍ဘက်ထရီမီး ကိုအသုံး များ လာကြသည်။ ထို့ပြင်ကက်ဆက်၊ ရုပ်မြင်သံ ကြား ၊ ဗွီဒီယိုတို့ကိုလည်း ဘက်ထရီဖြင့်ပင်ဖွင့်ကြသည်။ ငွေ ကြေး ကြွယ်ဝသူတို့ က ကိုယ်ပိုင်မီး စက်ကိုအသုံး ပြုကြသည်။ ယခင်ကဘက်ထရီအိုး တွင်လိုအပ် သောလျှပ် စစ်ဓာတ်အား ကိုမြစ်ကြီး နား မြို့ရှိဘက်ထရီအား သွင်း လုပ်ငန်း များ တွင် သွား ရောက်သွင်း ယူရသည်။ ဤတွင်စီး ပွား ရေး အမြင်ရှိသူဆန်စက် ပိုင် ရှင်တို့ကဆန်စက်နှင့်တွဲ၍ဘက်ထရီဓါတ်အား သွင်း သည့်လုပ်ငန်း ကိုလုပ်ကိုင်လာ

ကြသည်။ အင်ဂျန်ခုံ ကျေးရွာတွင်ဘက်တရီအား သွင်း လုပ်ငန်း ကိုလုပ်ကိုင်သူ ( ၂ ) ဦး ရှိသည်။ ၎င်း တို့သည်ဂျန်ဖော့အမျိုး သား များ ပင်ဖြစ်သည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍မြစ်ကြီး နား မြို့တွင် ရေအားဖြင့် လျှပ်စစ်မီး ရရှိရေး အတွက်မြစ်ကြီး နား မြို့မြောက်ဖက်၁၉ မိုင်ခန့်တွင် ရှိသောကျိန်ခရန် ချောင်း မှကျိန်ခရန် ရေအား လျှပ်စစ်စီမံကိန်း ကို ကြီးကျယ်စွာလုပ်ကိုင်ခဲ့သည်။ ၎င်း စီမံကိန်း မှလျှပ်စစ်မီး များ ရရှိလာ သောအခါဘက်ထရီအား သွင်း လုပ်ငန်း သည်ရပ်ဆိုင်း သွား ဖွယ်ရှိသည်။ ယခု သော် ၎င်း လုပ်ငန်း မှဘက်ထရီအိုး အတွက်လိုအပ် သောလျှပ်စစ်ဓါတ်အား ကို ကျေး ရွာအတွင်း း လွယ်လင့်တကူသွင်း ယူနိုင်သည်ကို တွေ့ရသည်။ ၎င်း လုပ်ငန်း သည်အိမ်တွင်းမှုလုပ်ငန်း ကလေး သာဖြစ်ပြီး အလုပ်သမား များ ငှား ရမ်း ခြင်း မျိုး မရှိပဲအိမ်ရှိသား များ ကသာလုပ်ကိုင်ကြသည်ကို တွေ့ရသည်။

ဇွံဒယိုပြသ ရေး လုပ်ငန်း

ယခင်ကအင်ဂျန်ခုံ ကျေး ရွာ နေလူထုလူတန်း စား အသီး သီး တို့သည်စိုက်ပျိုးအပန်း ဖြေရာ ရုပ်ရှင်၊ ဇွံဒယိုတို့ကိုမြစ်ကြီး နား မြို့သို့သွား ရောက် ကြည့်ရှုရသည်။ လွန်ခဲ့ သော ငါး နှစ်ခန့်မှစ၍မြစ်ကြီး နား မြို့ရုပ်ရှင်ရုံများ သည်အကြောင်း အမျိုးမျိုး ကြောင့် နေ့ပွဲများ မပြသ တော့ပဲညပွဲများ သာပြ သ ကြသည်။ ၎င်းတွင်မြစ်ကြီး နား မြို့နှင့်အလှမ်း ကွာ ဝေး သောအင်ဂျန်ခုံ ကျေး ရွာ သူရွာသား တို့သည် နေ့များ တွင်ပြသ သောဇွံဒယိုရုံများ သို့သာ ဦး လှည့် ကြ တော့သည်။ ၎င်းတွင်လွန်ခဲ့ သော ၇–နှစ်ခန့်မှစ၍ စီး ပွား ရေး အမြင်ရှိ သော အင်ဂျန်ခုံ ကျေး ရွာသား ဦးကဇွံဒယိုရုံများ တည်ဆောက်ကာဇွံဒယိုပြသ ရေ း လုပ်ငန်း ကိုလုပ်ကိုင်လာကြသည်။ အင်ဂျန်ခုံ ကျေး ရွာတွင်ဇွံဒယိုရုံ ( ၃ ) ရုံ ရှိပြီး အား လုံး သည်ဂျန်ဖော့တိုင်း ရင်း သား ပိုင်များ ဖြစ်သည်။ ကိုယ်ပိုင် ဇွံဒယိုဖြင့်မကြည့်နိုင်ကြသည့်ရွာသူရွာသား များ သည်မိမိတို့ ကျေး ရွာအတွင်း း အိမ်နီး အနား တွင်ဇွံဒယိုရုံများ ရှိလာ သောအခါမပင်ပန်း ဘဲသက် တောင့် သက်သာဖြင့်အပန်း ဖြေ၊ ဗဟုသုတ ရနိုင်လာကြသည်ကို တွေ့ရသည်။ လုပ်ငန်း ရှင်များ အနေဖြင့်လည်း အလုပ်သမား များ မလိုအပ်ပဲမိသား စုအတွင်း အလုပ်ဖြစ် သော ကြောင့်စီး ပွား ရေး အရတွက် ခြေကိုက်သည်။

စက်ဘီး ပြင်ဆိုင်လုပ်ငန်း

စက်ဘီး ပြင်ဆိုင်လုပ်ငန်း သည်အင်ဂျန်ခုံ ကျေး ရွာ၏မရှိ မဖြစ်လိုအပ် သောလုပ်ငန်း တခုဖြစ်သည်။ မြစ်ကြီး နား မြို့တွင်တနေရာမှတနေရာသို့သွား လာ ရေး ၌စက်ဘီး သည်မရှိမဖြစ်လိုအပ် သောပစ္စည်း ဖြစ်သည် ။ လူနည်း စုကြွယ်ဝသူတို့က မော်တော်ကား များ ၊ မော်တော်ဆိုင်ကယ်များ ဖြင့် သွား လာကြသည်။ လိုင်း ကား များ သည်မိုင် ၂၀–၂၅ခန့် ဝေး သော ကျေး ရွာ များ သို့သာ ပြေး ဆွဲ ပေး သည်။ ထို့ကြောင့်လူများ စုတို့ကစက်ဘီး ဖြင့်သာသွား လာလှုပ်ရှား ကြသည်။ အင်ဂျန်ခုံ ကျေး ရွာသူရွာသား တို့သည်လည်းမြစ်ကြီး နားမြို့ နှင့်သော်လည်း ကောင်း ၊ အခြား ကျေး ရွာများ နှင့်သော်လည်း ကောင်း ၊

ထူး လုံး သွား လာ သော အခါ စက်ဘီး ကို သာ အသုံး ပြုကြသည်။ ရွာသား တို့သည် နှစ်မိုင်ခန့်ထက် ဝေး ကွာ ပါက စက်ဘီး ဖြင့်သာ သွား လာကြသည်။ အိမ်တိုင်း ဖွင်လည်း စက်ဘီး များ ရှိကြသည်။ ဈေး ၊ မမ ရွေး လူတိုင်း နီး နီး ကလည်း စက်ဘီး များ ထိုစီး တတ်ကြသည်။ ထို့ကြောင့် စက်ဘီး ပြင်ဆိုင်လုပ်ငန်း သည်တွင်ကျယ် သော လုပ်ငန်း တခုဖြစ် နေသည်။ အင်ဂျင်ခုံ ကျေး ရွာသည်မြစ်ကြီး နား -ဆွမ်ပရာဘွမ် လမ်း မကြီး ဘေး တွင်ရှိသည်ဖြစ်၍ မြောက်ဖက် ကျေး ရွာများ မြစ်ကြီးနား မြို့သို့သွား လာ သော အခါအင်ဂျင်ခုံ ကျေး ရွာက ကျော်ဖြတ်သန်း သွား ရသည် ။ စက်ဘီး သည်အရှိန်မ ရွေး ချိုးမွင်း တတ်သည်ဖြစ်၍ စက်ဘီး ပြင်ဆိုင်လုပ်ငန်း တွင်ကျယ်ခြင်း ဖြစ်သည်။ လွန်ခဲ့ သော အနှစ်အစိတ်ခန့်က မင်တဘက်ရွာမ်း သူတို့ဆဦး ပြီး တဦး မှင့်လှစ်ခဲ့ကြ ကြောင်း သိရသည်။ ဂျိန် ဖော့အမျိုး သား အူယေချင်း တရုရု ပေါင်း ၍ သော်လည်း ကောင်း ၊ တဦး ချင်း သော်လည်း ကောင်း မှင့်လှစ် ထား သောဆိုင် ပေါင်း ( ၈ ) ဆိုင်ရှိသည်။ ခရီး သွား လာသူများ နှင့် ရွာသား တို့မိမိတို့၏ စက်ဘီး များ ကိုလွယ်လင့်တကူပြုပြင်နိုင်ကြသည်။

ခေါင်ရည်အရက်ချက်လုပ်ငန်း

ကဖော်၊ ခေါင်ရည်၊ အရက်တို့သည်ဂျိန် ဖော့ပွဲး ရာ ဘား သောက်ဖွယ်ရာများ ဖြစ်သည်။ ပွဲး ရာယဉ် ကျေး မှုအရပ စ်ပယ်၍မရနိုင်သော အဖား အ သောက်များ ဖြစ်သည်။ နေ့တိုင်ရာ ဒေသ၏ ရာသီဥတု အေး မြံး မှု ကလည်း ပစ်ပယ်မရ အောင်အာ ယောက်အကူပြု နေသည်။ အင်ဂျင်ခုံ ကျေး ရွာ နေ အရွယ် ရောက်ပြီး ဂျိန် ဖော့အမျိုး သား အား လုံး နှင့်အမျိုး သမီး အ တော်များ များ အရက်ကို သောက်တတ်ကြသည်။ ခေါင်ရည်ကိုမူအမျိုး သား ၊ အမျိုး သမီး ကြီး ငယ်မ ရွေး အစာ ရဖြစ် စေ သော ဆေး ဝါး အဖြစ် သောက်သုံး ကြသည်။ သို့ဖြစ်ရာ ဂျိန် ဖော့နှင့်အရက်၊ ခေါင်ရည်တို့သည်တင်း ကွာ မှု မရှိ သော ကြောင့် ခေါင်ရည် အရက်ချက်လုပ် ငန်း ကိုလည်း လုပ်ကိုင်ကြသည်။ က ဖော်ကိုအိမ်တိုင်း တချက်လုပ်တတ် ကြ သော်လည်း အရက်၊ ခေါင်ရည်ကိုအိမ်တိုင်း တမချက်လုပ်ကြ တော့ ပေ။ ၄င်းသည် မှာ ကျေး ရွာရှိ စား သောက်ဆိုင်အ တော်များ များ တွင်လွယ်လင့်တကူ ဝယ်ယူရ ရှိနိုင် သော ကြောင့်ဖြစ်သည်။ အရက်ချက်လုပ်ငန်း ကိုဥပ ဒေအရပါမစ်ပ င်ထား သော်လည်း အင်ဂျင်ခုံ ကျေး ရွာတွင်တိတ်တဆိတ်ချက်လုပ်သူ ပေါင်း ( ၂၃ ) ဦး ခန့်ရှိသည်။ ပေါင်း ခံ သော နည်း ဖြင့်ချက်လုပ်ကြပြီး အိမ်သား များ သုံး စွဲရန် ထက်ပို၍ ထွက်လာသည်တို့ကို ရွာရှိစား သောက်ဆိုင်များ ဘွင် ဖောက်သည်သွင်း ကြသည် ။ အင်ဂျင်ခုံ ကျေး ရွာ နေအချို့သူတို့၏ အိမ်တွင်း စီး ပွား ရေး လုပ် င န်း တရ ပ် ဖြစ် ကြောင်း လေ့လာသိရှိရသည်။

ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်း

ရှေးခေတ်တောင်ပေါ်ဒေသနေဂျိန်ဖောတို့သည်မိမိတို့ အချင်းချင်းကြားတွင်ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုမရှိခဲ့ပေ။ အရှေ့ဖက်တွင်ရှိသောတရုတ်ပြည်နှင့်လည်းကောင်း၊ အနောက်ဖက်တွင်ရှိသောအိန္ဒိယနှင့်လည်းကောင်း ကုန်သွယ်မှုရှိခဲ့သည်။ ဂျိန်ဖောအမျိုးသားတို့၏ ပို့ကုန်များမှာ တောထွက်ပစ္စည်းများဖြစ်သော ပျားရည်၊ ပျားဖယောင်း၊ ကျားရွယ်၊ ကျားသားရေ၊ ဆတ်ချို၊ ဆိတ်သားရေ၊ ဆင်စွယ်တို့ကိုလည်းကောင်း၊ မိမိတို့၏စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ငရုတ်သီး၊ ဂျင်း၊ ဘိန်းတို့ကိုလည်းကောင်း တရုတ်ပြည်သို့ရောင်းချပြီး ရေဘီဘာဆေးများကိုအိန္ဒိယနိုင်ငံသို့သွားရောက်ရောင်းချကြသည်။ ရှေးခေတ်တောင်ပေါ်ဒေသတွင် ဈေးဟူ၍မရှိပေ။

၁၉၆၀ ခုနှစ်နောက်ပိုင်းတွင် တောင်ပေါ်ဒေသများ၌ ဈေးဟူ၍ရှိလာသည်။ သို့သော် ဈေးနေရာဟူ၍သတ်သတ်မှတ်မှတ်ထားရှိခြင်းမျိုး မဟုတ်ပဲ ရွာလည်လမ်းမကြီးဘေးတဖက်တချက်တွင် နံနက် ၄–၅ နာရီလောက်မှစ၍ ရောင်းချကြသည်။ ဝေလီဝေလင်းအချိန်၌ပင်ဈေးကွဲသွားတော့သည်။ ထိုသို့ရောင်းချနိုင်သည့်ဈေးသည်ရွာတိုင်းတွင်ရှိခြင်းမဟုတ်ပဲသုံးလေးရွာတွင်မှတစ်ဈေးရှိခြင်းဖြစ်သည်။ ရောင်းဝယ်သောဂျိန်ဖောတို့သည်မိမိတို့၏ တောင်ယာထွက်၊ ဥယျာဉ်ခြံထွက်သီးနှံများဖြစ်သော ငရုတ်၊ မုညင်း၊ ဟင်းသီးဟင်းရွက်၊ ကြက်သွန်ဖြူ၊ ပဲအမျိုးမျိုး၊ လီမွှော်၊ နာနတ်၊ ပျားရည်၊ ပျားဖယောင်း၊ ကတိုး၊ မချစ်ဥ၊ ခြင်းတောင်း၊ ခေါင်ရည်၊ အရက်၊ လွယ်အိတ်စသည်တို့ကို ဝေးလံသောဒေသမှနောက်လွယ်တောင်းတွင်ထည့်၍သယ်ဆောင်လာခဲ့ပြီး ရောင်းချကြသည်။

ဂျိန်ဖောတို့သည်မိမိတို့၏ကုန်ရောင်းရငွေနှင့်မိမိတို့၏ အိမ်ထောင်စုတွင်လိုအပ်သောပစ္စည်းများကိုပြန်၍ဝယ်ယူကြသည်။ ဂျိန်ဖောတို့သည် ငွေကြေးကိုများစွာတန်ဘိုးမထားကြပေ။ ငွေကြေးထက်ကုန်ပစ္စည်းကိုပို၍ခုံမင်ကြသည်။ ဂျိန်ဖောတို့၌ ရာဓလေ့အရလူမှုဆက်ဆံရေးတွင်အလွန်အရေးပါသောပစ္စည်းများကိုအမြတ်တနိုး ရှာဖွေစုဆောင်းလေ့ရှိကြသည်။ ယင်းပစ္စည်းတို့မှာ မောင်းအရွယ်အစားအမျိုးမျိုး၊ ဓါးများ၊ လှံများ၊ သေနတ်များ၊ ပုတီးပုသီးများ၊ ကျောက်မျက်ရတနာများဖြစ်သော ပယင်းပုတီး၊ သန္တာပုတီးများဖြစ်သည်။ ဂျိန်ဖောတို့၏နောက်လွယ်တောင်းများကိုနဖူးတွင်လွယ်ချိတ်ကာ ဈေးရောင်းဈေးဝယ်ထွက်ကြသည်။

ထိုသို့နောက်လွယ်ခြင်းတောင်းများဖြင့်ဈေးရောင်းဈေးဝယ်ထွက်သောဓလေ့ကိုယနေ့ထက်တိုင် မြစ်ကြီးနားမြို့ဈေးတွင်တွေ့နေရသည်။ ဝေးလံသောဒေသများသို့ကုန်ကူးရာတွင်လည်း နောက်လွယ်တောင်း

များ ဖြင့်သယ်ပိုး ကူး သန်း ကြသည်။ အင်ဂျင်နီခုံ ကျေး ရွာ နေရင်း မော်တို့ ၏ ရောင်း ဝယ် ထောက်ကား မှတိုင် ဈေးများ တွင် ရောင်း ချခြင်း ၊ အိမ်ဆိုင် များ ဖွင့်လှစ် ရောင်း ချခြင်း ၊ စား သောက်ဆိုင်များ ဖွင့်လှစ် ရောင်း ချ ခြင်း ၊ အခြား ဒေသများ သို့ကူးကူး ရောင်း ဝယ်ကြခြင်း ဟူ၍ တွေ့နိုင်သည်။

မိမိတို့ တောင်ယာထွက်၊ ဥယျာဉ်ခြံထွက် ကောက်ပဲသီး နှံများ ကို နှစ်ပိုင်း တွင်ပုံကျ ဈေး သည်အဖြစ်တခဏတာ ရောင်း ချခြင်း ကို ကျေး ရွာ ရှိအိမ် ထောင်စုတိုင်း ကပြုကြသည်။ အိမ် ထောင်စုတိုင်း က တောင်ယာ မလုပ် ကြ သော်လည်း အိမ်ဥယျာဉ်ခြံရှိကြ သော ကြောင့်ဖြစ်သည်။ မိမိတို့၏ တောင်ယာ နှင့် ခြံထွက်သစ်သီး ဝလံ၊ ကောက်ပဲသီး နှံများ ကိုမြစ်ကြီး နား မြို့ဈေး တွင် လည်း ကောင်း ၊ တပ်ကုန်း ကျေး ရွာသမဝါယမ ဈေး တွင်လည်း ကောင်း ၊ အင်ဂျင်နီခုံ ကျေး ရွာ ဈေး တွင်လည်း ကောင်း ရောင်း ချကြသည်။ ရောင်း ချ ရာ တွင် နံနက် ဝေလီ ဝေလင်း အချိန်မှ စ၍ စောင် ရောင်း ချကြသည်။ အချို့သူတို့ က ဖောက်သည် ပေး ကြသည်။ အချို့သူတို့ကကိုယ်တိုင်ထိုင် ရောင်း ကြသည်။ မိမိတို့ ယူ ဆောင်သွား သော တနိုင်စာ ရောင်း ချစရာများ သည် ၈-၉ နာရီခန့်တွင် ရောင်း ကုန်ကာ အခြား လိုအပ် သော ပစ္စည်း ကိုဝယ်ခြမ်း ၍ပြန်လာကြသည် ။ အထူး သဖြင့်၎င်းအလုပ်ကိုအိမ် ရှင်မများ ကပြုလုပ်ကြသည်။

အင်ဂျင်နီခုံ ကျေး ရွာ ဈေး ကို ၁၉၈၉ ခုနှစ်၊ စက်တင်ဘာ လ ၁-ရက် နေ့တွင်အင်ဂျင်နီခုံ ကျေး ရွာငြိမ်ဝပ်ပိပြား မှုတည် ဆောက် ရေး အဖွဲ့မှ ဖွင့်လှစ် ခဲ့သည်။ စဖွင့်သည့် နေ့ရက်မှစ၍ကုန်စိမ်း ကုန် ခြောက် ရောင်း ဝယ်သူ များ ဖြင့်စည်ကား ခဲ့သည်။ လိုင်စင်ရသား သတ်ခုံအပါအဝင် ခေါက်ဆွဲဆိုင်၊ လက် ဘက်ဆိုင်၊ အအေး ဆိုင်၊ အပ် ချုပ်ဆိုင်တို့ဖြင့်တ နေကုန် ဈေး ဖြစ်သည်။ အင်ဂျင်နီခုံ ကျေး ရွာသူ၊ ရွာသား တို့ကိုယ်ထူကိုယ်ထ ဖွင့်လှစ်ထား သော ဈေး ဖြစ်သည် ။ ယနေ့အချိန်တွင်ဆိုင်ခန်း ပေါင်း ( ၃၂ ) ခန်း ရှိပြီး တနင်္ဂနွေ နေ့ မှ လွဲ၍ကျန် ရက်အား လုံး တွင်ဖွင့်လှစ်ကြသည်။

အင်ဂျင်နီခုံ ကျေး ရွာတွင်အိုး မကွာအိမ်မကွာ မိမိတို့အိမ်ဝင်း အတွင်း ဖွင့်လှစ် ရောင်း ချ သော အိမ် ဈေးဆိုင်ငယ် ပေါင်း ( ၁၆ ) ဆိုင် ရှိသည်။ ၎င်း ဆိုင်တို့မှ မုံ့ပဲသွား ရည်စာ မျိုး စုံ၊ တိုင်း ရင်း ဆေး ဝါး များ ၊ ပဋိဇီဝ ဆေး မျိုး စုံ၊ အရက်၊ ခေါင်ရည်၊ အဖျော်ယမကာ မျိုး စုံ၊ သား ငါး ၊ ငါး ဗူး မျိုး စုံ၊ အလှကုန်ပစ္စည်း မျိုး စုံ၊ အခြား စား သောက်ကုန်မျိုး စုံ နှင့် အိမ်သုံး ပစ္စည်း အ သေး အဖွဲ့ မျိုး စုံတို့ကိုရရှိနိုင်သည်။ မြစ်ကြီး နား မြို့ဈေး သို့ မသွား ဖြစ်သူများ အတွက်တဆိုင်တည်း တွင်ပစ္စည်း မျိုး စုံကိုအလွယ်တကူ ရနိုင် ပေ သည်။ အိမ်ဆိုင်တွင် ရောင်း ချ သော နှုန်း သည်မြစ်ကြီး နား မြို့ဈေး နှုန်း ထက် အနည်း ငယ်ပို၍မြင့် ပေသည်။

အင်ဂျင်နီခုံ ကျေး ရွာတွင်စား သောက်ဆိုင်ငယ်က လေး ပေါင်း ( ၈ ) ဆိုင်ရှိသည်။ ( ၅ ) ဆိုင်သည်အင်ဂျင်နီခုံ ကျေး ရွာ ဈေး အတွင်း ဖွင့်လှစ်ထား ပြီး ( ၃ ) ဆိုင်သည်မိမိတို့၏အိမ်ခြံဝင်း ထဲတွင်ဖွင့်လှစ်ထား



နံ့နက်ခင်းဈေး၏ မြင်ကွင်း



နေ့လည်ခင်းဈေး၏မြင်ကွင်း



ဝေဠုလျှာဈေးအတွင်းမှ စားသောက်ဆိုင်များပုံ ။




စက်ဘီးပြင်ဆိုင်တစ်ဆိုင် ။

ခြင်း ဖြစ်သည်။ ရောင်း ချကြသော အစား အသောက်များ မှာ ဆန် စေးခေါက်ဆွဲ၊ ရေစိမ်ခေါက်ဆွဲ၊ မုန့်တီ၊ မုန့်ဟင်း ခါး ၊ အအေး ရုံ၊ လက်ဘက်ရည်၊ ကော်ဖီ၊ ဒေါင်ရည်၊ အရက်စသည်တို့ဖြစ်သည်။

အင်ဂျန်ဒို ကျေး ရွာ နေရှိ ရှောတို့သည် တောင် ပေါ် ဒေသ များ သို့လည်း ကောင်း ၊ ဖား ကန့် ကျောက်စိမ်း တွင်း ဒေသများ သို့ လည်း ကောင်း ၊ မိုး ကောင်း ၊ ဟိုပင်၊ မန္တလေး မြို့များ သို့လည်း ကောင်း ကုန် ကူး သန်း ရောင်း ဝယ် ဖောက်ကား ကြသည်ကို တွေ့ရသည်။ တောင် ပေါ် ဒေသ များ ဖြစ် သော အင်ဂျန်း ယန်မြို့၊ ဆွမ်ပရာဘွမ်မြို့နှင့် တောင် ပေါ် ကျေး ရွာ များ သို့ မြစ်ကြီး နား မြို့မှ စား သောက်ကုန်၊ လူသုံး ကုန်ပစ္စည်း များ ကိုသွား ရောက် ရောင်း ချပြီး အပြန်တွင် တောင် ပေါ် ဒေသထွက်ပစ္စည်း များ ဖြစ် သော ငရုတ်သီး ခြောက်၊ မှိုခြောက်တို့ကိုဝယ်လာကာ မြစ်ကြီး နား ဈေးတွင်ပြန်လည် ရောင်း ချကြသည်။

မိုး ကောင်း ၊ ဟိုပင်၊ မန္တလေး မြို့များ သို့မှ သီး နှံများ ၊ ပေါ်ချိန်တွင်ကုန်ကူး ကြသည်။ အထူး သဖြင့်ဥယျာဉ်ခြံထွက်သစ်သီး ဝလံများဖြစ် သော ကား အယ်လ်ပယ်လ်သီး ၊ လိုက်ချီ ဓော်ဂရုပ်ဖီး သီး တို့ ပေါ်ချိန်တွင် မိုး ကောင်း ၊ ဟိုပင်မြို့များ သို့ရထား များ ဖြင့် သွား ရောက်ရောင်း ချကြသည်။ မြစ်ကြီး နား မြို့မှ နံနက် ၅း ၀၀ နာရီထွက် သော မြစ်ကြီး နား- နဘား ခေါက်ပြန် ရထား တွင်တင် ဆောင် ရောင်း ချခြင်း ဖြစ်သည်။ ဒညင်း သီး ပေါ်ချိန်တွင်မန္တလေး မြို့အထိသွား ရောက်ရောင်း ချသူများ ရှိသည် ။ ထိုသို့တမြို့တ ရွာသို့ကုန်ကူး ခြင်း ကြောင့်အမြတ်အစွန်း များ များ ရလိုသူအချို့သော အပင် ပန်း ခံ၍ပြုကြသည်။

ကုန်ကူး သူအ တော်များ များ သည်အထူး သဖြင့်ဖား ကန့် ၊ ကျောက်စိမ်းတွင်းဒေသသို့သွား ကြသည်ကို တွေ့ရသည်။ အရင်း အနှီး နည်း သူတို့ က မြစ်ကြီး နား မှ မိုး ကောင်း ထိ ရထား ဖြင့်သွား ပြီး မိုး ကောင်း မှ ဖား ကန့်အထိ မိုင် ၆၀ ခရီး ကို ခြေလျင်သွား ကြသည်။ ရောင်း ချရန်ကုန်ပစ္စည်း ပိဿာချိန် ၁၅-၂၀ ခန့်ကို နောက်လွယ်ခြင်း တောင်း ထဲထည့်ကာ ဦး ခေါင်းဖြင့် လွယ်ချိတ်ပြီး တပါတည်း သယ် ဆောင်ကြသည်။ ငွေ ကြေး အရင်း အနှီး များ သူတို့က မြစ်ကြီး နား မှ သော်လည်း ကောင်း ၊ မိုး ကောင်း မှ သော်လည်း ကောင်း ကား များ ဖြင့်ကုန်ပစ္စည်း များ သယ် ဆောင်ကာ ရောင်း ချကြသည်။ ထိုသို့ကုန်ကူး သန်း ရောင်း ဝယ်ခြင်း သည်အမြဲတ စေလုပ်ကိုင်ကြခြင်း မဟုတ်သည့်အတွက် ကိုလူဦး ရေအတိအကျ ရရန်ခဲယဉ်း ပေသည်။ အချို့ကတ နှစ်တွင်တ ခေါက်မျှသာ သွား ပြီး အချို့က နှစ်လသုံး လတွင်တ ခေါက်သွား သည်။ အချို့က စဉ်ဆက်မပြတ်သွား သည်။

[illegible] လေး ချိန်နှင့်အတိုင်း အတာ

ဂျိန် ဖော့တိုင်း ရင်း သား တို့အသုံး ပြုသောအချိန်အတွယ်နှင့် အတိုင်း အတာတို့မှာကျပ်သား ၊ ပိဿာ၊ အလံ၊ တောင်၊ ထွာ၊ မိုက်၊ ဆုတ်၊ သစ် စသည်တို့ကိုအခြေခံ ကြောင်း သိရှိရသည်။ဂျိန် ဖော့တိုင်း ရင်း သား တို့သည် ငွေး

သွားကြပြီး အချိန်အတွယ်နှင့်ပတ်သက်၍မှ နိကန်သည်သာ မကပို၍ကာချိန်တွယ် ရောင်း ချကြသည်။ တခါတရံအချိန်အတွယ်ဖြင့်မ ရောင်း ပဲ ငါး တို့ကိုအဖွဲ့လိုက်၊ အပုံလိုက်၊ အကောင်လိုက် ရောင်း ချတတ်ကြသည်။ ဆန်စပါး တို့ကိုချိန်ရာတွင် ပြည်၊ ခွဲ၊ တင်း စသည်တို့ကိုအသုံး ပြုကြသည်။

ဂျိန်ဖော့တို့၏စီး ပွား ရေး လုပ်ငန်း ကိုမြင်၍ကြည့်သော် ရှေး ယခင်က၎င်း တို့၏ကုန်ထုတ်လုပ် ရေး တွင်စု ပေါင်း လုပ်အား သည် အခြေခံအုတ်မြစ်ဖြစ် ကြောင်း သိရသည်။ စီး ပွား ရေး လုပ်ငန်း ၏အဓိက ဖြစ် သောစိုက်ပျိုး ရေး လုပ်ငန်း တွင်စု ပေါင်း လုပ်အား မပါလျှင်မပြီး မြောက် ပေ။ တောင်ယာခုတ်တွင်ရွာတွင်ရှိသူလုံး ကျွတ်လုပ် အား ဖြင့် ခုတ် ကြသည်။ ထို့နောက်စိုက်ပျိုး ရာတွင်လည်း စု ပေါင်း လုပ်အား ဖြင့်သာလုပ် ဆောင်ကြသည်။ ဟင်း လျာအတွက်အမဲလိုက်၊ ငါး ဖမ်း ခြင်း လုပ်ငန်း တွင် လည်း ရွာရှိက လေး လူကြီး မကျန်အား လုံး ပါဝင်ကြသည်။

ဤသို့စု ပေါင်း လုပ် ဆောင် သော ဓလေ့သည်ကုန်ပစ္စည်းထုတ် လုပ် ရေး အတွက် ကောင်း သောအခြေခံဖြစ်သည်။ အချို့ သောကုန်ပစ္စည်းထုတ် လုပ် ရေး လုပ်ငန်း တွင်လုပ်ငန်း ခွဲ ဝေမှုကိုစနစ်ကိုအသုံး ပြုပြသည်။ သို့သော် ၎င်း တို့၏လုပ်ငန်း ခွဲ ဝေ သော စနစ်သည်မိသား စုတစုအတွက်စား ဝတ်နေ ရေး နှင့်ဆိုင် သောကုန်ပစ္စည်း အား လုံး ဖူလုံပြည့်စုံရန်သာဖြစ်၍စီး ပွား ရေး အတွက်ကုန်ပစ္စည်း ပိုမိုထုတ်လုပ် ရေး ကိုမကူး ပြောင်း သေး ပေ။ ဂျိန် ဖော့တို့သည်ကိုယ့်မိသား စုဖူလုံ ရေး အတွက်မိမိတို့၏ဉာဏ်စွမ်း ဉာဏ် စ ကိုအား တိုး ကြိုး ပမ်း ရာတွင်မိသား စုတစုသည်မိမိတို့မိသား စုတစုအတွက်လိုအပ် သော စပါး ၊ ပဲ၊ ပြောင်း ၊ ဟင်း သီး ဟင်း ရွက်စသည်တို့ကိုမိမိတို့အ တွက် လုံ လောက်ရုံသာ စိုက်ပျိုး ရယူသည်။ အဝတ်အထည်ရရှိ ရေး အတွက်မိမိတို့ တောင် ယာသို့မဟုတ်အိမ်ဥယျာဉ်တွင်ပင်ဝါပင် များ ကိုစိုက်ပျိုး ပြီး ယက်လုပ်ကြသည်။ ထို့ကြောင့်ဂျိန် ဖော့တို့သည်မိမိတို့စား ဝတ် နေ ရေး ဖူလုံ ရန်အတွက်သာလုံး ပန်း နေ ရ သော ကြောင့်ကုန်ပစ္စည်း များ ကိုအပိုမထုတ်လုပ် နိုင်ခြင်း ဖြစ် သည်။

ယခင်ကဂျိန် ဖော့တို့သည် ရောင်း ဝယ် ဖောက်ကား သော အလေ့အထလည်း နည်း ပါး လှသည်။ တောင်ယာထွက်ဟင်း သီး ဟင်း ရွက်များ ဖြစ် သောကြက်သွန်ဖြူ၊ မုန်ညင်း ၊ မုညင်း စေ့၊ နှမ်း ၊ ပဲ၊ ပြောင်း ၊အရက်၊ ခေါင်ရည်၊ က ဖော်၊ လွယ်အိတ်၊ ပျား ဖယောင်း ၊ ပျား ရည်၊ ကတိုး ၊ မချိဥ၊ ခြင်း တောင်း တို့ကို ရောင်း ချကြပြီး လိုအပ်သည့်အိမ်သုံး ပစ္စည်း များ ဖြစ် သောဆပ်ပြာ၊ သွား တိုက် ဆေး ၊ အိုး ခွက်ပန်း ကန်စသည်တို့ ကို ဝယ်ယူကြသည်။

ယခင်ကဂျိန် ဖော့တို့သည်စီး ပွား ရေး လုပ်ငန်း ကို ဝမ်း စာအတွက်လုံ လောက်ရုံ၊ အသုံး အဆောင်ပစ္စည်း များ လုံ လောက်ရုံသာလုပ် ကိုင်ကြသည်မဟုတ် ပေ။ မိသား စု၊ ဆွေမျိုး စု၊ ရွာနီး ချင်း အုပ်စုများ ၊

နှစ်ချုပ်သူ ခေါင်း ဆောင်အကြီး အကဲများ ၊ ဘိုး ဘွား အစဉ်အဆက်များအတွက် ဆောင်ရွက်ရန်ဝတ္တရား များ ကို ဆောင်ရွက်ရာတွင်အသုံး ပြုသူချင်း စ လေ့ ထုံး စံအလိုက် ညှိဝတ် ကျေပွန်လိုခြင်း ၊ သား သမီး များ ကိုလူလား မြောက် အောင် ကျွေး မွေး ပြုစု စောင့်ရှောက်လိုခြင်း ၊ သား သမီး တို့၏အ ပေါ် ဝတ္တရား ကျေပွန်ခြင်း ( ဥပမာ–သား များ အတွက်မင်္ဂလာ ကြေး ပေး နိုင်ရန် ) စ သော ရည်ရွယ်ချက်များ အတွက်လည်း စီး ပွား ရှာကြသည်။ သို့ သော်တစုံတ ယောက်သည်ပိုမိုတင် ပေါ် ကျော်ကြား လိုခြင်း ၊ ချမ်း သာကြွယ်ဝ ပြီး ဂုဏ်ရှင်ဖြစ်လိုခြင်း ရည်ရွယ်ချက်ဖြင့်ဥစ္စာပစ္စည်း ရှာ ဖွေရ သောင်း ကြ ခြင်း ကား မရှိပေ။

ယခု ခေတ်အင်ဂျန်ဒုံ ကျေး ရွာ နေဂျိန် ဖော့တို့၏ စီး ပွား ရေး လုပ်ငန်း ကိုသုံး သပ်ကြည့်ပါကစိုက်ပျိုး ရေး လုပ်ငန်း ကိုအဓိကထား လုပ်ကိုင် ကြောင်း တွေ့ရ သော်လည်း ရှေး ကကဲ့သို့ဝမ်း စာ ဖူလုံသည်အထိလုပ် ဆောင်ကြခြင်း မျိုး မရှိကြောင်း တွေ့ရသည်။ ဝမ်း စာအတွက်တစိတ်တ ဒေသဖြည့်ဆည်း ခြင်း မျိုး သာဖြစ်သည်။ စီး ပွား ရေး လုပ်ငန်း များ တွင် ရှေး ကကဲ့သို့ စု ပေါင်း လုပ်အား ပေါ်တွင်အခြေမခံ တော့ သော်လည်း စု ပေါင်း လုပ်အား ပေး မှုများ အနည်း အကျဉ်း ရှိနေ သေး သည်ကို တွေ့ရသည်။ မွေး မြူရေး လုပ်ငန်း ကိုလည်း အိမ်တိုင်း နီး နီး ကလုပ်ကိုင်ကြပြီး မိသား စုစား သုံး ရန် တင်း လျာ၏တစိတ်တ ဒေသမျှသာဖြစ် ကြောင်း တွေ့ရသည်။

မြေ အောက်သယံဇာတပစ္စည်း များ ရှာ ဖွေတူး ဖော်မှု ကိုအိမ် ထောင်စုအတော်များ များ က ပြုကြ သော်လည်း ၎င်း လုပ်ငန်း တ ခု တည်း ကိုသာ တထိုက်မတ်မတ်လုပ်ကိုင်ကြသူ ရှား ပါး ပေသည်။ အိမ်တွင်း မှု လုပ်ငန်း အသီး သီး သည်လည်း အထက်ပါနည်း တူလိုအပ် ချက်တစိတ်တ ဒေသကိုဖြည့်ဆည်း ပေး ရုံမျှသာဖြစ်သည်။ အစိုး ရအမှုထမ်း အရာထမ်း မိသား စုများ သည် လည်း လယ်ယာ ဥယျာဉ်၊ အိမ်တွင်း မှုလုပ် ငန်း တခုခုကိုတွဲဖက်လုပ်ကိုင်ကြသည် ကို တွေ့ရသည်။ ခြုံ၍ကြည့်လျှင်မိသား စု စား ဝတ် နေ ရေး အတွက်လုပ်ငန်း တခု တည်း ကိုသာ တူး ချွန်ရှာလုပ်ကိုင်မှုမရှိပဲလုပ်ငန်း အသီး သီး ကိုအနည်း ငယ်စီ လုပ်ကိုင်ကြ ကြောင်း တွေ့ရသည်။ အင်ဂျန်ဒုံ ကျေး ရွာ နေဂျိန် ဖော့တို့အတွင်း ရောင်း ဝယ် ဖောက်ကား မှု များသည်အ တော်အတန် ဖွံ့ဖြိုး တိုး တက်ရှာလုပ် ကိုင် နေကြသည်။ စီးပွား ဥစ္စာ ရှာ ဖွေ ရာတွင်ရှေး ကကဲ့သို့ဝမ်း စာ ဖူလုံရေး၊ လူမှုရေး တာဝန်ဝတ္တရား များ ကျေပွန်လို ရေး အတွက်သာ မက တော့ပဲကြီး ပွား ချမ်း သာကင် ပေါ် ကျော်ကြား လိုမှုများ ကို ရှေး ရှုလာကြသည်ကို တွေ့ ရသည်။

အင်ဂျန်ဒုံ ကျေးရွာ နေဂျိန် ဖော့တို့သည်စီး ပွား တခုခု လုပ် ရန်ခရီး ထွက်ခါနီး တွင်သွားလာ ရေး တွင်ခလုတ်မထိဆူး မငြိရန်၊ သား ရဲတိရစ္ဆာန်အန္တ ရာယ်ကင်း ရှင်း ရန်အတွက်ကူညီ စောင့်မ ပေး ရန်ဘုရား သခင်ထံဆု တောင်း ကြသည်။ ဆု တောင်း ပွဲ၌ ဆန်ပြုတ်၊ လက်ဖက် ပုည်၊ ကော် ဗီ

ထမင်းစသည့်စားသောက်ဖွယ်ရာတို့ကိုကျွေးမွေးသည်။ ခရီးထွက်ရာမှပြန်ရောက်လာသောအခါတွင်လည်း စီးပွားရေးအရ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကြောင့်ယခုကဲ့သို့ကျန်းမာချမ်းသာစွာပြန်ရောက်လာကြောင်း၊ မိသားစုနှင့်ပြန်လည်ဆုံတွေ့ရကြောင်း ချီးမွမ်းဆုတောင်းသမ္မာပြုသည်။ ဤတွင်လည်း အကျွေးအမွေးတခုခုဖြင့်ဧည့်ခံလေ့ရှိသည်။ အင်ဂျန်ခုံကျေးရွာနေဂျိန်ဖေဒ့တို့သည်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင်ဘာသာရေးကိုအားကိုးအားထားပြု၍လုပ်ဆောင်ကြကြောင်းတွေ့ရသည်။

မနုဿဗေဒပညာအရစီးပွားရေးဆိုသည်မှာလူတို့ဥစ္စာပစ္စည်းရှာဖွေခြင်းနှင့်ပတ်သက်သောလုပ်ငန်းဆောင်တာဆောင်ရွက်ချက်များ၊ ဥစ္စာပစ္စည်းရှာဖွေခြင်းဆိုင်ရာစည်းကမ်းချက်နှင့်ကန့်သတ်ချက်များ၊ ရှာဖွေရရှိလာသောပစ္စည်းတို့ကိုအသုံးချပုံများနှင့်လုပ်ငန်းဖွဲ့စည်းပုံစနစ်များကိုဆိုလိုသည်။

မနုဿဗေဒရှုထောင့်မှစီးပွားရေးစနစ်ကိုနှစ်မျိုးခွဲခြားထားသည်။ ၎င်းတို့မှာ ရှေးဦးစီးပွားရေးစနစ်[၁] နှင့်အဆင့်မြင့်စီးပွားရေးစနစ်[၂]တို့ဖြစ်သည်။ ရှေးဦးစီးပွားရေးစနစ်သည်အမဲလိုက်၊ ငါးဖမ်းခြင်းနှင့်အစာလှည့်လည်ရှာဖွေစုဆောင်းခြင်းတို့အပေါ်မူတည်သောဝမ်းစာရှာစီးပွားရေးစနစ်ဖြစ်သည်။ အဆင့်မြင့်စီးပွားရေးစနစ်မှာရှေးကျစိုက်ပျိုးရေးသို့မဟုတ်ရှေးကျမွေးမြူရေးသို့မဟုတ်ရှေးကျစိုက်ပျိုးရေးနှင့်ရှေးကျမွေးမြူရေးနှစ်ခုပေါင်းပေါ်တွင်မူတည်သောဝမ်းစာထုတ်လုပ်ရေးစနစ်ဖြစ်သည်။

တဖန်အဆင့်မြင့်စီးပွားရေးစနစ်ကိုနှစ်မျိုးထပ်၍ခွဲထားပေသည်။ တန်းနိမ့်ဝမ်းစာရှာစီးပွားရေးစနစ်[၃] နှင့်တန်းမြင့်ဝမ်းစာရှာစီးပွားရေးစနစ်[၄]ဟူ၍ဖြစ်သည်။ တန်းနိမ့်ဝမ်းစာရှာစီးပွားရေးစနစ်တွင်လူအချင်းချင်းဖလှယ်ရန်ကုန်ပစ္စည်းအစားအစာများအပိုအလျှံဟူ၍မရှိပေ။ တန်းမြင့်ဝမ်းစာရှာစီးပွားရေးစနစ်တွင်လူအချင်းချင်းဖလှယ်ရန်ကုန်ပစ္စည်းအစားအစာတို့အပိုအလျှံရှိလာသည်။

သို့ဖြစ်ပေရာအင်ဂျန်ခုံကျေးရွာ၏စီးပွားရေးလုပ်ငန်းဆောင်တာများကိုစီးပွားရေးဆိုင်ရာမနုဿဗေဒပညာရပ်ရှုထောင့်မှလေ့လာသုံးသပ်ရသော်အဆင့်မြင့်ဝမ်းစာရှာစီးပွားရေးစနစ်နှစ်မျိုးစလုံးနှင့်အကျုံးဝင်ကြောင်းတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော်အင်ဂျန်ခုံကျေးရွာနေအချို့သူတို့

---

၁။ Food gathering economy

၂။ Food producing economy

၃။ Simple food producing economy

၄။ Advanced food producing economy

လုပ်ကိုင်သော တောင်ယာစိုက်ပျိုး ရေးလုပ်ငန်းသည် ရှေးကျစိုက်ပျိုး ရေးလုပ်ငန်း တခုဖြစ်ပြီး ၎င်းလုပ်ငန်း မှလူအချင်းချင်း ဖလှယ်ရန်အစား အစာအပိုအလျှံထွက်မရှိပေ။ သို့ဖြစ်ပေရာ ယင်းသည်တန်း နှိမ့်ဝမ်း စာရှာစား မှု ရေး စနစ်တွင်အကျုံး ဝင်နေပေသည်။ တဖန်တချိန်တည်း တွင်အချို့သူတို့၏ ဥယျာဉ်ခြံစိုက်ပျိုး ရေး လုပ်ငန်း များ သည် ခေတ်မှီစိုက်ပျိုး ရေး လုပ်ငန်း ဖြစ်ပြီး လူအချင်း ချင်း ဖလှယ်ရန်အစား အစာအပိုအလျှံကိုရရှိလာကြသည်။ သို့ဖြစ် ပေရာ ယင်း သည်တန်း မြင့်ဝမ်း စာရှာစား မှု ရေး စနစ်တွင်အကျုံး ဝင် ပေသည်။ ထို့ကြောင့်အင်ဂျန်ခို့ ကျေးရွာ နေဂျိန် ဖေ သွတို့၏ စီး ပွား ရေး လုပ်ငန်း သည်အဆင့်မြင့်ဝမ်း စာရှာစား မှု ရေး စနစ်နှစ်မျိုး စလုံး တွင်အကျုံး ဝင် ပေသည်။ အခြား စီး ပွား ရေး လုပ်ငန်း ငယ်များ ဖြစ် သောအိမ်တွင်း မှုလုပ်ငန်း အများ စုသည်လည်း အဆင့်မြင့်ဝမ်း စာ ရှာစား မှု ရေး စနစ်တွင်အကျုံး ဝင် ပေသည်။

အင်ဂျန်ခို့ ကျေး ရွာတွင်ထူး ချွန်လုပ်ငန်း လုပ်သူကိုများ စွာမ တွေ့ ရပေ။ အိမ်တွင်း မှုလုပ်ငန်း များ ဖြစ် သော စက်ဘီး ပြုပြင်ခြင်း ၊ အထည်ချုပ်လုပ်ခြင်း ၊ ဘက်ထရီအား သွင်း ခြင်း စ သော လုပ်ငန်း များ ကိုသာထူး ချွန်လုပ်ငန်း အဖြစ် တွေ့ရသည်။ အင်ဂျန်ခို့ ကျေး ရွာ နေဂျိန် ဖေ သွတို့၏ စီး ပွား ရေး လုပ်ငန်း များ ကိုမနုဿဗေဒ ရှုထောင့်မှခြုံ၍ကြည့် သော်အဆင့်မြင့်စီး ပွား ရေး စနစ် ကို အခြေခံ ကြောင်း လေ့လာ တွေ့ရှိရသည်။ ခြုံ၍ဆိုရ သော်အင်ဂျန်ခို့ ကျေး ရွာသား တို့၏ စီး ပွား ရေး ထိုးကက် ပြောင်း လဲလာမှုသည်လူမှုရေးကဏ္ဍ အသီး သီး တွင်အကျိုး သက်ရောက်မှုများ စွာဖြစ် ပေါ် စေ ကြောင်း လေ့လာ တွေ့ရှိရပါသည်။

## အခန်း ၄။

## အတွေးအခေါ်နှင့်ရိုးရာပွဲတော်များ

(က) <u>ယုံကြည်ကိုးကွယ်မှု</u>

ကချင်ပြည်နယ် တောင်တန်း ဒေသများ နှင့်ပြည်နယ်အနှံ့အပြား တွင် နေထိုင်ကြသော ရှေး ခေတ်ဂျိန်ဖေါ့တိုင်း ရင်းသား အား လုံး သည် ကောင်းကင်၊ နေ၊ လ၊ ရေ၊ မြေ၊ တော တောင်တို့ကိုပိုင်စိုး စောင့်ရှောက် တော်မူ သော နတ်မျိုး စုံကိုသာ ပူဇော်ပသကိုး ကွယ်ခဲ့ကြသည်။ သို့ရာတွင် ၁၉ ရာစု နှောင်း ပိုင်း ၌အ နောက်နိုင်ငံသား များ၏သာသနာပြုလုပ်ငန်း များ ကြောင့်ဂျိန်ဖေါ့လူမျိုး တို့၏လူ နေမှုစနစ်သည်တမျိုး တဖုံ ပြောင်း လဲခဲ့သည်။ ဂျိန်ဖေါ့အပါအဝင်ကချင်လူမျိုး အ မြောက်အများ သည်ခရစ်ယာန် ဘာသာကို သက်ဝင်ယုံကြည်လာကြသည်။ ထိုအခါရှေး ဟောင်း အယူဝါဒဖြစ်သည့်နတ် ကိုး ကွယ်ခြင်း ၊ ပူဇော်ပသခြင်း အ လေ့အထကိုစွန့်လွှတ်လာကြသည်။ အမေရိကန် လူမျိုး သာသနာပြုဆရာတို့သည်<u>နှစ်ခြင်း ခရစ်ယာန်</u>[၁]ကိုလည်း ကောင်း၊ ရောမလူမျိုး သာသနာပြုဆရာတို့သည် <u>ရိုမင်ကတ်သလစ်ခရစ်ယာန်</u>[၂]ကိုလည်းကောင်း၊အင်္ဂလိပ်လူမျိုး

---

၁။ Baptic Christianity

၂။ Roman Cathelic Christianity

သာသနာပြုဆရာတို့သည် အင်္ဂလိကန်ခရစ်ယာန်[1] ဂိုဏ်း အသီးသီး သာသနာပြုခဲ့ကြသည်။ သို့ဖြစ်ရာ ဂျိန်ဖော့တို့သည် ရှေးခေတ်မှ ခရစ်ယာန်ဘာသာဝင်များ မဖြစ်ကြသေးသော ၁၉-ရာစုနှောင်းပိုင်း အထိ ကာလကို - နတ်စားခေတ်[2] ဟူ၍ ခေါ်ကြသည်။ ထိုရာခေတ်တွင် ဂျိန်ဖော့ဘာသာစကားဖြင့် နတ်ဂျော့နီ[3] ခေါ် နတ်စားသူများ သို့မဟုတ် နတ်ကိုးကွယ်သူများ ကို ယနေ့ခေတ်တိုင်အောင် ကချင်ပြည်နယ် တောင်ပေါ်ဒေသများတွင် လည်းကောင်း၊ ကာမိုင်း၊ ဟူးကောင်း ဒေသများတွင်လည်းကောင်း တွေ့ရဆဲဖြစ်သည်။ မြစ်ကြီးနား မြို့နယ်နှင့် ဗန်းမော်မြို့နယ်ရှိ အချို့ကျေးရွာများ တွင်လည်း အနည်းငယ် တွေ့ရသည်။

ရှေးခေတ်ဂျိန်ဖော့လူမျိုးတို့၏ဘာသာရေး ယုံကြည်မှုများတွင် နတ်များသည်အဓိကဖြစ်သည်။ နတ်တို့သည်လူတို့ထက်မြင့်မြတ်ပြီး တန်ခိုးလည်းကြီး သည်ဟုယုံကြည်သည်။ နတ်တို့သည်သက်ရှိသတ္တဝါမှန်သမျှကိုလည်းကောင်း၊ သက်မဲ့ အရာဝတ္ထုမှန်သမျှကိုလည်းကောင်း ဖန်တီးပေးနိုင်သည်။ စောင့်ရှောက် ပေးနိုင်သည်။ ဖျက်ဆီးပစ်နိုင်သည်ဟူ၍ယုံကြည်ကြသည်။ တနည်းအားဖြင့် နတ် သည်ကမ္ဘာမြေကြီးတစ်ခုလုံးနှင့်သက်ရှိသက်မဲ့အရာအားလုံးကိုမိမိသဘော အလျောက်ပြုလုပ်နိုင်ပြီး ကောင်းကျိုး၊ ဆိုးကျိုး သုသမှုကိုလည်း စွမ်းဆောင် နိုင်သည်ဟုယုံကြည်ကြသည်။ ဤယုံကြည်ချက်ဖြင့်ဂျိန်ဖော့တို့သည် ဘေးအန္တရာယ်ကင်း ငြိမ်းစေရန်လည်းကောင်း၊ နေ့စဉ်ဆောင်ရွက်နေသောစီးပွားရေး လုပ်ငန်းများ ထိုးတက်အောင်မြင်စေရန်လည်းကောင်း၊ လူမှုရေးနှင့် ဆိုင်သော အိမ်ထောင်ပြုခြင်း၊ သားဖွားခြင်း တို့လွယ်ကူအဆင်ပြေစေရန် လည်းကောင်း နတ်ကိုကိုးကွယ်ချဉ်းကပ်မှုပြုကြခြင်းဖြစ်သည်။

(က)(၁) <u>နတ်အမျိုးမျိုး</u>

ဂျိန်ဖော့လူမျိုးတို့ကိုးကွယ်သည့်နတ်ပေါင်း မြောက်မြားစွာ ရှိ သည်။ ၎င်းတို့၏အဆိုအရ ဖန်းနှင်ဆန်ကြယ်နင်ကျန်ခေါ် ဖန်ဆင်းရှင်နတ် ၊ ကမ္ဘာစောင့်နတ်၊ နေနတ်၊ လနတ်၊ မိုးနတ်၊ မိုးကောင်းကင်နတ်စသည် တို့အပြင် တောတိုင်း၊ တောင်တိုင်း၊ သစ်ပင်တိုင်း၊ အဆောက်အဦးတိုင်း၊ မြစ်ချောင်း၊ အင်းအိုင်တိုင်းတွင်နတ်အပါး စိုးရှိကြသည်။ ထို့အပြင်ကွယ်လွန်သူ မိဘဘိုးဘွားတို့ကိုလည်း နတ်များအဖြစ်ရည်စူးကာပူဇော်ပသကြသည်။ ၎င်း တို့ကိုးကွယ်ပသကြသောနတ်အမျိုးအစား (၄) မျိုးရှိသည်ဟုဆိုသည်။

---

၁။ Angalican Christianity
၂။ Natijaw Parat
၃။ Natjaw Ni

ပထမအမျိုးအစားတွင် ကောင်းကင်ဘုံဗိမ္မာန်၌စိုးစံလျက် ရှိသောဖန်ဆင်းရှင်နတ်မင်း နှင့်အခြားအထက်နတ်မင်းများ ပါဝင်သည်။ အထက်နတ်မင်းများတွင် ကောင်းကင်ကိုစိုးစံသော မူနတ် သည်အထင်ရှားဆုံးဖြစ်သည်။

ဒုတိယအမျိုးအစားတွင်ပါဝင်သောနတ်များမှာအာကာသကို အစိုးရသော မဒိုင်နတ်[2]၊ လကိုအစိုးရသော ရှတာနတ်[3]၊ မိုးကြိုးကိုအစိုးရတော်မူသော မူချဲနတ်[4]၊ မုန်တိုင်းကိုဖန်ဆင်းသော ဘုံဖွဲ့နတ်[5]၊ မိုးကိုအစိုးရသော မရန်နတ်[6] နှင့်နေကိုအစိုးရသော ဂျန်နတ်[7] တို့ဖြစ်သည်။

တတိယအမျိုးအစားနတ်များတွင် မြေကြီးကိုစိုးမိုးသော ဂါးနတ်[8] တောင်စောင့်နတ်ခေါ် တောင်ကိုစောင့်ရှောက်တော်မူသော ဘွမ်နတ်[9] နှင့်ဘိုးဘွားနတ်များဖြစ်ကြသည့် ကဂျိကဝယ်နတ်[10] များပါဝင်သည်။

စတုတ္ထအမျိုးအစားတွင်မကောင်းရွာမကောင်း ကြောင်းကို သာဖန်တီးကြသောအငယ်စားနတ်မျိုးများဖြစ်ကြသည့် ဖြီနတ်[11]၊ ခေါ်စုန်းနတ်၊ အင်ဆူးနတ်[12] ခေါ်ကဝေ၊ လမွမ်နတ်[13]၊

---

၁။ Mu nat

၂။ Madai nat

၃။ Shata nat

၄။ Muche nat

၅။ Bungpoi nat

၆။ Marang nat

၇။ Jan nat

၈။ Ga nat

၉။ Bum nat

၁၀။ Kaj Kawai nat

၁၁။ Hpyi nat

၁၂။ Nsu nat

၁၃။ Lamum nat

ခေါ် နတ်ဆိုး တမျိုး ၊ "ဆောန်း နတ်"[၁] ခေါ် နတ်ဆိုး တမျိုး ၊ "ဆဝါနတ်"[၂] ခေါ် အစိမ်း သေ နတ်ဆိုး တမျိုး ၊ "အင်ဒန်နတ်"[၃] ခေါ် အစိမ်း သေ နတ်ဆိုး တမျိုး ၊ "လဆော့ပ်နတ်"[၄] ခေါ် ကြွက်ကဲ့သို့ ဖန်ဆင်း နိုင်သော နတ်စိမ်း ဆိုး ။ "အင်ဗျာနတ်"[၅] ခေါ် ခုနစ်ရက်မလည်ခင် သေသော ကလေး နတ်၊ "ဆင်လပ်နတ်"[၆] ခေါ် နတ်ဆိုး တမျိုး တို့ပါဝင်သည်။

ဂျိန်ဖော့တို့ကလူတို့တွင်ရှင်ဘုရင်၊ မှူး မတ်၊ သာမန်လူ၊ ကျေးကျွန် စသည့်လူတန်း စား များ ရှိကြသကဲ့သို့ နတ်တို့တွင်လည်း အတန်း အစား အမျိုးမျိုး ရှိသည်ဟုယုံကြည်ကြသည်။ သာမန်အား ဖြင့်အဆင့်အတန်း မြင့် သော နတ်တို့သည် လူတို့အား ကောင်း ကျိုး ချမ်း သာကိုသာဖြစ် စေ သော်လည်း အဆင့်အတန်း နိမ့်ကျ သော နတ်တို့မှာ ဆိုး ကျိုး ကိုသာ ဖန်တီး ပေး ကြသည်ဆို၏။ နတ်တို့၏အဆင့်အတန်း နှင့်ပြုမူ ဆောင်ရွက်ချက်များ ပေါ်တွင်မူတည်၍ အောက်ပါအတိုင်း ခွဲခြား နိုင်ကြသည်။ ကမ္ဘာ လောကကြီး နှင့်သက်ရှိသက်မဲ့အလုံး စုံကို ဖန်ဆင်း ပေး ခဲ့ သော ဖန်း နင်ဆန်ကြယ်နင်ကျန်အား ဘုရား သခင်နှင့် သော်၎င်း ၊ နတ်တကာ တို့၏အဘွတ်အထိပ်ဖြစ်ပြီး ဘိုး ဘွား စဉ်ဆက်မှအဝိုက်အရာခံဒူဝါများ ကသာ ချဉ်းတပ်ကိုး ကွယ် ခွင့်ရှိ သော မဒိုင်နတ်မင်း ကြီး ကိုသမ္မတအဖြစ် သော်၎င်းခိုင်း နှိုင်းကြသည်။ "ဂါး နတ်" ခေါ် မြေစောင့်နတ်များ ထဲတွင်အကြီး ဆုံး ဖြစ် သည့် – "ရှဒစ်နတ်" သည်လူတို့နှင့်နတ်ကြီး နတ်မြတ်တို့ကိုကြား မှဆက်သွယ် ပေး သည် ။ မဒိုင်နတ်မင်း ကိုပူဇော်ပသသည့်အခါရှဒစ်နတ်မှတဆင့်ပူ ဇော်ရသည်။သို့ဖြစ်၍ရှဒစ်နတ်ကိုဝန်ကြီး ချုပ်နှင့် သော်လည်း ကောင်း ၊ လူတို့၏အသက် စည်း စိမ်ကိုကာကွယ် စောင့်ရှောက် ပေး ရ သော "ဂျထွန်နတ်"[၈] ကိုကာကွယ် ရေးဝန်ကြီး နှင့် သော်လည်း ကောင်း ခိုင်း နှိုင်း ကြသည်။ ထို့အပြင်နတ်အချင်း ချင်းအကြား တွင်ဖြန် ဖြေ ပေး နိုင် သော၊ လူတို့၏အပြစ်ကိုကြီး သွား အောင်သို့မဟု တ်

---

၁။ Sawm nat

၂။ Sa-wa nat

၃။ Nadang nat

၄။ Lasawp nat

၅။ Nbya nat

၆။ Sing Lap nat

၇။ Shadip nat

၈။ Jahtung nat

ယော်သွား အောင်ဖန်တီး ပြုပြင်ပေးနိုင်သော "မရော်နတ်"[၁] ကိုတရားသူကြီး နှင့်သော်လည်းကောင်း၊ လူတို့ကိုချမ်းပေးတတ်သော သောင်းနတ်ကို ရဲနှင့်သော်လည်းကောင်း၊ သေဘေးကိုဖန်တီးနိုင်သောလသော့ဝ်နတ်ကို စစ်သားနှင့်သော်လည်းကောင်း နှိုင်းယှဉ်ကြသည်။ (မှတ်ချက်။ ။ ကိုလိုနီခေတ်ပြိတိသျှရဲနှင့်စစ်သားကိုရည်ညွှန်းခြင်းဖြစ်သည်။)

ဖန်း နင်ဆန်ကြယ်နင်ကျန်နတ်

မုန်ဂေါင်ကျွန်းမီး နှင့်မုန်ဝ္ဗဝ်ဝယ်ဆွမ်း တို့အသက်မဲ့အရာအားလုံး ကိုဖန်ဆင်း မြုပြင်နိုင်ရန်အာကာကျန်လွှဲအပ်ခဲ့သော ဖန်း နင်ဆန်ကြယ်နင်ကျန်ခေါ် တန်ခိုး ရှင်သည်လူနတ်သတ္တဝါအားလုံး နှင့်တက္ကစကြဝဠာတခုလုံး ကိုအစဉ်း မဲ့ အိမ်ပြင်သော ပုဂ္ဂိုလ်ဖြစ်သည်ဟုယုံကြည်ကြသည်။ ဖန်နင်ဆန်ကြယ်နင်ကျန်သည်အိုခြင်း၊ နာခြင်း၊ သေခြင်း စည်းတူသော ဝဋ်ဆင်းရဲအပေါင်း မှကင်းလွတ်စေနိုင်သူ ဖြစ်၍လူနတ်အားလုံး ၏အရှင်သခင်ဖြစ်ကာထိုအရှင်သခင်၏ဆန္ဒအဘိအမဲဘတိုင်း စကြဝဠာတခုလုံး နှင့်တက္ကစကြဝဠာအတွင်း တွင်ရှိနေကြသောလူနတ်အားလုံး တို့အသက်ရှင်နေထိုင်ကြရမည်ဟုယုံကြည်ထားကြသည်။ ၎င်း သည်အထက်ဘုံတွင်စံမြန်း နေပြီး လူနတ်အားလုံး ၏ကောင်းကျိုး ချမ်းသာကိုပြုပြင်ဖန်ဆင်း သည်။ နတ်ဆိုး တို့နှင့်တကွသို့လူသတ္တဝါတို့အား အန္တရာယ်မပြုပေ။ လူနတ်တို့၏ပူဇော်ပသမှုကိုလည်း ခံယူစရာမလိုပေ။ လူနတ်တို့ပူဇော်မှုစား ရသောက်ရသော ပုဂ္ဂိုလ်မျိုး မဟုတ်ပေ။ အလိုအလျောက်ပြည့်စုံနေသော ပုဂ္ဂိုလ်ဖြစ်၍မကောင်း သူကိုပယ်ကာကောင်း သူကိုချီး မြှောက်သူဖြစ်သည်ဟု၍လည်း ယုံကြည်ကြသည်။ ဖန်း နင်ဆန်ကြယ်နင်ကျန်အား ကျွဲ၊ နွား၊ မျှား ပူဇော်သည့်အခါသတ်၍မပူဇော်ရပေ။ အရှင်အတိုင်းပူဇော်၍ ထိုသတ္တဝါကို ဘေးမဲ့လွှတ်ထားရသည်။

မြေနတ်

မြေနတ်တွင်ကမ္ဘာမြေကြီး နှင့်သက်ဆိုင်သော နတ်များ အားလုံးပါဝင်သည်။ အကြီးဆုံး နတ်ကိုရှဒစ်နတ်ဟု ခေါ်သည်။ ရှဒစ်နတ်သည်ဖန်နင်ဆန်ကျယ်နင်ကျန်၏အစီအမံအတိုင်း ကမ္ဘာမြေကြီး ကိုပုံသွင်း သူဖြစ်သည်ဟုဆိုသည်။ ကမ္ဘာကြီး နှင့်တကွသက်ရှိသက်မဲ့အရာများ ကိုဖန်ဆင်း ခဲ့သောမုန်ဂေါင်ကျွန်းမီး နှင့်မုန်ဝ္ဗဝ်ဝယ်ဆွမ်း ပြန်လည်ဝင်စား သောနတ်ဖြစ်၍သူကပင်မိုး နတ်ခေါ် ကောင်းကင်နတ်များ ကိုပြန်လည်မွေး ဖွား ခဲ့သည်ဟုဆိုသည်။

---

၁။ Maraw nat

ကောင်းကင်နတ်

ကောင်းကင်နတ်ကို ဂျိန်ဖော့ဘာသာစကားဖြင့် "အုင်စာနတ်"[၁] သို့မဟုတ် အထက်နတ်ဟု ခေါ်သည်။ ဂျိန်ဖော့တို့၏ ယုံကြည်သော နတ်များ အနက် ကောင်းကင်နတ်များ သည်အကြီးအကဲ နတ်များ ဖြစ်ကြသည်။ ထို ကောင်းကင်နတ်အား လုံးသည် ပဒစ်နတ်မှ ဆင်းသက်လာသော နတ်များ ဖြစ်၍ ထိုနတ်များ ထဲတွင် အချမ်းသာဆုံး နှင့်အမြင့်မြတ်ဆုံး နတ်သည် မဒိုင်နတ်ဖြစ်သည်။ မဒိုင်နတ်သည် ကောင်းကင်နတ်များ ထဲမှအကြီး အကဲဖြစ်သည်ဟုဆိုသည်။ မဒိုင်နတ်ကိုအနွံ့ နှံအခါကြီး သောကျူဝါ ရှိ နယ်များ တသာ ပူဇော်ပသရသည်။ ပူဇော်ပသရာတွင် လေး နှစ်လျှင်တကြိမ် ပူဇော်ပသရသည်။ ၎င်း အား ပူဇော်ပသသည့်အခါအတ များ ဖြင့်ပူဇော်ပသ ရသည်။ မဒိုင်နတ်ကို မထုံမသာ နတ်ဟုလည်း ခေါ်သည်။ မဒိုင်နတ်၏သမီး ဖြစ် သူ "မဒိုင်ဖရော်ငါ"[၂] သည်လူသား ဖြစ် သော ဂျိန်ဖော့ဒူဝါထဲမှ "ရှင်ဂရာဝါ ဂွမ်ဂျာ"[၃] နှင့်လက်ထပ်ထိမ်း မြား ခဲ့ရာ မယုမါမ ( ယောက္ခမ၊ သား မက် ) ဆက်ဆံရေး အရမဒိုင်နတ်သည် ဂျိန်ဖော့ဒူဝါတို့၏ ယောက္ခမ ဖြစ်သည်။ ထို့ ကြောင့်ဒူဝါများ မှသာမဒိုင်နတ်ကိုပူဇော်နိုင်ခြင်း ဖြစ်သည်။ မဒိုင်နတ် မှ တဆင့်လည်း မဒိုင်နတ်၏ ဖခင်ဖြစ် သော ပဒစ်နတ်ခေါ်မြေနတ်ကို ပူဇော်နိုင်ခွင့် ရှိသည်။

အခြား ကောင်းကင်နတ်တပါး ဖြစ်သည့်မိုး ကြီး နတ်တွင်ဘုံ့ ခေါ် မုန်တိုင်း နတ်သမီး တပါး ရှိသည်။ ထိုနတ်သမီး သည်လူသား ဖြစ် သောသာ မန် လူတန်း စား ထဲမှ "ခရိုင်မာ"[၄] ဆိုသူ၏ဇာမဲ့သား နှင့်လက်ထပ်ထိမ်းမြား ခဲ့သည်။ ထို့ကြောင့်သာမန်လူတန်း စား ဂျိန်ဖော့တို့နှင့်မိုး ကြီး နတ်သည်မယုဓါမ ဆက်ဆံရေး အရ မိုး ကြီး နတ်သည် ယောက္ခမ ၊ သာမန်လူတန်း စား တို့ သည် သား မက်ရိုး များ ဖြစ်လာကြသည်။ ထို့ကြောင့်သာမန်လူတန်း စား တို့ သည် ကောင်းကင်နတ်များ ထဲမှ ယောက္ခမရိုး ဖြစ်သူမိုး ကြီး နတ်ကိုပူဇော်နိုင်ခွင့် ရှိသည်။ ပူဇော်မသရာတွင်သမီး ဖြစ်သူဘုံ့ ခေါ်မုန်တိုင်း နတ်သမီး မှတဆင့် ပူဇော်ပသရသည်။

---

၁။ Ntsa nat

၂။ Madai Hparaw Nga

၃။ Shingrawa Gumja

၄။ Hkraima

မုန်တိုင်း မျှား ထင်း ဝေး ဝေရန်ဆွဲ၍ ၎င်း၏ မုန်တိုင်း နတ်သမီးတို့သည်း ပူဇော်မသကြသည်။ ၎င်း နတ်သမီးတို့ ပူဇော်မည်ဆိုပါက ယဇ် ကောင် တကောင်ဖြင့် ကောင်ယာထိစ် တောစစ်တွင် ပူဇော်ရသည်။ ပူဇော်ရာတွင်ယင် တကောင်လုံး ကိုချက်ပြုတ်ပူဇော်ပြီး ပူဇော်ပြီး ဝီး ပါက ပူဇော်မသထားသော် အသား များကို ဈေး ရောင်းရန် ယဇ်ပူဇော်ထားသည့်အသား များ ထိုစားရ၍ ကုန်နိုင်မည့်လူဦး ရေကို မှန်း၍ ၏ သေခေါ်သွားရသည်။ ပူဇော်မသပြီးမီ ပါက ကိုက်ပါသွား သော ကလေး လူကြီး အားလုံး ပူဇော်ပြီး သည့်အသား များကို စား သောက်ကြရသည်။ စား သောက်ရာတွင်အ ကိုအချိုမထွေ့ ရေ။ ဆီ ဆိုလည်း မယူခဲ့ရ။ တောင်ယာထဲသို့လည်း ယူမသွား ရပေ။ အား လုံး စား သောက်ပြီး ဝီး ပါက ထ ယောက်ပြီး တ ယောက် "ရေခစ်သွား လိုက်အုံး မယ်၊ ထင်း သွား ရှာအုံး မယ်၊ အ ပေါ့ စွန့်သွား အုံး မယ်" စသည်ဖြင့်ပြန်လာမည့်တန် ရိုး ပြော ဆိုကာ ထပြန်ရသည်။ နောက်ဆုံး ကျင်ကျန်ခဲ့ သော သူက "ဒီလူ တွေ ကြာ လို ကိ တာ၊ လိုက်ရှာလိုက်အုံး မယ်" ဟုပြောပါး ဝီး ဖြန်း ကာ ပြန်ခဲ့ရသည်။ ဤသို့ မဟုတ် ပါက မုန်တိုင်း နတ်သမီး ပါလိုက်ပါလာပြီး အ နှောက်အယှက်တစုံတရာ ပြုမည်ကိုစိုး ရိမ်သော ကြောင့်ဖြစ်သည်။

အခြား ထင်ရှား သော ကောင်း ကင်နတ်များ မှာ မုနတ် ခေါ် ဝိုး ကောင်း ကင်နတ်၊ ဆင်လဝ် ခေါ် ဝိုး မှောင်နတ်၊ "အင်ဆုံနတ်" ၁ ခေါ် လေနတ်တို့ဖြစ်သည်။

ဝိုး ရွာနတ်

ဝိုး ရွာနတ်တွင်ဝိုး ဝိုး ဝိုး ရွာနတ်၊ ဝိုး ရွာနယ်ရှင်နတ်နှင့် ဝိုး ရွာနယ် ကောင်နတ်တို့ပါဝင်သည်။ ဝိုး ဝိုး ဝိုး ရွာနတ်ဆိုသည်မှာ ပုဂ္ဂလိကသီး သုန့်ဆိုင်ရာနတ်များ ဖြစ်သည်။ နတ်တိုး ထွယ် သောဂျိန်ဖော့ တိုက်ဆီဖိတိုင်း တွင် ဝိုး ရွာနှင့်ဆိုင် သောသီး သန့်နတ်စင်များ ရှိသည်။ ဝိုး ရွာနတ်ကို "ကဂျိက ဝယ်နတ်"၂ ခေါ်အဝိုး အဖွား နတ်ဟု ခေါ် သော်လည်း အဖိုဖက်မှနတ်၊ အမိဖက်မှနတ်ဟူ၍ မခွဲဝဲအမနှင့်ဆိုင် သောနတ်များ သည်သာဝိုး ရွာနတ်များဖြစ်ကြသည်။ တနည်း အား ဖြင့်အဖေ မိဘနှစ်ပါး ၊ အဘိုး ၏ မိဘနှစ်ပါး ၊ အဘေး ၏ မိဘနှစ်ပါး စသည်တို့တို့ နတ်အဖြစ် ပူဇော်ခြင်း ဖြစ်သည်။ ထိုပုဂ္ဂလိကဝိုး ရွာနတ်များ သည်အခြား နတ်များ ကဲ့သို့တန်ခိုး အာနုဘော်ကြီး မှာသည်မဟုတ်ပေ။ ။ ဝိုး ဝိုး ဝိုး ရွာနတ်ကိုယ် ရေး ကိုယ်တာနတ်ဟုမင်ဆိုနိုင်သည်။ အ ရေအတွက် မှာ လည်း လူမျိုး ဆက်များ လာသည်နှင့်အမျှတစတစ များ လာခဲ့သည်။ အ ထူး သဖြင့်အဆက်များ ရှာအထိတည်တံ့နေ သောဝိုး ဝိုး ဝိုး ရွာနတ်များ သည်အစိမ်း သေ သေသူများ ဖြစ်ကြသည်။ ကောင်း ကင်နတ်များ ကိုပူဇော်ရာတွင် ပထမ

---

၁။ Nbung nat

၂။ Kajikawai nat

ဦး၊ နွားဝိုး ဝိုး ဝိုး ရာနတ်ကိုပူဇော်ရသည်။ ၄င်း မှတဆင့် ကောင်း ကင်နတ်
ကိုပူဇော်ရသည်။

ဝိုး ရာနတ်ရှင်နတ်ဆိုသည်မှာ အုပ်ချုပ်သူအကြီး အကဲ ဒူဝါတို့ကိုးကွယ် သော
နတ်ဖြစ်သည်။ နယ်ရှင်ဒူဝါကြီး များ ၏ နေအိမ်တွင်နတ်စင်နှစ်စင်ထား ရှိသည်။
နတ်စင်တစင်မှာ ဒူဝါကြီး ၏အဖမျိုး ဝိုး နှင့်ဆိုင် သော ဝိုး ရာနယ်ရှင်၏နတ်စင်
ဖြစ်၍အခြား နတ်စင်တခုမှာ ပထမဦး ဆုံး သော ဂျိန် ဖော့အမျိုး သား ဒူဝါ တို့
၏ဖခင်ကြီး ဖြစ် သော ဂျိန်ရာဝါ၀ွမ်ဂျာ၏ ယောက္ခမကြီး ဖြစ်သူ မဒိုင်နတ်၏ နတ်
စင်ဖြစ်သည်။ ယေဘူယျအား ဖြင့်ဝိုး ရာနယ်ရှင်နတ်သည်ဒူဝါတို့၏သား အဆွေးဆုံး
မှဆင်း သက်လာ သော သား အ ဆွေး ဆုံး ပင်ဖြစ်၍ မျိုး ဝိုး ကိုပြန်၍ဆက်လိုက်ပါက
ပထမဆုံး ဒူဝါမျိုး ကိုမျိုး စေ့ချခဲ့သူမှ နတ်ဖြစ်လာ သော ``အူမား နတ်``[၁] ပင်
ဖြစ်သည်။ မျိုး ဝိုး ကိုပြန်၍စစ်လျှင်ဒူဝါတို့၏ဝိုး ရာနယ် စောင့်နတ်မှာ မဒိုင်
နတ်၏သား မက်ပင်ဖြစ်သည်။ ထို့ကြောင့်ဝိုး ရာနယ် စောင့်နတ်ကိုပူဇော်နိုင်
ခွင်း ပင်လျှင်ဒူဝါတဦး ၏အာဏာရှိမှုအခြေခံတရပ်ဖြစ်သည်။ ဝိုး ရာနယ်ရှင်
နတ်မှတဆင့်ရှဒစ်နတ်ကိုပူဇော်နိုင်သည်။ ထိုသို့ရှဒစ်နတ်ကိုပူဇော်ရန်မှာ ဝိုး
ရာယုံကြည်မှုအရအသီး အနှံ ဖွံ့ဖြိုး ရေး အတွက်အရေး ကြီး သောအချက်တရပ်ဖြ စ်
နေ သော ကြောင့်နယ်တနယ်တွင်စိုက်ပျိုး ရေး လုပ်ကိုင်စား သောက် နေထိုင် ကြ
သော ကျေး ရွာသား များ သည်မိမိတို့အတွက်ရှဒစ်နတ် ခေါ် မြေနတ်ကိုပူဇော် -
ပေး သော ဒူဝါအား အမဲ ပေါင်တပေါင် ပေး ခြင်း ၊ ကောက်ဦး သီး နှံ ဦး
ပေး ခြင်း စသည့်ဆက်သရခြင်း ကိုပြုကြရခြင်း ဖြစ်သည်။

ဝိုး ရာနယ် စောင့်နတ်ကိုဂျိန်ဖော့ဘာသာစကား ဖြင့် ``မွန်းနတ်``[၂]
ဟုခေါ်သည်။ မွန်း နတ် ခေါ် နယ် စောင့်နတ်သည်ဒူဝါတို့၏ဝိုး ရာနတ်မဟုတ်ပေ။
ဒူဝါစနစ်မထွန်း ကား သော နယ် မြေများ တွင်အူမား နတ် ခေါ် ဝိုး ရာနယ်ရှင်
နတ်မရှိ ပေ။ သို့ရာတွင်ထိုနယ် မြေကို စောင့်ရှောက် နေ သော နတ်ကိုပင် မွန်း
နတ် ခေါ် နယ် စောင့်နတ်အဖြစ်အသိအမှတ်ပြု၍ နယ်သူနယ်သား များ ကပူဇော်ကြ
သည်။

မွန်း နတ်များ ဖြစ်ကြ သော ``ဒိန်နူနတ်``[၃] နှင့် ``ဒိန်ဝါနတ်``[၄]
တို့သည် မွေး ဖွား ရေး ၌ ကောင်း ကျိုး ကို ပေး နိုင် သော နတ်များ ဖြစ်သည် ဟု
ဆိုသည်။ ၄င်း တို့ကိုကျွဲ၊ နွား စသည့်ယဇ် ကောင်ကြီး များ ကိုသတ်၍ပူဇော်ပသ ရ
သည်။

---

၁။ Uma nat

၂။ Mung nat

၃။ Ding ny nat

၄။ Ding wa nat



ယဇ်ပူဇော်မည့်ကျွဲကို အသင့်ပြင်ဆင်ထားပုံ



ကျွဲကိုမသတ်မီရွတ်ဖတ်သရစျယ်နေပုံ



ယဇ်ပူဇော်မည့်ကျွဲကိုလှံဖြင့်ထိုးနေပုံ



လှံဖြင့်ထိုးပြီးနောက်ဆွဲလှဲ၍လည်ပင်းကိုလှီးနေပုံ

နတ်ဆိုးများ

အထက်တွင် ဖော်ပြခဲ့သော နတ်ကောင်း နတ်မြတ်များ အပြင်လူတို့အား အမြဲအန္တရာယ်ပြုနေသော နတ်ဆိုးများလည်း ရှိသေးသည်။ ``ဂျထုံနတ်``[၁] ခေါ်သော နတ်ဆိုးများ သည်တံငါသည်နှင့်မုဆိုးများ၏အလုပ်ကို နှောက်ယှက်ဖျက်ဆီး လေ့ရှိပြီး လူအမျိုးသမီးနှင့်သတ်သတ္တဝါမှ ပေါက်ဖွားလာသော နတ်များဟုယုံကြည် ကြသည်။ ဆောန်း နတ် ခေါ် နတ်ဆိုးတမျိုးသည်အမျိုးသမီးများ မီးဖွားရာ တွင်အနှောက်အယှက်ပေး သော နတ်ဖြစ်ပြီး လူသားအမျိုးသမီးနှင့်မျောက်တို့ မှပေါက်ဖွားလာသော နတ်ဟုယုံကြည်ကြသည်။ ဆောန်း နတ်သည် ချောင်းကြီးချောင်း ကြား ရေစစ်တလျှောက်တွင်ကျက်စား သော နတ်ဟုဆိုသည်။ ဂျထုံနတ်နှင့် ဆောန်း နတ်တို့သည်လူသား တို့၏သား မက်များ ဖြစ်၍လူတို့ထက်နှိမ့်ကျ သော ကြောင့်၎င်း တို့အား ပူဇော်ရာတွင်ဝက်၊ ကြက်၊ ခြွက်စသည်ဖြင့်သာ ပူဇော်ကြသည်။ ယဇ်ကောင် ကြီး များ ဖြင့်ပူဇော်ရန်မလိုပေ။ ဆောန်း နတ်များ ၏ နှောက်ယှက်မှုကြောင့် မီး ဖွား ရင်း သေဆုံး သူများ သည် ဆောန်း နတ်များ ပင်ဖြစ်လာသည်ဟုယုံကြည် ကြသည်။

ဆဝါနတ် ခေါ် အစီစီး သေနတ်ဆိုး များ သည်လူအပေါင်း တို့အား မတော် တဆထိခိုက်ဒဏ်ရာရစေ၍ သေကြေပျက်စီး စေသည်ဟုယုံကြည်ကြသည်။ တောင်ပေါ် မှလိမ့်ကျ၍ သေသူ၊ သစ်ပင်ပေါ်မှလိမ့်ကျ၍ သေသူ၊ ရေနစ်၍ သေသူစသည့်မတော် တဆထိခိုက်ဒဏ်ရာရ၍ သေသူများ သည်ဆဝါနတ်များ ဖြစ်လာကြသည်ဟုဆိုသည်။

အင်ဒန်နတ်သည်လည်း နတ်ဆိုး တမျိုး ဖြစ်ပြီး လူသား တို့အား အနှောက် အယှက် ပေး တတ်ကြသည်။ ကိုယ်ဝန်ဆောင်လျက် သေဆုံး သူအမျိုး သမီး များ ၊ ကိုယ် ဝန်ဆောင်အမျိုး သမီး ၏ သေဆုံး သူယောကျ်ား များ ၊ မီး ဖွား ရင်း သေဆုံး သူများ ၊ မီး ဖွား ပြီး ခုနစ်ရက်မလည်မီ သေဆုံး သူများ မှဖြစ်လာ သော နတ် များ ဖြစ်သည်။ ``အင်ဗျာနတ်``[၂] ခေါ် နတ်တမျိုး မှာ မွေး ဖွား ပြီးခုနစ် ရက်မလည်မီ သေဆုံး သွား သော ကလေး များ မှဖြစ်လာ သော ကလေး နတ်ဖြစ် သည်။ အခြား မွေး ကင်း စကလေး ငယ်များ ကို ခေါ်ယူတတ်သည်ဟုယုံကြည်ကြသည်။

ဆင်လဝ်နတ် ခေါ် နတ်ဆိုး ကိုလူတိုင်း မပသကြပေ။ ကိုး ကွယ်ပသသူများ သည်အိမ်နောက်အဝင်ဝ၏လက်ဝဲဖက်တံစက်မြိတ်နှင့်ကပ်လျက်တိုင်တွင်ဝါး လုံး ဖြင့် တဝ်ချည်ကာဝါး လုံး ထိပ်တွင်ယက်လုပ်ထား သော ခြင်း ထဲတွင်ယဇ် ကောင်ကိုသတ် ၍ ပူဇော်ရသည်။ သေး ငယ် သော ယဇ် ကောင်တို့ဖြင့်သာ ပူဇော်ကြပြီး အကြီးဆုံး ပူဇော် သော ယဇ် ကောင်မှာ ကြက်ဖြစ်သည်။ ပူဇော်ပြီး စွန့်ပစ် သော အသား နှင့်စား သောက်ဖွယ်ရာတို့ကိုကလေး ငယ်တို့အား မကျွေး ပေ။ ငယ်ငယ်ရွယ်ရွယ် အချိန်တွင်စား မိပါက အရာရာကို မေ့လျော့တတ် သော အကျင့်ဖြစ်လာမည်ကို စိုး ရိမ် သော ကြောင့်ဖြစ်သည်ဆို၏။

---

၁။ Jahtung nat

၂။ Nbya nat



ဆင်လဝ်နတ်ကိုပူဇော်ပသသည့်ခြင်း တောင်း မို့

လဆော့ဝ်နတ်၏ နတ်စီမံးဆိုးကိုအချို့သူများသာကိုးကွယ်ကြသည်။ ၎င်းနတ်ကိုကိုးကွယ်သူများသည် ထိမ်းမြားမင်္ဂလာပွဲ၊ အသုဘပွဲများတွင် ယဇ်ပူဇော်သောသားကောင်များ၏ သွေးစဲအနည်းငယ်ကိုအခြားသူများ မမြင်အောင်ယူဆောင်ရသည်။ ယူဆောင်လာသောသွေးစဲများကိုအိမ်ခေါင်မိုးနံအတွင်း ဖက်ခေါင်တန်းတွင်ကပ်၍ချည်ထားသောအဆစ်နှစ်ဖက်ပါဝါးခြမ်းစဲတွင်ထည့်၍ ပူဇော်ပသရသည်။ ၎င်းနတ်စီမံးဆိုးသည် ``ယူး``[၁] ၏ခြွက်ဖန်ဆင်းခံလူ၏ခန္ဓာကိုယ်တွင်းသို့ဝင်ရောက်တာ နှလုံးသွေးကြောတို့ကိုတိုက်ဖြတ်ပစ်နိုင်သည်ဟုယုံကြည်ကြသည်။ ၎င်းနတ်စီမံးဆိုးသည်တစုံတယောက်၏ခန္ဓာကိုယ်အတွင်းဝင်ရောက်သွားပါကထိုလူသည်မိနစ် ၃၀-အတွင်း သေနိုင်ပေသည်။ သေဆုံးသွားသောအခါမျိုးစဉ်၊ နှာခေါင်းတို့မှ သွေးများစီးထွက်လာသည်ဆို၏။ ထိုသို့သေအဖြစ်မျိုး မဖြစ်ရရန်ကိုးကွယ်ဆောင်ထားခြင်းဖြစ်သည်ဟုဆိုသည်။

ကြမ္မာနတ်

ဤနတ်များမှာအရေအတွက်အားဖြင့်အလွန်များပြားသည်။ ကြမ္မာနတ်များသည်မနာလိုဝန်တိုတတ်သောကြောင့် ၎င်းတို့၏အန္တရာယ်မှကင်းဝေးအောင်နေကြရသည်။ လူတယောက်စီးပွားတက်လာလျှင်အင်ဆူး၏ဝန်တိုမိသောနတ်များကစီးပွားပျက်အောင်ဆောင်ရွက်တတ်ကြသည်ဆို၏။ စေ့စပ်ကြောင်းလမ်းမှုများအောင်မြင်ပြီးမှကြမ္မာနတ်များ ဖျက်ဆီး၍စေ့စပ်ရေးပျက်ပြားတတ်သည်ဆို၏။ ၎င်းနတ်များသည်လူမှုရေးကိစ္စအဝဝတွင်ဝင်ရောက်ဖျက်စီးနိုင်သဖြင့်၎င်းတို့၏အန္တရာယ်မှကာကွယ်နိုင်ရန်ဝိုးဝိုးဝိုးရာနတ်ဖြစ်သော အိမ်စောင့်နတ်ကိုပူဇော်ပသ၍အိမ်စောင့်နတ်ကိုမောင်းထုတ်စေရသည်။ နတ်ကိုးကွယ်သူရှိန်ဖေ့တို့သည်လုပ်ငန်းတခုခုအောင်မြင်ရန်သက်ဆိုင်ရာနတ်များကို ပူဇော်သည့်အခါအနှောက်အယှက်မပေးကြရန်ကြမ္မာနတ်ကိုလည်းပူဇော်ရသည်။ မီးမဖွားနိုင်သည့်ကြမ္မာ၊ သေခြင်းကြမ္မာ၊ မနေကြမ္မာ၊ အခမ်းအနားကြမ္မာ၊ ကောက်သိမ်းပွဲကြမ္မာနတ်စသည်ဖြင့်အသီးသီးရှိရာကြမ္မာမဝင်စေရန် သက်ဆိုင်ရာကြမ္မာနတ်အား ဝက်၊ ခွေး၊ ကြက်စသည်တို့ကိုသတ်၍ပူဇော်ရသည်။

ရှန်းနတ်

နတ်ကိုးကွယ်သူရှိန်ဖေ့တို့သည် ``နူမ်လာ``[၂] သို့မဟုတ် ``မင်လာ``[၃] ၏လိပ်ပြာသို့မဟုတ်ဝိညာဉ်သည်လူ၏ခန္ဓာကိုယ်နှင့်အစဉ်ပူးတွဲလျက်ရှိသည်ဟုယူဆယုံကြည်ကြသည်။ ဝိညာဉ်နှင့်လူသည်အစဉ်တွဲနေမှသာလျှင်ထိုသူသည်အသက်ရှင်နိုင်

---

၁။ Yu

၂။ Numla

၃။ Mingla

သည်။ ခန္ဓာကိုယ်မှ ဝိညာဉ်ထွက်ခွာသည်နှင့်တပြိုင်နက်လူသည်လည်း သေခြင်း သို့ရောက်သည်။ လူတကိုယ်တွင် ဝိညာဉ်တခုစီသာ ရှိ၍ ရုန်း အတတ်ကိုတတ်သော သူများတွင် ဝိညာဉ်အပိုတခုရှိသည်ဟုယုံကြည်ကြသည်။ ရုန်း ဝိညာဉ်ရှိနေသူများ သည် ၎င်းတို့ကိုယ်ကို ၎င်း တို့ ရုန်း ဝိညာဉ်ရှိနေမှန်း မသိကြဟုဆိုသည်။ ရုန်း ဝိညာဉ်ကိုရုန်းနတ်ဟုခေါ်သည်။ ရုန်း နတ်၏ ပယောဂကြောင့်အခြား လူများ ကိုအနှောက် အယှက်ဖြစ်စေနိုင်သည်။ သာမန်လူတစ်ဦး ထံဝင်ရောက်ပူး ကပ်နိုင်သည်။ ကလေးငယ်များ ကို လေထိုး ၊ ဗိုက်နာစေနိုင်သည်ဟုယုံကြည်ကြသည်။ ရုန်း နတ်သည်သားစဉ်မြေး ဆက်မပါတတ်သည်။ ရုန်း နတ်နှစ်မျိုး ရှိပြီး တမျိုး မှာခြံနတ် ခေါ်ငိုး ငိုး ရုန်း နှင့်ကျန်တမျိုး မှာ လမွှမ် ခေါ်ကဝေရုန်း ဖြစ်သည်။ ငိုး ငိုး ရုန်း သည်သာမန် လေထိုး ၊ ဗိုက်နာ၊ ဖျား နာမှု များ ကိုသာဖြစ်စေသည်။ ထိုအခါမျိုး တွင်ခေါ် စာပစ်၍ ရုန်း စာ ကျွေး ရသည်။ အစာကျွေး ရာတွင်အရိုး အရင်း များ၊ ကြက်ဥအခွံများ ၊ ငရုတ်သီး ၊ ထမင်း ခဲ၊ ပြာတို့ကိုဆန်ကောထဲတွင်ဖက်နှင့် ထည့်၍ ဖက်ထုတ်ကိုညမှောင်သောနေရာတွင်သွား ရောက်ချထား ရသည်။ ထိုသို့ချ မထား မီ ``ရုန်း နတ်များ ယခုကျွေး ထား သောအစာကိုစား ၍ကိုယ့်အိမ် ကိုယ့်အရပ်သို့ပြန်ပါ။ မပြန်လျှင်ဓါး နှင့်ခုတ်သတ်ရပါမည်။ လှံကိုဖြတ်ရပါမည်။ ဦးခေါင်းကိုခွဲပစ်ရပါမည်။ စား စရာများ ကိုဓါးပြီး မိမိအရပ်သို့ပြန်ပါ``ဟု၍ခြိမ်းခြောက်မောင်း နှင်ရသည်။ ကဝေရုန်း ကမူကြက် ဖန်ဆင်း၍ လူ့ခန္ဓာကိုယ်အတွင်း သို့ဝင်ရောက်ကာအူအသည်း များ ကိုကိုက်ဖြတ်နိုင်သည်အထိ ဥပါဒ် ပေး နိုင်သည်ဟုဆိုသည်။

တစုံတယောက်သည် ရုန်း အတတ်ကိုတတ် နေပါက သို့မဟုတ်ရုန်း ဝိညာဉ်ရှိနေပါက သူ၏ ခင်ပွန်း သို့မဟုတ်ဇနီး နှင့်သား သမီး များ သို့ပါကူး နိုင်သည် ဟု ယုံကြည်ကြသည်။ ဖသား ရုတရုဒ်ရုန်း ဝိညာဉ်ရှိသူပါလျှင်ရပ်ရွာကထိုအိမ်သူအိမ်သားများ ကို ပေါင်း သင်း ဆက်ဆံခြင်း မပြုလိုကြပေ။ ထိုသို့အများ က ရုန်း ဝိညာဉ်ရှိနေသည်ကိုသိသောအခါရုန်း ဝိညာဉ်ရှိ သောအိမ် ထောင်သို့သွား ၍ ရုန်း နတ် ကိုတော်လှန်ရန်တိုက်ထွန်း ရသည်။ ၎င်းသို့တိုက်ထွန်း ပြီး နောက် ``မြိတ္တွယ်`` ခေါ် နတ်ဝင်သည်ဆရာကြီး ၏အကူအညီဖြင့်ရုန်း နတ်ကို တော်လှန်ပစ်ကလူသစ်ဖြစ်နိုင်သည်ဆို၏။ အချို့က ရုန်း ဝိညာဉ်ပပျောက်သွား ရန်ရုန်း ဝိညာဉ်ရှိနေသူကိုအသေသတ်ပစ်မှသာမျိုး ဆက်ပြတ်နိုင်သည်ဟုဆို၏။

(က)(၂) နတ်ဆရာများ

နတ်အမျိုး မျိုး နှင့်ပတ်သက်၍ကိုး ကွယ်ပူဇော်ပသရာတွင်အရေး ပါသည့်ပုဂ္ဂိုလ်များ မှာ ``ဂျိုင်ဝါ``[၁] ခေါ်အကြီး ဆုံး နတ်ဆရာ၊ ``ဒွမ်ဆာ``[၂] ခေါ်နတ်ဆရာ၊ ``ဂွာင်ဂျော့ဝါ``[၃] ခေါ်နတ်တောဆရာ၊ ``မြိတ္တွယ်``[၄] ခေါ်

---

၁။ Jaiwa

၂။ Dumsa

၃။ Nwatwa

၄။ Myithtoi

နတ်ပူး ဆရာ၏ နတ်ဝင်သည်၊ ``ခင်ဂျောင်''[၁] ၏ နတ်စောပြင်ဆင်သူနှင့် ``ဖုန်လွမ်း''[၂] ၏ အကူနတ်စောပြင်ဆင်သူသို့မဟုတ်အရက်၊ ခေါင်ရည်ပြင်ဆင်သူတို့ဖြစ်သည်။ ၎င်း ပုဂ္ဂိုလ်များ ထဲတွင်မြို့တွယ် ၏ နတ်ပူး ဆရာသို့မဟုတ်နတ်ဝင်သည်၊ အင်ဖေါ့ဒ်ဝါ ၏ နတ်ဟောဆရာ၊ ဒူမ်ဆာ ၏ နတ်ဆရာနှင့်ဂျိုင်ဝါခေါ် အကြီး ဆုံး နတ်ဆရာတို့သည်ဘာသာရေး တွင်သာမက လူမှုရေး တွင်လည်း အရေးပါသော ပုဂ္ဂိုလ်များ ဖြစ်သည်။

နတ်ကိုး ကွယ်သူ ဂျိန်ဖေါ့တို့သည် နတ်တို့ကိုအလွန်ရို သေလေး စား ကြသော်မက ကြောက်ရွံ့မှုလည်း အလွန်ကြီး သည်။ နတ်များ အကြောင်း ကိုလည်းမပြောဆိုရဲကြပေ။ စကား ပြောမှား ခဲ့သော်သက်ဆိုင်ရာ နတ်က မကျေမနပ်ဖြစ် ကာဖမ်း စား မည်ဟုယုံကြည်ကြသည်။ ဂျိန်ဖေါ့တိုင်း နတ်ရေး နတ်ရာကိစ္စများ ကိုဂဃ ဏနသိကြသည်မဟုတ် ပေ။ နတ်ဆရာနှင့်နတ်ဟောဆရာကြီး များ ကသာ သိရှိသည်။ နတ်ဆရာများ ပင်လျှင်ဝါနုသူတို့မှာ ဝါရင့်သူများ လေ့ကျက်ပြည့်စုံစွာနားမလည် ပေ။ ထို့ကြောင့်သာမန်ပုဂ္ဂိုလ်များ အနေဖြင့်နတ်ကိစ္စမှန်သမျှကို နတ်ဆရာများ နှင့်သာလွှဲထား ပြီး နတ်ဆရာများ ညွှန်ကြား သည့်အတိုင်း သာလိုက်နာသည်။ နတ်ဆရာတို့၏တာဝန်ဝတ္တရား များ မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဂျိုင်ဝါ

ဂျိုင်ဝါ ၏ အကြီး ဆုံး သောနတ်ဆရာကြီး များ သည်မနောပွဲနှင့် ထိမ်း မြား မင်္ဂလာပွဲကဲ့သို့ သောအလွန်အရေး ကြီး သောပူဇော်ပွဲများတွင်သာ ဆောင်ရွက်သည်။ အများ အား ဖြင့်ဂျိုင်ဝါများ မှာအသက်အရွယ်အိုမင်းရင့်ရော်သူများ ဖြစ်ပြီး နတ်ပူဇော် ရေး ကိစ္စများ တွင်အတွေ့အကြုံဗဟုသုတကြွယ်ဝ၍ နတ်တို့၏သမိုင်း စဉ်၊ ရိုး ရာဆောင်ရွက်မှုများ ကိုသိကျွမ်း နား လည်ပြီးသူများဖြစ်သည်။ ဂျိုင်ဝါကြီး ကိုယ်တိုင် ဆောင်ရွက် သောမင်္ဂလာပွဲကြီး များ တွင်ဂျိုင်ဝါကြီး က ဂျိန်ဖေါ့လူမျိုး တို့၏ကမ္ဘာမြေကြီး မပေါ်မီအချိန်မှစ၍ယနေ့မျက်မှောက်ခေတ်အထိသမိုင်း ကို၃ – ရက်၊ ၃ညတိုင်တိုင် ဟောကြားလေ့ရှိသည်။ မထုံမထာနတ်မင်းကြီး က၎င်း အကြောင်း အရာများ ကိုသား ရေချပ် ပေါ်တွင် ရေး၍ဂျိန်ဖေါ့တို့အား ပေး လိုက်သည်။ ဂျိန်ဖေါ့လူတစုတ၎င်း သား ရေချပ်ကိုဖုတ်ကင် စား သောက်လိုက်သဖြင့်ဂျိန်ဖေါ့တို့တွင်စာပေပျောက်ဆုံး ခဲ့ရသည်ဆို၏။ ထိုစာပေ သား ရေချပ်ကိုစား သောက်လိုက် သောမျိုး နွယ်များ သည်ယခုအခါတစ်ရွာတစ်ယောက်သို့မဟုတ်တနယ်တယောက် မျှပြန့် ပေါ်လျက်ရှိသည်။ ထို့ကြောင့်သာယခုခေတ် နတ်ဆရာတို့ကလူ့သမိုင်း စဉ်ကြီး တခုလုံး ကိုအမှား အယွင်း မရှိအစီအစဉ် တကျ ရွတ်ဖတ်နိုင်ခြင်းဖြစ်သည်ဆို၏။ ရွတ်ဆိုရာတွင်အလင်္ကာဖြင့်ရွတ်ဆိုခြင်းဖြစ်သောကြောင့်

---

၁။ Hking jawing

၂။ Hpumlum



မနောပွဲတော်တွင်မဒိုင်နတ်ခေါ်
အထက်နတ်ကိုရွတ်ဖတ်ပူဇော်
နေသောဂျိုင်ဝါနတ်ဆရာကြီး ။



ငွန်ခါ မှန် နတ်ကိုပူဇော်နေစဉ် ။

နား ထောင်၍မပြီး နိုင်ဖြစ် လေသည်။ အဖွဲ့အနွဲ့တွင်သုံး နှုန်း သော ဝေါဟာရနှင့် ဝါကျစပ်ဟပ်ပုံမှာ ဂျိုင်ဝါတစ်ဦး လျှင်တမျိုး စီဖြစ်သည်။ ထို ဂျိုင်ဝါကြီး ရွတ်ဖတ် သော လင်္ကာ များ တွင်သုံး သည့်စကား လုံး များ သည်အသက်အရွယ်ကြီး ရင့်သူများ သာ နား လည်နိုင်ကြသည်။ သက်ကြီး ရွယ်အိုအချင်း ချင်း ဆွေးနွေးကြရာတွင် လည်း ခန့်ညား သော ရှေး ဟောင်း စကား လုံး များ ကိုသာ ရွေးချယ် သုံး နှုန်း လေ့ရှိကြသည်။ ဂျိုင်ဝါသုံး နှုန်း ပြောဆို သော စကား များ ကိုလူငယ်လူရွယ် နှင့်အမျိုး သမီး များ သည်လုံး စေ့ပတ် စေ့နား မလည်ကြဘဲအဓိပ္ပါယ်အကျဉ်း ချုပ်မျှကိုသာ သဘော ပေါက်နား လည်ကြသည်။ ဂျိုင်ဝါသို့မဟုတ် နှစ်ဆော ခေါ် နတ်ဆရာ ဖြစ်လိုသူအချို့သည် နတ်တို့နှင့်သက်ဆိုင် သော ဝေါဟာရ၊ လင်္ကာ များ ကိုကျွမ်း ကျင် သော နတ်ဆရာ ဂျိုင်ဝါကြီး များ ထံအဖိုး အခ ပေး ၍ အုတ်ထိုက်သင်ကြား လျက်မှတ် ကြသည်လည်း ရှိသည်။ ဂျိုင်ဝါတစ်ဦး ကိုပင့်၍ နတ်ပူဇော်ရ သော အဖိုး အခ မှာ မနည်း ပေ။ ဂျိုင်ဝါအား အနည်း ဆုံး ကျွဲတစ်ကောင်နှင့် မောင်း များ ပေး ရသည်။

ဒွမ်ဆာ

ဒွမ်ဆာ ခေါ် နတ်ဆရာ သည်ဂျိုင်ဝါအောက်မှ နတ်ဆရာ ဖြစ်သည်။ ထိုနတ်ဆရာ တွင်အဆင့်သုံး မျိုး ရှိရာ ပထမတန်း ဒွမ်ဆာသာ လျှင် ကောင်း ကင် နတ်နှင့် မြေနတ်များ ကိုပူဇော်နိုင်၍ ၎င်း အား "ဂါး ဒွမ်ဆာ" [1] ဟု ခေါ် သည်။ ဒုတိယတန်း ဒွမ်ဆာ သည်ရိုး ရာ နတ်များ ကိုသာ ပူဇော်နိုင်၍ ၎င်း ကို "ဆူဒွမ်ဆာ" [2] ဟု ခေါ်သည်။ တတိယတန်း စား ဒွမ်ဆာ မှာ အနိမ့်ဆုံး ဖြစ်၍သာ မန်အသေး အဖွဲ့ကိစ္စ များ တွင်သာ ပူဇော်ပသခြင်း ပြုနိုင်သည်။ တတိယ တန်း နတ်ဆရာ သည်နတ်ပူဇော်ရာ တွင် ရေ၊ အရက်၊ ကြက်ဥ၊ ငါး ခြောက် - များ ဖြင့်သာ ပူဇော်တင် မြှောက်နိုင်၍ ဒုတိယတန်း နတ်ဆရာ သည်ဝက် တစ် ပိဿာ ပူဇော်နိုင်ပြီး ပထမတန်း နတ်ဆရာ ဖြစ်မှသာ လျှင်နွား ၊ နွား နောက် ကျွဲများ ဖြင့်ပူဇော်ပသနိုင်သည်။ သာ မန်ကိစ္စ များ အတွက် နတ်ပူဇော်ရာ တွင် ဝတ်သင် နေကျအဝတ်အစား ကိုပင်ဝတ်ဆင်၍ "မူနတ်" [3] နှင့် "မဒိုင်နတ်" [4] များ ကိုပူဇော် သော အခါအထူး အဝတ်အစား များ ကိုဝတ်ဆင်ရသည်။ ဦး ခေါင်း တွင်ငှက် မွေး များ ၊ အစွယ်များ တပ်ဆင်ထား သော ဦး ထုပ်ကို ဆောင်း ရသည်။ ကျွဲ၊ နွား များ ဖြင့်ပူဇော် ပေး သော ဒွမ်ဆာ သည်၎င်း အတွက် ကျွဲ

---

၁။ Gadumsa

၂။ Sudumsa

၃။ Mu nat

၄။ Madai nat



မနောပွဲမစမီ ချောင်းနဘေးတွင် ရေနတ်ကိုပူဇော်နေသော တတိယတန်းဒွမ်ဆာ။



လမ်းနဘေးတွင်လမ်းနတ်ကိုပူဇော်နေစဉ်။

နို့မဟုတ်နွား ပေါင်တပေါင်ရသည်။ ရှေး ယခင်က ဒွမ်ဆာအလုပ်ကိုအမျိုး သမီး များ လည်း တတ်ကျွမ်း ဆောင်ရွက်ခဲ့သည်တဲ့၏။ သို့သော်အမျိုး သမီး တို့က ပူဇော် ပေး ခကျွဲ ပေါင်နှစ် ရှောင်း တောင်း ရသော ကြေး ကြီး သဖြင့် နောက်ပိုင်းတွင် ကျွဲ ပေါင်တပေါင်သာ ပေး ရ သောအမျိုး သား နတ်ဆရာ များ ကသာ အတည်ဖြစ် လာသည်ဆို၏။

ခင်ဂျောင်

ဒွမ်ဆာ၏လက် အောက်တွင်ဒွမ်ဆာ၏လက် ထောက်အဖြစ် ခင်ဂျောင် ခေါ် ယဇ် ကောင်ကိုကိုင်တွယ်ရသူတစ်ဦး ရှိသည်။ ယဇ်ပူဇော်ရန်အတွက်သူကယဇ် ပလ္လင် ဆောက်ရသည်။ ပူဇော်ရန်ယဇ်ကောင်ကို ခုတ်ထစ် ပေး ရသည်။ အကယ် ၍ ကြက်၊ ငှက်များ ဖြင့်ပူဇော်မည်ဆိုပါကကြက်၊ ငှက်များ ကိုခြင်း ငယ်များ တွင် ထည့်၍ယဇ်ပလ္လင်တွင်ချိတ်ဆွဲထား ရသည်။ နတ်ဆရာက နတ်ပင့်ခြင်း ၊ ဆုတောင်း ခြင်း များ ပြုလုပ်ပြီး သောအခါယဇ် ကောင်ကိုခင်ဂျောင်ကလည်မျိုင်း လှီး ၍ သတ် ပေး ရသည်။ ယဇ် ကောင်ကြီး များ ကိုပူဇော် သောအခါယဇ် ကောင် ကို သတ်၍ ခုတ်ထစ်ပြီး သိုင်ရာ နတ်အတွက်သက်ဆိုင်ရာအသား တုံး များ ကိုခွဲ ဝေပြီး ပူဇော်ရသည်။ ခုတ်ထစ်ရာတွင်လိုက်နာကျင့်သုံး ရမည့်နည်း ဥပဒေများ မှာ အပွန်ကျယ်ဝန်း သည်။ ထိုကျယ်ဝန်း များ ပြား သောစည်း မျဉ်း များ ကို ခင်ဂျောင်က နား လည်ရသည်။ အသား များ ကိုခုတ်ရန်အတွက် ဖက်ရွက်များ ကို မည်ကဲ့သို့ ခေါက်ရမည်၊ ချိုး ရမည်၊ မည်သည့်အထုတ်တွင် မည်သည့်အသား ကိုထည့် ရမည်စသည်တို့ကိုတတ်ကျွမ်း ရမည်။ ယဇ် ကောင်၏ ပေါင်သား ၊ ဂုတ်သား ၊ နှလုံး သား ၊ အသည်း ၊ ကျောက်ကပ်တို့မှအသား တုံး က လေး ကိုစိတ်ဖြတ်ယူ၍အထုတ်ငယ် များ တွင်ထည့်ပြီး ယဇ်ပလ္လင် ပေါ်သို့တင်ဆက် ပေး ရသည်။ ထိုလုပ်ငန်း အတွက်ခင်ဂျောင်မှာကြက်ဖြင့်ပူဇော်လျှင်ကြက် ပေါင်တပေါင်ရ၍ဝက်၊ ကျွဲ၊ နွား စ သော ယဇ် ကောင်ကြီး များ ပူဇော်လျှင်လည်ပင်း သား ကိုရသည်။ အချို့ဒေသများတွင် နံသား ကို ရသည်။

ဖုန်လွှမ်း

ခင်ဂျောင်အား ကူညီရန် ဖွန်လွှမ်း ဆိုသူလက် ထောက်တစ်ဦး ရှိသည်။ ဖုန်လွှမ်း ၏တာဝန်ဝတ္တရား များ ကိုအမျိုး သမီး များ လည်း ဆောင်ရွက်နိုင် သည်။ သို့ရာတွင် ကောင်း ကင်နတ်များ ကိုပူဇော် သောအခါ ယောကျ်ား များ သာ ဆောင်ရွက်ရသည်။ ဖုန်လွှမ်း ၏တာဝန်မှာပူဇော် သောယဇ် ကောင်ကိုလှံဖြင့် ထိုး ၍ဖြစ်စေ၊ ဓါး ဖြင့်ခုတ်၍ဖြစ် စေသတ် ပေး ရသည်။ ရေနွေး ကျိုခြင်း စသော အသေး အဖွဲ့ဗာဟီရကိစ္စ များ ကိုလည်း ဆောင်ရွက်ရသည်။



နှဟ်ဆဂ့ၢငယ်ဖုနီလွမ်းကယဇ်ပူဖေ်ၢဂ့ၢ်ရနီကွဲ၊ ကိုလုံဖြင့်ထိုးသတ်နေပုံ။



အစိမ်းသေနတ်ဆိုးပျားဌာတွင်းသို့ဝင်ရောက်နှောက်ယှက်မှုမဖြစ်စေရန်ဌာပြင်တွင်ခွေးသတ်
ဂျိုပူဇော်နေစဉ်။

နတ်ပူဇော်ရေး တွင်ကိုယ်တိုင် ဆောင်ရွက်ရသည့်ဂိုင်ဝါ၊ ဒွမ်ဆာခင်ရောင်နှင့်ဖုန်လွှမ်း တို့အပြင်နတ်ပူဇော်ရာတွင်ပါဝင် သောဘာသာရေး ဆိုင်ရာပုဂ္ဂိုလ်များ လည်း ရှိသေး သည်။ ၎င်း တို့မှာအင်ဝေါ့ဒ်ဖါခေါ် နတ်ဟောဆရာနှင့်ခြံတွယ် ခေါ် နတ်ဝင်သည်တို့ဖြစ်သည်။ မည်သည့်နေရာ၌အိမ် ဆောင်သင့်သည်၊ မိဖိသားကို မည်သူ့သမီး နှင့်ပေး စား သင့်သည်၊ မိမိ၏ ပျောက်ဆုံးနေသော ကျွဲသည်မည်သည့်အရပ်တွင် ရောက်ရှိနေသည်၊ မည်သည့်နေ့တွင်အရောင်း အဝယ် လုပ်သင့်သည်၊ ဖျား နာနေသောအိမ်သား တစ်ဦး ကျန်း မာစေရန်မည် သည့် နတ်ကိုမည်သို့ပူဇော်ရမည်စသည့်လူမှုရေး ဆိုင်ရာ၊ ဘာသာရေး ဆိုင်ရာကိစ္စ များ အတွက်နတ်များ ထံမှရရှိမည့်အဖြေကိုအင်ဝေါ့ဒ်ဖါခေါ် နတ်ဟောဆရာ မှတဆင့်မေး မြန်း စုံစမ်း သိရှိရသည်။ အင်ဝေါ့ဒ်ဝါအား မေး မြန်း ရာတွင်နတ် ဟောဆရာကအဓိဋ္ဌာန်ပြုပြီး ပေါက်ဝါး ကိုမီး ရှို့၍ ၎င်း ၊ ''ရှာဘာလပ်''[၁] ခေါ် ဖက်ထုံး ရွက်သို့မဟုတ် ဖေခင်ဂမုန်း ရွက်ကိုအထုံး ကလေး များ ထုံး၍ ၎င်း၊ နတ် ပေး သူ၏သိလိုသောအချက်များ ကို ဖြေကြား လေ့ရှိသည်။ များ သောအား ဖြင့် ဒွမ်ဆာကိုယ်တိုင်အင်ဝေါ့ဒ်ဖါ၏အလုပ်၊ ဝတ္တရား များ ကို ဆောင်ရွက် လေ့ရှိသည်။ နတ်ပူဇော်ရာတွင်အင်ဝေါ့ဒ်ဝါသည်လည်း အရေး ကြီး သောပုဂ္ဂိုလ်ဖြစ်သည်။

ပေါက်ဝါး ကိုမီး ရှို့၍နတ်မေး သူ၏အမေး ကို ဖြေကြား ပုံမှာအောက် ပါအတိုင်း ဖြစ်သည်။ လုံး ပတ်၄လက်မခန့်ရှိပြီး အသစ်နှင့် ဖက်ပိတ် ပေါက်ဓါး ငယ် ကို အသင့်ဗိုထား သောမီး ဖိုတွင်မီး ကြွက်ရသည်။ ဝါး လုံး ကိုမီး ကြွက်စဉ် ဂိုရှာဂါထာ များ ကိုရွတ်ဆိုရသည်။ ဝါး လုံး ပေါက်ကွဲခါနီး တွင်လည်း ကောင်း ၊ ပေါက်ကွဲသည့် အခါတွင်လည်း ကောင်း မီး နှင့်ဝေး အောင်ချက်ချင်း ယူထုတ်ရသည်။ချက်ချင်း မယူထုတ်မိပါကဝါး လုံး ပေါက်ကွဲ၍ဖြစ် ပေါ်လာသောဝါး မျှင်ငယ်ကလေး များမီး လောင်ကျွမ်း သွား မည်ဖြစ်သည်။ ဝါး လုံး ပေါက်ကွဲသည့်အခါဝါး လုံး တွင်အမျှင် ကလေး များ ထွက်လာသည်ကို တွေ့ရသည်။ ဖြစ် ပေါ်လာသောအမျှင်ကလေး များ ကို ကြည့်ပါကအမျှင်တချို့မှာတမျှင်ချင်း ဖြစ် နေသည်ကို၎င်း ၊ အချို့မှာတခုနှင့် တခု ရောယှက် နေသည်ကို၎င်း တွေ့ရသည်။ ၎င်း တို့ကြည့်ပြီး ပူဇော်ရမည့်တိရစ္ဆာန် ၊ အမည်၊ ခရီး အသွား အလာတို့ကို ဟော လေ့ရှိသည်။

အခြား တစ်နည်း မှာဖက်ထုံး ကြည့်ခြင်း ဖြစ်သည်။ တောတောင် တို့ တွင် ပေါက်သည့်ရှာဘာလပ် ခေါ် ဖက်ထုံး ရွက်သို့မဟုတ် ဖေခင်ဂမုန်း ရွက်၏ ကျောရိုး ကိုယူပစ်ပြီး နောက်ဖက်ရွက်ကိုအစိတ်ကလေး များ ဖြစ် အောင်စိတ်ရသည်။ ထို့ နောက်ဖက်ရွက်ကိုအရင်း ပိုင်း တွင်လိမ်ထုံး ပြီး ပိုး ရာဂါထာကိုရွတ်ဆိုရသည် ။ တဖန်ခွဲစိတ်ထား သောအမျှင်ကလေး များ ကိုတခုနှင့်တခုထုံး ရသည်။ ထုံးရာတွင် အမျှင်နှစ်ခုကို ချန်ထား ရသည်။ ဤသို့ထုံး ပြီး နောက်ဖက်ရွက်၏အရင်း ပိုင်း ကို

---

[၁] Shaba lap

ပြန်ဖြေရသည်။ ဖြေလိုက်သည့်အခါမိမိရစည်း ထား သည့်ဖက်မှုဇိကလေးများ သည် အစဉ်အတိုင်း (ပထမနှင့်ဒုတိယ၊ တတိယနှင့်စတုတ္ထစသည်ဖြင့်) ထုံး ပြီး ဖြစ်နေ ပါက နတ်များ အနှောက်အယှက် မရှိဟုယူဆသည်။ အကယ်၍ထုံး လိုက်သည့်ဖက်မှုဇိကလေး များ သည်အစဉ်အတိုင်း မဟုတ်ဘဲတခုနှင့်တခု ကျော်၍ (ဥပမာ- ပထမနှင့်တတိယ ဒုတိယနှင့်ဆဋ္ဌမစသည်ဖြင့်) ဖြစ်နေပါကအနှောက်အယှက်များ ရှိနေကြောင်း သိ ရသည်။ ထိုအခါအနှောက်အယှက်ပြုသောနတ်အား မည်သည့်တိရစ္ဆာန်ဖြင့်ပူဇော် ပါက ချောက်ကင်း၊ သက်သာမည်၊ ကောင်း မွန်မည်စသည်တို့ကိုဆက်လက်ဖွက် ယူ ရ သည်။ အကယ်၍မသက်သာပါက၊ မချောက်ကင်း ပါကအခြား နတ်ထံ ပြောင်း၍ ပူ ဇော်ရသည်။ ယခု ခေတ် ဆေး တမျိုး ဖြင့်မသက်သာပါကအခြား ဆေး တမျိုး ဖြင့် စမ်း သပ်ကုသခြင်း နှင့်တူပေသည်။

မြိထွယ်

မြိထွယ် ခေါ် နတ်ပူး ဆရာသို့မဟုတ်နတ်ဝင်သည်၏အဆင့်အတန်း မှာ ဆင်ခေါ့န်ဒါထက်မြင့်မား သည်။ သို့ရာတွင်လုပ်ငန်း ချင်း မှာအတူတူလိုပင် ဖြစ် သည်။ မြိထွယ် ခေါ် နတ်ဝင်သည်၏ ပညာသည် ရိုး ရိုး အရတတ် မြောက် သော ပညာ မဟုတ်ပေ။ သင်ကြား ၍တတ် မြောက် သော ပညာလည်း မဟုတ်ပေ။ အလိုအလျောက် မြိထွယ် ခေါ် အကြား အမြင် ပေါက်လာခြင်း ပင်ဖြစ်သည်။ အချို့နတ်ဝင်သည်များသည် ၁၁-နှစ်၊ ၁၂-နှစ်အရွယ်မှစ၍အခြား သူများ မပြော သောထူး ထူး ခြားခြား စကား ကို ပြောတတ်လာခြင်း ၊ အခြား သူများ မကြား ရ သောစကား ကိုကြား လာခြင်း ဖြင့်လူကြီး သူမရွာသား အား လုံး စိတ်မနှံ့သူဟု၍သဘောထား ရာ မှ ၎င်း ပြောဆို သောစကား များ မှန်ကန် ကြောင်း သတိပြုမိလာပြီး နတ်ဝင်သည် မှန်း သိရှိလာကြသည်။ နတ်ဝင်သည် ခေါ် မြိထွယ်ထံသို့တောနတ်၊ တောင်နတ်၊ ရိုး ရာနတ်၊ အုမား နတ် ၁ များ ပူး ကပ်ရန် တောင်း ပန်ပြီး သက်ဆိုင် ရာ နတ်များ ပူး ကပ်လာ သောအခါသိလိုသမျှကိုမြိထွယ်ထံမှတဆင့်မေး မြန်း သိရှိရခြင်း ဖြစ်ပါသည်။ နတ်ဝင်လာ သောအခါမြိထွယ်သည်ရိုး ရိုး ဂျိန်ဖော့စကား ကိုမပြော တော့ဘဲ နတ်စကား ဖြင့်သာ ပြောဆို တော့သည်။ ပြောဆိုသမျှကို၎င်း နှင့်အတူလိုက် ပါသော ခေါ့န်ဒါ ခေါ် နတ်စကား ပြန်က နတ်မေး သူအား တဆင့်ပြောပြရသည်။ မြိထွယ် ခေါ် နတ်ဝင်သည်ထံနတ်များ ပူး ကပ်လာ သောအခါဓား သွား များ တဝင် ဆင်ထား သော လှေခါး ထစ်များ ပေါ်၌နင်း ၍ခါး ရှခြင်း မရှိဘဲ ပေ၃၀ - မြင့်မား သောနတ်စင်ထက်သို့တက်သွား နိုင်သည်ဆို၏။ နင်ခေါ့န်ဒါမဖြေရှင်း နိုင် သောကိစ္စများ ၌မြိထွယ်ကိုပင့်၍နတ်ဝင်ခိုင်း ကာ မေး မြန်း ရသည်။ ဆင် ခေါ့န်ဒါနှင့်မြိထွယ်ကိုပင့်ခေါ် ရာတွင်စရိတ်ကြီး ပါသည့်အပြင်မြိထွယ် ပြောသမျှ အ တိုင်း တသွေမတိမ်း လိုက်နာရသည်။ မလိုက်နာပါကအန္တရာယ် ရောက်တတ် သည် ဟုယုံကြည်ကြသည်။ မြိထွယ်ဝါဒီတို့ရပ်ရွာလူထုကြည်ညိုခြင်း ခံရသည်နှင့်အမျှနတ် ဝင် သည်တို့သည်နတ်မူ ရေး ရာတွင်ရွာသူရွာသား များ အပေါ်၌အတော်အသင့်သြဇာ ရှိကြသည်။

---

၁။ Umanat

ထိုသို့နတ်မှု ရေးရာနှင့်ပတ်သက်သည့်ဘာသာရေး လုပ်ငန်းများကို လုပ်ဆောင်သောဂိုင်ဝါ၊ ဒူမိဆာ၊ အင်နှဝဲ့ဒ်ဝါ ၊ ငြိမ်ထွယ်တို့သည်များ သော အားဖြင့်သာမန်လူတန်းစား " ဒရတ် "[၁] များထဲမှဖြစ်ကြသည်။ ဒူဝါ အမျိုးအနွယ်ထဲမှလုပ်ဆောင်သူဟူ၍ရှားပါး ပေသည်။

(က) (၃) ကိုးကွယ်ပူဇော်ပသမှုများ

နတ်ကိုးကွယ်သူတို့၏ ရိုးရာဓလေ့တွင်နတ်ပူဇော်ပသရေးသည် အလွန်အရေးကြီး သောလုပ်ငန်းဖြစ်သည်။ လူတစ်ဦး တယောက်တွင်ဖြစ်စေ၊ ယား တစ်စုတွင်ဖြစ်စေ၊ ကျေးရွာတရွာတွင်ဖြစ်စေကြမ္မာဆိုး တခုခုဆိုက်ရောက် လာပါကအင်ဝေ့ဒ်ဝါခေါ်နတ်ဟောဆရာအား ပင့်၍မေး မြန်း ရသည်။ ထိုအခါနတ်ဟောဆရာက ဖေါက်ဝါး ကိုကြည့်၍ဖြစ်စေ၊ ဖက်ထုံး ကိုကြည့်၍ဖြစ်စေ မည်သည့် နတ်၏ပယောဂဖြစ်ကြောင်း ဟောကိန်း ထုတ်သောအခါသက်ဆိုင်ရာနတ်အားလိုအပ် သောယဇ်ပသရသည်။ ယဇ်ကောင်ဖြစ်၍ချက်ချင်း မပူဇော်နိုင်ပါက မည်သည့် နေ့ရက်တွင်သို့မဟုတ်အမြန်ဆုံး တတ်နိုင်သည့်နေ့တွင်ပူဇော်ပါမည်ဟု ဂတိပေး ရသည်။ ဂတိပေး သည့်အနေဖြင့်ပူဇော်မည့်အသား ခြောက်ကိုဖက်နှင့်ထုတ်၍သင့်လျော် သောနေရာတွင်ကိုး ထား ရသည်။ ထိုသို့နတ်ကိုး ထား ပြီး နောက်ပူဇော် ရ မည့်နေ့သို့ရောက် သောအခါယဇ်မလွှင်ကိုတည် ဆောက်ရသည်။ ၎င်း နောက် ပူဇော်မည့်ယဇ် ကောင်ကိုယူလာပြီး နတ်ဆရာဒူမိဆာ ပါက နတ်ပင့် လျှောက်ရသည်။ နတ်ပင့်စကား မှာ နတ်တမျိုး နှင့်တမျိုး မတူပေ။ သုံး နှုန်း သောစကား မှာ လည်း သာမန်ပြောနေကျစကား မျိုး မဟုတ်ဘဲနတ်စကား နှင့်သာ ပြောရသည်။ နတ်စကား ကိုလူတိုင်း နား မလည်ဘဲ နတ်ဆရာများ သာ ပြောဆိုတတ်သည်။

နတ်ပွဲများ နှင့်ပတ်သက်၍ နှစ်မျိုး နှစ်စား ခွဲခြား ထား သည် ။ ၎င်း တို့မှာအိမ်ထောင်စုတွင်း နတ်ပွဲနှင့်လူထုနတ်ပွဲဟူ၍ဖြစ်သည်။ တအိမ်ထောင် ရှိနှင့်သာသို့ သောနတ်ပွဲဖြစ်စေ၊ အများ နှင့်ဆိုင် သောနတ်ပွဲဖြစ်စေဖိမိ တို့ ပူဇော် သောနတ်များ ၏အဆင့်အတန်း အလိုက်ပူဇော်ကြရသည်။ တနည်း အား ဖြင့်နတ်များ ၏ရာထူး အဆင့်အတန်း အလိုက်တိရစ္ဆာန်ကြီး ငယ်တို့ဖြင့်ပူဇော်ခြင်း ဖြစ်သည်။

ပူဇော်ပသလောအစီအစဉ်များ မှာ ယေဘူယျအား ဖြင့်

(၁) ဖိမိတို့ပူဇော်မည့်နတ်၏ ဂုဏ်သတင်း ၊ တန်ခိုး အာနုဘော်ကိုချီး မွမ်းကာ နတ်အား ကြွရောက်လာပါရန် ဖိတ်ကြား ခြင်း ၊

(၂) ပူဇော်သူ၏လိုအင်ဆန္ဒကိုနတ်အား ပန်ကြား ခြင်း ၊

(၃) နတ်၏ပြန်ကြား ချက်သို့မဟုတ်နတ်မှအလိုရှိသည်တို့ကို တောင်း ဆိုခြင်း ၊

---

၁ " Darat

(၄) နတ်၏ တောင်း ဆိုချက်အတိုင်း အစဉ်အလာမပျက်တင်ဆက် ကြောင်းလျှောက်ထား ခြင်း ၊

(၅) ဂတိပြုထား သောယဇ် ကောင်နှင့်တကွ နတ်ဆန္ဒရှိ သောအခြားအရာများကိုအ သေး စိတ် လျှောက်ထား မေး မြန်း ခြင်း ၊

(၆) ယဇ် ကောင်ကိုသတ်ပြီး ယဇ် ကောင်၏အသား အစိတ်အပိုင်း အမျိုး မျိုး ကို ခုတ်ပိုင်း၍ယဇ်ပလ္လင် ပေါ်တွင်တင်ဆက်ခြင်း ( ၎င်း ကိုခေါင်ရှောင်နှင့် ဖုန်လှမ်း တို့က ဆောင်ရွက်ရသည်။ )

(၇) ဆက်လက်၍ နတ်ဆရာက တင်ဆက် သောယဇ် ကောင်ကိုလက်ခံရန် နတ် အား ယဉ်ကြား ခြင်း ၊ အန္တရာယ်ပြုထား လျှင်ဖျက်သိမ်း ရန်မနှိုးကြား ခြင်း ၊ လိုအင်ဆန္ဒရှိသမျှကို ဆောင်ရွက် ပေး ရန်ကြား ခြင်း ၊ အန္တရာယ်အ မျိုး မျိုး တို့မှကာကွယ် စောင့်ရှောက်ရန်ပန်ကြား ခြင်း စသည်တို့ဖြစ်သည်။

အထက်ပါအစီအစဉ်များ ပြီး မှ လျှင်နတ်အား သက်ဆိုင်ရာသို့ ပြန် လည်ကြွ ပြန်း ပါရန် လျှောက်ထား တောင်း ပန်ရသည်။ ဤသို့နတ်အား ယဇ် ပူ ဇော်ရာတွင်တိရစ္ဆာန်၏သို့မဟုတ်ဝိညာဉ်ကိုသာပူ ဇော်ခြင်း ဖြစ်၍ကျန် ရစ် သောတိရစ္ဆာန်၏ကိုယ်ထည်အရိုး အသား တို့ကို မူယဇ်နတ်ပူ ဇော်ပွဲသို့ ရောက်လာ သောညီ့ပရိတ်သတ်များ ( ရသင့်ရထိုက် သော ဝေစုအတိုင်း ) ခွဲဝေ၍ ဝိုင်း ဝန်း စား သောက်ကြသည်။

နတ်ကိုး ကွယ်သူ ဂျိန်ဖော့တို့၏ ပုံး ရာယုံကြည်မှုအား လုံး ကိုခြုံ၍ကြည့် ပါက နတ်တို့ကျေနပ်မှုရရန်မှာအဓိကဖြစ် ကြောင်း တွေ့ရသည်။ ရွာတရွာ မိုး ကြိုး ပစ်ခံရသည်ဆိုပါက မိုး ကြိုး နတ်ကိုပူ ဇော်ပသရသည်။ သို့မဟုတ်ပါကတို့ ထ တ် ဆိုး ရွား သောအန္တရာယ်ကိုမှ ချရင်ဆိုင်ရ တော့မည်ဟုအယူရှိသည်။ ရွာတရွာ ဖြစ် စေ၊ အိမ်တဆောင်ဖြစ် စေ မီး လောင်ပါကယဇ်ပူ ဇော်၍ မီး နတ်ကို ရေ စင်ပက်ဖြန်း ကာ မောင်း ထုတ်ရသည်။ ရွာတရွာသို့ မီး လောင်ခဲ့ သော် လူ တစ် ယောက်ကို ရွေး ချယ်ကြသည်။ ထိုလူကို " <u>အင်ဖရန်ဝမ်</u> "[၁] ခေါ် မီး ပိုင်းထို စောင့်သည့်မီး စောင့်နတ် " <u>ဝမ်လဝမဂမ်</u> "[၂] အသွင်ကို ဆောင် စေ သည်။ လက်တဖက် မီး လောင် သောအိမ်မှပြာများ ကိုဆုတ်ကိုင်ထား စေပြီး ပါး စပ် နှ မီး ညှိထား သော ဆေး တံကိုခဲထား စေသည်။ ပြီး လျှင် မီး လောင်သည့် အိမ် နေရာကို၄ – ပတ်မျှပတ်ရင်း "ငါသည်ဝမ်လဝမဂမ်ဖြစ်သည်" ဟု ကြွေးကြော် ရသည်။ ၄ – ပတ်မျှပတ်ပြီး သည်နှင့်တပြိုင်နက်ရွာသူရွာသားများ ကထိုလူကိုဝိုင်း ပြေး အနီး ဆုံး ချောင်း သို့ ရောက် အောင်ဒဲများ ဖြင့်ပေါက်ကာ မောင်း ထုတ် ကြ ရသည်။ ထိုလူက ခုခံခြင်း ၊ ကာကွယ်ခြင်း များ တစုံတရာ မပြုလုပ်ရ ပေ။ ရှောင်တိမ်း ပြီး ပြေး ရသည်။ ချောင်း အလယ်သို့ ရောက် သောအခါမှလက်တွင်ပါလာ သောပြာများ ကို ရေထဲသို့ မျှောပစ်လိုက်ရသည်။ ထိုသို့မီး နတ်ကို ချောင်းအလယ် အထိလိုက်လံ မောင်း ထုတ် နေစဉ်တချို့လူတို့ကတရွာလုံး ရှိ မီး များ ကိုငြိမ်းသတ်

---

၁။ Nphrangwam

၂။ Wamlawa Magam

[illegible]ရသည်။ တပွာလုံး မီး ဟုရှ်အနည်း ဖယ်မှုပစ်မကျန် သောအစါနှစ်သော ဒေါ် နတ်သရာကကြက်၊ ဝက်စသည်တို့ဖြင့်ပူဇော်မအားပြီး မီး စောင့်နတ်ရှာသို့ ပြန်မလာရန်ဆုမှန် တောင်း တောင်း မနိရသည်။ အားလုံးပြီး မီး သေအ ခါ အမည်တွင် ``တုး `` ပါသော စရုဏ္ဏသား ယောကျ်ား တစ်ဦး နှင့်အမည် တွင် ``တု `` ပါ သော စရုဏ္ဏသမီး တစ် ယောက်တို့ကို မီး ငြိမ်း နှစ် ချောင်းအားပွတ်စေပြီး မီး အသစ်ကိုမြှုလုပ်ယူကြသည်။ ထိုမီး မှတဆင့်အိမ်တိုင်း အိမ်တိုင်း သို့အသုံးပြုရန်ကူး ယူကြရသည်။

အကယ်၍တစုံတစ် ယောက်သည် ရေနစ်၍ဖြစ်စေ၊ ကျား ဆွဲ၍ဖြစ်စေ သေဆုံး ပါကထိုကြမ္မာကို ဖန်တီး သည့်လဆာ နတ်ကို နောက်ထပ်အလား တူအမှု မျိုး မဖန်တီး စေရန်အတွက် ပူဇော်ပသရသည်။ အကယ်၍အမျိုး သမီး တစ်ဦး သည် မီး ဖွား စဉ် သေဆုံး သွား ပါကရိုး ရာထုံး တမ်း အတိုင်း သဂြိုဟ်ခြင်း အမှုကို ပြုရသည်။ ဤသို့မပြုလုပ်ပါကအမျိုး သမီး မှာ မကျွတ်မလွတ်ဘဲတစ္ဆေဒိန်း ဖြစ် လာပြီး အခြား သူတို့ကိုအလား တူအဖြစ်မျိုး ကြုံစေရန် ဖန်တီး ပေ တော့မည်ဟုယုံကြည်ကြသည်။ အနာရောဂါကိုကြိုတင်ကာကွယ် သောအား ဖြင့်တရံတဦး သည်စီးပွားဥစ္စာ တိုးတက်လာသည်ဖြစ် စေ၊ ခင်မင်သူ၊ ရိုသေ လေး စား သူ ပေါ်များ လာ သ ည် ဖြစ် စေ မ နာလိုဝန်တိုတတ်သည့်အင်ဆုနတ်ကိုပူ ဇော်ပသရစည်။ ခရီးထွက်ခွာ မီး ထွက်ဖြစ် စေ၊ လုပ်ငန်း တခုခု စခါနီး တွင်ဖြစ် စေ၊ အိမ် ဆောက် တော့မည့် အခါဖြစ် စေ၊ မင်္ဂလာအခန်း အနား ပြု တော့မည့်အခါဖြစ် စေ၊ အင်ဆုနတ် ကို ပူဇော်ရသည်။ တောင်ယာအသီး အနှံ ပို၍ထွက်ရန်၊ မွေး မြူထား သောတိရစ္ဆာန်များ တိုး ပွား ရန်၊ သား သမီး များ များ ဝား စား ထွန်း ကား ရန် ၊ အသက်ရှည်၍ ရောဂါများ ကင်း ရန်အတွက်လည်း နတ်ပူ ဇော်ပွဲကျင်းပရသည်။

စပါး စိုက်ချိန်နှင့်ကောက်ရိတ်ချိန်တို့တွင်လုပ်ငန်း အောင် မြင် ရေး အတွက်အိမ် စောင့်နတ်နှင့်ရွာ စောင့်နတ်တို့ကို ဦး တည်၍ယဇ်ပူဇော် ရ သည်။ တောင်ယာစခုတ်သည့်အချိန်မှစ၍ရွာစောင့်နတ်နှင့်အိမ်စောင့်နတ် တို့ကို [illegible] အကျဉ်း ချုံး ၍ပူဇော်ရသည်။ စိုက်ပျိုး ရေး စခါနီး အချိန်တွင် ကျေးရွာ ပိုင်သို့မဟုတ်နယ်ရှင်ဒု ဝါကိုယ်တိုင်ဦး ဆောင်၍ ကောက်စိုက်ပွဲကိုခမ်းခမ်း နား နား ကျင်း ပသည်။ ထိုအခါမျိုး တွင်အများ အား ဖြင့်ရွာဦး တွင်ရှိ သောနတ် ကျွန်း ၌ မြေနတ်ဖြစ် သောဂါး နတ်နှင့်ရွာဒေါ်နတ်အား ပူဇော်ပသ၍ဆု တောင်း ရသည်။ ရွာတွင်ပွဲလမ်း သဘင်ကျင်း ပ သောအခါနံနက် ပိုင်း ၌ထိုနတ်စင်တွ င် ကြက်ဥ၊ ဝါး ခြောက်၊ အရက်တို့ဖြင့်ပူ ဇော်ပသပြီး ညနေ ပိုင်း တွင်နတ်ကျွန်းသို့ နတ်သရာကြီး နှင့်သက်ကြီးရွာအကြီး အကဲနှစ်ဦး ထည်း သွား ရောက်၍ နတ် ကျွန်း အနီး သစ်ပင်ထား သော နေရာ၌ယဇ် ကောင်ကိုမြှုပ်နှံပြီး မြေနတ်အား ပသရသည်။ အကယ်၍နတ် ဟောဆရာအင်ဝေါ်ဒါက် ဟောဆိုချက်အရ နွား၊ ဝက် စသည်တို့ဖြင့်ပူ ဇော်ရမည်ဆိုပါကနွမ်းသော ဒေါ် နတ်သရာတစ်ဦး ထည်းသွားရောက် ကာယဇ် ကောင်ထိုးသတ်ပြီး မြေနှံမြှုပ်နှံ၍ မသရသည်။

ပူဇော်ကန်တော့ပြီး သောအခါနတ်စင်တို့ကျောခိုင်း၍ မပြန်ရဘဲ ရွာတွင်းသို့ နောက်ပြန်ဝင်ရသည်။ ထိုအခါမှ ရွာသားများသည် ၄-ရက်တိတိရွာပြင်သို့မထွက်ရပေ။ ဆန်ဖွပ်မောင်းထောင်းမှအစ မည်သည့်အလုပ်ကိုမျှမလုပ်ရဘဲ ``နန``[၁] ခေါ်အနားယူနေကြရသည်။ နန ဆိုသည်မှာအလုပ်လုပ်ခြင်းမှ ရှောင်ကျဉ်ခြင်းဖြစ်သည်။ ဝက်၊ ကြက်တို့ဖြင့်ပူဇော်ပါက ၂-ရက်တိတိသာ နနလုပ်ရသည်။ ရက်အားကုန်ဆုံးသွားသောအခါနတ်ဟော ဆရာ၏ ဟောသိုချက်အရအဟောထွက် သောအိမ်ထောင်စုကမျိုး စေ့မှာကိုတောင် ယာတွင်စတင်ရိုက်မျိုးရသည်။ ပြီးလျှင်နောက်ထပ် ၂-ရက်နနလုပ်ရသည်။ ထို ၂-ရက်အတွင်း ကြက်ဥ၊ ကြက်၊ အရက်များဖြင့်နတ်ပူဇော်ရသည်။ အချို့ သော ဒေသများတွင် ကောက်ပင်တက်လာ၍အပင်တဝက်ခန့်ရောက်သောအခါ - ``မယွန``[၂] ခေါ်ရက်အား ၄-ရက်ရ၍ထိုရက်အား အတွင်း နတ်ဟောဆရာ၏ အဟောအတိုင်း အဂ္ဂိဝါခေါ်သူကြီးသို့မဟုတ်ဒူဝါကိုယ်တိုင်ဦးဆောင်၍ နတ်တို့၏ဆန္ဒ အတိုင်း ပူဇော်ရပြန်သည်။

အသီးအနှံများ မှည့်လာသောအခါပထမစိုက် သောအိမ်ထောင်စု က ကောက်သစ်ခူး၍စားရသည်။ ထို့နောက်မှတရွာလုံး ကောက်သစ်စားပွဲ ကျင်းပကြသည်။ ကောက်သစ်စားပွဲကျင်းပရာသို့အနီးအနား ကျေးရွာများ မှ ဆွေမျိုးမိတ်သဂ်ဂဟများ အားလုံး လာရောက်ကြရသည်။ ထိုကောက်သစ်စား ပွဲသည် ဆွေမျိုးမိတ်သဂ်ဂဟများ ပြန်လည်တွေ့ဆုံကြသောပွဲလည်းဖြစ်သည်။ ကောက်ရိတ်ချိန်သို့ရောက်သောအခါစပါးနတ်ကိုကျေးဇူးတင်သည့်အနေဖြင့် ကောက်သိမ်းပွဲကျင်းပ၍ပူဇော်ပသပြန်သည်။ စပါးနတ်အား စပါးကျီတွင်နေရန်၊ စပါးအထွက်မလျော့ရန်၊ ရှေ့နှစ်အတွက် မျိုးစပါးများများရစေရန် ဆုတောင်းရသည်။ ထိုအခမ်းအနားအပြီး သတ်တွင်တောင်ယာ၌ချန်ထားသော စပါးနှံအချို့ကို အမျိုးသမီးတဦးက တောင်းတခုတွင်ထည့်၍မနိုင့်တနိုင်မ၍ ရွာသို့ယူသွားရသည်။ စပါးတစေ့တလေမျှအလေအလွင့်မရှိရအောင်ခွန်ထိုက် အားထိုက်ထိန်းသိမ်းကြောင်းနတ်တို့ကိုပြသသည့်သဘောဖြစ်သည်။ ဤသို့အား ဖြင့်တောင်ယာခုတ်ချိန်မှစ၍စပါးသိမ်းသည့်အချိန်အထိရိုက်မျိုး ရေး ရာ သီတလျောက်လုံးတွင်နတ်များကိုမမေ့မလျော့ပူဇော်ပသကြရသည်။

လူတစ်ဦးတစ်ယောက်၏ကျန်းမာရေးသည်လည်း နတ်တို့နှင့်သက် ဆိုင်သည့်ဟုဂိုန်ဖော့တို့ကယုံကြည်ကြသည်။ လူတစ်ဦးတစ်ယောက်မကျန်းမာလျှင် နတ်ဟောဆရာထံမေးမြန်း၍သက်ဆိုင်ရာနတ်တို့ကိုပူဇော်ပသရသည်။ ဆင်း ရဲနွမ်းပါးသူများ ပင်လျှင်ချေး ခ၍နတ်ပူဇော်ပသ သောအမှုကိုပြုကြသည်။

လူမှုရေး နှင့်ဆိုင်သော မီးထွက်အခမ်းအနား၊ မင်္ဂလာအခမ်း အနား နှင့်အသုဘအခမ်းအနားတို့တွင်လည်း နတ်မပါလျှင်မပြီး ပေ။ နတ်ကိုး ကွယ်သည့်ဂိုန်ဖော့လူမျိုးတို့သည်ပူဇော်နေကျအမှု၊ပသနေကျအမှု၊ကိုးကွယ်နေ ကျအမှုတို့၌ ပေါ့လျော့ခြင်းမရှိကြပေ။ နတ်တို့အတွက်သတ်မှတ်ထားသောပစ္စည်း

---

၁။ Nana

၂။ Mayuna

များ၊ နတ်နှင့်ဆိုင်သော အစားအသောက်များကို သတ်မှတ်ထားသော အချို့ သတ်မှတ်ထားသော နေရာတို့၌ အမှားအယွင်း မရှိအောင် အမြဲတစေ ထိန်းသိမ်းကြသည်။ နတ်နှင့်ဆိုင်သော ပစ္စည်းများကို အသစ်လဲလှယ်ပေး ရန်တန်လျှင် လဲလှယ်ပေးရသည်။ အစားအသောက်တင်ဆက် ချိန်တန်လျှင်တင်ဆက်ကြသည်။ အိမ် ထောင်စုတစုတွင် မွေးမြူထားသော ဆိတ်၊ နွား၊ ဝက်၊ ကြက်စသည်တို့မှ စားသုံးရန်အတွက် မရည်ရွယ်ပေ။ ယဇ်ပူဇော်ရန်အတွက်သာ ရည်ရွယ်ကြသည်။ မွေးမြူထားသော တိရစ္ဆာန်များကို နတ် ပူဇော်ပသပြီး သောအချိန်တွင်မှ အိမ်သားများ၊ မိတ်ဆွေသင်္ဂဟများ ခွဲဝေစားသောက်ကြရန်ဖြစ်သည်။ နတ်ကိုးကွယ်သူတို့သည် မိမိတို့အိမ်တွင် ဆိတ်၊ နွား၊ ဝက်၊ ကြက်တို့ကိုသာ မကအရက်၊ ခေါင်ရည် အမဲခြောက်၊ ငါးခြောက်၊ ကြက်ဥ၊ ဂျင်း စသည်တို့ကို ငွေ့ခင်တခင်သုံးခွဲနိုင်ရန်ထားကြမြဲဖြစ်သည်။

နတ်ကိုးကွယ်သည့်ဂိုဏ်ဖော်တို့သည် မည်သည့်နည်းနှင့်မျှ နတ်တို့အပေါ် ယုံကြည်မှုလျော့ပါးသွားခြင်း မရှိကြပေ။ ဥစ္စာပစ္စည်း ပျက်စီးခြင်း၊ ရွာမီးလောင်ခြင်း၊ သန်ရေစပါး မအောင်မြင်ခြင်း၊ ရွာတွင် ရောဂါဘယ ကျရောက်ခြင်း စသည်တို့အတွက် နတ်တို့အပေါ် မကျေမနပ်မဖြစ်ဝံ့ပေ။ အဘယ့်ကြောင့်ဆိုသော် နတ်တို့တန်ခိုးဖြင့်သာ ဥစ္စာစီးပွား ပြန်လည်တိုးတက်လာနိုင်သည်။ ရောဂါဘယငြိမ်းအေးနိုင်သည်။ သန်ရေစပါး တိုးပွားလာနိုင်သည်ဟုယုံကြည်သောကြောင့်ဖြစ်သည်။ ကြုံကြိုက်မှုရှိတိုင်း နတ်တို့ကျေနပ်စေရန်အတွက် ယဇ်ပူဇော်၍ တောင်းပန်ကိုးကွယ်လေ့ရှိကြသည်။ ဤသို့ပူဇော်လျက်နှင့်မှ အခြေအနေ ပြောင်းလဲမသွားခဲ့သော် ကြုံဆိုနေရသောကံကြမ္မာသည် ဖန်နင်သန်ကြယ်နင်ကျန်ခေါ် ဖန်ဆင်းရှင်၏ သန္တအတိုင်းဖြစ်သည်ဟုယူဆကြသည်။

ဤသို့ဖြင့် ရှေးခေတ်ဂိုဏ်ဖော်လူမျိုးတို့၏ လူ့ဘောင်တခုလုံးသည် နတ်ကိုးကွယ်မှုနှင့်ရစ်ပတ်လွှမ်းခြုံလျက်ရှိသည်။ ဘဝရပ်တည်မှုနိုင်မြဲရေး၊ ဥစ္စာစီးပွားတိုးတက်ရေး၊ အနာရောဂါအန္တရာယ်အသွယ်သွယ်ကင်းရှင်းရေး စသည်တို့အတွက် မွေးဖွားချိန်မှ သေသည်အထိ နတ်ကိုးကွယ်ခြင်း၊ နတ်ပူဇော်ခြင်း၊ နတ်မေးခြင်း၊ နတ်ကနားပေးခြင်းတို့ဖြင့် အတောမသတ်နိုင်အောင်ရှိကြသည်။

နတ်ကိုးကွယ်သည့်ဂိုဏ်ဖော်တို့သည် ကိစ္စတခုခုကို ဆောင်ရွက်မည့်အခါ ဖြစ်စေ၊ ကိစ္စတခုခု ပေါ်ပေါက်လာသည့်အခါဖြစ်စေ နတ်မေးခြင်းကိုပြုကြသည်။ နတ်မေးခြင်းဆိုသည်မှာ အကြောင်းကိစ္စတခုခု ပေါ်ပေါက်လာလျှင် မည်သည့်နတ်ကိုပူဇော်ရမည်။ မည်သည့်ယဇ်ကောင်သို့မဟုတ် မည်သည့်အစားအသောက်များဖြင့် ပူဇော်ရမည်ကို နတ်တို့အား မေးမြန်းခြင်းပင်ဖြစ်သည်။ ထိုလုပ်ငန်းကို အင်ဝေ့ဒါဝါခေါ် နတ်ဟောဆရာသို့မဟုတ် နတ်ဆရာ ဒွဲဆောဝါတို့က ပင်ဆောင်ရွက်သည်။ နတ်ဆရာသည် ဗေဒင်ဂမုန်း၊ ဗေဒင်ကျောက်တုံး၊ ဗေဒင်ပေါက်ဝါး၊ ဗေဒင်သစ်သားချောင်း နှင့်ကြက်ဥတို့ကို နတ်စင်ထက်တွင်တင်၍–

``အသင် ပေါက်ဝါး သို့မဟုတ် ပေဒင်ဂမုန်း ဈွန်ဝ်သီလို သောအရာကို ဖန်နင် ဆန်နင်ကျန်အား မေးမြန်း၍ထင်ရှား အောင်ပြလေလော့'' ဟုရွတ်ဆိုပြီး ဖမ်း စား ထား သည်ထင် သောနတ်ကို မထမပဆသည်။ သို့မဟုတ်၎င်း၎င်းသမျှ နတ်အား လုံး ကိုပင့်၍ ``မည်သူမည်ဝါအမည်ရှိ သောနတ်မင်း ရ-ရက်သား သမီး များ ကသစ်အလိုရှိရာ ပြောကြား ရန်ပန်ကြား ပါသည်။ များ နေသူကိုအသင် ဖမ်း စား ထား ပါက သင်နှစ်သက်ရာကို အမိန့်ရှိပါ'' ဟူ၍ ပြောကြား ရသည်။ ထိုအခါသက်ဆိုင်ရာနတ်စင် ပေါ်တွင်တင်ထား သော ပေဒင်ဂမုန်း၊ ပေဒင်ကျောက်တုံး စသည့်ပေဒင်ပစ္စည်း များ ထဲမှ တခုခုကိုအထိမ်း အမှတ် ပေးသည်ဟုဆိုသည်။ ဤတွင်နတ်ဟောဆရာက ဖော်ပြပါပေဒင်ပစ္စည်း ကိုယူ၍အ ဟောထုတ်ရန်လုပ်ငန်း စသည်။ ပေဒင်ပစ္စည်း များ နှင့်ပတ်သက်၍ရှင်း ပြ ရသော် . .

ပေဒင်ဂမုန်း

ပေဒင်ဂမုန်း ဆိုသည်မှာ ကုန်း မြက်တမျိုး ဖြစ်၍ ဂျိန်ဖော့ဘာသာစကား ဖြင့် ``ရှဘော့လစ်'' ဟု ခေါ်ကာ မြန်မာဘာသာဖြင့် ဖက်တုံး ရွက် ဟု ခေါ်ကြသည်။ အရွက်၎င်းအကြောများ မှာ တခုနှင့်တခု ရောယှက်မနေပဲ အစင်း လိုက်ဖြစ် ပေါ် နေသည်။ နတ်ဟောဆရာသည် ထိုမြက်ကို နတ်စင်မှယူ၍ အကြောအတိုင်း အမျှင်ကလေး များ ဖြစ်စေရန် ခွဲ၍ ထိုအမျှင်ကလေး များ ကို အထုံး ကလေး များ ပြုလုပ်သည်။ ထို့နောက်အထုံး များ ကိုပြန်၍ ဖြေလိုက်ပြီး တခုနှင့်တခု ပူး၍ကျန်ရစ် သော အကြောကလေး များ ကို ရေတွက်၍ ဟောကိန်း ထုတ်သည်။

ပေဒင် ကျောက်တုံး

ပေဒင် ကျောက်တုံး ဆိုသည်မှာ လက်သီး ဆုတ်ခန့်ရှိ သောသက်ရ ငြို့ကျောက်တမျိုး ဖြစ်သည်။ ထို ကျောက်တုံး မျိုး သည်အင်ခွန်ဝါ၏ ပေဒင် ကျောက်တုံး အမျိုး အစား ဖြစ်ပြီး ပေဒင် ဟောနိုင်သည်ဟုယုံကြည်ကြသည်။ နတ်ဟောဆရာသည် နတ်ပင့်ပြီး သောအခါနတ်စင်ထက်မှ ကျောက်တုံး ကိုယူ၍ကြိုးတချောင်း ၏အစတဖက်တွင် ချည်သည်။ ထို့နောက်ကျန်အစတဖက်မှကိုင်၍ ကျောက်တုံးကို ဆွဲလောင်း ဆွဲထား သည့်အခါ ကျောက်တုံး သည် ချိန်သီး ပမာ ရှေ့နောက် (သို့မဟုတ်) ဘယ်ညာ လှုပ်ရှား သည်ကို နတ်ဟောဆရာကကြည့်ပြီး မည်သည့်နတ် ဖြစ်သည်၊ မည်သည့်ပစ္စည်း ဖြင့်ပူဇော်ရမည်ကို ဟောကိန်း ထုတ်သည်။

ပေါက်ဝါး ပေဒင်

ပေါက်ဝါး ပေဒင်ဆိုသည်မှာ တောင်ပေါ် ဒေသတွင် ပေါက်ရောက် သောအလွန်အသား ပါး လှသည့်ဝါး တမျိုး ဖြင့်ကြည့်ရ သော ပေဒင်ဖြစ်သည်။ ဂျိန်ဖော့ဘာသာဖြင့်ထိုဝါး ကို ``ကထန်''[၁] ဟုခေါ်သည်။ နတ်ဆရာသည်နတ်

---

၁။ kahtan



ပေါက်ဝါးချောင်းများကိုမှန်ကန်စွာဟောကြားပေးရန်ပန်ကြားနေသောနတ်ဆရာ



ဗေဒင်ဟောရန်အတွက်ပေါက်ကွဲသွားသောပေါက်ဝါးကိုပြည့်ရှုစစ်ဆေးနေပုံ

စင်ထက်မှ ငင်း ဝါး ဝိုင်း ကိုယူ၍ မီး ဖို ပေါ် တွင်တင်ပြီး ကင်လိုက်ရာ အလွန်အသား ပါး လှသော ဝါး ဝိုင်း သည် ဖောက်ကနဲ ပေါက်ကွဲသွား သည်။ ထိုအခါ နတ်ဆရာက ဝါး လုံး ကွဲသွား ပုံနှင့်အ ကြောမျှင်ကလေး များ ပေါ် နေပုံကိုကြည့်ပြီး ဟောကိန်း ထုတ်သည်။

ပေဒင်သစ်သား ချောင်း

ပေဒင်သစ်သား ချောင်း ကလေး များ ကိုဂျိန်ဖော့ဘာသာဖြင့် ``ပဆယ်'' [၁] ဟု ခေါ်သည်။ အရှည် လေး လက်မခန့်ရှိ၍ မိုး ကြိုး ပစ် သောသစ်ပင်မှသစ်ဖြင့်ပြုလုပ်ထား သည်။ ထိုသစ်သား စကလေး များ ကို - ကျား ကိုက်၍ သေ သောဖြူဆူး အရိုးနှင့် ရောလိုက် သောအခါစုစု ပေါင်း ၃၃-စုံ ရှိရသည်။ နတ်ပင့်ပြီး သောအခါနတ်ဆရာသည်ထိုသစ်သား ချောင်း ငယ် များ နှင့်ဖြူဆူး များ ကိုတစုံစီတစုံစီလက်ဖျားရာပူး ၍ ချည် နှောင်ပြီး အပုံ ကလေး များ ဖြစ် အောင်သုံး ကြိမ် လေး ကြိမ်ခွဲ၍ စုပုံလိုက်ကာတပုံပုံတွင်အစုံမည်မျှပါရှိသည်၊ မည်သည့်အစုံနှင့်မည်သည့်အစုံတွဲ နေသည်ကိုကြည့်၍ မည်သည့်နတ်အား မည်သည့်ပစ္စည်း ဖြင့်ပူဇော်ရမည်ကို ဟောကိန်း ထုတ်သည်။

ကြက်ဥ ပေဒင်

နတ်ဆရာသည်နတ်ပင့်ပြီး နောက် နတ်စင်မှကြက်ဥကိုယူ၍ ပါး စပ်ဖြင့်တချက်မှုတ်လိုက်သည်။ ထို့နောက်လက်ဝါး တဖက်ကိုဖြန့်၍ကြက်ဥ ကို လက်ဝါး ပေါ် တင်သည်။ ကြက်ဥရပ်တည် နေပုံကိုကြည့်၍ မည်သည့်နတ်အား မည် သည့်ပစ္စည်း ဖြင့်ပူဇော်ပသရမည်ကို ဟောကိန်း ထုတ်သည်။

(ဃ) (၄) အတိတ်နမိတ် ကောက်ယူခြင်း

အတိတ်နမိတ် ကောက်ယူပုံသည်တဦး နှင့်တဦး ၊ တရွာ နှင့်တ ရွာ၊ ဒေသတခုနှင့်တခု မတူကြပေ။ အတိတ်နမိတ် ကောက်ယူခြင်း တွင်နှစ်မျိုး နှစ် စား ရှိသည်။ တမျိုး မှာ တစုံတဦး သွား လာရာလမ်း ခရီး ၌တိရစ္ဆာန်တမျိုး မျိုး ဖြတ် ကျော်သွား ခြင်း နှင့်အခြား တမျိုး မှာ ကျေး ငှက်တို့တွန်သံ၊မြည် သံ ကွဲပြား ခြင်း ဖြစ်သည်။ ယေဘုယျအား ဖြင့်တူညီ သောအတိတ်နမိတ်တို့မှာအောက် ပါအတိုင်း ဖြစ်သည်။

မိမိ လမ်း သွား နေစဉ် မြွေသို့မဟုတ် မြွေပါသို့မဟုတ် တော်ကြောင် တကောင်သည် ရှေ့မှ နေ၍ မိမိ၏လမ်း ကိုကန့်လန့်ဖြတ် ကျော်သွား ပါက မိမိ ၏ မိတ် ဆွေတဦး သေဆုံး မည်ဟုအတိတ် ကောက်သည်။

---

၁။ Pase

မိမိသွားရာလမ်း တွင်ဆတ်၊ တောဝက်သို့မဟုတ်ကြံ့များ ၊ဖြတ်သွား ပါကအလွန် ကောင်းသောနမိတ်ဖြစ်၍ ကောင်းသတင်းကြားရမည်။ အကြံအစည် အောင်မည်ဟုအယူရှိသည်။

အကယ်၍မိမိသွားရာလမ်း ကို ခွေးငယ်တကောင်ဖြတ်ကျော်သွား ပါကမကောင်းသတင်း များ ကြားရမည်ဟုနမိတ်ဖတ်သည်။

ရွာအပြင်ဖက်ဆီမှ ချေနှစ်ကောင်တပြိုင်နက်တည်း ဟောက်မည်ဆို ပါကရွာတွင်မီး လောင်မည်သို့မဟုတ် ရောဂါကျမည်ဟုအယူရှိသည်။

နွား ငယ်တကောင်သည်အိမ်အတွင်း သို့ဝင်ရောက်လာမည်သို့ မဟုတ်အိမ်ခေါင်ပေါ်သို့တက်သည်ဆိုပါက ထိုနွားငယ်မှာယဇ်ပူဇော်ခံရတော့မည့် နမိတ်ဟုယူဆသည်။ အဓိပ္ပါယ်မှာအိမ်သား တဦး ဦး ဖျား နာတော့မည်။ ဖျား နာသောအခါနွား ငယ်နှင့်နတ်ပူဇော်ရတော့မည်ဟုနမိတ်ကောက်ယူသည်။

အကယ်၍ နေထီး ဆောင်း သည်ကိုမြင်တွေ့ရပါကဒူဝါဖြစ်စေ၊ ရွာမှအကြီး အကဲဖြစ်စေ သေဆုံး တော့မည်ဟုအယူရှိသည်။

အိမ်၏တနေရာရာတွင်ကျီး သာလျှင်မိတ်ဆွေတဦး ဦး သေဆုံး - ကြောင်း သတင်း ကြား ရမည်ဟုအတိတ်ကောက်သည်။

လူသေမြှုပ်ထား ရာပတ်ဝန်း ကျင်တွင် တောတိရစ္ဆာန်များ ၏ ခြေရာကိုတွေ့ရှိပါက သေသူ၏ ဆွေမျိုး ထဲမှ နောက်ထပ် သေဆုံး မည်ဟုအတိတ်ကောက် သည်။

ထမင်း အိုး တည်ထား စဉ်ထမင်း အိုး ဥဖောင်း ကွဲလျှင်အိမ်သား တဦး ဦး ထိခိုက်ဒဏ်ရာရမည်ဟုအယူရှိသည်။

လူသေမြှုပ်နှံရာသချိုင်း ဂူတွင်ကြွက်များ အသိုက်လာလုပ်လျှင်ဆွေမျိုး များ ဆင်း ရဲသွား မည်ဟု၍အတိတ် ကောက်ကြသည်။

နေ့စဉ်တွေ့မြင်ရသောအတိတ်နမိတ်များ အပြင်ဂျိန်ဖောတို့သည် အိပ်မက်ကိုလည်း အဓိပ္ပါယ်ဖွင့်ကြသည်။ အိပ်မက်၏အဓိပ္ပါယ်ကိုအသက်အရွယ်ကြီး ရင့်သူများ သာဖွင့်ဆိုနိုင်သည်ဟုဆိုသည်။

သစ်ပင်ကျိုး ကျသည်။ နေဝင်သည်။ အိမ်နောက်ဖွင့်ရှုံး နေကြ- သည်ဟုမက်ပါကမ ကောင်း သောအိပ်မက်ဟု၍ယူဆကြသည်။

ဖွဲ့အုပ်၊ နွား အုပ်များ ကိုမြင်မက်လျှင် ကောင်း သောနမိတ် ဟု ဆိုသည်။

ကျေး ငှက်များ ၊ သစ်သီး ဝလံအပွင့်များ ပြည့်နေသောသစ်ပင် များ ၊ ဝါး ပင်ပေါက်များ ၊ ဝက်အုပ်များ ၊ ကျောက်တုံး အပုံများ ကိုမြင် မက်လျှင်အိမ်ထောင်ဦး ရေတိုး ပွား မည်၊ ဥစ္စာပစ္စည်း တိုး တက်မည်ဟုနမိတ် ကောက်ကြသည်။

ကျီး များ ၊ ပျား အုံများ ကိုမြင်မက်ခြင်း သည်လည်း စီး ပွားတက် မည့်နမိတ်ဖြစ်သည်ဟုဆိုသည်။

## (က)(၁) အဆောင်လက်ဖွဲ့များ နှင့် မှော်ပညာ

ဂိန်ဖေါ့တို့သည် မိုးကြိုးသွားကို ဆောင်းထားလျှင်အိမ်မီး မလောင်နိုင်ဟုယုံကြည်ကြသည့်နည်းတူ ဇုမီးဖွားရန်ခက်ခဲနေပါက မိုးကြိုးသွားကို မိခင်၏ဦးခေါင်းပေါ်သို့တင်လိုက်လျှင်အလွယ်တကူမွေးဖွားနိုင်သည်ဟုအယူရှိသည်။ ဓါးအိမ်မှဓါးကိုကျွတ်လျှင်လည်း ကလေးဖွားမြန်ရန်လွယ်သည်ဆို၏။ ဝက်ရှယ်ကျွင်းပိတ်ကို ဆောင်ထားလျှင် ဓါး၊ လှံ၊ သေနတ်ပြီးသည်ဟုအယူရှိသည်။ ငှက်ဥအမြုတေများနှင့် မီးဖွားရင်းသေဆုံးသောကလေး၏လက်ဖျံရိုးများကို ဆောင်ထားလျှင်လည်း ကာယသိဒ္ဓိပြီးသည်ဟုယုံကြည်ကြသည်။ မြွေတကောင်နှင့် တကောက်ချိုကြရင်း နှစ်ကောင်စလုံးသေဆုံးလျှင်ထိုမြွေခေါင်းများကို အခြောက်ထား၍ ဆောင်ထားပါက ကာယသိဒ္ဓိပြီးသည်ဟုယုံကြည်သည်။

### မှော်ပညာ

ဂိန်ဖေါ့တို့သည် "ဖြိ"[၁] ဟုခေါ်သောစုန်းကိုယုံကြည်ကြသည်။ စုန်းနှစ်မျိုးရှိရာ တမျိုးကိုလမ္မစ်ဟုခေါ်၍ လမ္မစ်သည်လူတဦးတယောက်အား အနာပေါက်စေရုံနှင့်အခြားအသေးအဖွဲ့လောက်သာဥပဒ်ပေးနိုင်သည်။ အခြားတမျိုးမှာ "ယွှးဖြိ"[၂] ခေါ်ကြွက်မှော်စုန်းသည်ကြွက်ယောင်ဆောင်၍လူ့ခန္ဓာကိုယ်တွင်းသို့ဝင်ရောက်ကာအူအသည်းများကိုကိုက်ဖြတ်နိုင်သည်အထိ ဥပဒ်ပေးနိုင်သည်ဟုဆိုသည်။ ကြွက်မှော်စုန်း၏ပယောဂကြောင့်ကျွဲ၊ နွား၊ မြင်းများအနာရောဂါကျရောက်နိုင်ပြီး လူတို့တွင်အိုင်းအနာကြီးများပေါက်နိုင်သည်ဆို၏။ တခါတရံ မှော်စုန်းသည်မိုးမှုန်းယောင်ဆောင်၍လည်း လူတို့ကိုဥပဒ်ပေးနိုင်သည်ဆို၏။

ရှမ်း-မြန်မာတို့နှင့်နီးစပ်သောဒေသများတွင်နေထိုင်ကြသော ဂိန်ဖေါ့တို့သည်စုန်းအတတ်ဖြင့်ခြေရာကောက်၍ပြုစားခြင်း၊ အစားအစာတွင် ဆေးခပ်၍အပင်းသွင်းခြင်း၊ ဗူးသွင်းခြင်းစသောပြုစားနည်းများရှိသည်ဟုယုံကြည်ကြသည်။ စုန်းပြုစားခြင်းဖြင့်ထူးဆန်းသောဝေဒနာများဖြစ်ပွားခြင်း၊ ရူးသွပ်စေခြင်းတို့ဖြစ်နိုင်သည်ဟုယုံကြည်ကြသည်။ ကာလသားလူပျိုလူရွယ်များသည်ပီယဆေးများ၊ လက်ဖွဲ့များဆောင်ကြသည်။ ရှမ်း၊ မြန်မာများ၊ ရှမ်းများနှင့်ရောနှောနေသောမူတာချိဒေသ၊ မိုးကောင်း၊ ကားမိုင်း မြေပြန့်နေဂိန်ဖေါ့တို့သာထိုသို့ပြုမူကြပြီး ဂိန်ဖေါ့လူမျိုးတို့ဖာသာသီးခြားနေထိုင်သောအရပ်များတွင်မတွေ့ရပေ။

လူတဦးတယောက်ကိုမုန်းတီး၍ဖြစ်စေ၊ မိမိကိုတဦးတယောက်ကစော်ကား၍ဖြစ်စေ၊ နှိပ်စက်၍ဖြစ်စေထိုသူနှင့်တကွ ဆွေစဉ်မျိုးဆက်အားလုံးပျက်စီးရာပျက်စီးကြောင်းလုပ်နိုင်သည့်ပညာမျိုးရှိသည်ဟု၍လည်းယုံ

---

၁။ Hpyi

၂။ Yuhpyi

ခြင်ကြသည်။ ဤကိစ္စမျိုး မှာ နတ်ဆရာ နှင့်လုပ်ရသည်ဟုဆိုသည်။ နတ်ဆရာထိုလည်း ကျေနပ်လောက်အောင်အဖိုး အခ ပေး ရသည်။ နတ်ဆရာကယဇ်ပူဇော်ခြင်း၊ နတ်တိုက်ခြင်း ၊ ကိန်းစာတိုက်ခြင်း များ ပြုလုပ်ပေး သည်။ နတ်တိုက်ခြင်း ၊ နှင့် ပတ်သက်၍ နတ်တိုက်သူသည် နတ်တိုက်ခံရမည့်သူနှင့်ဖြစ်စေ၊ ယင်း ၏ အိမ်သားများ နှင့်ဖြစ်စေ အပြောအဆိုအဆက်အဆံမပြုဘဲ နေရသည်။ ပြောဆိုဆက်ဆံမိပါက နတ်တိုက်သူမှာလည်း တမျိုး လုံး ၊ တဆွေလုံး အမျိုး ပြတ်သည်အထိကိန်စာသင့်တတ် သည် ဟုယုံကြည်ကြသည်။

(က) (၆) ခရစ်ယာန်ဘာသာကိုဂိန်ဖေသူလူမျိုး တို့သက်ဝင်ယုံကြည်လာခြင်း

အထက်ပါအတိုင်း ဂိန်ဖေသူတိုင်း ရင်း သား တို့သည် ရှေး ခေတ် ကောင်းပေါ် ဒေသတွင် နေထိုင်ကြစဉ်က ဘာသာ ရေး ယုံကြည်ချက်အနေဖြင့် နတ်မျိုး ကိုးကွယ်ယုံကြည်ကိုး ကွယ် ပူဇော်ပသခဲ့ကြသည်။ ၁၈၉၀–ခုနှစ် နောက်ပိုင်း မှ စ၍ နောက်ပိုင်း သား ခရစ်ယာန်သာသနာပြုတို့ကတချင်ပြည်နယ်အနှံ့အပြား သို့ သူ့ထက်ငါအပြိုင်အဆိုင် ရောက်ရှိလာကြကာ ဘာသာတရား ကိုကိုသင်ယူကြသည်။ ယင်း ကျေး မှုနှင့်မ လေ့ထုံး စံတို့ကို လေ့လာကြသည်။ သမိုင်း ပုံပြင်တို့ကိုမှတ်တမ်းပြုကြသည်။ ထို့ပြင်စား ဝတ်နေ ရေး လိုအပ်ချက်များ တိုသာ မကလူမှုရေး ၊ ကျန်းမာရေး ၊ ပညာရေး တဘာသီး သီး တွင်တူညီပံ့ပိုး မှုများ ပြုလုပ်သဖြင့် နာ ပြုလာကြ သော အခါဗိမ်တို့၏ ဓိပိုး ဖလာအစဉ်အလာအရယုံကြည်သက်ဝင်ခဲ့ သော နတ်အမျိုး မျိုး အား ကိုး ကွယ်ပူဇော်ပသမှုများ ကိုတ ဖြေး ဖြေး စွန့်လွှတ် လာ ကြသည်။ ယနေ့အချိန်တွင် ရှေး ခေတ်နတ်ယုံကြည်မှုကိုမစွန့်လွှတ် သေး ဘဲယုံကြည်ကိုး ကွယ်ဆဲဖြစ် သော ဂိန်ဖေသူအနည်း ငယ်ကိုသာ တွေ့ရ တော့သည်။ အင်ဂျန်ခို့ ကျေး ရွာတွင်လာ ရောက် နေထိုင်ကြ သော ဂိန်ဖေသူတိုင်း ရင်း သား အား လုံးသည် ခရစ်ယာန်ဘာသာဝင်များ သာဖြစ်ကြသည်။

ဂိန်ဖေသူတို့သည်ကမ္ဘာ မြေကြီး နှင့်လူတို့အား မုန်ဂေါန်တျွန္ဓမိနှင့် ဖုန်ဂဝ်ဝယ်ဆွမ်း တို့ဖန်ဆင်း သည် ဆိုသည့်ယုံကြည်ချက်မှ ကော င်း ကင်ဘုံမှထာဝရ ဘုရား သခင်ကကမ္ဘာကြီး ထိုဦး သုံး ဖန်ဆင်း ပြီး တမ္ဘာ ပေါ် တွင်အာဒံမ်နှင့် ဧဝမည် သောလူသား နှစ်ဦး ကို ဖန်ဆင်း တာအဆင့်ဆင့်ဆင်း သက်လာကြသည် ဟု ပြောင်း လဲလက် ခံယုံကြည်လာကြသည်။ ဂိန်ဖေသူတို့အစဉ်အလာအရလက်ခံယုံကြည် ခဲ့သည့်နိန် ဂေါန်ဝါမဂဲစ်နတ်မင်း ကြီး ၌ သာ ချွန်း စေသည့်ကမ္ဘာ ပျက်ပိုး အာ း ယာဝရဘုရား ၌ င်ကလူသား တို့၏အကျင့်စာရိတ္တကိုမနှစ်ခြို သော ကြောင့် သေး ကြောချွန်း စေသည့်မိုး အဖြစ် ပြောင်း လဲလက်ခံလာကြသည်။

သာသနာပြုတို့သည်မကျန်း မမာဖြစ် သော အခါ နတ်တို့ကိုပူဇော်ပ သမှုသာ မှောက်ကင်း ချမ်း သာရာ ရောက်သည်ဟု သောယုံကြည်ချက်ကို ငင်း ၍ ပူ ဆောင်ခဲ့ သောပင်ဇိဝ ဆေး များ တိုက် ကျွေး ၍ တမဟုတ်ချင်း မှောက်တင်း စေခြင်း အား ဖြင့်ချေဖျက်ခဲ့သည်။ ခရစ် ကော် ယေရှု၏ စတား ကိုနား ထောင်

ပြီး ထာဝရဘုရားသခင်ကိုယုံကြည်ခြင်း ကသာလျှင်စစ်မှန်သောနိဗ္ဗာန်ချမ်းသာကို ရောက်ရန်နည်းလမ်း ဖြစ်ကြောင်း ညွှန်ပြဟော ပြောကြသည်။ ရောမစာပေမှ ဂျိန်ဖော့စာပေကိုတီထွင်ပေး ပြီး ခရစ်ယာန်ကျမ်းစာများ ကို ထုတ်ဝေခဲ့သည်။ ဤနည်းအားဖြင့်ယခုအင်ဂျန်ဒုံ ကျေး ရွာနေဂျိန်ဖော့အားလုံး တို့သည်ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာခဲ့သည်။ ခရစ်တော်ယေရှု ဟောကြားခဲ့သောတရား ဓမ္မများ အားလုံး ကိုလက်ခံလိုက်နာယုံကြည်ကြသူများ ဖြစ်သည်။

ခရစ်ယာန်ယုံကြည်မှုတခုထည်း ကိုအသင်း တော်များ ကွဲပြား စွာ ဖြင့်လက်ခံလိုက်နာကြသည်ကို တွေ့ရသည်။ ဂျိန်ဖော့လူမျိုး တို့သည်၄င်း တို့အားလာရောက်သာသနာပြုသည့်အသင်း တော်အသီး သီး ၏အသင်း တော်ဝင်များဖြစ်လာကြသည်။ ကမ္ဘာပေါ်တွင်ခရစ်ယာန်ယုံကြည်မှုတခုထည်း ကိုသာယုံကြည်လက်ခံ–သည့်အသင်း တော်ပေါင်း ရာနှင့်ချီ၍ ရှိသည့်အလျှောက်ဂျိန်ဖော့လူမျိုး တို့၏ ခရစ်ယာန်ယုံကြည်မှုတွင်လည်း အသင်း တော်ပေါင်း များ စွာရှိသည်။ အင်ဂျန်ဒုံကျေး ရွာရှိထင်ရှား သောအသင်း တော်များ မှာ . . .

နှစ်ခြင်း အသင်း တော်၊ ရိုမင်ကတ်သလစ်အသင်း တော်၊ ဧဝံဂေလိအသင်း တော်၊ ဝေါလ်နှစ်ခြင်း အသင်း တော်တို့ဖြစ်သည်။

## နှစ်ခြင်း အသင်း တော်

အမေရိကန်တို့လာရောက်ပြုထား သောအသင်း တော်တခုဖြစ်–သည်။ ၁၉၄၇–ခုနှစ်တွင်အင်ဂျန်ဒုံ ကျေး ရွာသို့လယ်ယာလုပ်ကိုင်ရန် ပထမဆုံး ဝင်ရောက်လာကြသူဦး ဘီစမ်တူး နှင့်ဦး ချယ်ခန်တန် တို့သည်နှစ်ခြင်း အသင်း တော်ဝင်များ ဖြစ်ကြသည်။ ၁၉၄၇–ခုနှစ်အချိန်ကပင်ဂျိန်ဖော့ အများ စုသည်ခရစ်ယာန်ဘာသာသို့ကူး ပြောင်း ပြီး ဖြစ်သည်။ နောက် ပိုင်း တွင်အင်ဂျန်ဒုံ ကျေး ရွာသို့တဖြေး ဖြေး ဝင်ရောက် နေထိုင်လာကြ သောနှစ်ခြင်း အသင်း တော်ဝင်များ သည်မန်ဒိန်နှစ်ခြင်း ခရစ်ယာန်အသင်း တွင် အသင်း ဝင်ကြပြီး ၄င်း မန်ဒိန် ကျေး ရွာနှစ်ခြင်း ဘုရား ကျောင်း သို့ပင် ဘုရား ဝတ်ပြုတက်ကြသည်။ ၁၉၅၅–ခုနှစ်တွင် ကျေး ရွာ၏ မြောက်ဘက် ၊ မြစ်ကြီး နား –ဆွမ်ဗရာဘွမ်လမ်း မဘေး ရှိ (၂.၄၉၉) ဧကကျယ်သော အမေရိကန်စစ်သချိုင်း နေရာဟောင်း တွင်ဦး ဘီစမ်တူး ဦး ဆောင်၍နှစ်ခြင်း ဘုရား ကျောင်း အဖြစ်ဝါး တဲငယ်ကိုတည်ဆောက်သည်။ ထိုဝါး တဲဘုရား ကျောင်း တွင်မန်ဒိန်ကျေး ရွာအသင်း တော်မှအုဝ်ဆရာကြီး များ က ဦး ဆောင်၍ဝတ်ပြုခြင်း အမှုကိုပြုကြသည်။

၁၉၆၁–ခုနှစ်တွင်အလျား ၅၀–ပေ၊ အနံ ၃၀–ပေရှိသော အုတ်ခဲ၊ ထရံကာ၊ သက်ကယ်မိုး ဘုရား ကျောင်း ကိုတည်ဆောက်ခဲ့သည်။ ၁၉၆၆–ခုနှစ်တွင်အင်ဂျန်း ယန်ဇာတိသား ဖြစ်သူမောင်ဂျာလီအား နောင်နန်း ရှိ





နှစ်ခြင်းအသင်းတော်ဝင်တို့၏ဘုရားကျောင်း

စမ္မကျမ်း စာသင်ကျောင်း သို့စေလွှတ်ကာ ကျမ်း စာများ ကိုသင်ကြားစေသည်။ နောင်တွင်ဆရာဂျာလီမှဦး ဆောင်ကာ တနင်္ဂနွေ နေ့တိုင်း သုတောင်းသ မှု ပြုပေး သည်။ ဆရာဂျာလီသည် နောင်နှင်း စမ္မကျမ်း စာသင် ကျောင်း မှသင်း လာသောအခါအင်ဂျန်ဒုံ ကျေး ရွာ၊ နှစ်ခြင်း အသင်း တော်၏သင်း အုပ်ဆရာ ဖြစ်လာသည်။

၁၉၇၁-ခုနှစ် အောက်တိုဘာလ ၂၀-ရက် နေ့မှစ၍ယခင်စန်းခိန် ကျေး ရွာလက် အောက်ခံအသင်း တော်အဖြစ်မှအင်ဂျန်ဒုံ ကျေး ရွာနှစ်ခြင်း အသင်း တော်ဟူ၍ ပြောင်း လဲသတ်မှတ်ခဲ့သည်။ ၁၉၇၉-ခုနှစ်တွင်စမ္မဆရာမ - ဒေါ် တောင်ရာနှင့်ဦး ပေါ်ဆတို့ကိုထိုး ခွဲခန့်အပ်ထား သည်။

ယခုအချိန်တွင်ဘာသာ ရေး လေ့ကျင့်မှုသင်တန်း များ အဖြစ်တနင်္ဂ နွေ နေ့နံနက်တိုင်း ၇-၈နှစ်မှ ၁၂-၁၃နှစ်အတွင်း ရှိကလေး ငယ်များအတွက် ''<u>သန်း ဒေး စကူး</u>''[၁] သင်တန်း များ ဖွင့်လှစ်ထား သည်။ သန်း ဒေးစကူး သင်တန်း တက်ပြီး သူတိုင်း ကသင်တန်း ကိုပြန်လည်ပို့ချနိုင်သည်။ သင်တန်း တွင်ကျမ်း စာနှင့်ပတ်သက်သည့်သီချင်း များ ၊ ဘာသာ ရေး နှင့်ပတ်သက်သည့်ပုံပြင်များ ၊ ရာဇဝင်များ ၊ ဇာတ်ထုတ်များ ၊ ကျမ်း စာများ ကိုသင်ကြား ပေး သည်။ ကလေး ငယ်များ အား ဘာသာ ရေး ဘောင်အတွင်း သွတ်သွင်း သည့်သဘောဖြစ် သည်။

ရိုမင်ကတ်သလစ်အသင်း တော် (အာရ်-စီ-အမ်)

ရောမတိုင်းပြုထား သောသာသနာသို့မဟုတ်အသင်း တော်ဖြစ်သည်။ အင်ဂျန်ဒုံ ကျေး ရွာတွင် ၁၉၅၈-ခုနှစ်၌ ဦး လဖိန်အင်ဒွစ် နော်နှင့်ဦးလဖိန် ဒွဲတို့မှစတင်ထူ ထောင်ခဲ့သည်။ အာရ်-စီ-အမ်အသင်း တော်ဝင်အနည်း ငယ်ဖြင့် စတင်ထူ ထောင်ခြင်း ဖြစ်သည်။ ၁၉၆၁-ခုနှစ်တွင်ယခုလက်ရှိသီလရှင် ကျောင်း ကိုစကင်တည် ဆောက်ခဲ့သည်။ သီလရှင်တို့သည်သာသနာပြုလုပ်ငန်း များ ကို ဆောင် ရွက်ကြသည်။ မြန်မာတိုင်း ရင်း သူသီလရှင်ဂိုဏ်း မှသီလရှင်များ ဖြစ်ကြပြီး ၄-၅ ပါး ခန့်အမြဲရှိသည်။

အင်ဂျန်ဒုံ ကျေး ရွာရှိအာရ်-စီ-အမ်သီလရှင် ကျောင်း သည်တနည်း အား ဖြင့်အာရ်-စီ-အမ်အသင်း ဝင် ကျောင်း သူလေး များ ၏ ဘော်ဒါဆောင် လည်း ဖြစ်သည်။ မြန်မာနိုင်ငံ ဒေသအသီး သီး မှအာရ်-စီ-အမ် အသင်း ဝင် သမီး များ ထိုဘော်ဒါဆောင်တွင် နေရန် လျှောက်ထား နိုင်သည်။ နှစ်စဉ် မူလတန်း မှအထက်တန်း အထိ ကျောင်း သူ ၁၀၀-ခန့်လက်ခံပြီး အထူး သဖြင့် ဝေး လံ သည့် ပညာရေး မထွန်း ကား သော တောင်တန်း သူများ ကိုဦး စား ပေး လက်ခံ

---

၁။ Sunday school.





အာဂ္ဂ . စီ . အမ်အ သင်းတော်ဝင်တို့၏ဘုရားကျောင်းပုံ

သည်။ ဘော်ဒါနေကျောင်းသူများသည် စာမေးပွဲ အောင်ပါက အဆောင်ဆက်နေခွင့်ရပြီး စာမေးပွဲကျသည့်နှင့် အဆောင်မှထွက်ရသည်။ တနည်းအားဖြင့် အာရ်-စီ-အမ်အသင်း၏ ထူးချွန်သော၊ လိမ္မာရေးခြားရှိသော အမျိုးသမီးကောင်းများ မွေးထုတ်ပေးရာ နေရာလည်း ဖြစ်သည်။

အင်ဂျန်နံ့ ကျေးရွာရှိအာရ်-စီ-အမ်အသင်း တော်ဝင်များသည် တနင်္ဂနွေနေ့တိုင်း နံနက် ၇း၀၀ နာရီခန့်တွင်သီလရှင်ကျောင်းရှိဆုတောင်းခန်းမ၌ ဝတ်ပြုကြသည်။ သီလရှင်ကျောင်း ဝင်းအတွင်း၌ မင်(၁၉၉၃)မှယနေ့အထိ အာရ်-စီ-အမ်ဘုရားကျောင်းကိုတည်ဆောက်လျက်ရှိသည်။

အာရ်-စီ-အမ်အသင်း တော်ဝင်များသည် ရေဖြန်းခြင်းဖြင့် ဒုတိယအကြိမ် မွေးဖွားခြင်းကိုခံယူကြသည်။ တနည်းအားဖြင့်ဆိုသော် ရေဖြန်းခြင်းအားဖြင့်လူ၏မကတီဝိညာဉ် သို့မဟုတ်အသက်အသစ်ကိုလက်ခံရရှိခြင်းဖြင့် ခရစ်တော်၌လူသစ်ဖြစ်လာခြင်းကိုဆိုလိုသည်။ ဘုရားသခင်ထံဆုတောင်းသည့်အခါ ရေဖြန်းခြင်း သို့မဟုတ် ဆေးကြောခြင်း သို့မဟုတ်ဒုတိယအကြိမ်မွေးဖွားခြင်း မခံရသေးသူများသည်အဖဘုရားသခင်ဟု ခေါ်ပိုင်ခွင့်မရှိပေ။ ဆေးကြောခြင်းကိုခံယူပြီးသည့်ဝိညာဉ်သန့်ရှင်း စင်ကြယ်သူမှသာအသင်းသား၊ အသင်းဝင်အစစ်ဖြစ်သွားပြီး ဘုရား၏သားတော်အဖြစ်ဘုရားသခင်အား အဖဘုရားသခင်ဟု ခေါ်ပိုင်ခွင့်ရှိလာသည်။ ဒုတိယအကြိမ်မွေးဖွားခြင်းသို့မဟုတ် ဆေးကြောခြင်းကိုခံယူပြီးသည့်နောက်ပိုင်း တွင်ပြုမိသောအပြစ်များ လွတ်ကင်းအောင်ဘုန်းတော်ကြီးထံပြုသမျှအပြစ်တို့ကိုဖော်ပြလျှောက်တင်ရသည် ။ ဘုန်းတော်ကြီးမှအာပတ်ဖြေပေးခြင်းအားဖြင့်အပြစ်လွတ်စေသည်။

ဆေးကြောခြင်းကိုမွေးဖွားလာသည့်အချိန်မှစတင်၍ခံယူနိုင်သည်။ ငယ်စဉ်က ဆေးကြောခြင်းကိုခံယူထားသော ကလေးများသည် ၇-၉ နှစ်မှစ၍တရားဒေသနာများကိုသင်ယူရသည်။ ဇွန်လမှစက်တင်ဘာလအထိနေ့တိုင်း၊ ညနေပိုင်း တွင်သီလရှင်ကျောင်း၌ ၁၃-၁၄နှစ်အထိတရားစာများကို သင်ကြားရသည်။ ``<u>ခူဿမင်းတွား</u>''[၁] ယူတတ်သည်အထိသင်ကြားရသည် ။ ဒီဇင်ဘာလ တလလုံး တွင်ဘာသာရေးနှင့်သက်ဆိုင်သည့်ပြဇာတ်၊ စတီဟိုမ်းများကိုဆင်နွှဲကြသည်။

အာရ်-စီ-အမ်အသင်းဝင်တို့၏အိမ်တိုင်းတွင်ဘုရားစင်ထားရှိသည်။ ဘုရားစင်ပေါ်တွင်ခရစ်တော်ယေရှုအား လက်ဝါးကပ်တိုင်ပေါ်တင်သတ်သည့်ရုပ်ထုပုံကိုမန်း၊ ဆီမီး တို့ဖြင့်ပူဇော်ထားသည်။ အိမ်ရှေ့မျက်နှာစာတနေရာရာတွင်လည်း လက်ဝါးကပ်တိုင်ကိုကပ်ထားကြသည်။ အင်ဂျန်နံ့ ကျေးရွာရှိဂျိန်ဖော့တို့၏ နေအိမ်ကိုကြည့်လိုက်ပါကဘုရားစင်နှင့်လက်ဝါးကပ်တိုင်ကို တွေ့ရပါလျှင်အာရ်-စီ-အမ်အသင်း တော်ဝင်တို့၏အိမ်ဖြစ်ကြောင်း သိရသည်။ ထိုသို့ပြုလာခြင်းသည်ခရစ်တော်ယေရှုအား အစဉ်သတိရနေစေရန်ဖြစ်သည် ဆို၏။

---

၁။

အာရ်.စီ.အမ် အသင်းတော်၏တရားတော်(၆)ပါး မှာ–

(၁) တနင်္ဂနွေနေ့နှင့်အသင်း၏ပွဲတော်နေ့များ၌ မဿတရား ပူဇော်ရာသို့ပါဝင်ကြလော့။

(၂) တစ်နှစ်လျှင်အနည်းဆုံး တစ်ကြိမ်အာပတ် ဖြေအပြစ်လွှတ်ခြင်းကိုခံယူ လော့။

(၃) ပါစကား အခါတော်၌ကိုယ်တော်မြတ်ထံသီလခံယူ လော့။

(၄) ဝါရှောင်သောကာလ၌ဝါရှောင်သောအစား ဖြင့်အသားမစားနှင့်။

(၅) အာရ်.စီ.အမ် အသင်းတော်၏တရားတော်နှင့်အညီထိမ်းမြား ခြင်း မင်္ဂလာကိုခံယူ လော့။

(၆) ဘုရားသခင်၏အမှုတော်ကိုဆောင်နေသောပုဂ္ဂိုလ်များ အား လှူဒါန်း ကူညီပါလော့ဟူ၍ဖြစ်သည်။

အင်ဂျန်ဒုံကျေးရွာနေဂျိန်ဖေဒူအိမ်ထောင်စုများတွင် ရိုမင်ကက်သလစ်အသင်းတော်ဝင်အိမ်ထောင်စုပေါင်း ( ၁၂၈ ) အိမ်ထောင်စုရှိသည်။ ဤအသင်းတော်တွင်လည်း အသင်းတော်၏အမှုကိုထမ်း ရွက်သောသင်းအုပ်ဆရာ၊ သင်းထောက်ဆရာများ ရှိကြသည်။ အသင်းတော်၏ အောက်တွင်အသင်းတော်၏အမှုကို ဆောင်ရွက်ကြသည်။ အာရ်.စီ.အမ်လူငယ် အဖွဲ့အစည်း လည်း ရှိပေသည်။

အထက်ပါအတိုင်း အသင်းတော်ကွဲပြား စေကာမူ ခရစ်ယာန် ယုံကြည်ချက်တွင် ဝိညာဉ်ရှိသည်။ ကောင်းကင်ဘုံရှိသည်။ ဝိညာဉ်သည် ကောင်း ကင်ဘုံသို့ ရောက်နိုင်သကဲ့သို့ ငရဲသို့လည်း ရောက်နိုင်သည်။ ဘုရားသခင် က ချစ်မြတ်နိုးစွာဖန်ဆင်းထားသောလူတို့သည်အပြစ်သားများဖြစ်၍ ငရဲ ခံရမည်ကိုမလိုလားသောကြောင့်၊ သားတော် ယေရှုခရစ်အား လူ့လောက သို့ စေလွှတ်လိုက်ခြင်း ဖြစ်သည်။ ယေရှုခရစ်ကလည်း အသက်ကိုစတေး ခံ၍လူသား တို့အား အမှန်ကိုသိမြင် အောင်ညွှန်ပြကယ်တင်ခဲ့သည်။ သေလွန်ပြီး နောက်ရှင် ပြန်ထမြောက်ကာ ကောင်းကင်ဘုံသို့ပြန်ကြွသွားသည်။ နောက်တစ်ကြိမ်ခရစ် တော်လူ့လော ကသို့ပြန်ကြွလာမည့်အချိန်ကိုခရစ်ယာန်အားလုံး စောင့်မျှော် နေကြသည်။ အင်ဂျန်ဒုံကျေးရွာ နေဂျိန်း ဖေဒူအားလုံး တို့သည်းလည်း ခရစ် ယာန်ဘာသာယုံကြည်ချက်များကိုလက်ခံကာ ခရစ်တော်ပြန်ကြွလာမည့်အချိန် ကို စောင့်မျှော်နေကြသူများ ဖြစ်သည်။

ဘာသာရေး ယုံကြည်မှုနှင့်ကိုးကွယ်မှုများကို မနုဿဗေဒ ရှုထောင့်မှ လေ့လာရသော်၊ လူတို့၏ယုံကြည်စွဲလန်းခြင်း နှင့်ယုံကြည်စွဲလန်း ချက်အရပြုမူသည့်ပုံစံများ သာဖြစ်ကြောင်း တွေ့ရသည်။ ဝိဝိ၏ဥဒါဏ်ဖြင့် တွေးတောကြံဆ ဖြေရှင်း ရန်မစွမ်း ဆောင်နိုင်သည့်ခက်ခဲနက်နဲသော ပြဿနာအရပ်ရပ်တို့ကိုတန်ခိုးရှင်၊ ကယ်တင်ရှင်များ အားအားထား ချဉ်းကပ်ဖြေရှင်းကြစေသည်။ အားထား စရာစွဲလန်းယုံကြည်မှုမှ ဘာသာတရား ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဘာသာတရား၏ထင်ရှား သောလက္ခဏာရပ်များမှာ ဘာသာရေး ဆိုင်ရာအခမ်းအနားများ[1] ဆုတောင်းခြင်း အမှတ်စုများ[2]၊ ဓမ္မတေးသီချင်း[3]၊ ဘာသာရေး ဆိုင်ရာအကများ[4]၊ ပေးကမ်းလှူဒါန်းခြင်းများ[5] နှင့်ယဇ်ပူဇော် ပသခြင်းများ[6] ဖြစ်သည်။

ဂျိန်ဖေဒ့တို့၏ဘာသာရေး ယုံကြည်ချက်အားလုံး ကိုခြုံငုံ၍ လေ့လာသော ရွေး ခေတ်နတ်ကိုးကွယ်မှုသည်လည်း ကောင်း၊ ယခုခေတ် ခရစ်ယာန်ဘာသာသက်ဝင်ယုံကြည်မှုသည်လည်း ကောင်း၊ ၎င်းတို့၏စိတ်ဓါတ် များကိုမြှင့်တင်ပေးသည့်လူမှုရေး ဆောင်ရွက်ချက်များတွင်အရေးပါ သောအခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း တွေ့ရသည်။ ဘာသာရေးပွဲတော် များကို ဆောင်ရွက်ကြခြင်းသည် ပုဂ္ဂလိကစိတ်ချမ်းသာမှု၊ တင်းတိမ်မှု၊ ဝီတိဖြစ်မှု၊ စိတ်ကျေနပ်ခြင်း ရှိမှုတို့ကို ရရှိစေရုံသာမကအဖွဲ့ဝင်အချင်း ချင်း ဆက်ဆံရေး ပြေလည်ကာစည်းလုံး မှုလည်း ရနိုင်သည်။ ဂျိန်ဖေဒ့တို့၏ ဘာသာရေး သည်ယဉ်ကျေးမှုဓလေ့ထုံးစံကြီး တစ်ခုလုံး အတွက်အရေးကြီး သောအခန်းကဏ္ဍမှပါဝင်ကြောင်း တွေ့ရသည်။ ၎င်းတို့၏ နေ့စဉ်လုပ်ငန်း ဆောင်တာများသည် ၎င်းတို့၏ယုံကြည်ကိုးကွယ်မှုနှင့်အစဉ်ဆက်စပ်လျက်ရှိ သည်။ ဘာသာရေး လုပ်ဆောင်ချက်များသည် သက်ဆိုင်ရာယဉ်ကျေးမှုကို ထိန်းသိမ်းဖြန့်ဖြိုးတည်တံ့စေနိုင်ကြောင်း တွေ့ရသည်။

ဘာသာတရားတိုင်းတွင် ဘာသာရေးဆိုင်ရာကျွမ်းကျင် သူပုဂ္ဂိုလ်များ ရှိသကဲ့သို့ ဂျိန်ဖေဒ့တို့၏နတ်များ ကိုယုံကြည်ကိုးကွယ်မှုတွင်ဘာ သာရေး ဆိုင်ရာကျွမ်းကျင်သူပုဂ္ဂိုလ်များ အဖြစ် ဂျိုင်ဝါ၊ ဒူမ်ဆာ၊ အင် ဂျေဒိဝါ၊ ခင်ဂျောင်၊ ဖုန်လွမ်း၊ မြီထွယ် တို့ကိုလည်း ကောင်း၊ ခရစ်ယာန် ဘာသာယုံကြည်သက်ဝင်မှုတွင် ဘာသာရေး ဆိုင်ရာကျွမ်း ကျင်သူများအဖြစ် ဘုန်း တော်ကြီး များ၊ သီလရှင်များ၊ သင်း အုပ်ဆရာကြီး များ၊ သင်း ထောက်ဆရာများ၊ ဓမ္မဆရာများ ကိုလည်း ကောင်း တွေ့ရသည်။ ၎င်း တို့သည် ဘာသာရေး အမှုကိစ္စများ ကို ဆောင်ရွက်ပြီး တန်ခိုး ရှင်များနှင့် ဆက်သွယ် ပေး နိုင်သည်ဟုယုံကြည်ကြသည်။

---

1. Rituals
2. Prayers
3. Religious Songs
4. Religious dances
5. Offerring
6. Sacrifices



ဧဝံဂေလိအသင်းတော်ကျမ်းစာသင်ကျောင်း



လော်ဝေါ်နှစ်ခြင်းအသင်းတော်ဝင်တို့၏ဘုရားကျောင်း

မနုဿဗေဒပညာအရ ဘာသာတရားများကို လေ့လာရာတွင် ဘာသာရေးဆိုင်ရာကျွမ်းကျင်သူများအဖြစ် ရှာမင်[1] ခေါ် ပယောဂဆရာများနှင့် ပရိစ်[2] ခေါ် ဘုန်းတော်ကြီးများကို တွေ့ရသည်။ ဂျိန်ဖော့တို့၏ဘာသာရေးယုံကြည်မှုများတွင်ဘာသာရေးဆိုင်ရာကျွမ်းကျင်သူတစ်ဦးက ရှာမင်နှင့် ပရိစ်တို့ နှစ်မျိုးစလုံး၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။ နတ်များကိုယုံကြည်သော်ဝင်မှုတွင်အကြောင်းအမျိုးမျိုးကြောင့်နာမကျန်းဖြစ်သောအခါတွင်လည်း ကောင်း၊ ကိုးကွယ်ပသရသည့်ဘာသာရေးကိစ္စအဝဝတွင်လည်းကောင်း၊ နတ်ဆရာတစ်ယောက်တည်းက ဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။ ခရစ်ယာန်ယုံကြည်ချက်တွင်လည်း နာမကျန်းဖြစ်မှုကိုလည်းကောင်း၊ ဘာသာရေးကိစ္စကိုလည်းကောင်း၊ ဘုန်းတော်ကြီး (သို့မဟုတ်) သင်းအုပ်ဆရာသို့ (သို့မဟုတ်) သင်းထောက်ဆရာတစ်ယောက်ယောက်တည်းက ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရသည်။

ဂျိန်ဖော့လူမျိုးတို့၏နတ်များကိုယုံကြည်ကိုးကွယ်မှုနှင့် ၊ ခရစ်ယာန်ဘာသာယုံကြည်မှုကိုနှိုင်းယှဉ်ကြည့်သော် ပုဂ္ဂလိကစိတ်ချမ်းသာမှု တင်းတိမ်ရောင့်ရဲမှု၊ ပီတိဖြစ်မှု၊ စိတ်ကျေနပ်မှုတို့တွင်လည်းကောင်း ၊ ထပ်တူထပ်မျှဖြစ်သည်ကို တွေ့ရသော်လည်း ကုန်ကျစရိတ်၊ တစ်နည်းအားဖြင့် စီးပွားရေးအရအလွန်ကွာဟမှုရှိသည်ကို တွေ့ရသည်။ နတ်ကိုးကွယ်သူဂျိန်ဖော့တစ်ယောက်သည် နာမကျန်းတစ်စုံတစ်ရာဖြစ်ပါက စုန်းပြုစား၍သော်လည်းကောင်း၊ နတ်ဖမ်းစား၍သော်လည်းကောင်းဖြစ်သည်ဟုယူဆကာ သိကျွမ်းနားလည်သူနတ်ဆရာများကိုပင့်ဖိတ်ကာ၊ သက်ဆိုင်ရာနတ်အသီးသီးတို့ကို ကြက်၊ ဝက်၊ ကျွဲ၊ နွား စသည်တို့ဖြင့်ပူဇော်ရ ပေးရာအကုန်အကျအလွန်များလှသည်။ ယခုခေတ်အင်ဂျန်ဒုံကျေးရွာနေဂျိန်ဖော့တို့က မကျန်းမမာဖြစ်လာသော် စုန်း၊ နတ်တို့ပြုစားမှုကြောင့်ဟုမယူဆပဲခန္ဓာကိုယ်ရှိအသွေး၊ အသား၊ အကြော၊ အရိုးတို့၏တစ်စုံတစ်ရာချို့ယွင်းချက်ကြောင့်ဟုရှု၍သာခံယူပြီး ဆေးရုံ၊ ဆေးခန်းများတွင်ကုသကြသည်။ မပျောက်ကင်းပဲရှိသော် ထာဝရဘုရားရှင်မှကူညီမှိုင်း မစောင့်ရှောက်ပါရန် ဘုန်းတော်ကြီး (သို့မဟုတ်) သင်းအုပ်ဆရာ (သို့မဟုတ်) သင်းထောက်ဆရာ (သို့မဟုတ်) ဓမ္မဆရာ (သို့မဟုတ်) အသိမိတ်သားထဲမှသက်ကြီးဝါကြီး တစ်ဦးဦးကဆုတောင်းပေးကြသည်။

၎င်းတွင်စီးပွားရေးအရကုန်ကျစရိတ်၌အလွန်ကွာဟမှုရှိသည်ကို တွေ့ရသည်။ ယခင်ကကျွဲတစ်ကောင်ဖြင့်ပူဇော်ပသမှပျောက်ကင်းသည့် ရောဂါကို၊ ယခုအခါဆေးပြားတစ်ပြား ၊ နှစ်ပြားခန့်စားရုံဖြင့်ပျောက်

---

1. Shaman
2. Priest

ကင်း ကြောင်း ထောက်ပြလာကြသည်။ နတ်ကိုးကွယ်သူတို့သည်ကြက်၊ ဝက်၊ ကျွဲ၊ နွား တို့ကို စားသုံးရန်၊ ခိုင်းစေရန်၊ ဓားပွား ဖြစ်ရန် မွေးမြူခြင်း မဟုတ်ပဲ၊ ယဇ်ပူဇော်ရန်အတွက်သာ ရည်ရွယ်၍ မွေးမြူကြခြင်း ဖြစ်သည်။ ထို့ကြောင့် ၄င်းတို့သည် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း တို့မှ ရသော သားငါး တို့ကိုသာ စားသုံးကြသည်။ ကြာသော်အခါ ရချိတ်ကာ နာမကျန်း ဖြစ်လာသည်။ ၎င်းတွင် မွေးမြူထားသော တိရစ္ဆာန်တို့ နှင့် ယဇ်ပူဇော်ကြသည်။ ယဇ်ပူဇော်ပြီး ပါကအိမ်သား များ အားလုံး ထိုအသား ကို စားသောက် ကြသည်။ ယဇ်ကောင်ကြီး ပါက ရက်ပေါင်း များစွာ စားသောက်ရသည်။ သို့ဖြစ်ရာ လူမမာသည်လည်း အဟာရပြည့်ကာ ကျန်းမာလာခြင်း ဖြစ်သည် ဟုအင်္ဂလန်ခံ့ ကျေးရွာ နေဂျိန်ဖေဒ့တို့က နတ်ကိုးကွယ်မှုနှင့်ကျန်းမာရေး ကို ထောက်ပြကြသည်။ နတ်စား ဧဝတ်လူမှုရေး၊ ကျန်းမာရေး ဆောင်ရွက်ချက်အားလုံး တွင်ယဇ်ပူဇော်မှုကလွှမ်းမိုး ထားပေရာ၊ ယနေ့ခေတ် ကုန်ဈေးနှုန်း ကြီးမြင့်မှုဖြင့်ရှိန်ထိုးကြည့် သော်လူအ လော်များ များ တတ်နိုင်ဖွယ် မရှိသည်ကို တွေ့ရသည်။

အင်္ဂလန်ခံ့ ကျေးရွာ နေဂျိန်ဖေဒ့တို့ကကျန်းမာမှုသည် ခန္ဓာကိုယ်ရှိအရေး ၊ အသား ၊ အရိုး ၊ အကြော (သို့) ဘုရားသခင်နှင့် သာသက်ဆိုင် ကြောင်း တင်ပြကြသည်။ ၄င်းတို့သည် စုန်း ၊ နတ်၊ တစ္ဆေ ရှိသည်ကို မယုံကြည်ကြသည်။ သို့သော်ထာဝရဘုရားသခင်ကိုယုံကြည်သက်ဝင်သူတို့ထံ စုန်း နတ်တို့ မချဉ်းကပ်နိုင်ပေ။ ချဉ်းကပ်နိုင်ခဲ့ သော်ထိုသူသည်ဘုရားသခင် ကိုယုံကြည်အားထား မှုနည်းပါး သောကြောင့်သာဖြစ်သည်ဟုဆိုသည်။ စုန်း တွင်အမျိုးသား စုန်း ရော၊ အမျိုးသမီး စုန်း ပါရှိသည်ဟုယုံကြည်ကြသည်။ စုန်း နတ်တို့ ချဉ်းကပ်ခဲ့သည် ရှိသော်ဘုရားသခင်ထံအကူအညီ တောင်းခံခြင်း ဖြင့်သာကုစား ရမည်။ ၄င်း စုန်း ၊ နတ်တို့ကိုပူဇော်ပသရန် မလိုဟုဆိုကြသည်။ အင်္ဂလန်ခံ့ ကျေးရွာ နေဂျိန်ဖေဒ့တို့တွင်စုန်း ၊ နတ်တို့၏ ပယောဂ ကြောင့်နာမကျန်း ဖြစ်ခြင်း ၊ ပျက်စီး ကြခြင်း ဟူ၍ မရှိပေ။ မိမိတို့ကို ဖန်ဆင်း ထား သော ထာဝရဘုရားသခင်ကိုယုံကြည်အားကိုး ခြင်း ဖြင့်ဘုရားသခင်၏ကြည့်ရှု စောင့်မမှုကို ခံနေရသူ များ ဟူ၍ယုံကြည်ခြင်း က ၄င်းတို့၏စိတ်ဓါတ်ကိုတစ်မျိုး တစ်ဖုံ ပြောင်းလဲသွား စေ ခြင်း ကြောင့်ဖြစ်သည်။

ဘာသာအယူဝါဒကို မနုဿဗေဒပညာရပ်ဖြင့်ချဉ်းကပ်သုံး သပ်ရ သော်စနစ်တကျဖွဲ့စည်း အတည်ပြုထား သောယုံကြည်မှုများ နှင့် ဘာသာရေး ဆိုင်ရာလုပ် ဆောင်ချက်များ ဖြစ် ကြောင်း တွေ့ရသည်။ ယုံကြည်

ကိုးကွယ်ရာဘာသာတရားတိုင်းတွင် စနစ်တကျ ဖွဲ့စည်းထားသော ယုံကြည်မှုများနှင့် ဘာသာရေးဆိုင်ရာ လုပ်ဆောင်ချက်များ ရှိသည်ကို တွေ့ရသည်။ အယူသည်းမှုများ ၊ ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ ဖွဲ့စည်းထားသည့် အုပ်ရဖွဲ့ခြင်းများ၊ ဘာသာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများ၊ ဘာသာရေးဆိုင်ရာ အရာဝတ္ထုပစ္စည်းများ ၊ ဘာသာရေးဆိုင်ရာ ပြောဆိုသုံးနှုန်းပုံ၊ ရွတ်ဖတ်သရဇ္ဈာယ်ပုံများ ၊ ဘာသာရေးဆိုင်ရာ စိတ်ထက်သန်မှု၊ စိတ်လှုပ်ရှားမှုများ အသီးသီး ရှိနေသည်ကို တွေ့ရသည်။ လူတို့သည် မိမိတို့ မမျှော်လင့်ဘူး ၊ မတွေ့ဘူး ၊ မကြုံဘူး ၊ နားလည်ရန် မလွယ်သည့်အရာအဖြစ်အပျက်များကို <u>မှော်ပညာ</u>[1] ဟုသတ်မှတ်ကြသည်။ မှော်ပညာသည် လူကပိုင်ဆိုင်ပြီး ၊ လူကပြုလုပ်ခြင်းသာဖြစ်သည်။ ပြုလုပ်သည်ဆိုရာ၌ အရာဝတ္ထုပစ္စည်းများ အပေါ် ဂါထာ၊ မန္တရား၊ အင်း အိုင်၊ တို့ဖြင့် ကန်ရိုး ၌ စေရန်ပြုလုပ်ဖန်ဆင်း ပေးခြင်း ဖြစ်သည်။

မနုဿဗေဒပညာရပ်ဆိုင်ရာ လေ့လာချက်အရ မှော်ပညာနှင့်ပတ်သက်၍ <u>ရုပ်မှော်</u>[2] နှင့် <u>မှော်ရှိန်း</u>[3] ဟူ၍ရှိသည်။ ရုပ်မှော်တွင် <u>ဓါတ်ကူးမှော်</u>[4] နှင့် <u>ထိမှော်</u>[5] ဟူ၍ရှိသေးသည်။ ဂျိန်ဖော့တို့၏ ရှေးခေတ် မှော်ပညာယုံကြည်ချက်တွင် မှော်ရှိန်း တစ်ခုကသာ ၌သည်ကို တွေ့ရသည်။ သို့သော်ယခု ခေတ်အင်ဂျန်ဒို ကျေးရွာနေ ဂျိန်ဖော့တို့၏ယုံကြည်ချက်တွင်ကား မှော်ရှိန်း ယုံကြည်ချက်မျိုး မရှိတော့ပေ။ ၄င်းတို့တွင် ဝယဆေး၊ မျက်နှာပွင့်ဆေး ဟူ၍လည်း မရှိပေ။ မလိုလားသူများ ကဆံပင်၊ ခြေသည်း ၊ လက်သည်း ခြေရာတို့မှတစ်ဆင့်ပြုစားနိုင်သည်ဟူသော အယူသည်းမှုမျိုး လည်း မရှိပေ။ ထိုသို့မဖြစ်စေရန် ငယ်စဉ်ကလေး ကပင်ဘုရားသခင်သည်ထာဝရ အားထားရမည့်တစ်ဦးတည်း သောကယ်တင်ရှင်ဖြစ်ကြောင်း သင်ကြားပို့ချထားပြီး ဖြစ်သည်။

ဘာသာရေး ယုံကြည်မှုသည်လူတို့၏ လူမှုရေး လုပ်ဆောင်ချက်ကြီး တစ်ခုလုံးကို ပြောင်းလဲသွားစေနိုင်ကြောင်း ဂျိန်ဖော့အဖွဲ့အစည်းကို လေ့လာခြင်းအားဖြင့်သိရပေသည်။

(ခ) စာပေ၊ ဂီတနှင့်အကအခုန်

(ခ) (၁) စာပေ

လွယ်ဉ် ကျေးရွာမှသည့်လူတို့၏ စီးပွားရေးဆိုင်ရာဆင့်ကဲ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအတိုင်း သဘာဝက ပေးထားသော၊ ပတ်ဝန်းကျင် ပေါ်အခြေခံ၍အဆင့်ဆင့်တိုးတက်ပြောင်းလဲမြင့်မားလာခြင်းဖြစ်သည်။ လူတို့သည် မိမိတို့၏ စိတ်ကူး စိတ်သန်းများ ၊ လိုအင်ဆန္ဒ၊ အသိအမြင်များကိုနည်းမျိုးစုံဖြင့် ဖော်ပြခဲ့ရာ အရုပ်စာ၊ ကြက်ရိုးစာ၊ တုတ်ချောင်းစာ စသည်ဖြင့် အက္ခရာများ၏ အစ စာအမျိုးမျိုး ရှိခဲ့သည်။ ထိုမှတစ်ဖန် အက္ခရာများတွင် ၍ ရေး ချလာကြသည်။ စင်စစ်စာဆိုသည်မှာ စကားလုံးများကို ဖော်ပြသော အမှတ်အသား သင်္ကေတများသာဖြစ်သည်။

---

၁။ Magic

၂။

၃။ Sorcery

၄။

၅။ Contagions Magic

တစ်နည်းအားဖြင့်ဆိုလျှင်အချိန်ကြာမြင့်သွားသည့်တိုင် မှတ်မိနေစေလိုသည့်အကြောင်းအချက်များ၊ သူတစ်ပါးအား သိစေလို၍တင်ပြသည့်စိတ်ကူးများ၊ ဆန္ဒများ၊ အသိအမြင်များကိုအမှတ်အသား ဖြင့်ဖော်ပြလိုက်ခြင်းဖြစ်သည်။ ထိုဖော်ပြချက်၏ဆိုလိုရင်းကိုအခြား သူများကလည်းနားလည်သည်။ ယင်းသည်စာပေပင်ဖြစ်သည်။ စာ တွင် ရွှံ့ပြား၊ ကျောက်ပြား၊ ပေရွက်၊ စက္ကူတို့ပေါ်တွင်ရေးမှတ်ထွင်း ခြစ်ထားသောစာနှင့်အမှတ်အသားပြုဖော်ပြသောစာဟူ၍နှစ်မျိုးရှိ သည်။ ရေးခြစ်ရသည့်စာ (သို့မဟုတ်) အက္ခရာစာပေမပေါ်မီကာလနှင့် အဝန်းတွင်လူမျိုးတိုင်းအသုံးပြုခဲ့မည်ဖြစ်သော အမှတ်အသားပြုဖော် ပြချက် (သို့မဟုတ်) လုပ်ဆောင်ချက်များသည်အမှတ်အသားပြုဖော်ပြသော စာ (သို့မဟုတ်) ဓလေ့စာပင်ဖြစ်သည်။

မိမိတို့၏ဖြစ်အင်၊ မိမိတို့၏အတွေးအခေါ်အယူအဆများကို အက္ခရာတင်ရေးသားနိုင်စွမ်းရှိလာသောကာလကိုယဉ်ကျေးသော ခေတ် (သမိုင်းတင်ခေတ်) ဟုကမ္ဘာတစ်ဝှမ်းလုံးကသတ်မှတ်ကြသည် ။ ဂျိန်ဖေါ့တို့၌အက္ခရာစာပေပေါ် ပေါက်လာသည်မှာနှစ်ကာလအား ဖြင့်မကြာလှသေးပေ။ သို့သော်၎င်းတို့၌ရိုးရာဓလေ့အစဉ်အလာ ဓလေ့စာသည်ကားမည်သည့်ခေတ်၊ မည်သည့်အချိန်တွင်စတင်ပေါ်ပေါက် လာသည်ကိုမသိရသော်လည်း၊ ယနေ့ထက်တိုင် အင်ဂျန်ဒို့ကျေးရွာတွင်အ သုံးပြုဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဂျိန်ဖေါ့တိုင်းရင်းသားတို့က ၎င်းတို့သည်ကမ္ဘာဦးအ စကပင်စာပေကိုရရှိခဲ့ကြသည်ဟုယနေ့ထက်တိုင်ဆိုစမှတ်ပြုကြသည်။ ကမ္ဘာဦး အစကနတ်မင်းကြီးက ဂျိန်ဖေါ့လူမျိုးတို့အတွက်စာပေကိုသားရေချပ်ပေါ် တွင်ရေးသား၍ပေးအပ်ခဲ့ကြသည်ဆို၏။ သို့သော်ဂျိန်ဖေါ့တို့ကယင်း သားရေချပ်ကြီးကိုဖုတ်ကင်ကာစားသောက်ပစ်လိုက်သဖြင့်၊ ဂျိန်ဖေါ့ လူမျိုးတို့၌စာပေမထွန်းကားခဲ့ခြင်းဖြစ်သည်ဟုဆိုကြသည်။ ယခုအသုံးပြု နေသောဂျိန်ဖေါ့စာပေသည်ခရစ်သက္ကရာဇ် (၁၈၉၀) ခုနှစ်တွင်အ မေရိကန်သာသနာပြုဆရာကြီး အိုဟန်ဆန်[1] က ရောမအက္ခရာမှတစ် ဆင့်တီထွင်ပေးခဲ့သဖြင့်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းသို့စာပေ မရှိခဲ့ခြင်းကြောင့်သက်ကြီးရွယ်အိုများကပုံပြင်များ၊ ရိုးရာဓလေ့ များအကြောင်းကိုမိမိတို့၏သားသမီးတို့အားနှုတ်ဖြင့်ဆင့်ကဲဆင့်ကဲပြော ကြားကာမှတ်သားစေခဲ့သည်။ ထိုသို့ဆင့်ကဲပြောကြားချက်များကိုသာလျှင် သမိုင်းပုံပြင်အဖြစ်မှတ်တမ်းတင်ခဲ့ကြသည်။

---

၁။ O. Hansan

စာပေမရှိခြင်းကြောင့် တစ်ဆင့်ပြောစကားဖြင့်သာ ယခင်၊ ယခင်ခေတ်များ၏ လူနေမှုစနစ်၊ လူမျိုးဆင်းသက်ပုံ၊ ဘာသာရေး၊ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုများကို နောင်လာနောက်သားများ သိရှိကြသည်။ လက်ထပ်မင်္ဂလာအခမ်းအနား၊ သင်္ဂြိုဟ်အခမ်းအနား၊ မနောပွဲတော်များ ကျင်းပတိုင်း သက်ဆိုင်ရာနတ်တို့ကိုလည်းကောင်း၊ နွား၊ ဝက်၊ ကြက်များ သတ်ဖြတ်ပူဇော်ခြင်းဖြင့် မိမိတို့အလိုရှိသော ဆုမွန်ကောင်းကို တောင်းဆိုလေ့ရှိကြသည်။ အဆိုပါအခမ်းအနား ကျင်းပသောအခါ ဒူဝါ၊ ဒွမ်ဆာ စသည့်နတ်ဆရာတို့က ပိုး ရာဂါထာများကို ရွတ်ဆိုပြီး သက်ဆိုင်ရာနတ်တို့အား တိုင်တည်ခြင်း၊ လိုအပ်ချက်များကို တောင်းဆိုခြင်း၊ ညွှန်ကြားခြင်းများ ပြုလုပ်တတ်ကြသည်။

ထို့ပြင် လူမှုဆက်ဆံရေးဖက်တွင်လည်း အချက်ပြခြင်း၊ အကဲဖြတ်ခြင်း၊ အဓိပ္ပါယ်ကောက်ယူခြင်းတို့ကို ကိုယ်အမူအယာ၊ နှုတ်အမူအယာများဖြင့် ကျင့်သုံးဆောင်ရွက်ခဲ့ကြသည်။ ဤနေရာတွင် တစ်ဦးနှင့်တစ်ဦး တိုက်ရိုက်ဆက်သွယ်ခြင်းထက် သွယ်ဝိုက်သောနည်းကို အသုံးပြုခြင်းက ပို၍ ခေတ်စားခဲ့သည်။ ဥပမာ- လူပျိုသည် အပျိုအား တစ်စုံတစ်ရာ မပြောကြားသော်လည်း အပျိုသိမ်သို့ မကြာခဏဝင်ထွက်ခြင်းပြုပါက အဆိုပါအပျို၏အချစ်ကို တောင်းခံနေခြင်း အဓိပ္ပါယ်ရသည်။

ထိုအမူအယာများအပြင် ရှေးခေတ်အဆက်ဆက်မှစ၍ပေ ဖွံ့ဖြိုးထွန်းကားလာသည့် ယနေ့ခေတ် အင်ဂျန်ဒုံကျေးရွာတိုင်း သုံးစွဲလျက်ရှိသော ပုံစာ၊ ဖိတ်စာ၊ မှတ်တမ်းစာ အစရှိသည့် ဓလေ့စာများလည်း ရှိသေးသည်။ ဂျိန်ဖေါလူမျိုးတို့သုံးသော ဓလေ့စာသည် ကွမ်ဖ[1] ခေါ် လက်ဆောင်ပစ္စည်း၏ ပါးသည့်စနစ်ဖြစ်သည်။ တစ်နည်းအားဖြင့် ကွမ်ဖသည် သိစေလိုသောစကား ပြောက်မြားစွာကို အမှတ်အသားဖြင့် လက်ဆောင်ပါး၍ ဖော်ပြလိုက်ခြင်းဖြစ်သည်။ ကွမ်ဖတစ်မျိုး ပေးလိုက်တာမှုဖြင့် ဆိုလိုချက်ကို သိကြပေသည်။ ထိုသို့ ဆိုလိုချက်များကို သိရန်မှု (သို့မဟုတ်) ယဘုယျစည်းမျဉ်းများကို မည်သည့်အချိန်ကာလက သတ်မှတ်ခဲ့ကြောင်း မသိရသော်လည်း၊ ဂျိန်ဖေါတို့၏ ဓလေ့စာသည် အက္ခရာမတင်ရသည်မှလွဲ၍ စည်းကမ်းဘောင်နှင့် စနစ်တစ်ကျရှိကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့်ပင် တောတောင်ဒေသအနှံ့ နေထိုင်ကြသော ဂျိန်ဖေါအားလုံး အဓိပ္ပါယ်ကောက်ယူမှုကွဲလွဲခြင်းမရှိဘဲ လွယ်ကူစွာ နားလည်သဘောပေါက်ကြခြင်း ဖြစ်သည်။

---

1. Kumpha

ရွေး ယခင်က ဒူဝါတစ်ဦး ဦး ကအခြား ဒူဝါတစ်ဦး ထံ လူ စေလွှတ်ပြီး ၊ အိုး ၊ လှံ၊ သေနတ် အစရှိ သောလက်နက်များလက် ဆောင် ပေး ပို့ခြင်း ပြုခဲ့သော် စစ်တိုက်ရန်စစ် ကြေညာသည့်သ ဘောပင် ဖြစ် သည်။ အပို့ခံရသည့် ဒူဝါကလူသူ၊ လက်နက်များ စု ဆောင်း ကာ စစ်ပြ င် ဆင်ရ တော့သည်။

တစ်ဦး ကတစ်ဦး ကို ချစ်ခင်ရင်း နှီး ကြောင်း ပြော ကြား လို သောအခါ အမဲ ခြောက်နှင့်ဆား ကို ဖက်ဖြင့်ထုတ်၍လက် ဆောင်ပို့ ကြ ပေ သည်။ ဤသို့ပို့ခြင်း မှာ ဂျိန် ဖော့လူမျိုး တို့၏ ဓလေ့အရ အမဲ သား ကို ပွဲလမ်း သဘင်များတွင်အတူတကွ ခွဲ ဝေစား သောက်ရသည့်အပြ င် ကြံဝ်တင်ထား သောအမဲ ခြောက် မှာ မိမိသို့ မှီး ထား သော ဝမ်း စာကို ခွဲ ဝေ ပေး ကြောင်း ၊ ဆား မှာ တောင် ပေါ် ဒေသတွင်တန်ဘိုး ထား ရ သောအရာဖြစ်၍ ဤသို့ ပေး လိုက်ခြင်း အား ဖြ င့်ချစ်ခင်ရင်း နှီး မှု ကြီး မား ပုံကို ဖော်ပြကြသည်။ ထိုကွမ်ဖ ရောက်လာခြင်း သည် ဂျိန် ဖော့ တို့အဖို့တစ်နယ်တစ် ကျေး မှ ချစ်ခင်ရင်း နှီး သတိရ ကြောင်း ဖွဲ့နွဲ့ ရေးသား ထား သည့်စာတစ် စောင် ရောက်လာခြင်း ထက် ပင်အဓိပ္ပါယ်လေး နက်သည်။

ဂျိန် ဖော့တို့သည် ပို့စာအဖြစ် ဆေး ရွက်ကြီး မှုန့် ၊ ထုံး ၊ ကွမ်း တို့ကို သေချာစွာထုတ်ပြီး မိမိ ပြောလိုသည့်အ ကြောင်း အရာနှင့်ပတ် သက် သောအရာဝတ္ထုပစ္စည်း တို့ကို ပါထည့်ကာ ပေး ပို့တတ်ကြသည်။ ဥပမာ လုလင်ပျိုကလုံမပျိုအား ထုံကဲ့သို့အထုတ်ထုတ်ပြီး အထုတ်ထဲတွင်မီး စထည့်ပါက ညတွင်မီးမီးလာခဲ့ပါမည်။ စောင့်နေပါ ဟူ၍အဓိပ္ပါယ်ရလေသည်။ ထိုအခါ လုံမပျိုကသတိထား ကာ စောင့်ရင်း အိပ်သည်။ လုလင်ပျိုကထရံ ဘေး မှကပ်၍ ပုလွေကဲ့သို့ သော လေမှုတ်ကရိယာဖြင့်တိုး ညှင်း စွာမှုတ်လိုက်သည်နှင့်လုံမငယ် က ချက်ချင်း ထကာအင်လား ဒပ် ခေါ် အပျိုလူပျိုခန်း တွင်နှစ်ဦးသား တွေ့ဆုံကြ တော့သည်။ ဥပမာ အထုတ်ထဲတွင်လဘက် ခြောက်ပါပါက သေသေချာ ချာစဉ်း စား ၍အ ကြောင်း ပြန်ပါ ဟူ၍ဆိုလိုခြင်း ဖြစ်သည်။

မီး သွေး အချို့နှင့် ခါး သောအရွက်တစ်မျိုး ကို ဖက်နှင့်ထုပ်၍ ပို့လိုက်ပါကအပို့ခံရသူသည် ကြွေး မီ တောင်း ခံရပြီဖြစ် ကြောင်း သိ လေသည်။ ထိုအခါအ ကြွေး ဆပ်ရသည်။

အပျိုလူပျိုဘဝအချင်း ချင်း မေတ္တာမျှကြပြီး အ ကြောင်းအမျိုး မျိုး ဖန်၍ကွဲကွာသွား ရသည့်အခါ တစ်ဦး ဦး ကစိတ်နာ ကြောင်း ပြလိုလျှင် ဆေး ရွက် ၊ ထုံး ၊ ကွမ်း တို့ကို သေချာစွာထုတ်ပြီး ချည်အနက်ဖြင့်ရစ်ပတ်ပေး ပို့တတ်ကြသည်။ ဤကား စိတ်နာခြင်း ၏လက္ခဏာဖြစ်သည်။ သို့သော်တစ်ဦး ဦး

တမီမီချစ်သူအပေါ် ကြည်ဖြူ၊ ခွင့်လွှတ်၊ နားလည်သဘောထားကြီးကြောင်း ပြလိုလျှင်ယင်းအထုတ်ကို ချည်ဖြူဖြင့်ရစ်ပတ်ပေး ပို့ကြသည်။ ချစ်သူနှစ်ဦး ပြုထားသောဂတိသစ္စာပျက်ယွင်းပြီး သွေးဖောက်ပြားပြီဟုတစ်ဖက်သား ကိုစွပ်စွဲလိုသောအခါ ဝါးလုံးတစ်တောင်ခန့်ကိုနှစ်ခြမ်းခွဲ၍ ပေးပို့တတ် ကြသည်။

တစ်ခါတစ်ရံ၌အလုပ်ကိစ္စနှင့်ဖြစ်စေ၊ အကြောင်းကိစ္စတစ် ခုခုဖြင့်ဖြစ်စေ မောင်တစ်ရွာ၊ မယ်တစ်မြို့ဖြစ်နေ၏။ ထိုစဉ်ဇနီးဖြစ် သူကမီမီတွင်ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ခင်ပွန်းသည်ကိုသိစေလိုသောအ ခါ၊ ဆေးရွက်၊ ထုံး၊ ကွမ်း တို့ထည့်ကာထုတ်ထားသောအထုတ်ပေါ်တွင် ဂျိန် ဖော့အမျိုးသမီးတို့ခါးတွင်စည်းလေ့ရှိသည့်ကြိမ်ကြိုး ခွေတစ်မှုင်နှင့် ရစ် ပတ်ကာပေးပို့လိုက်သည်။ လက်ဆောင်ထုတ်ကိုရသည်နှင့်တစ်ပြိုင်နက်ခင်ပွန်း ဖြစ်သူသည်မီမီဇနီး၌ကိုယ်ဝန်ရှိပြီကိုသိရလေသည်။

အခမ်းအနားအသီးသီးအတွက်ဖိတ်စာအဖြစ်ဝါချည်ဖြင့်အ ထုံးကလေးများထုံးပြီး ပေးပို့ရသည်။ သွားရောက်ပို့ဆောင်သူက လမ်းတွင်ညအိပ်ရသည်ဆိုပါကတစ်ညလျှင်တစ်ထုံးဖြတ်ပစ်ခြင်းဖြင့်ရက်မလွဲ မှားအောင်ဆောင်ရွက်ကြသည်။ အချို့သူတို့က နှီး (သို့မဟုတ်) ကြိမ်ဖြင့်အထုံး လေးများထုံးကြသည်။ ၎င်းကြိုးထုံးဖိတ်စာကို ဂျဖန်စကျစ်[1] ဟုခေါ်သည်။

ယခုခေတ်တွင်ပစ္စည်းပိုင်ဆိုင်မှုနှင့်အကာအကွယ်ရှိကြောင်း ပြလိုလျှင် ပိုင်ရှင်ရှိသည်မကျူးကျော်ရ ဟုဆိုင်းဘုတ်ရေးကပ်ထားကြသော် လည်း၊ ရှေးခေတ်ဂျိန်ဖော့တို့က ပိုင်ဆိုင်မှုကိုဖော်ပြလိုသောအခါသစ်ပင် တစ်ပင်တွင်အခေါက်ကိုခွာပြီး ပစ္စည်းတစ်ခုခုကိုချိတ်ထားလိုက်ခြင်းဖြင့်လည်း ကောင်း၊ မှတ်တိုင်တစ်ခုစိုက်ထားရုံမျှဖြင့်လည်းကောင်း သိစေကြသည်။ ယင်းအလေ့အထကို မထန်းအင်ဖန်[2] ခေါ်စည်းဝိုင်းသတ်မှတ်ထားခြင်း ဟုခေါ်သည်။

စာပေမထွန်းကားသေးသည့်ရှေးယခင်က နေ့၏အချိန် ကိုနေ၏အနေအထားဖြင့်လည်းကောင်း၊ ညကိုလ၏ထွက်ချိန်၊ ဝင်ချိန် ဖြင့် လည်းကောင်း၊ နေ့ရက်ကိုလ၏အရွယ်အစား ပုံပန်းဖြင့်လည်းကောင်း၊ ရာသီဥတုကိုသစ်သီးဝလံပွင့်ချိန်၊ သီးချိန်တို့ကိုကြည့်၍မှတ်သားခြင်းဖြင့် လည်းကောင်း၊ ခုနှစ်ကိုတောင်ယာခုတ်ထွင်သည့်အရေအတွက်ဖြင့် လည်း ကောင်း၊ အသီးသီးတွက်ယူချိန်ဆကြသည်။ နောက်ပိုင်းတွင်အပေါက်(၃၀)

1. Japhan machyit
2. Mahtan Nhpan

တီတီ ဖောက်ထားသည့်အရှည်တစ်ပေခန့်ရှိပြီး ၊ ဖလထွာအကျယ်နှင့်တစ်ပေခန့်အထူရှိသော ပျဉ်ချပ်ကိုပြက္ခဒိန်အဖြစ်အသုံးပြုလာကြသည်။ ပျဉ်ချပ်တွင် အပေါက်နှင့်ဆန့်သည့်ထုတ်တစ်ချောင်းကိုလည်း ကြိုးနှင့်တွဲ၍ချည်ထားကြသည်။ ၎င်း ပျဉ်ချပ်ကိုဗြဲဝ်ခိုး စင် အောက်တွင်ချည်ထားပြီး နံနက် မိုးလင်း သည်နှင့်အပေါက်တစ်ပေါက်ချင်း ကို ရွှေ့တိုး သွား သည်။ အပေါက် (၃၀) ရေသွား ပါကတစ်လကုန်သည်ဟုအသိအမှတ်ပြုကြသည်။ တစ်နှစ်တွင် (၁၂) လသတ်မှတ်ထားရှိကြသည်။

မှတ်တမ်းမှတ်စာအဖြစ် မြေဝယ်သည့်အခါ (သို့မဟုတ်) အိမ်ဝယ်သည့်အခါ (သို့မဟုတ်) တစ်စုံတစ်ရာချေးငှားထားသည့် အခါ ဖဂါ (ကျွဲ၊ နွား ၊ မောင်း ၊ ပုဆိုး စသည်) ၃၀ ဆိုပါက၊ ဝါး ခြမ်းတွင် အထစ် (၃၀) တီတီထစ်ကာသိမ်း ထား သည်။ ပေး ပြီး သည့်အရေအတွက် အလျောက် ဝါး ခြမ်း မှအထစ်ကို လျှော့ချပစ်ကြသည်။ အချို့ကကြိုး တုံး နှင့်တုံးကာ မှတ်သား ထား သည်လည်း ရှိသည်။

တစ်ဦး နှင့်တစ်ဦး (သို့မဟုတ်) တစ်စုံတစ်ရာအတွက် ၊ ကတိကဝတ်ထား ကြခြင်း အဖြစ် မတိုး လှံ ပေါ်တွင် ဓါး နှစ်ချောင်း ကို ကြက်ခြေခတ်တင်ကာ၎င်း တို့အပေါ်မှသစ်တိုး ဖြင့်အရာထင်ကျန်ရစ်အောင် ထုလိုက်ခြင်း ဖြင့်ကတိကဝတ်ပြုတတ်ကြသည်။ မည်သို့ သောအခြေအနေတွင် မှ သစ္စာမဖောက်ဝဲအသက် ပေး ၍ ဆောင်ရွက်မည်ဟုသည့်သဘောပင်ဖြစ်သည်။

ဂိုန် ဖေသွတို့သည်ကမ္ဘာဦး ကာလကနတ်တို့ ပေး အပ်ထား သော၊ သား ရေစာ ပေကိုမီး ဖုတ်စား ခဲ့ကြ သောလူတစ်စု၏ဝိဥာဉ်သည် ပြန်လည်ဝင်စား ကာ ခေတ်အဆက်ဆက်မှကျယ်ဝါ၏ နတ်ဆရာကြီး များဖြစ်လာကြသည်ဟုယုံကြည်ကြသည်။ ၎င်း နတ်ဆရာကြီး တို့၏ ရွတ်ဆိုချက်များ သည် ၊ ဂိုန် ဖေသွတို့၏ စာပေပင်ဖြစ်သည်။ ၎င်း တို့၏ ရွတ်ဆိုချက်တို့တွင်သမိုင်း ပညာ၊ ပထဝီပညာ၊ ဆေး ပညာနှင့်မလူ့စာအတွက်သတ်မှတ်ချက်အလုံး စုံတို့ပါဝင်ပေသည်။

ယခု ခေတ်အင်ဂျန်ဒုံ ကျေး ရွာတွင်စာမတတ်သူဦး ရေ မရှိသလောက်ရှား ပါး ပြီး စာပေဖွံ့ဖြိုး တိုး တက်လွန်း ကား နေပြီဖြစ် သော်လည်း ဂိုန်း ဖေသွတို့သည်အကြောင်း တစ်စုံတစ်ရာရှိပါကမလူ့စာဖြင့် ဆက်သွယ်အကြောင်း ကြား ခြင်း ရှိသေး ကြောင်း အံ့ဩဖွယ် လေ့လာတွေ့ရှိရသည်။ တစ်ရွာတည်း အိမ်ချင်း ကပ်ရက်ပင်ဖြစ် သော်လည်း အထက်ပါအတိုင်း

ထွမ်ဖ ခေါ်လက် ဆောင် ပေး ခြင်း ဖြင့်သာအကြောင်း ကြား ဆောင်ရွက်ကြသည်။ ဥပမာ လက်မထပ်မီလူငယ်ချင်း မေတ္တာမှုကိုယ်ဝန်ရှိလာပါက မိန်းကလေး ရှင်သည် ယောကျ်ား လေး ရှင်ထံသို့တစ်စုံတစ် ယောက်ကို စေလွှတ်၍လက် ဆောင်ထုတ် ပေး ပြီး ၊ အကြောင်း ချင်း ရာကိုသိ စေသည်။ လူနေမှုစနစ်မည်မျှပင် ပြောင်း လဲလာ သော်လည်း ၊ ရှေး ခေတ်အဆက်ဆက်ကကျင့်သုံး ဆောင်ရွက် ခဲ့သည့်စာ ပေ ဓလေ့ကိုယ နေ့တိုင်အင်ဂျန် ဒို့ ကျေးရွာတွင် တွေ့ရဆဲဖြစ်သည်။

(၁၈) ရာစု နှောင်း ပိုင်း တွင်အနောက်နိုင်ငံသား များ ၏သာသနာပြုလုပ်ငန်း များ သည်ထိုခေတ် ဂျိန်ဖော လူမျိုး တို့၏ လူနေမှုစနစ်ကိုတစ်မျိုး တစ်ဖုံ ပြောင်း လဲ စေခဲ့သည်။ ဂျိန်ဖော အပါအဝင် ကချင်လူမျိုး တစ်ခုလုံး ခရစ်ယာန်ဘာသာကိုသက်ဝင်ယုံကြည်လာကြသည်နှင့် အမှု ရှေး ဟောင်း ဓလေ့နှင့်အယူအဆများ ကိုစွန့်လွှတ်လာကြသည်။ ယခင် ကဂျွယ်ဝါ၊ ဒွမ်ဆာ များ နှင့်အကြား အမြင်ဗဟုသုတ များ သော သက်ကြီးရွယ် အိုများ ထံမှတစ်ဆင့်အစဉ်အလာအရဆည်း ပူး လေ့လာရသည့် ဓလေ့ထုံးတမ်း များ မှာလည်း တဖြည်း ဖြည်း နည်း ပါး လာ တော့သည်။

အနောက်တိုင်း သာသနာပြုဆရာ များ သည်ကချင်စာ ပေဖြစ် မြောက်ရန်နည်း လမ်း များ ရှာကြံခဲ့ကြသည်။ ပထမဦး စွာ ရှမ်း အမျိုး သား များ ၏ ဓမ္မကျမ်း စာကိုဘာသာပြန်ဆိုသူဆရာ ကြီး ကူရှင် က မြန်မာအက္ခရာဖြင့်ကချင်စာ ပေကို ရေး သား ခဲ့ဘူး သည်။ သို့ရာတွင်မြန်မာစာဖြင့်ကချင်အသံ နေအသံထား တိုင်း ကိုစပ်ဟပ်၍ မရ ပေ။ ထို့ကြောင့် အမေရိကန်သာသနာပြုဆရာကြီး အိုဟန်ဆန်က ရောမအက္ခရာဖြင့်တီထွင် ခဲ့သည်။ ထိုစဉ်ကအက္ခရာစာလုံး (၃၀) သာရှိခဲ့သည်။ ထိုအက္ခရာတို့ဖြင့်ရှေး ဦး စွာ (၃၆) မျက်နှာရှိ သောကချင်ဖတ်စာကိုပြုစုခဲ့သည်။ ထိုစာသည် ဂျိန်ဖောဘာသာစာ ပေပင်ဖြစ်သည်။ ဆက်လက်၍ စာမျက်နှာ (၂၅) မျက်နှာပါ ဓမ္မသီချင်း အုပ် ရေ (၁၀၀) ကိုပုံနှိပ်ခဲ့သည်။ ရှင်ယောဟန်၊ ရှင်ယောနအစ ရှိ သော ဓမ္မကျမ်း စာ များ ကိုလည်း ပြန်ဆိုခဲ့သည် (၁၉၅၆) တွင် အက္ခရာ စာလုံး ပေါင်း (၄၀) ကိုတီထွင်အတည်ပြုခဲ့သည်။ ထိုအချိန် မှစ၍ သူငယ်တန်း ပထမတန်း ၊ ဒုတိယတန်း ၊ တတိယတန်း ၊ စတုတ္ထတန်း ဂျိန်ဖော ဖတ်စာအုပ် များ ကို ရေး သား ခဲ့သည်။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| A | E | I | U | AI | AU | AW | OI | B | D |
| အာ | အဲ | အီ | အူ | အိုင် | အောင် | အော | အွိုင်း | ဘ | ဓ |
| J | K | L | M | N | P | R | S | W | Y |
| ဂျ | က | လ | မ | န | ပ | ရ | ဆ | ဝ | ယ |
| Z | H | CHY | HK | HP | HT | NG | NY | SH | TS |
| ဇ | ဟ | ကျ | ခ | ဖ | ထ | င | ည | ရှ | စ |

ရှေးဦးစွာတီထွင်ခဲ့သည့်ဂျိန်ဖေါ့အက္ခရာစာလုံးများ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| A | A | E | E | E | I | O | U | AI | AU |
| အာ | အ | အဲ့ | အယ် | အဲ | အီ | အော် | အူ | အိုင် | အောဝ် |
| AW | OI | B | CHY | D | G | GY | H | J | K |
| အော့ | အွိုင်း | ဘ | ကျ | ဓ | ဂ | ဂရ | ဟ | ဂျ | က |
| KY | HK | HKY | L | M | N | NG | NY | P | HP |
| က | ခ | ခရ | လ | မ | န | င | ည | ပ | ဖ |
| HPY | R | S | SH | T | TS | HT | W | Y | Z |
| ဖျ | ရ | ဆ | ရှ | သ | စ | ထ | ဝ | ယ | ဇ |

ယခုအသုံးပြုနေသော ဂျိန်ဖေါ့အက္ခရာစာလုံး များ

မြန်မာနိုင်ငံလွတ်လပ်ရေး မရမီကာလက ကျောင်းများတွင် စာသင်ကြသော ဂျိန်ဖေါ့ ကျောင်းသား ဦး ရေမရှိသ လောက်နည်း ပါး ခဲ့သည်။ လွတ်လပ်ရေး ရပြီး နောက်ပိုင်း တွင်ပင် ယောကျာ်း လေး များကိုသာ (၉) နှစ် (၁၀) နှစ်ခန့်မှ ကျောင်း ပို့ကြသည်။ ကျောင်း သို့ ရောက်ပြန်သော်လည်း စီး ပွား ရေး အ ခြေအ နေအရပ်ရပ် ကြောင့်ပညာတစ်ဝက်တစ်ပျက် နှင့် ကျောင်း ထွက်ကြရသည်က များ သည်။ ဂျိန် ဖေါ့လူမျိုး တို့၏ ရှေး ပိုး စဉ်လာ ထိုထုံး တစ်ရပ်မှာ လူမှန်လျှင်စာသင်ရန်မလို အလိုလိုတတ်ကျွမ်း ရမည်၊ တိရစ္ဆာန် များ ကိုသာအစစအရာရာသင်ကြား ပေး ရန်လိုသည် ဟူ၍ဖြစ်သည်။ ထို့ကြောင့်

ကလေးများကို စာသင်ကျောင်းသို့ မပို့ပဲ၊ မိမိတို့နှင့်သာတိုးတူ တောင်ဖက် လုပ်ကိုင်စေ၍ ဗဟုသုတတို့ကိုလက်ဆွဲသင်ကြား ပေးခဲ့ကြသည်။ ထို့ကြောင့် ကလေးများကလည်း စာပေသင်ကြားရန်ထက် မိဘများနှင့်တိုးတူတောင် ဖက်လုပ်ကိုင်ကြရန်သာစိတ်ဝင်စားကြသည်။ ယခင်ခေတ်မိန်း ကလေးများ ကိုမူ၊ ကျောင်းသို့ စေလွှတ်ခြင်း မရှိခဲ့ပေ။ အိမ်တွင်း မှုလုပ်ငန်း များ လုပ် ကိုင်စေခြင်း ၊ လီမွှာရေး ခြား ရှိစေခြင်း ၊ ရိုးရာဓလေ့အရလင်သား၏ ဆွေမျိုး များ ကိုပြုစုတတ်ခြင်း ၊ လင်သား ကိုပြုစုတတ်ခြင်း ၊ မိဘ ဆောက္ကမ များ ကိုရို သေခြင်း စသည့်အချက်များ ပြည့်စုံရန်သာအရေး ကြီး သည်။ ဂျိန် ဖေါ့အမျိုး သမီး ၏တန်ဘိုး ကိုအထက် ပါအချက်များ ဖြင့်သာတိုင်း တာအကဲဖြတ် ကြ လေသည်။

သို့သော်လွန်ခဲ့သောနှစ်(၃၀)၊ (၃၅)နှစ်ခန့်မှစ၍၊ ဂျိန်ဖေါ့လူမျိုး တို့သည်တဖြေး ဖြေး အသိအမြင်ဖွံ့ဖြိုး ကျယ်ပြန့်လာသည်။ ကျား / မ မခွဲပဲသား သမီး အား လုံး ကိုပညာသင် ပေး လာကြသည်။ သို့ဖြင့်ဂျိန်ဖေါ့ ပညာတတ်ဦး ရေသည်လည်း တဖြေး ဖြေး များ ပြား လာသည်။ ယခင်ကပါး စပ်သမိုင်း အဖြစ်သာရှိခဲ့သော၎င်း တို့၏ရာဇဝင်များ ၊ ဓလေ့ထုံး တမ်း များ ကိုဂျိန် ဖေါ့ဘာသာစာ ပေဖြင့်ပုံနှိပ်ထုတ် ဝေလာကြသည်။ အထူး သဖြင့် ခရစ်ယာန် ဘာသာဓမ္မကျမ်း စာများ ကိုရိုက်နှိပ်ထုတ် ဝေခဲ့ကြသည်။

ဂျိန် ဖေါ့တို့သည်နိုင်ငံတော်အစိုး ရမှပံ့ပိုး တည် ထောင် ပေး ခြင်း မရှိသောဒေသများ တွင်ကိုယ်ထူကိုယ်ထစနစ်ဖြင့်စာသင်ကျောင်း များ ဆောက်လုပ်၍ ဆွဲခန့်ဆရာ၊ ဆရာမများ ခန့်အပ်ကာမိမိတို့၏သား သမီး များ ကိုလိုလိုချင်ချင်စာပေသင်ကြား စေကြသည်။ ယနေ့အင်ဂျန်ဒို ကျေး ရွာတွင်အခြေခံပညာအလယ်တန်း ကျောင်း တစ် ကျောင်း ၊ မူလတန်း ကျောင်း တစ် ကျောင်း နှင့် မူလတန်း ကြိုကျောင်း တစ် ကျောင်း တို့ရှိသည်ကို တွေ့ရသည်။ လက်ရှိအလယ်တန်း ကျောင်း သည်လွန်ခဲ့သော(၁၅)နှစ်ခန့်အထိ မူလတန်း ကျောင်း ငယ်မျှသာဖြစ်ခဲ့ပြီး ကျေး ရွာရှိမိဘတို့ကအာသာပြင်း ပြင်း ဖြင့်ကိုယ်ထူကိုယ်ထအလယ်တန်း ကျောင်း ဖြစ်လာရန်ကြိုး စား တည်ထောင် ခဲ့ခြင်း ဖြစ်သည်။ လက်ရှိမူလတန်း ကျောင်း မှာလည်း ထိုသို့ပင်တည် ထောင်ခဲ့ ပြီး အစိုး ရအသိအမှတ်ပြု ကျောင်း ဖြစ်လာခြင်း ဖြစ်သည်။ မူလတန်း ကြိုကျောင်း ကိုလည်း ထိုနည်း အတိုင်း ပင်အင်ဂျန်ဒို ကျေး ရွာမှစု ပေါင်း အင်အား ဖြင့် (၁၉၉၃) ခုနှစ်လတွင်စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

အင်ဂျန်ဒို ကျေး ရွာ နေ ဂျိန် ဖေါ့တို့သည်ပညာ ရေး ကိုဦး စား ပေး သကဲ့သို့၊ စာ ပေလိုက်စား သူ၊ ဝါသနာပါသူများ လည်း ဖြစ်ကြသည်။ အနောက် တိုင်း သား သာသနာပြုဆရာတို့၏စာ ပေအက္ခရာတီထွင် ပေး ခဲ့သည့် ကျေး ဇူး ကြောင့်မျက်စိပွင့်၊ နား စွင့်ကာလူ နေ မှုစနစ်တိုး တက်လာသည်ကို တွေ့ရသည်။



ဂို့ရာမပျက် ဆောက်လုပ်ထားသောဂျိန်ဖော့အိမ်။



ယပျဉ်းရွာရှိအလယ်တန်းကျောင်းပုံ

ဂျိန်ဖေါ့တို့သည် တေး သီချင်း နှင့်အကအခုန်တို့သည်လူမှုရေး ဆိုင်ရာ ရေး ကြီး သော အခန်း မှ ပါဝင်လျက်ရှိသည်။ ရပ်ရွာရှိအပျိုလူပျိုများ ဆွေ ဆုံကြရာတွင်လည်း ကောင်း ၊ မင်္ဂလာအခမ်း အနား ၊ အသုဘအခမ်း အနား များ တွင်လည်း ကောင်း ၊ အိမ်သစ်တက်အခမ်း အနား များ တွင်လည်း ကောင်း ဂီတ တေး သီချင်း နှင့်အကအခုန်တို့မှာ မပါလျှင်မပြီး သော အရာ များ ဖြစ်ကြသည်။

ဂီတနှင့်ဆိုင် သော တူရိယာ ပစ္စည်း များ မှာ ဝါး ဖြင့်ပြုလုပ်ထား သော ပီရောင်[1] ခေါ် နှစ်လုံး ပူး ပု လွေ၊ ကျိန်[2] ခေါ် အိုး စည်အရှည် ဝါး ၊ ဝါး ဆစ်တွင်သား ရေကြက်မှ လက်တံတပ်ကြိုး နှစ် ချောင်း ဖြင့်သာ တီး ရ သော တယော တဘ်မျိုး ၊ လင်း ကွင်း နှင့် ကြေး မောင်း တို့ဖြစ်သည်။ ထို့အပြင် ၊ ထူရင်[3] ခေါ် ပု လွေကဲ့သို့ သောအ ပေါက်သုံး ပေါက်ပါ လေမှုတ်တူရိယာ၊ ပီမန်[4] ခေါ် ပု လွေကဲ့သို့ သော လေမှုတ်တူရိယာ၊ ပီထောက်[5] ခေါ် ပု လွေကဲ့သို့ သော လေမှုတ်တူရိယာ၊ ပီလမ်[6] ခေါ် ဝပါး စည်း ရိုး ထဲဖြင့်ပြုလုပ်ထား သော လေမှုတ်တူရိယာ၊ ရွယ်ဇော်[7] ခေါ် ပု လွေကဲ့သို့ သော လေမှုတ်တူရိယာ၊ ပေါ်[8] ခေါ် ထိုး ညှင်း နှာ မှုတ်ရ သော လေမှုတ်တူရိယာ၊ ဒေါ်ရော[9] ခေါ် ဗူး သီး ခွံဖြင့်ပြုလုပ်ထား သော လေမှုတ်တူရိယာ၊ ဒွမ်ပါ[10] ခေါ် နှဲ၊ ဝန်ပေါင်ဆွန်ပီ[11] ခေါ် ရိုး ရာပု လွေ ၊ ဘောင် တောင်[12] ခေါ် အသုဘတွင်တီး ခတ်သည့် မောင်း တို့ဖြစ်သည်။

---

၁။ Pi rawng
၂။ Chying
၃။ Htu reng
၄။ Pi mang
၅။ Pi htawk
၆။ Pi Lam
၇။ Roi zaw
၈။ Paw
၉။ Daw Raw
၁၀။ Dum Pa
၁၁။ Wung Paung Sumpi
၁၂။ Bau taung

ဂျိန်ဖေဒ့်လူမျိုး တို့၏ယုံကြည်ချက်အရ ၎င်း တူရိယာပစ္စည်း များ ကို ဂူတုံနတ် ထံမှ စွန်ကရရှိ၍၊ စွန်ထံမှ မျောက်သဉ္ဇဝါကရရှိကာ မျောက်ထံမှ ဂျိန်ဖေဒ့်တို့က ရရှိသည်ဟုဆိုကြသည်။ မောင်း သည် ဂျိန်ဖေဒ့်လူမျိုး တို့အတွက်တူရိယာပစ္စည်း သက်သက် မျှသာ မဟုတ်ဘဲ တန်ဘိုး ထား ကြ သော ပစ္စည်း တစ်မျိုး လည်း ဖြစ်သည်။ လူတစ်ဦး ၏ စီး ပွား ရေး အခြေအနေကိုထိုသူ၏ အိမ်တွင်ရှိ သော မောင်း အရွယ်အစား အမျိုး မျိုး နှင့်အရေအတွက်ကိုကြည့်၍ အကဲဖြတ်နိုင်သည်။ တူရိယာပစ္စည်း များ ကိုတီး မှုတ်ရာ၌ ထား သွား ပေါ် အောင်တီး မှုတ်ကြသည်မဟုတ် ပေ။ အကနှင့်အတူတီး မှုတ် သောအခါတွင်နဲ့ကသို့ သော ထား သံအတက်အကျကိုလိုက် ပေး ၍အိုး စည်နှင့် မောင်း တို့က ကခုန် သူ များ အတွက်စည်း ချက်လိုက် ပေး ခြင်း မျှသာဖြစ်သည်။ မောင်း နှစ်လုံး ကို ဖြစ် စေ၊ လေး လုံး ကိုဖြစ် စေတစ်ပြိုင်တည်း မှန်မှန် ခေါက်သွား ပေး ခြင်း သာဖြစ်သည်။ နဲ့နှင့်တယော တို့မှာကခုန်ရာတွင်တီး မှုတ်သည့်တူရိယာ မျိုး မဟုတ် ဘဲ အပျို၊ လူပျိုအချင်း ချင်း အုပ်လိုက်၊ အသင်း လိုက် တွေ့ဆုံ သောအခါနှင့်အပြန် အလှန် ထား သီချင်း များ ကိုသီဆိုကြ သောအခါမျိုး တွင်သာတီး မှုတ် လေ့ရှိသည်။ အသုဘအခမ်း အနား များ ၌အသံကွဲ မောင်း သုံး လုံး ကိုတစ်ချက်စီတီး၍ကခုန် ကြပြီး ၊ မနောပွဲတွင်မူအလွန်ကြီး မား သော စည် ရှည်ကြီး များ ကိုခိုင်ခန့် သောသစ်သား တိုင်ကြီး နှစ်တိုင်တွင်တစ်ဆင့်၍တီး ခတ် လေ့ရှိသည်။ ထိုစည်ကြီး များ မှာနှစ်ဖက်စလုံး မှတီး ခတ်နိုင် သောစည်ကြီး မျိုး ဖြစ်၍ တစ်ချက်တီး ခတ်လိုက်လျှင် တောင်အထပ်ထပ်ကိုပဲ့တင်သံထပ်သွား စေနိုင်သဖြင့် ဝေး ကွာ သောရွာများ မှပင်ကြား နိုင်ကြသည်။ ထိုစည်ကြီး မျိုး ကိုမနောပွဲမှလွဲ၍ အ ခြား အခမ်း အနား များ တွင်သုံး လေ့မရှိ ပေ။

ထား သီချင်း များ မှာ နေရာ ဒေသအလိုက်အမျိုး မျိုး အ ဖုံဖုံရှိကြသည်။ ယေဘူယျအား ဖြင့်ထင်း ခွေရင်း ၊ ရေခပ်ရင်း ၊ ယက္ကန်း ဆက် ရင်း ၊ ဆန်ဖွပ်ရင်း ၊ တောင်ယာခုတ်ရင်း အမျိုး သမီး များ သီဆို လေ့ရှိ သောသီချင်း များ ဖြစ်၍တစ် နေရာနှင့်တစ် နေရာသီချင်း စာသား ချင်း မတူညီ သော်လည်း ထား သွား များ မှာအတူတူလိုချည်း ဖြစ်သည်ဟုထင်ရသည်။ ခေတ်အစား သုံး သီချင်း မျိုး မှာလူပျိုအပျိုလှည့်ရင်း သီဆို သောသီချင်း များ ဖြစ်၍၊ တစ် ယောက်ကတိုင်ပြီး အများ ကလိုက်ဆိုရ သောသီချင်း မျိုး ဖြစ်သည်။ ဤသို့အများ ကလိုက်၍ဆိုရ သောသီချင်း မျိုး အပြင်တစ် ယောက်တည်း ကသီဆိုသော ချစ် မေတ္တာဖွဲ့သီချင်း များ နှင့် တော တောင် ရေ မြေတို့ကိုဖွဲ့ဆိုထား သော ကဗျာ ထား သီချင်း များ လည်း ရှိ ပေ သေး သည်။ ကဗျာ ထား များ တွင်အချိ နှင့်အဆုဝ်သော မျိုး ပါရှိ၍ ကာရန်ယူရာတွင်အဆုံး အလုံး ကိုကာရန်ယူလေ့

ရှိကြသည်။ ပုံစံအားဖြင့်လူရိုကာလသားက အရိုရှိရာအရပ်ကိုမတွေ့ တွေ့အောင် ရှာဖွေလာခဲ့ပုံကို ဖွဲ့နွဲ့သီဆိုရာတွင် မြန်မာဘာသာဖြင့်အနီး စပ်ဆုံး အဓိပ္ပါယ် ဖေါ် အောင် ဖော်ပြရသော် အောက်ပါအတိုင်း တွေ့ရှိရသည်။

အပျိုစုရာကြိမ် ခွေစုတယ်၊ လူရိုစုရာ ဓား လွယ်စုတယ်၊ တောင်ယါမှာကွယ် သီးနှံစား မယ်၊ အရိုကိုလည်း လိုက်ရှာတော့မယ်၊ သီးနှံတွေက ပေါတယ်– ပေါတယ်၊ အရိုကို တော့ရှာမတွေ့တယ်၊ အရိုရှိတဲ့ နေရာဟာကွယ်၊ တောင်ယာတောနဲ့ ဝေးသာယာရယ်။

ထို့နောက်လူရိုသည်အရိုရှိရာအရပ်သို့ ပေါက်ရှိခဲ့ပုံ၊ အရိုက မီမီ နှင့်သမီး ရည်းစား ထား သင့်သောအမျိုး ဟုတ်၊ မဟုတ်စုံစမ်း ရပုံ၊ ထို့နောက် လူရိုသည်အိမ်အပြင်ဖက်မှအရိုလူရိုခန်း သို့ဝင် ရန် စောင့်ရပုံ၊ ထိုသို့ စောင့် စဉ်အီး နှင်း ကလည်း ကျ၊ လေကလည်း တိုက်သဖြင့်ချမ်း ခိုက်ခိုက်တုန် နေပုံ ၊ ဤမျှ အေး ချမ်း လှသည့်အပြင် ခြင်ကကိုက်၊ ဖြုတ်ကကိုက်နှင့်ဒုက္ခကြီး လှသဖြင့်အရို ရှိရာအခန်း တွင်း သို့ဝင်ချင်လှပြီဖြစ် ကြောင်း ကို–

လေပြင်း ရယ်ထန်၊ ငွေနှင်း ရယ်ကြိုကာလှမ်း ပါလို့၊ ခိုက်ခိုက်တုန် ချမ်း ၊ ဖြုတ်၊ ခြင်၊ တွေ ပေါလှတယ်။ ချောနှမသိဂီ ရယ်၊ မောင်ဝင်ချင်ပြီ ကွဲ့၊ မယ့်စက်ခန်း စသည့်အဓိပ္ပါယ်မျိုး ရှိသောတေး ကိုဆက်လက်ဟစ်ဆိုပြန်သည်။

အိမ်သစ်တက်မင်္ဂလာ၊ လက်ထပ်မင်္ဂလာ၊ အသုဘအခမ်း အနား များ နှင့်မနောပွဲများ အခမ်း အနား တွင်သီဆိုသောတေး သီချင်းများ ကား တစ်ဆောက်တည်း သီဆိုရသောတေး သီချင်း များ မဟုတ်ပဲအများစုပေါင်း၍သံပြိုင်သီဆိုရသောတေး သီချင်း များ ဖြစ်သည်။

ဂျိန်ဖေါလူမျိုး တို့၏ကဗျာ၊ လင်္ကာတို့သည်စာရွက် ရေး ချ၍စပ် ဆိုထား ခြင်း မျိုး မဟုတ်ပဲ နှုတ်မှလက်တန်း ရွတ်ဆိုကြခြင်း မျိုး ဖြစ်သည်။ ဂျိန် ဖေါတို့၏စိတ်ကူး စိတ်သန်း သည်အချိန်အချယ်မရှိ၊ အပါး အဆီး မရှိလွတ်လပ် မှုရှိသည်။ ထို့အတူ၎င်း တို့၏ဂီတတူရိယာသံစဉ်တို့သည်လည်း လွတ်လပ်မြူး ကြွမှုရှိကြ သည်။

ဂျိန်ဖေါတို့၏လူနေမှုဘဝသည် ခေတ်စနစ်နှင့်လိုက် လျောညီ ထွေ စွာ ပြောင်း လဲလာသကဲ့သို့ ဂီတအနုပညာတွင်လည်း ပြောင်း လဲလာသည်ကို တွေ့ ရသည်။ ၎င်း တို့၏ရိုး ရာတူရိယာများ ဖြစ် သောပုလွေအမျိုး မျိုး ၊ စည် ၊ မောင်း တို့ကိုတစ်စထက်တစ်စအသုံး နည်း လာသည်။ အိမ်သစ်တက်အခမ်းအနား

အသုဘအခမ်းအနား၊ ထိမ်းမြားမင်္ဂလာ၊ ကောက်သစ်စားပွဲအခမ်းအနားများတွင် အသံချဲ့စက်တို့အသုံးပြုကာ ခေတ်ပေါ်စတီရီယိုသီချင်းများကိုသာဖွင့်လှစ်ကြသည်ကို တွေ့ရသည်။ အချို့သောသက်ကြီးရွယ်အိုအဖိုးအဖွားများ၏အသုဘအခမ်းအနားတွင်မူ လင်းကွင်း၊ မောင်းတို့ကိုအသုံးပြု၍ သီဆိုကခုန်ကြသည်။ ယေဘုယျအားဖြင့်ပုဂ္ဂလိကအခမ်းအနားများတွင်ရိုးရာတူရိယာ၊ ရိုးရာသီချင်းတို့ကိုအသုံးနည်းလာကြသည်။ နိုင်ငံတော်ဆိုင်ရာအခမ်းအနားများတွင်သာရိုးရာအကအခုန်နှင့်ရိုးရာသီချင်းတို့ကို ရိုးရာတူရိယာတို့နှင့်တွဲဖက်ကာဖျော်ဖြေကြသည်ကို တွေ့ရသည်။

ယနေ့အင်ဂျန်ဒုံကျေးရွာနေကာလသားပျိုတို့သည်အပျိုလှည့်ရာတွင်ဂစ်တာကိုတီး၍ ယနေ့ခေတ်ပေါ်စတီရီယိုသီချင်းများကိုသီဆိုကြသည်။ ကျေးရွာအတွင်းတွင်ဂစ်တာတီးသင်ကန်းများ၊ အဆိုသင်တန်းများကို ဘာသာရေးအဖွဲ့အစည်းများမှကြီးမှူးဖွင့်လှစ်ကာစနစ်တကျသင်ကြားပေးမှုများရှိသည်ကို တွေ့ရသည်။ ထူးချွန်သောဝါသနာရှင်ကားဘံရှင်အချို့က သီချင်းခွေများထုတ်လုပ်ကာ ကချင်ပြည်နယ်အနှံ့ဖြန့်ချိကြသည်ကို တွေ့ရသည်။ အင်ဂျန်ဒုံကျေးရွာတွင်နာမည်ကြီးဂျိန်ဖေါ့လူငယ် ဆာယံရှင်နှစ်ဦးရှိပြီး ၎င်းတို့၏အမည်များမှာ ကိုမပုန်တွယ်လီနှင့် ကိုလရှီးနော်လာတို့ဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည်ဘွဲ့ရခေတ်ပညာတတ်လူငယ်များဖြစ်ကြပြီး ၎င်းတို့သီဆိုကြသောသီချင်းများမှာ မေတ္တာဘွဲ့ကိုဖော်ကျူးသည့်သီချင်းများဖြစ်ကြသည်။ ယနေ့ခေတ်အင်ဂျန်ဒုံကျေးရွာ၏ဂီတအနုပညာတွင်အနောက်တိုင်းဂီတကလုံးလုံးလျားလျားလွှမ်းမိုးထားသည်ကို လေ့လာတွေ့ရှိရသည်။

(ခ) (၃) အကအခုန်

ဂျိန်ဖေါ့လူမျိုးတို့တွင် တစ်ဦးချင်းကနည်းကဟန်များမရှိပေ။ နှစ်ယောက်တွဲနှစ်ပါးသွား (သို့မဟုတ်) ၄ ယောက်၊ ၈ ယောက်၊ ၁၆ ယောက်စသည်ဖြင့်အဖွဲ့လိုက်ညီညီညာညာကပြရသောယိမ်းအကမျိုးလည်း မရှိပေ။ သမဦးကျကနည်းမှာအကန့်အသတ်မရှိဝိုင်းကြီးဖွဲ့၍ကရသောကနည်းမျိုးသာဖြစ်သည်။ သို့ရာတွင်ရှေ့မှခေါင်းဆောင်ဖြစ်သူ၏ ခြေကြွပုံ၊ ခြေလှမ်းပုံ၊ ခြေချပုံတို့ကိုကျန်လူများကကြည့်၍ကပြသွားခြင်းသာဖြစ်သည်။ ဤသို့ဆိုသဖြင့်ဂျိန်ဖေါ့တို့၏အကမှာ အလွန်လွယ်ကူသည်ဟုမထင်မှတ်သင့်ပေ။ မိမိကိုယ်တိုင်ပါဝင်ကကြည့်မှသာမလွယ်ကူကြောင်းသိရသည်။ အဘယ့်ကြောင့်ဆိုသော် ခြေကြွပုံ၊ ခြေလှမ်းပုံ၊ ခြေချပုံတို့မှာကကြိုးတစ်ခုနှင့်တစ်ခုမတူချေ။ မူလကလေ့ကျင့်မှုရှိထားမှသာလျှင်စည်းဝါးကိုက်အောင်၊ ခြေလှမ်းမှန်အောင် ကနိုင်မည်ဖြစ်သည်။

ဗိုင်းဖွဲ့၍ကရသော အကမျိုးမှာ များသောအားဖြင့် ဘာသာရေးနှင့်ဆက်စပ်လျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုသော် ဂိန်ဖေါ့လူမျိုးတို့၏ အကအမျိုးမျိုးတွင် ဘာသာရေးဆိုင်ရာအစိတ်အပိုင်း မပါသော အကဟူ၍ အလွန်နည်းပါးသည်။ ထင်ရှားသော အကမှာ မနော အကဖြစ်သည်။ ထိုအကမှာ လူအများစုပေါင်း၍ကသော အကဖြစ်၍ မနော ကွင်းကို မျက်နှာမူပြီး ၊ လက်ယာရစ်လှည့်ကရာတွင် ခေါင်းဆောင်၏ ကဟန်အတိုင်း နောက်လူများက ကသွားရသည်။ မနောအကသည် ငှက်များစွာ ခုန်မြူးထူးပုံကို အတုယူ၍ ကခြင်းဖြစ်သောကြောင့် မနောကသူတိုင်း ယပ်တောင်တစ်ခုစီကို ကိုင်ဆောင်ရသည်။ ယပ်တောင်သည် ဒေါင်းမြီးကိုသဏ္ဍာန်တူ၍ပြုလုပ်ထားသည်။ ကကြိုး ကကွက်များမှာ နေ့စဉ်မြင်တွေ့ရသော အကြောင်းအရာများ ၊ အထူးသဖြင့် မနောပွဲပြုလုပ်ရန် စတင်စဉ်က စ၍ လုပ်တို့လုပ်ငန်း ဆောင်ရွက်ပုံများကို အကနှင့်သရုပ်ဖော်ထားခြင်း ဖြစ်သည်။ အကများတွင် မြင်းစီးဟန်သရုပ်ဖော်သောအက ၊ တောင်ယာမှ ကျောက်ဖရုံသီးများ ခူးလာပုံ သရုပ်ဖော်အက ၊ နတ်ပွဲအတွက် ငါးရှာကွန်ပစ်ရန်သရုပ်ဖော်အက ၊ ဆေးငုံ့ရန်အတွက် ဆေးများ ဝေပေးဟန်သရုပ်ဖော်အက နှင့် ဘဲ့ရှာဟန်သရုပ်ဖော်အကများ ပါဝင်လေသည်။

အသုဘပွဲတွင်ကသော အကမျိုးကို ကဘုံခွမ်အကဟု ခေါ်သည်။ ထိုကပွဲ၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သွားသော ပုဂ္ဂိုလ်၏ ဝိဉာဉ်အားပျော်ရွှင်ချမ်းမြေ့စေရန် ပွဲလမ်းဖြင့် ပူဇော်ခြင်းဖြစ်၍ အခြားတစ်ဖက်တွင်ကျန်ရစ်သူ ဆွေမျိုးများ အဖို့ စိတ်ပြေလက်ပျောက်ရှိစေရန်ဖြစ်သည်။ ထိုအကတွင် ပါဝင်သော တေးဂီတမှာ အသံကျဲ မောင်း ဆုံး လုံး ဖြစ်၍ ၊ အသံအနိမ့်အမြင့်ဖြင့် စည်းချက်လိုက်ပေးရသည်။ ကပွဲကို သန်းခေါင်ကျော်တိုင်အောင် ကရလေသည်။ အကအမျိုးမျိုးတွင် အသုဘအခမ်းအနား၌ကသော ကဘုံခွမ်အကသည် အလှပဆုံးနှင့် အသိမ်မွေ့ဆုံး ဖြစ်သည်။ လူကြီး ၊ လူငယ် ၊ အဖိုးအို ၊ အမယ်အိုများ ပါဝင်ကပြကြသည်။

မြေပြန့်များတွင် နေထိုင်လာသည့် နောက်ပိုင်း၌ အိမ်သစ်တက် အခမ်းအနားများတွင် <u>ထောင်ကာ</u>[၁] အကကို ကလေ့ရှိသည်။ ထိုအကမှာလည်း အခြားအကများနည်းတူ မိန်းမ ၊ ယောကျ်ားအများ ဝိုင်းဖွဲ့၍ ကသော အကမျိုးဖြစ်သည်။ ကကြိုး ကကွက်များမှာ သွက်လက် သက်ဝင်လှုပ်ရှားမှုရှိသည်။ ကလေး ၊ လူကြီး ၊ လူငယ် ၊ ကျား မ မရွေး ၊ အဘိုးအို ၊ အမယ်အိုများ ဝင်ရောက်ကကြသဖြင့် ပျော်ရွှင်ဖွယ်ကောင်းလှသည်။ ထောင်ကာအကသည် ဂိန်ဖေါ့တို့၏ ရိုးရာအကစစ်စစ်မဟုတ်ဘဲ ရှမ်းအကကိုအတုယူ၍ ဝိုင်းဖွဲ့ကကြသော အကဖြစ်သည်။

---

၁။ **Htawng Ka**

ကောက်သစ်စားပွဲ၊ ကောက်ရိတ်သိမ်းပွဲတို့တွင်ကနုန်ကြသောအကအခုန်များမှာလည်း အိမ်သစ်တက်ပွဲမှာကဲ့သို့ပင်၊ သောသော ညံညံရှိလှသည်။ ထိုအကများမှာလည်း နတ်ပူဇော်မှုနှင့်ဆက်စပ်လျက်ရှိသည်။ ရှေးခေတ်ကထိုကပွဲများမှလွဲ၍ ဘာသာရေးနှင့်အဆက်အသွယ်မရှိသော အပျော်အပါး သက်သက်အကအခုန်များ မရှိပေ။

ယနေ့ခေတ်အင်ဂျန်ဒိုကျေးရွာတွင်မူ အကအခုန်နှင့်ပတ်သက်၍လည်း ပြောင်းလဲမှုများ ရှိလာသည်ကို တွေ့ရသည်။ ကောက်သစ်စားပွဲ၊ ကောက်ရိတ်သိမ်းပွဲ၊ အိမ်သစ်တက်ပွဲတို့တွင်ကနုန်သောအကများတွင် ၊ အနောက်တိုင်းအကတို့ကလည်း လွှမ်းမိုးလာသည်။ ၎င်းရွာအကတို့ကိုခန္ဓာကိုယ်ကိုပိုမိုလှုပ်ရှား၍ ဝိုင်းဖွဲ့ကလာကြသည်။ ဘာသာရေးဆိုင်ရာပြဇာတ်ရှည်များ ၊ တစ်ခန်းရပ်ပြဇာတ်များ တွင်ယိမ်းသဘောမျိုးအကများ ထည့်သွင်းကပြလာကြသည်။ အင်ဂျန်ဒိုကျေးရွာနေဂိုဏ်းပေါင်းစုံသည်ကျား / မ ၊ မရွေး ၊ လူကြီးငယ်မဟူ ဘာသာရေးဆိုင်ရာပြဇာတ်များကိုကျွမ်းကျင်စွာ သရုပ်ဆောင်တင်ဆက်နိုင်ကြသည်။ ၎င်းသည်မှာလည်း ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များကိုဘာသာရေးအချိန်အခါအလိုက် သော်လည်းကောင်း ၊ ရံပုံငွေရှာရေးအတွက် သော်လည်းကောင်း အခါအားလျော်စွာကျင်းပပြုလုပ်လျက်ရှိသောကြောင့်ဖြစ်သည်။ ထို့ပြင်စတိတ်ရှိုးများနှင့်တွဲဖက်ကာတစ်ခန်းရပ်ဟာသပြဇာတ်ကလေးများကိုလည်း မကြာခဏတင်ဆက်ကြသည် ကို တွေ့ရသည်။

ရပ်ရွာအကြီးအကဲ၊ လူကြီးသူမများသည်ရပ်ရွာအကျိုးကို တစ်ဂိုဏ်းမဟုတ်မတ် ဆောင်ရွက်ပြင်း တစ်နှစ်လျှင်တစ်ခါဆိုသလို ပျော်ပွဲစားသဘောမျိုးဖြင့်စားသောက်ပွဲနှင့် ကပွဲများကိုတစ်နေရာတွင်စုဝေး၍ကျင်းပတတ်ကြသည်။ ရှေးခေတ်ကထိုသို့ပျော်ပွဲရွှင်ပွဲသက်သက်မျိုးကိုမတွေ့ရပေ။ ဂိုန်ဖေဘူလူမျိုးတို့သည် ကချင်သနွယ်ဝင်များဖြစ်သည့်အားလျော်စွာ အသက်အရွယ်မရွေး ၊ အချိန်အခါမရွေး ကချင်ခုန်ချင် သောလူမျိုးများဖြစ်သည်။ ကနုန်သီဆိုမှုကိုအလွန်နှစ်သက်မြတ်နိုးကြသည်။ ဗွီဒီယို၊ ပွဲပြင်းတို့ကိုကြည့်ရှုရန်လည်း နှစ်သက်ကြသည်။ အင်ဂျန်ဒိုကျေးရွာတွင်ဗွီဒီယိုသရုပ်ဆောင်လူငယ် နှစ်ဦးရှိသည်။ တစ်ဦးမှာစတီရီယိုအဆိုတော်လည်းဖြစ်သော ဂိုမရန်တွယ်လီ နှင့်ကျန်တစ်ဦးမှာ ကိုလဇန်လနူး ဖြစ်သည်။ ၎င်းတို့ရိုက်ကူးသော်ဗွီဒီယို အခွေများကိုကချင်ပြည်နယ်တစ်ဝှမ်းနှံ့ ပြသပြီး ၊ ပြသလျက်ရှိသည်။

အသုဘအခမ်းအနားများတွင် ကသုံးခွမ် အကများကို ကခုန်ကြခြင်း ၊ အခါအားလျော်စွာကျင်းပသောအခမ်းအနားများတွင် မနောအကများနှင့် ယောင်ကာအကများကိုကခုန်ကြခြင်းတို့ကိုလည်း တွေ့

ရသည်။ ယနေ့အင်ဂျန်ခို့ကျေးရွာ၏ အက အနုပညာတွင်မြန်မာ့ယဉ်ကျေးမှုပေါင်းစုံနှင့် အနောက်တိုင်းယဉ်ကျေးမှုများ ပါဝင်ရောယှက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

## (ဂ) ပျိုးရာပွဲတော်များ

ဂျိန်ဖေ့ဝတိုင်းရင်းသားလူမျိုးများ၏ ပျိုးရာယဉ်ကျေးမှုယုံကြည်ချက်အရ ယနေ့ထက်တိုင်ကျင်းပပြုလုပ်လျက်ရှိသော ပွဲတော်များတွင် ကောက်သစ်စားပွဲနှင့် မနောပွဲတော်သည် ထင်ရှားသော ပွဲတော်များဖြစ်သည်။

## (ဂ)(၁) ကောက်သစ်စားပွဲ

ဂျိန်ဖေ့ဝတို့သည် ရှေးခေတ်မှယနေ့ခေတ်အင်ဂျန်ခို့ကျေးရွာတိုင်နှစ်စဉ်နှစ်တိုင်း ဆန်ရေစပါး ရိတ်သိမ်းပြီးသည်နှင့် မမ်အင်နန်ရှားပွဲ[၁] ခေါ် အင်လုံအင်နန်ရှားပွဲ[၂] ခေါ် ကောက်သစ်စားပွဲကို အစဉ်အလာမပျက်ကျင်းပကြသည်။ ဤသည်မှာ ယခုစားသုံးနေရသော စပါးနှင့်သီးနှံမျိုးစုံကို မထုံမထာနတ်မှ ပေးထားခြင်းဖြစ်သည်ဟု ရှေးခေတ်နတ်ကိုးကွယ်သူများ၏ယုံကြည်မှုပေါ်တွင်အရင်းခံပြီး ကျင်းပခြင်းမှာ ဘာသာရေးယုံကြည်ချက်ပြောင်းလဲလာသော်လည်း အစဉ်အလာမပျက် ဆက်လက်ကျင်းပခြင်းဖြစ်သည်။

ဂျိန်ဖေ့ဝတို့ တောင်ယာခုတ်တွင်ကိုက်ပျိုးပြီး နောက်ပထမဆုံး ပေါ်ထွက်စားသုံးရသော ကောက်ဝဲသီးနှံမှာ ပြောင်းဖူးဖြစ်သည်။ ပထမဆုံးဖူးရင့်သော ပြောင်းဖူးကို မည်သူတစ်ဦးတစ်ယောက်ကမျှ မစားရပဲ၊ အိမ်ထောင်စုအတွင်း ရှိအသက်အကြီးဆုံးဘိုးဘွား၊ မိဘတစ်ဦးကိုမီးဖုတ်၍ ကျွေးရသည်။ စားရသူကလည်း ပြောင်းဖူးစေ့အနည်းငယ်ကို ရွှေစားကာ ဤနေ့ဤရက်မှစ၍ဤ တောင်ယာမှထွက်သည့် ကောက်ဝဲသီးနှံအားလုံးသည်လူများ အသက်ရှင်ရပ်တည်ရေး အတွက်အဟာရဖြစ်ထွန်းပါစေဟုဆုတောင်းရသည်။ ထိုသို့ဆုတောင်းပြီး မှသာကျန်အိမ်သူအိမ်သားများက စားသုံးကြရသည်။

ဆန်စပါး ပေါ်ထွက်လာသောအခါ အိမ်တွင်း နတ်စင်တွင် အိမ်ဦးနတ်ကိုပထမဆုံး ပူဇော်ရသည်။ ဤသို့ပူဇော်ရခြင်းမှာ ဆန်စပါးကို နတ်တို့ပေးထားခြင်းဟုယုံကြည်သောကြောင့်ဖြစ်သည်။ ရှေးအခါဆန်စပါးတို့

---

၁။ Mam nnan sha poi

၂။ Nlung nnan sha poi

သည့်မထုံမထာနတ်ပြည်တွင်သာရှိပြီး ၊ လူ့ပြည်တွင်မရှိဟုဆို၏။ လူ့ပြည်တွင်ပေါက်သော ဒမ်ကျလမ်[၃] နှင့် ခူး ရှော ခူး ရှောင်[၄] ခေါ် စပါးပင်များသည်အဟာရမပြည့်သဖြင့် အဟာရပြည့်ဝသောဆန်ကိုမထုံမထာနတ်မင်းထံ ချဉ်းကပ်တောင်းခံကြသည်။ နတ်မင်းမှလူတို့စားသုံးရန်ဆန်ကိုပေးလိုက်လေသည်။ အခွံခွတ်ရန်မလိုသောဆန်ကို လူသားတို့ကိုမည်းမဲ့ကမ်းမဲ့ သုံးဆောင်ကြလေသဖြင့် ပျောက်ကွယ်သွားလေသည်။ ၎င်းတွင်မထုံမထာနတ်မင်းက ဆန်အစား စပါးကို ပေးတော့သည်။ အမျိုးပြန့်ပွားရန်နှင့်လူတို့စားသောက်ရေး ဖူလုံမှုရှိစေရန်ဖြစ်သည်။ ထို့ကြောင့်ဂျိန်ဖော့တို့သည် ဝီမိတို့၏ထမင်းရှင်မထုံမထာနတ်မင်းအား အလွန်ကျေးဇူးတင်ကြသည်။ ယခုအချိန်မှစ၍ နှစ်စဉ်နှစ်တိုင်း ကောက်ဝဲသီးနှံ ပေါ်စတွင် စားဦးစားဖွား အဖြစ်ဝီမိတို့၏ထမင်းရှင်အား ပူဇော်ပသခြင်း အလေ့အထ ပေါ်ပေါက်လာခဲ့သည်။

ပူဇော်ပုံမှာ ပေါ်ဦး ပေါ်ဖွား ကောက်ဦးဆန်ဖြင့် ချက်ထားသောထမင်း ၊ တောင်ယာထွက်ဟင်းသီးဟင်းရွက်မျိုးစုံကို ရောချက်ထားသောဟင်း ၊ အမဲလိုက်ရသော အကြက်၊ ဝက်၊ ရှေ၊ ဆတ် စသည့်အသားဟင်းတစ်ခွက်၊ ငရုတ်သီးထောင်း ၊ ကောက်ညှင်းဆန်သစ်ဖြင့်ချက်ထားသော ကဖော်တို့ကို အိမ်တွင်းနတ်စင်တွင်တစ်ကြာနတ်အား ပင့်ဖိတ်ပူဇော်ရသည်။ ပင့်ဖိတ်ပုံမှာ ဝီမိတို့အား ၎င်းသို့အဟာရပြည့်ဝသောအစားအစာများ ပေးထားမှုအတွက်လည်းကောင်း ၊ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိကူညီစောင့်ရှောက်မှုအတွက်လည်းကောင်း ၊ အထူးကျေးဇူးတင်ပါကြောင်း ၊ နောက်နောင်ကိုလည်း ဆက်လက်ကြည့်ရှုစောင်မပါရန်နှင့် ပေါ်ဦး ပေါ်ဖွား အစားအစာတို့ကိုသုံးဆောင်ပါရန် ပင့်ဖိတ်သည်။ ထိုသို့ပူဇော်ပြီး နောက်အိမ်ရှိအသက်အကြီးဆုံးလူက ပထမဆုံး စားသောက်ရသည်။ ၎င်းနောက်မှကျန်အိမ်သူအိမ်သားများ ကစားသောက်ရသည်။

ယေဘုယျအားဖြင့်ကြည့်သော် ဂျိန်ဖော့တို့သည် ရှေးက တောင်ယာစပါးများကိုသာစိုက်ပျိုးလေ့ရှိကြသည်။ တောင်ယာစပါးဆိုရာ၌ယခုနှစ်ဆောင်းရာသီမှစ၍ ရှေ့နှစ်ဆောင်းရာသီအထိ တစ်နှစ်ပတ်လုံး တောတောင်များကိုခုတ်ထွင်ရှင်းလင်းခြင်းအားဖြင့်လုပ်ငန်းအဆင့်ဆင့်ပြုစုပျိုးထောင်ပါမှအသီးဟုသောစပါးများကိုရရှိနိုင်လေသည်။ ယင်းသို့အစက်အခဲမျိုးစုံကို ကျော်လွန်ပြီးမှရရှိသော ကောက်သစ်ဦး ပေါ်ထွက်ချိန်တွင်ဝမ်းသာကြမည်အမှန်ဖြစ်သည်။ အစဦး၌ဝီမိတို့အိမ်ထောင်စုအတွင်း မိသားစုများကအထက်ပါအတိုင်း နတ်တို့ကိုပူဇော်ပသပြီး လက်ဆုံစားသောက်ကြသည်။ ကာလကြာသော် ဝီမိတို့တစ်မိသားစုတည်း ဝမ်းမြောက်ဝမ်းသာခြင်းဖြင့်မတင်းတိမ်နိုင်ကြတော့ပဲ၊ ဆွေမျိုးမိတ်သင်္ဂဟစုံလင်စွာဖိတ်ကြားကာ ခေါ်ကျွေးမွေးသည့် ကောက်သစ်စားပွဲအခမ်းအနား အဖြစ် ရောက်လာသည်။

---

၃ ။ Dam chyalam

၄ ။ Hku shaw hku showng

ကောက်သစ်စားပွဲမကျင်းပမီတစ်ပတ်ကျော်ခန့်မှ စတင်၍ဆန်ဖွပ်ခြင်း၊ အရက်ချက်ခြင်း၊ ထင်းခွေခြင်း၊ ဖက်ခူးခြင်း၊ သစ်ဝါးခုတ်ခြင်း၊ မဏ္ဍပ်ဆောက်လုပ်ခြင်း စသည့်ဖြင့်ကြိုတင်ပြင်ဆင်ကြသည်။ ဟင်းလျာအတွက်ဟင်းသီးဟင်းရွက်၊ ဝိန်းဥ၊ မြောက်ဥ၊ သားငါးတို့ကိုလည်း ရှာဖွေစုဆောင်းရသည်။ ကောက်သစ်ဦးကိုရရှိသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ ထို့ကြောင့်၎င်းတို့ကိုစောင့်ရှောက်သည်ဟုယူဆသောနတ်အသီးသီးကိုပူဇော်ပသကြသည်။

အင်ဂျန်ဒုံကျေးရွာ နေဂျိန်ဖေဒွကိုယ်သည်ခရစ်ယာန်ဘာသာဝင်များဖြစ်သည့်အားလျော်စွာ နတ်ပူဇော်ပသမှုကိုမဆောင်ရွက်တော့သော်လည်း၊ ကောက်သစ်စားပွဲကိုကျင်းပမြဲဖြစ်သည်။ ကောက်ဦးပေါ်လာသောအခါ မိမိတို့၏စေတနာအလျောက်တတ်နိုင်သည့်အလျောက် ဆွေမျိုးမိတ်သင်္ဂဟအိမ်နီးချင်းတို့ကိုဖိတ်ခေါ်ကျွေးမွေးကြသည်။ ကျွေးမွေးရာတွင် ကောက်ဦးဆန်နှင့်ကြက်၊ ဝက်၊ ငါး၊ အမဲတို့ကို၎င်းတို့နှစ်သက်သလို ချက်ပြုတ်ကျွေးမွေးကြသည်။

အင်ဂျန်ဒုံကျေးရွာ နေဂျိန်ဖေဒွတို့၏ ကောက်သစ်စားပွဲဆုတောင်းပုံမှာ ဘုန်းတော်ကြီး (သို့မဟုတ်) သင်းအုပ်ဆရာ (သို့မဟုတ်) သင်းထောက်ဆရာ (သို့မဟုတ်) ဓမ္မဆရာမှဦးဆောင်ကာ ဤအိမ်သည် ဘုရားသခင်နှင့်အတူတကွ ငြိမ်းချမ်းသာယာမှုရှိနေစေရန်အကြောင်း၊ ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကြောင့်ခုတ်ထွင်ရှင်းလင်းမီးရှို့စိုက်ပျိုး၊ ရိတ်သိမ်းခြင်းအလုံးစုံတို့အောင်မြင်ရကြောင်း၊ ယင်းအတွက်အထူးကျေးဇူးတင်ရှိပါကြောင်း၊ တောတိရစ္ဆာန်အန္တရာယ်နှင့်သဘာဝဘေးရန်အသွယ်သွယ်မှ ရှောင်လွှဲအောင်ဖြည့်ဆောင်ပေးခြင်းအတွက် ကျေးဇူးကြီးလှပါကြောင်း ဘုရားသခင်ကိုချီးမွမ်းဟောကြားသည်။ ၎င်းနောက် ကောက်သစ်စားပွဲနှင့်ပတ်သက်သော ဓမ္မသီချင်းတစ်ပုဒ်ကိုဆိုသည်။ ၎င်းနောက် ကောက်သစ်စားပွဲနှင့်ပတ်သက်သော ဓမ္မကျမ်းစာတစ်ပိုဒ်ကိုဖတ်ကြားသည်။ ၎င်းနောက်လူတို့၏အသက်ရှင်နေထိုင်နိုင်မှုအတွက်ဆက်လက်ဆုတောင်းကြသည်။ ပြီးလျှင်ဆာလံကျမ်းကိုအတိုင်အဖောက်ရွတ်ဖတ်ကြသည်။ ၎င်းနောက် ကောက်သစ်ထမင်းဟင်းလျာအတွက်ဘုရားသခင်ကိုချီးမွမ်းဆုတောင်းကာ တစ်ပျော်တစ်ပါးစားသောက်ကြသည်။ ဆုတောင်းပုံသည် ဘာသာရေးအသင်းတော်ကွဲပြားသော်လည်း အထက်ပါသဘောတရားအတိုင်းသာဖြစ်သည်။

အင်ဂျန်ခုံ ကျေးရွာနေ ဂျိန်ဖော့ကို သည်ယနေ့ထက်တိုင် ယောင်ယာလုပ်ငန်းကိုခုံခုံမင်မင်စိုက်ပျိုး လုပ်ကိုင်ကြသဲဖြစ်သည်။ ဤသည်မှာ မိမိလုပ်ကိုင်လိုသောနှစ်တွင်မှ လုပ်ကိုင်ခြင်း၊ မိမိမလုပ်ကိုင်ဝဲနေပါကလည်း အထက်မှအမြဲလုပ်ကိုင်စေမှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။ ယောင်ယာစိုက်ပျိုးရေးမှစတင်လာသည့် ကောက်သစ်စားပွဲကိုယနေ့စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအားလုံး ကပျိုးရွာမ လေ့အခမ်းအနားတစ်ခုအဖြစ် မဖြစ်မနေကျင်းပကြသည်ကိုတွေ့ရသည်။ လယ်ယာလုပ်ကိုင်သူများကလည်း လယ်ယာရိတ်သိမ်းပြီးပါက ကောက်သစ်စားပွဲကိုကျင်းပမြဲဖြစ်သည်။ တစ်ခါတစ်ရံ တစ်အိမ်ထောင်စုချင်းကျင်းပသည်သာမက ကျေးရွာလိုက်သော်လည်းကောင်း၊ မြို့နယ်လိုက်သော်လည်းကောင်း၊ မနောအက၊ ထောင်ကာအကတို့ပါ ခမ်းတနား ကခုန်ကြပြီး စည်စည်ကားကားကျင်းပမှုများကိုတွေ့ရသည်။

## (ဂ)(၂) မနောပွဲ

မနောပွဲသည်လည်း ဂျိန်ဖော့တို့၏ ရိုးရာပွဲတော်တစ်ခုဖြစ်သည်။ <u>မနော</u>[1] ဟူသော ဂျိန်ဖော ဝေါဟာရသည် အထွတ်အထိပ် ဟူသော အဓိပ္ပါယ်ကို ဆောင်သည်။ ရှေးခေတ်မနောပွဲသည် နတ်တို့၏အထွတ်အထိပ် ဖြစ်သော မဒိုင်နတ်ကိုပူဇော်သည့်ပွဲတော်ဖြစ်သည်။ အစဉ်အလာအရ မဒိုင်နတ်ကိုမှီငြမ်းပြီး၊ ဒူဝါများကသာ ပူဇော်နိုင်ခွင့်ရှိပြီး၊ မနောပွဲကိုဒူဝါများကသာဦးဆောင်ကျင်းပခဲ့ကြသည်။ မနောပွဲအမျိုးမျိုးရှိသည့်အနက်ထင်ရှားသော မနောပွဲများမှာ - <u>ဆွတ်မနော</u>[2]၊ <u>ပဒန်မနော</u>[3]၊ <u>ထိန်ခရင်မနော</u>[4]၊ <u>ဂျူမနော</u>[5]၊ <u>ကွမ်ရန်မနော</u>[6]၊ <u>ရှဒစ်ဖော့မနော</u>[7]၊ <u>နိန်ထန်မနော</u>[8]၊ <u>နွမ်ရှလိုင်မနော</u>[9]၊ <u>နတ်ဇော့မနော</u>[10]၊ <u>နော်ရာထူမနော</u>[11]၊ <u>နောင်ဆွတ်မနော</u>[12] တို့ဖြစ်သည်။

### ဆွတ်မနော

ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာ၍ ပေးကမ်းစွန့်ကြဲ ကျွေးမွေးနိုင်သည်ကို ဂုဏ်ယူသောအားဖြင့်လုပ်သော မနောပွဲဖြစ်သည်။ ဂုဏ်သရေရှိ အထက်တန်းလွှာ ဒူဝါတို့ကသာကျင်းပနိုင်ကြသည်။ ဆွတ်မနောကိုဓနဥစ္စာ တိုးပွားကြွယ်ဝချိန်တွင်မိမိအား မနာလိုဝန်တိုဖြစ်နေသူများ ရှိမရှိ၊ ပေးဆပ်ရန်အကြွေး ရှိမရှိ၊ ရယူရန် ကြွေးမြီ ဟောင်း ရှိမရှိ၊ စုံစမ်း ရင်း ဆွေသစ်မျိုးသစ် မိတ်သင်္ဂဟသစ်ဖွဲ့သော မနောဖြစ်သည်။ ဥစ္စာဓနကြွယ်ဝသော ဒူဝါတို့ အမွေစားအမွေခံသားသမီး မထွန်းကားသော အခါ၌လည်း သားသမီး

---

၁။ Manau
၂။ Sut Manau
၃။ Padon manau
၄။ Hting nkring manau
၅။ Ju manau
၆။ Kumran manau
၇။ Shadit hpaw Manau
၈။ Ning Htan manau
၉။ Num shalai manau
၁၀။ Nat jaw manau
၁၁။ Naura htu manau
၁၂။ Nawngsut manau

ထွန်းကား ရေး ကို ရည်ရွယ်ကြောင်း ပြကြသည်။ ထို့ပြင် ဥစ္စာပစ္စည်း ပိုမိုကြွယ်ဝလာစေရန်အတွက်လည်း ရည်ရွယ်သည်။ မနောများ တွင်အကြီး ကျယ်ဆုံးမနော ဖြစ်သည်။ ကချင်ပြည်နယ် နေ့တွင်ကျင်း ပလေ့ရှိသော မနောသည်ဆွတ်မနော ပင်ဖြစ်သည်။ ပြည်နယ်၏ကြွယ်ဝမှု၊ ဖွံ့ဖြိုး မှုကို ဂုဏ်ယူသောအားဖြင့်ကျင်း ပကြခြင်း ဖြစ်သည်။

ပဒန်မနော

စစ်နိုင်၍ပြန်လာသည့်အခါတွင် အောင်ပွဲခံသည့်မနောပွဲ ဖြစ်သည်။ ဤမနောပွဲမျိုး ကို ဂျိန်ဖောဒူဝါတစ်ဦး ဦး က သော်လည်းကောင်း၊ ဂျိန်ဖောတစ်မျိုး သား လုံး စုပေါင်း ၍ သော်လည်း ကောင်း ကျင်း ပကြသည်။ လွတ်လပ်ရေး နေ့နှင့်ပြည် ထောင်စု နေ့အခမ်း အနား များ တွင်ကျင်းပသော မနောပွဲသည်လည်း ပဒန်မနောပွဲပင်ဖြစ်သည်။

ထိန်ခရန်မနော

နေအိမ်အသစ် ဆောက်လုပ်ပြီး အိမ်သစ်တက် ခါနီး၌ကျင်း ပသောမနောကိုထိန်ခရန်မနော ခေါ်အိမ်သစ်တက်မနောဖြစ်သည်။ ရှေးက ဒူဝါတို့၏ နေအိမ်ရှည်များ ကိုဖျက်ပြီး အသစ်ပြန်လည် ဆောက်လုပ်သည့်အခါအ ရေး ကြီး လုပ်ငန်း မှာ ယိုး ရာနတ်နှင့်သက်ဆိုင် သောပစ္စည်း များ ကို ပြောင်း ရွှေ့ရေး ပင်ဖြစ်သည်။ နေအိမ်ကိုမဖျက်မီ ရှေး ဦး စွာ ယိုး ရာနတ်ကိုပူဇော်ပသ ရသည်။ ၄င်း နောက်နတ်နှင့်ဆိုင်သည့်နတ်စင်မှ ပစ္စည်း များ ကိုတစ် နေရာသို့ ပြောင်း ရွှေ့ထား ရသည်။ နေအိမ် ဆောက်လုပ်ပြီး စီး ပါက ၄င်း နတ်ပစ္စည်း တို့ကို ပထမဦး စွာအိမ်သစ်နတ်စင်သို့ ရွှေ့ ပြောင်း ထား ရသည်။ ထိုနတ်ပစ္စည်း များ ရွှေ့ ပြောင်း ပြီး နောက် နေအိမ်အသစ် ပေါ် သို့တက် ရောက် နေထိုင်ခြင်း ကိုအ ကြောင်း ပြု၍ ထိန်ခရန်မနောကိုကျင်း ပကြသည်။

ယခု ခေတ်အင်ဂျန်နံ့ ကျေး ရွာတွင်ဘာသာ ရေး ယုံကြည်မှု အပုအိမ်သစ်တက်အခမ်း အနား ကိုခရစ်ယာန်ထုံး တမ်း အရသာ ဆောင်ရွက်ကြ သဖြင့်ထိန်ခရန်မနောမျိုး ကျင်း ပသည်ကိုမတွေ့ရပေ။

ဂျူမနော

ဒူဝါတို့၏သင်္ဂြိုလ်ခြင်း အခမ်း အနား ပြီး ဆုံး ပြီး နောက် ခြောက်လခန့်အကြာတွင် ဂျူမနောကိုကျင်း ပကြသည်။ သေဆုံး သူ၏လိပ်ပြာကိုဘိုး ဘေး တို့ရှိရာသို့ ဖြောင့်မတ်စွာ ရောက်ရှိ ရေး ကိုရည်ရွယ်၍ကျင်း ပသော

မနောဖြစ်သည်။ ယနေ့ခေတ်အင်ဂျန်ဒိုကျေး ရွာတွင်ဒူဝါလူတန်း စား မရှိတော့သဖြင့် ထိုမနောမျိုးကို မတွေ့ရတော့ပေ။

### ကွမ်ရန်မနော

ဒူဝါအိမ် ထောင်စုမှညီအစ်ကိုများ အိမ်ခွဲထွက်ပြီး နယ်မြေ သစ်ထူ ထောင်သည့်အခါတွင် မဒိုင်နတ်ကိုခွဲ၍ ပင့်ဆောင်ယူ သောအထိမ်း အမှတ်အဖြစ်ကျင်း ပသောမနောဖြစ်သည်။

အထက်ပါဇွတ်၊ ပဒန်၊ ထိန်ခရန်၊ ဂျူ နှင့် ကွမ်ရန်မနော တို့သည်အကြီး စား မနောပွဲများ ဖြစ်ကြသည်။ ရှေး ခေတ်က၎င်း မနောပွဲ များကိုသာမန်အား ဖြင့်ကျင်း ပသည့်အခါ အိမ် နောက်ဖေးဖက်တွင်သာ နတ်တို့ကိုပူဇော်ကြသည်။ သို့သော်အဆိုပါအခမ်း အနား ကိုကြီး ကျယ်စွာပြုလုပ် သောအခါ အိမ် နောက်တွင်သာမကအိမ် ရှေ့တွင်လည်း ပူဇော်ကျင်း ပကြသည်။ ဤသို့အိမ် ရှေ့အိမ် နောက်နှစ်ဖက်စလုံး တွင်နတ်ပူဇော်ပြီး ကျင်း ပသောမနော ကို ထိန်ထန်း မနော[1] ဟု ခေါ်သည်။ အထက်ပါမနောပွဲများ သည်ကြီးကျယ် ခမ်း နား ပြီး ပွဲကျင်း ပရက်မှာ (၈) ရက်မျှကြာသည်။

### ရှဒစ်ဖော့မနော

ဤမနောကို ရှေး က ဒူဝါညီအစ်ကိုများ နယ် မြေသစ်တည် ထောင် ပြီး မဒိုင်နတ်ကို ကျန်ရစ်သူညီအစ်ကိုများ ထံမှခွဲ၍ ပင့်ဆောင်ပြီး ချိန်တွင် ၊ မဒိုင်နတ်အား နေရာပြု သောအထိမ်း အမှတ်၊ နယ် မြေသစ်ရှိ မကောင်း ဆိုး ဝါး များ ကိုနှင်ထုတ် သောအထိမ်း အမှတ်အဖြစ်ကျင်း ပကြသည်။

### နိန်ထန်မနော

ရှေး အခါက စစ်ထွက်ခါနီး တွင် အောင်ပွဲခံနိုင် ရေး အတွက် ကျင်း ပသောမနောဖြစ်သည်။ ဤမနောပွဲကျင်း ပသောအခါ ဓါး ၊ လှံ ၊ သေနတ် စသည့်လက်နက်များ ကိုကိုင်ဆွဲအသုံး ပြုကြသည်။

### နွမ်ရှလိုင်မနော

ရှေး က ဂျိန် ဖေ ဒူဝါအချိုကြီး ကျယ်စွာလက်ထပ်ထိမ်း မြား သောအခါမနောပွဲငယ်ကျင်း ပပြီး မှလက်ထပ်ထိမ်း မြား ကြသည်။ ထိုမနော ကို နွမ်ရှလိုင်မနောဟု ခေါ်သည်။

---

၁။ Hting htan manau

## နတ်ရေဒွမနော

ကျန်းမာရေး အတွက်ပြုလုပ်သော မနောဖြစ်သည်။ တစ်စုံတစ်ယောက်နာမကျန်း ဖြစ်စဉ် (သို့မဟုတ်) ရပ်ရွာတွင် ကပ်ရောဂါတစ်ခုခု ဆိုက်ကပ်စဉ် နတ်များ ရောဂါဘေး အန္တရာယ်မှကင်း ရှင်း စေရန်ကျင်းပသော မနောဖြစ်သည်။

## နောရာထူမနော

အကြီးစား မနောများ ဖြစ်သော ဆွတ်၊ ပဒန်၊ ထိန်ခရင်၊ ဂျ နှင့် ကွမ်ရန်မနောတို့ကျင်း ပနိုင်ရန်အတွက် မကျင်း ပမီ (၄) (၅) (၆) လခန့်အလိုတွင် မနောကွင်း ပြင်ကိုရှင်း လင်း ခြင်း ၊ မြေညှိခြင်း တို့ပြင်ဆင် ဆောင်ရွက်သည့်အခါ ကျင်း ပသော မနောအသေး စား ကို နောရာထူမနော ဟုခေါ်သည်။

## နောင်ဆွတ်မနော

ကြိုတင်စီစဉ်မှု မရှိဘဲ ရုတ်တစ်ရက်တန်ပြသ ဖွယ်ကျင်း ပပြုလုပ်သော မနောအသေး စား လေး ကို နောင်ဆွတ်မနောဟု ခေါ်သည်။ မည်သည့် နပ်ကိုမှတိုင်တန်း ပူဇော်ရန်မလိုပေ။

မနောပွဲသည် ရိုး ရာနတ်တို့အား ပူဇော်ပသသည့်အခမ်း အနား တစ်ခုဖြစ်သည်။ နတ်မင်း တို့သည် ကောင်း ကျိုး ဆိုး ကျိုး ဟူသမျှကို ဖန်တီး နိုင်စွမ်း ရှိသည်ဟု သော ယုံကြည်ချက်အရ ဘေး အန္တရာယ်ခပ်သိမ်း ကင်းငြိမ်း စေရန်လည်း ကောင်း ၊ ကောက်ပဲသီး နှံတိုး တက် ဖွံ့ဖြိုးစေရန်လည်း ကောင်း၊ အရာခပ်သိမ်း၌ အောင်မြင်မှုရှိ စေရန်လည်း ကောင်း ၊ သား သမီး ချွေရိ သင်း ပင်း များ ရွာထွန်း ကား ပြီး ဥစ္စာဓနကြွယ်ဝမှုရှိ စေ ရန်လည်း ကောင်း ရည်ရွယ်ပြီး မနောပွဲ ခေါ်ယူ ပူဇော်ပွဲ၌ ပါဝင်ဆင်နွှဲကြခြင်း ဖြစ်သည်။

ထို့ပြင်ရပ်နီး ရပ်ဝေး ဆွေမျိုး ညာတိ မိတ်သင်္ဂဟအပေါင်း နှင့်တွေ့ဆုံကာခင်မင်ရင်း နှီး စွာဆက်ဆံလိုလျှင်လည်း ရွှေး ဒူဝါကြီး တို့ သည် ရွာလုံး ကျွတ်၊ နယ်လုံး ကျွတ် ပါဝင်ဆင်နွှဲ သော မနောပွဲကြီး ကိုကျင်း ပကြသည် ။ ထို့ပြင် ပူဇော်အပ် သော သူကို ပူဇော်ခြင်း ၊ ချီး မြှင့်အပ် သော သူကို ချီး မြှင့်ခြင်း ဆွေမျိုး ညာတိ မိတ်သင်္ဂဟတို့အား ကျွေး မွေး ပေး ကမ်း ရခြင်း တို့သည်ကောင်း

မြတ်သော မင်္ဂလာတရား ဖြစ်သည်ဟု သောယုံကြည်ချက်ဖြင့်လည်း အစဉ်အလာ မပျက် မနောပွဲများ ကျင်းပရခြင်း ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ပိုင်းတွင်လွတ်လပ်ရေး နေ့၊ ပြည်ထောင်စု နေ့၊ ပြည်နယ် နေ့များ တွင် ပြည်နယ်အစိုးရ မှကြီး မှူး၍ ကြီးကျယ်ခမ်းနား သော မနောပွဲကြီး များကိုကျင်းပပေး လျက်ရှိသည်ကို တွေ့ရသည်။

မနောပွဲသည်လူ့ပေါင်း ထောင်ချီ၍ ဧည့်ခံ ကျွေး မွေးရသောပွဲဖြစ်သဖြင့်၊ ငွေကုန် ကြေး ကျအလွန်များ သည်။ ပွဲတစ်ပွဲဖြစ်ရန်လည်း လပေါင်း များ စွာကြိုတင်ပြင်ဆင်ရသည်။ မနောပွဲကိုမိုး လကင်း လွတ်သည့် ဆောင်း နှင့် နွေရာသီတွင်ကျင်း ပကြသည်။ ရှေး က ဒူဝါကြီး တို့သည် မနောပွဲမကျင်း ပမီဆန်၊ သား ၊ ငါး၊ နွား ၊ ကြက်၊ ဝက်၊ အရက်၊ ခေါင်ရည်တို့ကို ကြိုတင်စု ဆောင်း ချက်လုပ်ထား ကြသည်။ ပစ္စည်း များ အသင့်ဖြစ် သော် မနောပွဲကျင်း ပမည့် နေ့ ကောင်း ရက်မြတ်ကိုနတ်ဆရာကြီး တို့ကတွက် ချက် ရွေး ချယ်ပေး သည်။

မနောပွဲသည်အဓိကအား ဖြင့်အာကာသကိုအစိုးရ သော ၊ မဒိုင်နတ်မင်း ကြီး ကိုပူဇော်ပသခြင်း ဖြစ်ပြီး ၊ အကြီး ဆုံး နတ်ဆရာ ဖြစ်သော ဂျိုင်ဝါ မှတာဝန်ယူ၍ပူဇော်ရသည်။

မနောပွဲ တော်ရက်သတ်မှတ်ပြီး ပါက ရပ်နီး ရပ်ဝေး ဆွေမျိုး ၊ မိတ်သင်္ဂဟများ ကိုတစ်လ၊ နှစ်လအလို ကြိုတင်ဖိတ်ကြား လေ့ရှိသည်။ မနောပွဲကိုလာ ရောက်ကြရာ၌ ပွဲကြီး လျှင်ကြီး သလိုရွာအလိုက်၊ နယ်အလိုက်လာတတ် ကြသည်။ လာ ရောက်သူတို့ကလည်း ဆန်၊ သား ၊ ငါး၊ နွား ၊ အရက်၊ မောင်း၊ ဖိုခနောက်၊ ကောင်ရည်ပုဆိုး တို့ကို လက်ဆောင်အဖြစ်ယူ ဆောင်လာတတ် ကြပြီး ၊ အလှူရှင်ဒူဝါ ကြီး ကိုကူညီတတ်ကြသည်။ အဖွဲ့ဖွဲ့ ရောက်ရှိလာ သော ရပ်ဝေး ဧည့်သည်များ ကိုရွာအတွင်း ရှိအိမ်အသီး သီး တွင်ခွဲ ဝေ၍ နေရာချ ပေး ကြသည်။ ၁၉၅၀ – ခုနှစ် နောက်ပိုင်း မြစ်ကြီး နား တွင်ပြည်နယ်အစိုးရ မှကြီး မှူး ၍မနောပွဲကျင်း ပ သောအခါ အရပ်ဒေသအသီး သီး မှတည်း ခိုနိုင်ရန် မနောစခန်း များ ဆောက်လုပ်ထား ရှိသည်။

မနောအခါတော်ကိုသတ်မှတ်ပြီး နောက်၊ ပွဲတော်အတွက် လိုအပ်သောပြင်ဆင်မှုများ ကို ဆောင်ရွက်ရသည်။ မနောတိုင်များ အတွက် ဖြောင့်၍အပြစ်အနာအဆာကင်း သောသစ်များ ကို ရွေး ချယ်၍ ခုတ်ယူကြရ သည်။ ရှေး ကမနောတိုင် အောက်ခံပြား ကို ခုတ်ပြီး သောအခါ နတ်တို့ ကို



မနောကပွဲအတွက် မနောတိုင်များနှင့်တုရိယာများကိုအဆင်သင့်တပ်ဆင်ထားပုံ ..



ဝတ်စုံပြည့်ဖြင့်မနောကပွဲခေါင်းဆောင်အားတွေ့ရပုံ



မနောပွဲကျင်းပရာသို့ အနယ်နယ်မှပရိသတ်တို့လာနေကြပုံ



မနောအာကမကဓိ အောက်ချင်း၄ ကုက်ကဟာန်ကိုသဂုပ်ဆောင်ကနေကြပုံ





မင်နော့ပွဲကိုအနီးကပ်တွေ့ရပုံများ





မနောကပွဲကို အပေးမှလှမ်းမြင်ရပုံ ။





မနောကပွဲကိုအဝေးမှတွေ့ရပုံများ

ပူဇော်ပသကြသည်။ မနောစည်တွင်း ရှမ်းသစ်ပင်စိုက်လှဲသည့်အခါ၌လည်းကောက်ညှင်း ပေါင်း ၊ ငါး ခြောက်တို့ဖြင့်နတ်ပူဇော်ရသည်။ မနောကွင်း အထွက်ပန်ကျွက်ချ၊ ရှင်း လင်း ၊ မြေညှိသည့်အခါ နေ့်ရာထူမနော ခေါ် မနော အခမ်း အနား အငယ်စား ကိုကျင်း ပရသည်။

မနောပွဲသည်အစဉ်အလာအား ဖြင့် နတ်ပူဇော်ပွဲ (၄) ရက်၊ ကပွဲ (၄) ရက် ပေါင်း (၈) ရက်ကြာသည်။

မနောကမည့်ကွင်း အလယ်ဗဟိုတွင်မနောတိုင်ကြီး များ ကို စိုက်ထူထား သည်။ မနောတိုင်စုစု ပေါင်း (၁၂) တိုင်ပါဝင်သည်။ တည့်မတ်စွာ စိုက်ထူထား သော တိုင် (၇) တိုင်၊ အေး တစ်ဖက်တစ်ချက်တွင် ကြက် ခြေခတ် စိုက်ထူထား သော တိုင် (၄) တိုင်နှင့် အောက် ခြေတွင်လှဲထား သော တိုင်တစ်တိုင် တို့ဖြစ်သည်။ တိုင်တို့သည်အပြား များ ဖြစ်ပြီး ၊ အလျား အမြင့်ဆုံး တိုင်မှာ (၁၇) တောင်ခန့်၊ အတိုဆုံး မှာ (၇) တောင်ခန့်နှင့် တစ် တောင်ခန့်အကျယ် ရှိပြီး (၆) လက်မခန့်အထူ ရှိသည်။ အမြင့်ဆုံး တိုင်နှစ်တိုင်ကို ဖိုတိုင်ဟု ခေါ်၍၊ အငယ်ဆုံး တိုင်နှစ်တိုင်ကို မ တိုင်ဟု ခေါ်သည်။ ကြက် ခြေခတ်ထား သည့်တိုင်မှာ မတိုင်အမျိုး အစား တွင်အကျုံး ဝင်သည်။

မနောတိုင်များ တွင်အများ ဆုံး ရေး ချယ် လေ့ရှိသည့် အရောင်များ မှာအဝါ၊ အစိမ်း ၊ အနီ၊ အပြာ၊ အဖြူ နှင့်အနက် ရောင်များ ဖြစ်သည်။ ဒီဇိုင်း များ မှာမှန်ကူကွက်ကိုအ ခြေခံ သော ဒီဇိုင်း မျိုး နှင့် မြွေလိမ် မြွေ ကောက် ဒီဇိုင်း မျိုး တို့ဖြစ်သည်။ မြွေလိမ် မြွေ ကောက် ဒီဇိုင်း သည်နတ်မင်း တို့ကို ပူဇော်ပသသည့် ပွဲဖြစ်သည့်အား လျော်စွာ နတ်မင်း တို့အတွက် လှေကား အသွင်နှင့်မှန်ကူကွက်တို့မှာ နတ်တို့၏ဘုံဗိမ္မာန်အသွင်ကို ဖော်ကျူး ထား ခြင်း ဖြစ်သည်။ မနောတိုင်အချွန်ထိပ်ဖျား နှင့် အောက် ခြေတွင်ကမ္ဘာ၊ လနှင့်နေတို့ ကို သရုပ် ဖော်ခြင်း အား ဖြင့်အဝိုင်း များ ၊ အစက်များ ကို ရေး ဆွဲထား သည်။ အောက် ခြေတွင်လှဲထား သော ပျဉ်ပြား ကြီး တွင်ကျွဲ၊ နွား ၊ ဝက်၊ ဆိတ်၊ ကြက်၊ ငှက်စသည့်အရုပ်များ ကို ရေး ချယ်ထား ပြီး တစ်ဖက်ထိပ်စွန်း ကို အောက်ချင်း ငှက်၏နှုတ်သီး သဏ္ဍာန်ဖြတ် တောက်ထား သည်။ ဤသို့သရုပ် ဖော်ထား ခြင်း မှာ ရှေး က တောတွင်း တိရစ္ဆာန်များ ပေါ်ပွင်စွာပိုင်း ဖွဲ့နေထိုင်မှုကို လည်း ကောင်း ၊ အောက်ချင်း ငှက်ဘီသိဇ် ခံယူကိုလည်း ကောင်း ဖော်ကျူး ထား ခြင်း ဖြစ်သည်။

မနောပွဲ တော်ထွင်တူရိယာအဖြစ် နှစ်ဖက်ဝီတ်စည်ကြီး နှစ်လုံး နှင့် မောင်း ကြီး သုံး လုံး ပါဝင်သည်။ စည်ကြီး သည်ထိပ်ဝတစ် တောင်ခန့်ရှိပြီး ၊ အလျား (၆) ပေခန့်ရှိသည်။ ၄င်း စည် ရှည်ကြီး ကိုကျွဲသား ရေ၊ နွားသားရေ

တို့ဖြင့်ကြက်လုပ် လေ့ရှိသည်။ ကြေး မောင်းကြီး များမှာလည်း အချင်း တစ်တောင့်ထွာသာသာ ခန့်ရှိသည်။ ၄င်း တူရိယာများ ကိုမ နောတိုင်ကြီး များ အနီး တန်း နှစ်တန်း ထိုး၍ ချိတ်ဆွဲထားကြသည်။ ၄င်း စည်သံ မောင်း သံတို့ သည် (၄) (၅) မိုင်အကွာမှ ပင်ကြားရသည်။

ရှေး ကမ နောကသည့်ကွင်း ကိုဒူဝကြီး ၏အိမ် နောက် ဘက် လပ်တွင်လည်း ကောင်း (သို့မဟုတ်) ပွဲသို့ရှိသင့် တော် သော မြေ နေရာ တွင်လည်း ကောင်း ၊ ချတ်တွင်ရင်း လင်း မြေညှိကာကျင်း ပကြသည်။ ကွင်းအလယ် တွင်မ နောတိုင်ကြီး များ စိုက်ထူထား ပြီး ဘေး ပတ်လည် ပေ (၂၀၀) ခန့် ကိုမ နောကရန်သတ်မှတ်၍ ဝါး စိတ်က လေး များ ဖြင့်ခါး လောက်ထိရာဇမတ် ကာထား သည်။ ယခုအခါမြစ်ကြီး နား မြို့တွင်စီဟာပူ ကျေး ရွာထိပ်၌မနော ကွင်း ကိုသီး သန့်သတ်မှတ်ထား ရှိသည်။

ရှေး ကမ နောအ ဆောင် တော်ကိုမ နောကွင်း ရှိရာဒူဝ၏အိမ်နှင့်မလှမ်း မကမ်း တွင်သစ်ဝါး တို့ဖြင့်ယာယီတည် ဆောက်ကြသည်။ ၁၉၅၈ ခုနှစ်မှစ၍မြစ်ကြီး နား မြို့တွင်မ နောကွင်း ကိုသီး သန့်သတ်မှတ်ထား ပြီး မနောအ ဆောင် တော်ကိုလည်း အုတ်ဖြင့်အခိုင်အခံ့ ဆောက်လုပ်ထား သည်။ မြစ်ကြီး နား မြို့မ နောကွင်း ရှိမ နောအ ဆောင် တော်သည် ရှေး မူမပျက် ဆောက်လုပ်ထား သောအ ဆောင် တော်ဖြစ်သည်။ မ နောအ ဆောင် တော် တွင်နတ်ကွန်း နှစ်ခုရှိသည်။ နတ်ကွန်း နှင့်တွဲလျက်မီး ဖိုကြီး နှစ်ခုလည်း ရှိသည်။ မီး ဖိုတစ်ဖိုသည်အသား ချက်ပြုတ်ရန်နှင့်အခြား တစ်ခုသည်ကြက်ဥပြုတ်ရန်ဖြစ်သည်။ ယဇ်ပူ ဇော်ရန်ကျွဲကိုသတ်ပြီး သည့်အခါ ကျွဲ ခေါင်း ကိုနတ်ကွန်း တွင်ပူဇော်သည်။ တောင်စင်ဖက်များ ဖြင့်က လော့များ ၊ ခွက်များ ထိုး ကာအသား အချိုကိုထည့်လျက်နတ်ပူ ဇော်ကြသည်။ အခြား ယဇ် ကောင်များ ကိုသတ်၍လည်း ပူ ဇော်ကြ သေး သည်။

မ နောပွဲသည်မဒိုင်နတ် ခေါ် ကောင်း ကင်နတ်အတွက်ဦး တည်၍ကျင်း ပသည့်အခမ်း အနား ဖြစ် သော်လည်း ၊ ၄င်း ကောင်း ကင်နတ်နှင့် တကွပူ ဇော် ပသရ သောအခြား နတ်များ မှာအမျိုး အစား (၁၈) မျိုး ရှိသည်။ တစ်မျိုး လျှင်နတ် (၄) (၅) ပါး စီရှိသဖြင့်၊ ပူ ဇော်ရ သောနတ်ပေါင်း (၁၀၀) ကျော်သည်။ နတ်အမျိုး အစား (၁၈) မျိုး မှာ – အိမ်နတ်၊ မုနတ် ခေါ် ကောင်း ကင်ကိုစိုး စံ သောနတ်၊ မဒိုင်နတ်ခေါ်အာကာသကိုအစိုး ရ သောနတ်၊ မရန်နတ် ခေါ် မိုး နတ်၊ မုရှဲနတ် ခေါ် မိုး ကြိုး နတ်၊ ရှတာနတ် ခေါ် လနတ်၊ ဂျန်နတ်ခေါ် နေနတ်၊ အင်ဘုံနတ် ခေါ် လေနတ်၊ ဂါး နတ် ခေါ် မြေနတ်၊ ဂျိုး ရာနတ်၊ဆင်လပ် နတ် ခေါ် နတ်ဆိုး ၊ ကျမွှမ်သပြေနတ် ခေါ် ဆူဆဲ သောနတ်ဆိုး ၊ ဆနောင်ပွတ်နတ် ခေါ် ပူဆာ သောနတ်ဆိုး ၊ ဆောန်း နတ် ခေါ် နတ်ဆိုး ၊ ဂျထုံနတ် ခေါ် တောနတ်၊

နင်ဆင်းနတ်ခေါ်အမှောင်ကိုကြီးဆိုးသောနတ်၊ ရှင်ဂရုဒ်နတ်ခေါ်ကွယ်ဖျက်သောနတ်၊ လမွှမ်နတ်ခေါ်နတ်ဆိုးတို့ဖြစ်သည်။

ပွဲမစမီနှစ်ရက်အလိုတွင် ခွေး (သို့မဟုတ်) နွား၏လည်ကို ပြတ်၍နတ်စိမ်းတို့ကို ပူဇော်ပသကြသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့်နတ်တို့က ချွေးစုတ်ကာမကောင်းဆိုးဝါးတို့ကို ကာကွယ်ပေးသည်ဟု ယုံကြည်ကြသည်။

ပွဲတော်စတင်သည့်နေ့၌ ပထမဦးစွာ ကျိုင်ဝါနတ်ဆရာ အဟောထွက်သည့်အတိုင်း ဂိုအစ်သောကျွဲကောင်ရေကိုသတ်၍ မနောအဆောင်တော်ရှိ မဒိုင်နတ်ထွန်း ကွင်းပူဇော်ရသည်။ မနောကွင်းအတွင်း မနောတိုင်ကြီးများနှင့် ခပ်လှမ်းလှမ်းတွင်ယဇ်ပူဇော်မည့်ကျွဲများကို ချည်ထား လေ့ရှိသည်။ ထိုနေရာတွင် (၁၀) ပေ (၁၂) ပေခန့်ရှည်သောသစ်သား တိုင်နှစ်ခုကိုကြက်ခြေခတ်စိုက်ထူထားသည်။ ၎င်းကြက်ခြေခတ်စိုက်ထူထား သည့်တိုင်အသီးသီး၏အလယ်မှကန့်တန်းတစ်တန်းကိုကန့်လန့်ဖြတ်ချည်နှောင်ထား သည်။ ထိုကန့်လန့်ဖြတ်ဝါးလုံး၏တစ်ဖက်ထိပ်ကိုခွဲစိတ်၍ကောဒွသဖွယ်ပြုလုပ်ကာ ၎င်းအား ပတ်လည်တွင်တောင်စဉ်ရွက်များ ပတ်ထား လေ့ရှိသည်။ နတ်ကွန်းနတ် တိုင်သဘောသဏ္ဍာန်သွင်း ပြုလုပ်ထား ခြင်း ဖြစ်သည်။ ကြက်ခြေခတ်စိုက်ထူထား သောတိုင်များ အလယ်တွင်နှစ်လံခန့်ရှည်သောကြိုး ဖြင့်ကျွဲကိုချည်နှောင်ထား ပြီး ပူဇော်ချိန်ရောက်ပါကသတ်မှတ်ထား သူတစ်ယောက်တည်း ကရင်အုံကို လှံဖြင့်ထိုး ကာသတ်ရသည်။ ၎င်း နောက်ဂိုအစ်သလိုပိုင်းဖြတ်ပူဇော်ကြသည်။ ကျိုင်ဝါ နတ်ဆရာကြီး သည်မဒိုင်နတ်မင်းကြီး အား ယဇ်ပူဇော်ပြီးတရား စာများ ကိုရွတ်ဖတ်သရဇ္ဈာယ်ရသောမှ၊ ၎င်း ကိုယ်ကိုင်မဒိုင်နတ်မင်း ကြီး ကို ဦး ရေ၊ ခေါင်ရည်များ ဖြင့် နေ့စဉ် လောင်း၍ ပူဇော်ရသည်။

၎င်း နောက်၊ ရေ၊ မြေ၊ တော၊ တောင်၊ နေ၊ လနတ် တို့ကိုပူဇော်ရသည်။ နေနတ်ကိုဝက်ထီး ဖြင့်ပူဇော်ရသည်။ မြေနတ်ကိုဝက်ယ် ကလေး ဖြင့်ပူဇော်ရသည်။ မြေနတ်ကိုပူဇော်သည့်အခါ အပြစ်ကင်း စင်သန့် ရှင်း၍ လောကအကြောင်း လုံး ဝမသိ သေး သည့်ဝက် ပေါက်စတစ် ကောင် ကို သတ်ကာအမွေး များ ၊ အူများ ထုတ်နှုတ်ပြီး ဆေး ကြော ရသည်။ ၎င်းနောက် ထိုဝက်ငယ်ကိုဖက်နှင့်ထုတ်၍ပြုတ်ပြီး မ နောတိုင် အောက် မြေကြီး ထဲတွင်မြှုပ်ကာ ပူဇော်ရသည်။ ၎င်းအပေါ်မှ ချောမွတ်နေ သော ကျောက်တုံး တစ်တုံးဖြင့်ဖိ ထား ရသည်။

နေနတ်နှင့်လနတ်ကိုပူဇော်သည့်အခါမနောတိုင်ကြီး များ၏ ဘေးတင်ဖက်ဖက်တွင်ကပ်လျက်လူတစ်ရပ်သာသာမြင့်သည့် လေး တိုင်စင်က လေး တစ်စင်ကို ဆောက်လုပ်ရသည်။ ၎င်း စင်အဆင့်နှစ်ဆင့်ထား ကာအပေါ်ဆင့် တွင် နေနတ်၊ အောက်ဆင့်တွင်လနတ်အတွက်ရည်စူး ကာသ ား ပါး တို့ဖြင့် တင်

မြောက်ပသရသည်။ နတ်များကို ပူဇော်ရာတွင် မည်သည့်နတ်အတွက် မည်သည့်အသား၊ အသည်း၊ အူတို့ဖြင့် ပူဇော်ရမည်ဟု သောသတ်မှတ်ချက်ရှိသည်။ နတ်ပူဇော်သောအခါကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ခေါင်ရည်၊ ကောက်ညှင်းဖြူမှလွဲ၍အခြား မည်သည့်သီးနှံမျှမပါဝင်ရပေ။

၎င်း နောက်နတ်ဆိုးများကိုပူဇော်ရပြန်သည်။ နတ်ဆိုးတို့ကို ပူဇော်ပုံမှာ ဝက်ငယ်တစ်ကောင်၏လည်ပင်းကိုပိုင်းဖြတ်၍၊ ထွက်လာသောသွေးများကိုမနောကွင်းတွင်ပက်ဖြန်းရသည်။ ဝက်သေကောင်ကိုလည်း မနောတိုင်အနီးတွင်မြှုပ်နှံကာဂိုင်၏နတ်ဆရာကပူဇော်၍ဆုတောင်းပေးရသည်။

ပူဇော်ပသမှုကို (၄) ရက်တိတိ ဆောင်ရွက်ပြီး နောက် ကပွဲကို ညနေပိုင်းတွင်စတင်သည်။ မနောခေါင်းဆောင်ကြီး နှစ်ဦးက အောက်ချင်းငှက်နှုတ်သီး၊ ဝက်စွယ်၊ ငှက်မွေး ငှက်တောင်များဖြင့်ဆင်ယင်ထားသောဦးထုပ်ကိုအသီးသီး ဆောင်းကာ ဘာရပ်ပိုး ဝတ်ရုံရှည်ကိုဝတ်ဆင်ပြီး ရှေ့မှဦးဆောင်၍ ကသူများက နောက်မှလိုက်၍ စီကန်းကာကကြသည်။ ထိပ်ဆုံးမှအက ခေါင်းဆောင်၏ ကြိုးကကွက်ပြောင်းလျှင် နောက်လူများကလိုက်ပြောင်းရကြသည်။ ရှေ့မှခေါင်းဆောင်ကြီး နှစ်ဦးက ဓါးများကိုမတ်မတ်ထောင်ကိုင်၍ မောင်းသံ၊ ဗုံသံ အလိုက်နှင့် မြေကြီးကို ခြေဆောင့်၍ကလာသည့်အခါ နောက်ပါးမှအမျိုးသားတို့က ဓါးများကိုမြှောက်ကာမြှောက်ကာ ခြေလှမ်းညီညီတန်ညီညီကပြရသည်။

ရှေ့သို့တဖြည်းဖြည်းတိုးလာပြီး နောက်သို့တဖြေးဖြေးဆုတ်သွားရသည့် ကကြိုး၊ ရှေ့ဆုံးမှယှဉ်၍ကနေသည့်မနောခေါင်းဆောင်ကြီးများ အတိုင်း နှစ်ယောက်တွဲစီယှဉ်၍အတန်းလိုက်ကရာမှ ဖြန်းကနဲနှစ်တန်းခွဲကာတတန်းစီလက်ဝဲရစ်၊ လက်ယာရစ် ပက်ကရသောကကြိုး၊ ထိုသို့ကရာမှ နှစ်ဦးမျက်နှာချင်းဆိုင်သည့်အခါနှစ်တန်း စလုံးအတွင်းသို့ပက်ဝင်ကာနှစ်ယောက်တွဲပြန်လည်ဖြစ်သွားသော ကကြိုး စသည်ဖြင့်အမျိုးမျိုး ရှိလေသည်။ ကလေး၊ လူကြီး၊ ယောက်ျား၊ မိန်းမတို့ တစ်ပျော်တစ်ပါး ဝင်ရောက်ကခုန်ရာမြင်းစီးအက၊ ကွန်ပစ်အက၊ ကျွဲနွားရှာဟန်အက၊ အောက်ချင်းငှက်ဘိသိက်ခံဟန်အက၊ ငှက်များ ညောင်သီးထိုးဆိတ်စား ဟန်အကစသည်ဖြင့်ကကြိုးစုံလင်လှသည်။ ထိုအကများ အပြင်အုပ်စုလိုက်သီးသန့်အကများ ဖြစ်သောမနောဆရာများ အက၊ မနောအလှူရှင်များ အက၊ မနောအိမ်ရှင် မိသားစုအကနှင့်မနောပွဲတွင်ချက်ပြုတ်သူများ အကဟူ၍လည်း ရှိသေးသည်။ ဤသို့ အားဖြင့်မနောပွဲတွင်မကလိုက်ရသူဟူ၍မရှိပေ။ အားလုံး ပါဝင်ကပြခွင့်ရကြသည်။ ယခုခေတ်တွင်မနောပွဲသို့လာရောက်ကြသည့်လူမျိုးခြား၊ ဘာသာခြားများလည်း ဝင်ရောက်ကခုန်ကြသည်ကို တွေ့ရသည်။

မနောအကကသောအခါ ၎င်းတို့၏ဓါးကိုဘယ်ညာ ရွှေ့ရမ်းပြီးက သည်မှာ ရေထဲမှငါး အမြီးခတ်သည်ကိုအတုယူ၍လည်းကောင်း၊ လက်ကိုင်ပုဝါ (သို့မဟုတ်) ယပ်တောင်များဖြင့် ရွှေ့ယမ်းကသည်မှာ လိပ်ပြာများ ပျံဝဲသည်ကိုနည်းယူ

ရှင်း ၊ မနောက နေစဉ် အွတ်-အွတ်-အိုး ရား-အိုး ရား ဟု အော်မြည်ခြင်းသည် အောက်ချင်း ငှက်ဘီသိတ်ခံသည့်အခါမျိုး အနား၌ ငှက်အပေါင်း ကပတ်လည်ဝိုင်း၍ချီး မြှောက် အော်မြည်ခြင်းကိုတုရှု၍လည်း ကောင်း ကပြ အော်မြည်ကြခြင်း ဖြစ်သည်။

ကပွဲ နောက်ဆုံး နေ့တွင် မဒိုင်နတ်မင်းကြီး အား ကျွဲ သတ်၍ယဇ်ပူဇော်ရပြန်သည်။ ကျိုင်ဝါ နတ်ဆရာသည် ပွဲမစမီနတ်မင်းကြီး အား အဆင့်ဆင့်ပင့်ဖိတ်ခဲ့သည့်နည်းတူ ပွဲပြီးသည့်အခါတွင်လည်း အဆင့်ဆင့် ရွတ်ဆို၍ နတ်မင်းကြီး ၏ နေရင်း ဌာနဘုံဗိမ္ဗာန်အရောက်ပြန်ပို့ပေးရသည်။

ပင့်ဖိတ်ထားသော နတ်များကို ငှင်း တို့၏ ဌာနအသီးသီး သို့ပို့ဆောင်ပေးပြီးသည့်အခါ မနောပွဲကြီး ပြီးဆုံးသွားသည်။ ထိုသို့ပွဲပြီး ကြောင်း သိသာစေရန် နောက်တစ်ရက်တွင် (၁၂) ကောင်အလျား ရှိသည့် သစ်ကိုင်း ဖြောင့်ဖြောင့်တစ်ကိုင်း ကိုထိပ်ဖျား မှအကိုင်း အညွန့်တို့ကို မဖြတ် တောက်ပဲ မြေတွင်စိုက်ထူရသည်။ ငှင်း သစ်ကိုင်း ဖျား တွင်နှီး ဖြင့်ယက်ထားသော ခြင်းကလေး တစ်လုံး အတွင်း ကောက်ညှင်း နှင့် အသား အချို့ကို ထည့်၍ သက်ဆိုင်ရာနတ်တို့ကို ပသကင် မြှောက်ထား လိုက်သည်။

မနောပွဲ ကော်တစ်ခုကျင်းပ ပါက အလွန်အကုန်အကျများ ပေသည်။ အချို့ဒေသများ တွင်ကျွဲနွား ကောင်ရေ (၆၀) ကျော်၊ ဝက် (၄၀) (၅၀) ခန့်၊ ကြက် (၁၀၀) ခန့်၊ အရက် ခေါင်ရည်ပုလင်း (၅၀၀၀)(၆၀၀၀) ခန့်၊ ဆန်တင်း ပေါင်း (၂၀၀) (၃၀၀) ခန့်အထိကုန်ကျသော မနောပွဲ များ ကိုကျင်းပတက်ကြသည်။ ဤသည်မှာ ဟင်း လျှာ များ နှင့်ပြင်ဆင်မှုအတွက် အသေးသုံး စရိတ်များ ပင်မပါသေး ပေ။ ထို့ပြင် မနောပွဲ၌ ပါဝင်လုပ်ကိုင် ပေး သူတို့အတွက်လည်း အောက်ပါအတိုင်း တုံ့ပြန်ရသည်။

ကျိုင်ဝါခေါ် နတ်ဟောဆရာကြီး အတွက်ကျွဲတစ် ကောင်၊ တောင် ရှည်ပုဆိုး တစ်ထည်၊ လှံတစ် ချောင်း ၊ ဝါး တစ်လက်၊ ဒုမသာ ခေါ် နတ်ဆရာ အား ကျွဲတစ် ကောင်၊ ခင်ရောင် ခေါ် ယဇ် ကောင်ကိုသက်ဖြတ်ပိုင်း ကစ်သူ အ တွက် တောင်ရှည်ပုဆိုး တစ်ထည်၊ ဖွန်လွန်း ခေါ်အသား ဝေသူအတွက်သင့်တော် သော ငွေကြေး ၊ နတ် ဟောဆရာကြီး ၏တပည့်အတွက်သင့် တော် သော ငွေ ၊ ထမင်း ဟင်း ချက်ပြုတ်သူများ ၊ ရေခပ်သူများ ၊ စာရင်း အင်း ကိုင်သူများ၊ ကပွဲတွင်အဖိုး အနွား အဖြစ် ပါဝင်ကပြသူများ ၊ ပရိသတ်အား သား ဝေပေး သူများ အသီး သီး အတွက်သင့် တော် သော ငွေ ကြေး ဖြင့်တုံ့ပြန်ရသည်။

ထို့ကြောင့် မနောပွဲကိုသာမန်လူများအနေဖြင့် မကျင်းပနိုင် ကြပဲ ဒွေး ခေတ်ဒူဝါကြီး များ သာဦး ခေါင်ကျင်း ပနိုင်ခြင်း ဖြစ်သည်။ ယခု အချိန်တွင်ပြည်နယ်အစိုး ရမှကြီး မှူး၍ကျင်း ပပေး လေ့ရှိသည်ကို တွေ့ရသည်။

မနောပွဲသည်ဘာသာရေးပွဲတော်ဖြစ်သော်လည်း စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့တွင်အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရသည်။ မနောပွဲတော်အခါ၌ အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးညာတိများ၊ မိတ်သင်္ဂဟများ ဆုံကြသဖြင့် ဆွေမျိုး၊ မိတ်သင်္ဂဟအချင်းချင်း ပြန်လည်တွေ့ဆုံခွင့်ရသဖြင့် မရင်းနှီးသေးသူများ ရင်းနှီးလာပြီး၊ ရင်းနှီးပြီးသူများပို၍ ချစ်ခင်ရင်းနှီးကာ တစ်ဦးကိုတစ်ဦး ယုံကြည်မှုရှိလာသည်။ ဆွေမျိုးများအကြား လူမှုရေး၊ စီးပွားရေး၊ ပြဿနာများ ရှိပါက ပြေလည်အောင်ဖြေရှင်းနိုင်ခွင့်ရကြ၍၊ ယခင်ထက်ပို၍ ချစ်ခင်စည်းလုံးမှုရလာကြသည်။ ထိုသို့အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်သဖြင့် ယခုခေတ်တိုင်အောင် ရှေးခေတ်ရိုးရာယုံကြည်ကိုးကွယ်မှုမှ ပေါက်ဖွားလာသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် မနောပွဲကို ဆက်လက်ကျင်းပကြခြင်းဖြစ်သည်။

(ဃ) ရိုးရာအနုပညာလက်ရာများ

ဂျိန်ဖေါ့တို့၏ ရိုးရာအနုပညာလက်ရာများကို သစ်၊ ကြိမ်၊ ဝါး၊ နွယ်ကြိုး၊ ဝါချည်စသည့်ကုန်ကြမ်းတို့ကိုအသုံးပြု၍ပြုလုပ်ကြသည်ကို တွေ့ရသည်။ ဂျိန်ဖေါ့တို့၏အနုပညာပန်းချီလက်ရာကို မနောတိုင်များတွင် တွေ့ရသည်။ ရှေးယခင်က ဆေးရောင်စုံပန်းချီဆေးများ မဖြစ်သေးမီ၊ အပင်တို့မှထွက်သော သစ်စေးဆေးရောင်အမျိုးမျိုးတို့ကိုအသုံးပြုကြသည်။ ယခုခေတ်တွင်မူ အလွယ်တကူရနိုင်သော သဘောဆေးများဖြင့် ချယ်သကြသည်။ ထိုမနောတိုင်မှာ အကွေ့အကောက်၊ အသွယ်အဝိုက်၊ အချိုးအကောက်တို့သည်မြစ်ရေစီးကြောင်းများကိုလည်းကောင်း၊ ကောက်စည်ကောက်ကန်းများကိုလည်းကောင်း ကြည့်ရှုအတုယူကာ ရေးချယ်ထားခြင်းဖြစ်သည်ဟုဆိုကြသည်။ ကဖန်အလွန်လေးငယ်သောခါးနှီးများဖြင့် ယက်လုပ်ထားသော အနုပညာလက်ရာမြောက်ကွမ်းအစ်များကိုလည်း တွေ့ရသည်။ သစ်ကိုင်းများပေါ်တွင်ပုံဖော်ရက်လုပ်ကြပြီး နှီးမျှင်များသည် သေးငယ်လွန်းသဖြင့်လက်ဖြင့်ပင်ကိုင်မရ၍ အပ်ဖြင့်ကိုင်တွယ်ရက်လုပ်ရသည်။ မုညင်းစေ့မျှပင်ထွက်မကျနိုင်အောင်စိပ်ပြီး အလွန်သေသပ်လှပအောင်ရက်လုပ်နိုင်ကြသည်။ သစ်ခွနွယ်ဖြင့်လည်း အနုပညာလက်ရာမြောက်သော ခါးပတ်ကြိုးများ ပြုလုပ်ကြသည်။ သစ်ခွနွယ်ကိုခွဲ၍အခြောက်လှမ်းထားပြီး ဓါးဖြင့်ပါးပါးလေးကျန်သည်အထိအချောသတ်ကြသည်။ ၎င်းမှာရွှေရောင်နွယ်ပြားပေါ်တွင်ချည်အနီရောင်ဖြင့်ကြိုက်ပုံ၊ စတုဂံပုံအကွက်များဖော်ပြီး ခါးတွင်ပတ်ဝတ်ကြသည်။ ဂျိန်ဖေါ့တို့၏အနုပညာလက်ရာအမြောက်ဆုံး၊ လူသုံးအများဆုံးနှင့်အသုံးအဝင်ဆုံးကိုမှာ ဂျိန်ဖေါ့လွယ်အိတ်၊ ဂျိန်ဖေါ့ပုဆိုး၊ ထမီတို့ဖြစ်သည်။ ယခင်က ရိုးရာခါးယန္တန်းဖြင့်သာရက်လုပ်ကြသော်လည်း ယခုမူ ယန္တန်းစင်များ၊ စက်ယန္တန်းများဖြင့်ခေတ်မှီစွာ ရက်လုပ်ကြသည်ကို တွေ့ရသည်။ ဂျိန်ဖေါ့ရိုးရာပုဆိုးကွက်၏အကျ င်စဝိတ်ပုံသည်လည်းကောင်း၊ ထမီများတွင်မနောတိုင်များထည့်ပုံ၊ အကွက်၊ အမက်၊ အရပ်ပြောက်နှင့် ဂျိန်ဖေါ့ မော်တီပုံအမျိုးမျိုးတို့ကို ပုံဖော်ပုံတို့သည်အလွန်လက်ရာမြောက်သေသပ်လှပသည်ကို တွေ့ရသည်။

## အခန်း ၅ ။

## အုပ်ချုပ်ရေး တရား စီရင်ရေး နှင့် ရိုးရာဥပဒေများ

ဂျိန်းဖေါ့တို့သည် ရှေးယခင် တောင်ပေါ် ဒေသတွင်နေထိုင် စဉ်မှစ၍၊ ယနေ့အချိန်အထိ မိမိတို့ဖသား စုအဖွဲ့အစည်း များ စုပေါင်း၍ ကထောင်[၁] ခေါ် ကျေးရွာငယ်ကလေး များ ကိုတည် ထောင် နေထိုင်ကြသည်။ ထိုကထောင် ခေါ် ကျေးရွာငယ်များ စုပေါင်း၍ ရွာကြီး တစ်ရွာ ( သို့မဟုတ်) ကျေးရွာအုပ်စုကြီး တစ်ခု (သို့မဟုတ်) မြို့တစ်မြို့ဖြစ်လာပါက မရယ်[၂] ဟုခေါ်သည်။ ဂျိန်းဖေါ့တို့သည် မြို့နယ်ခွဲကို နိန်ထောန်[၃]၊ မြို့နယ်ကို မရယ်နိန် ထောန်[၄] ဟူ၍လည်းကောင်း၊ ဂင်ဝါန်[၅] ဟူ၍လည်းကောင်း တိုင်းကိုကင်ဝါန်ကဘား[၆] ၊ ပြည်နယ်ကို မွန်းဒေါ်[၇] ၊ ထိုင်း နိုင်ငံ ကို မွန်းဒန်[၈] ၊ တိုက်ကိုဒန်[၉] ၊ ကမ္ဘာကိုမွန်ကန်[၁၀] ဟူ၍ ခေါ် ဝေါ်ကြသည်။ ၄င်းတို့၏ ကထောင်၊ မရယ်၊ မွန်းဒေါ် များ တွင် ဆောင်ရွက်သည့်အုပ်ချုပ်ရေး ၊ တရား စီရင်ရေး နှင့်ရိုး ရာဥပဒေများ ကို အောက်ပါ အတိုင်း တွေ့ရှိရပါသည်။

### (က) အုပ်ချုပ်ပုံစံနစ်

ဂျိန်ဖေါ့လူမျိုး တို့၏ ရှေးယခင်မှယနေ့အထိ အုပ်ချုပ်ရေး အာဏာပိုင်ဆိုင်မှုစနစ် ( ၄ ) မျိုး ထွန်းကား ခဲ့ကြောင်း လေ့လာသိရှိရသည်။ ၄င်းတို့မှာ ဂွမ်ရောင်ဂွမ်စ[၁၁] အုပ်ချုပ်ရေး စနစ်၊ ဂွမ်ဆာ[၁၂] အုပ်ချုပ်ရေး စနစ်၊ ဂွမ်လောင်[၁၃] အုပ်ချုပ်ရေး စနစ် ဂွမ်စန်[၁၄] အုပ်ချုပ်ရေး စနစ်တို့ဖြစ်သည်။

---

၁။ Kahtawng
၂။ Mare
၃။ Ning Htaung
၄။ Mare ning htaung
၅။ Gin Waung
၆။ Gin Waung Kaba
၇။ Mungdaw
၈။ Mung Dan
၉။ Dan
၁၀။ Mungkan
၁၁။ Gun rawng gum tsa
၁၂။ Gum sa
၁၃။ Gum lawng
၁၄။ Gum san

(က) (၁) ဂွမ်ရောင်ဂွမ်စအုပ်ချုပ်ရေးစနစ်

၎င်းအုပ်ချုပ်ရေးစနစ်သည် ဂျိန်ဖော့လူမျိုးတို့၏ရှေးအကျဆုံးသောအုပ်ချုပ်ရေးစနစ်ဖြစ်သည်။ ဂွမ်ရောင်ဂွမ်စအုပ်ချုပ်ရေးစနစ်တွင်အတန်းအစားခွဲခြားမှုမရှိပေ။ ဂွမ်ရောင်[1]ဆိုသည်မှာဝင့်ဝါဝါ လွတ်လွတ်လပ်လပ်ဟူ၍ဖြစ်ပြီး ဂွမ်စ[2]မှာလူအများဟူသောကြောင့် လူအများလွတ်လပ်ဝင့်ဝါစွာနေနိုင်သောစနစ်၊ တနည်းအားဖြင့်အုပ်ချုပ်သူလူတန်းစား၊ အုပ်ချုပ်ခံလူတန်းစား မခွဲခြားပဲအများသဘောဖြင့် သာအုပ်ချုပ်သောစနစ်ဖြစ်သည်။

ဂွမ်ရောင်ဂွမ်စစနစ်၏အုပ်ချုပ်မှုအာဏာသည်တစ်စုံတစ်ယောက်၏လက်ဝယ်သော်လည်းကောင်း၊ လူတစ်စု၏လက်ဝယ်သော်လည်းကောင်း မရှိပဲ ကျေးရွာသားအားလုံး၏လက်တွင်သာရှိသည်။ ဂွမ်ရောင်ဂွမ်စစနစ်မှအုပ်ချုပ်သူသည် ကျေးရွာသားများ၏ မိမိတို့အထဲမှတစ်ဦးတစ်ယောက်ကို ခေါင်းဆောင်မှုအရည်အချင်းအလိုက်အားကိုးအားထားပြုခြင်း၊ ၎င်း၏စွမ်းရည်သတ္တိကိုလေးစားခြင်းစသည်တို့ကိုအကြောင်းပြု၍ ကျေးရွာနှင့်ဆိုင်သောလူမှုရေးကိစ္စများ၊ ငြိမ်ဝပ်ပိပြားမှုကိစ္စများ၊ တရားရေးကိစ္စများတွင် ခေါင်းဆောင်စေခဲ့ရာမှ၎င်းပုဂ္ဂိုလ်သည်အလိုအလျောက်ကျေးရွာအုပ်ချုပ်သူအကြီးအကဲအဖြစ်ရောက်ရှိလာခြင်းဖြစ်သည်။ ထိုအကြီးအကဲသည် ကျေးရွာသားတို့၏အားကိုးမှု၊ ယုံကြည်လေးစားမှုကိုခံယူရရှိနေသမျှကာလပတ်လုံး ကျေးရွာ၏ရှေ့ဆောင်ပုဂ္ဂိုလ်၊ ကျေးရွာ၏ဦးစီးနာယကဖြစ်နေသည်။ ကျေးရွာသားတို့၏အားကိုးမှု၊ ယုံကြည်လေးစားမှုမခံရသောအချိန်တွင်ရပ်ရွာရေးနှင့်တကွအုပ်ချုပ်ရေးတွင်ဦးဆောင်ခွင့်အလိုလိုရပ်ဆိုင်းသွားပြီးအခြားသင့်တော်သောအရည်အချင်းရှိသူတစ်ဦးကိုတာဝန်ပေးအပ်လေသည်။ အလားတူ၎င်းအုပ်ချုပ်သူအကြီးအကဲကွယ်လွန်သောအခါတွင်လည်း အခြားသင့်လျော်သောပုဂ္ဂိုလ်ကို ဦးဆောင်ထမ်းရွက်စေသည်။ တစ်ခါတစ်ရံတွင် ကျေးရွာအုပ်ချုပ်နိုင်မည့်အရည်အချင်းနှင့်ပြည့်စုံသူမရှိပါက ၃-၄နှစ်မျှကျေးရွာတွင်အကြီးအကဲမရှိပဲဖြစ်

---

1. Gum rawng 2. Gum tsa

နေပြီး ကျေးရွာရှိအမြင်ကျယ်သူများနှင့်ဗဟုသုတကြွယ်ဝသူ ၄ – ၅ ဦး တို့ကကျေးရွာနှင့်ဆိုင်သောလုပ်ငန်းဆောင်တာများကိုဝိုင်းဝန်းဆောင်ရွက်ကြသည်။

ဂွမ်ရောင်ဂွမ်စအုပ်ချုပ်ရေးစနစ်၏အကြီးအကဲ ရာထူးသည်သားစဉ်မြေးဆက်ဆက်ခံနိုင်ခွင့်မရှိသကဲ့သို့တစ်စုံတစ်ယောက်ခန့်အပ်၍ ဖြစ်ပေါ်လာခြင်းလည်းမဟုတ်ပေ။ ဂွမ်ရောင်ဂွမ်စစနစ်ထွန်းကားသောဒေသများ၌စိုက်ပျိုးမြေပိုင်ဆိုင်သူမှာယင်းဒေသကျေးရွာသို့ပထမဦးဆုံးများရောက်အခြေစိုက်သောအိမ်ထောင်စု၏ဦးစီးပင်ဖြစ်သည်။ ထိုသူကိုဂျိန်ဖေါ့ဘာသာစကားဖြင့်<u>လမုဂါးမဒူ</u>[1] ခေါ် မိုးမြေအရှင်သခင်ဟုခေါ်သည်။ ၎င်းမြေယာများကိုသားစဉ်မြေးဆက်ပိုင်ဆိုင်သောအလေ့အထရှိသည်။သို့သော် အကြီးအကဲရာထူးကိုသားစဉ်မြေးဆက်ဆက်ခံခွင့်မရှိပေ။ အခြားလာရောက်နေထိုင်ကြသောကျေးရွာသားတို့လုပ်ကိုင်စားသောက်သောမြေယာများသည်အဆိုပါလမုဂါးမဒူ၏မြေယာများသာဖြစ်သည်။ မြေယာစိုက်ပျိုးလိုသူသည် လမုဂါးမဒူထံမောင်း၊ ပုတီး၊ တောင်ကျည်ပုဆိုး စသည့်ငိုးရာပစ္စည်းများဖြင့်မြေယာတောင်းခံစိုက်ပျိုးရသည်။ သို့သော်လမုဂါးမဒူသည်မည်သည့်အခွန်အကုတ်ကိုမျှကောက်ခံပိုင်ခွင့်မရှိပေ။ ထိုသူသည်မြေယာပိုင်ဆိုင်မှုနှင့်သာသက်ဆိုင်ပြီး ကျေးရွာအုပ်ချုပ်မှုနှင့်မည်သို့မျှမသက်ဆိုင်ပေ။ တခါတရံ၌မူထိုလမုဂါးမဒူ၏ငိုးသားဖြေင့်မတ်၊ နိုးကြွားတက်ကြွမှုအာရည်အချင်းတို့ကြောင့်အုပ်ချုပ်သူအကြီးအကဲဖြစ်လာသည်များလည်းရှိတတ်သည်။

(က) (၂) ဂွမ်ဆာအုပ်ချုပ်ရေးစနစ်

၎င်းအုပ်ချုပ်ရေးစနစ်သည်ဒူဝါတယောက်တည်းကအုပ်ချုပ်သောအုပ်ချုပ်ရေးစနစ်ဖြစ်သည်။ ဒူဝါ၏အဆိုက်အရာကိုသားစဉ်မြေးဆက်ဆက်ခံကြသည်။၎င်းအုပ်ချုပ်ရေးစနစ်သည်မြေပြင်ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဆန်သည်။ ဒူဝါ၏အာဏာပိုင်ဆိုင်မှုသည်မြေယာပိုင်ဆိုင်မှုပေါ်တွင်အခြေတည်သည်။၏ မြေပြင်ဒူဝါနှစ်မျိုးနှစ်စားရှိသည့်အနက်တစ်မျိုးမှာ<u>မဂျီရှားအိုင်ဒူဝါ</u>[2]ခေါ် ပေါင်စားဒူဝါဖြစ်သည့်နယ်ရှင်ဒူဝါကြီးနှင့်နယ်ရှင်ဒူဝါကြီးမှခန့်ထားသောအဲပေါင်စားခွင့်မရှိသောဒူဝါငယ်ဟူ၍ဖြစ်သည်။ ပေါင်စားဒူဝါများသည်

---

၁။ Lamuga madu

၂။ Magyishaaiduwa

မိဘမျိုး ရိုးမှဆင်းသက်လာခဲ့၍ မိမိတို့နယ်အတွင်း ထွင်အုပ်ချုပ်ပိုင်ခွင့်အာဏာ ရကြရုံသာမက နယ်မြေဒေသတစ်ခုကိုကိုယ်ပိုင်ပစ္စည်းအနေဖြင့်ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ ပေါင်စား ဒူဝါတစ်ဦးသည် ကျေးရွာတစ်ရွာတည်းကိုသာပိုင်ဆိုင်သည်ဖြစ်စေ၊ ကျေးရွာအုပ်စုအများအပြား ပါဝင်သည့်အုန်း နယ်မြေတစ်ခုလုံးကိုပိုင်ဆိုင်သည်ဖြစ်စေ မိမိနယ်မြေအတွင်း အပူဇော်ခံ၊ အခွင့်ထူး ခံလူတန်းစား တစ်ရပ်ဖြစ်နေသည်။ ၄င်း မရိုရွားအိုင်ဒူဝါ၏နယ်မြေအတွင်း မြေယာ စိုက်ပျိုး လိုသူသည် ၄င်းဒူဝါ ထံလက်ဆောင်ပစ္စည်း တစ်ခုခုကို ပေးအပ်၍ တောင်း ခံရသည်။ ဒူဝါက မြေယာကွက်ကိုသတ်မှတ်ပေးပြီး မြေကွက်ပေးသည့်အထိမ်းအမှတ် အဖြစ်မီးခတ်တစ်ခုနှင့်ပုဆိန်တစ်လက်ကိုပြန်၍ ပေးအပ်ရသည်။ ထိုသို့ တောင်း ခံရရှိလာသော မြေကိုသားစဉ်မြေးဆက်ပိုင်ဆိုင်ခွင့်ရှိပြီး လွှဲပြောင်းလိုပါက ဒူဝါ၏သဘောတူညီချက်ကို ရယူရသည်။ အခြား ဒူဝါပိုင်နယ်မြေတစ်ခုသို့ ပြောင်း ရွှေ့မည်ဆိုက ဒူဝါထံပြန်လည်အပ်နှံခဲ့ရသည်။

မရိုရွား အိုင်ဒူဝါတို့သည်မိမိနှင့်အနွယ်တူ ကျေးရွာသားများထံ မှလွဲလျှင်ကျန် ကျေးရွာသားများထံမှ ခြေလေးချောင်းသတ္တဝါ(ချေအထက် ) တစ်ကောင်ကိုသတ်တိုင်းအမဲပေါင်တစ်ပေါင်ကိုရပိုင်ခွင့်ရှိသည်။ ၄င်း၏တောင် ယာကိုလည်း ကျေးရွာသားတို့က ရက်အကန့်အသတ်နှင့်လာရောက်လုပ်ကိုင်ပေး ရသည်။ ၄င်း အပြင်ဒူဝါအား တစ်နှစ်လျှင်စပါး ၂-တင်း ခန့်ကိုလည်းပေး ရသည်။ မိမိပိုင်ကျွဲနွား များ ကိုယဇ်ပူဇော်သည့်အခါတွင်လည်း ပေါင်တစ်ပေါင် ကိုပေး ရသည်။ ပျား ဖွတ်ပါကလည်း ပျား အုံတစ်အုံကိုအရည်နှင့်တကွ ပေး ရသည်။

ထိုသို့ဒူဝါမျိုး နွယ်တို့ကအဆက်ဆက်အုပ်ချုပ်မှုအာဏာရရှိနေကြခြင်း မှာဂျိန်ဖော့တို့၏ရိုးရာယုံကြည်မှုအစွဲအလန်း ကြောင့်လည်းဖြစ်သည်။ ရှေးယခင် ကဂျိန်ဖော့တို့၏အဓိကစီးပွားရေးမှာ တောင်ယာစိုက်ပျိုးရေးဖြစ်ရာ စပါး အသီးအနှံအထွက်ကောင်းမွန်ရန်အတွက်မိုးလေဝသနှင့် မြေကြီးကိုအားကိုးအားထား ပြုရသည်။ ဂျိန်ဖော့တို့၏ယုံကြည်မှုအရ မိုးကိုအစိုးရသောကောင်းကင်နတ်နှင့် မြေကိုအစိုးရသောမြေစောင့်နတ်တို့ကျေနပ်မှ မြေဩဇာကောင်း၍ မိုးမှန်မည် ဟုအယူရှိသည်။ ထိုပူဇော်ပသပွဲကိုမနောပွဲဟုခေါ်ပြီး ရွာသားတို့အနေဖြင့်ပူဇော်

ပသနိုင်သောအခွင့်အလမ်း မရှိပေ။ ကုန်ကျသည့်စရိတ်ကလည်း ကြီးသဖြင့်ဒူဝါများကသာ၎င်းကိစ္စကိုတတ်နိုင်ကြသည်။ သို့သော်ဒူဝါငယ်များ ပူဇော်ခွင့်မရှိပဲ ပေါင်စား ဒူဝါသို့မဟုတ်နယ်ရှင်ဒူဝါကြီး များကသာပူဇော်နိုင်ခွင့်ရှိသည်။ ရိုးရာယုံကြည်မှုအရဒူဝါများ သည်မဒိုင်နတ် ခေါ် ကောင်းကင် နတ်၏သားမက်မျိုးများဖြစ်ပြီး မြေနတ်၏သား အဆွေးဆုံး မှာဆင်းသက် ပေါက်ဖွားလာသူများ ဖြစ်ကြသည်။ သို့ဖြစ်၍ ကောင်းကင်နတ်နှင့် မြေနတ်ကိုဒူပါတို့ကသာပူဇော်နိုင်သည်။ တဖန်ဒူဝါပိုင်နယ်မြေတစ်ခုလုံးကိုစိုး မိုးသောနတ်စောင့်နတ်မှာလည်း ရိုးရာယုံကြည်မှုအရဒူဝါ၏ဘိုး ဘေး ဖြစ်ခဲ့ရာနယ်စောင့်နတ်ကိုပူဇော်ပသခွင့်မှာလည်း ဒူဝါတို့တွင်သာရှိသည်။ ၎င်းအကြောင်းများကြောင့်ရွာသူရွာသား များသည်မိမိတို့၏ တောင်ယာမှသီးနှံအတွက် ကောင်းမွန်ရေးအတွက်ဒူဝါကိုမှီခိုအားထား ရသည်။ ၎င်းသို့အားထား ခြင်း သည်ပင်ဒူဝါ၏အုပ်ချုပ်မှုအာဏာကိုခံယူခြင်း ဖြစ်ပေသည်။

ဒူဝါသည်၎င်းပိုင်နယ်အတွင်း ရှိကျေး ရွာများ တွင်အဂျီဝါ [1] ခေါ်ရွာသူကြီး နှင့်ဆလန်ဝါ [2] ခေါ် ကျေး ရွာလူကြီး များကိုခန့်အပ်ထားရှိသည်။ အဆိုပါသူကြီး တို့သည်ဒူဝါ၏အမိန့်အာဏာကိုနာခံကြရသည်။ အချို့ဒူဝါကြီးတို့ သည်သူကြီး များ သာမကဒူဝါငယ်များ ပင်ခန့်အပ်ထား ရှိကြသည်။ ဒူဝါများ သည်၎င်း ပိုင်နယ်အတွင်း ရှိ ကျေး ရွာများ ၏လူမှုရေး စီး ပွား ရေး၊တရားစီရင်ရေး ကိစ္စအရပ်ရပ်တွင် ရှေ့သောင်ပုဂ္ဂိုလ်ဖြစ်သည်။

ရှေး ခေတ်နယ်ရှင် ပေါင်စားဒူဝါကြီး တို့၌ကျွန် များ ရှိသည်။ ။ သက်ဦး ဆံပိုင်ပဒေသရာဇ်ဖိုးစံအတိုင်း ရောင်း ချပိုင်ခွင့်ရှိသည်။ သို့သော် အိမ်ရှည်ကြီး တွင်အတူတကွ နေထိုင် စေပြီး ဒူဝါမိသား စုနှင့်လက် ရေတပြင်တည်း နေထိုင်စား သောက် စေသည်ဆို၏။ ရှေး ခေတ်၌ ဒေသတစ်ခုနှင့်တစ်ခုစစ်တိုက်ကြ၍ ရရှိလာ သောသုံ့ ပန်း များ နှင့်အကြွေး အမျိုး မျိုးကို ပြေလည် အောင်မဆပ်နိုင်သူများ သည်ကျွန်အဖြစ်သိမ်း သွင်းခြင်း ခံကြရသည်။ ဒူဝါတို့သည်မိမိတို့၌ရှိ သောကျွန် ယောကျ်ားများ အတွက်ကျွန်မိန်း မ တောင်း ပေးရသည်။ ဒူဝါမိသာစုတို့သည်ကျွန်ကိုကျွန်ကဲ့သို့မဆက်ဆံပဲ ဆွေ မျိုးသား ချင်း ကဲ့သို့သာ ခေါ်ဝေါ်ဆက်ဆံကြကြောင်း လေ့လာသိရှိရသည်။

---

1. Agyi wa 2. Salong wa

(၃)(၃) ဂွမ်လောင်အုပ်ချုပ်ရေး စနစ်

ဂွမ်လောင်အုပ်ချုပ်ရေး စနစ်မှာ ကျေးရွာလူထုက ဒူဝါကို တော်လှန်ပြီး လူထုဆန္ဒဖြင့် ကျေးရွာသူကြီး ကိုတင်မြှောက်ခဲ့ကြ သောအုပ်ချုပ်ရေး စနစ်ဖြစ်သည်။ ကျေးရွာအာဏာပိုင်ဆိုင်မှုနှင့် ကျေးရွာဖွဲ့စည်းပုံ မှာဂွမ်ဆာစနစ်ပုံစံအတိုင်း သာဖြစ်သည်။ ကျေးရွာတွင်အမှုအခင်းများ ကိုဖြေရှင်း နိုင်ရန်အတွက်ခုံသမာဓိအဖွဲ့ကိုဖွဲ့စည်း ထား သည်။ ကျေးရွာ၏ လုံခြုံရေး ၊ သာယာရေး ၊ လမ်းပန်း ဆက်သွယ်ရေး တို့ကိုလည်း တင်မြှောက် ထား သော ကျေးရွာသူကြီး နှင့်လူကြီး များ ကဝိုင်းဝန်း ဆောင်ရွက်ကြသည်။ စိုက်ပျိုး ရေး ဖွံ့ဖြိုး စေရန်အတွက် နတ်ပူဇော်ပသမှုကိုလည်း ကျေးရွာအနေ ဖြင့်အနွယ်အသီး သီး ၏အကြီး အကဲများ ကဝိုင်းဝန်း ဆောင်ရွက်ကြသည်။

ဂွမ်လောင်အုပ်ချုပ်ရေး ၏ထူး ခြား ချက်မှာလူတန်းစား မခွဲခြားခြင်း ပင်ဖြစ်သည်။ ကျေးရွာသူကြီးများ သည်ယင်း တို့အုပ်ချုပ်နေ သော ကျေးရွာသား များ ထက်လူမှုရေး အဆင့်အတန်း မြင့်သည်ဟူ သောခံ ယူချက်လုံး ဝမရှိပေ။ ကျေးရွာအာဏာပိုင်များ အနေဖြင့် ကျေးရွာ၏တာ ဝန်ကိုထမ်း ဆောင်ရခြင်း ၊ အုပ်ချုပ်ရေး နှင့်လူမှုရေး လုပ်ငန်း များ တွင် ကျေးရွာသား တို့အား ဦး ဆောင်ရခြင်း မှလွဲလျှင် မည်သည့်အခွင့် အရေး မျှမခံစား ရပေ၊ မိမိတို့ကိုယ်တိုင်လုပ်ကိုင်စား သောက်ကြရသည်။

ဂွမ်လောင်အုပ်ချုပ် ရေးစနစ်သည်ဗြိတိသျှလက်ထက် တွင် တဒဖြူး ရေး ဟိဒ် ကောလာပြီးဂွမ်ဆာအုပ်ချုပ်ရေး စနစ်သာပြန်လည်ထွန်း ကား လာခဲ့ ကြောင်း သိရသည်။ ဂွမ်လောင်စနစ်ဖြင့်အုပ်ချုပ် နေသောကျေး ရွာလူကြီး များ သည်ကာလကြာလာ သော် မိမိအား လူထုတင် မြှောက်ထား သည် ကို မေ့လျော့ကာတစတစ မြေရှင် ဒူဝါများ အသွင်ကူး ပြောင်းလာခဲ့သည်။ ဤသို့ ဖြင့် တော်လှန် ရေး ကောင်စီလက်ထက် မတိုင်မီအထိ ဂျိန်ဖော့တို့တွင် ဒူဝါအုပ် ချုပ် မှုများ ထွန်း ကား ခဲ့ သည်။

(က)(၄) ဂွမ်စန်အုပ်ချုပ်ရေး စနစ်

ဂွမ်ဆန်အုပ်ချုပ်ရေး စနစ်သည်အုပ်ချုပ်သူအကြီး အကဲ ကို မဲခွဲရွေး ချယ်ခန့်အပ် သောအုပ်ချုပ်ရေး စနစ်ဖြစ်သည်။ အုပ်ချုပ်သူအကြီး အကဲကိုအများ ဆန္ဒအရလွတ်လပ်စွာ ရွေး ချယ်ခန့်အပ် သောအုပ်ချုပ်ရေး စနစ်သည်လက်ရှိအင်ဂျန်ဒုံ ကျေး ရွာတွင်ကျင့်သုံး လျက်ရှိ သောစနစ်ဖြစ်သည်။ တော်

လွှန်ရေးအစိုးရတက်ပြီးသည့်နောက်ပိုင်း ဒွင်နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအရ ဒုဝါအုပ်ချုပ်မှုများ ကွယ်ပျောက်လာသည်။ အင်ဂျန်ဒို ကျေးရွာကို ထူထောင်သည့်အချိန်သည် ဒုဝါအုပ်ချုပ်မှုကုန်ဆုံး ပြီးသည့်အချိန်ဖြစ်ပြီး တပ်ကုန်း ကျေးရွာမှအုပ်ချုပ်ခဲ့သည်။ အင်ဂျန်ဒို ကျေးရွာသည်တပ်ကုန်း ကျေးရွာအုပ်စုဝင် ၁၂-ရွာအနက်တစ်ရွာဖြစ်သည်။ အင်ဂျန်ဒို ကျေးရွာကိုထူထောင်စဉ်ကတပ်ကုန်း ကျေးရွာအုပ်စု၏သူကြီး မှာဦး နန်ရဖုန်ဖြစ်ပြီး၎င်း၏ အောက်၌အင်ဂျန်ဒို ကျေးရွာ၏အုပ်ချုပ်မှုအကြီး အကဲသို့မဟုတ်ရွာ ခေါင်းအဖြစ် ဦးဒီနန်ဆိုလကတာဝန်ယူရသည်။ တပ်ကုန်း ကျေးရွာအုပ်စု၏သူကြီးကိုလည်း ကောင်း၊ အင်ဂျန်ဒို ကျေးရွာ၏ရွာခေါင်း ကိုလည်း ကောင်း အများ ဆန္ဒအရမဲခွဲရွေး ချယ်ခဲ့ကြခြင်း ဖြစ်သည်။ ၁၉၈၈ ခုနှစ်စက်တင်ဘာလတွင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက် ရေး အဖွဲ့နိုင်ငံတော်အာဏာကိုလွှဲ ပြောင်းယူလိုက်သည့်အခါအင်ဂျန်ဒို ကျေး ရွာတွင်လည်း ရွာမှူး အဖြစ်ဦး မရန်တူးလွှမ်မှလွှဲ ပြောင်း ယမ်း ငှက်သည်။ ၁၉၉၂ ခုနှစ်စက်တင်ဘာလတွင်တပ်ကုန်း ကျေး ရွာအုပ် စုငြိမ်ဝပ်ပိပြား မှုတည် ဆောက် ရေး အဖွဲ့မှအုပ်ချုပ်မှုလွယ်ကူ စေရန်အင်ဂျန်ဒို ကျေး ရွာကို တောင်ပိုင်း နှင့် မြောက်ပိုင်း ဟူ၍ နှစ်ပိုင်း ခွဲကာအုပ်ချုပ် ခဲ့ သည်။ မြောက်ပိုင်း ကျေး ရွာကိုဦး မရမ်တူး လွှမ်မှဆက်လက်အုပ် ချုပ်ပြီးတောင် ပိုင်း ကျေး ရွာကိုဦး ဂန်ဘား မှအုပ်ချုပ် ခဲ့သည်။ ၁၉၉၃ ခုနှစ်ဇွန်လမှစတင် ၍အင်ဂျန် ဒို ကျေး ရွာ မြောက် ပိုင်း ၌ဦး မရန်တူး လွှမ်လက်မှဦး ပေါ်ဆဂမ် ကလွှဲ ပြောင်း လက်ခံကာယ နေ့အထိရွာ မှူး တာဝန်များ ကိုထမ်း ဆောက်လျက်ရှိသည်။

နိုင်ငံ တော်ဖွဲ့စည်း အုပ်ချုပ်ပုံမည်သို့ပင် ပြောင်း လဲ စေကာ မူ အင်ဂျန်ဒို ကျေး ရွာ၏အုပ်ချုပ်မှုအလိုက်အရာဆက် ခံ မှုသည် ကျေး ရွာစတင် ထူ ထောင် ချိန်မှ စ၍ ယနေ့အချိန်အထိအများ ဆန္ဒအရ ရွေး ကောက်တင် မြှောက် ခြင်း အ ပေါ် ရပ်တည် နေသည်။ ကျေး ရွာ မှူး တစ် ယောက်အဖြစ်တာဝန်ထ မ်း ဆောင်ရ သောသက်တမ်း သည် နှစ်ကာလအား ဖြင့်အကန့်အသတ်မရှိ ပေ။ ၎င်း ၏ ဆန္ဒအတိုင်း သာဖြစ်သည်။ ခန့် ပ်ထား သော ရွာ မှူး ကို ကျေး ရွာလူထု မှ မနှစ် မြို့၍ ပြန်လည်ဖြုတ် ချသည်။ များ လည်း ယ နေ့တိုင် မရှိ သေး ပေ။ အင်ဂျန် ဒိုကျေး ရွာ ၏ ဖွဲ့စည်း အုပ် ချုပ်ပုံ မှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျေးရွာမှူး
(ကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ)
↓
အထွင်းရေးမှူး
↓

| ငါးဆယ်အိမ်မှူး | ငါးဆယ်အိမ်မှူး | ငါးဆယ်အိမ်မှူး | ငါးဆယ်အိမ်မှူး |
|---|---|---|---|
| ဆယ်အိမ်မှူးများ | ဆယ်အိမ်မှူးများ | ဆယ်အိမ်မှူးများ | ဆယ်အိမ်မှူးများ |
| (အုပ်စု (၁) မှ အုပ်စု (၅) အထိ) | (အုပ်စု (၆) မှ အုပ်စု (၁၀) အထိ) | (အုပ်စု (၁၁) မှ အုပ်စု (၁၅) အထိ) | (အုပ်စု (၁၆) မှ အုပ်စု (၂၀) အထိ) |

အင်ဂျန်ဒုံ ကျေးရွာကို တောင်ပိုင်း၊ မြောက်ပိုင်း မပိုင်းခြား မီကအထက်ပါအုပ်စုတစ်စုလျှင်အိမ်ထောင်စုအနည်းဆုံး ၁၅-အိမ်မှ ၂၀ ကျော်အထိပါဝင်သည်။ ကျေးရွာကို တောင် မြောက်ပိုင်းခြားပြီး နောက်ပိုင်းတွင်ဆယ်အိမ်မှူး အုပ်စုတစ်စုနှင့်အိမ်ထောင်စု ၁၀ - ၁၂ ခန့်သာပါဝင်တော့သည်။ ကျေးရွာမှူး မှငါးဆယ်အိမ်မှူး ၊ ဆယ်အိမ်မှူးများကိုဆင့်ခေါ် ရန်သို့မဟုတ်ကိစ္စတစ်စုံတစ်ရာကိုအကြောင်းကြားရန်ရွာဆော်တစ်ဦးထားရှိသည်။ ရွာမှူး၏လက်အောက်တွင်အထွင်းရေးမှူးကတာဝန်ကိုငါးဆယ်အိမ်မှူးများထံမှတစ်ဆင့်ထပ်မံ ကတာဝန်ယူဆောင်ရွက်ရသည်။ ၎င်းအထွင်းရေးမှူးသည်ကျေးရွာမှူးမအား မလပ်ဖြစ်သည့်အခါ ကျေးရွာမှူးတာဝန်များကိုထမ်းဆောင်ရသည်။ ကျေးရွာမှူးကို ကျေးရွာလူထု၏ဆန္ဒအလျောက်ရွေး ကောက်တင် မြှောက်ကြသည့်အတိုင်းကျန် ငါးဆယ်အိမ်မှူး ၊ ဆယ်အိမ်မှူးတို့ကိုလည်း ၎င်းတို့၏အပိုင်းနှင့်သက်ဆိုင်ရာကျေးရွာလူထု၏ဆန္ဒဖြင့်သာရွေး ကောက်တင် မြှောက်ကြသည်။

ကျေးရွာတွင်အမှုအခင်းတစ်စုံတစ်ရာပေါ် ပေါက်လာပါက ကျေးရွာမှူးထံအကြောင်းချင်းရာအစုံအလင်ကိုတိုင်တန်းလျှောက်ထားရသည်။ ကျေးရွာမှူးသည်တရားစီရင်ရေးအဖွဲ့၏ဥက္ကဋ္ဌလည်းဖြစ်သည်။ ကျေးရွာအုပ်ချုပ်မှုအဖွဲ့အစည်းသည်တရားစီရင်ရေးအဖွဲ့လည်းဖြစ်သည်။ အသေးစားခိုးမှုကိစ္စမှစ၍လူသေမှုအထိကြီးမားသောအမှုများကိုပင် ကျေးရွာတွင်အဆုံးအဖြတ်ပြုကြသည်။ ကချင်ပြည်နယ်တွင်ဂျိန်ဖော့လူမျိုးများလူသေမှုဖြစ်ပွားပါကရဲစခန်းမှ

လူသေမှုအရထိန်းသိမ်းထားသော်လည်း နှစ်ဦးနှစ်ဖက်မှ ရပ်ရွာခုံရုံး၏ အဆုံးအဖြတ်တွင် ပြေလည်ကြေအေး၊ ပါကတရား ရုံးသို့ ကြေအေးလွှာတင်ကာ လူသေမှုကို ရုတ်သိမ်းနိုင်သည်။ ကျေးရွာအတွင်း အမှုအခင်းတစ်စုံတစ်ရာဖြစ်ပွားလျှင်တိုင်းတန်း ပါကတရား လိုတရားခံ နှစ်ဦးဖက်မှ မိဘလူကြီးများနှင့် ကျေးရွာ၏အုပ်ချုပ်သူလူကြီးများ စုပေါင်း၍ ဖြေရှင်းကြစမြဲဖြစ်သည်။ နှစ်ဦးနှစ်ဖက်မှ ဖြေရှင်း၍ မပြေလည်နိုင်မှသာ ပြည်သူ့တရားရုံးသို့ ရောက်ကာ နိုင်ငံတော်တရား ဥပဒေအတိုင်း အရေးယူဆောင်ရွက်ခြင်း ခံကြရသည်။

အင်ဂျန်ဒို ကျေးရွာ၏အုပ်ချုပ်သူအကြီးအကဲများ ဖြစ်သောကျေးရွာမှူး၊ ငါးဆယ်အိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ရွာဆော်တို့သည် မိမိအိမ်ထောင်စု၏လုပ်ငန်းတာဝန်များကို လျစ်လျူရှုကာ ရပ်ရွာအကျိုးကို အခါခါအားလျော်စွာ သယ်ပိုးနေကြရသည်ဖြစ်၍ အခွင့်အရေးအချို့ကို ကျေးရွာလူထုက ပေးထားသည်။ ကျေးရွာမှူးသည် ရှေးခေတ်ပေါ်စား ဒူဝါးများကဲ့သို့ အမဲပေါင်လက်ဆောင်နှင့် ကောက်ပဲသီးနှံတို့ကို မရရှိသော်လည်း ၎င်း ပိုင်လယ်ယာနှင့် တောင်ယာများကို ကျေးရွာလူထု၏လုပ်အားဖြင့် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့ပြုပေးကြသည်။ ၎င်းသည်မှာလည်း အခမဲ့သဘောဖြင့် မလုပ်မနေရစေနိုင်ခြင်းမျိုး မဟုတ်ဘဲ ကျေးရွာလူထုမှ အလိုက်သိစွာဖြင့်ကူညီဆောင်ရွက်ပေးခြင်းမျှသာ ဖြစ်သည်။ ထိုသို့ ကျေးရွာလူထုမှ စုပေါင်း၍လာရောက်ကူညီသောအခါ ကျေးရွာမှူး မိသားစုမှ စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးပြုစုကြသည်။ ဤအခွင့်အရေးကို ကျေးရွာမှူးမှလွဲ၍ ဤအုပ်ချုပ်ရေးအဖွဲ့ဝင်များ မခံစားရပေ။ သို့သော် ကျေးရွာမှူး အပါအဝင်ကျန်အုပ်ချုပ်ရေးအဖွဲ့ဝင်အားလုံး ရပ်ရွာနှင့်ဆိုင်သော အထွေထွေငွေကြေး ထည့်ဝင်ခြင်းမှ ကင်းလွတ်သောအခွင့်အရေးကို ရရှိကြသည်။ အင်ဂျန်ဒို ကျေးရွာသားတို့သည် တပ်မတော်မှ စစ်ကြောင်းထိုးသောအခါ အထမ်းသမားတောင်းဆိုခြင်း၊ တစ်နှစ်ပတ်လုံး မီးရထားသံလမ်းကင်းစောင့်ရခြင်း၊ အထွေထွေလုပ်အားပေးရခြင်းများ၌ အိမ်ထောင်စုတိုင်းမှလိုက်ပါရန်မဖြစ်နိုင်သောကြောင့် တပြေးညီ ငွေကြေးကောက်ခံ၍ အလုပ်သမားငှါးရမ်းကြသည်။ ဆယ်အိမ်မှူးများသည် မိမိ၏အုပ်စုအတွင်း ရှိအိမ်ထောင်စုများမှ တစ်အိမ်တက်ဆင်းလိုက်လံ ကောက်ခံရသည်။ ထို့ကြောင့် ကျေးရွာ၏အုပ်ချုပ်မှုတာဝန် အဝဝကိုထမ်းဆောင်နေသူများအား အထွေထွေရံပုံငွေထည့်ဝင်ခြင်းမှ လွတ်ငြိမ်း

နှင့်ပြကြသည်။

ယနေ့ငယ်သော်လည်း နောင်တချိန်ဝယ်လူကြီးဖြစ်လာကြမည့်လူငယ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး တိုင်းကျိုးပြည်ကျိုး ထမ်းရွက်နိုင်သည့်လူတော်လူကောင်းများ ဖြစ်လာရေးကို ရှေ့ရှု၍ ကျေးရွာ၏အုပ်ချုပ်မှုကော်မတီ အောက်တွင်လူငယ်အဖွဲ့အစည်း တစ်ရပ်ကိုလည်း ဖွဲ့စည်းထားရှိသည်။ ထိုလူငယ်အဖွဲ့အစည်းသည် ကျေးရွာ၏အုပ်ချုပ်မှု လုပ်ငန်းများ၊ တရားစီရင်ရေး လုပ်ငန်းများ၊ လုံခြုံရေး လုပ်ငန်းများ သာမှုနာမှုလုပ်ငန်းများတွင်အုပ်ချုပ်သူအကြီးအကဲများနှင့်တွဲဖက်ဆောင်ရွက်ရသည်။ နောင်တစ်ချိန် ကျေးရွာတာဝန်ကိုပခုံးပြောင်း လက်ခံရာတွင်အခက်အခဲမရှိဘဲကိစ္စအဝဝကိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ အင်ဂျန်ဒို ကျေးရွာ နေဂျိန်ဖော့အကြီးအကဲတို့၏ဥာဏ်အမြော်အမြင်ကြီးမှုတရပ် ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

(ခ) ရိုးရာဥပဒေများ

ဂျိန်ဖော့တို့တွင်မှတ်တမ်းတင်ထားသော ဥပဒေစည်းမျဉ်းများ မရှိပေ။ ပထမအကြိမ်လုပ်ဆောင်ချက်များသည် ဒုတိယ၊ တတိယအကြိမ်များ ထွက်ဥပဒေများသာဖြစ်တော့သည်။ ထို့ကြောင့်ဂျိန်ဖော့တို့၏ရိုးရာဥပဒေများသည်လူမျိုးဆက်တစ်ဆက်မှတစ်ဆက်သို့လက်ဆင့်ကမ်းလာခဲ့သည့်ရိုးရာဓလေ့ထုံးစံများသာဖြစ်သည်။ တနည်းအားဖြင့်ဂျိန်ဖော့လူ့ဘောင်အတွင်း တွင်လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရေး၊ အမျိုးတစ်စုနှင့် တစ်စုဆက်ဆံရေး၊ ဖသားစုတစ်စုနှင့်တစ်စုဆက်ဆံရေး တို့တွင်လိုက်နာကျင့်သုံးရမည့်လောကဝတ္တရားများ ဖြစ်ကြသည်။ ၎င်း လောကဝတ္တရားများကိုချိုးဖောက်သူကခါး ခေါ်ဝန်ကြေးများ ပေး လျော်ရသည့်အစဉ်အလာရှိသည်။

ဂျိန်ဖော့တို့၏လူမှုဆက်ဆံရေးတွင်တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လိုက်နာရမည့်ထုံးတမ်းစဉ်လာများ ပျက်ကွက်လျှင် သော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး နှုတ်သို့မဟုတ်ကိုယ်ထိလက်ရောက်ကျူး လွန်မိလျှင် သော်လည်းကောင်း ယောက္ခမမျိုး နှင့်သားမက်မျိုး တို့တစ်ဖက်နှင့်တစ်ဖက်ထမ်း ဆောင်

ရမည့်တာဝန်များ ပျက်ကွက်လျှင် သော်လည်း ကောင်း ၊ အိမ်ရှင်နှင့်ညှိ သည့်အပြန်အလှန်လိုက်နာရမည့်တာဝန်ဝတ္တရား များ မကျေပွန်လျှင်သော် လည်း ကောင်း ၊ အနွယ်တစ်စုနှင့်တစ်စု၊ ဖသား ရတစ်စုနှင့်တစ်စုဆက် ဆံရေး များ ထွင်ကျင့်သုံး ရမည့်တာဝန်ဝတ္တရား များ မကျေပွန်လျှင် သော်လည်း ကောင်း ဝင်ကြွေး တင်သည့်အစဉ်အလာရှိသည်။ အကြောင်း တစ်စုံတစ်ရာကြောင့်တင်ရှိနေသော ဝင်ကြွေး ကိုမယုမရမစနစ်အရသော် လည်း ကောင်း သွေး မျိုး တော်စပ်ပါက နှစ်ဦး နှစ်ဖက်မကျေနပ်လျှင် အ ရှိန်ယူ၍ တဖြေး ဖြေး ဆပ်နိုင်သည်။ တစ်စိမ်း တရုံများ ဖြစ်ကြပါက ချက်ချင်း ဖြေရှင်း ရသည်။ မပြေလည်မချင်း ဆက်ဆံရေး တင်း မာ နေတတ်ပြီးနောက် ထပ် သွေး ထွက်သံယိုမှုများ ပင်ဖြစ်ပွား နိုင်သည်။ ဖြေရှင်း ပြီး မှသာတစ် ဦး နှင့်တစ်ဦး ပုံမှန်ဆက်ဆံရေး သို့ပြန် ရောက်ကြသည်။ မယုမရမဆက်ဆံရေး တွင် ကြွေး ကိုအပြီး အပြတ်ရှင်း လင်း ရန်မလိုပေ။ အပြီး အပြတ်ရှင်း လိုက်ပါ က ဆက်ဆံမှုပြတ် တောက်သွား သည်ဟုသဘောထား ကြပြီး ကြွေး ကျန်ခြင်းအား ဖြင့်မယုမရမဆက်ဆံရေး အမြဲရှိသည်ဟုယူဆကြသည်။

လူတစ်ဦး နှင့်တစ်ဦး အနွယ်တစ်စုနှင့်တစ်စုတင်ရှိနေသော ဝင်ကြွေး များ ပြေလည်စေရန် ဖြေရှင်း ရာတွင် ဖဂါ[1] ခေါ်ကုန်ပစ္စည်း များ မှာအလွန်အရေး ပါသည်။ နစ်နာသူအား ဝင်ကြွေး ပပျောက်စေရန်လက် ဆောင်အဖြစ် ပေး သောအဖိုး တန်ပစ္စည်း များ ဖြစ်သည်။ သို့သော်အဖိုး တန်ပစ္စည်း တိုင်း လည်း ဖဂါ မဖြစ်ပေ။ သတ်မှတ်ထား သောလိုအပ်သည့် ပစ္စည်း များကိုသာ ပေး ဆောင်ရ၍ ငွေ၊ စပါး စသည်တို့ဖြင့်အစား ထိုး ခြင်းကို ဖဂါရန်[2]ဟု သောအစားထိုးပစ္စည်းဟုခေါ်သည်။ ဂိုန်ဖော့ဟို့ ဖဂါအဖြစ်အသုံး ပြု လေ့ရှိသောပစ္စည်း အမျိုး မျိုး မှာ - ကျွဲ၊ မောင်း ၊ ငွေ၊ ကျေး ကျွန် (ယခု ခေတ်တွင် ငွေကြေး ) ပိုးခနောက်၊ အဝတ်အထည်အမျိုး မျိုး ( တောင်ရှည်ပုဆိုး လုံချင်း ၊ ထမိ၊ အင်္ကျီ၊ စောင်၊ သဘက်၊ ခေါင်း ပေါင်း )သံဒယ်အိုး ၊ မခုတ် ဓါး ၊ မယိုး လှံ၊ သား မွေး အင်္ကျီ၊ ဒင်္ဂ ဆေး တံ၊ ပုတီး ၊ တရုတ်ပြည်ထွက်ပိုးဝတ် ရုံရှည်၊ သေနတ်တို့ဖြစ်သည်။ ၎င်း ဖဂါပစ္စည်း တို့သည် မင်္ဂလာ ဆောင်ကိစ္စများ

1. Hpaga
2. Hpagarang

အသုဘအခမ်း အနား ဆိုင်ရာကိစ္စများ ၊ ဘာသာ ရေး လုပ်ငန်း ဆောင်တာကိစ္စများ ၊ မရွှေ့ပြောင်း နိုင် သောပစ္စည်း များ ၊ အိုး အိမ်များ ကို လက်လွှဲလက် ပြောင်း လုပ်သည့်ကိစ္စများ ၊ အမှုအခင်း ဖြစ်ပွား သည့်ကိစ္စများ အတွက် ပေး ဆောင်ရ သောပစ္စည်း များ ဖြစ်သည်။ ထို့ကြောင့်ဂျိန် ဖေ့ဘ့တို့၏ ဥပဒေမှာ မညီသည့် ကြွေး ကိုမညီသည့်ဖဂါဖြင့် ဖြေရှင်း ရမည်ဟူ သော ရှိုး ရာစည်း ကမ်း များ ပင်ဖြစ်သည်။ ၄င်း သတ်မှတ်ချက်များ သည် ဒေသတစ် ခုနှင့်တစ်ခုအနည်း ငယ် စီကွဲပြား မှုရှိကြသည်။

ရှိုး ရာထုံးတမ်း အရ ဂျိန်း ဖေ့ဘ့တို့၏လူမှုဆက်ဆံ ရေး တွင်လိုက်နာကျင့်သုံး ရမည့်ဥပဒေစည်း မျဉ်း များ ကိုလူမှုဆက်ဆံ ရေး မှ ပေါ်ပေါက်လာသော ပြဿနာများ အပေါ် မူတည်၍ အောက်ပါအတိုင်း ခွဲခြား သတ်မှတ်နိုင်သည်။

(၁) ဥစ္စာပစ္စည်း ပျက်စီး စေခြင်း ၊ ခိုး ဝှက်လုယူ ဖျက်စီးခြင်းဆိုင် ရာဥပဒေ
(၂) လူသတ်မှု၊ လူ သေမှုဆိုင် ရာဥပဒေ
(၃) ကာမကျူး လွန်မှုဆိုင် ရာဥပဒေ
(၄) ကတိပျက်မှုဆိုင် ရာဥပဒေ
(၅) နှုတ်ကျူး လွန်မှု၊ ကိုယ်ထိလက် ရောက်ဆိုင် ရာဥပဒေ
(၆) မြေယာဥစ္စာပစ္စည်း များ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း သောဥပဒေ
(၇) ယောက္ခမမျိုး ၊ သား မက်မျိုး ဆိုင် ရာဥပဒေ
(၈) စိုက်ပျိုး ခြင်း ၊ အမဲလိုက်ခြင်း ၊ ငါး ဖမ်းခြင်း ဆိုင် ရာဥပဒေ
(၉) ကြွေး မြီနှင့်ပတ်သက် သောဥပဒေ
(၁၀) မတရား တား ဆီး ပိတ်ပင်မှု၊ မတရားအုပ်ချုပ်မှုဆိုင် ရာဥပဒေ
(၁၁) လူမှုရေး ဆိုင် ရာအ ထွေထွေဥပဒေ

ခိုး မှုဆိုင် ရာနှင့်ဥစ္စာပစ္စည်း ပျက်စီးမှုဆိုင် ရာဥပဒေများတွင် နစ်နာသူက လျော်ကြေး တောင်း သည့်အခါပျက်စီး ဆုံး ရှုံး သောပစ္စည်း၏တန်ဘိုး အပြင်ငိုး ရာဥပဒေအရအပိုတင် တောင်း ဆိုခွင့်ရှိသည်။ ဥပမာ-တစ်စုံတစ်ဦး သည်သူတပါး ၏ကျွဲကိုခိုး ယူ ကြောင်း အ ထောက်အထား အနိုင်အလုံ တွေ့ရှိပါကကျွဲရှင်အား

မိမိခိုး ယူထား သောကျွဲအပြင် နောက်ထပ်ကျွဲတစ်ကောင် ဆောင်း၍ ဖဂါသုံး ခု ပေး ဆောင်ရသည်။ မောင်း တစ်လုံး မှာကျွဲကိုဆွဲယူသွား သောလမ်း ကို ပြန်၍ ဖို့း အုပ်မိရန်ဖြစ်သည်။ ပုတီး တစ်ကုံး မှာကျွဲအတွက်နဖါး ကြိုး ဖြစ်သည်။ ဓါး တစ်လက်မှာကျွဲကိုအိမ်သို့ပြန် ခေါ်လာရန်အတွက်လမ်း တွင် ရန်ဖြစ်သည်။ အလှဲ တူပစ္စည်း တစ်စုံတစ်ရာခိုး ယူမိတိုင်း ခိုး သူသည်ခိုး ယူသည့်ပစ္စည်း အပြင်ဖဂါ ကိုအပို ဆောင်း၍ ပေး ရသည်။ ပျက်စီး မှုများ တွင်မ တော်တဆပျက်ဆီး မှုနှင့် ဖျက်စီး မှုဟူ၍ နှစ်မျိုး ရှိပြီး မ တော်တဆပျက်ဆီး မှုကိုအ များအားဖြင့်ပျက်စီး နစ် နာ သောတန်ဘိုးကိုအ လျော် ပေး ရုံမျှဖြင့် ကျေ အေး ကြ သော်လည်း ဖျက်ဆီး မှုများ တွင်နစ်နာ သောပစ္စည်း ၏တန်ဘိုး နှစ်ဆကို ပေး လျော်ရသည်။

လူသတ်မှုနှင့်လူ သေမှုများ တွင် သေဆုံး မှုအ ခြေအ နေကိုလိုက် ၍အသက်ဖိုး ကို ပေး လျော်ကြရသည်။ ရှေး ယခင်ကသာ မန်လူတန်း စား ကိုသတ် ဖြတ်မှုထက်ဒု ဝါလူတန်း စား ကိုသတ်ဖြတ်မှုကပို၍အပြစ်ကြီး ပြီး ပေး လျော်ရ သော ဖဂါကလည်း ပို၍ များ ပြား သည်။ လူသတ်မှု၊ လူ သေမှုအတွက် ပေး ဆောင်ရ သော ဖဂါ(၃) မျိုး ရှိသည်။ ရှေး ခေတ်ဒု ဝါများ ကိုသတ်မှုအတွက် ပေး ဆောင်ရ သော ဖဂါများ မှာအသုဘအခမ်း အနား အတွက်ဖဂါ(၃၃) ခု၊ သေဆုံး သူ၏ခန္ဓာ ကိုယ်ဆုံး ရှုံး မှုအတွက်ဖဂါ(၃၉) ခု၊ သေဆုံး သူ၏အသက်ဖိုး အတွက်ဖဂါ(၂၈) ခု စုစု ပေါင်း ၁၀၀ ဖြစ်သည်။

အသုဘအခမ်း အနား အတွက် ပေး ဆောင်ရ သောဖဂါများ မှာတဲ၊ မဏ္ဍပ် ဆောက်ရန်အတွက်ဝါး တစ်လုံး ၊ သချိုင်း ၊ မဏ္ဍပ်မိုး ရန်အတွက် ပိုး ပုဆိုး တစ်ထည်၊ သချိုင်း တဲ ခေါင်း တိုင်အတွက် သေနတ်တစ်လက်၊ သချိုင်း တဲ၏ တုတ် လျောက်၊ ဒိုင်းမြှား အတွက် ဝါး ၁၀ လက်၊ သချိုင်း ပတ်လည်တွင်ကျင်း အတွက် ဖိုခ နောက်တစ်လုံး ၊ သချိုင်း တဲအမိုး တွင်ထည့်ရန်သက်ကယ်အတွက် စောင်တစ်ထည် သချိုင်းတူး ရန် ဂေါ်ပြား အတွက်ပိုး ပုဆိုး တစ်ထည်၊ သချိုင်း ပေါ်တွင်တပ်ဆင် ရန်ရုပ်ပုံအတွက် မောင်း တစ်လုံး ၊ သချိုင်း ပတ်လည်တွင် တောရှင်း ရန်အတွက် ဓါး ၁၀ လက်၊ သချိုင်းပတ်လည်ကျင်းမတူးမီသစ်ပင်ရှင်းရန်ဓါး ၂ လက်၊ သချိုင်း

ပတ်လည်ဖွင့်ကျင်း တူး ရန်အတွက် ဂေါ်ပြား ၁ လက်၊ အလံတိုင်အတွက်လှံတစ် ချောင်း၊ အလံအတွက်ပိုး ပုဆိုး တစ်ထည်၊ သေသူအား လွှမ်း ခြုံထား ရန်အတွက် ပိုး စတစ် လည်း၊ ယဇ်ပူဇော်ရန်ကျွဲမတစ် ကောင်၊ သေသူ၏ဓါး လွယ်အိတ်စ သော ပစ္စည်းများ ကိုသင်္ချိုင်းသို့သယ် ဆောင်သွားရန်အတွက်ကျွန်တစ် ယောက်၊ သင်္ချိုင်း မြေလုပ်ရန်အတွက် ရွာမှ မြေတစ်ကွက်၊ သေသူ၏အိမ် ရှေ့တွင် စိုက်ထူ သော အရှယ် ခေါ် ဝါး ဂုံးအတွက်လှံ၁၀ လက်၊ အခေါင်း အတွက် မောင်း တစ်လုံး၊ သေသူ၏အိမ်တွင်ထူရန်အလံအတွက်ပိတ်စ နီတစ်စ တို့ဖြစ်သည်။

သေသူ၏ခန္ဓာကိုယ်အစိတ်အပိုင်း များ အတွက် ပေး ဆောင်ရ သော ဖဂါများ မှာ ခေါင်း ခွံအတွက်လ ခေါင်း ခေါ် မောင်း ကြီး တစ်လုံး၊ ကြော ရိုး အတွက် သေနတ်တစ်လက်၊ လက်နှစ်ဖက်အတွက်လှံ ၂ ချောင်း၊ ခြေနှစ် ချောင်း အတွက်လှံ နှစ် ချောင်း၊ အရေခွံအတွက်တရုပ်ပိုး ဝတ်ရုံရှည်တစ်ထည်၊ အူအတွက်အလုံး ၁၀၀ ပါ သောသင်္ဘောပုတီး တစ်ကုံး၊ သေသူကိုယ်စား မှီခိုသူများ ကိုလုပ် ကျွေးရန်ကျွန် တစ် ယောက်၊ ဝမ်း ဗိုက်အတွက်ခရုသင်း တစ်ခု၊ ပါး နှစ်ဖက်အတွက် မောင်းငယ် နှစ်လုံး၊ နဖူး အတွက်လင်ကွင်း နှစ်ခု၊ ဆံပင်အတွက်သိုး မွေးရှစ်လုံး၊ သွေးအတွက် ရွှေတပိဿာ၊ မျက်လုံး နှစ်လုံး အတွက်ကွင်း ထွက် ကျောက်နှစ်လုံး၊ နား ရွက်အတွက် ပန်း ကန်တစ်ချပ်၊ ဦး နှောက်အတွက် ငွေ ၂၂ ကျပ်သား၊ အသား အတွက်ကျွဲမတစ် ကောင်၊ လက်သည်း အတွက်ကနုကမာတစ်ဆယ် ခု၊ ခြေသည်း အတွက်ကနုကမာတစ်ဆယ် ခု၊ သွား အတွက်ကနုကမာ ၃၂ ခု၊ နှာ ခေါင်း အတွက်ထယ်တစ်ခု၊ လျှာအတွက် ငွေ ဒင်္ဂါးတစ်ချပ်၊ အင်္ဂါဇာတ်အတွက်လှံတစ်ခု၊ အစာအိမ်အတွင်း မှအညစ်အကြေး အတွက် စောင်တစ်ထည်၊ အသည်း အတွက် မောင်း တစ်လုံး၊ နှစ်လုံး အတွက် ငွေခွက်တစ်လုံး၊ ဦး ခေါင်း တွင်ဆင်ယင်ရန်အတွက် ခေါင်း ပေါင်း တစ်ခု၊ လွယ်အိတ်တစ်လုံး၊ ဓါးအိမ် တစ်မှု၊ ပခုံးအ ရေခွံအတွက်သား ရေ ဓါး အိမ်တစ်ခု၊ လည်း ပင်း အတွက် ဆေးတံရှည် တစ်ခု တို့ဖြစ်သည်။

အသက်ဖိုး အတွက် ပေး ဆောင်ရ သော ဖဂါများ မှာ၊ အသက်ဖိုး မောင်း တစ်လုံး၊ အလုံး ၁၀၀ ပါ သောသင်္ဘောပုတီး တစ်ကုံး၊ ကျွန်တစ် ယောက်၊ ငွေ ၂၀ ကျပ်သား ၂ ခု၊ ကျွဲ ၁၀ ကောင်၊ တရုပ်ပိုး ဝတ်လုံရှည်တစ်ထည်၊ သေနတ်တစ်လက်၊ တောင်ရှည်ပုဆိုး တစ်ထည်၊ ဒယ်အိုး နှစ်လုံး၊ ဖိုခနောက်တစ်လုံး၊ ရန်ငြိမ်း ဓါးတစ်

လက်၊ ရန်ပြေငြိမ်း သည့်အထိမ်း အမှတ်လှံတစ်ခု၊ ရန်ပြေငြိမ်းအခမ်းအနား
တွင် သောက်ရန် ဆေး တံတစ်ခု၊ အခမ်း အနား အပြီး ထွင်အမှိုက်သငိုက်များ
ရှင်း ရန်ထိုက်သင့်သော ငွေကြေး တစ်ရပ်၊ ရန်ငြိမ်း ပွဲမှာဝင်ဖျက်သိမ်း
ရန်ဓား တစ်လက်တို့ဖြစ်သည်။

ယခု ခေတ်အင်ဂျန်ဒို ကျေး ရွာတွင်လူတန်း စား ခွဲခြားမှုမရှိ
တော့သည့်အား လျော်စွာအသက်ဖိုး ပေး လျော်ရာတွင် သေသူ၏အရည်အချင်း
အလျောက်၊ ကျန်ရစ်သည့်မှီခိုအား ထားသူများ လျှင်များ သည့်အလျောက်အထက်
ပါဖဂါများ ကိုအတိုး အလျော့ပြု၍ ပေး လျော်ရသည်။ အထူး သဖြင့်ယနေ့အင်ဂျန်
ဒို ကျေး ရွာတွင်အထက်ပါဖဂါတစ်ခုစီအတွက် ငွေကြေးဖြင့်တန်ဖိုး ဖြတ်ကာအသက်
ဖိုး ကို ပေး လျော်ကြသည်ကို တွေ့ရသည်။ ယနေ့ခေတ်အင်ဂျန်ဒို ကျေး ရွာတွင်အိုး
မင်း မစွမ် နုသာသက်ကြီး ရွယ်အိုများ ပင်လျင်တစ်စုံတစ် ယောက် ကြောင့် သေဆုံး
ပါကသိန်း ချီ၍ ပေး လျော်ရသည်။ သို့သော် ရှေး ခေတ်မှယနေ့အထိမ တော်တဆ
သေဆုံး မှုများ ၌ သေစေလိုသောဆန္ဒဖြင့်သတ်သောအမှုကဲ့သို့အများအပြား မ
ပေး လျော်ရပေ။ အခကြေး ငွေဖြင့် စေခိုင်း သောအလုပ်ကိုလုပ်ရင်း သေဆုံး
ပါကအခ ပေး ၍၊ ရမ်းတွင်တာဝန်မရှိ ပေ။ သို့သော်သင်္ကြိုလ်စရိတ်နှင့်ဖဂါအချို့
ကို ပေး ရလေ့ရှိသည်။ ထိုဖဂါများ မှာ–ကတိပြုထား သောလုပ်အား ခ၊ သင်္ကြိုလ်
ရန်အထွက်ဖျဲတစ် ကောင်၊ အသုဘယူမ်းရန် တောင်ရှည်ပုဆိုး တစ်ထည်၊ မောင်း
တစ်လုံး ၊ ဓါး တစ်လက်နှင့်လှံတစ် ချောင်း တို့ဖြစ်သည်။

ထိမ်း မြား လက်ထပ်ခြင်း မပြုရမီမိန်း က လေး မှာကိုယ်ဝန်ရရှိ
ပြီး မိမ်း ဖွားစဉ်ကွယ်လွန် သေဆုံး သွား ပါကတာဝန်ရှိသူ ယောကျ်ား ကအထက် ပါ
ဖဂါအမျိုး ၁၀၀ ခန့်ကိုအသက်ဖိုး ပေး လျော်ရသည်။

ကာမကျူးလွန်မှုများ၌အလိုမတူဘဲပြုကျင့်မှု၊ နှစ်ဦးသဘောတူပြုကျင့်မှု
ဟူ၍ ခွဲခြားမထား ပေ။ မည်သည့်ကျူးလွန်မှုမျိုး၌မဆိုတာဝန်ရှိသူမှာ ယောကျ်ားသာဖြစ်သည်။
ယောကျ်ား တစ်ဦး နှင့်မိန်း မပျိုတစ်ဦး မှား ယွင်း ၍ကိုယ်ဝန်ရှိလာပါက
ယောကျ်ား လေး မှမိန်း က လေး ဖက်သို့ အောက် ပါဖဂါများ ကို ပေး လျော်ရပြီး
တစ်မျိုး နှင့်တစ်မျိုး အစား ထိုး ၍မရ ပေ။ နွား ငယ်တစ် ကောင်၊ မောင်း
တစ်လုံး ၊ တောင်ရှည်ပုဆိုး တစ်ထည်၊ သံဒယ်အိုး ငယ်တစ်ခု၊ ဓါး တစ်လက်၊ သန္တာ

ပုတီး တစ်ကုံး (အမျိုးသမီး၏ မျက်နှာကိုဆယ်ရန်)၊ ပုဆိုး တစ်ထည် (ကလေး အားထွေးရန်)၊ ကျွဲမတစ်ကောင် (ကလေးအတွက်နို့ဘိုး) တို့ ဖြစ်သည်။ မိန်း ကလေး တွင်ကိုယ်ဝန် ခြောက်လခန့်ရှိလာ သောအခါတွင်လည်း မီး ဖွား ရန်ကိစ္စအတွက် မိန်း ကလေး အား မိမိအိမ်သို့ ခေါ် ဆောင်လာရသည်။ ထိုသို့ ခေါ် ဆောင်ရာ တွင် မိန်း ကလေး မိဘများ အား ခါး ဝယ်ဖဂါ[1] ခေါ် ဝင်ငွေ ကိုယူ ဆောင် သွား ခြင်း အတွက် ပစ္စည်း တစ်မျိုး ပေး ခဲ့ရသည်။ အကယ်၍ မိန်း ကလေး ကို ၎င်း ၏ မိဘအိမ်တွင် ပင် မွေး ဖွား စေလို သော် နောက်ထပ် ဖဂါနှစ်မျိုးထပ်ပေး ရသည်။ ထိုဖဂါမှာ ပြစ်မှုနှင့်မဆိုင်ဝဲ ငိုး ရာနတ်ကိုပူဇော်ရန် နေရာဝယ်ယူ ခြင်း နှင့် မွေး ဖွားပြီး ချိန်၌အချင်း မြှုပ်ရန် နေရာဝယ်ယူခြင်း အတွက်ဖြစ် သည်။ ကလေး ကို ယောကျ်ား အိမ်တွင် မွေး ဖွားပြီး ပါက မိန်း ကလေး မိဘထံ ၊ ခေါ် ဆောင်သွား ရပြီး ခါး ဆဖဂါ[2] ခေါ် ဝင်ငွေ ကိုပို့ဆောင်ခြင်း အတွက် ဖဂါတစ်ခုကိုယူသွား ရပြန်သည်။ ၎င်း နောက် အောင်သွယ်များ စေလွှတ်၍ အထက်တွင် ဖော်ပြခဲ့သော ဆွမ်ရိုင်ခါး[3] ခေါ် ရှစ်မျိုး ကို ပေး လျော်ရသည်။ ဆွမ်ရိုင်ခါး ပေး ဆောင်ခြင်း သည် မိန်း ကလေး ကိုဆက်လက်၍ သား မယားအဖြစ် ပေါင်း သင်း သည်ဖြစ် စေ၊ မ ပေါင်း သင်း သည်ဖြစ် စေ တရား ဝင်မယား အဖြစ်အသိအမှတ်ပြုခြင်း ဖြစ်သည်။ ဖဂါအား လုံး ပေး ပြီး လျှင် ယောကျ်ားသည် မိမိ၏ကလေး ကို ခေါ်လိုက နို့ဖြတ်သည့်အရွယ်တွင် ခေါ် ဆောင်သွား နိုင်သည် ။ ကလေး နှင့်တကွ မိခင်ကိုပါယူမည်ဆိုပါကထုံး စံရှိသည့်အတိုင်း မင်္ဂလာ ကြေး ဖဂါ များ တင် တောင်း ၍လက်ထပ် နိုင်သည်။ ထိုအခါတင် တောင်း ရသည့် ဖဂါများ မှာအထူး တလည် မလို တော့ဘဲ ဆွမ်ရိုင်ခါး ကိုမင်္ဂလာ ကြေး အဖြစ်ထား ၍ ထိမ်း မြား နိုင်သည်။ ဤနည်း ဖြင့်လက်ထပ်ခြင်း သည် မီး မဖွား မီ မိန်း ကလေး ၏ ငိုး ရာနတ်ကိုပူဇော်ရ သော စရိတ်တစ်ခုသာ အပိုကုန်ကျသည်။ အကယ်၍ကိုယ်ဝန် သည် မိန်း ကလေး အား တရား ဝင်ဇနီး အဖြစ်အသိအမှတ်ပြုသော ဖဂါများ မပေးဆောင်ရသေးမီ မိန်း ကလေး ကွယ်လွန်သွားပါက အင်ဒန်ဘုံလတ်ခါး[4] ခေါ် ကိုယ် ဝန်ဖြင့် သေဆုံး ခြင်း သို့မဟုတ် မီး ဖွား ရင်း သေဆုံးခြင်း အတွက် မိန်း ကလေး ၏အသက်ဖိုး ကို ပေး လျော်ရသည်။

---

1. Hka waihpaga
2. Hkasahpaga
3. Sumrai hka
4. Ndan bunglat hka

မယုမျိုးတွင်အရွယ်ရောက်နေပြီဖြစ်သောသမီးပျိုတစ်ယောက်ကိုသွေးမျိုး မတော်စပ်သောအခြားအနွယ်တစ်ရုကအမျိုးသက်လိုကြောင်း လာရောက်ကြောင်းလမ်းခဲ့လျှင်ထိုအခြင်းအရာကိုဓါမမျိုးထံအကြောင်းကြားရသည်။ ထိုအတူဓါမမျိုးကလည်း မယုမျိုးသစ်ရှာလိုက မယုဟောင်းထံဖဂါတစ်ခုခုပေးပို့၍အခြေအနေကိုတင်ပြရသည်။ မယုဟောင်းကသဘောတူခွင့်ပြုလျှင်အထိမ်းအမှတ်အဖြစ် မောင်းတစ်လုံး၊ ပုဆိုးတစ်ထည်ပေးလေ့ရှိသည်။ ထိုပစ္စည်းကိုသက်သေထူ၍ ဓါမမျိုးတို့သည်မယုသစ်နှင့်စကားကမ်းလှမ်းနိုင်သည်။ အစဉ်အလာအရမဆောင်ရွက်ပဲ မယုအသစ်၊ ဓါမအသစ်ရှာကြပါက လျော်ကြေးတောင်းနိုင်သည်။

မယုဓါမမျိုးတို့တစ်ဖက်နှင့်တစ်ဖက် စေ့စပ်ကြောင်းလမ်းပြီးနောက်မယုတို့ကဓါမတို့အား မခုတ်ဓါး၊ မထိုးလှံတို့ကိုပေးအပ်ပြီးနောက်အမျိုးသမီးဖက်မှပျက်ကွက်ခဲ့ပါကမူလတင်ထားသောခန်းဝင်ပစ္စည်းများအပြင် <u>ကွန်ဘာဘောဖဂါ</u>[၁] ခေါ် စေ့စပ်ကြောင်းလမ်းခြင်းဖျက်သိမ်းရေးအတွက်၊ အောက်ပါပစ္စည်းများကိုပေးလျော်ရသည်။ ၎င်းတို့မှာ (၁) သင့်တော်သောငွေကြေးနှင့် (၂) ပိုးပုဆိုးတစ်ထည်တို့ဖြစ်သည်။ ယောကျ်ားဖက်မှပျက်ကွက်လျှင်မိမိတင်ထားသောဖဂါများအဆုံးခံရသည့်အပြင်မိန်းကလေးများကျေနပ်စေရန်အတွက်ကျွဲတစ်ကောင်၊ တောင်ရှည်ပုဆိုးတစ်ထည်နှင့်သင့်တင့်သောငွေကြေးတို့ထပ်မံပေးလျော်ရသည်။

လက်ထပ်ထိမ်းမြားပြီးနောက်အခြားယောကျ်ားနောက်သို့လိုက်သွားသည်ဖြစ်စေ၊ မိဘအိမ်ပြန်လာသည်ဖြစ်စေ၊ လင်ယောကျ်ားနှင့်ဆက်လက်ပေါင်းသင်းနေထိုင်ရန်ငြင်းဆန်သည်ဖြစ်စေ မိန်းကလေးမိဘများကပြသနာကိုပြေလည်အောင်ဖြေရှင်းရသည်။ သားမက်မျိုးထံပြန်ပို့ပေးရသည်။ သမီးသည်နောက်ယောကျ်ားနောက်လိုက်သွားပါကသမီးငယ်သို့မဟုတ်တူမတစ်ယောက်ယောက်နှင့်သားမက်ကိုလက်ဆက်ပေးရသည်။ အစားမပေးနိုင်ပါကသားမက်ထံမှယူထားသောခန်းဝင်းပစ္စည်းအားလုံးပြန်ပေးရသည့်အပြင်မင်္ဂလာကုန်ကျစရိတ်ကိုပါပေးလျော်ရသည်။ သားမက်အရွယ်ကောင်းစဉ်သမီးသေဆုံးသွားပါကလည်း ယောက္ခမမျိုးတို့ကသမီးငယ်သို့မဟုတ်တူမတစ်ယောက်ယောက်ဖြင့်အစားထိုးပေးရသည်။ သားမက်ဖြစ်သူသည်ထိုအစီအစဉ်

---

၁။ Kumbabaw hpaga

ကိုငြင်းပယ်ခွင့်မရှိဘဲလက်ထပ်ထိမ်းမြားရသည်။

အိမ်ထောင်ရှင်မိန်းမတစ်ဦး အဖို့လင်ယောကျာ်း သေဆုံးသွား၍သော်မယုဓါမဆက်ဆံရေး အရကျန်ရစ်သူအမျိုးသမီးသဘောတူပါက လင်ယောကျာ်း၏ညီသို့မဟုတ်အစ်ကိုနှင့်လက်ထပ်ထိမ်းမြားနိုင်သည်။ ထိုသို့မဟုတ်ပါကမိဘများထံလည်းပြန်နိုင်သည်။ သို့သော်ထိုမိန်းမကို ဆောင်ရွက်ရမည့်သူများမှာကွယ်လွန်သူ၏ဆွေမျိုးများသာဖြစ်၍ မိဘအိမ်ပြန်ပါကသားမက်မျိုးတို့မှတာဝန်မကျေပဲဝင်ကြေးတင်သည်ဖြစ်၍ ဖဂါတစ်ခုခုကို ယောက္ခမဖက်သို့ပေးလျော်ရသည်။ အမျိုးသမီးသည်အရွယ်ရှိသေး၍ နောက်အိမ်ထောင်ပြုနိုင်သည်။ ထိုသို့အိမ်ထောင်ပြုမည်ဆိုကသားမက်မျိုးထံဖဂါတစ်ခုခုပေး၍ ခွင့်ပန်ရသည်။ ထို့နောက် ယောကျာ်းကအပျိုစင်တစ်ဦးကိုလက်ထပ်သည့်နည်းအတိုင်း လက်ထပ်ယူရသည်။

ငင်းနည်းဥပဒေများအပြင်ကာမကျူးလွန်မှုနှင့်ပတ်သက်၍လင်ရှိအမျိုးသမီးသည်မိမိ၏ဆန္ဒအရတစ်စိမ်း ယောကျာ်းတစ်ဦးနှင့်ဖေါက်ပြားသော်လည်း အပြစ်ရှိသူမှာ ယောကျာ်းသာဖြစ်၍အမျိုးသမီး၏လင်ကျေနပ်စေရန် မောင်းတစ်လုံး၊ တောင်ရှည်ပုဆိုးတစ်ထည်၊ ကျွဲတစ်ကောင်၊ ပုတီးတစ်ကုံး၊ ဓါးလွယ်တစ်ခုကိုဖဂါအဖြစ်ပေး လျော်ရသည်။ မိန်းကလေး၏မိဘများကလည်း မယုဓါမဆက်ဆံရေး မပျက်စေရန်သားမက်မျိုးကိုဂုဏ်တင်သည့်သဘောဖြင့်ဖဂါပေး လျော်ရသည်။ အချို့ဒေသတွင်ကာယကံရှင်အမျိုးသမီး၏လင်ယောကျာ်းဖြစ်သူကအဆိုပါအမျိုးသမီးကိုမင်္ဂလာဆောင်ရန်တင်တောင်းခဲ့သောထွမ်းဘိုး ဖဂါနှစ်ဆကိုပေး လျော်စေသည်။

ယောကျာ်းတစ်ဦးသည်လင်မရှိသောမိန်းမတစ်ဦးကိုအလို မတူဘဲကာမကျူးလွန်ခဲ့သော်လင်ရှိမယားကိုကျူးလွန်သလောက်အပြစ်မကြီးပေ။ အမျိုးသမီး၏မိဘဆွေမျိုးများအား ဆယ်ထွာရှိမောင်းတစ်လုံး၊ ကျွဲတစ်ကောင်၊ တောင်ရှည်ပုဆိုးတစ်ထုပ်၊ ငွေလက်ကောက်တစ်ရံ၊ ဓါးကြီးတစ်လက် လှံကြီးတစ်ချောင်းစသောဖဂါများကိုလျော်ကြေးပေး၍ ကျေအေးနိုင်သည်။ စေ့စပ်ကြောင်းလမ်းထားသည့်မိန်းကလေးကိုကျူးလွန်မိပါကလည်း

လင်ရှိမိန်းမနှင့်မခြား ပေး လျော်ရသည်။

မယုဒါမဆက်ဆံရေးဆိုင်ရာထုံးတမ်းစဉ်လာဥပဒေများ၏ရည်ရွယ်ချက်မှာတစ်နွယ်နှင့်တစ်နွယ်၊ တစ်မျိုးနှင့်တစ်မျိုး၊ အိမ်ထောင်ရေးဆက်ထုံးများကိုတစ်ထုံးပြီးတစ်ထုံးဆက်ထားခြင်းဖြင့်သွေးသားတော်စပ်မှုလည်း ခိုင်မြဲသည်ထက်ခိုင်မြဲလာ၍အမွန့်ရှည်စေရန်ဖြစ်သည်။ တစ်ဖက်ဖက်မှအဆက်တစ်ခုခုကိုဖြတ်လိုက်လျှင်ဆက်ရမည့်မဆက်ကိုမဆက်ပဲနေလျှင် ပျက်ကွက်သူကဝန်ချေတင်ပြီး လျော်ကြေးပေးရသည်။ ဤသည်မှာမယုဒါမဆက်ဆံရာတွင်အဓိကအကျဆုံး လူမှုဆက်ဆံရေးစည်းမျဉ်းဥပဒေများပင်ဖြစ်သည်။

နှုတ်ကျူးလွန်မှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုတို့တွင်သာမန်လူတန်းစားတို့ကဓါးတစ်ချောင်းသို့မဟုတ်လှံတစ်ချောင်းသို့မဟုတ်ဖိုခနောက်တင်ခုဖြင့်ကျေအေးနိုင်သည်။ ရှေးယခင်ကဒူဝါတစ်ဦးကိုကျူးလွန်မိပါကအသတ်ခံရခြင်း၊ ကျွန်အဖြစ်အရောင်းခံရခြင်း၊ ဖဂါအမျိုး ၅၀–ခန့်ပေး လျော်ရခြင်းစသည်ဖြင့်ပေးဆပ်ရမှုကြီးမားသည်။ ဒူဝါ၏အစေအပါးများကိုပင်၊ ကိုယ်ထိလက်ရောက်ကျူးလွန်မိလျှင်ပင်ဒူဝါကိုစော်ကားသည်ဟုယူဆကာဖဂါကြီးနှစ်မျိုး ပေး ဆောင်ရ၍ဒူဝါ၏အစေအပါးအားထိုက်သင့်သောဖဂါကိုပေး ဆောင်ရသည်။ ယခုခေတ်အင်ဂျန်ဒို့ကျေးရွာဖွင့်မှုလူတန်းစားမခွဲခြားမှုမရှိပဲစော်ကားခံရသူ၏ဂုဏ်ဒြပ်အလျောက်ပေး လျော်ရသည်ကိုလေ့လာတွေ့ရှိရသည်။

စိုက်ပျိုးခြင်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းတို့တွင်ဂျိန်ဖော့တို့လိုက်နာကျင့်သုံးသောရိုးရာဥပဒေစည်းမျဉ်းများမှာတစ်ဦးတစ်ယောက်အကျိုးထက်အများအကျိုးကိုဦးစားပေးထားလေ့ရှိသည်။ စိုက်ပျိုးရေးအတွက်တောင်ယာခုတ်ထွင်ခြင်း၊ မီးရှို့ခြင်းတို့ကိုမိမိသဘောအတိုင်းမလုပ်ဆောင်ဘဲအားလုံးစုပေါင်း၍သာလုပ်ဆောင်စေသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍အနွယ်တစ်ခုပိုင်သော်မြေယာကိုခုတ်ထွင်စိုက်ပျိုးလိုပါကထိုအနွယ်၏အကြီးအကဲထံခွင့်မပန်ပဲကျူးကျော်မိပါကဝန်ချေတင်ပြီး ပေး လျော်ရသည်။ ထို့ပြင်စပါးမှည့်ချိန်တွင်တောင်ယာငှင်းကိုဖြတ်၍တောင်ယာအနီးမှကပ်၍ဖြစ်စေဆိတ်များ၊ ကြွက်များ

သယ်ဆောင်သွားလျှင်သော်လည်းကောင်း ၊ စပါးနယ်ရာသို့တစ်စီးစီးတစ်ရုံများ သည်ယာရှင်၏ ခွင့်ပြုချက်မရဘဲသွားမိလျှင်သော်လည်းကောင်း ၊ သူတစ်ပါး သတ်မှတ်ထားသော တောင်ယာကိုကျူးကျော်ခုတ်မိလျှင်၊ မီးရှို့ပြီးသား တောင်ယာကိုကျူးကျော်စိုက်ပျိုးမိလျှင်၊ သီးဦးပွင့်ဦးများကိုပိုင်ရှင်မခူးမီခူးမိလျှင် သူတစ်ပါး၏ တောင်ယာခြံဝင်းအတွင်း ကျွဲ၊ နွားများ ဝင်ရောက်ကျူးကျော်မိလျှင် ကျူးကျော်သူသည်ဝင်ခွေး တင်သည်ဟုယူတကာ ဒုပ်ချုပ်သူအကြီးအကဲများ၏ဆုံးဖြတ်ချက်အတိုင်း ဖက်များ ပေးလျော်ရသည်။

အမဲလိုက်ရာတွင်သူတစ်ပါး ထောင်ထားသော ကြောင့်များ၊ ကိုင်းများ ၊ သွတ်များ ၊ ထောင်ချောက်များတွင်မိနေသောသားကောင်များကို ဖြုတ်ယူမိလျှင်၊ တစ်ရုတစ်ဦးကဆားပုံ၍ သော်၎င်း ၊ အစားအစာများချ၍ သော်၎င်း ၊ မှုားထားသောအမဲကောင်ကိုတိတ်တဆိတ်ပစ်ခတ်ယူလျှင်ကျူးလွန်သူကဖက်လျော်ကြေး ပေးလျော်ရသည်။ အမဲလာရန်မှုားထားသူအား အမဲပစ်၍ ရပါကအမဲ ပေါင်တစ်ပေါင် ပေးရသည့်ထုံးစံရှိသည်။ အမဲလိုက်သူသည်အခြားရွာတစ်ရွာအနီးတွင်အမဲကိုရပါကထိုရွာမှလူကြီး အကြီးအကဲအား ပေါင်တစ်ပေါင်နှင့် အူစုံသည်းစုံ ပေးရသည့်ထုံးစံရှိသည်။ ပေးရန်လူမတွေ့သည့်တိုင်မြင်သာသည့်နေရာတွင်ချိတ်ဆွဲထားရသည်။ ပျက်ကွက်ပါကအလျော် တောင်းနိုင်သည်။ လူစုလူဝေးနှင့်အမဲလိုက်ရာတွင်အမဲကိုထိမှန်အောင်ပစ်ခတ်နိုင်သူကို ခေါင်းနှင့် ပေါင်တစ်ပေါင်အပြင် ဝေစုတစ်စု ပေးရသည်။ ပါဝင်သူက လေး လူကြီးအားလုံးကိုလည်း ဝေစုတစ်စုစီ ပေးရသည်။ ဝေစုမရလျှင် လျော်ကြေး တောင်းနိုင်သည်။ အမဲပစ်ရန်အတွက် သေနတ်ငှါးပေးပါကလည်း အမဲ ပေါင်တစ်ပေါင် ပေးရသည့်ထုံးစံရှိသည်။

ရွေးယခင်ကအမဲလိုက်၍ရလာသောအခါ ကျေးရွာလူကြီးများအား အသိအမှတ်ပြုသည့်အနေဖြင့်အမဲသား အနည်းငယ်စီကိုလက်ဆောင် ပေးရသည် ။ ဒူဝါများအား လက်ျာဖက် ပေါင်တစ်ပေါင်၊ ကျားဆိုပါကလက်ျာဖက်အစွယ်နှင့်ဆင်ဆိုပါကအစွယ်တစ်ချောင်း ပေးရသည့်ထုံးစံရှိသည်။ ပျက်ကွက်ပါက လျော်ကြေးဖက် ပေးဆောင်ရသည်။ အမဲပစ်ရန် သေနတ်ကိုငှားသူအား ပုံထားသူမှာ ဒူဝါဖြစ်

ပါက၎င်း အသား ပေါင်သုံး ပေါင် ပေး ရန်မလိုဘဲ ပေါင်တစ်ပေါင်သာ ပေး ရသည်။

အချုပ်အားဖြင့် ဂျိန်ဖေ့တို့၏လူမှုဆက်ဆံရေး လောကတွင် ခါး ခေါ်ဝင်ကြေး ထည်တစ်ဘက်တွင် ပုဂ္ဂိုလ်တစ်ဦး နှင့်တစ်ဦး ကိုတင်း မာမှုဖြစ်စေ သော်လည်း တစ်ဘက်တွင်တစ်ဦး ကိုတစ်ဦး အမှီသဟဲပြုမှု၊ ကျေနပ်မှု၊ ယုံကြည်မှုဆက်ဆံရေး အခွန့်ရှည်မှု၊ ရင်းနှီး မှုကိုအထောက်အကူပြုနေသည်ကို တွေ့ရှိရပေသည်။

အထွေထွေလူမှုရေး ဆိုင်ရာဥပဒေများ တွင်အိမ်ရှင်နှင့်ဧည့်သည်ဆက်ဆံရေး နှင့်ပတ်သက်သည့်ဥပဒေစည်း ကမ်း များ မှာလွန်စွာမှတ်သား စရာကောင်း သည်။ ဂျိန်ဖေ့တို့သည် မိမိအိမ်သို့ရောက်ရှိလာသော ဧည့်သည်များ အပေါ် ဖော်ရွေဧည့်ဝတ်ကျေပြီး ဧည့်သည်ကဝတ္တရား ပျက်ကွက်ပါကပြင်းပြင် း ထန်ထန်အရေး ယူ လေ့ရှိသည်။

ဧည့်သည်တစ်ဦး သည်အိမ်တွင်း သို့ဝင်လိုလျှင် မျက်နှာစာဖက်မှဝင်ရသည်။ အိမ်ဦး ပေါက်နှင့်အိမ်ဘေး ပေါက်များ မှဝင်လာခွင့်မရှိပေ။ မျက်နှာစာ ပေါက်မှဝင်၍လည်း အိမ်တွင်း သို့မရပ်မနား တောက် လျှောက်ဝင်ခဲ့ကာအိမ်ဦး ပေါက်မှထွက်သွား ရရိုးထုံး စံ မရှိပေ။ ဧည့်သည်သည်ဧည့်ခန်း တွင် အေး အေး လူလူထိုင်ရသည်။ အိမ်ရှင်မှ ရေသို့မဟုတ်စား သောက်ဖွယ်တစ်ခုခုဖြင့်ဧည့်ခံပြီးနှုတ်ခွန်း ဆက်၍ ဆွေးနွေး စပ်သည်။ ထို့နောက်အရက်၊ ခေါင်ရည်တစ်ခုခုကိုတိုက် ကျွေးတတ်သည်။ ဧည့်သည်သည်အိမ်ရှင်မှဧည့်ခံ သောအစား အသောက်တို့ကိုကြိုက်သည်ဖြစ် စေ ၊ မကြိုက်သည်ဖြစ် စေအနည်း ငယ်စီစား သောက်ရသည်။ ထမင်း စား ချိန်တွင်လည်း ထမင်း ဟင်း လျာဖြင့်တည်း ခင်း ဧည့်ခံသည်။ ထမင်း စား သောက်စဉ်အိမ်ရှင်မှ သော်၎င်း ၊ ဧည့်သည်မှ သော်၎င်း တစ်ဦး စား သောက်၍ မပြီး မီတစ်ဦး က ပလုပ်ကျင်း ခြင်း မပြုလုပ်ရပေ။ ကျူး လွန်မိပါက လျော်ကြေး ပေး ဆပ်ရသည်။ တည်းခိုနေစဉ်အတွင်း ဧည့်သည်ဖြစ်သူကျင့်သုံး ရမည့်စည်း ကမ်း များ ကိုလည်း ရိုး ရာဓလေ့အရသတ်မှတ်ထား သည်။ ဧည့်သည်သည်အိမ်ရှင်၏အိပ်ခန်း တွင်း သို့ဝင်ခွင့်မရှိပေ။ အိမ် ပေါက်ဝတွင် မျက်နှာသစ်ခြင်း ၊ လှက်ရည်အိုး ကိုအိမ် ပေါက် ဖက်သို့ဦး တည်ထားခြင်း ၊ ဖိုခနောက်ကို နေရာ ရွှေ့ခြင်း တို့မှ ရှောင်ကြဉ်ရသည်။ ဧည့်သည်သည်အိမ်

ရှင်ချပေးထားသော ရေဖူးမှ ရေကိုသာ သောက်ရပြီး ၊ အိမ်ရှင်သိဝ်သော နေရာတွင်သာအိပ်ရသည်။

အကြင်လင်မယား မဟုတ်ကြသော ဧည့်သည် ယောကျ်ား နှင့်မိန်းမ တို့သည်ညည့်အိပ်ညည့် နေတည်း ခိုခိုက်အိမ်အတွင်း တွင်ကိုယ်လက်နှီး နေခြင်းမပြုရပေ။ ထိုပြစ်မှုကိုကျူး လွန်လျှင်အိမ်ရှင်မှ နှစ်ဦး စလုံး အကြီး အကျယ် လျော်ကြေး တောင်းနိုင်သည်။

အိမ်ရှင်အနေဖြင့်လည်း ဧည့်သည်နှင့်ဆက်ဆံရာတွင် စောင့်စည်း ရသော စည်းမျဉ်း များ ရှိသည်။ ဧည့်သည်အား အိမ်သား တစ်ဦး ဦးအား ထွက် ခွဲထား သော ထမင်း တင်း ကိုမ ကျွေး ရဘဲအသစ်ချက်ပြုတ်၍သာ ကျွေး မွေး ရသည်။ အိမ်ရှင်အမျိုး သား သည်၎င်း ၊ အိမ်ရှင်မသည်၎င်း ဧည့်သည်တို့၏အခန်း တွင်း သို့ဝင်၍ စကား မ ပြောရ။ စကား ပြောလိုကအပြင် ထွက်ပြီး မှသာ ပြောရသည့်ထုံး စံရှိသည်။ သို့မဟုတ်ပါက ဧည့်သည်မှအိမ် ရှင်ကိုပြန်၍အ လျော် တောင်း နိုင်သည်။

ခွယ်ရှပ်ခါ [1] ခေါ် ချေး ငှါး မှုမှာလည်း မကြာခဏ ပေါ် ပေါက်တတ်သော အမှုမျိုး ဖြစ်သည်။ ကျိန် ဖေ့ဘ့တို့သည်၎င်း တို့အချင်း ချင်း ငွေသို့မဟုတ် ကောက်ပဲသီး နှံများ ကိုဂုံဖနီဂုံခါ ချေး ငှား လေ့ရှိသည်။ ကြွေး မြီကိစ္စ နှင့်ပတ်သက်၍ လူတစ်ဦး နှင့်တစ်ဦး၊ တစ်နွယ်နှင့်တစ်နွယ်ဆက်ဆံ ရေး ပျက်ပြား သွား သည့်အဖြစ်မျိုး မှာ အလွန်ရှား ပါး သကဲ့သို့ ကြွေး ကိုထုံး ဝမဆပ်ဘဲ နေ သောအမှုမျိုးလည်း ရှား ပါး သည်။ မ ကျေနပ်မှုတစ်စုံတစ်ရာ ပေါ် ပေါက်လာပါက ကျေး ရွာအကြီး အကဲတို့၏အဆုံး အဖြတ် အရ ပေး လျော်ကြရသည်။

ထို့ပြင်ကျိန် ဖေဘ့တို့၏လူမှုဆက်ဆံ ရေး ၌တစ်ဦး နှင့်တစ်ဦး မိတ် ဆွေ ဖြစ် စေ၊ တ စ်မိး တရံဖြစ် စေ မျက်နှာချင်း ဆိုင် ဆဲဆိုကြသည့်အခိုက်တွင်တစ်ဦး က တိ ဈေး ဈေး မိပါလျှင်အခြား တစ်ဦး ကအ လျော် တောင်း နိုင်သည်။ ထိုနည်း တူတစ် စုံတစ်ဦး ၏ ဖော် ရွေ့ဖွာမိတ်ဆက်မှုကိုတစ်စုံတစ်ဦးက လျစ် **လျူရှု**ခဲ့ပါလျှင်လည်းလျော် ကြေး တောင်း နိုင်သည်။

ထို့ပြင်လက်ထပ်ထိမ်း မြား ရေး ပဋိညာဉ်များ နှင့်အခြား လူ မှု ဆက်ဆံ ရေး ဆိုင်ရာပဋိညာဉ်များ မှကတိပျက်ကွက်မှု များ ကိုလည်း လျော်ကြေး ပေး ဆောင် ရသည်။

---

၁။ Hkoishap hka

ဂျိန်ဖေဒွတ္တိုရ်၏ လေ့ထုံးစံအရ ရှေးခေတ်မှ ယနေ့တိုင်အောင် အမွေဆက်ခံရေးတွင် အမျိုးသမီးများကို ဦးစားပေးလေ့မရှိပေ။ အိမ်ထောင်ဦးစီး တစ်ယောက်ကွယ်လွန်သောအခါ သူ၏ပစ္စည်းများကို သားအငယ်ဆုံးက ဆက်ခံ၍ ကျန်ရစ်ခဲ့သော မိခင်နှင့်တကွ ကျန်အိမ်သားများ အားလုံးကို သူ ငယ်ကပင် ဆက်လက်၍ တာဝန်ယူကာ ရှာဖွေလုပ်ကိုင် ကျွေးမွေးရသည်။ သားအငယ်ဆုံး မရှိလျှင် သားအကြီးဆုံးက မိဘအမွေအနှစ်ကို ဆက်ခံရသည်။ ကျန်သားသမီးများအတွက် အမွေဆက်ခံသူတို့၏ ဆန္ဒအရ ဝေငှပေးသော ဝေစုကိုသာ ရသည်။ သေဆုံးသူမှာ သားတစ်ယောက်မျှ မထွန်းကားသော် ၎င်း၏ ညီအစ်ကိုမောင်နှမထဲမှ ညီအငယ်ဆုံးက အမွေဆက်ခံရသည်။ သို့မဟုတ် အစ်ကိုကြီးဆုံးက ဆက်ခံရသည်။ အမွေဆက်ခံသူ ညီ သို့မဟုတ် အစ်ကိုက ကွယ်လွန်သူ၏ ဇနီးကို သိမ်းပိုက်၍ အိမ်ထောင်တစ်ခုလုံးကို တာဝန်ယူ ဆောင်ရွက်ရသည်။

အချို့သော အိမ်ထောင်ဦးစီး ဖခင်တို့သည် မိမိတို့ မသေမီကပင် မိမိတို့၏ သားများအား ရသင့်ရထိုက်သော အမွေအနှစ်များကို ခွဲဝေပေးလေ့ရှိသည်။ သားကြီးတို့သည် အိမ်ထောင်ပြုပြီး မကြာမီ တစ်အိုးတစ်အိမ်ထူထောင်ရန် မိဘအိမ်မှ ခွဲထွက်ကြသည်။ ခွဲထွက်သွားသော သားကြီးများကို ဖခင်တို့က ခွမ်းအားရှိသ ရွှေငွေပစ္စည်းများကို ဝေခြမ်းပေးလေ့ရှိသည်။ ကြွယ်ဝချမ်းသာသူများသည် ရပ်ရွာထဲမှ လူကြီးများနှင့် ညီအစ်ကိုမျိုးထဲမှ အကြီးအကဲများအား မိမိတို့ ကွယ်လွန်ချိန်တွင် ကျန်ရစ်သော ဥစ္စာပစ္စည်းများကို သားများအား မည်ရွေ့ မည်မျှ ခွဲဝေပေးရန် မှာထားခဲ့သည်။ အိမ်ယာမြေများကိုလည်း သားစဉ်မြေးဆက် ပိုင်ဆိုင်ခွင့်ရှိစေရန် စီစဉ်ထားခဲ့ကြသည်။ ထိုအစီအစဉ်များ အပိုင်းအမျိုးများနှင့် ကျေးရွာလူကြီးများက ဆောင်ရွက်ပေးလေ့ရှိသည်။ များသောအားဖြင့် အမွေဆက်ခံရသော သားအငယ်ဆုံးက အိမ်သားများကို ကျွေးမွေးရန် တာဝန်ယူရသည့်အပြင် သောလောယ် အသုဘပွဲကျင်းပရန်အတွက် ကုန်ကျမည့်စရိတ်ကို စိုက်ထုတ်ရသည်။ အသုဘပွဲတွင် သေဆုံးသူ၏ မယားမျိုး၊ ဓါမမျိုး၊ ညီအစ်ကိုမျိုးတို့က လာရောက်ကူညီကြသည်။ ထိုသို့ လာရောက်ကူညီကြသော ဆွေမျိုးများကို သေဆုံးသူပိုင် ပစ္စည်းထဲမှ ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို အမှတ်တရအဖြစ် အမွေဆက်ခံသူက ပေးလိုက်ရသည်။

ဖခင်ကွယ်လွန်ချိန်တွင်သားအငယ်ဆုံးသည်ရပ်ဝေးသို့ရောက်နေခြင်း၊ အလွန်ငယ်ရွယ်သေးခြင်းဖြစ်က သားကြီးသည်အိမ်ထောင်ရေးကို ထွက်ခဲ့ရသည်။ သားအငယ်ဆုံးပြန်ရောက်လာသောအခါသို့မဟုတ်အရွယ်ရောက်လာသောအခါ သားကြီးကသားအငယ်ဆုံးအားပြန်လည်လွှဲပြောင်းပေးရသည်။ ဖခင်၏အမွေအနှစ်ကိုသားအငယ်ဆုံးကဆက်ခံရသည်ဆိုသော်လည်း ထိုသားငယ်သည်တရားဝင်သားဖြစ်ရသည်။ သို့မှသာအမွေဆက်ခံခွင့်ရှိသည်။ လက်ထပ်ခြင်းမပြုဘဲအလိုတူပေါင်းသင်းနေထိုင်မှုကြောင့်သားရလာသော်လည်း မိန်းမနှင့်ယောကျ်ားအတူနေထိုင်သည့်ထိုင်နမ်ရှလိုင်[၁] ခေါ် တရားဝင်လက်ထပ်ထိမ်းမြားမှုမပြုသမျှကာလပတ်လုံး သို့မဟုတ်ဆွမ်ဇိုင်ခါ[၂] ခေါ် လျော်ကြေးကို အမျိုးသမီးအားမပေးသမျှကာလပတ်လုံး ကလေးမှာတရားဝင်မဟုတ်ပေ။ ထို့ကြောင့်ယင်းကလေးမှာအမွေဆက်ခံခွင့်မရှိပေ။

အကယ်၍ဂျိန်ဖော့အမျိုးသားတစ်ဦးသည်ဂျိန်ဖော့မဟုတ်သောအမျိုးသမီးနှင့်လက်မထပ်ဘဲသားသမီးရလာခြင်းမှဂျိန်ဖော့အမျိုးသမီးနှင့်လက်ထပ်ပြီးသားသမီးထွန်းကားလာပါကနောက်မှလက်ထပ်သူနှင့်သောမိန်းမမှမွေးလာသောသားအငယ်ဆုံးကအမွေဆက်ခံခွင့်ရှိသည်။ ပထမမယားမှသားအငယ်ဆုံးမှာအမွေဆက်ခံခွင့်မရပေ။ အကယ်၍ယောကျ်ားတစ်ဦးတွင်လက်ထပ်ယူသောမိန်းမတစ်ယောက်ထက်ပို၍နေပါက ပထမဆုံးလက်ထပ်သောဇနီးမှမွေးဖွားလာသောသားအငယ်ဆုံးကအမွေဆက်ခံရသည်။ ပထမဇနီးတွင်သားသမီးမထွန်းကားပါကဒုတိယဇနီး၏အငယ်ဆုံးသားကအမွေဆက်ခံရသည်။ ဒုတိယဇနီးတွင်သားသမီးမထွန်းကားပါကတတိယဇနီး၏သားမွေးကအမွေဆက်ခံရပေသည်။

ဇနီးမောင်နှံတွင်သားသမီးမထွန်းကားပါကသို့မဟုတ်တရားဝင်သားမရှိပါကမွေးစားသားကိုအမွေခံသားဟုသတ်မှတ်နိုင်သည်။ ထိုအမွေခံသားမှာမိမိဖခင်အရင်း၏မျိုးနွယ်အမည်ကိုစွန့်လွှတ်၍မွေးစားဖခင်၏မျိုးနွယ်အမည်ကိုခံယူရသည်။ ထို့မှသာမွေးစားဖခင်၏အမွေကိုဆက်ခံနိုင်သည်။

မြန်မာနိုင်ငံတရားရေးဌာနပြဋ္ဌာန်းချက်တွင်ဂျိန်ဖော့ထုံး၏အမွေဆက်ခံရေးနှင့်ပတ်သက်၍သမီးမိန်းကလေးများအားအမွေဆက်ခံ

---

၁။ Num shalai

၂။ Sumzai hka

ခွင့်ပေး မထား သော်လည်း ကွယ်လွန်သူ၏ဇနီး အား အမွေဆက်ခံခွင့်ပေး ထားသည်။ ဤသို့ဆက်ခံရန်မှာလည်း ယောကျ်ား၏ညီအစ်ကိုများ ထဲမှ တစ်ယောက် ယောက်ဖြင့်အိမ်ထောင်ပြုမှသာလျှင်အမွေဆက်ခံရသည်။ ဆုဇီမီး ယောကျ်ား တစ်ဦး ဦး နှင့်အိမ်ထောင်ပြုပါကအမွေဆက်ခံခွင့်ဆုံး ရှုံး သည်။

(ဂ) တရားစီရင်ရေး

ဂျိန်ဖော့လူမျိုး တို့သည် ရှေး ခေတ်မှယနေ့ခေတ်အချိန်ထိ ကျေးရွာတွင်အမှုကြီး ငယ်တို့ကိုမိမိတို့ ကျေး ရွာ ဒေသတွင်း တွင်သာ ရိုး ရာဥပဒေ များ ၊ လူမှုရေး ဆိုင်ရာဥပဒေများ အရတရား စီရင်ဆုံး ဖြတ်မှုကိုခံယူ ကြ သည်။

ယနေ့အချိန်ထိ ကျေး ရွာတွင်အမှုအခင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကျေး ရွာမှူး ထံ ရေး လျှောက်၍တိုင်ကြား သည်။ ကျေး ရွာမှူးမှ ငါး ဆယ်အိမ်မှူး တို့နှင့်ညှိနှိုင်း တိုင်ပင်ပြီး သင့်တော်မည့်ရက်တစ်ရက်တွင်နှစ် ဖက်လူကြီး များ နှင့်အတူ ကျေး ရွာမှူး သို့မဟုတ်ငါး ဆယ်အိမ်မှူး ၏အိမ်တစ်အိမ် တွင်စီရင်ဆုံး ဖြတ်မှုကိုပြုကြသည်။ ရှေး ဦး စွာ ကျေး ရွာအကြီး အကဲတို့သည်နှစ် ဦး နှစ်ဖက်ကို သေချာစွာစစ် ဆေး မှတ်တမ်း ပြုသည်။ ၎င်း နောက် ကျေး ရွာ အကြီး အကဲများ ကအမှုသည်နှစ်ဦး ၏ကိုယ်စား လှယ်များ ဖြစ်ကြ သောကဆာများ ၏တင်ပြချက်တို့ကို သေချာစွာနား ထောင်ကြသည်။ နှစ်ဦး နှစ်ဖက်မှကဆာ တို့ ကလည်း စီရင်ဆုံး ဖြတ်မည့်အကြီး အကဲများ အား အမှုသွား အမှုလာကိုနား လည် သဘော ပေါက် စေ ရန်နှင့်မိမိ၏အမှုသည် များအောင်နိုင် ကိုမနှစ်နာစေရန်အတွက် ပုံတိုပတ်စများ ဖြင့်အကျယ်တဝင့်တင်ပြကြသည်။ ၎င်း ကိုယ်စား လှယ်ကဆာများသည် များ သောအား ဖြင့် ကျေး ရွာမှဂုဏ်သရေရှိပုဂ္ဂိုလ်များ ၊ လေး စား ထိုက် သောပုဂ္ဂိုလ်များဖြစ်ကြ သော ကြောင့်၎င်း တို့၏တင်ပြချက်များ ကိုရပ်ရွာအကြီးအကဲတို့ကဂရုတစိုက် လေး လေး စား စား နား ထောင်ကြသည်။ ၎င်း နောက်နှစ် ဦး နှစ်ဖက်မှလိုလား ချက်များ ကိုဆက်လက်တင်ပြကြသည်။ ပြီး လျှင် ကျေး ရွာအကြီး အကဲမှနှစ် ယောက်ခန့်နှင့်ကဆာနှစ်ဦး တို့သည်တရား တစ် ဆောင်စီရင် ရေးကို လာရောက်နား ထောင်ကြသူများ နှင့်နှစ်ဦး နှစ်ဖက်မှတရား လိုတရား ခံများ မကြား နိုင်သည့်နေရာတွင်ချူး ထိုက် ဆွေး နွေးကြပြီး ပေး လျော်ရမည့်လျော်ကြေး ဖဂါများ ကိုသတ်မှတ် ပေး ကြသည်။ ထိုသို့သတ်မှတ်ပြီး မှသာကျန်တရား စီရင် ရေး

အဖွဲ့ဝင်နှင့်နှစ်ဦး နှစ်ဖက်သို့ ကြေညာတင်ပြရသည်။ ဤတွင်ရောနှစ်အဖွဲ့ဝင်တို့က၎င်းတို့၏ဆုံး ဖြတ်ချက်သည် ရှေး အစဉ်အလာ၊ ဓလေ့ထုံး စံများ နှင့်ကိုက်မကိုက်၊ ညီမညီ စိစစ်ပြီးအမိန့်ချမှတ်အမှုပြီး ဆုံး စေသည်။

လူသတ်မှုသို့မဟုတ်လူ သေမှုကဲ့သို့ သော အမှုမျိုး သည်တစ်ကြိမ်တစ်ခါစစ် ဆေး ကြား နာရုံဖြင့်မပြီး ပြတ်ပဲ ၄–၅ကြိမ်ခန့်စစ် ဆေး ရပြီးလနှင့်ချီ၍ကြာတတ်သည်။ သေသူဖက်မှလည်း တဆာ ခေါ် အောင်သွယ်များဖြင့်အသက် ဖိုးကိုအများ အပြား တောင်း ဆိုတတ်သည်။ ထိုအခါကျူး လွန်သူဖက်မှကဆါများ ကလည်း လျှော့ပေါ့ပေး ရန် ဈေး ဆစ်ကြသည်။ နှစ်ဦး နှစ်ဖက် ပြေလည် ကျေနပ်မှုရလာ သောအခါကြေ အေး လွှာ ပေါ်တွင်လက်မှတ် ရေး ထိုး ပြီး တရား ရုံး သို့ လျှောက်ရသည်။ ထိုအခါတရား ရုံး မှလူ သေမှုသို့မဟုတ်လူသတ်မှုဖြင့်အ ရေး ယူထိန်း ချုပ်ထား သူကိုလွှတ် ပေး သည်။ တစ်ခါတစ်ရံတွင် ကျေနပ်မှုမရပဲ နိုင်ငံတော်ဥပဒေအရအ ရေးယူ စေကြသည်မျိုး လည်း ရှိသည်။

ဂျိန်ဖောတို့တွင် ပေါ်ပေါက် သောအမှုအ တော်များများကို ကျေး ရွာအတွင်း တွင်ရှိ ရာအစဉ်အလာအရ စီရင်ဆုံး ဖြတ်နိုင်ကြသည်။ ထိုသို့ဆုံးဖြတ် ဖြေရှင်း ခြင်း ကိုဂျိန်ဖောဘာသာဖြင့် ရှဝရှား [1] ခေါ်အ လျော်စား ခြင်းဟု ခေါ်ကြသည်။ ရှေး ယခင်ကအမှုအခင်း တစ်စုံတစ်ရာဖြစ်ပြီး ပါကကျူးလွန်ခံရသူ၏အိမ်တွင်နတ်ပူ ဇော်ရသည်။ ထိုအခါယဇ်ပူ ဇော်ရ သောကျွဲသို့မဟုတ်နွားကိုအမှု ကျူး သူဖက်မှအကုန်အကျခံရသည်။ ယနေ့ခေတ်တွင်နတ်မပူ ဇော် တော့(သော်)လည်း အမှုအခင်း တစ်စုံတစ်ရာရင်ဆိုင်ရပြီး ပါကခရစ်ယာန်ဘာသာအရ အန္တရာယ်ကင်း ဆု တောင်း သမှုပြုကြသည်။ ထိုဆု တောင်း သမှုအတွက်ကုန်ကျစရိတ်ကိုအမှုကျူး လွန်သူမှအကုန်အကျခံရစမြဲဖြစ်သည်။ ရှေး ခေတ်မှယနေ့ခေတ်အထိ ဂျိန်ဖော ကျေး ရွာတိုင်းအမှုအခင်း တစ်စုံတစ်ရာအတွက်တရား စီရင်ရာတွင်ဘက်လိုက်မှု၊ မျက်နှာလိုက်မှုမျိုး အလွန်တစ်ရာနည်း ပါး ပြီး အုပ်ချုပ်သူအကြီး အကဲ ခုံသမာဓိအဖွဲ့သည်မျှတစွာ သာရှုမြင်ဆုံးဖြတ်ကြကြောင်းလေ့လာတွေ့ရှိရသည်။ ဂျိန်ဖောလူမျိုးတို့သည်၎င်းတို့၏ရိုးရာဥပဒေများအရစီရင်ဆုံးဖြတ်ကြသည်ဆိုငြား မူးယစ်ဆေးဝါးမှု၊ နိုင်ငံတော်ပုန်ကန်မှုတို့ကိုကား နိုင်ငံတော် ဥပဒေအရသာအရေး ယူစီရင်ခြင်း ခံကြရသည်။ ယနေ့အင်ဂျန်ခို ကျေး ရွာတွင်မကြာခဏစီရင်ဆုံး ဖြတ်ရသောအမှုများ မှာ ကာမမှု၊ ခိုးမှုနှင့်ရံဖန်ရံခါလူ သေမှုတို့ဖြစ် ကြောင်း လေ့လာတွေ့ရှိရသည်။

---

၁။ Shawasha

(ဃ) ဖွံ့ဖြိုးရေး လုပ်ငန်းများ

အင်ဂျန်ဒို ကျေးရွာ နေကျိန်ဖော့ဆိုသည်၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အခါအားလျော်စွာ ဆောင်ရွက်ကြသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ရလက်ထက်တွင် အင်ဂျန်ဒို ကျေးရွာ၌ ဖွံ့ဖြိုးရေး လုပ်ငန်းများကိုအား သွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။ ဖွံ့ဖြိုးရေး လုပ်ငန်းများ၌ ကျေးရွာ နေလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားရေး အတွက် ဆောင်ရွက်သော လုပ်ငန်းများ နှင့် ပညာတတ်ဦးရေ တိုးပွားပြီး လူမျိုး တစ်စုလုံး အသိဉာဏ်ပညာ မြင့်မားသူများ အဖြစ် ရပ်တည်နိုင်ရေး အတွက် ရည်ရွယ် ဆောင်ရွက်သော လုပ်ငန်းများ ပါဝင်သည်။

လူနေမှုအဆင့်အတန်းမြင့်မားရေး အတွက် ၎င်းတို့၏အင်ဂျန်ဒို ကျေးရွာကို နောင်လူဦးရေ တိုးတက်များပြားပြီး စည်းကားလာချိန်တွင်မြို့ပြတစ်ခု၏ လမ်းမကြီးများ၊ လမ်းသွယ်လေးများနှင့် လူနေအကွက်များအတိုင်း ပုံစံတကျ ဖြစ်စေရန်အတွက် လမ်းများကိုတိုးချဲ့ ဖောက်လုပ်ခဲ့ကြသည်။ ၁၉၈၈ ခုနှစ်မှစ၍ မြစ်ကြီးနား ဆွမ်ပရာဘွမ်လမ်းမကြီး နှင့်အပြိုင်လမ်း နှစ်လမ်းကိုအရှေ့နှင့်အနောက် ပေ ၄၀၀ ခန့်အကွာတွင် ပေ ၄၀ စီအကျယ်ထားပြီး ဖောက်လုပ်ခဲ့သည်။ ၎င်းလမ်းမကြီးများကို ကန့်လန့်ဖြတ်လျက် ပေ ၂၀၀ အကွာတွင် ၂၅ ပေစီကျယ်သော လမ်းတစ်လမ်းစီကိုလည်း ဖောက်လုပ်ခဲ့သည်။ ၎င်းပြီးသား ၂၅- ပေမပြည့်သော လမ်းများကိုလည်း ချဲ့ထွင် ဖောက်လုပ်ခဲ့သည်။ ၎င်းအပြင် ၁၉၈၉ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့တွင် ကျေးရွာဈေး တစ်ဈေး ကိုလည်း ကိုယ်ထူကိုယ်ထ ဆောက်လုပ်ဖွင့်လှစ်ခဲ့သည်။ ဈေး ကော်မတီ ကိုလည်း သီးသန့်ဖွဲ့စည်းထားပြီး ဈေးဆောက်ဆောက်၍ ရရှိသော ငွေကြေးဖြင့် ဈေးသန့်ရှင်းရေး အလုပ်သမားကိုလည်း ငှါးရမ်းထားရှိသည်။ ပိုလျှံသော ငွေကြေး ကို ကျေးရွာရန်ပုံငွေအဖြစ်ထားရှိပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်အသုံးချကြသည်။ ထိုပြင် ဈေးအဆောက်အဦးများ အဆင့်အတန်းမြင့်မားရေး အတွက်လည်း အခါအားလျော်စွာ တိုးချဲ့ပြုပြင်ကြသည်။

ကလေးသူငယ်များ သည်သွက်လက်ချက်ချာပြီး ဉာဏ်ရည်ဖွံ့ဖြိုး သည့်လူကောင်းလူတော်များ ပေါ်ထွက်လာရေး ကို ရှေးရှုလျက် မူလတန်းကြို ကျောင်းတစ်ကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ထိုမူလတန်းကြို ကျောင်း အတွက်ဆရာမနှစ်ဦးကိုလည်း ခန့်

ထားခဲ့သည်။ ထို့ပြင် ကြံ့ခိုင်ကျန်းမာသော ထူးချွန်သော အားကစားသမား ကောင်းများ ပေါ်ထွက်လာရေး ကို ရှေးရှု၍လည်း နှစ်စဉ်နှစ်တိုင်း တစ်ကျွန်း ကျေးရွာအုပ်စုအတွင်း ရှိကျန် ကျေးရွာ ၁၁၁ ရွာနှင့် ဘောလုံးအားကစား ယှဉ်ပြိုင်မှုကိုအင်ဂျန်ဒုံ ကျေးရွာရှိအလက(၂)အားကစားကွင်း၌ကျင်းပ ပြုလုပ်သည်။ ၁၉၉၁-ခုနှစ်တွင်တစ်ကျွန်း ကျေးရွာအုပ်စုအတွင်း သွင်အင်ဂျန်ဒုံ ကျေးရွာမှ ဒိုင်း ဆုကြီးကိုဆွတ်ခူး ရရှိခဲ့သည်။ ထိုသို့အနိုင်ရရှိလိုက် သောအား ကစား သမား များ ကို ကျေးရွာအုပ်ချုပ်သူအကြီး အကဲနှင့်လူငယ်အဖွဲ့အစည်း ဦးစီး၍ ကျေးရွာအတွင်း ရှိရပ်မိရပ်ဖများ ကိုဖိတ်ကြား ကာညစာစားပွဲ ဖြင့်ဂုဏ်ပြုဧည့်ခံခဲ့သည်။

လူငယ်အဖွဲ့အစည်း ကိုလည်း ဖွဲ့စည်း ထား ရှိကာလူမှုရေး လုပ်ငန်း ဆောင်တာများ တွင်ပါဝင် ဆောင်ရွက် စေသည်။ ကျေးရွာအတွင်း ရှိလူကြီးလူငယ်အချင်းချင်း ချစ်ကြည်ရင်း နှီး မှုရှိ စေ ရန် ရည်ရွယ်၍လည်းတစ်နှစ်လျှင်တစ်ကြိမ်ခန့် ကျေးရွာအကြီး အကဲများ နှင့်လူငယ်အဖွဲ့အစည်း ဦးကြီးမှူး၍အမ နီး ဖြေ ရှိဝိသာ တစ်ခုခုသို့ ပျော်ပွဲစား ထွက်ကြသည်။ ဤ နည်းဖြင့်တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်း နှီး မှုကိုခိုင်မြဲ စေကြသည်။

ယနေ့အချိန်တွင်စ နေ နေ့ နံနက်တိုင်း စု ပေါင်း လုပ်အားဖြင့်ကျေး ရွာသန့်ရှင်း ရေး ကို ဆောင် ရွက်ကြသည်။ ကျေး ရွာလမ်းများလှပသန့်ရှင်း နေ စေ ရန်အတွက်မြက်နွယ်ပိတ်ပေါင်း အမှိုက်သရိုက်တို့ကို ရှင်းလင်း ခြင်း ၊ လမ်းများ မြေဖို့ခြင်း ၊ မြောင်း တူး ခြင်း တို့ကိုတ ပျော်တ ပါး ဆောင်ရွက်ကြသည်။

အား လုံး ကိုခြုံ၍ကြည့်ပါကအင်ဂျန်ဒုံ ကျေး ရွာ၏အုပ်ချုပ် ရေးဖွဲ့စည်း ပုံနှင့်ဖွံ့ဖြိုး ရေး လုပ်ငန်း များ ကို ဆောင် ရွက်ပုံတို့ သည် ခေတ်မှီ၍ စနစ်တကျ ရှိ ကြောင်း လေ့လာ တွေ့ရှိရသည်။

# နိဂုံး

## အထွေထွေသုံးသပ်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံသည်တိုင်းရင်းသားလူမျိုးပေါင်းများစွာစုစည်းနေထိုင်ရာနိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ၊ ၄င်းတိုင်းရင်းသားများစွာထဲမှ ဂျိန်းဖောတို့၏လူမှုရေးဖွဲ့စည်းပုံအကြောင်းကို၊ မိမိတတ်နိုင်စွမ်းသရွေ့ ကြိုးစားအားထုတ်စူးစမ်းလေ့လာချက်များ တစ်စောင်ရေးသားလိုက်ရသဖြင့် သမိုင်းပေးတာဝန်တစ်ခုကို ကျေပွန်စွာထမ်းဆောင်လိုက်ရသည့်နှယ်ရင်တွင်းခံစားမိပါသည်။ ဤကျမ်းသည်မနုဿဗေဒပညာရပ်၏တစ်စိတ်တစ်ဒေသဖြစ်သော လူမျိုးစုနှိုင်းယှဉ်ပညာ[1] အတွက်များစွာအထောက်အကူရလိမ့်မည်ဟုယုံကြည်ပါသည်။ မိမိသည်အင်ဂျန်ဒုံကျေးရွာနေဂျိန်းဖောတို့၏လူမှုရေးဖွဲ့စည်းပုံအကြောင်းကိုအတတ်နိုင်ဆုံးအသေးစိတ်လေ့လာမေးမြန်းပြီးရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လုံးဝပြီးပြည့်စုံသောကျမ်းတစ်ခုဟူ၍ကား မိမိမဆိုလိုပါ။ လူတို့၏စိတ်နေစိတ်ထား၊ စိတ်ကူးစိတ်သန်းများသည် အစဉ်သဖြင့်ပြောင်းလဲနေသကဲ့သို့ လူနေမှုဘဝသည်လည်း လိုက်ပါပြောင်းလဲလျက်ရှိသည့်အတွက် မိမိလေ့လာသုတေသနပြုခဲ့သည့်အင်ဂျန်ဒုံကျေးရွာနေ ဂျိန်းဖောတို့၏လူမှုရေးဖွဲ့စည်းပုံမှာလည်း ရှေးအခါကနှင့်မတူဘဲပြောင်းလဲမှုများ ရှိနေသည်ကိုတွေ့ရပါသည်။

ဂျိန်းဖောတို့သည်အခြေစိုက်ရာအရပ်တိုင်းတွင် ဆွေမျိုးအုပ်စုနှင့်နေလေ့ရှိသည်။ ရောက်ရာအရပ်တွင်မိမိတို့၏ဘိုးဘွားအစဉ်အဆက်မှဆင်းသက်လာသော ညီအစ်ကိုမျိုး၊ ယောက္ခမမျိုး၊ သားမက်မျိုးတို့ကိုစုံစမ်းရှာဖွေကြသည်။ အရင်းနှီးဆုံးဆွေမျိုးတော်စပ်သူများ၏အသိုင်းအဝိုင်းတွင်နေထိုင်လုပ်ကိုင်စားသောက်ကြသည်။ အင်ဂျန်ဒုံကျေးရွာတွင်လည်း ထိုသို့နီးစပ်ရာဆွေမျိုးသားချင်းများက တောင်ပေါ်ဒေသအသီး

---

1. Ethnology

သီးမှတဖြေးဖြေး ဆင်းသက်နေထိုင်လာကြသဖြင့်လူဦးရေတစ်နေ့တစ်ခြား တိုးတက်များပြားလျက်ရှိသည်။

အင်ဂျန်ဒို ကျေးရွာသည်တဝ်ကုန်း ကျေးရွာအုပ်စုဝင် (၁၂) ရွာအနက်၊ မြစ်ကြီးနား ဆွမ်ပရာဘွမ်း ကားလမ်း မကြီး၏သော တစ်ဖက်တစ်ချက်တွင်ရှိသည်ဖြစ်၍ အချက်အချာကျသော ကျေးရွာတစ်ရွာဖြစ်သည်။ အင်ဂျန်ဒို ကျေးရွာ၏လူနေမှုစနစ်သည်အတန်အသင့် ခေတ်မှီမြင့်မားလျက်ရှိသည်ကို တွေ့ရသည်။ ပတ်ဝန်းကျင် ကျေးရွာများ အလယ်တွင်ထင်ထင်ပေါ်ပေါ် ရပ်တည်နေသော ကျေးရွာလည်း ဖြစ်သည်။ ကချင်ပြည်နယ်ရှိ ဒေသအသီးသီးမှ ဂျိန်းဖောတို့လာရောက်စုစည်း နေထိုင်ကြသည်ဖြစ်၍ အင်ဂျန်ဒို ကျေးရွာနေ ဂျိန်းဖောလူမျိုးတို့အား လေ့လာသုတေသနပြုခြင်းသည် ကချင်ပြည်နယ် ဒေသအသီးသီးရှိ ဂျိန်းဖောတို့ကို လေ့လာသုတေသနပြုခြင်းနှင့်များစွာကွာခြားမှုမရှိကြောင်း တွေ့ရှိရသည်။

ဂျိန်းဖောတို့၏ဘာသာစကားတည်ဆောက်ပုံသည် ၊ မြန်မာဘာသာစကားတည်ဆောက်ပုံနှင့်တိုက်ရိုက်တူညီနေသည်ကိုတွေ့ရသည်။ ရုပ်ပိုင်းတည်ဆောက်မှုတွင်လည်း မြန်မာတိုင်းရင်းသားအားလုံး မွန်ဂိုလွိုက် အနွယ်ဝင်များဖြစ်သည့်အားလျော်စွာ အရပ်အမောင်း၊ ဦးခေါင်း၊ မျက်ခုံး ၊ မျက်လုံး ၊ နှုတ်ခမ်း ၊ နှာခေါင်း တည်ဆောက်မှုတို့သည် ထူးကဲစွာ ခြားနားမှုမရှိပေ။ အကျင့်စာရိတ္တနှင့်ပတ်သက်၍ ဇွဲ၊ လုံ့လ၊ ဝီရိယ ရှိသူများဖြစ်ပြီး ၊ လူမျိုးစုဖွံ့ဖြိုးတိုးတက်မှုအလွန်မြန်ဆန်ကြကြောင်း လေ့လာတွေ့ရှိရသည်။ ခေတ်မီတိုးတက်မှုကို အလွယ်တကူလက်ခံနိုင်ကြပြီး ၊ ခေတ်ရေစီးကြောင်းတွင်အလွယ်တကူ မျောပါနိုင်သူများဖြစ်ကြသည်။ မိမိတို့၏ ပင်ကိုယ်ဓလေ့ထုံးစံတို့ကို ခေတ်စနစ်နှင့်လိုက်လျောညီထွေစွာကျင့်ကြံဆောင်ရွက်နိုင်ကြသည်။ ယနေ့အချိန်တွင်ဝတ်စားဆင်ယင်မှု၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ထူးခြားမှုမရှိဘဲဝတ်စားဆင်ယင်ကြသည်ကို တွေ့ရသည်။ ၎င်းတို့၏ ရှေးရိုးရာဝတ်စုံများကိုကား လူမျိုးစု၏ရိုးရာဝတ်စုံအဖြစ်အခမ်းအ

နားများတွင်သာဝတ်ဆင်ကြလေသည်။ စားသောက်ပုံနှင့်ပတ်သက်၍လည်း အင်ဂျန်နံ့ကျေးရွာနေဂျိန်းဖောတို့သည်မြန်မာတိုင်းရင်းသားတို့၏အစားအသောက်၊ မုန့်ပဲသွားရေစာများကိုနှံမင်စွာစားသောက်လာကြပြီး ၎င်းတို့၏ရိုးရာအစားအသောက်ဖြစ်သောအရက်၊ ခေါင်ရည်၊ ကဆော်တို့ကိုလည်းသွားရည်စာအဖြစ်လည်းကောင်း၊ အမြဲတမ်းအစားအသောက်အဖြစ်လည်းကောင်း နှံမင်စွာစားသောက်ကြဆဲဖြစ်သည်။

ဂျိန်းဖောတို့၏မိသားစုဖွဲ့စည်းပုံနှင့်ဆွေမျိုးတော်စပ်ပုံစနစ်များသည်ထူးခြားတိကျမှုရှိသည်ကိုလေ့လာတွေ့ရှိရသည်။ ၎င်းတို့၏မိသားစုများသည် ဖခင်ဦးစီးသော သားစုများသာဖြစ်သည်။ ဆွေမျိုးတော်စပ်ပုံနှင့်ပတ်သက်၍ဂျိန်းဖောတစ်မျိုးနွယ်လုံး သွေးရင်းသားရင်းများအဖြစ်ခံယူထားကြသည်။ ၎င်းတို့တွင်သွေးသားအားဖြင့်ဆွေမျိုးတော်စပ်ခြင်းနှင့်လက်ထပ်မှုဖြင့်ဆွေမျိုးတော်စပ်ခြင်းသည်ရောယှက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ အဘယ့်ကြောင့်ဆိုသော်လက်ထပ်ရသူများသည် သွေးရင်းသားရင်းများဖြစ်နေသောကြောင့်ဖြစ်သည်။ ဂျိန်းဖောတို့တွင် ညီအစ်ကိုမျိုး၊ ယောက္ခမမျိုး၊ သားမက်မျိုးဟူ၍ဆွေမျိုးတော်စပ်ပုံသုံးမျိုးရှိပြီး၊ တစ်ချိန်တည်းတွင်သုံးမျိုးစလုံးတွင်အကျုံးဝင်ကာဆွေမျိုးတော်စပ်ကြသည်။ ထို့ကြောင့်ဂျိန်းဖောသည်အချင်းချင်းဆွေမျိုးမတော်စပ်သူဟူ၍မရှိဘဲ၊ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရိုင်းပင်းမှုရှိသည်ကိုအံ့ဩအတုယူဖွယ်တွေ့ရှိရသည်။ ဂျိန်းဖောတို့သည်အမျိုးဂုဏ်၊ ဇာတိဂုဏ်အလွန်တက်ကြွပြီး၊ မိမိလူမျိုးအပေါ်အလွန်ချစ်မြတ်နိုးသူများဖြစ်ကြသည်။

ဘာသာရေးယုံကြည်မှုနှင့်ကိုးကွယ်မှုကိုသုံးသပ်ရသော် ၎င်းတို့သည်ရှေးကနတ်မျိုးစုံကိုပူဇော်ပသသော နတ်ကိုးကွယ်သူများ[1] ဖြစ်ကြသော်လည်း အနောက်တိုင်းသားသာသနာပြုတို့၏ကြိုးပမ်းမှုကြောင့် ခရစ်ယာန်ဘာသာကိုအလွယ်တကူသက်ဝင်ယုံကြည်လာကြကြောင်း သိရှိရသည်။ ၎င်းတို့၏ဘိုးစဉ်ဘောင်ဆက်ကိုယ်ပိုင်ယုံကြည်ချက်ဖြစ်သောနတ်အမျိုးမျိုးယုံကြည်

1. Animism

ကိုးကွယ်ချက်တို့အပေါ် ထာဝရဘုရားသခင်ယုံကြည်ချက်ကလွှမ်းမိုးနိုင်ခဲ့သည်။ ရှေးခေတ်နတ်ဆရာကြီးများ၏နေရာတွင်ခရစ်ယာန်အသင်းတော်အသီးသီး၏ဘုန်းတော်ကြီးများ၊ သင်းအုပ်ဆရာ၊ သင်းထောက်ဆရာ၊ ဓမ္မဆရာများက နေရာယူလာကြသည်။ ရှေးက နတ်ယုံကြည်မှုအရ ဗေဒင်ပညာ မှော်ပညာ၊ အဆောင်၊ လက်ဖွဲ့ယုံကြည်မှုတို့သည်လည်း ထာဝရဘုရားသခင်ယုံကြည်ချက်၏လွှမ်းမိုးမှုကြောင့်တဖြေးဖြေးကွယ်ပျောက်ကုန်ပြီဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဂိန်းဖောလူမျိုးတို့သည်ဘာသာတရားကိုင်းရှိုင်းသူ၊ နှလုံးသားနူးညံ့သိမ်မွေ့သူများဖြစ်ကြသည်။

ဂိန်းဆောတို့သည် ရှေးယခင်က ရောင်းဝယ်ဖောက်ကားမှုအလေ့အထနည်းပါးလှသော်လည်း ယနေ့ခေတ်တွင်အင်ဂျန်ဒုံကျေးရွာနေဂိန်းဖောတို့၌အရောင်းအဝယ်လုပ်ငန်းနှင့်ကင်းသူမရှိသလောက်ဖြစ်လာသည်။ ရှေးက ငွေကြေးကိုတန်ဘိုးမထားလှဘဲ ငွေကြေးထက်ကုန်ပစ္စည်းကို ပို၍ခုံမင်ကြသော်လည်း ယခုခေတ်တွင်မူ ငွေကြေးကိုအပတ်တကုတ်ရှာဖွေလာကြသည်။ လူမှုရေးအသုံးအဆောင်များဖြစ်သော မောင်း အငွယ်အစားစား၊ ဓါး၊ လှံ၊ ပိုးပုဆိုး၊ ကျောက်မျက်ရတနာများဖြစ်သော သန္တာပုတီးများ၊ ငွေထည်ပစ္စည်းများကိုလည်း အမြတ်တနိုးစုဆောင်းကြသည်။ ၄င်းတို့၏စီးပွားရေးကိုသုံးသပ်ရသော် တစ်ချိန်တည်းတွင် စီးပွားရေးလုပ်ငန်းပေါင်းစုံကိုလုပ်ကိုင်ကြသူများဖြစ်သည်။ လုပ်ငန်းတစ်ခုတည်းဖြင့်လုံလောက်သောအသက်မွေးမှုကို မပြုနိုင်ကြပေ။ အိမ်ထောင်စုတစ်ခုအတွင်း၌ စိုက်ပျိုးမွေးမြူခြင်း၊ အမဲလိုက်ငါးဖမ်းခြင်း၊ မြေအောက်သယံဇာတတူးဖော်ခြင်း၊ သစ်တောထွက်ပစ္စည်းများရှာဖွေခြင်းနှင့် အိမ်တွင်းမှုလုပ်ငန်းများလုပ်ကိုင်ကြခြင်းတို့ကိုအလျဉ်းသင့်သလိုလုပ်ဆောင်ကြသည်။ ထိုဒေသ၏လူနေမှုစရိတ်ကြီးမားသည်ဖြစ်၍ ယိုသို့စီးပွားရေးလုပ်ငန်းပေါင်းစုံလုပ်ကိုင်မှသာစားဝတ်နေရေးပြေလည်နိုင်ကြသည်။

လူမှုရေး ပိုင်းတွင်အိုးအိမ်တည်ဆောက်ရာ၌ဂျိန်းဖော အိမ်ပုံစံဟူ၍မရှိတော့ပဲ ယနေ့ခေတ်အိမ်ပုံစံအတိုင်း သာဆောက်လုပ်ကြသည်။ ဘဝကြင်ဖော် ရွေးချယ်ရေး နှင့်ပတ်သက်၍တိကျသောအိမ်ထောင်ရေး စည်းမျဉ်းများထားရှိသည်ကို တွေ့ရသည်။ ယောက္ခမမျိုးမှအမျိုးသမီးကို သာ၊ သားမက်မျိုးမှအမျိုးသားတို့ကလက်ထပ်ရသော[1] စည်းမျဉ်းရှိပေသည်။ ရှေးခေတ်ကဂျိန်းဖောတို့သည်မယားပြိုင်စနစ်ကိုဂုဏ်ယူစွာလက်ခံကျင့်သုံး ကြသော်လည်း၊ ယခုခေတ်အင်ဂျန်ဒုံကျေးရွာတွင်မူ အများအားဖြင့်၊ တစ်လင်တစ်မယားစနစ်[2]ကိုသာကျင့်သုံးကြသည်ကို တွေ့ရသည်။ အိမ်ထောင်ဖက် ရွေးချယ်ရာတွင်အဓိကအားဖြင့် မျိုးတွင်းအိမ်ထောင်စနစ်[3] ဖြင့်အဓိက ထားရွေးချယ်ကြသည်။ မျိုးပအိမ်ထောင်စနစ်[4] မှာရှားပါးပေသည်။ သို့သော် ရှေးကထက် ယခုခေတ်အင်ဂျန်ဒုံကျေးရွာတွင်မျိုးပအိမ်ထောင် စနစ်ကိုအသင့်အတင့်ကျင့်သုံးလာသည်ကို တွေ့ရသည်။

လက်ထပ်မင်္ဂလာအခမ်းအနားကျင်းပရာ၌ဘာသာရေး အရပြောင်းလဲလာမှုကို တွေ့ရှိရသည်။ ထို့ပြင် ခေတ်ယဉ်ကျေးမှုလွှမ်းမိုးမှု[5] ကိုပါထပ်ဆင့်တွေ့ရှိရသည်။ အင်ဂျန်ဒုံကျေးရွာနေဂျိန်းဖောတို့သည်အများ အားဖြင့် မင်္ဂလာအခမ်းအနားကိုကြီးကျယ်ခမ်းနားစွာကျင်းပကြသည်။ တတ်နိုင်သူတို့က (၄)(၅)သိန်းမျှအကုန်အကျခံကျင်းပကြသည်ကို တွေ့ရသည်။ မင်္ဂလာကွမ်းဘိုးများအဖြစ် နှစ်ဦးနှစ်ဖက်ပေး ဆောင်ရသောကုန်ကျ စရိတ်သည်လည်းမြင့်မားလျက်ရှိသည်။ ထိုကွမ်းဘိုးများ ပေး ဆောင်မှုသည် အိမ်ထောင်တည်မြဲမှုအတွက်အဓိကကျပေရာ ခေတ်စနစ်ပြောင်းလဲလာသော် လည်း ပေးဆောင်ကြမြဲဖြစ်သည်။ ပဋိသန္ဓေတည်ခြင်း၊ မီးဖွားခြင်းနှင့် ပတ်သက်၍ ရှေးခေတ်နှင့်ယခုခေတ်အလွန်ကွာဟမှုရှိလာသည်ကို တွေ့ရသည်။ ရှေးခေတ်ဂျိန်းဖောအမျိုးသမီးတို့သည်ကိုယ်ဝန်ဆောင်မိခင်လောင်း အနေဖြင့်သော်လည်းကောင်း၊ သားသည်မအနေဖြင့်သော်လည်းကောင်း မည်သည့်အခွင့်အရေးမှမရပဲ အခြားအိမ်သားများနှင့်တန်းတူရည်တူ

1.Polygeny
2.Monogamy
3.Endogamy
4.Exogamy
5.Modern Culthre Influence

လုပ်ကိုင်နေကျလုပ်ငန်း ဆောင်တာတို့ကို ဆောင်ရွက်ကြရသည်။ ထိုသို့ ဆောင်ရွက်ရင်း ပင်မီး ဖွားကြရသည်။ ယခုအခါ၌မူ ကိုယ်ဝန်ကိုသားဖွားနှင့်မီး ယပ်ဆရာဝန်၊ ဆရာမများ ထံအချိန်မှန်အပ်နှံပြသပြီး စနစ်တကျ မွေးဖွားခြင်း၊ မီးဖွားပြီးပါကလည်း မိခင်နှင့်ကလေး ကျန်းမာရေး ဌာနမှညွှန်ကြားချက်အတိုင်း စနစ်တကျပြုစု နေထိုင်လာကြသည်ကို တွေ့ရသည်။ ကလေးများကိုလည်း မိမိတို့၏အသင်းတော်အလိုက် ဒုတိယ အကြိမ် မွေးဖွားခြင်းဖြင့်သာသနာ့တောင်သို့သွတ်သွင်း ကာပညာရေးတို့တွင်လည်း အထူးအားပေးအားမြှောက်ပြုကြသည်။

ဂျိန်းဖောတို့နေထိုင်ရာဒေသသည်ရာသီဥတုအားဖြင့်အလွန်အေးချမ်းသောကြောင့်ယေဘုယျအားဖြင့်တစ်ကိုယ်ရေသန့်ရှင်းမှုအတွက်ရေမိုးချိုး၊ ဆေးကြောသုတ်သင်ခြင်း၊ အလေ့အထ နည်းပါးသော်လည်းယနေ့အခါအင်ဂျန်ဒို ကျေးရွာနေဂျိန်းဖောတို့က ရာသီဥတုကိုမမှုဘဲ တစ်ကိုယ်ရေသန့်ရှင်းရေးကိုဂရုစိုက်လာကြသည်။ ဆေးဝါးကုသမှုနှင့် ပတ်သက်၍လည်းခေတ်မီဆေးဝါး၊ ဆရာဝန်၊ ဆရာမတို့၏ကုသမှုကိုသာ ခံယူလာကြသည်ကို တွေ့ရသည်။ ကွယ်လွန်သောအခါမြှုပ်နှံသဂြိုဟ်ပုံသည်လည်း ဘာသာရေး ယုံကြည်ချက်ပြောင်းလဲမှုအရ၊ ရှေးခေတ်နှင့်ယခုခေတ်အလွန်ကွာဟသွားပေသည်။ နတ်ကိုးကွယ်စဉ်ကတစ်စုံတစ်ယောက် သေဆုံးပါက ဝိညာဉ်သည်လူ့ပတ်ဝန်းကျင်တွင်တဝဲလည်လည်ရှိနေ၍၊ ဝိညာဉ် လောကသို့အခမ်းအနားဖြင့်ပို့ဆောင်ကြရပြီး ယခုခရစ်ယာန်ယုံကြည်ချက်အရတစ်စုံတစ်ယောက် သေဆုံးပါက ကောင်းမှုပြုခဲ့သူ၏ဝိညာဉ်ကိုဘုရားသခင်က ကောင်းကင်ဘုံသို့ ခေါ်ယူသည်ဟုသော ယုံကြည်ချက်များအရအခမ်းအနားကျင်းပပုံကွာခြားသွားခြင်းဖြစ်သည်။

အင်ဂျန်ဒို ကျေးရွာ၏ဖွဲ့စည်း အုပ်ချုပ်ပုံကိုသုံးသပ်ကြည့်ရသော် ရှေးယခင် ခေတ်များကအုပ်ချုပ်သူအခွင့်ထူး ခံလူတန်းစားနှင့် အအုပ်ချုပ်ခံလူတန်းစား ဟူ၍ရှိခဲ့သော်လည်း ၊ ၎င်း စနစ်များထက်ပိုမို ကောင်းမွန်၍သမာသမတ်ရှိသော ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ကိုသာကျင့်သုံး

လျှက်ရှိသည်ကို တွေ့ရသည်။ အုပ်ချုပ်သူအကြီး အကဲကိုမဲခွဲ ရွေး ချယ်ပြီး အများဆန္ဒ အရအုပ်ချုပ်စေပြီး ရွေး ကဒ္ဒဝါများ ကဲ့သို့ထူး ကဲ သောအခွင့်အရေး များကို လည်း ခံစားခွင့်မရှိပေ။ မခံစားရပဲအုပ်ချုပ်မှုအာဏာသည်နှစ်ကာလ အပိုင်း အခြား အနည်း ငယ်သာကြာ ညောင်း ကြောင်း လေ့လာတွေ့ရှိရသည်။ ၄င်းတို့တွင်ရိုး ရာဥပဒေများ ၊ လူမှုရေး ဆိုင်ရာအခြေခံဥပဒေများ ရှိသည်ဖြစ်၍၊ လူသတ်မှု၊ လုသေမှု၊ မူး ယစ်ဆေး ဝါး မှု၊ နိုင်ငံတော်ကိုအာဏာဖီဆန်မှု စသောအမှုများ မှလွဲ၍၄င်း တို့ဂိုဏ်း ဖော်လူမျိုး အချင်းချင်း အတွင်း ဖြစ်ပွား သောအမှုအခင်း တို့ကို ကျေး ရွာအတွင်း တွင်သာဖြေရှင်း ကြသည်ကို လေ့လာ တွေ့ရှိရသည်။

အင်ဂျန်ခုံ ကျေး ရွာ၏လူမှုရေး ဖွဲ့စည်း ပုံကိုဖြိုင်၍ လေ့လာသည့်အခါ အောက်ပါအတိုင်း လေ့လာသုံး သပ်မိပါသည်။

(၁) ဖဖက်လိုက် ဆွေမျိုး တော်စပ်ပုံစနစ်အရ သွေး ရင်းသား ရင်း များ တော်စပ်ကြသည့်အပြင်၊ လက်ထပ်မှုစနစ်ဖြင့်လည်း ယောက္ခမမျိုး သား မက်မျိုး ဟူ၍ဖွဲ့ပြီး တော်စပ် နေကြသဖြင့် ဆွေမျိုး မတော်စပ်သူဟူ၍ မရှိပေ။ ထို့ကြောင့် ကျေး ရွာရှိရွာသူရွာသား အား လုံး သည် ဆွေမျိုး များ ဖြစ်သည်ဟု သဘောထားစိတ်ဓါတ်ဖြင့်စည်း လုံး ညီညွတ်စွာဖွဲ့စည်း နေထိုင်လျက်ရှိ ကြောင်း တွေ့ရှိရသည်။

(၂) ဆွေမျိုး တော်သည်ဟု သဘောထားစိတ်ဓါတ်ဖြင့်စီး ပွားရေး တွင်လည်း ကောင်း၊ ဘာသာရေး တွင်လည်း ကောင်း ၊ ညီညာစွာလက်တွဲ၍ လုပ်ကိုင်ဆောင်ရွက်ကြသည်ကို တွေ့ရှိရသည်။

(၃) တရား စီရင်ရေး တွင်လည်း ကျူး လွန်ခဲ့သည့်ပြစ်မှုအတွက် လျော်ကြေး ဖဂါအမျိုး မျိုး ပေး လျော်စေသည်။ လျော်ကြေး ဖဂါများ၏တန် ဘိုး သည်များ ပြား၍ ရွာသား တစ်ဦး အနေဖြင့် ပေး ဆောင်ရန် ဝန်လေး လှသည်။ သို့ဖြစ်၍ ရွာသား များ သည်ပြစ်မှုကျူး လွန်ရန် ကြောက်ရွံ့ကြပြီး အေး ချမ်း စွာ နေထိုင်လျှက်ရှိသည်ကို တွေ့ရပါသည်။

ဘာချစ်အသား ဖြင့်ဆိုရသော်က ချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ တစ်ကုန်း ကျေးရွာအုပ်စုဝင်အင်ဂျန်ဒုံ ကျေးရွာ နေဂျိန်းဖော်တို့၏လူမှုရေး ဓလေ့စည်းပုံအကြောင်း ကိုသူ တေသနပြုခြင်း အားဖြင့်၊ ပြည်ထောင်စုမြန်မာ နိုင်ငံဖွား ဂျိန်းဖော်ဇာတိုင်းရင်းသား တို့သည်ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်နှင့် ကိုယ်ပိုင်ယဉ်ကျေးမှုကိုပိုင်ဆိုင်သူများ ဖြစ်ကြောင်း၊ ၎င်းတို့၏ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ကိုလည်း နှစ်သက်မြတ်နိုးစွာထိန်းသိမ်းလျက်ရှိကြောင်း လေ့လာတွေ့ရှိသုံးသပ်ရပါသည်။

မိုး

နောက်ဆက်တွဲ

(က) မှီငြမ်းကိုးကားသော စာအုပ်များ

| စာအုပ်အမည် | ရေးသူအမည် | ထုတ်ဝေသည့်နှစ် |
| --- | --- | --- |
| ၁။ ကချင်ရိုးရာဓလေ့ထုံးစံများ | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီ ဌာနချုပ် | ၁၉၆၇-ခုနှစ် |
| ၂။ မြောက်ဖျားဒေသမှမြန်မာပြည်သားများ | ယုဝတီကျင်းဖော့မယ် | ၁၉၇၄-ခုနှစ် |
| ၃။ ကချင်ရိုးရာသုတပဒေသ | စံဖေ | ၁၉၆၇၊ ဇွန်၊ ၂၅ ရက် |
| ၄။ Wunpawng Htunghking Lika | Npaji Du Dashi Naw | ၁၉၈၄ ခုနှစ် |
| ၅။ လူ့မူလအစ | ဗိုလ်မှူးချစ်ကောင်း | ၁၉၆၃၊ ဇူလိုင် |
| ၆။ လူ့သဘာဝ | ဦးသာဖြူ | ၁၉၇၅၊ ဇွန် |
| ၇။ လူသားမျိုးနွယ်များ (The races of mankind) | မိုးညို | ၁၉၆၇၊ ဇွန်၊ ၁ ရက် |
| ၈။ လူ့သမိုင်း | ကျော်အောင် | ၁၉၆၅၊ နိုဝင်ဘာ၊ ၁-ရက်။ |
| ၉။ ကချင်ပုံပြင်များ | လူထုဦးလှ | ၁၉၆၄၊ ဇူလိုင် |
| ၁၀။ ကချင်နှင့်ဂျိန်ဖော့ | သန်းလွင် | |

(ခ) တွေ့ဆုံမေးမြန်းခဲ့သူများ

| အမည် | အသက် | အလုပ်အကိုင် | နေရပ် |
| --- | --- | --- | --- |
| ၁။ ဦးဂျာလီ | ၅၆-နှစ် | သင်းအုပ်ဆရာ(နှစ်ခြင်းအသင်းတော်) | အင်ဂျန်ဒိုကျေးရွာ |
| ၂။ ဦးဒွမ်ဖြူစလော် | ၅၃ နှစ် | သင်းအုပ်ဆရာ(K.C.M အသင်းတော်) | ရသာကောင်း ကျေးရွာ |
| ၃။ ဦးမော်ဆင | ၅၃ နှစ် | အင်ဂျန်ဒိုကျေးရွာမှူး | အင်ဂျန်ဒိုကျေးရွာ |
| ၄။ ဦးမီတုလ | ၆၆ နှစ် | ကုန်သည် | အင်ဂျန်ဒို |

| | | | |
|---|---|---|---|
| ၅။ ဦး မရမ်ဇော်တောင် | ၆၁ နှစ် | မြို့နယ်ပညာရေးမှူး (အငြိမ်းစား) | (၅၁) အင်ဂျန်ခို |
| ၆။ ကိုပေါလ်လု | ၂၉ နှစ် | အိုင်ရိဇ်အမ်အသင်းတော် လူငယ်ဥက္ကဋ္ဌ | ဇေတီလုနီး၊ မိုးကောင်း |
| ၇။ ဦး လဖိုင်တင်လီ | ၆၉ နှစ် | တောင်သူ | (၇၈) အင်ဂျန်ခို |
| ၈။ ဦး လထွယ်နော် | ၅၁ နှစ် | သမဝါယမဦးစီးဌာန | (၇၁) အင်ဂျန်ခို |
| ၉။ ကိုဝိုင်ခိုလွန်း | ၃၁ နှစ် | ကျေးရွာမန်နေဂျာ (ပိုက်ပိုးရေးတော် ပို့ရေးဌာန) | ကား မိုင်း |
| ၁၀။ ဒေါ်အင်ဖိုထု | ၃၈ နှစ် | တောင်သူ | (၃၆) အင်ဂျန်ခို |
| ၁၁။ ဒေါ် ရွယ်ဂျော် | ၄၄ နှစ် | တောင်သူ | (၆၅) အင်ဂျန်ခို |
| ၁၂။ ဒေါ် မနမ်ရွယ် | ၃၆ နှစ် | တောင်သူ | (၅၅) အင်ဂျန်ခို |
| ၁၃။ ဒေါ် ဒိုင်းဝေး | ၄၀ နှစ် | တောင်သူ | အင်ဂျန်ခို ကျေးရွာ |
| ၁၄။ ဆရာမ ဒေါ် ခေါန်း ရီ | ၆၂ နှစ် | အငြိမ်းစား | အင်ဂျန်ခို ကျေးရွာ |
| ၁၅။ ဆရာမ ဒေါ် တောင်ရာ | ၅၀ နှစ် | စမ္မဆရာမ | အင်ဂျန်ခို ကျေးရွာ |
| ၁၆။ ဦး ဆွမ်လွတ်ဂမ် | ၅၈ နှစ် | (၅၀) အိမ်မှူး | အင်ဂျန်ခို ကျေးရွာ |
| ၁၇။ ဦး ခင် ရှောင်ဂမ် | ၅၆ နှစ် | (၅၀) အိမ်မှူး | အင်ဂျန်ခို ကျေးရွာ |
| ၁၈။ ကိုထွယ်လီ | ၃၀ နှစ် | အဆိုတော် | အင်ဂျန်ခို ကျေးရွာ |
| ၁၉။ ကိုနော်လာ | ၃၂ နှစ် | အဆိုတော် | အင်ဂျန်ခို ကျေးရွာ |



အင်ဂျန်ဒုံကျေးရွာမြေပုံ
ကြာကုပတ္တီးကျေးရွာသို့
မန်ခိုင်ကျေးရွာ
အာရ်စီအမ်ဘုရားကျောင်း
အင်ဂျန်ဒုံကျေးရွာမြောက်ပိုင်း
အ.လ.က(၂)
ဂုသာကောင်းကျေးရွာသို့
ဈေး
အင်ဂျန်ဒုံကျေးရွာတောင်ပိုင်း
ရည်ညွှန်းချက်
မ
တ
စကေး-၁၀ လက်မ = ၁ မိုင်
၂၅ ပေလမ်း
ပေ ၄၀ လမ်း
အခြားကျေးရွာသို့ကူးသောလမ်း
ကျေးရွာနယ်နိမိတ်
အိမ်ယာကွက်